http://www.dhammadownload.com

ပန်းချီကိုကျော်သိုက်

နိုင်ငံတော်သြဝါဒါစရိယ
မြန်မာစာသြဝါဒါစရိယ
ထီးချိုင့်မြို့
တည်တောဆရာတော်

# ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ
# အမေးအဖြေများ

အမှတ်စဉ် (၃)

ဒုတိယအကြိမ်

http://www.dhammadownload.com



နိုင်ငံတော် ဩဝါဒါစရိယ

မြန်မာစာ ဩဝါဒါစရိယ

ထီးချိုင့်မြို့

တည်တောဆရာတော်

# ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ

အမှတ်စဉ် (၃)

ဒုတိယအကြိမ်

http://www.dhammadownload.com

နိုင်ငံတော် ဩဝါဒါစရိယ၊ မြန်မာစာဩဝါဒါစရိယ

ထီးချိုင့်မြို့ -

## တည်တောဆရာတော်ဘုရားကြီး

၏

# ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ

## အမေးအဖြေများ

### အမှတ်စဉ် (၃)

ဓမ္မဗျူဟာစာစဉ် (၁၇)

ဒုတိယအကြိမ်

http://www.dhammadownload.com



အိန္ဒိယပြည်အတွင်း အာရိယန်များ ဝင်ရောက်ရာ ကာလကို ခရစ်မပေါ်မီ ဘီစီ–၁၅၀၀ ခန့်ကလို့ သမိုင်းဆရာများက ယူဆကြတယ်၊ အာရိယန်လူမျိုးများဟာ အသားဖြူတယ်၊ အရပ်အမောင်းကောင်းတယ်၊ ချွန်သော ဦးခေါင်းရှိတယ်၊ ဉာဏ်ပညာ ထက်မြက်ကြတယ်။

ဒြာဗိဒီးယန်တွေဟာ သူတို့နယ်အတွင်း အာရိယန်တွေ ဝင်ရောက်လာတဲ့အတွက် အစွမ်းကုန် တိုက်ထုတ်ကြတယ်၊ သို့ပေမယ့် ဉာဏ်ပညာ လက်နက် ကိရိယာသာတဲ့ အာရိယန့်တွေကို မနိုင်ဘူး၊ အဲဒီခေတ်မှာ ဒြာဗိဒီးယန်တွေမှာ ခြေလျင်တပ်မျှသာရှိတယ်၊ မြင်းတပ်၊ ရထားတပ်၊ ဆင်တပ် ဆိုတာတွေ မရှိသေးဘူး၊ အာရိယန်တွေမှာက ခြေလျင်တပ်မျှသာမက မြင်းတပ်၊ ရထားတပ်တွေ ရှိနေပြီ၊ ဒါကြောင့် စစ်ရှုံးတဲ့ ဒြာဗိဒီးယန်တွေဟာ ဣန္ဒုမြစ်ဝှမ်းမှ ဂင်္ဂါမြစ်ဝှမ်းကို ဆုတ်ပြေးကြရတယ်၊ အာရိယန်များက လိုက်တိုက်ကြပြန်တော့ အိန္ဒိယပြည် တောင်ဘက်ပိုင်းဆီ ဆုတ်ပြေးကြရတယ်၊ အဲသည်အချိန်ကစပြီး အိန္ဒိယပြည်မြောက်ပိုင်း ဟိမဝန္တာတောင်ခြေတစ်ဝိုက်ကို အာရိယန်များက စိုးမိုးခဲ့ကြတယ်၊ သမိုင်းဆရာတို့ရဲ့အလိုအားဖြင့် ဂေါတမဗုဒ္ဓဟာ အာရိယန်လူမျိုးက ဆင်းသက်ခဲ့တယ်လို့ ဆိုကြတယ်၊

ဒြာဗိဒီးယန်တွေဟာ စစ်ရှုံးလို့ ဆုတ်ခွာပြေးကြရသော်လည်း ကျွန်အဖြစ် လက်နက်မချခဲ့ကြဘူး၊ ပြောက်ကျားစနစ်နှင့် အာရိယန်များကို ခံတိုက်ခဲ့ကြသတဲ့၊ အာရိယန်နှင့် ဒြာဗိဒီးယန်များဟာ နှစ်ပေါင်း ဘယ်လောက်ကြာကြာ စစ်ဖြစ်ခဲ့တယ်လို့တော့ မပြောနိုင်ဘူး၊ နှစ်ပေါင်းများစွာ စစ်ဖြစ်ခဲ့ကြတယ်လို့သာ ပြောနိုင်တယ်၊ အဲသည်စစ်ပွဲဟာ ဘယ်သောအခါမှ ငြိမ်းအေးသလဲဆိုတော့ ရာမမင်း လက်ထက်ကျမှ ငြိမ်းအေးသတဲ့။

ဘာကြောင့် ရာမမင်းလက်ထက်ကျမှ ငြိမ်းအေးသလဲဆိုတော့ ရာမမင်းရဲ့မယ်တော် (ကောသလာမိဖုရား)ဟာ ဒြာဗိဒီးယန် အသားမည်းမျိုးဖြစ်ပြီး ခမည်းတော် ဒသရထမင်းကြီးကတော့ အာရိယန်မျိုးဖြစ်တယ်၊ ဒါကြောင့် ရာမမင်းသားဟာ အာရိယန်လို အသားမဖြူဘူး၊ မယ်တော်ဘက်ကိုလိုက်ပြီး အသားစိမ်းညိုရောင်ရှိတယ်၊ ရာမင်းသားဟာ မင်းဖြစ်လာတော့ ခမည်းတော် ဘက်က အာရိယန်မျိုး၊ မယ်တော်ဘက်က ဒြာဗိဒီးယန်မျိုးတို့ကို တရားပေါ်တဲ့

http://www.dhammadownload.com

# ဓမ္မဗျူဟာစာစဉ် (၁၇)

**ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ်** (၅၁၃/၉၉) (၈)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** (၄၅၇/၉၉) (၉)

**ဒုတိယအကြိမ်**

၁၉၉၉–ခု၊ အောက်တိုဘာလ

**အုပ်ရေ** – (၁၀၀၀)

**တန်ဖိုး**

**မျက်နှာဖုံးပန်းချီ** – ကိုကျော်သိုက်

**မွမ်းမံပြင်ဆင်** – ဦးဇေဖေ (လစ်သိုအတ်–ဖလင်)

**ကွန်ပျူတာစာစီ** – ရန်ကုန်ကွန်ပျူတာ

**ထုတ်ဝေသူ**

ဦးဝင်းမြင့် (မြ–၁၅၁၂)

ဝင်းမြင့်အောင်စာပေ၊ ၃၁၅/၂၊ ၁–ရပ်ကွက်၊ တိုးချဲ့ထောက်ကြန့်။

**မျက်နှာဖုံးနှင့် အတွင်းရိုက်**

ဒေါ်ခင်သန်း (မြ–၀၂၆၇၂)

နဝရတ်ပုံနှိပ်တိုက်၊ ၁၈၊ သင်္ဂဟာလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့၊

**ဖြန့်ချိရာဌာန**

ဓမ္မဗျူဟာသာသနမာမကအဖွဲ့

အမှတ်(၆)၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း– ၅၄၉၃၉၇)

http://www.dhammadownload.com

# ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေ (၃)
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အဖွင့် | က |
| ၁။ | ပြည်မသိ ဗာရာဏသီ<br>မင်းမသိ ဗြဟ္မဒတ်<br>ပဏ္ဍုသာတိနှင့် ဖော်ဘိကျွ | ၁ |
| ၂။ | အဖန် ငါးရာငါးကမ္ဘာ<br>မြင်းမိုရ်တောင် | ၁၃ |
| | ဘုရားလက်ထက်သကြ်န်ပွဲ | |
| ၃။ | ကျမ်းဂန်လာသတ္တဝါအချို့၏ ရုပ်ပုံလွှာ | ၃၀ |
| ၄။ | လူစကားပြောသော တိရစ္ဆာန်များ<br>ဇာတိဿရဉာဏ် | ၅၀ |
| ၅။ | ဗေလုဝစောင်း | ၆၀ |
| ၆။ | နတ်မင်းကြီးလေးပါး | ၆၈ |
| ၇။ | သူရဿတီကိုးကွယ်မှု | ၇၄ |
| ၈။ | ဗုဒ္ဓဘာသာဝင်များနှင့် ၃၇–မင်းနတ် | ၈၂ |
| ၉။ | ၅၅၀–လာ သီတာ၊ ရာမ၊ လက္ခဏ | ၉၄ |
| ၁၀။ | ရှင်မဟာကဿပရဲ့ ရုပ် ကလပ်တော် | ၁၀၀ |
| ၁၁။ | သတိပဋ္ဌာန်နှင့် နိဗ္ဗာန် | ၁၀၅ |
| ၁၂။ | အမေးသုံးပါး | ၁၁၆ |
| ၁၃။ | အာဟာရလေးပါး | ၁၂၆ |
| ၁၄။ | ဆွမ်းတော်စာ စားအပ်, မစားအပ် | ၁၃၆ |
| ၁၅။ | လူချင်းမတူချင်း | ၁၄၁ |

http://www.dhammadownload.com


| | | |
|---|---|---|
| ၁၆။ | အသမ္ဘိတ္တရုပ် | ၁၅၂ |
| ၁၇။ | ဝိရတီသုံးချက်နှင့် ငါးချက် | ၁၅၆ |
| ၁၈။ | ကာဋ္ဌဒါယီနှင့် ဆန္ဒအမတ်တို့၏ မျိုးရိုး | ၁၆၂ |
| ၁၉။ | ဗောဓိညောင်<br>ထွက်ရပ်ပေါက် သန္တေတားဆေး | ၁၆၉ |
| ၂၀။ | သကြိန်နှင့် သိကြားမင်း<br>သုသာန်နှင့် ပရိတ်<br>သာမဏေနှင့် နှစ်ထပ်သင်္ကန်း | ၁၇၇ |
| ၂၁။ | အရူပနှင့် ရဟန္တာ | ၁၈၅ |
| ၂၂။ | ရဟန်းခံခြင်းနှင့် သံသယသုံးခု(၁) | ၁၉၁ |
| ၂၃။ | ရဟန်းခံခြင်းနှင့် သံသယသုံးခု(၂) | ၁၉၉ |
| ၂၄။ | နေ့စွဲနှင့်အမည် | ၂၀၇ |
| ၂၅။ | သိမ်ထပ်ခြင်း(သို့မဟုတ်)ကဲထပ်ခြင်း | ၂၁၃ |
| ၂၆။ | ရဟန်းတော်များနှင့် ရွှေငွေအလှူ | ၂၁၆ |

http://www.dhammadownload.com



နိုင်ငံတော် ဩဝါဒါစရိယ၊ မြန်မာစာ ဩဝါဒါစရိယ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဒေဝိန္ဒာဓိပတိ
(ထီးချိုင့်မြို့တည်တောဆရာတော်)

http://www.dhammadownload.com

# နိဒါန်း

ဘာသာတရားနှင့် ပတ်သက်၍၊ တစ်ချိန်က ခေတ်စားလိုက်ဖူးသော စကားစု တစ်ခုကို အမှတ်ရမိသည်၊ သိပ္ပံနည်းကျ ဗုဒ္ဓဘာသာဖြစ်မှ ဟူသော အယူအဆပင် ဖြစ်၏။

ခေတ်ပေါ်သိပ္ပံပညာကို အထင်ကြီးမှု လွန်ကဲရာမှ၊ ဘာသာရေးကိုပင် သိပ္ပံပညာ၏ ထောက်ခံချက်ရမှ မှန်ကန်မည်ဟု အထင်ရောက်လာခြင်း ဖြစ်သည်၊ သိပ္ပံ ပညာ၏ **အဖြစ်တရား** ကိုလည်းကောင်း ဘာသာရေး၏ **အနှစ်အသား** ကို လည်းကောင်း သဘောအမှန်အတိုင်း နားမလည် နိုင်ကြသူတို့၏ အတွေးအထင်သာ ဖြစ်ပေသည်။

သိပ္ပံပညာ၏ ဦးစီးဦးဆောင် အနောက်တိုင်းမှ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများသည်ပင် မိမိအတတ်ပညာဖြင့် မိမိ၏ နှလုံးစိတ်ဝမ်း မအေးချမ်းနိုင်သောကြောင့် အရှေ့တိုင်း ဗုဒ္ဓဘာသာထွန်းကားရာ ကျွန်ုပ်တို့ နိုင်ငံများသို့ တရားရှာထွက်လာကြသည်ကို သတိပြုရာသည်။

ဘာသာတရားနှင့် သိပ္ပံပညာတို့သည် အလုပ်ချင်းလည်းမတူ ဦးတည်ချက်ခြင်းလည်း မတူသဖြင့် တစ်ခု၏ သတ်မှတ်ပေတံဖြင့် အခြားတစ်ခုကို တိုင်းတာ ခိုင်းနှိုင်း၍ မရနိုင်သည်ကို သတိချပ်သင့်ပေသည်။

ယနေ့ခေတ်တွင် လူငယ်၊ လူရွယ်၊ ကျားမ မဟူ ဗုဒ္ဓဘာသာကို စိတ်ဝင်တစား လေ့လာလျက်ရှိသည်ကို တွေ့ကြုံရသဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးအတွက် အားတက် ဝမ်းမြောက်ဖွယ် ဖြစ်ပါ၏။

လူငယ်လူရွယ်ဟု ဆိုရာ၌ ငယ်ရာမှ တစစ ကြီးပြင်းလာခဲ့ကြသော ဖခင် (သို့မဟုတ်) မိခင်တို့သည် သားငယ် သမီးငယ်တို့၏ သူတို့တွေမြင်မှုအမျိုးမျိုးအပေါ် သိလိုရေးနှင့် မေးသမျှ အစုံစုံသော မေးခွန်းများစွာတို့နှင့်

http://www.dhammadownload.com



ဆုံရှုံးမည် ဖြစ်သည်၊ စူးစမ်းလိုသော ကလေးငယ်အတွက် အဖေ အမေတို့၏ အဖြေများကို နားထောင်ယင်းက လူကြီးများအဖြစ်သို့ ရောက်ခဲ့ရပါသည်။

ထိုထို လူကြီးများ ကျင်လည်ရာ လောကကြီးကလည်း ကျယ်ဝန်းလှသည့် အားလျော်စွာ အရွယ်ရောက်၍ လူမှန်းသိကာမှ မသိမှုတွေ ပို၍ပို၍ များလာသည်၊ လူမှုကိစ္စ အဝဝကြားမှ မိမိကိုယ်တိုင် မဖြေနိုင်သော ပုစ္ဆာပေါင်းများစွာဖြင့် ရင်ဆိုင်ရပြန်ပါ၏။

ကိုးကွယ်မှုဆိုင်ရာနှင့် ဓလေ့ထုံးစံ မကွဲပြားသဖြင့်လည်းကောင်း၊ လောကပညတ်စကားအပေါ် အဓိပ္ပါယ်အနက် (အဓိပ္ပါယတ္ထ) မဖွင့်ဆို နားမလည်နိုင်သည်ကတစ်ဖုံ၊ ကျမ်းဂန်လာ ဆိုစကား၌ မျက်မြင်ရုပ်ပုံ မထင်နိုင်သည်ကတစ်နည်း၊ သိဒ္ဓိပေါက် တန်ခိုးရှင်ဆိုတိုင်း အရိယာသူတော်ကောင်း ဟုတ်, မဟုတ်ဆိုသည်က တစ်ကြောင်း၊ မိရိုးဖလာအလုပ်ကို ဟုတ်မှ ဟုတ်ပါ့မလား? ဟူသော လားပေါင်း များစွာတို့ကို ဖြေဆိုရန် ကျိုးစားရင်း ဆရာမျိုးစုံ စာမျိုးစုံဖြင့် အချိန်ပေးရ ပြန်သည်။

**"ပေါ့စေလို၍ ကြောင်ရုပ်ထိုး ဆေးအတွက်လေး"** မဖြစ်စေရန် အယူအဆများ၊ အတွေးအခေါ်များ၊ အသိအမြင်မှားများကြောင့် လွဲမှားသော ယုံကြည်ချက်များ မဖြစ်ပေါ်နိုင်စေရေးအတွက် နှစ်ပေါင်းသုံးဆယ်ကျော် သက်တန်းရှိ ဓမ္မဗျူဟာစာစောင်မှ လစဉ် ပါဝင်ရေးသားလျက်ရှိသော **ယနေ့ ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေခန်းမှ** ကျေးဇူးတော်ရှင် ထီးချိုင့်မြို့၊ တည်တောဆရာတော်ဘုရားကြီး၏ အဖြေများစွာတို့ကို ဖတ်ရှုခြင်းဖြင့် လောက၏ မောဟတရားကို ရှင်းလင်းနိုင်ကြမည် ဖြစ်ပါသည်၊ လောကဓမ္မ နှစ်ဌာန ညီညွတ်မျှတစွာ သူတော်ကောင်းတရားများ လွှမ်းမိုးအုပ်ချုပ် ကြီးစိုးနိုင်စေရန် လုံ့လပြု အားထုတ်လျက်ရှိသော ဓမ္မဗျူဟာစာစောင်၏ မိခင် ဆရာမကြီးဒေါ်သူဇာမြင့်၏ စေတနာနှင့် ကြိုးပမ်းမှုကို စာဖတ်သူများဖက်မှ သပြေကမ်း၍ လက်လှမ်းကြိုဆို ဂုဏ်ပြုရပါသည်။

လပေါင်းများစွာ အခန်းဆက် အမေးအဖြေများ – တစ်စုတစ်စည်း ဖြစ်စေရန် လုံးချင်းများထုတ် စာအုပ်လုပ်ပေးနိုင်သည့်အတွက် အားပါးတရ တဝချည်း ဖတ်ရှုနိုင်သောကြောင့် ဝမ်းမြောက်ဝမ်းသာ ရှိလှပါ၏။

http://www.dhammadownload.com

နိုင်ငံတော် ဩဝါဒါစရိယ၊ မြန်မာစာဩဝါဒါစရိယ ဖြစ်တော်မူသော ကျေးဇူးတော်ရှင် ထီးချိုင့်မြို့ တည်တောဆရာတော်ဘုရားကြီး၏ ၁၃၅၆ – ခု၊ တန်ခူးလဆန်း (၁၄)ရက်တွင် ကျရောက်မည့် သက်တော်(၈၀)ပြည့် မွေးနေ့မှသည် နှစ်ပေါင်းများစွာ ကျန်းမာ ရွှင်လန်းလျက် မွေးသဖခင် ကျေးဇူးရှင်တို့၏ကိုယ်စား အသိမကြွယ် လူမမယ် သား, သမီး မြေး, မြစ် တို့၏ အမေးပုစ္ဆာမျိုးစုံကို စိတ်ရှည်သီးခံစွာ ဖြေဆိုရင်း လောက၏ လွတ်မြောက်ရာအမှန် ပြည်နိဗ္ဗာန်သို့ (သဥပါဒိသေသ) ခန္ဓာအကြွင်းဖြင့် ရောက်ရှိပါစေကြောင်း ဆုတောင်းလျက် မြေသို့သက်သော ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ရိုကျိုးစွာ ရှိခိုးကန်တော့ ပူဇော်လိုက်ပါသတည်း။

ဓမ္မေ ယောဇ္ဇ သဂါရဝါ

ဦးဇေဝ
အကျိုးတော်ဆောင်
လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း
ဓမ္မဗျူဟာ သာသနမာမကအဖွဲ့

http://www.dhammadownload.com

နမော တဿ ဘဂဝတော
အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

## ☐ ပြည်မသိ ဗာရာဏသီ၊

## ☐ မင်းမသိ ဗြဟ္မဒတ်၊

## ☐ ပဏ္ဍုသာတိနှင့်ဖော်ဘိတ္တု။

"ယခု လျှောက်ထားမည့်အမေးလွှာကတော့ မန္တလေးတိုင်း၊ လယ်ဝေး မြို့နယ်၊ လောမြို့၊ မန်ကျည်းတောကျောင်း ဦးဝေပုလ္လထံကဖြစ်ပါတယ် ဘုရား၊ သူ့အမေးလွှာမှာ ပုစ္ဆာနှစ်ခု ပါပါတယ်ဘုရား"

(၁) "ပထမပုစ္ဆာကတော့ ဇာတ်နိပါတ်တော်ကို ဖတ်လိုက်ရင် များစွာ သောဇာတ်များဟာ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားအလောင်း တော်ဟာ ဘာညာဖြစ်တယ် စသောအားဖြင့် ဖြစ်ရာဌာနဟာ ဗာရာဏသီပြည် အဖြစ်များပြီး မင်းကျတော့ ဗြဟ္မဒတ်မင်းချည်းလိုလို ဖြစ်နေပါတယ်၊ ဘုရား အလောင်းတော်ဟာ ဘဝပေါင်း ဘယ်လောက်ပင်ခြားခြား ဗာရာဏသီနှင့် ဗြဟ္မဒတ်ကတော့ ထာဝရလို အမြဲတည်နေတာ တွေ့ရပါတယ်တဲ့၊ အခြားမြို့ပြည် များ အမည်အမျိုးမျိုးပြောင်းပါလျက်နှင့် ဗာရာဏသီပြည်နှင့် ဗြဟ္မဒတ်မင်းကျတော့ ဘာကြောင့် မပြောင်းလဲပါသလဲ၊ ဘုရားလောင်းတော်ကရော ဘာကြောင့် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက်မှာချည်း ထပ်ကာထပ်ကာ အဖြစ်များရတာလဲ၊ ဒါက ပထမ အမေးပုစ္ဆာပါဘုရား"

http://www.dhammadownload.com


(၂) "ဒုတိယပုစ္ဆာက ပက္ကုသာတိမင်းကြီးဟာ ဘုရားရှင်နှင့်တွေ့လို့ ဓာတုဝိဘင်္ဂသုတ် နာကြားရတဲ့အခါ အနာဂါမ်တည်ပါသတဲ့၊ အနာဂါမ်တည်လို့ ရဟန်းအဖြစ် တောင်းပန်တော့ အတိတ်က ပရိက္ခရာ မလှူဖူးတဲ့အတွက် ဧဟိဘိက္ခုခေါ်တော်မမူဘဲ သက်န်းသပိတ် အရှာခိုင်းရာ နွားဖွေ့လို့ ကွယ်လွန်ရ ရှာပါသတဲ့၊ သည်နေရာမှာ အစမထင်သော သံသရာတစ်ခွင် ဂင်္ဂါဝါဠု သဲစု မက ပွင့်တော်မူကြတဲ့ ဘုရားတစ်ဆူဆူရဲ့ သာသနာတော်မှာ သပိတ်သင်္ကန်း ပရိက္ခရာကို တစ်ကြိမ်တစ်ခါမျှ မလှူဒါန်းခဲ့ဘူးဆိုတာဟာ အလွန် စဉ်းစားစရာ ဖြစ်နေပါသတဲ့၊ အခု ပါရမီရင့်လို့ အနာဂါမ်ဖြစ်နေပါပြီ၊ အတိတ်က ဒါနပါရမီ မျိုးစေ့ မပါခဲ့ဘူးလား၊ ပါခဲ့သော် အဲဒီမျိုးစေ့ထဲမှာ သပိတ်သင်္ကန်း ပရိက္ခရာ လှူခဲ့တာများ မပါဘူးလားဆိုတဲ့ အမေးဖြစ်ပါတယ် ဘုရား။

"အဲဒီ အမေးနှစ်ရပ်အနက် ပထမအမေးကို ဦးစွာ ဖြေဆိုကြစို့ရဲ့၊ ပထမအမေးမှာ (က) ဘုရားအလောင်းဟာ ဗာရာဏသီပြည်မှာချည်း ဘာကြောင့် ဘဝများစွာ ဖြစ်ခဲ့တာလဲ၊ (ခ) အခြားမြို့များ၊ မင်းများ၊ အမည်အမျိုးမျိုး ပြောင်းသော်လည်း ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကျတော့ ဘာကြောင့် ထာဝရ တည်နေရပါသလဲလို့ မေးခွန်းခွဲနှစ်ခု ပါဝင်နေတယ်။

မေးခွန်းခွဲ(က)အရ ဘုရားအလောင်းတော်ဟာ ဗာရာဏသီပြည်မှာချည်း ထပ်ပြန်တလဲလဲ ဖြစ်တယ်ဆိုတာ မဟုတ်ပါဘူး၊ အခြား မြို့ပြည်ရွာတွေမှာလည်း ဖြစ်ပါတယ်၊ ဧကနိပါတ် ရွှေကုန်သည်ဇာတ်မှာ ဘုရားအလောင်းဟာ သေရိဝ ပြည်မှာဖြစ်တယ်၊ မဃဒေဝဇာတ်မှာ မိထိလာပြည်မှာ ဖြစ်တယ်၊ လက္ခဏ ဇာတ်မှာ ရာဇဂြိုဟ်ပြည်မှာဖြစ်တယ်၊ ဤသို့စသောအားဖြင့် အခြား မြို့ပြည်ရွာ တွေမှာလည်း ဘုရားလောင်းဖြစ်ပါတယ်၊ သို့သော် အခြားမှာ ဖြစ်တာထက် ဗာရာဏသီပြည်မှာ အဖြစ်များတာကတော့ ဟုတ်ပါတယ်၊ ဘာ့ကြောင့် ဗာရာ ဏသီပြည်မှာ အဖြစ်များရတာလဲဆိုတော့ "အဖြစ်များတဲ့အတွက်ကြောင့်" လို့ ဖြေရမှာပဲ၊ ဘာ့ကြောင့်အဖြစ်များသလဲလို့မေးတာကို အဖြစ်များတဲ့အတွက် ကြောင့်လို့ ပြောလိုက်တော့ ရယ်စရာလို ဖြစ်သွားတာပေါ့ကွယ် အမှန်တော့ ရယ်စရာမဟုတ်ပါဘူး၊ သည်အဖြေဟာ မှန်တဲ့အဖြေပဲကွယ့်။

http://www.dhammadownload.com



## ကြာရှည်စွာ နေခဲ့ဖူးသောအရပ်

လောကမှာ ကြာရှည်စွာ မနေဖူးတဲ့အရပ်ဟာ မေ့လျော့ဖွယ် မကောင်းဘူး၊ ဥပမာ ရန်ကုန်မြို့ကြီးဟာ ပျော်စရာပေါ့၊ ဒါပေမယ့် ခုမှ ရန်ကုန်ရောက်လာတဲ့ တောသားက ရန်ကုန်မှာ မပျော်ဘူး၊ တောကြိုတောင်ကြား၊ ချောင်းကြိုမြောင်းကြားဟာ ပျင်းစရာပေါ့၊ သို့သော်လည်း အဲသည်မှာ ဖွားပြီး အဲသည်မှာ အနေများခဲ့သူကတော့ ပျော်စရာပဲ၊ ဒါကြောင့် ဤကမ္ဘာကြီးမှာ ဘယ်နေရာက ပျော်မွေ့စရာ၊ ဘယ်နေရာက ပျင်းစရာလို့ ပြောမဖြစ်ဘူး၊ အနေကြာလျှင် ပျော်စရာ၊ အနေမကြာလျှင် ပျင်းစရာလို့ပဲ ပြောရလိမ့်မယ်၊ ဒါကို ပါဠိလိုတော့ (ပုဗ္ဗစရိယ–ရှေးက အလေ့အကျင့်)လို့သုံးတယ်၊ (သုတ္တ–၃–၇၉) သည်အရပ် သည်ဌာနမှာ အဖြစ်များခဲ့လျှင်၊ အနေများခဲ့လျှင် အဲဒါဟာ ပုဗ္ဗစရိယပဲ၊ ပုဗ္ဗစရိယဖြစ်ခဲ့တဲ့ အရပ်ဆိုလျှင် အတွင်းသန္တာန်မှာ စွဲကပ်နေတယ်၊ ဒါကြောင့် တောက မြို့တက်ပြီး ကြီးပွားနေတဲ့လူတွေဟာ မြို့မှာ ဘယ်လိုပင် ဟန်ကျလို့နေနေ ကိုယ့်ဇာတိ တောအရပ်ကိုတော့ လွမ်းကြတာပေါ့၊ သာမန်ပုထုဇဉ်တွေ မဆိုထားနှင့် ရဟန္တာများတောင် ပုဗ္ဗစရိယကို မမေ့လို့ ရှေးက နေဖူးခဲ့တဲ့အရပ်ဆီ သွားရောက် သိတင်းသုံးတော်မူကြတယ်။

ပိဏ္ဍောလဘာရဒွါဇ မထေရ်ဟာ ရှေးက ကောသမ္ဗီပြည်မှာ မင်းဖြစ်လို့ မကြာခဏ မင်းဉယျာဉ်ကိုထွက်ပြီး ပျော်ပါးတော်မူတယ်၊ ခု ရဟန္တာဖြစ်ပြီးတော့လည်း ရှေးက ပုဗ္ဗစရိယကြောင့် ဆွမ်းစားပြီးလျှင် နေ့သန့်ရန် အဲဒီဉယျာဉ်တွင်းကြွပြီး သိတင်းသုံးသတဲ့။

အရှင်ဂဝမ္ပတိလည်း ရှေးက တာဝတိံသာဘုံမှာ နတ်သားဖြစ်ခဲ့ဖူးတဲ့ အတွက် ခု ရဟန္တာဖြစ်တော့ တာဝတိံသာကြွပြီး နတ်သားနတ်သမီး မရောက်သေးတဲ့ ဘုံဗိမာန်များမှာ သိတင်းသုံးတတ်သတဲ့၊ ဒါကြောင့် အနေများ၊ အဖြစ်များတဲ့အရပ်ဟာ ပျော်မွေ့စရာအရပ်ဖြစ်လာတယ်၊ ဘုရားအလောင်းတော်ဟာ ဗာရာဏသီပြည်မှာ အဖြစ်များတယ်၊ အဖြစ်များတော့ ဗာရာဏသီပြည်ကို တပ်မက်တဲ့ ဘဝတဏှာ အားကောင်းလာတယ်၊ အဲဒီ ဘဝတဏှာကြောင့် ဗာရာဏသီပြည်မှာ အဖြစ်များတာပါကွယ့်၊ ဒီနေရာမှာ စကားစပ်မိလို့ ဆက်ပြောလိုက်ဦးမယ်။”

http://www.dhammadownload.com



"မိန့်တော်မူပါဘုရား"

"သုတ်မဟာဝါ သက္ကပဥှာသုတ်မှာ ဂေါပကနတ်သားဝတ္ထုပါသကွဲ့၊ ဂေါပကနတ်သားဟာ လူ့ဘဝက ဂေါပိကာအမည်ရှိတဲ့ သာကီဝင် မင်းသမီးပဲ၊ သူဟာ မိန်းမဘဝကိုစက်ဆုပ်ပြီး ယောကျာ်းဘဝကို အလွန်ဖြစ်ချင်တယ်၊ ဒါကြောင့် ရတနာသုံးပါးကို ဆည်းကပ်ပြီး ငါးပါးသီလကို အမြဲ စောင့်ထိန်းတယ်၊ ရဟန်းတော်သုံးပါးကိုလဲ အိမ်ကိုပင့်ပြီး အမြဲ ဆွမ်းကပ်တယ်၊ အဲဒီ ရဟန်းတော်သုံးပါးတို့ဟာ သာမန်ရဟန်းတော်တွေမဟုတ်ကြဘူး၊ ပထမ ဈာန် ရပြီးတဲ့ ရဟန်းတော်တွေကွယ့်၊ အချိန်ကာလကြာမြင့်တော့ ဂေါပိကာ မင်းသမီး လဲ ကွယ်လွန်ပြီး သူ့ရဲ့ တောင့်တချက်အရ တာဝတိံသာနတ်ပြည်မှာ သိကြား မင်းရဲ့သားတော်(ဂေါပကနတ်သား)ရယ်လို့ အထင်အရှား ဖြစ်လာတယ်။

ရဟန်းတော် သုံးပါးတို့ကတော့ ကွယ်လွန်ကြတဲ့အခါ ဈာန်အားလျော့ တဲ့ ပထမဈာန်ဘုံ၊ သို့မဟုတ် အထက်အထက်နတ်ဘုံတွေမှာ ဖြစ်ထိုက်ပါ လျက်နှင့် မဖြစ်ကြဘဲ စာတုမဟာရာဇ်ဘုံမှာ ဂန္ဓဗ္ဗခေါ်ရတဲ့ ကချေသည် နတ် မျိုးမှာ ဖြစ်ကြတယ်၊ သည်နတ်သုံးပါးဟာ လူ့ဘဝက သီလ သမာဓိပြည့်ဝတဲ့ ပုဂ္ဂိုလ်များ ဖြစ်ခဲ့ကြလို့ နတ်ဖြစ်တဲ့အခါ အခြားနတ်များထက် ရုပ်ဆင်း သဏ္ဌာန် ကြန်အင်လက္ခဏာ လှပကြတယ်၊ အဆိုအကလဲ ကောင်းကြတယ်၊ ဒါကြောင့် နတ်များရဲ့အသည်းစွဲ ဇာတ်မင်းသားများ ဖြစ်ခဲ့ကြတယ်။

တစ်နေ့ကျတော့ နတ်သားသုံးပါးဟာ သိကြားမင်းထံ ခစားဖြေဖျော်ဖို့ သုဓမ္မာသဘင်ကို ရောက်လာကြသတဲ့၊ နတ်မင်းသားသုံးပါးကို ဂေါပကနတ်သား က မြင်တော့ သည်နတ်များဟာ ရုပ်ဆင်းလှပတယ်၊ အသံကောင်းတယ်၊ အကကောင်းတယ်၊ သူတို့ရဲ့အကြောင်း အခြေခံက ဘာလဲလို့ စဉ်းစားလိုက်တယ်၊ သူ့ရဲ့ဆွမ်းခံကိုယ်တော်သုံးပါး ဖြစ်နေကြောင်းသိရတယ်၊ ဆက်စဉ်းစားတော့ သည်ပုဂ္ဂိုလ်တွေဟာ လူ့ဘဝက အလဇ္ဇီပုဂ္ဂိုလ်တွေမဟုတ်ကြဘူး၊ သီလဝန္တ၊ ဈာနလာဘီ ပုဂ္ဂိုလ်များဖြစ်ကြတယ်၊ သူတို့ရဲ့အဆုံးအမကို နာခံရလို့ ငါတောင် တာဝတိံသာနတ်သားဖြစ်သေးတယ်၊ သူတို့က ဘာကြောင့် အောက်နတ် ဖြစ်ကြရတာလဲ၊ သည်ပုဂ္ဂိုလ်တွေကို သတိပေးဦးမှပဲလို့ အပါးခေါ်ပြီး "အရှင် တို့–အရှင်တို့ဟာ အဘယ်ဘက် ဉာဏ်ဦးလှည့်ပြီး တရားတော်ကို နာခဲ့ကြ

http://www.dhammadownload.com



သလဲ၊ အကျွန်ုပ်ဟာ ဟိုဘဝက မိန်းမဖြစ်ပါလျက်နှင့် အရှင်တို့ရဲ့ အဆုံးအမကို လိုက်နာပြီး ဒါန သီလပြုခဲ့လို့ ယခု တာဝတိံသာနတ်ပြည်မှာ ဖြစ်ရတယ်၊ အရှင်တို့က ဘယ်အတွက်ကြောင့် အောက်ဘုံမှာ ဖြစ်ကြရတာလဲ၊ အရှင်တို့ကို မြင်ရတာ အကျွန်ုပ်တို့ဟာ မမြင်သင့်တဲ့သဘောကို မြင်ကြရတော့တာပါပဲ" လို့ သတိပေးစကား ပြောကြားသတဲ့။

ဂေါပကနတ်သား သတိပေးလိုက်တော့ နတ်သားသုံးပါးအနက် နှစ်ပါးဟာ ရှေးကရဖူးတဲ့ ပထမဈာန် ပြန်ပေါ်လာပြီး ဗြဟ္မပုရောဟိတာဘုံကို ရောက်သွားကြတယ်၊ နတ်သားတစ်ယောက်ကတော့ ကာမဘုံမှာပင် ပျော်မွေ့နေရစ်သတဲ့။

သည်ဝတ္ထုမှာ ရဟန်းတော်သုံးပါးတို့ဟာ ဈာန်ရတဲ့ပုဂ္ဂိုလ်တွေပဲ၊ ပထမဈာန်ရသည့်အားလျော်စွာ ပထမဈာန်ဗြဟ္မာ့ဘုံမှာ ဧကန် ဖြစ်ကြဖို့ပဲပေါ့၊ သို့သော် သည်ရဟန်းတော်သုံးပါးတို့ဟာ ဟိုဘဝက စာတုမဟာရာဇ်ဘုံမှာ ဂန္ဓဗ္ဗသဘင်သည်နတ်မျိုး ဖြစ်ခဲ့ဖူးကြတယ်၊ သဘင်ဝါသနာဟာ အလွန်ကြီးတယ်၊ သေသည့်တိုင်အောင် သည်ဝါသနာကို စွန့်ဖို့ခဲယဉ်းတယ်၊ ရဟန်းတော်သုံးပါးတို့ဟာ သဘင်သည်နတ်ဘဝကို ကပ်ငြိတဲ့စိတ် ဖြစ်လာကြတယ်၊ ကပ်ငြိတဲ့ ဘဝနိကန္တိက တဏှာကြောင့် ပထမဈာန်ကွယ်ပြီး ဂန္ဓဗ္ဗနတ်ဖြစ်ကြရသတဲ့၊ သည်အကြောင်းကို (ဒီဃ၊ ၂၊၄ ၂၉၉)မှာ –

**'ကသ္မာ ပန တေ ပရိသုဒ္ဓသီလာ ကတ္ထ ဥပ္ပန္နာတိ၊ ပုဗ္ဗနိကန္တိယာ ပုဗ္ဗေ ပိ ကိရ နေသံ တေသုေ ဝသိတဌာနံ တသ္မာ နိကန္တိဝသေန တတ္ထ ဥပ္ပန္နာ'**လို့ ဖွင့်ပြထားတယ်"

"မှန်ပါ၊ အဲဒီ အဋ္ဌကထာ အနက်ကလေးလဲ အမိန့်ရှိပါဦး"

"အဋ္ဌကထာအနက်က သည်လိုကွဲ့"

"**တေ**–ထိုရဟန်းသုံးပါးတို့သည်၊ **ပရိသုဒ္ဓသီလာ**–စင်ကြယ်သောသီလရှိကြပါကုန်လျက်၊ **ကသ္မာ**–အဘယ်ကြောင့်၊ **တတ္ထ**–ထိုဂန္ဓဗ္ဗနတ်မျိုး၌၊ **ဥပ္ပန္နာ**–ဖြစ်ကြရသနည်း၊ **ဣတိ**–ဤသည်ကား၊ **ပုစ္ဆာ**–အမေးတည်း၊ **ပုဗ္ဗနိကန္တိယာ**–ရှေးကဖြစ်ဖူးခဲ့သောဘဝ၌ ကပ်ငြိသော ဘဝနိကန္တိကတဏှာကြောင့်၊ **တတ္ထ**–ထိုဂန္ဓဗ္ဗနတ်ဘုံ၌၊ **ဥပ္ပန္နာ**–ဖြစ်ကြရကုန်၏။

http://www.dhammadownload.com


**ကိရ**–တစ်ဆင့်ကြားဖူးသည်ကား၊ ပုဗ္ဗေပိ–ရှေးဘဝကလည်း၊ **တေဒေဝ**–ထိုဂန္ဓဗ္ဗနတ်ဘုံသည်လျှင်၊ **နေသံ**–ထိုရဟန်းသုံးပါးတို့၏၊ **သဝသိဋ္ဌာနံ**–နေခဲ့ဖူးသောအရပ်တည်း၊ **တသ္မာ**–ထို့ကြောင့်၊ **နိကန္တိတသေန**–နိကန္တိတဏှာ၏အစွမ်းအားဖြင့်၊ **တတ္ထ**–ထိုဂန္ဓဗ္ဗနတ်ဘုံ၌၊ **ဥပ္ပန္နာ**–ဖြစ်ကြရလေသတည်း”တဲ့ကွဲ့။

“မှန်ပါ၊ (က)ပြဿနာ ရှင်းလင်းပါပြီ၊ (ခ)ပြဿနာကို ရှင်းလင်းချက်ထုတ်တော်မူပါဦး ဘုရား”

“(ခ)ပြဿနာက အခြားမြို့ရွာများ အမည်အမျိုးမျိုးပြောင်းသော်လည်း ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းကျတော့ ဘာ့ကြောင့် အမည်နာမ မပြောင်းလဲဘဲ ထာဝရ တည်နေပါသလဲကွယ့်”

“မှန်ပါ ဘုရား”

“အခြားမြို့ရွာတွေ အမည်အမျိုးမျိုး ပြောင်းသလို ဗာရာဏသီပြည်လည်း အမည်အမျိုးမျိုး ပြောင်းတာပါပဲကွယ်၊ (စရိယာ ဋ္ဌ၊၁၇၇၊ ဇာတက ဋ္ဌ၊၈၊ ၁၂၂) မှာ ဗာရာဏသီပြည်အမည်အမျိုးမျိုး ပြောင်းခဲ့ပုံကို ပြဆိုထားပါတယ်”

“ (၁) ဥဒယဇာတ်မှာ သုရုန္ဓနမြို့၊

(၂) စူဠသုတသောမဇာတ်မှာ သုဒဿနမြို့၊

(၃) သောဏနန္ဒဇာတ်မှာ ဗြဟ္မဝဍ္ဎနမြို့၊

(၄) ခဏ္ဍဟာလဇာတ်မှာ ပုပ္ဖဝတီမြို့၊

(၅) သင်္ခဗြဟ္မဏဇာတ်မှာ မောဠိနီမြို့၊

(၆) ယုဝဉ္စယဇာတ်မှာ ရမ္မမြို့ရယ်လို့ ခေါ်ဆိုကြောင်း ဖွင့်ပြထားပါတယ်၊ အမည်ရင်းဖြစ်တဲ့ ဗာရာဏသီပါထည့်လျှင် အမည် ၇–ပါး ပြောင်းလဲကြောင်း သိရတယ်။

သောတတ္ထကီကျမ်း၊ ဂဇပ္ပိယရာဇဝတ္ထုမှာလာတဲ့ သိရီမတီမြို့အမည်ပါ ထည့်လျှင် ဗာရာဏသီမြို့ရဲ့အမည်ပေါင်း ၈–ကြိမ်အထိ ပြောင်းလဲခဲ့တယ်၊ ယခုပင်လျှင် ဗာရာဏသီလို့မေးလျှင် မရပါဘူး၊ ဗနာရဆ် (Benares)ဆိုမှ သိကြပါတယ်၊ ဒါကြောင့် ဗာရာဏသီမြို့ရဲ့အမည်ဟာလည်း အခြားမြို့များလို အစဉ်ထာဝရမတည်ဘဲ ပြောင်းလဲနေပါတယ်လို့ ဖြေဆိုလိုက်သပေါ့ကွယ်”

http://www.dhammadownload.com



"မှန်ပါ၊ သည်အဖြေကို သဘောကျလောက်ပါပြီ၊ ဗာရာဏသီပြည်ကို အစိုးရတဲ့ မင်းကျတော့ရော ဘာကြောင့် ဗြဟ္မဒတ်လို့ချည်း ရှိရပါလဲဘုရား"

"ဗြဟ္မဒတ္တဆိုတာ အမျိုးအနွယ်(ဂေါတ္တ)ပဲကွဲ့၊ အိန္ဒိယပြည်ကြီးမှာ ယနေ့အထိ အမျိုးအနွယ် အမည်ခံယူကြတုန်းပဲ၊ အဘိုး ဂန္ဓီဆိုလျှင် အမေလည်း ဂန္ဓီ၊ သားလည်း ဂန္ဓီ၊ မြေးလည်း ဂန္ဓီ၊ မြစ်လည်း ဂန္ဓီ အစဉ်အဆက်ခံယူကြတာပဲ၊ ဒါကြောင့် ဗြဟ္မဒတ်ဆိုတိုင်း အစဉ်ထာဝရတည်နေတဲ့ ဗြဟ္မဒတ် မဟုတ်ပါဘူး၊ အစဉ်အဆက်ခံယူလာတဲ့ ဂေါတ္တ အနွယ်အမည်များသာ ဖြစ်ပါတယ်၊ တစ်ခါတစ်ရံ ဂေါတ္တအနွယ်ပြတ်ပြီး အခြား အဆက်အနွယ်များလည်း ရှိနေပါသေးတယ်၊ ကောဒသနိပါတ် ယုဒ္ဓဥ္စယဇာတ်တော်မှာပင် မင်းရဲ့အမည်ဟာ သဗ္ဗဒတ္တ ဖြစ်နေတယ်၊ ဒါကြောင့် ဗြဟ္မဒတ်အမည်ဟာလည်း အမြဲမဟုတ်ဘူးလို့ မှတ်သင့်တာပေါ့ကွယ်"

"မှန်ပါ၊ သည်အဖြေတော့ ကျေနပ်လောက်ပါပြီ၊ ဒုတိယပုစ္ဆာကို ဖြေကြားတော်မူပါဦး"

"ဒုတိယပုစ္ဆာက ပစ္စေကဗုဒ္ဓ သာတိမင်းကြီးဟာ အနာဂါမ်တည်လို့ ရဟန်းဝတ်ချင်ပါလျက်နှင့် အတိတ်က ပရိက္ခာရာဒါနမျိုးစေ့ မပါခဲ့လို့ ဧဟိဘိက္ခုရဟန်းမဖြစ်ဘဲ ပွဲသကူသင်္ကန်းရှာဖွေရာမှာ နွားဝှေ့လို့ကွယ်လွန်ရရှာတယ်၊ ယခုဘဝ အနာဂါမ်ဖြစ်သည့်တိုင်အောင် ပါရမီမျိုးစေ့ ပါခဲ့လျက်နှင့် ဘာကြောင့် သင်္ကန်းပရိက္ခာရာ လှူရတဲ့မျိုးစေ့ မပါရတာလဲ"

"သည်ပုစ္ဆာဟာလည်း မေးသင့်တဲ့ပုစ္ဆာပါပဲ၊ အနာဂါမ်ဆိုတာ ပါရမီမျိုးစေ့မပါဘဲ မဖြစ်နိုင်ဘူး၊ ပါရမီမျိုးစေ့ထဲမှာလည်း ဒါနံ သီလံ ကတ္တာ ဆိုတဲ့အတိုင်း ဒါနပါရမီဟာ အစဖြစ်တယ်၊ သည် ဒါနပါရမီ အမြောက်အမြား အတွင်းမှာ သင်္ကန်း၊ သပိတ်၊ ပရိက္ခာရာလှူခဲ့တဲ့ မျိုးစေ့လေးမှ လုံးဝ မပါတော့ဘူးလား၊ ဟုတ်ပါတယ်၊ မေးစရာတော်တော်ကောင်းတဲ့ ပုစ္ဆာပါပဲ။

အဖြေကတော့ အတိတ်ဘဝက သင်္ကန်း၊ သပိတ်စတဲ့ ပရိက္ခာရာဒါနမျိုး မပြုလုပ်ခဲ့ဖူးတာကတော့ ဟုတ်ဟန်မတူပါဘူး၊ ဘုရားပစ္စေကဗုဒ္ဓါ၊ ရဟန်းတော်၊ သာမဏေ တစ်ပါးပါးထံမှာ ပရိက္ခာရာဒါနမျိုး တစ်ဘဝမှာမဟုတ် တစ်ဘဝမှာ တော့ ဧကန် ပြုခဲ့ဖူးမှာပါပဲ၊ သို့သော် အလှူပေးရာမှာ သတိပြုစရာက

http://www.dhammadownload.com



(သိဝံပဗ္ဗတ္တေထ ဘိက္ခဝေ သိဝံ ပဗ္ဗတ္တော ဒါနံ ဒါတဗ္ဗံ)လို့ ဟောတော်မူတဲ့အတိုင်း (နိဗ္ဗာန ပစ္စယော ဟောတု)လို့ နိဗ္ဗာန်ရဲ့အထောက်အပံ့ ပေးလှူတတ်ဖို့၊ နိဗ္ဗာန်ကို ကိုင်းညွတ်တတ်ဖို့၊ နိဗ္ဗာန်ကို လိုချင်တတ်ဖို့ အလွန်အရေးကြီးတယ်။

နိဗ္ဗာန်ရလိုပါ၏လို့ ဆုတောင်းသော်လည်း သူတောင့်တတဲ့နိဗ္ဗာန်က ဘယ်လိုနိဗ္ဗာန်မျိုးလဲ၊ နိဗ္ဗာန်ဆိုတာ မအိုဘူး၊ မနာဘူး၊ မသေဘူးလို့ ကြားဖူးတဲ့အတွက် ဤကောင်းမှုကံကြောင့် ဤသား၊ ဤမယား၊ ဤအခြွေအရံများနှင့် ဘယ်သောအခါမျှ မအိုသော၊ မနာသော၊ မသေသော နိဗ္ဗာန်ဘုံမှာ အတူတကွ ဖြစ်ကြရပါလို၏လို့ ဆုတောင်းတဲ့ နိဗ္ဗာန်မျိုးလား၊ အဲသည်လိုဆိုရင် သူ့ရဲ့ ဆုတောင်းဟာ ပါးစပ်က နိဗ္ဗာန်ဆိုသော်လည်း သူရည်ရွယ်တာက တကယ် နိဗ္ဗာန်မဟုတ်တဲ့ သဿတဒိဋ္ဌိမျိုးဖြစ်နေတယ်၊ သူ့ရဲ့ ကောင်းမှုကံကြောင့် တကယ့်နိဗ္ဗာန်ကိုရောက်ဖို့ ခက်လိမ့်မယ်။"

"နိဗ္ဗာန်ရပါလို၏လို့ ဆုတောင်းလျက်နှင့် ဘာကြောင့် နိဗ္ဗာန်မရောက်တာလဲဘုရား"

"မျက်စိ လည်နေလို့ မရောက်တာပေါ့ကွယ်"

"မျက်စိ ဘယ်လိုလည်နေတာလဲ အမိန့်ရှိပါဦးဘုရား"

"မျက်စိလည်တယ်ဆိုတာ အရှေ့၊ အနောက်၊ တောင်၊ မြောက်လေးပါး ခွဲခြားမသိဘဲ အရှေ့ကို အနောက်၊ အနောက်ကိုအရှေ့ ပြောင်းပြန်ထင်နေတာမျိုးပဲကွယ်၊ ဒါကြောင့် မျက်စိလည်သူဟာ အရှေ့အရပ်ကို သွားနေတယ်၊ သို့သော် တကယ်သွားနေတာက အရှေ့မဟုတ်ဘူး၊ အနောက်ဖြစ်နေတယ်၊ သူရည်မှန်းတဲ့ အရှေ့အရပ် ရောက်ပါဦးမလား"

"ဒါကတော့ ဘယ်ရောက်မှာလဲ ဘုရား၊ သူ့စိတ်ကသာ အရှေ့ထင်နေတာ၊ သွားတာက အနောက်ဘက်ဆိုတော့ အနောက်ဘက် ရောက်သွားမှာပေါ့ ဘုရား"

"အေးကွယ်၊ အဲဒီလိုပဲ နိဗ္ဗာန်ကို တောင့်တသူဟာ သူတစ်ပါးက နိဗ္ဗာန်ကို တောင့်တဆိုလို့သာ တောင့်တနေတာ၊ သူကိုယ်တိုင်က နိဗ္ဗာန်ရဲ့သဘာဝကို ကြံဆလို့တောင်မသိဘူး၊ သူသိတာက ရုပ်နာမ်တရားနဲ့ ထိတွေ့ခံစားရတဲ့

http://www.dhammadownload.com



ချမ်းသာလောက်ပဲသိတယ်၊ ရုပ်နာမ်ချုပ်ငြိမ်းတဲ့ ချမ်းသာကို ဘယ်လိုချမ်းသာလို့ စိတ်ကူးပြီးတောင် မကြည့်မိဘူး၊ သည်တော့ သူတောင့်တတဲ့နိဗ္ဗာန်က ရုပ်နာမ်ချုပ်ငြိမ်းတဲ့ နိရောဓနိဗ္ဗာန် ဖြစ်နိုင်ပါ့မလား၊ ဖြစ်နိုင်ဖို့အလွန်ခက်တယ်၊ သူသိတဲ့ ရုပ်ချမ်းသာ၊ နာမ်ချမ်းသာလောက်မှာသာ သူ့ရဲ့တောင့်တချက်ဟာ ရုပ်နေလိမ့်မယ်၊ သည်တော့ မျက်စိလည်တဲ့သူဟာ အရှေ့ကိုဆိုပြီးတော့ သွားနေတာပဲ၊ သို့သော် တကယ်ရောက်တာက အရှေ့မဟုတ်၊ အနောက်ဖြစ်နေတတ်တယ်"

"စစ်မှန်သောနိဗ္ဗာန်ကို တောင့်တတတ်မှုဆိုတာ ခုလို သာသနာတော်နှင့် ကြုံတွေ့လို့ ဝိပဿနာဉာဏ် အသင့်အတင့်ရဖူးပြီးသော ပုဂ္ဂိုလ်များ၊ သုမေဓာသူဌေးသားလို အပူရှိလျှင်အအေးရှိတယ်၊ သေတာရှိလျှင် မသေတာလည်းရှိရမယ် စသောအားဖြင့် ပါရမီဓာတ်ခံ အားကောင်းတဲ့အတွက် ကြံဆတွေးခေါ်နိုင်သော အနုမာန ဉာဏ်ရှင်များသာ စစ်မှန်သောနိဗ္ဗာန်ကို တောင့်တချက်မှန်ကန်နိုင်တယ်၊ တောင့်တချက် မှန်ကန်မှုလည်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်၊ တောင့်တချက် လွဲသွားလျှင် နိဗ္ဗာန်အထိ အကျိုးမပေးတတ်ဘူးကွဲ့၊ သည်နေရာမှာ ယခုအဖြေနှင့် ချိန်ထိုးကြည့်ဖို့( အံ၊သတ္တကပါဠိ၊ ၄၄၁-၄၄၄) မှာလာတဲ့ ဒါနမဟပ္ဖလသုတ်ကို အကျဉ်းချုပ် ပြောပြဦးမယ်"

"မိန့်တော်မူပါဘုရား"

## ဒါနမဟပ္ဖလသုတ်

အခါတစ်ပါး ရှင်တော်ဘုရားဟာ စမ္ပာမြို့ ဂဂ္ဂရာရေကန်အနီးမှာ သီတင်းသုံး စံနေတော်မူတယ်၊ စမ္ပာမြို့သား ဒါယကာများဟာ ဘုရားရှင်ကြွလာကြောင်း သတင်းကြားတဲ့အတွက် ဘုရားဖူးလာကြတယ်၊ ဘုရားဖူးပြီးတဲ့နောက် အရှင်သာရိပုတ္တရာထံ ဝင်ရောက်ရှိခိုးကြပြီး-

"အရှင်ဘုရား-တပည့်တော်များဟာ ဘုရားသခင်ကို တစ်ခါတစ်ရံသာ ဖူးမြင်ကြရပါတယ်၊ တရားတော်ကိုလည်း တစ်ခါတစ်ရံသာ နာကြရပါတယ်၊ တပည့်တော်များ ဘုရားရှင်ထံက တရားတော်ကို နာခံချင်ကြပါတယ်၊ တပည့်တော်များ တရားနာရအောင် အရှင်ဘုရား စီစဉ်ပေးတော်မူပါဦး"လို့ လျှောက်ထားကြတယ်၊ အရှင်သာရိပုတ္တရာက-

http://www.dhammadownload.com



"ဒါယကာတို့-သင်တို့ တရားနာလိုကြလျှင် ဥပုသ်နေ့လာခဲ့ကြ" လို့ ရက်ချိန်းပေးလိုက်တယ်၊ ဥပုသ်နေ့ကျတော့ ဒါယကာများဟာ အရှင်သာရိပုတ္တရာထံ လာကြတယ်၊ အရှင်သာရိပုတ္တရာကလည်း ဒါယကာတွေကိုခေါ်ပြီး ဘုရားထံကိုသွားတယ်၊ ဘုရားထံပါးရောက်တော့ ရိုသေစွာ ရှိခိုးပူဇော်ပြီး အရှင်သာရိပုတ္တရာက လျှောက်သတဲ့၊ ဘယ်လိုလျှောက်သလဲဆိုတော့-

"အရှင်ဘုရား-ဒါယကာများဟာ အလှူဝတ္ထုချင်းတူညီလျှင် အကျိုးပေးချင်းလည်း တူညီပါသလားဘုရား"လို့လျှောက်ထားသတဲ့၊ ဘုရားရှင်က "သာရိပုတ္တရာ-အလှူဝတ္ထုချင်းတူညီသော်လည်း အကျိုးပေးချင်း မတူဘူး"လို့ မိန့်တော်မူတယ်။

အရှင်သာရိပုတ္တရာက "ဝတ္ထုချင်းတူညီပါလျက် ဘာကြောင့် အကျိုးပေးချင်း မတူပါသလဲဘုရား"လို့ လျှောက်တော့ ဘုရားရှင်က-

(၁) သာရိပုတ္တရာ-ဤလောက၌ အချို့သောပုဂ္ဂိုလ်ဟာ ငဲ့ကွက်နှောင်ဖွဲ့သောစိတ်ဖြင့် အလှူပေးတယ်၊ ဘဝအတွက်ငဲ့ကွက်ပြီးလှူတယ်၊ ဘဝဖြင့်နှောင်ဖွဲ့ပြီး လှူတယ်၊ အဲသည်အလှူဟာ ဘဝလွတ်ရာ နိဗ္ဗာန်အထိ အကျိုးမပေးဘူး၊ နတ်ဘုံမျှသာအကျိုးပေးပြီး ကံကုန်လျှင် အောက်ဘုံကို ပြန်ဆင်းရတယ်။

(၂) သာရိပုတ္တရာ-ဤလောက၌ အချို့သော ဒါယကာဟာ သူတစ်ပါးက အလှူပေးခြင်းသည် ကောင်း၏လို့ ပြောဆိုသံ ကြားဖူးရုံမျှဖြင့် အလှူပေးတယ်၊ သူ့ရဲ့ရည်မှန်းချက်က ဘာမျှမရှိဘူး၊ ဒါကြောင့် ထိုသူရဲ့အလှူဟာလည်း နတ်ဘုံအထိမျှသာ အကျိုးပေးတယ်၊ နိဗ္ဗာန်အထိ အကျိုးမပေးဘူး။

(၃) သာရိပုတ္တရာ-ဤလောက၌ အချို့သော ဒါယကာဟာ အလှူရဲ့အကျိုးကိုတော့ နားမလည်ဘူး၊ မိရိုးဖလာ အနေမျိုးဖြင့်သာ ပေးလှူတယ်၊ သူ့ရဲ့အလှူ စေတနာကံဟာလည်း နိဗ္ဗာန်အထိအကျိုးမပေးဘူး။

(၄) သာရိပုတ္တရာ-ဤလောက၌ အချို့သော ဒါယကာများဟာ ငါတို့က ချက်ပြုတ်လုပ်ကိုင် စားသောက်သူများဖြစ်ကြတယ်၊ သမဏ ဗြဟ္မဏတို့ကတော့ အလှူခံစားသောက်တဲ့ ပုဂ္ဂိုလ်များဖြစ်ကြတယ်၊ ချက်ပြုတ်လုပ်ကိုင်စားသောက်ကြသူများက အလှူခံစားသူများကို နည်းများမဟူ ပေးလှူသင့်ကြ

http://www.dhammadownload.com



တယ်လို့ ယူဆပြီး အလှူပေးတတ်ကြတယ်၊ ထိုအလှူရှင်များရဲ့စေတနာကံဟာ လည်း နိဗ္ဗာန်အထိ အကျိုးမပေးဘူး။

(၅) သာရိပုတ္တရာ–ဤလောက၌ အချို့သော ဒါယကာများဟာ သူ တစ်ပါး ပေးကမ်းလှူဒါန်းကြတဲ့ ဒါနပွဲကြီးကို မြင်ဖူးကြတယ်၊ ကြားဖူးကြ တယ်၊ မိမိတို့ မြင်ဖူး ကြားဖူးကြတဲ့ ဒါနပွဲကြီးကို အားကျပြီး လှူဒါန်းတတ် ကြတယ်၊ ထိုအလှူရှင်များရဲ့စေတနာကံဟာလည်း နိဗ္ဗာန်အထိ အကျိုးမပေးဘူး။

(၆) သာရိပုတ္တရာ–ဤလောက၌ အချို့သော ဒါယကာများဟာ ရှေး ဘဝက ဒါနဝါသနာအထုံကြောင့် ယခုဘဝမှာ အလွန် ပေးချင်ကမ်းချင်ကြတယ်၊ ပေးကမ်းစွန့်ကြဲနေရလျှင် စိတ်ကြည်လင်တယ်၊ နှစ်သက်တယ်၊ ဒါကြောင့် အလှူကိုပေးတယ်၊ အဲဒီလိုပေးလှူတဲ့အလှူဟာလည်း နိဗ္ဗာန်အထိ ရည်မှန်း ချက်မပါလို့ နတ်ဘုံအထိသာ အကျိုးပေးတယ်။

(၇) သာရိပုတ္တရာ–ဤလောက၌ အချို့သော ဒါယကာများဟာ သမထ စိတ်၊ ဝိပဿနာစိတ်ရဲ့အခြံအရံအလို့ငှာ အလှူကို ပေးတတ်ကြတယ်၊ သမထစိတ်ဖြင့် သမထကမ္မဋ္ဌာန်း စီးဖြန်းလွှမ်းခြုံ၍ အလှူပေးသောကြောင့် ထိုအလှူရှင်ဟာ လွှမ်းခြုံသော သမထကမ္မဋ္ဌာန်းအားလျော်စွာ ဈာန်တရားဖြစ် ပွား၍ ကွယ်လွန်ပြီးနောက် ဗြဟ္မာ့ပြည်၌ ဖြစ်နိုင်တယ်၊ ဝိပဿနာစိတ်ဖြင့် လွှမ်းခြုံသော ဒါနရှင်ဟာ ဝိပဿနာ၏အစွမ်းဖြင့် သစ္စာလေးပါးကို မြင်စွမ်း နိုင်၍ အနာဂါမ်အထိ တက်ရောက်နိုင်တယ်”လို့ ဟောတော်မူတယ်။

ယခုပြောခဲ့တာက ဒါနမဟပ္ဖလသုတ် အကျဉ်းချုပ်ဖြစ်တယ်၊ သည် ဒါနမဟပ္ဖလသုတ်မှာ အလှူ (၇)မျိုးကိုခွဲပြီး ဘုရားရှင်ဟောထားတယ်၊ ရှေး (၆)မျိုးဟာ နိဗ္ဗာန်အထိ အကျိုးမပေးဘူး၊ ကာမာဝစရနတ်ဘုံမှာဘဲ ဒါန အကျိုးဆုံးသွားတယ်၊ နောက်ဆုံးသတ္တမဒါနဟာ အောက်မဂ်၊ အောက်ဖိုလ် အထိ အကျိုးပေးသွားတယ်၊ သည်နေရာမှာ သတိပြုစရာက ဒါနကံဟာ အောက်မဂ်၊ အောက်ဖိုလ်အထိ အကျိုးပေးတယ်၊ အရဟတ္တဖိုလ်အထိ အကျိုး မပေးဘူး၊ ဘာဝနာကံကသာ အရဟတ္တဖိုလ်အထိ အကျိုးပေးတယ်၊ သို့သော် ဒါနကံမပါသော ဘာဝနာကံဟာ အောက်ခြေလွတ်နေတဲ့အတွက် သူ့ချည်း သန့်သန့် အရဟတ္တဖိုလ်အထိ အကျိုးမပေးဘူး၊ ဒါကြောင့် အရဟတ္တဖိုလ်

http://www.dhammadownload.com



တည်ပြီးတဲ့ပုဂ္ဂိုလ်ဟာ ဒါနကံရော ဘာဝနာကံရော ပြည့်စုံပြီလို့ အဓိပ္ပာယ်ရတယ်၊ သည်စကားရပ်က သံယုတ် ၄၊၃၂၅၁–မှာ ဖွင့်ဆိုတဲ့ "တယောမေ ဥပနိဿယာ ဒါနုပနိဿယော သီလူပနိဿယော ဘာဝနာနုပနိဿယောတိ" အစရှိသော စကားရပ်တို့ကိုယူပြီး ပြောလိုက်တာပဲကွယ်။

အချုပ်စကားရပ်ကတော့ ပဏ္ဍုသာတိမင်းကြီးတို့၊ ဗာယိယ်ဒါရုစိရိယတို့ဟာ အတိတ်ဘဝများစွာက သက်န်းစသော ပရိက္ခရာမျိုးများ လှူကောင်းလှူမိကြပါလိမ့်မယ်၊ သို့သော် နုနယ်စဉ်ဘဝမျိုးမို့ နိဗ္ဗာန်အထိ မရည်မှန်းဘဲ သံသရာလမ်းမှာ ဆုံးနေပါလိမ့်မယ်၊ ဒါကြောင့် သူတို့ရဲ့ပရိက္ခရာအလှူဟာ ယခု အနာဂါမ်တိုင်အောင် အကျိုးမပေးနိုင်ဘဲ အကြားဘဝမှာပင် ပြီးဆုံးနေတယ်၊ ယခု အနာဂါမ်ထိအောင် အကျိုးပေးတာက အခြားသော ဒါနကံများသာဖြစ်ကြတယ်၊ သက်န်းစသော ပရိက္ခရာအလှူမျိုးကို သံသရာဘဝမှာ လှူကောင်းလှူမိမည်ဖြစ်သော်လည်း နိဗ္ဗာန်တိုင်မရည်ရွယ်လို့ ယခုနောက်ဆုံး ကျွတ်တန်းဝင်တဲ့အခါမှာ ဧဟိဘိက္ခုရဟန်း မဖြစ်ဘူးလို့ ယူဆရမယ်၊ အမှန်ကတော့ သံသရာတစ်ခွင်မှာ သက်န်းသပိတ် ပရိက္ခရာများတော့ လှူကြပါရဲ့၊ သို့သော်လည်း နိဗ္ဗာန်အထိ စေတနာမရောက်ကြလို့ ဘုရားသာသနာတော်မှာ ဧဟိဘိက္ခုရဟန်းများ နည်းပါးတယ်လို့ မှတ်ယူသင့်တာပေါ့ကွယ်"

"မှန်ပါ–ဝမ်းသာလှပါပြီ ဘုရား၊ သာဓု–သာဓု–သာဓု"



http://www.dhammadownload.co



## ❐ အဝန်ငါးရာငါးတမ္ဘာ၊
## ❐ မြင်းမိုရ်တောင်၊
## ❐ ဘုရားလက်ထက် သကြန်ပွဲ

"ဟောသည်မှာ အမေးလွှာတစ်စောင် ရောက်လာပြန်ပြီဘုရား"
"ဘယ်က အမေးလွှာတုန်းကွဲ့"
"ဝေါမြို့ အရှင်ပညာဓိကသိရိထံကပါဘုရား"
"သူ့အမေးလွှာကို ဖတ်စမ်းပါဦး"
တည်တောဆရာတော်–ထီးချိုင့်မြို့။

ယုံကြည်အားကိုးစွာဖြင့် လျှောက်ထားလိုပါသည်ဘုရား၊ လျှောက်ထားလိုသော အချက်များမှာ–

(၁) မိမိကိုယ်ကို ပြန်သတ်လျှင် ဘဝပေါင်းငါးရာအထိ ထိုအဖြစ်မျိုး ခံရတတ်သည်ဟု ပြောကြပါသည်၊ ထိုစကား မှန်မမှန် သိလိုပါသည်။

(၂) မြင်းမိုရ်တောင် အမှန်တကယ် ရှိ မရှိကိုလည်း သိလိုပါသည်။

(၃) သကြံန်ရက်များကို ဘုရားရှင်လက်ထက်တော်ကာလက နေ့ထူး

http://www.dhammadownload.com



နေ့မြတ်အဖြစ် သတ်မှတ်ပြုလုပ်ခြင်း ရှိ မရှိနှင့် ၎င်းသကြိန်ရက် ဖြစ်လာပုံကိုလည်း သိလိုပါသည်။

ဤပုစ္ဆာသုံးရပ်ကို သာဓကသာဓကထုတ်ပြ၍ ရှင်းလင်းဖြေကြားတော်မူပါရန် တောင်းပန် လျှောက်ထားအပ်ပါသည်ဘုရား။

အရှင်ပညာဓိကသီရိ၊ ခွဲမစိုးရိမ်စာသင်တိုက်၊ ဝေါမြို့၊ ပဲခူးတိုင်း။ (ရက်စွဲ မပါ)

"အမေးလျှာဆုံးပါပြီဘုရား၊ အဖြေအမိန့်ရှိတော်မူပါဦး"

"အမေး သုံးချက်ကိုးကွယ့်။ ပထမမေးခွန်းကို ဦးစွာဖြေကြစို့ရဲ့"

"ဖြေတော်မူပါ ဘုရား"

"မိမိကိုယ်ကို သတ်တဲ့အတွက် ဘဝပေါင်းငါးရာ မိမိကိုယ်ကို ပြန်သတ်ရကြောင်း ကျမ်းဂန်မှာ မလာပါဘူး၊ ဧကနိပါတ် – မတကဘတ္တဇာတ်မှာ လာတာကတော့ ဗာရာဏသီပြည်က ဒိသာပါမောက္ခဆရာကြီးဟာ မတကဘတ် (သူသေအား ရည်ညွှန်းအပ်သော ထမင်း)ကို လှူမယ်လို့ ဆိတ်ကုလား တစ်ကောင်ကို ယူခဲ့ပြီး တပည့်များလက်ကိုအပ်တယ်၊ သည်ဆိတ်ကို စင်ကြယ်အောင်ရေချိုး၊ လည်ပင်းမှာ ပန်းကုံးစွပ်၊ နံ့သာများလိမ်းကျံပြီးယူခဲ့ကြလို့ ဆရာကမှာတယ်၊ ဆရာမှာတဲ့အတိုင်း တပည့်များက ဆိတ်ကို ပန်းကုံးစွပ်ပြီး ကမ်းနားမှာ ထားကြတယ်၊ သည်အချိန် ဆိတ်မှာ ဇာတိဿရဉာဏ် ဖြစ်ပေါ်လာလို့ ဆိတ်ကရယ်လည်း ရယ်သတဲ့၊ ငိုလည်း ငိုသတဲ့၊ သည်အကြောင်း တပည့်များကမေးကြတော့ "သည်အကြောင်း သင်တို့ဆရာထံရောက်မှ မေးကြ" လို့ပြောသတဲ့၊ တပည့်များက ဒိသာပါမောက္ခဆရာကြီးထံ ပြန်ပြောကြတော့ ဆရာကြီးက ဆိတ်ကို သင် "ရယ်တယ်ငိုတယ်ဆိုတာ ဟုတ်သလား" လို့မေးတယ်၊ ဆိတ်က "ဟုတ်ပါတယ်" လို့ ပြန်ပြောတော့ "ဘာကြောင့်ရယ်တာ ငိုတာလဲ" လို့ မေးပြန်သတဲ့၊ ဆိတ်က "ပုဏ္ဏား–ငါဟာ ရှေးကာလက သင့်လို ပါမောက္ခဆရာကြီး ဖြစ်ခဲ့ဖူးတယ်၊ အဲသည်ဘဝမှာ မတကဘတ်အလှူအတွက် ဆိတ်တစ်ကောင်ကို သတ်ခဲ့ဖူးတယ်၊ ဆိတ်ကိုသတ်ခဲ့မိတဲ့ ပါဏာတိပါတကံကြောင့် ငါဟာ (၄၉၉)ဘဝ ဦးခေါင်းပြတ်ပြီး သေခဲ့ရတယ်၊ ယခုဘဝဟာ ဘဝ (၅၀၀) ပြည့်တဲ့ဘဝဖြစ်တယ် ယခုဘဝမှာ အကုသိုလ်ကံအဟုန်ဟာ ကုန်သွားပြီ၊ နောင်

http://www.dhammadownload.com



အခါ သည်လိုအဖြစ်ဆိုးမျိုး ငါကြုံမှာမဟုတ်တော့ဘူး၊ ဒါကြောင့် ဝမ်းသာလွန်းလို့ ငါရယ်ခြင်းဖြစ်တယ်၊ ငိုခြင်းရဲ့အကြောင်းကတော့ သင်ဟာ ယခု ငါ့ကို သတ်လိမ့်မယ်၊ ငါ့ကိုသတ်တဲ့ အကုသိုလ်ကံကြောင့် သင်ဟာ ဘဝ(၅၀၀) ပတ်လုံး ငါ့လို ဦးခေါင်းပြတ်ပြီး ဘဝဆုံးရှာဦးတော့မှာပဲ၊ သည်လိုအဖြစ်ဆိုးကြီးနဲ့ သင်ကြုံတွေ့မှာကို မြင်လို့၊ သင့်ကို သနားလို့ ငါငိုခြင်းဖြစ်တယ်လို့ ပြန်ပြောသတဲ့။

ဆိတ်ရဲ့စကားကိုကြားတော့ ဒိသာပါမောက္ခဆရာကြီးလည်း ဆိတ်ကို မသတ်ဘဲ လွှတ်လိုက်တယ်၊ သို့သော်လည်း အကုသိုလ်ကံ မကုန်သေးတော့ ဆိတ်အစာစားနေတုန်း အနီးကကျောက်ဖျာပေါ် မိုးကြိုးကျတယ်၊ မိုးကြိုးဒဏ်ကြောင့် ကျောက်လွှာတစ်ခုလွင့်လာပြီး ဆိတ်ရဲ့လည်ပင်းကို ဖြတ်လိုက်တယ်၊ အဲသည်ဒဏ်ချက်ကြောင့် ဆိတ်ဟာ သေရရှာတယ်၊ ဘဝငါးရာဆိုတဲ့စကားဟာ သည် မတကဘတ္တဇာတ်ကလာတဲ့ စကားဖြစ်တယ်၊ ပါဏာတိပါတကံကိုပြုခဲ့လျှင် ထိုကံကြောင့် သေသည်၏အခြားမဲ့မှာ ငရဲကျတယ်၊ ငရဲကလွတ်လာလျှင် တူသော အကျိုးပေးအားဖြင့် သူတစ်ပါးသတ်လို့ သေရတတ်တယ်၊ ဘဝပေါင်း ဘယ်လောက်အထိ အသတ်ခံရသလဲဆိုတော့ ဘဝပေါင်း ၅၀၀-အထိ အသတ်ခံရတယ်လို့ ဆိုလိုပါတယ်။

ပါဏာတိပါတ်၊ သူ့အသက်သတ်ခဲ့လျှင် ဤအပြစ်များခံရတတ်ကြောင်း ကျမ်းဂန်မှာ လာတယ်၊ သို့သော် ကိုယ့်ကိုယ်ကို သတ်တာတွေ သည်လိုအပြစ်ရတတ်ကြောင်း ကျမ်းဂန်မှာ မလာပါဘူး၊ သူ့အသက်သတ်တာနှင့် ကိုယ့်ကိုယ်ကိုသတ်တာ ဘာထူးသလဲ၊ သတ်တာချင်းအတူတူပင် မဟုတ်ပါလားလို့ မေးစရာရှိတယ်၊ အမှန်တော့ သူ့ကိုသတ်ခြင်းနှင့် မိမိကိုယ်ကို သတ်ခြင်းဟာ မတူဘူး၊ သူ့အသက်သတ်ခြင်းက ပါဏာတိပါတကံထိုက်တယ်၊ ကိုယ့်ကိုယ်ကို သတ်တာကတော့ ပါဏာတိ ပါတကံမထိုက်ဘူး၊ ဘာကြောင့် သည်လိုကွဲပြားသွားတာလဲဆိုတော့ အင်္ဂါ ပြည့်စုံခြင်း၊ မပြည့်စုံခြင်းတို့ကြောင့် ဖြစ်တယ်၊ ပါဏာတိပါတကံဟာ အင်္ဂါ ၅-ပါးပြည့်စုံမှ ကမ္မပထမြောက်ပြီး အပါယ်ကို ကျစေနိုင်တယ်၊ အင်္ဂါ ၅-ပါး အနက် တစ်ပါးပါးချို့ယွင်းခဲ့လျှင် ကမ္မပထမမြောက်လို့ အပါယ်ကိုမကျစေနိုင်ဘူး၊ ပါဏာတိပါတကံရဲ့ အင်္ဂါငါးပါးက-

http://www.dhammadownload.com



(၁) ပါဏော - သတ်အပ်သော သတ္တဝါ၊
(၂) ပါဏသညိတာ - သတ္တဝါဟုအမှတ်ရှိခြင်း၊
(၃) ဃာတစိတ္တ - သတ်လိုသောစိတ်၊
(၄) ဥပက္ကမ - လုံ့လပြုခြင်း၊
(၅) မရဏ - ထိုလုံ့လကြောင့်သေခြင်း၊

သည်ငါးပါးဟာ ပါဏာတိပါတကံရဲ့ အင်္ဂါငါးပါးဖြစ်တယ်၊ သည်အင်္ဂါငါးပါး အနက် မိမိကိုယ်ဟာ ပါဏသညိတာဆိုတဲ့အင်္ဂါအတွင်း မပါဝင်ခဲ့တဲ့အတွက် ပါဏာတိပါတကံမထိုက်ဘူးတဲ့ကွယ်၊ သည်အကြောင်းကို ဝိမတိဝိနောဒနီ(ပ-၂၂၈)မှာ [အတ္တာနံ မုဥ္စတော ပရပါဏိမှိ ပါဏသညိတော လက္ခဏာဿ အင်္ဂဿ အဘာဝတော နေဝတ္ထိ ပါဏာတိပါတော]လို့ အတိအလင်းပြထားတယ်၊ "အတ္တာနံ-မိမိကိုယ်ကို၊ မုဥ္စတော-လွှတ်၍၊ ပရပါဏမှိ-တစ်ပါးသော သတ္တဝါ၌၊ ပါဏသညိတာလက္ခဿ-သတ္တဝါဟုမှတ်ခြင်း လက္ခဏာရှိသော၊ အင်္ဂဿ-အင်္ဂါ၏၊ အဘာဝတော-မရှိသည်၏ အဖြစ်ကြောင့်၊ ပါဏာတိပါတော-ပါဏာတိပါတကံသည်၊ နေဝအတ္ထိ-မရှိသည်သာလျှင်တည်း"တဲ့၊ သည် စကား ရပ်ကို ထောက်ရှုခဲ့လျှင် ကိုယ့်ကိုယ်ကို ပြန်သတ်ခြင်းဟာ ပါဏာတိပါတကံ မထိုက်တဲ့အတွက် အပါယ်လည်း မကျနိုင်၊ အဖန်ငါးရာငါးကမ္ဘာခံရတယ်ဆို ခြင်းဟာလည်း မဖြစ်နိုင်ဘူးလို့မှတ်သင့်တယ်ကွယ့်၊ သို့သော်လည်း ကိုယ့် ကိုယ်ကိုသတ်ခြင်းဟာ နှစ်မျိုးရှိတယ်"

"ဘယ်လိုနှစ်မျိုးပါလဲဘုရား"

"တစ်မျိုးက ခန္ဓာကိုယ်ရဲ့အပြစ်ကို မြင်၍သတ်ခြင်း၊ တစ်မျိုးက ဒေါသ နှိပ်စက်လို့ ကိုယ့်ကိုယ်ကိုသတ်ခြင်းတို့ ဖြစ်ကြတယ်၊ ခန္ဓာကိုယ်ရဲ့အပြစ်ကို မြင်လို့သတ်တာဟာ အလွန်ဉာဏ်ထက်သော ပုဂ္ဂိုလ်များရဲ့သတ်ခြင်းမျိုး ဖြစ်တယ်၊ တတိယပါရာဇိက အဖွင့်မှာ အတိတ်က ပါဏာတိပါတကံကြွင်းကြောင့် ယခု ဘဝဥပစ္ဆေဒကကံဆိုးဖြင့် ကွယ်လွန်ကြမည့် ရဟန်းများကို ဘုရားသခင်က အသုဘတရား ဟောကြားတော်မူတယ်၊ အသုဘတရားနာကြရတော့ ရဟန်း တော်တွေဟာ မိမိတို့ရဲ့ခန္ဓာကိုယ်ကို စက်ဆုပ်လာကြပြီး မိမိကိုယ်မိမိ သတ် သေကြတယ်၊ အချင်းချင်းလည်း အသတ်ခိုင်းကြတယ်၊ မိဂလဏ္ဍိက

http://www.dhammadownload.com



ရှင်ယောင်ကြီးကိုလည်း အသတ်ခိုင်းကြတယ်၊ မိမိကိုယ်ကို သတ်သေကြတဲ့ အဲသည် ရဟန်းတော်များ အပါယ်ကျတယ်၊ အဖန်ငါးရာငါးကမ္ဘာ ခံရတယ်လို့ ကျမ်းများမှာ မလာဘူးကွယ့်၊ နောက်ပြီး ခန္ဓဝဂ္ဂသံယုတ်ပါဠိ(၉၇)မှာ ဝက္ကလိသုတ်ဆိုတာရှိတယ်၊ အဲသည် ဝက္ကလိထေရ်ဟာလည်း သူ့လည်ပင်းကို သူ့ဓားဖြင့် ဖြတ်ခဲ့တာပဲ၊ သူ့ကိုယ်သူသတ်လို့ အပါယ်မကျသည့်အပြင် ရဟန္တာဖြစ်သွားကြောင်း သံယုတ်မှာ အထင်အရှားပြထားတယ်။

## ဂေါဓိကထေရ်

ပြီးတော့ သဂါထာသံ–ပါ– ၁၂၁၊ ဓမ္မပဒဋ္ဌ ၊ ပ ၊၂၇၂ – တို့မှာလာတဲ့ ဂေါမဓိကထေရ်ဟာလည်း သူ့ကိုယ်သူသတ်ပြီး ပရိနိဗ္ဗာန်ဝင်စံသွားတဲ့ ပုဂ္ဂိုလ်ပဲ၊ ဂေါဓိကထေရ်ဟာ လောကီဈာန်ရပြီးတဲ့ ဈာနလာဘီပုဂ္ဂိုလ် ဖြစ်တယ်၊ ဣသိဂိလိတောင်ယံကျောက်ဖျာညိုထက် သီတင်းသုံးနေစဉ် ပြင်းထန်တဲ့ရောဂါဝေဒနာ ကပ်ရောက်လာတယ်၊ ဝေဒနာပြင်းထန်လွန်းလို့ ရပြီးသားဈာန်ဟာ လျှောကျသတဲ့၊ ဈာန်လျှောပြန်ရင်း ပြန်လည်ဈာန်ဝင်စားပြန်ရင်း၊ ရောဂါနှိပ်စက်လို့ တစ်ဖန်ဈာန်လျှောပြန်ရင်းနှင့် ခြောက်ကြိမ်တိတိ ဈာန်လျှောလိုက် ဈာန်ဝင်စားလိုက်ဖြစ်နေတယ်၊ သည်အချိန် အရှင်ဂေါဓိကမှာ အကြံဖြစ်လာတယ်၊ ငါ့ရဲ့ ယခုရောဂါဟာ ပြင်းထန်လွန်းတယ်၊ ငါ့အသက်ကိုယူမည့် ရောဂါအမှန်ပဲ၊ အကယ်၍ ဈာန်လျှောတုန်း ငါကွယ်လွန်ရင် ကတိမမြဲဘူး၊ ဈာန်နှင့်တကွ ကွယ်လွန်လျှင် ဈာန်အားလျော်စွာ ဗြဟ္မာ့ပြည်ကို လားနိုင်တယ်၊ သည်တော့ ငါ ဈာန်မလျှောမီ ငါ့ကိုယ်ငါသတ်မှ တော်မယ်လို့ လည်လှီးဖို့ သင်တုန်းဓားကိုယူသတဲ့၊ သည်အကြောင်းကို မာရ်နတ်ကသိတော့ သည်ရဟန်းဟာ လက်နက်ကိုဆောင်တော့မယ်၊ လက်နက်ဆောင်ပြီး ကိုယ့်ကိုယ်ကို သတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ အသက်ခန္ဓာအပေါ် ငဲ့ကွက်ခြင်းကင်းသူ ဖြစ်တယ်၊ သည်အချိန် ဝိပဿနာတရားပွားလျှင် ရဟန္တာဖြစ်နိုင်တယ်၊ ငါတားလို့တော့ ရမှာမဟုတ်ဘူး၊ ဘုရားရှင်ကို လျှောက်ထားမှ တော်မယ်လို့ မထင်ရှားတဲ့အသွင်ဖြင့် အရှင့်တပည့်ဂေါဓိကဟာ သူ့ကိုယ်သူစီရင်ဖို့ ကြံစည်နေပါတယ်၊ တားမြစ်တော်မူပါ”လို့ လျှောက်သတဲ့၊ ထိုခဏာ၌ပင် မထေရ်ဟာ သူ့ကိုယ်သူစီရင်ပြီး

http://www.dhammadownload.com



အရဟတ္တဖိုလ်တည်သွားသတဲ့၊ ဒါကြောင့် ခန္ဓာကိုယ်ရဲ့အပြစ်ကိုမြင်လို့ မိမိကိုယ်ကိုသတ်တဲ့အတွက် အပြစ်ရှိတယ်လို့ မဆိုနိုင်ဘူး၊ သို့သော်လည်း အဲသည်လို မိမိကိုယ်မိမိ သတ်သေရခြင်းဟာ အတိတ်ကံဆိုးကြောင့်လို့တော့ ကေန်ပြောနိုင်သကွယ့်။

## အပြစ်ရှိသောသတ်ခြင်း

ခန္ဓာကိုယ်ရဲ့အပြစ်မြင်လို့ သတ်သေတဲ့အတွက် အပြစ်မရှိသော်လည်း ဒေါသနှိပ်စက်လို့ ကိုယ့်ကိုယ်ကို သတ်သေလျှင်တော့ ကေန် အပြစ်ဖြစ်တတ်သကွယ့်၊ သည်အကြောင်းကို ဓေနိပါတ်၊ ကေပဏ္ဏဇာတ်တော်မှာ ဘုရားရှင် ဟောတော်မူထားတယ်။

"ဘယ်လိုဟောပါသလဲ အမိန့်ရှိပါဦးဘုရား"

"ဝေသာလီပြည်မှာ လိစ္ဆဝီမင်းသားတစ်ပါးဟာ အလွန်ဆိုးသတဲ့၊ ဆိုးလွန်းလို့ ဒုဋ္ဌလိစ္ဆဝီလို့ခေါ်ကြရတယ်၊ ဘယ်သူမျှလည်း ဆုံးမလို့မရဘူး၊ တစ်ရက်တော့ မိဘများက သူ့ကို ဘုရားရှင်ထံ ချော့ခေါ်သွားကြပြီး "အရှင်ဘုရား ဤမင်းသားဟာ အလွန်ဆိုးလှပါတယ်၊ ဆုံးမပေးတော်မူပါ"လို့ လျှောက်ကြသတဲ့၊ သည်အခါ ဘုရားရှင်က "မင်းသား–ဆိုးသွမ်းကြမ်းကြုတ်သူကို အမိ၊ အဘ၊ မယား၊ ဆွေမျိုးများကသော်လည်း မချစ်ဘူး၊ ဆိုးသွမ်းသူလာတာ မြင်ခဲ့လျှင် မြွေလာသလို၊ ဘီလူးလာသလို ထိတ်လန့်ကြတယ်၊ ဆိုးသွမ်း ကြမ်းကြုတ်သူဟာ ဘယ်လိုတန်ဆာဆင်ထားသော်လည်း မလှဘူး၊ အမျက် ဒေါသကြီးသူဟာ သူတစ်ပါးအပေါ်လည်း ရက်စက်တတ်တယ်၊ မိမိကိုယ်ကို သတ်ပြီးတော့လည်း ငရဲသည်သို့ လားတတ်တယ်"လို့ ဟောတော်မူမှ မင်းသားဟာ အမျက်မာနကင်းသွားတယ်၊ သည်နေရာမှာ ဘုရားဟောပါဠိက သည်လိုလာသကွယ့်"

"အမိန့်ရှိပါဘုရား"

"ကောဓ နိဿာယာတိ–သတ္တာ သတ္ထံ အာဒါယ အတ္တနာဝ အတ္တာနံ ပဟရန္တိ၊ ဝိသံ ခါဒန္တိ၊ ရဇ္ဇုယာ ဥဗ္ဗန္ဓန္တိ၊ ပပတာ ပပတန္တိ၊ ဧဝံ ကောဓဝသေန ကာလံ ကတွာ နိရယာဒီသု ဥပ္ပဇ္ဇန္တိ (ဓေနိပါတ်၊ ၄–၅၃၁) တဲ့ကွယ့်"

http://www.dhammadownload.com



"အနက်ဖော်ပေးပါဦး ဘုရား"

"အနက်ကတော့ သည်လိုကွယ့်၊ **ကောဓံ**–အမျက်ဒေါသကို၊ **နိဿာယ** အမှီပြု၍၊ **သတ္တာ**–သတ္တဝါတို့သည်၊ **သတ္တံ**–လက်နက်ကို၊ **အာဒါယ**–ယူ၍၊ **အတ္တနာဝ**–မိမိသည်ပင်လျှင်၊ **အတ္တာနံ**–မိမိကိုယ်ကို၊ **ပဟရန္တိ**–ပုတ်ခတ်သတ်ဖြတ်ကုန်၏၊ **ဝိသံ**–အဆိပ်ကို၊ **ခါဒန္တိ**–စားကုန်၏၊ **ရဇ္ဇုယာ**–ကြိုးဖြင့်၊ **ဥဗ္ဗန္ဓန္တိ**–လည်၌ ဖွဲ့ကုန်၏၊ **ပပါတာ**–ကမ်းပါးပြတ်မှ၊ **ပပတန္တိ**–ခုန်ချကုန်၏၊ **ဝေံ**–ဤသို့၊ **ကောဓဝသေန**–အမျက်၏ အစွမ်းအားဖြင့်၊ **ကာလံ**–သေလွန်ခြင်းကို၊ **ကတွာ**–ပြု၍၊ **နိရယာဒီသု**–ငရဲအစရှိသည်တို့၌၊ **ဥပ္ပဇ္ဇန္တိ**–ဖြစ်ကုန်၏တဲ့ကွယ့်"၊ ဒီလိုဘုရားဟောရှိတဲ့အတွက် ဒေါသဖြစ်ပြီး ကိုယ့်ကိုယ်ကို သတ်သေ ခဲ့လျှင် အဲသည်ဒေါသကြောင့် အပါယ်ကို ကျရောက်စေနိုင်တယ်၊ သည်နေရာမှာ ချိန်ထိုးပြီးကြည့်ဖို့အတွက် မူလပဏ္ဏာသပါဠိတော်မှာလာတဲ့ ဝတ္ထသုတ်ကို အကျဉ်းချုပ်ပြောပြဦးမယ်"

"မိန့်တော်မူပါဘုရား"

"ဝတ္ထသုတ်မှာ ဘုရားရှင်က သတ္တဝါတွေကို အဝတ်နှင့် နှိုင်းပြီး သတ္တဝါတို့ရဲ့စိတ်မှာ ငြိကပ်နေတဲ့ အကုသိုလ်တရားတွေကို မြူမှုန်စသော အညစ်အကြေးနှင့် နှိုင်းပြတော်မူတယ်၊ အဝတ်အထည်ဟာ မြူမှုန် အညစ်အကြေး၊ ချွေး စသည်တို့ ငြိကပ်နေပါလျှင် ထိုအညစ်အကြေးများကို မချွတ်ဘဲ ကိုယ်ကြိုက်တဲ့အရောင်ကို ဆိုးလို့မရဘူးတဲ့၊ မကောင်းတဲ့အရောင်ကိုသာ ရလိမ့်မယ်တဲ့၊ ဘာကြောင့် စိတ်ကြိုက် ဆိုးလို့မရတာလဲဆိုတော့ အဝတ်မစင်ကြယ်လို့တဲ့၊ သည်ဥပမာအတိုင်း သတ္တဝါတို့ရဲ့ စိတ်ဓာတ် ညစ်မည်းနေလျှင် ယခုဘဝမှာလည်း လူကောင်းသူကောင်းမဖြစ်နိုင်ဘူး၊ နောင်တမလွန်မှာလည်း ကောင်းမွန်တဲ့ သုဂတိကိုမရနိုင်ဘူးတဲ့၊ သည်အကြောင်းကို ဘုရားရှင်က **"ဧဝမေဝ ခေါ ဘိက္ခဝေ စိတ္တေ သံကိလိဋ္ဌေ ဒုဂ္ဂတိ ပါဋိကင်္ခါ တဗ္ဗော"**လို့ ဟောထားတယ်၊ **ဘိက္ခဝေ**–ရဟန်းတို့၊ **ဧဝမေဝခေါ**–ဤညစ်နွမ်းသော ပုဆိုးနှင့် အတူသာလျှင်၊ **စိတ္တေ**–စိတ်သည်၊ **သံကိလိဋ္ဌေ**–ညစ်မည်း၍နေသည်ရှိသော်၊ **ဒုဂ္ဂတိ**–ယခု ဘဝ၌လည်း မကောင်းသောအဖြစ်၊ တမလွန်ဘဝ၌လည်း မကောင်းသော ဂတိကို၊ **ပါဋိကင်္ခါတဗ္ဗော**–အလိုရှိအပ်၏တဲ့၊ ဒါကြောင့်

http://www.dhammadownload.com



သတ္တဝါတစ်ဦး သေလွန်ခါနီးမှာ စိတ်ဓာတ်သန့်ရှင်းစင်ကြယ်နေလျှင် ကုသိုလ်စိတ်တွေဖြစ် နေလျှင် ကောင်းသုဂတိဘဝကို လားရလိမ့်မယ်၊ သေလွန်ခါနီးမှာ လောဘ၊ ဒေါသ၊ မောဟတရားတွေကြောင့် စိတ်ဓာတ် ညစ်နွမ်းနေလျှင် သေလွန်တဲ့ခါ ကောင်းအပါယ်လေးဘုံမှာဖြစ်လိမ့်မယ်။

ဝိထိမုတ်ပိုင်း ကမ္မစတုက္ကမှာ အစဉ်အတိုင်းအကျိုးပေးတဲ့ ကံလေးပါးကို ဟောထားတယ်၊ ကံလေးပါးက (၁) ဂရုကံ၊ (၂) အာသန္နကံ၊ (၃) အာစိဏ္ဏကံ၊ (၄) ကဋတ္တာကံများ ဖြစ်ကြတယ်၊ ဒီကံ ၄–ပါးအနက် အကယ်၍ ဂရုကံကိုကျူးလွန်ထားလျှင် ဂရုကံက နောင်ဘဝဖြစ်ဖို့ အကျိုးပေးမယ်၊ ဂရုကံမရှိလျှင် အာသန္နကံက အကျိုးပေးမယ်၊ အာသန္နကံမရှိလျှင် အာစိဏ္ဏကံက အကျိုးပေးမယ်၊ အာစိဏ္ဏကံမရှိခဲ့လျှင် ကဋတ္တာကံက အကျိုးပေးမယ်၊ ဒီနေရာမှာ ဂရုကံဆိုတာ ကြီးလေးတဲ့ အကျိုးကိုရတဲ့ ကံမျိုးဖြစ်တယ်၊ ကုသိုလ်ဘက်က ရူပဈာန်၊ အရူပဈာန်ဆိုတဲ့ မဟဂ္ဂုတ်ကံ ကြီးတွေ အကုသိုလ်ဘက်က အဖေသတ်၊ အမေသတ်၊ ရဟန္တာသတ်မိတဲ့ ကံကြီးတွေ၊ ဘုရားရှင်ကို သွေးစိမ်းတည်အောင်ပြုမိတဲ့ ကံကြီးတွေ၊ သံဃာချင်း သင်းခွဲမိတဲ့ကံကြီးတွေ ဖြစ်တယ်၊ သည်ဂရုကံကြီးတွေကို ပြုမိခဲ့လို့ရှိရင် သည်ကံကြီးတွေက ဒုတိယဘဝဖြစ်အောင် အကျိုးပေးတယ်၊ သည်ဂရုကံကြီးတွေ မရှိခဲ့ရင် သေခါနီးကာလမှာ ပြုလုပ်မိတဲ့ကံ၊ သေခါနီးကာလအောက်မေ့ မိတဲ့ကံက အကျိုးပေးတယ်၊ သေခါနီးကာလပြုလုပ်မိ အောက်မေ့မိတဲ့ကံကို အာသန္နကံလို့ခေါ်တယ်၊ အာသန္နကံမရှိခဲ့လျှင် အမြဲပြုလုပ်နေတဲ့ကုသိုလ်၊ အကုသိုလ် အာစိဏ္ဏကံက အကျိုးပေးတယ်၊ အာစိဏ္ဏကံမရှိခဲ့လျှင် ရှေးဘဝက ပြုခဲ့တဲ့ကံနှင့် ယခုဘဝ ပြုကာမျှမတ္တဖြစ်တဲ့ ကဋတ္တာကံက အကျိုးပေးတယ်။

သည်ကံလေးပါးအနက် အာသန္နကံနှင့် အာစိဏ္ဏကံ (၂)ပါးမှာ သေခါနီးပြုလုပ် အောက်မေ့မိတဲ့ကံထက် တစ်ဘဝလုံး မပြတ် ပြုလုပ်လာခဲ့တဲ့ ကံက အင်အားကြီးမားတယ်၊ သို့သော်လည်း နောက်ဘဝဖြစ်ပေါ်လာအောင် အကျိုး ပေးတဲ့နေရာကျတော့ အာသန္နကံက လက်ချက်ဦးတယ်၊ သည်ကံနှစ်ပါးကို ကျမ်းဂန်များမှာ ဥပမာနှင့် ပြထားတယ်၊ မနေ့ညနေက ခြံထဲကို နွားတွေ သွင်းထားတယ်၊ နံနက်ခြံတံခါးဖွင့်လွှတ်တော့ တံခါးပေါက်နီးတဲ့နွားပဲ

http://www.dhammadownload.com



ဦးစွာထွက်တယ်၊ အဲသည် ဥပမာအတိုင်း အာစိဏ္ဏကံက ဘယ်လောက် အားကြီးစေကာမူ သေခါနီးကာလဖြစ်ပေါ်လာတဲ့ အာသန္နကံက နောက်ဘဝ ဖြစ်အောင် အကျိုးပေးသတဲ့၊ ဒါကြောင့် သေခါနီးကာလ စိတ်မကောင်းလျှင် ဒုဂ္ဂတိကိုလားတတ်တယ်၊ သေခါနီးကာလ စိတ်ကောင်းခဲ့လျှင် သုဂတိကို လားတတ်တယ်၊ များသောအားဖြင့် ကိုယ့်ကိုယ်ကိုသတ်တဲ့သူဟာ ဒေါသစတဲ့ စိတ်ဆိုး၊ စိတ်ယုတ်တွေဝင်နေလို့ပဲကွယ့်၊ အဲသည်စိတ်ဆိုး၊ စိတ်ယုတ်တွေက အပါယ်ကို ပစ်ချနိုင်တယ်လို့ အဖြေပေးလိုက်ပါတယ်ကွယ်"

"မှန်ပါ၊ ဒုတိယအမေးကိုလဲ ဖြေတော်မူပါဦးဘုရား"

"ဒုတိယအမေးက ဘာပါလိမ့်"

"ဒုတိယအမေးက မြင်းမိုရ်တောင် တကယ်ရှိမရှိသိလိုပါသတဲ့ ဘုရား"

## မြင်းမိုရ်တောင်ရှိမရှိ

မြင်းမိုရ်တောင် အမှန်တကယ်ရှိကြောင်းကို သုတ္တန်ပါတအဋ္ဌကထာ၊ ဒု၊၁၆၄–၁၆၅၊ ဝိသုဒ္ဓိမဂ် ဋ္ဌ၊၂၀၀–တို့မှာ သေသေချာချာ တိတိလင်းလင်း ဖော်ပြထားတာမို့ မြင်းမိုရ်တောင်ဟာ အမှန်တကယ်ရှိပါတယ်လို့ ဖြေရမှာပေါ့ ကွယ်"

"အဲသည် အဋ္ဌကထာတွေမှာ ဘယ်လိုဖွင့်ပြထားပါသလဲဘုရား"

"အဋ္ဌကထာများမှာ ဖွင့်ထားပုံက သတ္တဝါတို့နေရာ စကြဝဠာ တစ်ခု ဟာ အလျားအားဖြင့်ဖြစ်စေ၊ အနံအားဖြင့်ဖြစ်စေ ယူဇနာပေါင်း တစ်သိန်း နှစ်သောင်း သုံးထောင် လေးရာ ငါးဆယ်ရှိတယ်၊ အဝန်းလုံးပတ်အားဖြင့် ယူဇနာပေါင်း သုံးသန်း ခြောက်သိန်း တစ်ထောင့် သုံးရာ ငါးဆယ်ရှိတယ်၊ သည်စကြာဝဠာမြေအထုဟာ ယူဇနာ နှစ်သိန်း လေးသောင်း အထုရှိတဲ့ ရေကခံနေတယ်၊ ရေရဲ့အောက်မှာ ယူဇနာကိုးသိန်းခြောက်သောင်းအထုရှိတဲ့ လေကခံနေတယ်၊ သည်စကြာဝဠာရဲ့ ဗဟိုအလယ်ခေါင်မှာ ယူဇနာရှစ်သောင်း လေးထောင် ရေအထက်ပေါ်နေတဲ့ (သိနေရု)အမည်ရတဲ့ မြင်းမိုရ်တောင်ရှိ တယ်၊ အဲသည် မြင်းမိုရ်တောင်ရဲ့အဝမှာ ထက်ဝက် ထက်ဝက်စီနိမ့်တဲ့ တောင်စဉ်(၇)ထပ် ဝန်းရံနေတယ်၊ အဲသည် တောင်စဉ်(၇)ထပ်တို့ကို အစဉ်

http://www.dhammadownload.com



အတိုင်း (၁) ယုဂန္ဓရ၊ (၂) ဣသန္ဓရ၊ (၃) ကရဝီက (၄) သုဒဿန၊ (၅) နေမိန္ဓရ၊ (၆) ဝိနတက၊ (၇) အဿကဏ္ဏလို့ ခေါ်ဝေါ်ကြသတဲ့။

သုတ်ပါထေိကယအကထာ ၁၄၆–မှာတော့ မဟာသိနေရုအမည်ရတဲ့ မြင်းမိုရ်တောင်မင်းမှာ အရောင်လေးပါးထွက်နေတယ်၊ မြင်းမိုရ်တောင်မင်းရဲ့ အရှေ့ဘက်နံပါးက ငွေသားအတိပြီးတယ်၊ ဒါကြောင့် ငွေရောင်ထွက်တယ်၊ တောင်ဘက်နံပါးက မြအတိပြီးတယ်၊ ဒါကြောင့် မြအရောင်ထွက်တယ်၊ အနောက်ဘက်နံပါးက ဖလ်အတိပြီးတယ်၊ ဒါကြောင့် ဖလ်ရောင်ထွက်တယ်၊ မြောက်ဘက်နံပါးက ရွှေအတိပြီးတယ်၊ ဒါကြောင့် ရွှေအရောင်ထွက်တယ်၊ မြင်းမိုရ်တောင်ရဲ့ အရောင်လေးပါး ဟပ်တဲ့အတွက် အရပ်လေးမျက်နှာတို့ ဟာလည်း အရောင်လေးပါး ကွဲပြားနေတယ်လို့ ဖွင့်ပြထားတယ်၊ ငါးရာ့ ငါးဆယ် ကေနိပါတ် ကုလာဝကဇာတ်မှာ သိကြားမင်းဟာ အသုရာတို့စစ်ချီ လာလျှင် ခံတပ်အနေဖြင့် ခုခံရအောင် နဂါး၊ ဂဠုန်၊ ဂုမ္ဘာဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗ တို့ကို အစောင့်ချပြီး အာလိန်ငါးဆင့် တည်ထားကြောင်း ပြဆိုထားတယ်၊ ဒါကြောင့် မြင်းမိုရ်တောင်ဟာ အမှန်တကယ်ရှိကြောင်း မြင်းမိုရ်တောင်မှာ အာလိန်ငါးဆင့်ရှိပြီး မြင်းမိုရ်တောင်ထိပ်မှာ သိကြားမင်းစံရာ တာဝတိံသာ နတ်ပြည်တည်ကြောင်း ကျမ်းဂန်များမှာ ဖွင့်ပြထားကြတယ်ကွယ့်။"

"သည်လိုဆို ကျမ်းဂန်လာအရ မြင်းမိုရ်တောင်ရှိကြောင်း ထင်ရှား တာပေါ့ဘုရား၊ သည်လောက်ထင်ရှားပါလျက်နှင့် ဦးပညာဓိသီရိက ဘာကြောင့် များ မေးပါလိမ့်မလဲ"

"ယခု ဖြေဆိုချက်တွေကို အမေးရှင်ဟာ မသိမဟုတ်၊ သိမှာပါပဲ၊ သိလျက်နှင့် ဘာကြောင့်မေးတာလဲဆိုတာ တွေးကြည့်လိုက်တော့ ဦးပညာဓိက သီရိဟာ ခေတ်အလျောက် သိပ္ပံပညာ ဗဟုသုတရှိသူ နားလည်သူဖြစ်ပါလိမ့် မယ်၊ သိပ္ပံပညာအရ ကမ္ဘာတစ်ဝန်းလုံး ကောင်းကင်က ဓာတ်ပုံရိုက်ပြီး, မြေပုံ ဆွဲပြီးပါပြီ၊ သည်ကမ္ဘာ့မြေပုံအတွင်းမှာ မြင်းမိုရ်တောင်မပါဘူး၊ မြေကြောင်း၊ ရေကြောင်း၊ လေကြောင်း ကမ္ဘာအနှံ့လှည့်ပတ် သွားလာနေကြတဲ့ ပုဂ္ဂိုလ်များ ကလည်း မြင်းမိုရ်တောင် တွေ့တယ်လို့ မပြောကြဘူး၊ ယခု ဂြိုဟ်တုတွေ ဒုံးပျံတွေဟာ လဗိမာန်တောင် ရောက်နေကြပြီ၊ သို့သော်လည်း မြင်းမိုရ်တောင်

http://www.dhammadownload.com



ကို မတွေ့ကြဘူး၊ သည်တော့ မြင်းမိုရ်တောင်ရှိတယ်ဆိုတာ ဟုတ်များမှ ဟုတ်ပါစလို့ သံသယဖြစ်လာလိမ့်မယ်၊ ဒါကြောင့် သည်အမေးပေါ်ခဲ့တယ်လို့ မှန်းဆရတယ်"

"ဟုတ်တယ်ဘုရား၊ သည်လိုတွေးမယ်ဆိုတာလဲ တွေးစရာပဲ၊ သိပ္ပံ ထွန်းကားတဲ့ ယနေ့ခေတ်မှာ သည်ကမ္ဘာကြီး ကျဉ်းမြောင်းသွားပြီ၊ သည် ကမ္ဘာကြီးဘတ်ချင်းခပ်ခရီးကို တစ်ရက်တည်းနှင့် အရောက်သွားနိုင်နေကြ ပြီ၊ ကျမ်းစာထဲမှာ ဆိုထားတဲ့အတိုင်း မြင်းမိုရ်တောင်သာ ရှိရိုးမှန်လျှင် ဘယ်တိမ်းလို့ လွတ်ပါ့မလဲဘုရား၊ ဒါကြောင့် မြင်းမိုရ်တောင်ရှိတယ်ဆိုတာ ဟုတ်များမှဟုတ်ပါစလို့ တပည့်တော်တောင် သံသယရှိနေပြီ၊ အဖြေတော့ ဆက်ဦးမှပဲဘုရား"

"သိပ္ပံအတွေးအခေါ်နှင့် ကျမ်းလာအတွေးအခေါ် ညီညွတ်အောင် ဖြေရှင်းဖို့ဆိုတာ ခက်တော့ခက်တာပဲကွယ့်၊ သို့သော်လဲ သတိပြုဖို့ရာ တစ်ခု တော့ ပြောရဦးမယ်"

"အမိန့်ရှိပါဘုရား"

"သတ္တရဘန် တောင်စဉ် ၇–ထပ်တို့ မြင်းမိုရ်တောင်တို့ ဆိုတာတွေဟာ ငါတို့ တွေးထင်သလို သည်မြေပြင်ပေါ်မှာ ဟုတ်ချင်မှ ဟုတ်လိမ့်မယ်၊ ကျမ်းများမှာ ပြထားတာက မြင်းမိုရ်တောင်ဟာ မြခနောက်သုံးခုရဲ့ထိပ်မှာ တည်တယ်၊ မြခနောက်သုံးခုရဲ့အကြားမှာ ယူဇနာတစ်သောင်းကျယ်ဝန်းတဲ့ အသူရာပြည် တည်တယ်တဲ့၊ သည်စကားရပ်အရ မြင်းမိုရ်တောင်ဟာ သည်ကမ္ဘာ မြေကြီးရဲ့ အတွင်းသားမဟုတ်ဘူး၊ ခနောက်ပေါ်က အိုးသဘောမျှသာဖြစ်တယ်၊ ခနောက်ပေါ်တည်ရာမှာလည်း ထိပြီးတည်သလား ပန်းဆိုင်းဆွဲသလို တည် သလား၊ အတိအကျမပြောနိုင်ဘူး၊ သို့သော် ယူဆစရာက ထိပြီးမတည်ဘူး၊ ပန်းဆိုင်း ဆွဲသလို မထိဘဲ တည်တယ်လို့ ယူဆဖွယ်ရှိတယ်၊ ဘာကြောင့်တုန်း ဆိုတော့ လူ့ပြည်နှင့်စာတုမဟာရာဇ်၊ စာတုမဟာရာဇ်နှင့် တာဝတိံသာတို့ဟာ နေ့ရက် ချင်းမတူကြဘူး၊ လူ့ပြည်မှာ နှစ် ၅၀၊ စာတုမဟာရာဇ်မှာ တစ်နေ့နှင့် တစ်ညဥ့်၊ လူ့ပြည်မှာ နှစ် ၁၀၀၊ တာဝတိံသာမှာ တစ်နေ့နှင့်တစ်ညဥ့်၊ ဟောသည်လို နေ့ရက်ချင်း ကွာခြားနေတယ်၊ လောကမှာ တစ်ရက်ဆိုတဲ့

http://www.dhammadownload.com



စကားဟာ ကျမ်းလာအားဖြင့် နေတစ်ပတ်ခရီးဖြစ်တယ်၊ သိပ္ပံအားဖြင့် ကမ္ဘာတစ်လှည့် ဖြစ်တယ်၊ ကျမ်းဂန်မှာလာတာဟာ ကမ္ဘာကတည်နေပြီး နေက ကမ္ဘာကို ပတ်ပြီး သွားတယ်၊ သိပ္ပံမှာဆိုတာက နေကတည်ပြီး ကမ္ဘာက လှည့်ပတ်ပြီးသွားတယ်၊ လည်ပြီးသွားတယ်၊လှည့်ပတ်သွားတာက ၃၆၅–ရက်မှာ တစ်ပတ် ပတ်မိတယ်၊ လည်ပြီးသွားတာက ၂၄–နာရီမှာ တစ်ပတ်လည်မိတယ်၊ ကျမ်းဂန်လာ စကားအရပင်ဖြစ်စေ၊ သိပ္ပံစကားအရပင်ဖြစ်စေ တစ်ရက်ဆိုတဲ့ ဝေါဟာရဟာ နေတစ်ပတ်လို့ဆိုတာချည်းပဲကွယ့်၊ အကယ်၍ မြင်းမိုရ်တောင်ဟာ သည် ကမ္ဘာမြေကြီးနှင့် တစ်သားတည်းဖြစ်ခဲ့လျှင် မြင်းမိုရ်တောင်မှာ တည်တဲ့ စာတုမဟာ ရာဇ်နတ်ဘုံတို့၊ တာဝတိံသာနတ်ဘုံတို့ဟာ လူ့ပြည်နှင့် နေ့ရက်ချင်း တူရမယ်၊ ခုတော့ မတူကြဘူး၊ နေ့ရက်ချင်းမတူတာကို ထောက်လျှင် မြင်းမိုရ်တောင်ဟာ သည်ကမ္ဘာမြေကြီးနှင့် တစ်သားတည်း မဟုတ်ဘူးလို့ ယူဆစရာရှိတယ်၊ ပြီးတော့ နေမိဇာတ်တော်ကြီးကို ကြည့်လိုက်ကြဦးစို့”

“မှန်ပါ၊ မိန့်တော်မူပါဘုရား”

“နေမိဇာတ်တော်ကြီးကို ကြည့်လိုက်တော့ တာဝတိံသာနတ်တွေက သိကြားမင်းကို လျှောက်ကြတယ်၊ ကျွန်ုပ်တို့ နတ်ဖြစ်ခဲ့တာဟာ နေမိမင်းကြီးရဲ့ အဆုံးအမကြောင့် ဖြစ်ပါတယ်၊ ဒါကြောင့် နေမိမင်းကြီးကို ဖူးတွေ့လိုကြပါတယ်၊ နေမိမင်းကို ပင့်ပေးပါလို့ လျှောက်ကြတယ်၊ သည်တော့ သိကြားမင်းက မာတလိနတ်သား ကို စေပြီး နတ်မြင်းတစ်ထောင်ကတဲ့ ဝေဇယန္တာရထားနှင့် အပင့်ခိုင်းတယ်၊ မာတလိက နေမိမင်းကို နတ်ပြည်ကြွဖို့ ရထားထက်ပင့်လာပြီး နတ်ပြည်ကို သွားရာလမ်း နှစ်လမ်းရှိတယ်၊ တစ်လမ်းကငရဲလမ်း၊ တစ်လမ်းကနတ်လမ်း ဖြစ်တယ်၊ ဘယ်လမ်းက သွားချင်သလဲလို့မေးတယ်၊ နေမိမင်းက ငါဟာ ငရဲဘုံရော၊ နတ်ဘုံရောမမြင်ဖူးဘူး၊ မြင်ဖူးအောင် နှစ်လမ်းလုံးက သွားချင် တယ်လို့ပြောတယ်၊ မာတလိက ငရဲလမ်းရော၊ နတ်လမ်းရော တစ်ပြိုင်နက်တည်း သွားလို့ မဖြစ်ဘူး၊ ဘယ်လမ်းက ဦးစွာကြွလိုပါသလဲလို့ မေးတော့ နေမိမင်းက ငရဲလမ်းကဦးစွာသွားမယ်လို့ ပြောတယ်၊ ဒါကြောင့် မာတလိနတ်သားဟာ ဝေဇယန္တာရထားကို ငရဲလမ်းက ဦးစွာနှင်တယ်၊ သည်ငရဲကြီးတွေက မြေကြီး အတွင်းက ငရဲတွေမဟုတ်ဘူး၊

http://www.dhammadownload.com



ကောင်းကင်မှာ မြေပြင်မှာ တည်နေကြတဲ့ ကြိမ်ပိုက်ငရဲ၊ ခွေးစားငရဲစတဲ့ ဥဿဒငရဲများကို ဆိုလိုတယ်၊ မာတလိ နတ်သားဟာ ငရဲဘုံကို ပြပြီးတော့ နတ်ဘုံရှိရာ ကောင်းကင်ထက်ကို ရထားကို ဦးလှည့်ပြီး မောင်းတယ်၊ နတ်လမ်းခရီးမှာ ဗရဏီနတ်သမီးဗိမာန်၊ သောဏဒိန္နိ နတ်သားဗိမာန်၊ ဖလ်ဗိမာန်၊ မြဗိမာန်၊ ကြောင်မျက်ရွဲဗိမာန်စသည်တို့ကို ပြနေတုန်း သိကြားမင်းထံက အထောက်တော်ရောက်ခဲ့လို့ တာဝတိံသာသို့ ရှေးရှုပြီး ရထားကို နှင်ခဲ့တယ်။

ရထားဘယ်ရောက်လာသလဲဆိုတော့ မြင်းမိုရ်တောင်ကိုရံပြီး တည်နေတဲ့ တောင်စဉ် ၇–ထပ်ဆီ ရောက်လာတယ်၊ အဲသည်အခါ နေမိမင်းက သည် တောင်တွေက ဘာတောင်တွေ ခေါ်ပါသလဲလို့ မေးတော့ မာတလိနတ်သား က (သုဒဿနော တရဝီကော၊ ဤသဝရော ယုဂန္ဓရော၊ နေမိန္ဓရော၊ ဝိနတကော၊ အဿကဏ္ဏော ဂီရိဗြဟ္မာ)စသော ဂါထာဖြင့် သုဒဿနစတဲ့ တောင်စဉ်၇–ထပ်ဖြစ်ကြောင်း ပြောကြားပြီး တောင်စဉ်၇–ထပ်မှ တစ်ဖန် စာတုမဟာရာဇ်ဘုံများကို ပြသတယ်၊ ပြီးမှ တာဝတိံသာနတ်ပြည်ကို တက် တယ်သည် နေမိဇာတ်တော်ရဲ့ အလိုအားဖြင့် တောင်စဉ်၇–ထပ်တို့ မြင်းမိုရ် တောင်တို့ဆိုတာ ကောင်းကင်မှာ တည်နေတယ်၊ သည်တော့ မြင်းမိုရ်တောင် ဟာ အများထင်သလို မြေပြင်မှာမဟုတ်ဘဲ သီးခြားဂြိုဟ်တစ်လုံးလို ကောင်း ကင်မှာ ဖြစ်ချင်ဖြစ်နိုင်တာပေါ့၊ ကောင်းကင်မှာတည်နေလျှင် မြေပုံမှာ ရှာဖွေလို့တော့ တွေ့နိုင်မှာမဟုတ်ဘူး၊ မြေပုံမှာရှာမတွေ့တာနှင့် မြင်းမိုရ်တောင် မရှိဘူးလို့ မပြောသင့်ဘူး၊ မြင်းမိုရ်တောင်ကတော့ အမှန်ဧကန်ရှိကြောင်း အဖြေပေးလိုက်ပါတယ်ကွယ်”

“မှန်ပါ၊ ဒုတိယအမေးကတော့ အဖြေရပါပြီ၊ တတိယအမေးကို ဖြေတော်မူပါဦး”

“တတိယအမေးက ဘာတဲ့ကွယ့်”

“တတိယအမေးက သင်္ကြန်ရက်များကို ဘုရားရှင်လက်ထက်တော် ကာလက နေ့ထူး၊ နေ့မြတ်အဖြစ် သတ်မှတ်ပြုလုပ်နိုင်ခြင်း ရှိ မရှိနှင့် ၎င်း သင်္ကြန်ရက် ဖြစ်ပေါ်လာပုံကို သိလိုပါသတဲ့ ဘုရား”

“သည်အမေးက (၁) ဘုရားရှင်လက်ထက်က သင်္ကြန်ပွဲပြုမပြု၊ (၂)

http://www.dhammadownload.com



ဘာကြောင့် သင်္ကြန်လို့ခေါ်သလဲ ရယ်လို့ ပြဿနာနှစ်ချက် ပါတယ်၊ သည် ပြဿနာနှစ်ချက်အနက် ပထမပြဿနာရဲ့ အဖြေက သင်္ကြန်ဆိုတာ သင်္ကန္တ ဆိုတဲ့ ပါဠိကို သက္ကတဋ္ဌအားဖြင့်(ရေဖ)ရောက်ပြီး သင်္ကြန်လို့ ခေါ်တယ်၊ သင်္ကန္တ ဆိုတဲ့ပုဒ်က ပြောင်းရွှေ့ခြင်းအနက်ကိုဟောတယ်၊ ဘာပြောင်းရွှေ့တာ တုန်းဆိုတော့ နှစ်ဟောင်းမှနှစ်သစ်သို့ ပြောင်းရွှေ့ခြင်းလို့ဆိုတယ်၊ သည်လို နှစ်ဟောင်းကုန်ဆုံးလို့ နှစ်သစ်ကူးပြောင်းတဲ့အခါ နှစ်ဟောင်းက စိတ်အညစ် အကြေး၊ ကိုယ်အညစ်အကြေးများ စင်ကြယ်အောင် ရေဆေးခြင်းကို သင်္ကြန် မင်္ဂလာပွဲ ပြုလုပ်တယ်လို့ ခေါ်တာပေါ့၊ ရေဖြင့် စင်ကြယ်တယ်ဆိုတဲ့ ဥဒကသုဒ္ဓိ အယူဝါဒဟာ ဟိန္ဒူတို့ရဲ့ ရှေးရိုးအယူဝါဒ ဖြစ်တယ်၊ ဘုရားမပွင့်မီ ပဝေသဏီကာလက အယူအဆဖြစ်တယ်၊ မဟာသုတသောမဇာတ်တော်မှာ မဟာသုတသောမမင်းကြီး သင်္ကြန်တော်ခေါ်တုန်း ပေါရိသာဒရဲ့အဖမ်းကို ခံရခြင်းဖြစ်တယ်၊ သို့သော် ဘုရားရှင်ကတော့ ဥဒကသုဒ္ဓိဝါဒကို လက်မခံ ဘူး၊ ရေဆေးရုံနှင့် ကိလေသာတွေ မစင်ကြယ်နိုင်ဘူးလို့ပဲ ဟောတော်မူတယ်၊ ဒါကြောင့် ဗုဒ္ဓဘာသာဝင်များဟာ သင်္ကြန်ကာလမှာ ရေမဆေးဘူး၊ ကုသိုလ်တရား တိုးပွားအောင် ဒါန၊ သီလ၊ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်း ပွားများကြတယ်၊ ယခုပြောခဲ့တာက ပထမအမေးရဲ့ အဖြေပေါ့ကွယ်"

"မှန်ပါ၊ ဒုတိယအမေးရဲ့ အဖြေကို ဆက်ပါဦးဘုရား"

"ဒုတိယအမေးက ဘာကြောင့် သင်္ကြန်ခေါ်တာလဲတဲ့ ဟုတ်လား"

"မှန်ပါ၊ ဟုတ်ကြောင်းပါဘုရား"

"နှစ်ဟောင်းမှ နှစ်သစ်သို့ ပြောင်းရွှေ့တတ်သောကြောင့် သင်္ကြန်ဟု ခေါ်ပါသည်လို့ဖြေလိုက်လျှင် သည်အမေးက ပြေလောက်တယ်ကွယ့်၊ သို့သော် လဲ များသောစာဖတ်ပရိသတ်များ နားရှင်းချင်မှရှင်းလိမ့်မယ်၊ ဒါကြောင့် အနည်းငယ်ချဲ့ထွင်ပြီး ဖြေကြစို့ကွယ်"

"ဖြေတော်မူပါဘုရား"

"တစ်နှစ်ဆိုတာကို ဘာနှင့်သတ်မှတ်သလဲ သိရဲ့လား"

"မသိပါဘုရား"

"ယခု သိပ္ပံနည်းအရဆိုလျှင် ယခုကမ္ဘာဂြိုဟ်ဟာ ကောင်းကင်အပြင်မှာ မရွေ့မလျား တည်နေတဲ့နေကို လဟာပြင်အတွင်းမှာပဲ လှည့်ပတ်နေတယ်၊

http://www.dhammadownload.com



ကမ္ဘာက နေကို လှည့်နည်းနှစ်နည်း ရှိတယ်၊ တစ်နည်းက ၂၄–နာရီလျှင် တစ်ပတ်နှုန်းဖြင့် မိမိဝင်ရိုးအပေါ်မှာ လည်ပြီးပတ်တယ်၊ တစ်နည်းက နေပတ်လမ်းကြောင်းအပေါ် ၃၆၅–ရက်လေးပိုင်းတစ်ပိုင်းလျှင် တစ်ပတ်ကျ ပတ်တယ်၊ သည်နှစ်နည်းအနက် နေကို ကမ္ဘာဂြိုဟ်ကပတ်ရာ ၃၆၅–ရက် လေးပိုင်းတစ်ပိုင်း ပြည့်တဲ့ရက်ကို တစ်နှစ်လို့ သတ်မှတ်တယ်၊ ယခုပြောခဲ့တာက သိပ္ပံနည်း အရ တစ်နှစ်သတ်မှတ်ပုံ ဖြစ်တယ်။"

"နက္ခတ်အရ တစ်နှစ်သတ်မှတ်ပုံကို ပြောဦးမယ်"

"အမိန့်ရှိပါဘုရား"

"ညအခါ မိုးပေါ်ကို မော့ကြည့်လိုက်လျှင် အရောင်တလက်လက် ထွက်နေတဲ့ ကြယ်တွေကိုမြင်ကြရမယ်၊ သည်ကြယ်တွေထဲက တစ်လုံးနှင့်တစ်လုံး ရှေ့ဆင့်နောက်ဆင့် အညီအမျှတည်ပြီး မိမိသွားမြဲခရီးကို မဖျက်မဆီး တိကျ မှန်ကန်စွာ သွားနေတတ်တဲ့ ကြယ်စုများကို နက္ခတ်လို့သတ်မှတ်လိုက်တယ်၊ အဲသည် နက္ခတ်ကြယ်စုဟာ (၂၇)လုံးရှိတယ်ကွယ့်၊ အမည်များကတော့ (၁) အဿဝဏီ၊ (၂) ဘရဏီ၊ (၃) ကြတ္တိကာ၊ (၄) ရောဟိဏီ၊ (၅) မိဂသီ၊ (၆) အဒြ၊ (၇) ပုဏ္ဏဖုသျှ၊ (၈) ဖုသျှ၊ (၉) အသလိဿ၊ (၁၀) မာဃ၊ (၁၁) ပြုဗ္ဗဖ ဘဂုနီ၊ (၁၂) ဥတ္တရာဘရဂုဏ္ဏီ၊ (၁၃) ဟဿတ၊ (၁၄) စိတြ၊ (၁၅)သွာတိ၊ (၁၆) ဝိသာခါ၊ (၁၇) အနုရာဓ၊ (၁၈) ဇေဋ္ဌ၊ (၁၉) မူလ၊ (၂၀) ပြုဗ္ဗာသာဠ်၊ (၂၁) ဥတ္တရာသာဠ်၊ (၂၂) သရဝဏ်၊ (၂၃) ဓနသိဒ္ဓ၊ (၂၄) သတဘိသျှ၊ (၂၅) ပြုဗ္ဗာဘဒြပိုဒ်၊ (၂၆) ဥတ္တရာပရပိုဒ်၊ (၂၇) ရေဝတီတို့ ဖြစ်ကြတယ်။

သည်နက္ခတ်(၂၇) လုံးတို့ဟာ ကောင်းကင်မှာ နေနှင့်အတူ မြင်းမိုရ်တောင်ကို လက်ယာရစ် ပတ်နေကြတယ်၊ သည်လို အပြိုင်လှည့်ကြရာမှာ နက္ခတ်များက နေထက် အသွားမြန်ကြတယ်၊ ဘယ်လောက်အထိ အသွားမြန်ကြ သလဲဆိုတော့ တစ်လ(ရက်ပေါင်း ၃၀)လျှင် နက္ခတ် ၂–လုံးနှင့် လေး–စိတ်တစ်စိတ် နေကိုလွန်ပြီးသွားကြတယ်၊ လပေါင်းအားဖြင့် ၁၂–လ၊ ရက်ဖြင့် တွက်လိုက်တော့ ၃၆၅–ရက်၊ လေးပိုင်း တစ်ပိုင်းစေ့တဲ့အခါ နက္ခတ်ကုန်ပြီး မူလကစပြီး ယှဉ်ခဲ့တဲ့ နေနှင့် ပြိုင်မိပြန်တယ်၊ သည်နေရာမှာ နေနှင့်နက္ခတ် ယှဉ်ပုံ ရှင်းလင်းသွားအောင် နက္ခတ်တစ်ခုကို လေးစိတ်စိတ်ရတယ်၊ လေးစိတ်

http://www.dhammadownload.com



တစ်စိတ်ကို မဂဓဘာသာအားဖြင့် ပါဒ၊ မြန်မာကတော့ ပါဒ်လို့ခေါ်တယ်၊ နက္ခတ် ၂၇–လုံးကို ပါဒ်ဖွဲ့လျှင် (၂၇ x ၄=၁၀၈) ပါဒ်ပေါင်း ၁၀၈–ပါဒ် ရှိတယ်၊ အဲသည် ၁၀၈–ပါဒ်ကို ၁၂–လနှင့် ဝေဖန်လိုက်လျှင် (၁၀၈ ÷ ၁၂=၉)၊ တစ်လလျှင် ၉–ပါဒ်ရတယ်၊ အဲသည် ၉–ပါဒ်ကို နဝင်းလို့ခေါ်ကြတယ်၊ နက္ခတ် ၂၇ လုံးကို ၉– ပါဒ်စီ ဝေဖန်လိုက်တော့ ကောင်းကင်မှာ နက္ခတ် အစုပေါင်း ၁၂– စု ဖြစ်လာတယ်၊ အစုဆိုတဲ့စကားကို မဂဓလိုတော့ (ရာသီ) ခေါ်တာပေါ့၊ ဒါကြောင့်ကြယ်အစု ၁၂–စုကို (၁၂–ရာသီ) ခေါ်ကြောင်း မှတ်ထားပေါ့၊ ဟုတ်လား”

“မှန်ပါဘုရား”

“အဲဒီ ကြယ်စု ၁၂–စု (၁၂–ရာသီ)အနက် ပထမကြယ်စုက ဆိတ်ရုပ်နှင့် တူလို့ ဆိတ်ဟော မိဿသဒ္ဒါဖြင့် **မိဿရာသီ** ခေါ်တယ်၊ ဒုတိယအစုက နွားရုပ်နှင့်တူလို့ **ပြိဿရာသီ** ခေါ်တယ်၊ တတိယအစုက မိန်းမနှင့်ယောကျ်ား နံဘေးချင်းကပ်ပြီး ဖက်ရပ်နေဟန်တူလို့ အချင်းချင်းအနက်ဟော မေထုနသဒ္ဒါဖြင့် **မေထုန်ရာသီ** ခေါ်တယ်၊ စတုတ္ထအစုက ပုစွန်လုံးရုပ်နှင့်တူလို့ ပုစွန်ဟော ကက္ကဋသဒ္ဒါဖြင့် **ကရကဋ်ရာသီ** ခေါ်တယ်၊ ပဉ္စမအစုက ခြင်္သေ့ရုပ်နှင့် တူလို့ ခြင်္သေ့ဟော သီဟသဒ္ဒါဖြင့် **သိဟ်ရာသီ** ခေါ်တယ်၊ ဆဋ္ဌမအစုက လှေစီးတဲ့ အပျိုရုပ်နှင့်တူလို့ အပျိုဟော ကညာသဒ္ဒါဖြင့် **ကန်ရာသီ** ခေါ်တယ်၊ သတ္တမ အစုက ချိန်ခွင်ကိုင်တဲ့ ယောကျ်ားရုပ်နှင့်တူလို့ ချိန်ဟော တုလသဒ္ဒါဖြင့် **တူရာသီ** ခေါ်တယ်၊ အဋ္ဌမအစုက ကင်းပဇွန်(ကင်းမြီးကောက်)ကြီးနှင့်တူလို့ ကင်းမြီးကောက်ဟော ဗြိစ္ဆာသဒ္ဒါဖြင့် **ဗြိစ္ဆာရာသီ** ခေါ်တယ်၊ နဝမအစုက မြင်းကိုယ်နှင့်လူ လေးတင်နေဟန်သဏ္ဌာန်တူလို့ လေးဟော ဓနုသဒ္ဒါဖြင့် **ဓနုရာသီ** ခေါ်တယ်၊ ဒသမအစုက သမင်ဦးခေါင်းနှင့် မကာရ်းကိုယ်သဏ္ဌာန် တူလို့ မကာရ်ဟောအ မကာရသဒ္ဒါဖြင့် **မကာရရာသီ** ခေါ်တယ်၊ ဧကဒသမ အစုက ဒူးတစ်ဖက်ထောက်–တစ်ဖက်ထောင် ရေအိုးကိုင်ဟန် ယောကျ်ားသဏ္ဌာန် တူလို့ အိုးဟော ကုမ္ဘသဒ္ဒါဖြင့် **ကုံရာသီ** ခေါ်တယ်၊ ဒွါဒသမအစုက ငါးနှစ်ကောင် အမြီးချင်းဆိုင်ဟန် သဏ္ဌာန်တူလို့ ငါးဟော မိနသဒ္ဒါဖြင့် **မိန်ရာသီ** ခေါ်တယ်၊ မှတ်မိရဲ့လား”

http://www.dhammadownload.com



"မှတ်မိပါတယ် ဘုရား"

"နက္ခတ် ၂၇–လုံး၊ ပါဒ်အားဖြင့် ၁၀၈–ပါဒ်ရှိတဲ့ နေမင်းနှင့်အတူ မြင်းမိုရ်တောင်ကို လှည့်ပတ်ရာမှာ နက္ခတ်က နေထက်မြန်တဲ့အတွက် တစ်လတစ်လလျှင် ၉–ပါဒ်၊ ရာသီအားဖြင့် တစ်ရာသီ နေကိုလွန်သွားကြတယ်၊ ဒါကြောင့် နေမင်းဟာ တစ်ရာသီ(၉–ပါဒ်) နက္ခတ်တို့နှင့် တစ်လတိတိ ယှဉ်ပြေးနေတယ်၊ ရှေးဦးစွာ ပထမကြယ်စု (၉–ပါဒ်) တစ်ရာသီလွန်သွားလျှင် ဒုတိယကြယ်စု (၉–ပါဒ်–တစ်ရာသီ) တစ်လတိတိယှဉ်ပြန်တယ်၊ ဒုတိယကြယ်စု လွန်လျှင် တတိယကြယ်စု စသည်တို့နှင့်ယှဉ်တာပေါ့၊ သည်လို နေမင်းနှင့် ယှဉ်ခိုက် ရာသီကိုစွဲမှီပြီး တန်ခူးလကို မိဿရာသီ၊ ကဆုန်လကို ပြိဿရာသီ စသည် ခေါ်ကြရတယ်၊ နေမင်းဟာ နက္ခတ်(၂၇)လုံးအနက် အစဆုံးဖြစ်တဲ့ အဿဝနီ နက္ခတ်နှင့်အတူ ယှဉ်ပြေးခဲ့ရာက ရက်ပေါင်း ၃၆၅–ရက် လေးပိုင်းတစ်ပိုင်း ကုန်ဆုံးတော့ နောက်ဆုံး ရေဝတီနက္ခတ်နှင့် ပြိုင်ပြေးတယ်၊ ရေဝတီနက္ခတ် စတုတ္ထပါဒ် ဆုံးသွားတော့ အစဖြစ်တဲ့ အဿဝနီနက္ခတ်အစ ပထမပါဒ်နှင့် ယှဉ်ပြေးတယ်၊ အဲသည် ရေဝတီနက္ခတ်အဆုံးက အဿဝနီ နက္ခတ်သို့ နေမင်းကူးပြောင်းတဲ့အချိန်ကို နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်း ဖြစ်လို့ သင်္ကြန်ခေါ်ကြောင်း အဖြေပေးလိုက်ပါတယ်ကွယ်။

သာဓု–သာဓု–သာဓုပါဘုရား။



http://www.dhammadownload.com



## □ ကျမ်းဂန်လာ သတ္တဝါအချို့၏ ရုပ်ပုံလွှာ

“သည်စာက ဦးဘသော်ထံက ပေးတဲ့စာပါဘုရား”

“ဆရာဦးဘသော်ဆိုတာ ပန်းချီဆရာဦးဘသော်လား”

“ဟုတ်ပါတယ် ဘုရား”

“ပန်းချီဦးဘသော်ဟာ စစ်ကိုင်း၊ ရွာသစ်ကြီး၊ ပြည်ထောင်စုတိုင်းရင်းသား ဖွံ့ဖြိုးရေးသိပ္ပံကျောင်းမှာ ပန်းချီကထိက ဖြစ်နေတယ်လို့ကြားတယ်၊ အဲသည်ကပေးတဲ့ စာလား”

“မဟုတ်ဘူးဘုရား၊ ကသာကပေးတာ၊ သူဟာ အခု ပင်စင်ယူပြီးပြီတဲ့၊ သူ့စာထဲမှာ ပါတယ် ဘုရား”

“သူ့စာ ဖတ်စမ်းပါဦး”

### ဆရာဦးဘသော်ထံမှ ပေးစာ

ဆရာတော်ဘုရား–

တပည့်တော် ဆရာဦးဘသော် လျှောက်ထားပါသည် ဘုရား၊ တပည့်တော်လည်း ပင်စင်ယူလိုက်သဖြင့် အငြိမ်မနေနိုင်တာကတစ်ကြောင်း၊ နောင်လာ နောက်သားများ သိသင့်သိထိုက်သည်ကို သိစေလိုတာက တစ်ကြောင်း၊ အက္ခရာဝလိ(က–ခစဉ်၍) ပန်းချီ အဘိဓာန်တစ်ခု ရေးဆွဲနေပါသည်။

http://www.dhammadownload.com



ထိုသို့ရေးဆွဲရာ၌ အချို့သောသတ္တဝါတို့၏ အမည်မျှကိုသိရ၍ အကောင်အထည်ကို မသိဖြစ်နေပါသည်၊ အကောင်အထည်ကို မသိသောကြောင့်လည်း ပန်းချီသရုပ်ဖော်ရန် အခက်အခဲဖြစ်နေပါသည်။

ထို့ကြောင့် အရှင်ဘုရားကို အားကိုးလျက် အောက်ပါအရာများကို မေးလျှောက်ပါသည်၊ ဒေသနာယုတ္တိ၊ သဘာဝယုတ္တိများဖြင့် သရုပ်ပေါ်အောင် ဖြေရှင်းပေးတော်မူပါ၊ တပည့်တော်သိလိုသောအရာများမှာ–

(၁) **အောင်း**–၎င်းသတ္တဝါသည် ရဟန်းတော်များ မအပ်သော အသား (၁၀)မျိုး၌ ပါဝင်နေပါသည်၊ မည်သည့်သတ္တဝါကို အောင်းဟု ခေါ်ပါသနည်း။

(၂) **ဓာမနီ**–၎င်းဓာမနီကို ငှက်ဟုလည်း ပြောကြပါသည်၊ သားကောင်ဟူ၍လည်း ပြောကြပါသည်၊ ပုံသဏ္ဌာန်မည်သို့နေပါသနည်း။

(၃) **ဝသုန္ဓရီ**–ဤနတ်ရုပ်ကို အမျိုးမျိုးထုလုပ်ကြရာ အချို့က မိန်းမရုပ်ရေးဆွဲ၍ အချို့က ယောကျ်ားရုပ် ရေးဆွဲကြပါသည်၊ ဘယ်ပုံက မှန်ပါသနည်း။

(၄) **တိုး**–တိုးသတ္တဝါသည် မရှင်းလင်းပါ၊ ရေးက တိုးရုပ်များသည် ခြသေ့်နှင့် တူနေပါသည်။

(၅) **ညံ့ကောင်**–ဤအကောင်ကို အမည်သာကြားဖူး၍ အကောင်သဏ္ဌာန်ကို မသိပါ။

(၆) **သူယောင်**–၎င်းသည် အသီးလား၊ အပွင့်လား မကွဲပြားပါ။

(၇) **နရား**–လက်ခြေပါသော နဂါးရုပ်ကို နရားဟု ခေါ်နေကြပါသည်၊ နရားဟူသောသတ္တဝါ ကျမ်းဂန်၌ရှိပါသလား။

(၈) **ကုဝေရနတ်**–၎င်းနတ်မင်းကြီးကို "အစွယ်ရှစ်ချောင်း၊ ခြေသုံးချောင်းနှင့် မြေစောင်းမတတ် တန်ခိုးမြတ်သည်၊ နတ်ယက္ခိန္ဒ ကုဝေရလည်း" ဟု မဃဒေဝလင်္ကာ၌ စပ်ဆိုထားပါသည်၊ ကုဝေရနတ်မင်းကြီး၏ အစွယ်ရှစ်ချောင်း၊ ခြေထောက်သုံးချောင်း အဘယ်ပုံသဏ္ဌာန် ရှိပါသနည်း။

ဤအကြောင်းအရာများကို တပည့်တော်များ ရှင်းလင်းသိသာအောင် အဖြေရေးသား မစတော်မူပါဘုရား။

ဦးဘသော်(ပန်းချီ)
ရွှေမေတ္တာလမ်း တောင်ရပ်၊ ကသာမြို့။

http://www.dhammadownload.com


"ဦးဘသော်ထံကပေးစာ ပြီးဆုံးသွားပါပြီ ဘုရား"

"ဆရာဦးဘသော် မေးထားတာတွေက အတော်များနေသကွဲ့၊ ဒါကြောင့် တိုစိတိုစိ ကလေးတွေပဲ ဖြေလိုက်ကြစို့ရဲ့"

"မှန်ပါ၊ သင့်တော်သလို ဖြေဆိုတော်မူပါဘုရား"

## အောင်း

အောင်းဆိုတဲ့ အမည်နှင့်သတ္တဝါ(၂)မျိုးရှိတယ်၊ တစ်မျိုးက သစ်ခေါင်းတွင်း ခိုအောင်းပြီး အုံဖွဲ့တတ်တဲ့ ပျားအောင်းဖြစ်တယ်၊ မိုးကုတ်ပတ်ဝန်းကျင်မှာ သည်ပျားအောင်းမျိုးတွေ ရှိတယ်၊ ပျားအောင်းငယ်များနှင့် ပျားအောင်းအုံများကို လူတွေက ဟင်းလျာလုပ်ပြီးစားကြတယ်၊ ယခုမေးခွန်းမှာပါတဲ့ အောင်းက သည်ပျားအောင်းမဟုတ်ဘူး၊ တရစ္ဆခေါ်တဲ့ သားအောင်းဖြစ်တယ်။

မောင်းထောင်သာသနာပိုင်က သည်သားအောင်းကိုပင် စာမရီလို့ ယူဆတော်မူခဲ့တယ်၊ ဒါကြောင့် ဆရာတော်ပြုစုတဲ့ အဘိဓာန်ဋီကာနိဿယနှင့် အမရကောသ နိဿယတို့မှာ "စာမရီသားကို မြန်မာတို့က အောင်းခေါ်ကြ၏" ဟု မှတ်ချက် ရေးသားခဲ့တယ်၊ အဲသည် မှတ်ချက်အရ အချို့က စာမရီနှင့် အောင်းကောင်ဟာ အတူတူပဲလို့ ယူဆကြတယ်၊ ဒါပေမယ့် စာမရီဟာ အောင်းကောင် မဟုတ်ပါဘူး၊ စာမရီကို ပါဠိဘာသာအားဖြင့် စမရ–ခေါ်ပြီး အောင်းကိုတော့ တရစ္ဆလို့ ခေါ်တယ်။

တရစ္ဆခေါ်တဲ့ အောင်းကောင်ရဲ့အခြင်းအရာကို အဘိဓာန်ဋီကာက အောင်းသည် ခွေးကြီးပမာဏရှိ၍ ခွေးနှင့်အလားတူသော မည်းနက်သော အရေးအကြောင်းပါသော ကိုယ်ရှိ၏၊ နွား၊ လူ စသည်တို့ကို နှိပ်စက်ခြင်းငှာ စွမ်းနိုင်သော တိုသောနှာခေါင်းရှိသော သတ္တဝါသည် အောင်းမည်၏၊ ထို အောင်းကို (သုနခဗျဂ္ဃ) ခွေးကျားဟူ၍လည်း ဆိုကြ၏–လို့ ဖွင့်ပြထားတယ်။

သည်အဖွင့်ကိုမှီပြီး သုတေသန သရုပ်ပြအဘိဓာန်(၆၉)မှာ တရစ္ဆမည်သော အောင်းကို (ဝံပုလွေ)လို့ ဘာသာပြန်ထားတယ်ကွယ်"

"နို့–ဝံပုလွေဆိုတာကော ဟုတ်ပါရဲ့လားဘုရား"

"ဝံပုလွေဆိုတာ ဝံအမည်တပ်ထားပေမယ့် ဝံအမျိုးအနွယ်မဟုတ်ဘူး၊

http://www.dhammadownload.com



တောခွေးအမျိုးအနွယ်သာဖြစ်တယ်၊ တောခွေးဟာ မြေမှာအောင်းနေတတ်လို့ မြေခွေးခေါ်တဲ့ (ခွေးအ)အမျိုး၊ တစ်သင်းမှာ(၁၀)ကောင်လောက် ရှိတတ်တဲ့ တောခွေးအမျိုး၊ တစ်သင်းမှာ သုံးလေးကောင်မျှနှင့် လူကိုပါမကျ ကျားကိုပါ ရန်လုပ်တတ်တဲ့ တောခွေးမျိုးရယ်လို့ မြန်မာနိုင်ငံမှာတော့ သုံးမျိုးရှိတယ်၊ တောခွေးကြီးမျိုးဟာ ရိုးရိုးတောခွေးထက် အကောင်ကြီးတယ်၊ အမြီးပါ အလျား (၅)ပေခွဲအထိရှိပြီး အရပ်(၂)ပေခွဲအထိ ကြီးမြင့်တယ်၊ အလေးချိန် ၁၅–ပိဿာခန့်အထိရှိတတ်တယ်၊ ညနေချမ်းအချိန်မှာ ပုလွေမှုတ်သလိုမြည် တတ်တယ်၊ ဝံသတ္တဝါလို ကြမ်းကြုတ်တယ်၊ ဒါကြောင့် တောခွေးအကြီးမျိုး ကို ဝံပုလွေလို့ ခေါ်ကြခြင်းဖြစ်တယ်”

“ဝံပုလွေဟာ ခြေတံရှည်တယ်၊ နှာတံရှည်တယ်၊ နှုတ်သီးချွန်တယ်၊ နားရွက်ထောင်ပြီး အမြီးဖွားက အောက်ဘက်ညွတ်လဲနေတယ်၊ အောင်းသတ္တဝါ က နှာခေါင်းတိုတယ်၊ နှာပွတယ်၊ အောင်းသားကို ရဟန်းများ မစားအပ်သော် လည်း ဝံပုလွေသားကိုတော့ စားအပ်တယ်၊ သည်အကြောင်းကို မဟာဝဂ္ဂ–ဋ္ဌ၊ ၃၇၆–မှာ–

သုနခမံသန္တိ‌တွေ အရညကောကာနာ သနခသဒိသာ ဟောန္တိ တေသံ မံသံ ဝဋ္ဋတိ–

လို့ဖွင့်ပြထားတယ်၊ အဓိပ္ပာယ်က သုနခမံသခေါ်တဲ့ ခွေးသားကို ရဟန်းများ မစားအပ်သော်လည်း အရညကောကမည်တဲ့ ဝံပုလွေဟာ ခွေးနှင့်တူတယ်၊ အဲသည် ဝံပုလွေသားကိုတော့ စားအပ်တယ်လို့ဆိုတယ်၊ ဒါကြောင့် အောင်း ဟာ ဝံပုလွေမဟုတ်ပါဘူး။။

အဘိဓာန်နိဿယတို့ကတော့ အောင်းခေါ်တဲ့(တရစ္ဆ)ကို ကျားသစ်လို့ ဘာသာပြန်ကြတယ်၊ ကျားသစ်ဆိုတဲ့အကောင်ကလည်း အမျိုးမျိုးရှိသကွယ့်၊ ဝကွက်ရှိတယ်၊ ပန်းကွက်ရှိတယ်၊ လင့်စင်ဆိုတာလည်းရှိတယ်၊ သည်ကျားသစ် အမျိုးမျိုးထဲက အောင်းခေါ်တဲ့ ကျားသစ်က တစ်ကိုယ်လုံးမည်းမှောင်ပြီး အရေပေါ်မှာ အမည်းစင်းရေးရေးထင်နေတဲ့ ကျားသစ်နက်ကို ဆိုလိုသတဲ့၊ သည်အကြောင်းကို အဘိဓာနပ္ပဒီပိကာနိဿယ(ဂါထာ ၆၁၀–အဖွင့်မှာ) တရစ္ဆ၊ မိဂါန ခေါ်သော အောင်းသတ္တဝါကား ဦးခေါင်းငိုက်ဆိုက်လုပ်ကာ သွားတတ်သော

http://www.dhammadownload.com


ဝက်ဝံအထူးသတ္တဝါမျိုးတည်း၊ ၎င်းကို သီဟိုဠ်ဘာသာ အားဖြင့် ကရဗာနာ့ဝလသဟုခေါ်၏၊ မြန်မာနိဿယများ၌ကား အောင်း သတ္တဝါဟု အနက်ပြန်ကြ၏၊ အမရကောသဋီကာများနှင့် ဟိန္ဒီ–ဘင်္ဂါလီ နိဿယများ၌ကား ခွေးကြီးခန့်ရှိသော၊ မည်းနက်သော အရေးအကြောင်း ရှိသော ကျားငယ်မျိုးဟု ပြန်ဆိုကြ၏၊ ဤနိဿယအဆိုအတိုင်း သုမင်္ဂလာ ပသာဒနီမည်သော ခုဒ္ဒသိက္ခာဋီကာသစ်၌လည်း အဆိုရှိသည်၊ အရပ်ရပ်အဆို စကားများကို ထောက်ထားဆင်ခြင်သော် ငါတို့မြန်မာနိုင်ငံ၌ သစ်ကြုတ် ခေါ်သော သားရဲ၏အမည်ပင်တည်းလို့ ဖွင့်ဆိုထားတယ်ကွယ့်၊ ဒါကြောင့် အောင်းဆိုတာ သစ်နက်၊ သစ်ကြုတ်လို့ ခေါ်ဝေါ်ကြောင်း မှတ်သားသင့် တာပေါ့ကွယ်"

"အောင်းကိုတော့ သိရပါပြီ၊ ဇာမနီကောင်ကိုလည်း အမိန့်ရှိပါဦး ဘုရား"

## ဇာမနီ

ဗြိတိသျှခေတ် စွပ်ကျယ်ကုမ္ပဏီတစ်ခုက ကြက်နှင့်သဏ္ဌာန်တူပြီး မြီးတံရှည် နှစ်ခုပါတဲ့ ငှက်ပုံစံကို (ဇာမနီတံဆိပ်လို့) အမည်တပ်ပြီး စွပ်ကျယ် အင်္ကျီများကို ရောင်းဖူးတယ်၊ စွပ်ကျယ်တံဆိပ် ဇာမနီကောင်ဆိုတာ မြန်မာ နိုင်ငံမှာတော့ မရှိပါဘူး၊ နယူးဂီနီကျွန်းမှာတော့ ရှိသတဲ့(ပါရာ- ဒိုက်စ်)လို့ခေါ်သတဲ့၊ ငှက်ကြီးမျိုးမဟုတ်ဘူး၊ ငှက်ငယ်မျိုးတဲ့ကွယ်၊ ကိုယ်ထည်အလျား ၆–လက်မမှ ၈–လက်မအထိသာရှိသတဲ့၊ လှပတဲ့ အမောက်များ၊ ချည်ကြိုးလို တွဲလောင်းကျ နေတဲ့ အမွေးအတောင်များ၊ ရှည်လျားတဲ့ အမြီးမွေးများဖြင့် အလွန်လှသတဲ့၊ အရောင်အသွေးအားဖြင့်လည်း အပြာ–အစိမ်း–အနီ–သက်တန့်ရောင်များနှင့် ပန်းချီဆေးခြယ်ထားသလိုပဲတဲ့၊ အတွေ့အထိအားဖြင့်လည်း အလွန်နူးညံ့သတဲ့၊ အဲ့သည် ပါရာဒိုက်စ်ငှက်မျိုးကို ဇာမနီငှက်လို့ခေါ်ကြသတဲ့၊ သည်ငှက်မျိုးက တော့ ယနေ့အထိ မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံများမှာရှိတယ်လို့ မကြားဖူးသေးပါ ဘူး၊ စာပေကျမ်းဂန်မှာလည်း မထင်ဘူး၊ စာပေကျမ်းဂန်မှာ ထင်တာကတော့ ဇာမနီနှင့် အသံချင်းတူတဲ့ စာမရီပဲကွယ့်"

"အဲသည် စာမရီအကြောင်းလည်း အမိန့်ရှိပါဦး ဘုရား"

http://www.dhammadownload.com



"ရှေးအခါကာလက စာမရီနှင့်ဇာမနီဟာ ရောယှက်နေတယ်၊ ဇာမနီငှက်ကိုပင် စာမရီလို့ အထင်ရောက်နေတတ်ကြတယ်၊ သုဝဏ္ဏသာမ မြားမှန်ခန်းပျို့မှာ–"သဘောကောင်းပင် သီလစင်သည် အကြင်ငှက်စာမရီတည်း" လို့ စာမရီကို ငှက်အမှတ်နှင့် ရေးခဲ့တယ်၊ အမှန်က စာမရီဟာ ငှက်မဟုတ်ပါဘူး၊ သားကောင်ကြီးဖြစ်တယ်ကွယ့်၊ အဘိဓာနပ္ပဒီပိကာနိဿယ(ဂါထာ ၆၁၉) မှတ်ချက်ခန်းမှာ စာမရီကို သည်လိုမှတ်ချက်ရေးထားတယ်၊ "ဤစာမရီမည်သော သားကောင်ကား နွားနှင့်သဏ္ဍာန်တူ၍ ရှည်သောအမွေးရှိ၏၊ တိဘက်နိုင်ငံ၌ ၎င်းကို ဝန်တင်ခြင်းစသည်ဖြင့် အသုံးပြုကြ၏၊ စာမရီသားမြီးယပ်ဟူသည် ၎င်း၏မြီးဆံဖြင့် ပြုလုပ်သော ယပ်မျိုးတည်း၊ သခ်ၤတကျမ်းများ၌ကား ကျွဲနှင့်သဏ္ဍာန်တူ၏ဟု အဆိုရှိသည်၊ သီဟိုဠ်ဘာသာ အမရကောသနိဿယ၌လည်း ကျွဲနှင့်သဏ္ဍာန်တူသော ဥတ္တရာပထတိုင်း၌ဖြစ်သော စာမရီမည်သော သားကောင်အထူးဟု ဆို၏။

မြန်မာ့စွယ်စုံကျမ်း အတွဲ–၃၊ နှာ–၄၀၈–မှာတော့ "စာမရီသည် နွားမျိုးစာရင်းဝင်ဖြစ်၍ ယင်းကို အောင်းဟူ၍လည်းခေါ်သည်၊ စာမရီနှင့် အောင်းကို အတူပြုပြီး ရေးသားထားတယ်၊ သို့သော်လည်း အဘိဓာန်နိဿယအရ အောင်းက ကျားသစ်မျိုး သားစားသတ္တဝါဖြစ်ပြီး စာမရီကနွားမျိုး သစ်ရွက်စားသတ္တဝါဖြစ်လို့ စာမရီနှင့်အောင်းကို မတူဘူးလို့ မှတ်သင့်တယ်ကွယ့်၊ စာမရီကောင်ရဲ့ အမြင့်ဟာ ပခုံးကတိုင်းလျှင် ၆–ပေကျော်ကျော်မြင့်ပြီး အလေးချိန် ပေါင်တစ်ထောင်ကျော် လေးတယ်၊ အရောင်ကတော့ အနက်ရောင်နှင့် အညိုရင့်ရောင်များ ဖြစ်ကြတယ်ကွယ့်"

"မှန်ပါ–သည်လောက်ဆို စာမရီအကြောင်း သိလောက်ပါပြီ၊ ဆက်ပြီး ဝသုန္ဓရီနတ်အကြောင်း အမိန့်ရှိပါဦး ဘုရား"

## ဝသုန္ဓရီနတ်

ဝသုန္ဓရီနတ်ဆိုတာ ယောကျ်ားလား၊ မိန်းမလားလို့ မေးထားတယ်၊ ဝသုန္ဓရီဆိုတဲ့နာမည်ဟာ သဒ္ဒါရေးအားဖြင့် (ဝသု–ဓရ–ဤ)ဖြစ်တယ်၊ ဝသုက–မြေ၊ ဓရက–ဆောင်တာ၊ ဤက ပစ္စည်းဖြစ်တယ်၊ ဤပစ္စည်းဟာ နဒါဒိတော

http://www.dhammadownload.com



ဝါ ဤ–ဆိုတဲ့သုတ်ဖြင့် သက်ခဲ့လျှင် ဣတ္ထိလိင်(ဤ)ပစ္စည်းဖြစ်တယ်၊ ဒဏ္ဍာဒိတော ဣက ဤ–ဆိုတဲ့ တဒ္ဓိက်ပစ္စည်းဖြစ်ခဲ့လျှင် ပုလ္လိင်(ဤ)ပစ္စည်းဖြစ်တယ်၊ ဣတ္ထိလိင်(ဤ)ပစ္စည်းလို့ယူဆခဲ့လျှင် ဝသုန္ဓရီနတ်ဟာ နတ်သမီးဖြစ်တယ်၊ အဲသည်အယူအဆနှင့် အချို့နတ်သမီးရုပ်ထုလုပ်ကြတယ်၊ ပုလ္လိင်ဤပစ္စည်းဖြစ်ခဲ့လျှင် (ဝသုန္ဓရီ)နတ်ဟာ နတ်သားဖြစ်တယ်၊ အဲသည်အယူအဆနှင့် အချို့ နတ်သားရုပ် ထုလုပ်ကြတယ်၊ အမှန်ကတော့ ဝသုန္ဓရီနတ် ဆံရေညှစ်တယ်ဆိုတာဟာ ကျမ်းလာစကား မဟုတ်ပါဘူး၊ ကျမ်းလာစကားကို မြှောင်ပြီး တီထွင်လာကြတဲ့ ဇာတ်စကားမျှသာ ဖြစ်တယ်ကွယ့်”

“ဘယ်လိုဇာတ်စကားလဲဘုရား၊ အမိန့်ရှိပါဦး”

“ဇာတ်စကားက သည်လိုကွယ့်”

“ဣန္ဒပတ္တနဂိုရ်ပြည့်ရှင် ဘုရင်မင်းမြတ်ရဲ့သားတော်က နာရဒမင်းသားတဲ့၊ မင်းသားဖွားစဉ်ကပင်လျှင် ပုဏ္ဏားတော်များက အရွယ်ရောက်လျှင် တောထွက်လိမ့်မယ်လို့ အဟောထွက်တာကြောင့် ဖွားဘက်တော် (ဝသုန္ဓရေ)အမတ်ကို သားတော် တောမထွက်ရန် စောင့်ရှောက်ရမယ်လို့ အမိန့်ချထားသတဲ့၊ ဒါပေမယ့် နာရဒမင်းသား အရွယ်ရောက်လာတော့ ဝသုန္ဓရေအမတ်ကိုခေါ်ပြီး တောထွက်ပါရော၊ တောတွင်းရောက်တော့ မင်းဝတ်တန်ဆာများကို ချွတ်ပြီး သင်္ကန်းဝတ်တယ်၊ မင်းဝတ်တန်ဆာများကိုတော့ ဝသုန္ဓရေအမတ်လက်မှာအပ်ပြီး ခမည်းတော် မယ်တော်များထံ အကြောင်းကြားဖို့ တိုင်းပြည်ကို ပြန်လွှတ်လိုက်သတဲ့၊ ဝသုန္ဓရေအမတ်ဟာ မင်းသားရဟန်းပြုကြောင်း ခမည်းတော်ထံ သံတော်ဦးတင်ဖို့ မင်းဝတ်တန်ဆာများနှင့် နန်းတော်သို့အလာမှာ ယခင်က ရန်ငြိုးရှိခဲ့ဖူးတဲ့အမတ်က ဝသုန္ဓရေအမတ်ကိုဖမ်းပြီး ခမည်းတော်ထံ သားတော်ကိုသတ်၍ မင်းဝတ်တန်ဆာများကို ယူကြောင်း လျှောက်ထားတဲ့အတွက် ခမည်းတော်မင်းကြီး အထင်မှားကာ ဝသုန္ဓရေအမတ်ကို သတ်စေသတဲ့၊ ဝသုန္ဓရေအမတ် သေချိန်နီးမှာ သူဟာ မင်းသားကို သတ်သူမဟုတ်၊ စောင့်ရှောက်သူသာ ဖြစ်ကြောင်း၊ အလောင်းမင်းသားကို စောင့်ရှောက်ရတဲ့ ကောင်းမှုကြောင့် နောင်အခါ နာရဒမင်းသား ဘုရားဖြစ်ခဲ့လျှင် ဝသုန္ဓရေ မြေစောင့်နတ်ဖြစ်၍ မာရ်နတ်ကို တွန်းလှန်နိုင်ရပါစေသော်လို့ ဆုတောင်းခဲ့တဲ့အတွက် ယခု

http://www.dhammadownload.com



ဂေါတမဘုရားဖြစ်ချိန်မှာ မာရ်နတ်ရန်ကို ဆံရေညှစ်ချပြီး အောင်ပွဲရတဲ့ ဝသုန္ဓရီနတ်ဖြစ်တယ်လို့ ဇာတ်စကားကဆိုတယ်ကွယ့်၊ သည်ဇာတ်စကားကို စွဲမှီပြီး ဝသုန္ဓရီနတ်ရုပ် ထုလုပ်ကြခြင်းဖြစ်တယ်။

"နို့-ဝသုန္ဓရီနတ်ဆိုတာကော တကယ်မရှိဘူးလားဘုရား"

"မြေစောင့်နတ်ဆိုတာတော့ ရှိချင်ရှိမှာပေါ့၊ သို့သော်လည်း ဆံရေညှစ်တဲ့ ဝသုန္ဓရီနတ်ဆိုတာတော့ မရှိပါဘူး"

"ဝသုန္ဓရေ ဆံရေမညှစ်ပါဘဲနှင့် မာရ်နတ်နှင့် အသင်းအပင်းက ဘယ်လို ရေထဲမျောပါသွားကြတာလဲ ဘုရား"

"မာရ်နတ်နှင့် အသင်းအပင်း ရေထဲမျောပါသွားတယ်လို့လဲ ကျမ်းက မဆိုပါဘူး"

"နို့-ဘယ်လိုဆိုပါသလဲဘုရား"

"ကျမ်းဆိုပုံကို ဇိနာလင်္ကာရဋီကာကနုတ်ပြီး အကျဉ်းချုပ်ပြောပြမယ်၊ ဘုရားအလောင်းတော်ဟာ မဟာဗောဓိပင်ကို အမှီပြုပြီး အရှေ့အရပ်ကို မျက်နှာပြုကာ အပရာဇိတ ပလ္လင်တော်ထက်မှာ ထက်ဝက်ဖွဲ့ခွေ ထိုင်နေတော်မူတယ်၊ သည်အချိန်မှာ သိကြားရော၊ ဗြဟ္မာရော၊ နတ်ရော၊ နဂါးရော ဘုရားလောင်းကို ဝန်းရံ ပူဇော်နေကြတယ်၊ သည်အကြောင်း မာရ်နတ်ကသိတော့ စစ်သည်ဗိုလ်ပါ အမြောက်အမြားနှင့် ပလ္လင်တော်ကိုလာလုတယ်၊ မာရ်နတ်လာမှန်း သိတော့ စောစောက ပူဇော်နေကြတဲ့ နတ်တွေ၊ ဗြဟ္မာတွေ၊ သိကြားတွေ၊ နဂါးတွေလည်း ထွက်ခွာသွားကြတယ်၊ ဘုရားလောင်းတစ်ပါးတည်းသာ ကျန်ရစ်တယ်၊ မာရ်နတ်စစ်တပ်ကြီးဟာ တစ်ပါးတည်းစံနေတဲ့ ဘုရားလောင်းထံ ဝင်ရောက်ဖို့ ကြိုးစားကြတယ်၊ ဒါပေမယ့် အနားမကပ်နိုင်ကြဘူး၊ ဒီတော့ မာရ်နတ်က လက်နက်ကြီး ကိုးမျိုးနှင့်ပစ်တယ်၊ အရာမရောက်ဘူး၊ စက်လက်နက်နှင့်ပစ် ပြန်တယ်၊ မထိဘူး၊ ဘုရားရှင်ကတော့ သူတို့ကို မေတ္တာလက်နက်နှင့်ပင် ဟန့်တားနေတယ်၊ မာန်နတ်ဟာ ဘယ်လိုမှုမတတ်နိုင်တော့ အလောင်းတော်ထံပါး ချဉ်းကပ်ပြီး "အို-သိဒ္ဓတ်မင်းသား၊ သင်ဟာ ငါပိုင်တဲ့ပလ္လင်ထက်မှာ ဘာကြောင့် ထိုင်နေသလဲ၊ အခုထသွားပါ"လို့ ပြောတယ်၊ အလောင်းတော်က "သည်ပလ္လင် သင်ပိုင်ကြောင်း သက်သေရှိသလား"

http://www.dhammadownload.com



မေးတော့ "ရှိတယ်၊ ရှိတယ်၊ ဟောသည့် စစ်သည်အားလုံးဟာ ငါ့သက်သေတွေ ဖြစ်ကြတယ်"လို့ ပြောတယ်၊ မာရ်နတ်ရဲ့ပရိသတ်များကလည်း "ဟုတ်တယ်၊ ဟုတ်တယ်၊ ငါတို့ဟာ သက်သေဖြစ်တယ်"လို့ ပြန်အော်ကြတယ်။

သည်အခါ အလောင်းတော်က "ဟယ်–မာရ်နတ်၊ ငါဟာ သည်ပလ္လင်တော်ကို လိုလားတဲ့အတွက် ဘဝပေါင်းများစွာ ဒါနကို ပြုခဲ့ဖူးပြီ၊ သီလကို စောင့်ထိန်းခဲ့ဖူးပြီ၊ ငါမကျင့်ဖူးတဲ့ အကျင့်မြတ်ရယ်လို့ မရှိခဲ့ဘူး၊ ဟယ်–မာရ်နတ်၊ အခြားသောဘဝများစွာက လှူခဲ့သည်ကိုထားဦး၊ ဝေဿန္တရာ တစ်ဘဝမှာပင် မဒ္ဒီမိဖုရားကြီးကို လှူသည်မှစပြီး အလှူကြီး (၇)ကြိမ် လှူခဲ့ဖူးတယ်၊ ယခု ငါ၏သက်သေဖြစ်သော ဤမြေကြီးဟာဘာကြောင့် မတုန်လှုပ်သလဲ၊ ဟယ်– မာရ်နတ်၊ သင်ဟာ သင့်ပရိသတ်ကို မတရားသက်သေခံစေတယ်၊ သည်မြေကြီးဟာ ဘက်မလိုက်သော မြေကြီးဖြစ်တယ်၊ ငါ့ရဲ့သက်သေကား ဤမြေကြီးပင်ဖြစ်တယ်လို့ လက်ယာလက်တော်ကို သင်္ကန်းတွင်းကထုတ်ပြီး မဟာပထဝီ မြေကြီးကို ညွှန်ပြတော်မူလိုက်တယ်၊ အဲသည်ခဏမှာပင် မဟာပထဝီ မြေကြီးဟာ အိုးထိန်းစက်လိုလည်ပြီး သည်းထန်စွာ မြည်ဟည်းလာတယ်၊ ကောင်းကင်တစ်ခွင် လုံးလည်း မိုးတိမ်မရှိဘဲ ထစ်ချုန်းပြီး မိုးကြိုးများ ပစ်ခတ်လာကြတယ်၊ မြေပြင်ကရော ကောင်းကင်ကပါ အုန်းအုန်းကြွက်ကြွက် ညံလာတော့ မာရ်နတ်သားဟာ ကြောက်ရွံ့ပြီး ထွက်ပြေးသွားတယ်၊ မာရ်နတ် ထွက်ပြေးသွားတော့ မာရ်နတ် ရဲ့ပရိသတ်များလည်း ဖရိုဖရဲ ပြိုကွဲ ထွက်ပြေးသွားကြတယ်။

မာရ်နတ်ထွက်ပြေးသွားပြီးတဲ့နောက် အလောင်းတော်ဟာ မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ကဆုန်လပြည့်နေ့ နေမဝင်မီ ဒေဝပုတ္တမာရ်လို့ ခေါ်ရတဲ့ မာရ်နတ်သားကို အောင်မြင်တော်မူသတဲ့ကွယ်၊ ဒါကြောင့်မို့ ခိုင်ခဲ့တဲ့ စာပေတွေထဲမှာတော့ (ဝသုန္ဒရီနတ်)ဆိုတာ မရှိပါဘူး၊ ဝသုန္ဒရီနတ်မရှိတဲ့အတွက် သည်နတ်ကို နတ်သားဖြစ်တယ်၊ နတ်သမီးဖြစ်တယ်လို့လဲ မပြောနိုင်ဘူးလို့ အဖြေပေးလိုက်ပါတယ်ကွယ်"

"မှန်ပါ–ဝသုန္ဒရီအကြောင်းတော့ ရှင်းပါပြီ၊ တိုးကောင်ဆိုတာကို ရှင်းပါဦး ဘုရား"

http://www.dhammadownload.com



## တိုးကောင်

တိုးကောင်အမည်နှင့် ရှေးအခါက အလေးရုပ်များ၊ ဒင်္ဂါးရုပ်များနှင့် လေ့ဖောင်အရုပ်များ ပြုလုပ်ခဲ့ကြတယ်၊ အရုပ်ပုံသဏ္ဌာန်က ခြင်္သေ့ရုပ်နှင့် တူတယ်၊ သို့သော်လည်း ဦးချိုပါတယ်၊ ခွာလေးဘက်ပါတယ်၊ အဲသည်တိုးရုပ်ကို ပင် ကိုယ်ရှည်လျားလျားနှင့် တိုးနယားဆိုပြီး ထုလုပ်တတ်ကြသေးတယ်၊ အရုပ်ပွဲများမှာလည်း တိုးရိုင်း–တိုးယဉ်ရယ်လို့ ဝါးကိုချိုးပြီး လူဝင် ကပြကြ တယ်၊ သို့သော်လည်း တိုးကောင်ရယ်လို့ မရှိပါဘူး၊ တကယ်ရှိတာက (သိုးကောင်) ဖြစ်တယ်ကွယ့်၊ သိုးကောင်ဟာ သိုးရိုင်း–သိုးယဉ်ရယ်လို့ ရှိရာမှာ တောတောင် အတွင်း ဘာသာဘာဝ ပေါက်ဖွားတဲ့သိုးက သိုးရိုင်းဖြစ်တယ်၊ လူများမွေးမြူပြီး အမွေးကို ကတ္တီပါအခင်းအခြုံလုပ်ကြတဲ့ သိုးကတော့ သိုးယဉ်ဖြစ်တယ်၊ အချို့မြန်မာစကားမှာ သ နှင့် တ မကွဲဘူးကွယ့်၊ ဥပမာ မျှဉ်းသားတယ်၊ မျှဉ်းတားတယ်၊ ဟုတ်သယ်၊ ဟုတ်တယ် ဆိုတာမျိုးပေါ့၊ ဒါ့ကြောင့် “သ” ဟာ “တ”အဖြစ်ပြောင်းလဲပြီး သိုးကောင်က တိုးကောင်ဖြစ် လာတယ်၊ ပြီးတော့ မြန်မာပန်းချီ ပန်းပုမှာ သဘာဝအတိုင်း ရေးသားထုလုပ်ခြင်း၊ ကနုတ်ခြယ်၍ ရေးသားထုလုပ်ခြင်းရယ်လို့ (၂)မျိုးရှိတယ်။

သဘာဝ ရေးသားထုလုပ်တယ်ဆိုတာကတော့ နဂိုပုံစံအတိုင်း ရေးသား ထုလုပ်ခြင်းဖြစ်တယ်၊ ကနုတ်ခြယ်တယ်ဆိုတာက နဂိုပုံကို ကြည့်လို့ကောင်းအောင် အကွေးအညွှတ် ထည့်သွင်း ရေးခြယ်ထုလုပ်ခြင်းဖြစ်တယ်၊ ခြင်္သေ့တို့၊ သိုးတို့ ဆိုတာ ပကတိပုံကတော့ အများမြင်ဖူးကြတဲ့အတိုင်းပေါ့၊ ပကတိပုံကို ကနုတ် ခြယ်လိုက်တော့ ဦးခေါင်းကအမွေးဟာ အမောက်လိုဖြစ်လာတယ်၊ လည်ဆံ များက ဗာလည်ကွေးလိုဖြစ်လာတယ်၊ ခြေမွေး၊ လက်မွေးများက ယိုးဒယား ပန်းအကော့ ဖြစ်လာတယ်၊ ဒါတွေကို စုပေါင်းလိုက်တော့ ပကတိအသွင်ပျောက်ပြီး ကနုပ်အရောင် တောက်လာတာပေါ့၊ ကနုတ်အရောင် တောက်လာတော့ ပကတိ ခြင်္သေ့ရုပ်၊ သိုးရုပ်၊ ဘီလူးရုပ်၊ ဟင်္သာရုပ်၊ ဂဠုန်ရုပ်၊ နဂါးရုပ်များဟာ ကြောက်စရာမဟုတ်တော့တဲ့ လှပတဲ့ အရုပ်ကလေးများ ဖြစ်လာကြတယ်၊ လှပတဲ့ အရုပ်ကလေးများက ကနုတ်ကိုပယ်လိုက်မှ ပကတိရုပ်ပေါ်လာတာကိုး ကွယ့်၊ ဒါ့ကြောင့် တိုးရုပ်ဟာ သိုးရုပ်ပါပဲ၊ ကနုတ်ခြယ်ထားလို့ပါ၊ ကနုတ်ကိုဖယ်ပြီး ကြည့်လျှင် သိုးရုပ်ပေါ်လာပါတယ်။

http://www.dhammadownload.com



"ကနုတ်ဆိုတာ ဘာစကားလဲဘုရား"

"ကနုတ်ဆိုတာ ကောကနဒ၊ ကောကနာဒ၊ ကောကနုဒ ဆိုတဲ့ပါဠိစကားကို ကနုတ်လို့ နာမသတ် ပြန်ဆိုထားတဲ့ မြန်မာစကားပါပဲ"

"ကောကနဒဆိုတာ ဘာကိုခေါ်တာလဲဘုရား"

"ကောကနဒဆိုတာ ကြာနီကိုဟောတယ်၊ ကြာနီက သားတစ်နှင့်တူလေတော့ ခွေးများက သားတစ်ထင်မှတ်ပြီး စားချင်လို့ ကမ်းစပ်က အူကြသတဲ့ကွယ်၊ ဒါကြောင့် (ကောကေ နာဒယတီတိ ကောကနာဒံ၊ ကောကေ–ခွေးတို့ကို၊ နာဒယတိ–အူစေတတ်၏၊ ဣတိတသ္မာ–ထို့ကြောင့်၊ ကောကနာဒံ–ကောကနာဒမည်၏)လို့ ဝိဂြိုဟ်ဆိုကြတယ်၊ ကြာနီဆိုသော်လည်း ကောကနဒကြာနီက ကြက်ကြာနီမျိုးမဟုတ်ဘူး၊ ပဒုမ္မာကြာနီမျိုးတဲ့၊ ကြက်ကြာနီက အပွင့်သေးတယ်၊ ပဒုမ္မာကြာနီက အပွင့်ကြီးတယ်၊ ကနုတ်ကို ကြာနီဆိုသော်လည်း သဘာဝကြာနီမဟုတ်ဘူး၊ အကွေးအကောနှင့် လှပအောင် ခြယ်မှုန်းထားတဲ့ ကြာပင်၊ ကြာရွက်၊ ကြာရိုး၊ ကြာပွင့်သဏ္ဌာန်ကို ကနုတ်လို့ခေါ်တယ်ကွယ့်၊ ရှေးရိုး မြန်မာ့ပန်းချီ အတတ်ဟာ မျက်စိဖြင့်မြင်လျှင် တင့်တယ်အောင် ကနုတ်များဖြင့် ခြယ်လှယ်ထားတတ်ကြတယ်၊ ဒါကြောင့် သိုးကောင်ဟာ ကနုတ်အခြယ်ခံရတဲ့ (တိုးကောင်)ဖြစ်သွားတယ်လို့ မှတ်စေချင်တယ်"

"တိုးကောင်အကြောင်းတော့ သိရပါပြီ၊ ညံကောင်ဆိုတာလဲ အဓိပ္ပာယ်ရှိပါဦး"

## ညံကောင်

ညံကောင်နှင့်ပတ်သက်ပြီး စာထဲပေထဲမှာ ရှာဖွေကြည့်လိုက်တော့ အပဒါနပါဠိတော် ပထမတွဲ စာမျက်နှာ (၁၈)မှာ–

**ကုမ္ဘီလာ သုသုမာရာ စ၊ တန္တိဂါဟာ စ ရက္ခသာ။**

**ဩဂုဟာ အဇဂရာ စ၊ ဝသန္တိ တဋ္ဌာကေ တဒါ–**

ဆိုတဲ့ဂါထာကို တွေ့ရတယ်၊ ဂါထာရဲ့အဓိပ္ပာယ်က–ထိုအခါ တစ်ဘက်ဆည်ကန်၌ မိကျောင်း၊ ကြမ်းတမ်းသောငါး၊ ညံသတ္တဝါတို့သည်လည်းကောင်း၊ ရေစောင့်နတ်ဘီလူးတို့သည် လည်းကောင်း၊ ဩဂုဟမည်သော မြွေ၊ စပါးကြီးမြွေတို့သည်လည်းကောင်း နေကုန်၏လို့ ဆိုလိုတယ်။

http://www.dhammadownload.com



သည်စကားရပ်မှာ ညံသတ္တဝါကိုဟောတဲ့ ပါဠိဟာ (တန္တိဂါဟ)ဖြစ်တယ်၊ တန္တိ ဆိုတဲ့ပုဒ်ဟာ အစဉ်ဟူသောအနက်၊ ကြိုးဟူသောအနက်၊ အကြောဟူသော အနက်၊ ကြောင့်ကြဗျာပါဒဟူသောအနက်၊ ပါဠိတော်ဟူသောအနက် အမျိုး မျိုးကိုဟောရာမှာ သည်နေရာ(တန္တိပုဒ်ကတော့) "ကြိုး"ဟူသော အနက်ကို ဟောတယ်၊ ဂါဟပုဒ်ကတော့ ဖမ်းယူခြင်းအနက်ကို ဟောတယ်၊ တန္တိဂါဟ ဆိုတဲ့ နှစ်ပုဒ်တွဲရဲ့အနက်ကတော့ ကြိုးနှင့်တူသောကိုယ်ကာယဖြင့် ဖမ်းယူ တတ်တဲ့ သတ္တဝါလို့ဆိုလိုတယ်။

သည်ပုဒ်ရဲ့အနက်အဓိပ္ပာယ်ကို ကြည့်သောအားဖြင့် သည်သတ္တဝါဟာ ကြိုးနှင့်တူသော သတ္တဝါဖြစ်လို့ မြွေတစ်မျိုးလို့မှတ်ရမယ်၊ သည်မြွေမျိုးဟာ သမုဒ္ဒရာနှင့် မြစ်ကြီးများ ဆုံရာဌာနမှာ နေတတ်သတဲ့၊ အလံတစ်ရာ–နှစ်ရာ ရှည်လျားပြီး ဆင်ကိုသော်ပင် ဖမ်းယူနိုင်သတဲ့၊ ဖမ်းမိလျှင်လည်း မလွှတ်တော့ဘဲ ခိုင်ခိုင်မြဲမြဲ ဖမ်းယူတတ်လို့ ဥပါဒါန်တရားနှင့်တူပုံကို မဃဒေဝလင်္ကာသစ် ၁၁၈ မှာ–

"ဥပါဒါန်ဟု၊ ပြင်းထန်စွဲလမ်း၊ တွေ့ရာဖမ်းသား၊ ညစ်ညမ်းယုတ်မာ၊ ဤလေးဖြာတည့်၊ ကာမာဒိနဝ၊ မမြင်ကြ၍၊ လောဘအဟုန်၊ ကာမဂုဏ်၌၊ တုန်တုန်ယင်ယင်၊ စုံမက်ကြင်လျက်၊ ဆင်ကိုသော်မျှ၊ အရမလွှတ်၊ ရစ်ပတ် မြဲမြံ၊ ပင်လယ်ယံဝယ်၊ အလံတစ်ရာ၊ နှစ်ရာမက၊ ရှည်ကာယနှင့်၊ ရော့ကြောက် ဖွယ်၊ ညံကောင်နှယ်သို့၊ တွယ်မိမရွေ့၊ တွေ့မိမခွာ၊ ကမ္ဘာကလည်း၊ ကြာကြာ သမျှ၊ မလွှတ်ရအောင်၊ ငါ့လင်ငါ့မယား၊ ငါ့သားငါ့သမီး၊ ငါ့ထီးငါ့စည်၊ ငါ့တိုင်းပြည်ဟု၊ မြည်မြည်တမ်းတမ်း၊ တလှမ်းလှမ်းတည့်၊ စွဲလမ်းမပြတ်၊ ရစ်ပတ်လိုလား၊ အတ္တအားဖြင့်၊ ငါးပါးသဂြိုဟ်၊ ခန္ဓာကိုယ်လည်း၊ အလိုလိုက်တတ်၊ အမြဲ မှတ်၍၊ မပြတ်သက်ရှင်၊ ငါကောင်ထင်၏" လို့ဖွဲ့ဆိုထားတယ်၊ သည်အဆိုများအရ ညံသတ္တဝါဟာ မြွေလို၊ တီကောင်လို အကောင်မျိုး၊ သမုဒ္ဒရာမှာသော်လည်းကောင်း၊ သမုဒ္ဒရာနှင့်စပ်တဲ့ ပင်လယ်အော်များမှာ သော်လည်းကောင်း နေတတ်ပြီး အရှည်အလျား အလံနှစ်ရာ သုံးရာရှိတဲ့ အကောင်မျိုးလို့ မှတ်ယူရမယ်ကွယ့်"

"ညံကောင်ပြီးတော့ သူယောင်တဲ့ ဘုရား၊ ဆက်ပြီးအဖြေပေးပါဦး"

http://www.dhammadownload.com



## သူယောင်

“သူယောင်ဟာ အပွင့်လား၊ အသီးလား၊ အနွယ်လား၊ ပင်စောက်လား ဆိုတာကို မန်လည်ဆရာတော်က မေးတဲ့အတွက် အလယ်တောရ ဆရာတော် ဖြေဆိုတော်မူတဲ့ သဘာဒိကပုစ္ဆာ ၄၈–က ထုတ်နုတ်ပြီး ဖြေလိုက်ရတော့မှာပဲ”

“မှန်ပါ၊ ဖြေဆိုတော်မူပါ”

“မန်လည်ဆရာတော်က သူယောင်ဟာ လူလိုလှတယ်လို့ ပြောကြပါတယ်တဲ့၊ သည်သူယောင်ဟာ အနွယ်လား၊ ပင်စောက်လား၊ အပွင့်လား၊ အသီးလားလို့ ဒွေးချိုးကဗျာလေးနှင့် သည်လိုမေးသကွယ့်”

**ရွှေသူယောင်၊**
**မတူအောင်လူလိုလှတယ်လို့ ဆိုကြစကား၊**
**မြတ်ဘုန်းကြွယ်၊ ပင်စောက်အနွယ်နှင့်၊**
**သူယောင်မယ်ရှုမငြီးငယ်တို့၊ သီးပွင့်လေလား။**

မန်လည်ဆရာတော်က ဒွေးချိုးကလေးနှင့် မေးတော့ အလယ်တောရ ဆရာတော်ကလည်း ဒွေးချိုး ကလေးနှင့် ပြန်ဖြေတယ်။

**ရွှေသူယောင်၊**
**မတူအောင် လူလိုလှတယ်လို့၊ ဆိုကြ စကား၊**
**သူယောင်မယ်၊ အလှသူကြွယ်လို့၊**
**ကမလာနွယ် ခေါင်အညွန့်မှာ၊**
**မြူးကွန့်ဟန် အလွန်တင့်တယ်၊ ပန်းပွင့်မှတ်သား။**

အလယ်တောရဆရာတော်က စတ္တာလီသနိပါတ် အလမ္ဗုသာဇာတ်ကို ကိုးပြီး သူယောင်ဟာ ကမလာ နွယ်မျိုးဖြစ်ပြီး အသီးမဟုတ် အပွင့်လို့ ဖြေဆိုထားတယ်၊ ဆရာတော်ကိုးကားတဲ့ အလမ္ဗုသာဇာတ်ကိုကြည့်လိုက်တော့ ဘုရားလောင်းရသေ့ထံမှာ သမင်မက မွေးတဲ့ ဣသိသိင်္ဂဆိုတဲ့ ရသေ့ငယ်ရှိတယ်၊ သည်ရသေ့ငယ်ဟာ တောတွင်းမှာ ကြီးပြင်းရသူဖြစ်လို့ ဖခင်ရသေ့ကြီးမှတစ်ပါး လူသားကို မမြင်ဖူးဘူး၊ အလောင်းတော် ရသေ့ကြီး အိုမင်းလာတော့ “ငါ့သားဟာ လူကိုမမြင်ဖူးဘူး၊ အကယ်၍ လူမိန်းမနှင့်တွေ့လျှင် ပျက်စီးသွားနိုင်တယ်၊

http://www.dhammadownload.com



ဒါကြောင့် လူမိန်းမနဲ့တူတဲ့ သူယောင်မယ်များကိုပြပြီး ဆုံးမမှ တော်မယ်”လို့ ဣသိသိင်္ဂကို သူယောင်တော ခေါ်သွားတယ်၊ သူယောင်တော ရောက်တော့ မိန်းမသဏ္ဍာန် ပွင့်နေကြတဲ့ သူယောင် ပွင့်များကိုညွှန်ပြပြီး “ချစ်သား– ဤပန်းပွင့်များနှင့်တူတဲ့ လူမိန်းမများ ရှိကြတယ်၊ ထိုမိန်းမတို့ရဲ့ အလိုကိုလိုက်လျှင် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်တယ်”လို့ ဆုံးမခဲ့သတဲ့၊ အဲသည်လို ဆုံးမစကားယူပြီး သူယောင်ဟာ ပင်စောက်မဟုတ်သော နွယ်ပင်ကပွင့်တဲ့ အပွင့်လို့ ဖြေဆိုတော်မူခဲ့တယ်။

## ပင်စောက်နှင့်အသီး

သူယောင်ဟာ ပင်စောက်မဟုတ်သော နွယ်ပင်၊ အသီးမဟုတ်သော အပွင့်လို့ အလမ္ဗုသာဇာတ်ကဆိုသော်လည်း လောကပညတ္တိကျမ်းကတော့ “နရဝနေ နရဖလာနိ”စသောအားဖြင့် သူယောင်ဟာ အနွယ်မဟုတ်သော ပင်စောက်၊ အပွင့်မဟုတ်သော အသီးလို့ ပြဆိုထားတယ်၊ လောကပညတ္တိကျမ်းရဲ့ ပြဆိုပုံကို အကျဉ်းမျှ ပြောပြဦးမယ်။

ဤဇမ္ဗူဒိပ်ကျွန်းရဲ့ မြောက်အစွန်းမှာ ဇမ္ဗုသပြေပင်ကြီး ရှိသတဲ့၊ အစောက်ယူဇနာတစ်ရာမြင့်ပြီး ပင်စည်လုံးပတ် တစ်ဆယ့်ငါးယူဇနာရှိသတဲ့၊ အဲသည် ဇမ္ဗုသပြေပင်ကြီးကို ရံပြီး (၁) သျှိသျှားတော၊ (၂) သဖန်းခါးတော၊ (၃) သရက်တော၊ (၄) အင်ကြင်းတော၊ (၅) ထန်းတော၊ (၆) သူယောင်တော၊ (၇) ငှက်ပျောတော၊ (၈) အုန်းတော၊ (၉) သီးပင်တောများ တည်ရှိကြသတဲ့၊ တောကြီးတစ်တောတစ်တောလျှင် ယူဇနာ(၅၀)အနံကျယ်သတဲ့၊ အဲသည်တော များအနက် သူယောင်တောကို နရဝနလို့ဖော်ပြထားတယ်၊ နရဝနသစ်ပင်က လူနှင့် တူတဲ့ အသီးများကို သီးသတဲ့၊ လူရုပ်သီးများဟာ ၁၅–နှစ် ၁၆–နှစ် အရွယ် မိန်းမငယ် ယောကျ်ားငယ်များလို တင့်တယ်ကြတယ်၊ ဦးစွန်းက အညှာဖြစ်ပြီး တွဲရရွဲဆွဲနေကြတယ်၊ လေတိုက်တဲ့အခါ ကတော့မလို ခုန်တော့မလို ဖက်တော့မလို လှုပ်ရှားနေကြလို ရာဂမကင်းသေးတဲ့ ဈာန်ရပုဂ္ဂိုလ်များ၊ ဝိဇ္ဇာ၊ ဇော်ဂျီများ မြင်ရလျှင် ရာဂစိတ်များ ယိုဖိတ်လာခဲ့တတ်ကြတယ်၊ ရာဂကင်းပြီးသော ရဟန္တာသော်ပင် ရယ်ရွှင်မိတတ်ကြသေးတယ်တဲ့၊ သူယောင်သီးများမှည့်တဲ့

http://www.dhammadownload.com



အခါ ငှက်များက စားကြသတဲ့၊ ငှက်စားပြီး စွန့်ပစ်တဲ့ သူယောင်သီး သူယောင်စေ့များရဲ့ အနံ့ဟာ လူသေပုပ်နံ့လို အလွန် စက်ဆုပ်ဖွယ်ကောင်းသတဲ့၊ ယခုပြောခဲ့တာက လောကပညတ္တိကျမ်းရဲ့အဆိုဖြစ်တယ်ကွယ့်၊ အဆိုနှစ်ခု အနက် လောကပညတ္တိကျမ်းက လောကီဖြစ်လို့ မခိုင်မာဘူး၊ အလမ္ဗုသာ ဇာတ်က ဘုရားဟောဖြစ်လို့ ခိုင်မာတယ်၊ ဒါကြောင့် သူယောင်ဟာ ပင်စောက် မဟုတ်ဘူး၊ နွယ်ပင်ဖြစ်ပြီး အသီးမဟုတ်သော အပွင့်လို့ ခိုင်ခိုင်မာမာ မှတ် ယူသင့်တာပေါ့ကွယ်"

"ဝမ်းသာလှပါပြီ၊ နရားအကြောင်း ဆက်ပါဦးဘုရား"

## နရား

နရားကောင်ရယ်လို့ ကျမ်းဂန်များမှာ မတွေ့ဘူး၊ ပန်းချီဆရာ၊ ပန်းပုဆရာများက နဂါးရုပ်ကို လှပအောင် ခြေထောက်တပ်ပေးလိုက်တာနှင့် နရားလို့ ဖြစ်လာဟန်တူပါတယ်၊ သည်နေရာမှာ နဂါးအကြောင်း နည်းနည်း ပြောကြဦးစို့ကွယ့်၊ ခန္ဓ ဝဂ္ဂသံယုတ် ပါဠိ၊ ၂၀၂၊ ၌၊ ၃၁၉-မှာ ဖြစ်ပုံကိုစွဲပြီး နဂါး လေးမျိုးပြထားတယ်။

(၁) အဏ္ဍဇနာဂ = အဥမှပေါက်သောနဂါး
(၂) ဇလာဗုဇနာဂ = ကလလရေကြည်မှဖြစ်သောနဂါး
(၃) သံသေဒဇနာဂ = အညှီအဟောက်ကိုစွဲမှီ၍ဖြစ်သောနဂါး
(၄) ဩပပါတိကနာဂ = ဥပပါတ်နဂါး

ပေါင်း လေးမျိုးပြထားတယ်၊ အပါဒါနအဋ္ဌကထာ၊ ပ၊၂၆၇-မှာတော့ တည်ရာကို စွဲပြီး နဂါး ငါးမျိုးပြထားတယ်-

(၁) မဇ္ဈေရိကနာဂ = မဇ္ဈေရိကနဂါးပြည်မှာနေတဲ့နဂါး
(၂) ဘူမိဂတနာဂ = မြေကြီးထဲမှာနေတဲ့နဂါး
(၃) ပဗ္ဗတဋ္ဌနာဂ = တောင်ထဲမှာနေတဲ့နဂါး
(၄) ဂင်္ဂါဝဟေယျနာဂ = မြစ်ထဲမှာနေတဲ့နဂါး
(၅) သာမုဒ္ဒိတနာဂ = သမုဒ္ဒရာထဲမှာနေတဲ့နဂါး

ပေါင်း နဂါး ငါးမျိုးဖြစ်တယ်၊ သုတ္တ ၌၊ ပ၊ ၁၂-မှာတော့-

http://www.dhammadownload.com



(၁) ကာမရူပီ = အလိုရှိရာ ဖန်ဆင်းနိုင်သောနဂါး

(၂) အကာမရူပီ = အလိုရှိရာ မဖန်ဆင်းနိုင်သောနဂါး

ရယ်လို့ နဂါးနှစ်မျိုးပြထားတယ်၊ အဲသည် နှစ်မျိုးအနက် အလိုရှိရာ ဖန်ဆင်းနိုင်တဲ့ ကာမရူပီနဂါးဟာလည်း ရေမှာဖြစ်တဲ့ ဇလဇနနဂါး၊ ကုန်းမှာဖြစ်တဲ့ ထလဇနနဂါးရယ်လို့ နှစ်မျိုးပြားပြန်သတဲ့၊ သည်အားလုံးဟာ ခြေမပါဘဲ ဝမ်းဗိုက်ဖြင့် သွားတတ်လို့ ဥရဂအမည်ရတဲ့ မြွေမျိုးတွေချည်း ဖြစ်တယ်။

သည်နေရာမှာ စဉ်းစားစရာတစ်ခုက ဘုရားရှင် ဗောဓိပင်နှင့် ရွှေပလ္လင် အောင်မြင်တော်မူခါနီးမှာ ကာဠနဂါးမင်းဟာ နဂါးကချေသည်ပေါင်း ရှစ်သောင်း အခြံအရံနှင့် ထုတိမင်္ဂလာဂါထာများ ရွတ်ပွား သီဆိုရင်း ဘုရားလောင်းကို ရှိခိုးပူဇော်နေဆဲ စစ်သည်ဗိုလ်ပါအခြံအရံနှင့် မာရ်နတ်ရောက်လာတော့ ကြောက်ကြောက်ရွံ့ရွံ့နှင့် နဂါးကချေသည်များကို စွန့်ပစ်ပြီး မြေထဲငုပ်လျှိုး ပြေးဝင်ကာ သူ့ရဲ့နေရပ် ယူဇနာ ၅၀၀–ရှိတဲ့ မဉ္ဇေရိကနဂါးပြည် အရောက် ပြေးသွားတယ်၊ နဂါးပြည်ရောက်တော့နဂါးဘုံဗိမာန်အတွင်းမှာ လက်ဖြင့် မျက်နှာပိတ်ပြီး အိပ်သတဲ့ကွယ့်”

သည်အကြောင်း ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၃၃၈–မှာ **“ကာဠော နာဂရာဇာ သဗ္ဗနာဋကာနိ ဆဍ္ဍေတွာ ပထဝိယံ နိမုဇ္ဇိတွာ ပဉ္စယောဇနသတိကံ မဉ္ဇေရိက နာဂဘဝနံ ဂန္တွာ ဟတ္ထေန မုခံ ပိဒဟိတွာ နိပ္ပဇ္ဇိ”**လို့ ပြဆိုထားတယ်၊ ကာဠနဂါးမင်းဟာ လက်ဖြင့်မျက်နှာပိတ်ပြီး အိပ်တယ်ဆိုတော့ ကာဠနဂါးမင်းမှာ လက်ခြေပါ တယ်လို့ ယူဆဖွယ်ရှိပါတယ်၊ သို့သော်လည်း ကာဠနဂါးမင်းဟာ ကာမရူပီ နဂါးမျိုးမို့ ဖန်ဆင်းတာဖြစ်ချင်လည်း ဖြစ်နိုင်လို့ နဂါးမှာ လက်ခြေရှိတယ်လို့ ဇကန်မပြောနိုင်ဘူးပေါ့။

## တရုတ်နဂါး

စာပေကျမ်းဂန်များမှာ နဂါး၌ လက်ခြေပါတယ်လို့ ဖွင့်ဆိုခြင်း မရှိသော်လည်း တရုတ်နဂါးမှာတော့ လက်ခြေပါတယ်၊ လက်ခြေမကဘူး၊ ဦးခေါင်းမှာတောင် ဦးချိုပါသေးသတဲ့၊ တရုတ်နဂါးအကြောင်းကို ဟန်မင်းဆက်မှာ ထင်ရှားတဲ့ တရုတ်စာဆိုကြီး(ဝန်းဖူး)က–

http://www.dhammadownload.com


နဂါး၏ ဦးခေါင်း၌ ဦးချိုသဏ္ဌာန်ရှိသည်
ကုလားအုပ်၏ ဦးခေါင်းနှင့်တူသော ဦးခေါင်းရှိသည်၊
နတ်မိစ္ဆာမျက်လုံးကဲ့သို့ ဝင်းတောက်သောမျက်လုံးလည်း ရှိသည်၊
လည်ပင်း၌ မြွေကဲ့သို့ပါးပျဉ်းရှိသည်၊
နဂါး၏ ဝမ်းသည် ပြန့်ကားနေသည်၊
ငါးကြင်းကဲ့သို့ ကိုယ်၌ အကြေးများရှိသည်၊
လင်းယုန်ငှက်ကဲ့သို့ ထက်မြက်သော လက်သည်းရှိသည်၊
ကျား၏ဖဝါးကဲ့သို့ ဖဝါးရှိသည်၊

နွား၏ နားရွက်နှင့်တူသော နားရွက်သဏ္ဌာန်ပါသည်လို့ မှတ်တမ်းတင်ထားခဲ့တယ်ကွယ့်"

"သည်တရုတ်နဂါးက ဘယ်မှာရှိသလဲဘုရား"

"တရုတ်နဂါးကြီးရှိတဲ့အင်းကို နောင်ချယ်လို့ ခေါ်သတဲ့ကွယ်၊ အင်္ဂလိပ်လိုတော့ (Nan Chao)လို့ ရေးတယ်၊ မြန်မာလိုပြန်တော့ နန်းချို နန်းချောက်–နန်းချောင်–နန်းကျောက်–နံ့ကျောက်ရယ်လို့ အမျိုးမျိုးပြန်ဆိုကြတယ်၊ နောင်ချယ်ဟာ ရှမ်းလူမျိုးများရဲ့ မူလဌာနဖြစ်တဲ့ ယူနန်နယ်နှင့် တရုတ်ပြည်မကြီးရဲ့ အကြားမှာတည်ရှိတယ်၊ နောင်ချယ်ဆိုတဲ့ ရှမ်းစကားမှာ **နောင်–**ဆိုတာက အင်းအိုင်ကိုခေါ်ပြီး **ချယ်–**ဆိုတာက မိကျောင်းလို အခြေ လေးချောင်းပါတဲ့ (နရားကောင်ကို)ကို ခေါ်တယ် အခြေလေးချောင်းပါတဲ့ နရားကောင်နေတဲ့ အင်းဖြစ်လို့ (နောင်ချယ်)ခေါ်တာတဲ့၊ အဲသည် အင်းအနီးမှာတည်တဲ့မြို့ကိုလည်း နောင်ချယ်မြို့လို့ခေါ်တယ်၊ ရှမ်းလူမျိုးများရဲ့ မူလမြို့ကြီးပေါ့၊ အဲသည်နောင်ချယ်အင်းမှာ နေတဲ့ နရားကြီးကို ဝန်းဖူးက သရုပ်ဖော်ပြီး မှတ်တမ်းတင်ထားတာတဲ့"

"သည်နရားမျိုး အခုရှိပါသေးသလား ဘုရား"

"အခုလဲရှိပါတယ်၊ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်းမှာ ကိုမိုဒိုအမည်ရှိတဲ့ ကျွန်းစုရှိတယ်၊ အဲသည်ကျွန်းစုအနီး သမုဒ္ဒရာအတွင်းမှာ နေကြလို့ မိုဒိုနဂါးလို့ခေါ်ကြတယ်၊ ပုံသဏ္ဌာန်ကတော့ ဖွတ်ကြီးနှင့်တူတယ်၊ ဝန်းဖူးရဲ့ မှတ်တမ်းလို ဦးခေါင်းမှာတော့ ဦးချိုမရှိပါဘူး၊ အကောင်ကြီးလှာလျှင် ဦးခေါင်းက

http://www.dhammadownload.com



အမြီးဖျားအထိ သုံးမီတာရှည်သတဲ့၊ အလေးချိန်ကတော့ ၁၅၀ ကီလိုအထိ ကြီးမားပြီး ကုန်းပေါ်ကျက်စားတဲ့ ဝက်တို့၊ သမင်တို့၊ ကျွဲနွား တို့ကိုတောင် ကုန်းပေါ်တက်ပြီး ဖမ်းယူစားသောက်သတဲ့၊ သည်အကောင် တွေဟာ အမှန်တော့ နဂါးမျိုး မဟုတ်ကြပါဘူး၊ ဖွတ်မျိုး၊ မိကျောင်းမျိုးတွေသာ ဖြစ်တယ်၊ သို့သော်လဲ နရားကောင်လို့ ခေါ်မည်ဆိုလျှင် ခေါ်နိုင်တာကြောင့် လက်ခြေပါတဲ့ နရားဆိုလျှင် ကိုမိုဒိုနဂါးသာရှိတယ်လို့ အဖြေပေးလိုက်ပါ တယ်ကွယ်"

"နရားအကြောင်းတော့ သိရပါပြီ၊ ကုဝေရနတ်မင်းနှင့် ခြေထောက် သုံးချောင်းဆိုတာကို မိန့်တော်မူပါဦး"

## ကုဝေရနတ်

ကုဝေရနတ်အကြောင်း မပြောမီ ကုဝေရဆိုတဲ့ပုဒ်ရဲ့အနက်ကို ဦးစွာ ပြောကြစို့ရဲ့၊ ကုဝေရ ဆိုတာ သဒ္ဒါအနေအထားဖြင့် **ကု**–တစ်ပုဒ်၊ **ဝေရ** တစ်ပုဒ်၊ ပုဒ်နှစ်ပုဒ်ရှိတယ်၊ **ကု**–ဆိုတဲ့ပုဒ်က **စက်ဆုပ်ရွံ့ရှာဖွယ်**ဆိုတဲ့အနက် ကို ဟောပြီး **ဝေရ** ဆိုတဲ့ပုဒ်က **ခန္ဓာကိုယ်** ဆိုတဲ့ အနက်ကိုဟောတယ်၊ ပုဒ် နှစ်ပုဒ်စပ်လိုက်တော့ စက်ဆုပ်ရွံ့ရှာဖွယ် ကိုယ်ခန္ဓာရှိသော နတ်လို့ အဓိပ္ပာယ် ရတယ်၊ ဘာကြောင့် စက်ဆုပ်ရွံ့ရှာဖွယ်ကောင်းတာလဲဆိုတော့ ခြေသုံးချောင်း နှင့် အစွယ်ရှစ်ချောင်းရှိလို့ စက်ဆုပ်ရွံ့ရှာဖွယ်ကောင်းတာတဲ့ကွယ်၊ သည် အကြောင်းကို အဘိဓာန်ဋီကာ ဂါထာ ၃၂–အဖွင့်မှာ (တိစရဏဋ္ဌဒါဌာ ဘယာနက မတ္တိတာယ ကုစ္ဆိတံ ဝေရော သရီရမဿ ကုဝေရော)လို့ ဝိဂြိုဟ် ကျဉ်းပြထားတယ်။

တိစရဏဋ္ဌ ဒါဌာ ဘယာနက မတ္တိတာယ–ခြေသုံးဘက် အစွယ် ရှစ်ချောင်းဖြင့် ကြောက်မက်ဖွယ်ရှိသည်၏ အဖြစ်ကြောင့်၊ အဿ–ထိုနတ်မင်း အား၊ ကုစ္ဆိတံ–စက်ဆုပ်ဖွယ်ကောင်းသော၊ ဝေရော–သရီရံ–ခန္ဓာကိုယ်သည်၊ အတ္ထိ–ရှိ၏၊ ဣတိတသ္မာ–ထို့ကြောင့်၊ ကုဝေရော–ကုဝေရ မည်၏။

ကုဝေရနတ်မင်းဟာ အလွန်တန်ခိုးကြီးတယ်၊ ဘာကြောင့် တန်ခိုးကြီးတာ လဲဆိုတော့ ကုဝေရနတ်မင်းဟာ လူ့ဘဝတုန်းက ကုဝေရအမည်ရှိတဲ့ ပုဏ္ဏား ဖြစ်ဖူးသတဲ့၊ ကုဝေရပုဏ္ဏားဟာ ကြံခင်းကြီးစိုက်ပြီး ကြံညှစ်ယန္တရား(၇)ခု တို့ဖြင့် ကြံရည်တွေကိုညှစ်တယ်၊ ယန္တရား(၆)ခုကထွက်တဲ့ ကြံရည်တွေကို

http://www.dhammadownload.com



တော့ သူ့ရဲ့စီးပွားရေးအတွက် ရောင်းတယ်၊ ကြံညှစ်ယန္တရားတစ်ခုက ထွက်သမျှ ကြံရည်ကိုတော့ မရောင်းတော့ဘူး၊ လာလာသမျှ ပရိသတ်များကို ပေးလှူခဲ့တယ်၊ အဲသည်ခေတ်က လူတို့ရဲ့အသက်တမ်းဟာ နှစ်သောင်းတမ်း ဖြစ်သတဲ့၊ ကုဝေရပုဏ္ဏားဟာ နှစ်ပေါင်းနှစ်သောင်းကြာအောင် ကြံရည်အလှူကို ပေးလှူရတဲ့ ကောင်းမှုကြောင့် ကွယ်လွန်တဲ့အခါ စာတုမဟာရာဇ်နတ်ပြည်မှာ ကုဝေရအမည်နှင့်ပဲ နတ်သားဖြစ်တယ်၊ နတ်သားဖြစ်ပြီးနောက် သိသာဏ အမည်ရှိတဲ့ မင်းနေပြည်မှာ မင်းအဖြစ် သိကြားမင်းက ခန့်ထားတဲ့အတွက် ဝေဿဝဏနတ်မင်းရယ်လို့ ဖြစ်လာတယ်။

လောကမှာ လက်နက်ကြီး လေးမျိုးရှိရာ (ဂဒါ)အမည်ရှိတဲ့ လုံတံလက်နက်ကို ပိုင်ဆိုင်တယ်။

"လက်နက်ကြီးလေးမျိုးဆိုတာ ဘာတွေလဲ ဘုရား"

"သဂါထာ၊ ဋ၊၂၉၆–မှာ လက်နက်ကြီးလေးမျိုးကို သည်လို ဖွင့်ပြထားတယ်၊ (၁) သိကြားမင်းရဲ့ ဝရဇိန်လက်နက်၊ (၂) ဝေဿဝဏ်နတ်မင်းရဲ့ လုံတံလက်နက်၊ (၃) ယမမင်းရဲ့ မျက်လုံးလက်နက်၊ (၄) အာဠာဝက ဘီလူးမင်းရဲ့ ဘွဲ့ဖြူ ပုဆိုးလက်နက်၊ သည်လက်နက်ကြီးလေးမျိုးဟာ ကမ္ဘာပေါ်မှာ အကြီးဆုံး လက်နက်ကြီးများ ဖြစ်ကြသတဲ့၊ သည်လက်နက်ကြီး(၄)ပါးကို ဘူရိဒတ်ဇာတ် ပေါင်းပျို့မှာ–

"ဝေဿဝဏော၊ ယမောသက္က၊ အာဠာဝကနှင့်၊ နိစ္စအမြဲ၊ လက်နက်စွဲသား၊ တွေခဲသံချောင်း၊ ငဲ့စောင်းမျက်ရှိန်၊ ဝရဇိန်မိုးကြိုး၊ ပုဆိုးနှင့်သော်၊ လေးပါးကျော်တို့လို့ စပ်ဆိုထားတယ်ကွယ့်"

"လက်နက်ကြီးလေးပါးရဲ့ သတ္တိကိုလဲ အမိန့်ရှိပါဦး"

"လက်နက်ကြီးလေးပါးရဲ့ သတ္တိကို သည်လိုဖွင့်ပြသကွယ့်၊ သိကြားမင်းဟာ အမျက်ထွက်လို့ ဝရဇိန်လက်နက်ကို မြင်းမိုရ်တောင်ထိပ်မှာ ပစ်ချလိုက်မယ်ဆိုလျှင် တစ်သိန်းခြောက်သောင်း ရှစ်ထောင်ယူဇနာကို ထုတ်ချင်းထွင်းပြီး အောက်ကိုရောက်နိုင်သတဲ့၊ ဝေဿဝဏ်နတ်မင်း အမျက်ထွက်တဲ့အခါ ပစ်လွှတ်လိုက်တဲ့ လုံတံလက်နက်ဟာ များစွာကုန်သော ဘီလူးအထောင်တို့ရဲ့ ဦးခေါင်းတို့ကို ပြတ်ကျစေပြီး တစ်ဖန် လက်ကို ပြန်ရောက်နိုင်သတဲ့၊

http://www.dhammadownload.com



ယမမင်းဟာ အမျက်ထွက်လို့ မျက်လုံးလက်နက်နှင့် ကြည့်ကာမျှနှင့် ကုမ္ဘာန် အထောင်ဟာ လောလောပူတဲ့ အိုးကင်းထဲကျသွားတဲ့ နှမ်းများလို ဖျစ်ဖျစ် မြည်ပြီး ပျက်စီးစေနိုင်သတဲ့၊ အာဠဝကဘီလူးမင်းဟာလဲ စိတ်ဆိုးလို့ ဘွဲ့ဖြူ လက်နက်နှင့် ကောင်းကင်ကို ပစ်လိုက်လျှင် (၁၂)နှစ် မိုးခေါင်နိုင်သတဲ့၊ မြေပြင်ကိုပစ်လိုက်လျှင် သစ်ပင်အားလုံးသေပြီး (၁၂)နှစ်အတွင်း သစ်ပင်ပြန် မပေါက်နိုင်တော့ဘူးတဲ့၊ သမုဒ္ဒရာထဲကို ပစ်လိုက်လျှင် လောလောပူတဲ့ အိုးထဲ ကျသွားတဲ့ ရေပေါက် ခန်းခြောက်သွားသလို အလုံးစုံသော သမုဒ္ဒရာရေတွေ ခန်းခြောက်နိုင်သတဲ့၊ မြင်းမိုရ်တောင်လောက်ကြီးတဲ့ တောင်ကြီးကိုပစ်လိုက် လျှင် တောင်ကြီးဟာ အပိုင်းပိုင်းပြတ်ပြီး ပြိုကျသွားစေနိုင်သတဲ့၊ ဒါက လက်နက်ကြီးလေးပါးရဲ့ သတ္တိပဲကွယ့်”

“မှန်ပါ၊ ကြားနာရတာ ဗဟုသုတများလှပါတယ်၊ ဒါပေမယ့် လိုရင်း အဖြေတော့ မရောက်သေးဘူး ဘုရား”

“ဟုတ်ပေသားပဲ၊ မေးထားတာက ကုဝေရနတ်မင်းဟာ အစွယ်ရှစ် ချောင်း၊ ခြေသုံးချောင်းနှင့် ဘယ်လိုပုံသဏ္ဌာန်နေပါသလဲလို့ မေးတာကိုး၊ အစွယ်ရှစ်ချောင်းဆိုတာ ပကတိသောလူများမှာ ရှေ့သွား လေးချောင်းရဲ့အပ သွား နှစ်ချောင်းဟာ သွားစွယ်ပဲ၊ အပေါ်သွားစွယ်က နှစ်ချောင်း၊ အောက်သွား စွယ်က နှစ်ချောင်း၊ ပေါင်းအစွယ် လေးချောင်းရှိတယ်၊ ပြီးတော့ အထက်အောက် အံဆုံးခေါ်တဲ့ သွား လေးချောင်းဟာလည်း အစွယ်ပဲကွယ့်၊ သို့သော်လဲ လူမှာ တော့ သိပ်မထင်ရှားဘူး၊ တောဝက်တို့၊ ဝက်ဝံတို့မှာတော့ တော်တော် သိသာ တယ်၊ အားလုံးပေါင်းလျှင် အစွယ် ရှစ်ချောင်းရှိတာပေါ့၊ သည်အစွယ် ရှစ် ချောင်းဟာ သားစားမျိုးမဟုတ်တဲ့ သတ္တဝါမှာ မသိသာဘူး၊ သားစားမျိုး သတ္တဝါမှာတော့ အတော်ကလေး သိသာတယ်။

ကုဝေရနတ်မင်းကျတော့ အဲသည်အစွယ်ရှစ်ချောင်းလုံးဟာ ကြောက် စရာထွက်ပေါ်နေသတဲ့ကွယ်၊ ခြေသုံးချောင်းဆိုတာလဲ ခြေထောက်သုံးချောင်း ကိုဆိုလိုတာ မဟုတ်ပါဘူး၊ ခြေချောင်းကလေးများဟာ လူသားမှာလို ငါးချောင်း မနေဘဲ ကြက်များလို သုံးချောင်းသာ ရှိတယ်လို့ဆိုလိုတာပါ၊ ဘယ့်နှယ် အစွယ်ရှစ်ချောင်း၊ ခြေသုံးချောင်းဆိုတာ ရှင်းရဲ့မဟုတ်လား”

“မှန်ပါ၊ ရှင်းပါပြီဘုရား၊ သာဓု၊သာဓု၊သာဓု”

http://www.... adownload.com



## ❑ လူ့စကားပြောသော တိရစ္ဆာန်များ
## ❑ ဇာတိဿရဉာဏ်

"၁၉၈၅–ခု၊ ဧပြီလ ၂၂–ရက်နေ့စွဲနှင့် ဓမ္မဗျူဟာမှတစ်ဆင့် ရောက်လာတဲ့ စာက ဦးတင်ဝင်း၊ အမှတ် ၁၇၈(က) ပထမသီရိရိပ်သာ၊ အလုံမြို့နယ်၊ ရန်ကုန်မြို့က စာလွှာဖြစ်ပါတယ်ဘုရား"

"ဆိုစမ်းပါဦး၊ ဦးတင်ဝင်းရဲ့စာက ဘာများတဲ့တုန်းကွယ့်"

"ဦးတင်ဝင်းက သူသိလိုတဲ့အချက်များကို မေးမြန်းခြင်းဖြစ်ပါတယ်ဘုရား"

"ဦးတင်ဝင်းမေးမြန်းတာက ဘာတဲ့တုန်း၊ ဖတ်ပြစမ်းပါဦး"

### အမေး(၁)

ဇာတ်နိပါတ်အချို့တွင် လူနှင့်တိရစ္ဆာန် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်စကားပြောဆိုနေကြသည်မှာ အမှန်ပင် ပြောဆိုနိုင်ကြပါသလား။

(က) လူနှင့်တိရစ္ဆာန် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပြောဆိုနေကြသည့် စကားများမှာ မည်သည့် ဘာသာစကား ဖြစ်ပါသလဲ။

(ခ) မည်သည့်လူမျိုးနှင့် မည်သည့် တိရစ္ဆာန်မျိုးသာ တစ်ဦးနှင့်

http://www.dhammadownload.com



တစ်ဦး အပြန်အလှန် စကားပြောဆိုနိုင်ကြသည်ဟူ၍ အမျိုးအစား ရှိပါသလား။

(ဂ) လူနှင့် တိရစ္ဆာန် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် စကားပြောနိုင်ကြသည်မှာ မည်သည့်ခေတ်တွင် ပြောဆိုနိုင်ကြ၍ မည်သည့်ခေတ်တွင် မပြောဆိုနိုင်ကြဟူ၍ ခေတ်အမျိုးအစား ရှိပါသလား။

## အမေး(၂)

ဇာတိဿရဉာဏ်ကို ကာမ ၁၁-ဘုံသားတိုင်း ရနိုင်ပါသလား။

(က) ဇာတိဿရဉာဏ်ရသူမှာ အတိတ်ဘဝပေါင်း မည်မျှ၊ အနာဂတ်ဘဝပေါင်း မည်မျှ သိမြင်နိုင်ပါသလဲ။

(ခ) ဇာတိဿရဉာဏ်ရသူမှာ သူတစ်ပါး၏ ဘဝဖြစ်စဉ်ကိုပါ သိမြင်နိုင်ပါသလား။

(ဂ) ဇာတိဿရဉာဏ်ရရန် မည်သို့ပြုလုပ်ဆောင်ရွက်နိုင်ပါသလဲ။

သည်အမေးပြဿနာများဟာ ဦးတင်ဝင်းရဲ့ စာလွှာမှာပါတဲ့ အမေးပြဿနာများ ဖြစ်ပါတယ်၊ အဖြေကိုမိန့်ကြားတော်မူပါဘုရား”

“ဦးတင်ဝင်းရဲ့အမေး နှစ်ပုဒ်အနက် တိရစ္ဆာန်နှင့် လူ့စကားဖြစ်တဲ့ ပထမပြဿနာကို ဦးစွာဖြေကြစို့ကွယ်”

“မှန်ပါ၊ ဖြေတော်မူပါဘုရား”

“တိရစ္ဆာန် လူစကားပြောခြင်းဟာ တစ်ခါတစ်ရံမျှသာ ဖြစ်ပေါ်တတ်လို့ အလွန်အံ့သြစရာကောင်းတာပေါ့၊ သည်အကြောင်းကို ပဥ္စကနိပါတ် သုဝဏ္ဏမိဂဇာတ်ကို အကျဉ်းချုပ် ပြောပြဦးမယ်၊ “ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက်ကာလက ဘုရားအလောင်းတော်ဟာ သမင်မင်းဖြစ်လို့ သမင်ရှစ်သောင်းတို့ရဲ့ အရှင်သခင်ဖြစ်သတဲ့ကွယ်၊ အခါတစ်ပါး သမင်တို့သွားရာလမ်းမှာ မုဆိုးက ကျော့ကွင်းထောင်ထားတယ်၊ သမင်မင်းက ရှေ့ကသွားတော့ ရှေးဦးစွာ ကျော့ကွင်းမိတာပေါ့၊ ကျော့ကွင်းလဲမိရော တအားရုန်းလိုက်တာ အရေပြတ်သွားတယ်၊ နောက်တစ်ကြိမ်ရုန်းတော့ အသားပြတ်သွား

http://www.dhammadownload.com



တယ်၊ နောက်တစ်ကြိမ်ရန်းပြန်တော့ အကြောပြတ်သွားတယ်၊ ကျော့ကွင်းက အရိုးထိသွားတော့ မရုန်းနိုင်တော့ဘူး၊ သည်တော့ အော်တာပေါ့၊ သမင်မင်းကအော်တော့ နောက်ပါသမင်အားလုံး ထွက်ပြေးကြတယ်၊ သမင်မင်းရဲ့ မယားသမင်မလဲ ထွက်ပြေးသွားတယ်၊ နောက်တော့ သမင်တွေအကြားမှာ သမင်မင်းပါလာတာမမြင်လို့ ပြန်လာတော့ သမင်မင်း ကျော့ကွင်းမိနေတာကို တွေ့တယ်၊ သည်အခါ သမင်မက အရှင်ဟာ အလွန်အားကောင်းပါတယ်၊ သည်ကျော့ကွင်းကို ပြတ်ထွက်သွားအောင် ရုန်းပါလို့ပြောတယ်၊ သမင်မင်းက ရှင်မ ငါမတတ်နိုင်တော့ဘူး၊ ကျော့ကွင်းဟာ အလွန်ခိုင်လို့ ငါ့ခြေထောက်ပြတ် လုလုဖြစ်နေပါပြီလို့ ပြောတယ်၊ သည်အခါ သမင်မက သမင်မင်းကိုမှီထားပြီး အရှင်–မစိုးရိမ်လင့်၊ မုဆိုးလာလျှင် ကျွန်မ တောင်းပန်ပါ့မယ်၊ တောင်းပန်လို့မရလျှင် ကျွန်မပါ အသေခံမယ်လို့ ပြောသတဲ့၊ ပြောတုန်းမုဆိုးက လှံတံနှင့် ဓားကိုင်ပြီး ပြေးလာတယ်၊ သမင်မဟာ သမင်မင်းကိုနှစ်သိမ့်စေ ပြီး ကိုယ်ကိုမှီထားရာက ခွာပြီး မုဆိုးကို ရင်ဆိုင်လိုက်တယ်၊ ရင်ဆိုင်ပြီး တော့ ဘယ်လိုပြောသလဲဆိုတော့ "အရှင်မုဆိုး၊ အရှင့်လက်ကဓားဖြင့် အကျွန်ုပ် ကို ဦးစွာသတ်ပါ၊ နောက်မှ သမင်မင်းကို သတ်ပါ"လို့ လူတို့ဘာသာဖြင့် ပြောဆိုသတဲ့၊ သမင်က လူစကားပြောတော့ မုဆိုးဟာ အံ့အားသင့်သွားတယ်၊ ဒါကြောင့် မုဆိုးက (န မေ သုတံ ဝါ ဒိဋ္ဌံ ဝါ၊ ဘာသန္တိံ မနုသိံ မိဂိံ တွဥ္စ ဘဒ္ဒေ သုခီ ဟောဟိ၊ ဧသော စာပိ မဟာမိဂါ)လို့ ပြန်ပြောသတဲ့၊ မြန်မာလိုတော့–ကောင်း သော သမင်မ၊ ငါဟာ ရှေးကာလက လူစကားပြောတဲ့သမင်မကိုကြားလဲ မကြားဘူး၊ မြင်လဲမမြင်ဖူးဘူး၊ သင်လဲ ချမ်းသာစွာဖြစ်ပါစေ၊ သမင်မင်းလဲ ချမ်းသာပါစေလို့ ဆိုတယ်၊ အဲသည်လိုဆိုပြီး သမင်မင်းကိုကျော့ကွင်းက လွှတ်လိုက်သတဲ့ကွယ်၊ သည်စကားကို ထောက်မျှော်ပြီးနိပါတ်တော်မှာ လူစကားပြောတဲ့ငှက်၊ သမင်၊ လိပ်၊ ဝက်၊ ခွေး စသည်တို့ဟာ အချင်းခပ်သိမ်းမရှိဘူး၊ တစ်ခါတစ်ရံမျှသာဖြစ်ခဲ့တတ်ကြတယ်၊ ဒါကြောင့် နိပါတ်တော်လာ လူနှင့် တိရစ္ဆာန် စကားပြောခြင်းဟာ ပုံပြင်မဟုတ်၊ အမှန်ဖြစ်ကြောင်း ယုံကြည်သင့်ပါတယ်။

(က) နိပါတ်တော်လာ လူနှင့်တိရစ္ဆာန် ပြောဆိုကြတဲ့စကားက မဂဓ

http://www.dhammadownload.com



ဘာသာစကားဖြစ်သကွယ့်၊ သို့သော်လည်း ဒေသဌာနအလျောက် ထိုထိုဘာသာ ဝေါဟာရအားဖြင့် ပြောဆိုခြင်းလည်း ရှိတတ်ပါတယ်၊ ဒုတိယ စစ်မီးလောင်လု နီး အချိန်တုန်းက မြန်မာစကားတတ်တဲ့ ကျီးတစ်ကောင် ပေါ်ဖူးခဲ့တယ်၊ မြန်မာ့အသံမှပင် အသံလွှင့်ခဲ့ဖူးသေးတယ်။

(ခ) လူနှင့်တိရစ္ဆာန် စကားပြောကြရာမှာ လူအမျိုး၊ တိရစ္ဆာန်အမျိုးဟူ၍ ခွဲခြားခြင်းလည်း မရှိပါ။

(ဂ) ခေတ်ကာလ အပိုင်းအခြားလည်း မရှိပါ။

ဘုန်းကြီးများ ငယ်ရွယ်စဉ်ကာလက ဦးဘဆိုသူတစ်ဦး တောအရပ်သို့ ဈေးရောင်းသွားရင်း လမ်းဘေးမှာ မြက်စားနေတဲ့နွားက "ဦးဘ ဘယ်လဲ" လို့ သုံးခွန်းတိတိ လှမ်းမေးသတဲ့၊ ဦးဘလည်း နွားက လူစကားပြောတာကို ထိတ်လန့်ပြီး မကြာခင် ကွယ်လွန်ရှာတယ်လို့ ကြားဖူးပါတယ်၊ ဦးဘကို နွားက လူစကားပြောသလို အခြားသောမြွေ၊ သင်းခွေချပ်စသည်တို့ လူစကား ပြောဆိုတယ်ဆိုတာကိုလည်း တစ်ဆင့်ကြားဖူးပါတယ်၊ သို့သော်လည်း ကြား သူက အမှန်ကြားသည်ပင် ဖြစ်စေ၊ သက်သေမရှိတော့ ပြန်ပြောလျှင် မယုံ ကြည်ဖြစ်တတ်တာပေါ့ကွယ်၊ ယနေ့အချိန်မှာလည်း တိရစ္ဆာန်က လူစကား ပြောတာကို ကြားဖူးသူ ရှိချင်လည်း ရှိတတ်ပါတယ်၊ ဒါကြောင့် တိရစ္ဆာန် လူစကားပြောသော ခေတ်ရယ်လို့ သီးသန့်မရှိ၊ ရံခါ ရံခါ ဖြစ်ပေါ်တတ်တယ် လို့သာ မှတ်သင့်တာပေါ့ကွယ်"

"ပထမအမေး ပြေလောက်ပါပြီ၊ ဒုတိယအမေး ဖြေတော်မူပါဦးဘုရား"

"ဒုတိယအမေးက ဇာတိဿရဉာဏ်ကို ကာမ (၁၁)ဘုံသားတိုင်း ရနိုင်ပါသလားတဲ့၊ ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ကာမ(၁၁)ဘုံသားတိုင်းဆိုတော့ ကာမ(၁၁)ဘုံ၌ ဖြစ်ဖြစ်သမျှ သတ္တဝါ တိုင်းလို့ အဓိပ္ပာယ်လွန်ထွက်နေတယ်၊ ကာမ(၁၁)ဘုံမှာ ဖြစ်ဖြစ်သမျှ သတ္တဝါတိုင်းတော့ ဇာတိဿရဉာဏ်ကို မရပါဘူး၊ ကာမ (၁၁) ဘုံအတွင်း အချို့ သောသတ္တဝါများရပြီး များသောသတ္တဝါတွေဟာ မရကြပါဘူး၊ အပါယ်လေး ဘုံအနက် ငရဲသားအချို့ ဇာတိဿရဉာဏ်ရပုံကို ဓမ္မပဒ၊

http://www.dhammadownload.com



ဋ္ဌ၊ပ၊၂၈၇–ကလာတဲ့ ဒု–သ–န–သော သူဌေးသားလေးယောက်ဝတ္ထုနှင့် သိသာပါတယ်၊ ပြိတ္တာ၊ အသူရကာယ်၊ ဇာတိဿရဉာဏ်ရပုံကိုတော့ ပေတဝတ္ထုကိုကြည့်လျှင် သိနိုင်ပါတယ်၊ တိရစ္ဆာန် ဇာတိဿရဉာဏ်ရပုံကို ဘဝငါးရာ ခေါင်းဖြတ်ခံရတဲ့ သိုး ဘဝ၊ ဇာ၊ဋ္ဌ၊၁၊၁၈၃။ ပုဏ္ဏားဘဝကို မှတ်မိတဲ့ ဟင်္သာမင်းဘဝ၊ ဇာ၊ဋ္ဌ၊၅၀၁။ ရှစ်ဘဝကို မြင်နိုင်တဲ့ ကုဏာလငှက်မင်းဘဝ၊ ဇာ၊ဋ္ဌ၊၅၊၄၅၇–စသည်တို့မှာ ဖွင့်ပြထားတယ်၊ နတ်တွေ ဇာတိဿရ ဉာဏ်ရပုံကိုတော့ ဝိမာနဝတ္ထုကို ကြည့်ရုံနှင့် သိနိုင်တယ်၊ လူတွေ ဇာတိဿရ ဉာဏ်ရတာကတော့ ယခုခေတ်မှာလည်း အများအပြားရှိတာမို့ အထူးပြောဖို့ လိုမယ်မထင်ဘူးပေါ့ကွယ်၊ ဒါကြောင့် ကာမ(၁၁)ဘုံသားများအနက် အချို့ ဇာတိဿရဉာဏ်ကိုရပြီး အချို့မရဘူးလို့ ဖြေဆိုလိုက်ပါတယ်ကွယ်”

“မှန်ပါ၊ ဒုတိယအမေးကိုတော့ ဖြေပြီးပါပြီ၊ ပုဒ်ကွဲကလေးများကိုလဲ သီးခြားဖြေဆိုပေးပါဦး ဘုရား”

“ပုဒ်ခွဲ(က)က ဘာတဲ့လဲကွယ့်”

“ပုဒ်ခွဲ(က)က ဇာတိဿရဉာဏ်ရသူဟာ အတိတ်ဘဝပေါင်း ဘယ် လောက်၊ အနာဂတ်ဘဝပေါင်း ဘယ်လောက်ထိ သိမြင်နိုင်ပါသလဲဘုရား”

“ဇာတိဿရဉာဏ်ဟာ အနာဂတံသ အဘိညာဉ်လို အနာဂတ်ကို များများမသိနိုင်ဘူး၊ (သာ ကံ ကထံ သုတွာ အတီတဘဝေ ဥဋ္ဌါပေ့တွာ ဇာတိဿရဉာဏံ ပဋိလဘိ) လို့ ဓမ္မပဒ၊ ဋ္ဌ၊ ဒု–၃၃၄ မှာဆိုတယ်၊ “သာ–ထိုအမျိုးသမီးသည်၊ တံကထံ–ထိုစကားကို၊ သုတွာ–ကြား၍၊ အတီတဘဝေ–လွန်လေပြီးသောဘဝတို့ကို၊ ဥဋ္ဌာပေ့တွာ– စပ်၍(ခွာလှစ်၍)၊ ဇာတိဿရဉာဏံ– ဇာတိဿရဉာဏ်ကို၊ ပဋိလဘိ–ရလေပြီတဲ့၊ ကျမ်းဂန်များမှာ အတီတဘဝေလို့ ပြဆိုထားတဲ့အတွက် ဇာတိဿရဉာဏ်ဟာ များသောအားဖြင့် အတိတ်ဘဝကိုသာ မြင်နိုင်တယ်ကွယ့်”

“ဟံလင်းကြီးသမိုင်းမှာ ပြုံးမင်းသားဟာ မရီးဖြစ်သူ ကွယ်လွန်လျှင် ခွေးဖြစ်မည်ကိုမြင်လို့ မရယ်မပြုံးနိုင်ဖြစ်ကြောင်း ဖတ်ရဖူးတယ်ဘုရား၊ ပြုံး မင်းသားရဲ့ အဲဒီအသိဉာဏ်ကို ဇာတိဿရဉာဏ်လို့ မခေါ်နိုင်ဘူးလားဘုရား”

“ခေါ်နိုင်ပါတယ်၊ သို့သော်လည်း ဇာတိဿရဉာဏ်ဆိုတာ ယခုဘဝ

http://www.dhammadownload.com



ငယ်ရွယ်စဉ်က အတွေ့အကြုံမှတ်မိသလို မှတ်မိတာမျိုးမို့ အနာဂတ်ကို များများ မမြင်နိုင်ဘူး၊ ရစ္စာမင်းသမီးများလို တစ်ဘဝ၊ နှစ်ဘဝ လောက်သာ မြင်နိုင်တယ်ကွယ့်"

"မှန်ပါ၊ ဇာတိဿရဉာဏ်ဟာ အနာဂတ်ကို များများ မသိလျှင် အတိတ်ဘဝကိုရော ဘယ်လောက်အထိ မြင်သိနိုင်ပါသလဲဘုရား"

"ဇာတိဿရဉာဏ်ဟာ ရိုးရိုးမှတ်ဉာဏ်ပါပဲ၊ အဘိညာဉ်ဉာဏ်မျိုး မဟုတ်ဘူး၊ ဒါကြောင့် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်တို့လို မထက်မြက်ဘူး၊ အလွန်ဆုံး ခုနစ်ဘဝ ရှစ်ဘဝလောက်သာ မှတ်မိတတ်ကြတယ်၊ ဒီထက်အလွန် ဘဝငါးရာ မှတ်မိတတ်တာလည်း နည်းနည်းပါးပါးတော့ ရှိတတ်ပါတယ်၊ (ဇာတိသရသာ ပိ သတ္တဋ္ဌဘဝေ သင်္တာဘာဝံ ပဿန္တာ ဇဝံ ဥပ္ပဇ္ဇတိ၊ သံ၊ဋ္ဌ၊ ဒု၊၃၁၇) ဇာတိဿရဉာဏ်ရတဲ့ပုဂ္ဂိုလ်တွေကို မှတ်မိသလောက်ထုတ်ပြရမယ် ဆိုလျှင် ပတိပူဇိကာဟာ နတ်ဘဝကစုတေလာပြီး နတ်ဘဝကို မြင်တယ်၊ (ဓမ္မ၊ ဋ္ဌ၊ ၁၊၂၂၉)။ အာနန္ဒ သူဌေးသားဟာ ဒွန်းစဏ္ဍားဘဝက သူဌေးဘဝကို မြင်တယ်၊ (ဓမ္မ၊ ဋ္ဌ၊ ပ၊ ၂၉၇)။ ကုမ္မာသပဏ္ဍဇာတ်တော်မှာ မင်းနှင့် မိဖုရားတို့ဟာ အတိတ်ဘဝက ရှင်ပစ္စေကဗုဒ္ဓါကို လှူဒါန်းခဲ့ကြတာကို အမှတ်ရတယ်၊ ကဏှဒီပါယနဇာတ်မှာလည်း မဏ္ဍဗျရသေ့ဟာ အတိတ် ဘဝက ယင်ငယ်ကို ကသစ်ဆူးနှင့် ထိုးခဲ့ဖူးတဲ့ မကောင်းမှုကံကို အမှတ်ရတယ်၊ သောမနဿဇာတ်မှာ သောမနဿမင်းသားဟာ အတိတ်ဘဝက နတ်ဖြစ်ခဲ့ဖူးတာ ကို အမှတ်ရတယ်၊ ဆဒ္ဒန်ဆင်မင်းဇာတ်မှာ ဘိက္ခုနီမဟာ ဘုရားရှင်ကို ဖူးမြော်ရင်း စူဠသုဘဒ္ဒါဘဝကို အမှတ်ရတယ်၊ တေမိဇာတ်မှာ တေမိမင်းသားဟာ အတိတ်က မင်းဖြစ်ခဲ့ရတဲ့ဘဝနှင့် ငရဲကျခဲ့ရတဲ့ဘဝကို အမှတ်ရတယ်၊ သာဏဝါသီ တိဿထေရ်ဟာ အတိတ်မင်းသားဘဝက သုနေတ္တရှင်ပစ္စေကဗုဒ္ဓါအပေါ် ပြစ်မှား ခဲ့မိတာရယ်၊ ငရဲကျတာရယ်၊ ပြိတ္တာဖြစ်တာရယ် သုံးဘဝကို အမှတ်ရတယ်၊ (ပေတဋ္ဌ၊ ၁၆၄)။

စိတ္တသမ္ဘူတဇာတ်မှာ စိတ္တသုခမိန်ဟာ ဝံလိုင့်ကဲ်ဘဝ၊ သမင်ဘဝ၊ ဒွန်းစဏ္ဍား ဘဝများကို မြင်တယ်၊ သမ္ဘူတသုခမိန်ကတော့ ဘဝအစဉ်အတိုင်းမမြင်ဘဲ ဝံလိုဘဝမျိုး၊ သမင်ဘဝတို့ကိုကျော်လွန်ပြီး ဒွန်းစဏ္ဍားဘဝကိုသာမြင်တယ်၊

http://www.dhammadownload.com



အင်္ဂုတ္တရ၊ ၄၊ ၃၊ ၁၈၉–မှာ ရှေးအခါက ယောကျ်ားတစ်ယောက်ဟာ အစ်ကို့ မယားနှင့် မှားယွင်းကြသတဲ့၊ မယားက လင်ငယ်ကိုချစ်တော့ လင်ကြီးကို အသတ်ခိုင်းလို့ သတ်လိုက်တယ်၊ လင်ကြီးဟာ မယားချစ်တဲ့စိတ်ကြောင့် အဲသည်အိမ်မှာ ကျိုင်းကောင်ဖြစ်တယ်၊ ကျိုင်းကောင်သေပြန်တော့ ခွေးဖြစ်ပြန်တယ်၊ ခွေးဘဝကသေပြန်တော့ နွားဖြစ်ပြန်တယ်၊ နွားဘဝကသေတော့ မယားဟောင်းရဲ့ဝမ်းမှာ ဖြစ်တယ်၊ လူဖြစ်တဲ့ဘဝကျတော့ ဝမ်းတိုက်မှာနေစဉ် ကပင် လေးဘဝလုံး အမှတ်ရကြောင်း ဖွင့်ပြထားတယ်၊ ဓမ္မပဒ၊ ၄၊ ဒုအုပ်၊ သူကရပေါတိကာဝတ္ထုမှာလည်း အမတ်ဏတော် သူကြွယ်သမီး သုမနာဟာ ၁၂–ဘဝတိုင်အောင် (၁) ရှေးဦးစွာ လူ့ဘဝ၊ (၂) ကြက်မဘဝ၊ (၃) ဥဗ္ဗရီ မင်းသမီးဘဝ၊ (၄) ဖြဟ္မာဘဝ၊ (၅) သူဌေးသမီးဘဝ၊ (၆) ဝက်မဘဝ၊ (၇) သုဝဏ္ဏဘုမ္မိ၌ မင်းသမီးဘဝ၊ (၈) ဗာရာဏသီ၌ လူ့ဘဝ၊ (၉) သုပ္ပါရက သင်္ဘောဆိပ်အရပ်၌ မြင်းကုန်သည် ဖြစ်ခဲ့တဲ့ဘဝ၊ (၁၀) ကာဝိရသင်္ဘောဆိပ် လှေသူကြီးအိမ်မှာ ဖြစ်တဲ့ဘဝ၊ (၁၁) သီဟိုဠ်ကျွန်း အနုရာဓမြို့မှာ ဖြစ်ခဲ့တဲ့ ဘဝ၊ (၁၂) ဘောဏ္ဍကဇ္ဈာ သုမနသူကြွယ်ရဲ့ သမီးဖြစ်ခဲ့ရတဲ့ဘဝ၊ ပေါင်း ၁၂ ဘဝအထိ အမှတ်ရကြောင်း ဖွင့်ပြထားတယ်၊ မဟာနိပါတ်နာရဒဇာတ်တော် မှာလည်း ရုစာဒေဝီမင်းသမီးဟာ အတိတ် ၁၂–ဘဝ၊ ပစ္စုပ္ပန် တစ်ဘဝ၊ အနာ ဂတ် တစ်ဘဝ၊ ပေါင်း ၁၄–ဘဝကို အမှတ်ရတယ်၊ ဧကနိပါတ်၊ မတက ဘတ္တဇာတ်မှာ လည်ဖြတ်ခံရမည့်ဆိတ်ဟာ ရှေးဘဝငါးရာအထက်က မတကဘတ်အတွက် ဆိတ်တစ်ကောင် သတ်ခဲ့ဖူးတဲ့ မကောင်းမှုကံကြောင့် ၄၉၉–ဘဝ ခေါင်းဖြတ်ခံခဲ့ရတာကို မြင်တယ်၊ သည်ထက်ပိုတာကိုတော့ မတွေ့မိသေးဘူးကွယ့်”

“ဇာတိဿရဉာဏ်ရဲ့ အသိကိုတော့ သဘောကျပါပြီ၊ ပုဗ္ဗေနိဝါသာ နုဿတိအဘိညာဉ်ရဲ့အသိကိုလည်း အမိန့်ရှိပါဦး”

“ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဟာ ပုဂ္ဂိုလ်အလိုက် မြင်သိပုံချင်း ထူးခြားတယ်ကွယ့်၊ မူလပဏ္ဏာသ၊ ဘယဘေရဝသုတ်မှာ ဘုရားရှင်ရဲ့ ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဉ်ဟာ ဘဝအထောင် ဘဝအသိန်းကိုလည်းကောင်း၊ ပျက်ကပ်၊ ဖြစ်ကပ်များစွာတို့ကိုလည်းကောင်း မြင်သိနိုင်တယ်လို့ ဟောတော်မူတယ်၊

http://www.dhammadownload.com



ရှင်ပစ္စေကဗုဒ္ဓါများမှာတော့ နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း မြင်သိနိုင်သတဲ့၊ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန်တို့ကတော့ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း မြင်သိနိုင်ကြသတဲ့၊ အသီတိ သာဝကတို့မှာတော့ ကမ္ဘာတစ်သိန်းမျှသာ မြင်နိုင်ကြသတဲ့၊ ပကတိသာဝကတို့မှာတော့ ကမ္ဘာအရာ၊ ကမ္ဘာအထောင် မြင်သိနိုင်ကြသတဲ့၊ သာသနာပ တိတ္ထိများမှာတော့ ကမ္ဘာလေးဆယ်အထိသာ မြင်သိနိုင်ကြတယ်၊ ကမ္ဘာလေးဆယ်ကျော်လွန်ပြီး မမြင်သိနိုင်ကြဘူးတဲ့ကွယ်"

"မှန်ပါ၊ ဒီလောက်ဆိုလျှင် ပုဒ်ခွဲ(က) အမေးဟာ ပြေတန်ကောင်းပါပြီ၊ ပုဒ်ခွဲ(ခ) အမေးကို ဖြေတော်မူပါဦး ဘုရား"

"ပုဒ်ခွဲ (ခ) အမေးက ဘာတဲ့၊ ဇာတိဿရဉာဏ်ရသူဟာ သူတစ်ပါးဘဝအစဉ်ကိုပါ သိနိုင်သလားတဲ့၊ ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ဇာတိဿရဉာဏ်ရသူတိုင်း သူတစ်ပါးဖြစ်စဉ်ကို မသိဘူး၊ အချို့ပုဂ္ဂိုလ်များသာ သိတယ်၊ နောက်ကပြခဲ့တဲ့အတိုင်း စိတ္တသမ္ဘူတဇာတ်မှာ သူတို့ညီနောင်နှစ်ပါး ကျင်လည်ခဲ့ကြရတဲ့ဘဝကို မြင်တယ်၊ မာဃသိကြားမင်းဟာ သူ့မယားဟောင်း ဗျိုင်းဖြစ်တာ၊ အိုးထိန်းသည်မဖြစ်တာ၊ အသုရာသမီးဖြစ်တာတွေကိုမြင်တယ်၊ ဒါကြောင့် အချို့ဇာတိဿရဉာဏ်ရသူဟာ သူတစ်ပါးဘဝအစဉ်ကိုပါ မြင်နိုင်တယ်ကွယ့်"

"မှန်ပါ၊ ပုဒ်ခွဲ(ဂ)အရ ဇာတိဿရဉာဏ်ရအောင် ဘယ်လိုလုပ်ရမှာတဲ့လဲ ဘုရား၊ ဖြေတော်မူပါဦး"

"ဇာတိဿရဉာဏ်ရအောင် ဘယ်လိုလုပ်ရမယ်လို့ အတိအကျ ဖော်ညွှန်းထားတာတော့ မတွေ့မိသေးဘူး၊ ဆဒ္ဒန္တဇာတ်မှာ ဆင်မင်းရဲ့ ဒုတိယ မယား စူဠသုဘဒ္ဒါဟာ ဆင်မင်းလှူပ်ခါချပေးတဲ့ အင်ကြင်းပင်က အင်ကြင်းပွင့်ကိုမရဘဲ သစ်ခက်သစ်ရွက်များနှင့် ခါချဉ်ကိုသာ ရတဲ့ရန်ငြိုးနှင့် ကြာပန်းဝေရာမှာလည်း ပွင့်ချပ်(၇)ဆင့်ရှိတဲ့ ပဒုမ္မာကြာပွင့်ကြီးကို သူ့အားမပေးဘဲ မဟာသုဘဒ္ဒါကို ပေးတဲ့ရန်ငြိုးကြောင့် ဆင်မင်းအပေါ်မကျေနိုင်ဘဲ ပစ္စေက ဗုဒ္ဓါများကို သစ်သီးကြီးငယ်ကပ်လှူပြီး အရှင်ဘုရားတို့ အကျွန်ုပ်သည်

http://www.dhammadownload.com



ဤဘဝမှ စုတေသည်ရှိသော် မဒ္ဒရာဇ်မင်းမျိုး၌ဖြစ်၍ သုဘဒ္ဒါအမည်ဖြင့် ဗာရာဏသီမင်း၏ မိဖုရားချစ်ဖြစ်ပြီး ဆဒ္ဒန်ဆင်မင်းရဲ့အစွယ်ကို ဆောင်ယူနိုင်စွမ်း ရှိရပါလို၏လို့ ဆုတောင်းတဲ့အတိုင်း သုဘဒ္ဒါမိဖုရားဖြစ်ပြီး ဇာတိဿရဉာဏ် ကို ရတယ်လို့ ဖော်ပြထားတယ်၊ ဒါကြောင့် ဇာတိဿရဉာဏ် ရချင်လျှင် တစ်စုံတစ်ရာကိုလှူဒါန်းပြီး ဆုတောင်းလျှင် ရနိုင်တယ်ကွယ့်၊ အထူးအားဖြင့် ဇာတိဿရဉာဏ်ဟာ ပုဗ္ဗေနိဝါသာ နုဿတိနှင့် တူတယ်၊ ပုဗ္ဗေနိဝါသာနုဿတိ ဟာလည်း ဒိဗ္ဗစက္ခုနှင့်တူတယ်၊ ဒိဗ္ဗစက္ခုကိုလိုချင်လျှင် မီးလှူရကြောင်း ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၃၈၂–မှာ (ဒိပပူဇံ ကတွာ တတော စုတော ဣဓေဝ နိဗ္ဗတ္တိတွာ) လို့ ပြထားတယ်၊ ဒါကြောင့် ဇာတိဿရဉာဏ်ကို ရချင်လျှင် မီးပူဇော်ပြီး ဆုတောင်းလို့ အဖြေပေးရတော့မှာပေါ့ကွယ်”

“မှန်ပါ၊ သည်လောက်ဆိုလျှင် ဦးတင်ဝင်းရဲ့အမေးဟာ ပြေလောက်ပါပြီ၊ ဦးတင်ဝင်းရဲ့အမေးမှာ မပါသေးတဲ့ မေးခွန်းတစ်ခုကို မေးခွင့်ပြုပါဦးဘုရား”

“ဘာများလဲ မေးစမ်းပါဦး”

“ဇာတိဿရဉာဏ်ရလျှင် ဖြစ်ခဲ့ဖူးတဲ့ ခန္ဓာအစဉ်ကို မြင်တယ်ဆိုတာ တော့ သိရပါပြီ၊ ဖြစ်ခဲ့ဖူးတဲ့ ခန္ဓာအစဉ်ကိုမြင်တဲ့ ဇာတိဿရဉာဏ်ဟာ ဘယ်နှစ်မျိုး ရှိပါသလဲဘုရား”

“ဇာတိဿရဉာဏ်ရသူကတော့ တစ်မျိုးပါပဲ၊ သို့သော်လည်း ကြံစည်ပြီး သိသူကတော့ လေးမျိုးရှိတယ်လို့ သီလက္ခန္ဓ၊ ဋ္ဌ၊ ၉၉–မှာ ပြထားပါတယ်”

“အဲသည် လေးမျိုးကို အမိန့်ရှိပါဦးဘုရား”

“လေးမျိုးက–(၁) အနုဿတိကပုဂ္ဂိုလ်၊ (၂) ဇာတိဿရပုဂ္ဂိုလ်၊ (၃) လာဘီပုဂ္ဂိုလ်၊ (၄) သုဒ္ဓတက္ကိကပုဂ္ဂိုလ်တို့ ဖြစ်ကြတယ်ကွယ့်၊ အနုဿတိက ပုဂ္ဂိုလ်ဆိုတာက သူတစ်ပါးပြောသံ တစ်ဆင့်ကြားဖူးတာနှင့် ထင်မြင်ယူဆတဲ့ ပုဂ္ဂိုလ်၊ ဇာတိဿရပုဂ္ဂိုလ်ဆိုတာက ဇာတိဿရဉာဏ်ရတဲ့ပုဂ္ဂိုလ်၊ လာဘီပုဂ္ဂိုလ်ဆိုတာက အဘိညာဉ်ရတဲ့ပုဂ္ဂိုလ်၊ သုဒ္ဓတက္ကိကပုဂ္ဂိုလ်ဆိုတာက သက်သက်ကြံယူလေ့ရှိတဲ့ ပုဂ္ဂိုလ်များဖြစ်ကြတယ်၊ သည်လေးမျိုးသော ပုဂ္ဂိုလ်

http://www.dhammadownload.com



များကို တက္ကိ(တွေးခေါ်ရှင်ပုဂ္ဂိုလ်) လို့ ဗြဟ္မဇာလသုတ်အဖွင့်မှာ ပြထားတယ်ကွယ့်”

“သည် ဇာတိဿရဉာဏ်ဟာ မွေးကတည်းက ရသလား၊ ဒါမှမဟုတ်၊ နောက်မှရသလားဘုရား”

“ပါဠိမြန်မာ အဘိဓာန်အတွဲ ၈၊ ၈၁–မှာ အချို့ပုဂ္ဂိုလ်များဟာ အမိဝမ်းတွင်းက ဇာတိဿရဉာဏ်ရတယ်၊ အချို့မွေးဖွားပြီးမှရတယ်၊ အချို့ရှေးက နေခဲ့ဖူးတဲ့အရပ် ရောက်တဲ့အခါဖြစ်စေ၊ အကြောင်းတိုက်ဆိုင်တဲ့အခါမှာဖြစ်စေ ရတယ်၊ အချို့ မိမိဘာသာ ဇာတိဿရဉာဏ်မရဘဲ သူတစ်ပါးပြောစကားကို ကြားမှရတာလည်း ရှိတယ်၊ အချို့ဘဝစဉ်မပျက် အောက်မေ့နိုင်တာလည်း ရှိတယ်၊ အချို့တစ်ဘဝကျော်ပြီး အောက်မေ့နိုင်တာလည်း ရှိတယ်လို့ ဖွင့်ပြထားတယ်ကွယ့်”

“မှန်ပါ၊ ဝမ်းသာလှပါပြီ ဘုရား”

“သာဓု–သာဓု–သာဓု”



adownload.com



## ▢ ဗေလုဝစောင်း

"ဟောသည်စာက ဗန်းမောက်မြို့နယ်၊ လုံးကင်းအုပ်စု၊ ကျောက်အိုင်ရွာ မောင်သိန်းမောင်ဆိုသူထံက လျှောက်ထားတဲ့စာပါဘုရား"

'ဘာတွေများ လျှောက်ထားသလဲကွယ့်"

"လျှောက်ထားတာက ပဋ္ဌာသီခနတ်သားတီးတဲ့ ဗေလုဝစောင်းဟာ မာရ်နတ်မင်းရဲ့စောင်းဆိုတာ ဟုတ်ပါသလားတဲ့၊ အကယ်၍ ဟုတ်ခဲ့လျှင် မာရ်နတ်မင်းရဲ့ စောင်းက ဘယ်လိုကြောင့် ပဋ္ဌာသီခဆီ ရောက်သွားပါသလဲတဲ့၊ သည်အကြောင်းကို အများနားလည်အောင် အကျယ်ဖြေဆိုပေးပါတဲ့ ဘုရား"

"ဗေလုဝစောင်းဟာ မာရ်နတ်မင်းရဲ့ စောင်းဆိုတာ ဟုယ်တယ်ကွယ့်၊ မဃဒေဝလင်္ကာသစ်ပုဒ်ရေ ၁၁–မှာ"နတ်ပြည်မိုးမြင့်၊ဘုံခြောက်ဆင့်က၊ မာရ်မင်းစောင်းရင်း၊ ဥဩချစ်ဆင်းကို၊ ဝင်းဝင်းပိုက်ကာ၊ ငြိမ်းအေးစွာလျှင်၊ ဂါထာဆယ့်ငါး၊ မြွတ်စွာကြားအောင်၊ ဘုရားလူ့ဘုံ၊ သမ္ဗုဒ္ဓ၏၊ ဣန္ဒသာလာ၊ ဂုဟာနီးကပ်၊ သာတင့်ရပ်က၊ ဂန္ဓဗ်သနင်း၊ သျှောင်ငါးကွင်းနှင့်၊ နတ်မင်းပဋ္ဌသီ၊ ဒေဝီရောင်ပ၊ သူရိယစစ်၊ မ–မာန်ရစ်လျက်၊ လက်ရစ်သံစုံ၊ ဥဩုံမချို၊ ငွေညိုခုနစ်ချောင်း၊ သံစုံညှောင်းလျက်၊ သံမောင်းသံညင်း၊ မတင်းမလျော့၊ လက်ကုန်ဆော့၍၊ ရှင်တော်ထံမှောက်၊ ကျူးသီရောက်သို့"လို့ အတိအလင်းစပ်ဆိုထားတယ်"

http://www.dhammadownload.com



"မှန်ပါ–မာရ်နတ်မင်းရဲ့စောင်းက ဘယ်လိုကြောင့် ပဉ္စသီခဆီ ရောက်သွားပါသလဲဘုရား"

"မာရ်နတ်မင်းရဲ့စောင်း ပဉ္စသီခဆီ ရောက်သွားပုံကို သုတ္တနိပါတ်ပဓာနသုတ်ကို အကျဉ်းချုပ်ပြီး ပြောပြရသေးတာပေါ့"

"မှန်ပါ– မိန့်တော်မူပါဘုရား"

"အခါတစ်ပါး ဘုရားရှင်ဟာ ဂန္ဓကုဋိတိုက်အတွင်း သီတင်းသုံးတော်မူရင်း ခြောက်နှစ်ပတ်လုံး ငါကျင့်သုံးခဲ့တဲ့ ဒုက္ကရစရိယ အကျင့်မြတ်ကို ရဟန်းတို့အား ဟောကြားတော်မူမယ်လို့ အကြံတော်ဖြစ်သတဲ့၊ အကြံတော်ဖြစ်ပြီး ဂန္ဓကုဋိတိုက်ကထွက်၊ ဘုရားနေရာတော်ထက် စံပယ်တော်မူကာ ပဓာနသုတ်ကို ဟောတော်မူတယ်ကွယ့်"

"ဘယ်လို ဟောတော်မူပါသလဲဘုရား"

"ဘုရားအလောင်းတော်ဟာ နေရဉ္စရာမြစ်ကမ်းနားမှာ ကမ္မဋ္ဌာန်းတရားအားထုတ်နေတယ်၊ အစာအာဟာရကိုပစ်ပြီး အလွန်အားထုတ်တဲ့အတွက် အသားအသွေးများ ခန်းခြောက်လာတယ်၊ သည်အချိန်မှာ မာရ်နတ်ဟာ ဘုရားလောင်းကိုကြည့်ပြီး အကြံဖြစ်လာသတဲ့၊ သည်မင်းသားဟာ အလွန်အားထုတ်နေတယ်၊ ငါ့နယ်ကလွတ်သွားမှာ စိုးရိမ်ရတယ်၊ ကမ္မဋ္ဌာန်းအားထုတ်မှု လျော့သွားအောင် ပြောဦးမှ တော်မှာပဲလို့ တရားအားထုတ်နေတဲ့ ဘုရားလောင်းထံ ချဉ်းကပ်ပြီး–"အရှင်ဘုရား၊ အရှင်ဟာ ပိန်နေပြီ၊ သည်နည်းအတိုင်းသာ အားထုတ်နေရင် သေမှာ မလွဲတော့ဘူး၊ သတ္တဝါဟာ သေပြီးလျှင် ဘာမျှမလုပ်နိုင်တော့ဘူး၊ အသက်ရှိနေသေးလျှင် ကုသိုလ်တရားတွေ အများကြီး ပြုလုပ်နိုင်သေးတယ်၊ တရားအားထုတ်နေလို့ ဘာလုပ်မှာလဲ၊ တရားအားထုတ်ရတယ်ဆိုတာ အလွန်ခက်တယ်၊ ပြုဖို့လဲခက်တယ်၊ ဖြစ်ဖို့လဲခက်တယ်" လို့ပြောတယ်၊ ဘုရားအလောင်းက စကားပြောတာ ဘယ်သူလဲလို့ ကြည့်လိုက်တော့ မြင်ရုံနှင့် မာရ်နတ်မှန်းသိတယ်၊ ဒါကြောင့် ဘုရားလောင်းက "မာရ်နတ်၊ သည်ကို သင် လာတာဟာ သင့်အကျိုးအတွက် လာခြင်းဖြစ်တယ်၊ သည်နေရာမှာ သင်နားလည်အောင် ငါပြောပြလိုက်မယ်၊ ငါ တရားအားထုတ်နေတာဟာ ကုသိုလ်လိုချင်လို့ မဟုတ်ဘူး၊ ကုသိုလ် အကုသိုလ်တွေ ကုန်ခန်းစေချင်လို့

http://www.dhammadownload.com



ဖြစ်တယ်၊ ကုသိုလ်လိုချင်လျှင် ကုသိုလ်ဘုံမှာ ရုပ်နာမ်အသစ် ဖြစ်လိမ့်မယ်၊ အကုသိုလ်လိုချင်လျှင် အကုသိုလ်ဘုံမှာ ရုပ်နာမ်အသစ် ဖြစ်လိမ့်မယ်၊ ငါဟာ ရုပ်နာမ်အသစ်ဖြစ်မှုကို မလိုချင်ဘူး၊ ဒါကြောင့် ကုသိုလ်ကို မလိုချင်ဘူး၊ မာရ်နတ်ယုတ်–ငါ့မှာသဒ္ဓါရှိတယ်၊ ဝီရိယရှိတယ်၊ ပညာရှိတယ်၊ ရုပ်နာမ်ရဲ့ ငြိမ်းအေးမှု(နိဗ္ဗာန်)ကို ရည်မှန်းတယ်၊ ဘာကြောင့် အသက်ရှင်ခြင်းကို ငါ့အား မေးနေသလဲ၊ ငါ့ရဲ့ဝီရိယအဟုန်ဟာ မြစ်ရေကိုပင် ခန်းစေနိုင်တယ်၊ ငါ့ရဲ့ သွေးကို ဘာ့ကြောင့် မခန်းစေဘဲရှိမလဲ၊ သွေးခန်းလျှင် သည်းခြေ သလိပ် တို့လည်းခန်းခြောက်တယ်၊ သည်းခြေသလိပ် ခန်းခြောက်ရင် အသားလည်း ခန်းခြောက်တယ်၊ သို့သော်လည်း စိတ်က ရှေးကထက် လွန်စွာ ကြည်လင်တယ်၊ သတိလည်း ကောင်းလာတယ်၊ ပညာ၊ သမာဓိတို့လည်း- အလွန် ကောင်းလာတယ်၊ ငါ့ရဲ့စိတ်ဟာ ကာမတို့ကို အလိုမရှိဘူး။

ဟယ်–မာရ်နတ်ယုတ်၊ သင့်ထံမှစေလွှတ်သော မာရ်နတ်စစ်သည် ဆယ်ဦးကို ငါမြင်ပြီ၊ ပထမစစ်သည်ကား– လိုချင်မှု(ကာမ)တရား ဖြစ်တယ်။

| | |
|---|---|
| ဒုတိယစစ်သည်ကား– | ကမ္မဋ္ဌာန်း မမွေ့လျော်ခြင်း(အရတိ) တရား ဖြစ်တယ်။ |
| တတိယစစ်သည်ကား– | မွတ်သိပ်ဆာလောင်ခြင်း (ခုပ္ပိပါသ) တရား ဖြစ်တယ်။ |
| စတုတ္ထစစ်သည်ကား– | တပ်နှစ်သက်မှု(တဏှာ)တရား ဖြစ်တယ်။ |
| ပဉ္စမစစ်သည်ကား– | ထိုင်းမှိုင်းခြင်း(ထိနမိဒ္ဓ) တရားဖြစ်တယ်။ |
| ဆဋ္ဌမစစ်သည်ကား– | ကြောက်ရွံ့ခြင်း (ဘီရု)တရားဖြစ်တယ်။ |
| သတ္တမစစ်သည်ကား– | ယုံမှားခြင်း(ဝိစိကိစ္ဆာ) တရားဖြစ်တယ်။ |
| အဋ္ဌမစစ်သည်ကား– | သူ့ကျေးဇူးကို ချေဖျက်ခြင်း(မက္ခ) တရား ဖြစ်တယ်။ |
| နဝမစစ်သည်ကား– | လာဘ်ကျော်စောခြင်း၊ အခြံအရံပေါ်များခြင်း (လာဘ–သိလောက)ဖြစ်တယ်။ |
| ဒသမစစ်သည်ကား– | မိမိကိုယ်ကို ချီးမြှောက်ခြင်း၊ သူတစ်ပါးအား ရှုတ်ချခြင်း(အတ္တုက္ကံသန/ပရဝမ္ဘန) တရား |

http://www.dhammadownload.com



ဖြစ်တယ်။

ဤ ဆယ်ပါးသော တရားများဟာ သင်မာရ်နတ်ထံမှ စေလွှတ်အပ်သော မာရ်နတ်စစ်သည်တို့ဖြစ်ကြတယ်၊ ဟယ်–မာရ်နတ်ယုတ်၊ သင့်ရဲ့စစ်သည်တွေဟာ အလွန်အားကောင်းတယ်၊ မရဲရင့်သူဟာ သင့်ရဲ့စစ်သည်များကို မအောင်မြင်နိုင်ဘူး၊ ငါဟာ ရဲရင့်သူဖြစ်လို့ သင့် စစ်သည်များထံ လက်နက်မချဘူး၊ စစ်ရှုံးပြီး အသက် ရှင်နေခြင်းဟာ စက်ဆုတ်ဖွယ်ဖြစ်တယ်၊ စစ်တိုက်ရင်း သေရခြင်းက မြတ်တယ်"

"ဟယ်–မာရ်နတ်ယုတ်၊ ငါဟာ သင့်ရဲ့စစ်သည်အပေါင်းကို မကြောက်လို့ သင့်ကို စစ်ဆိုင်ရန် ရင်ဆိုင်ထွက်ခဲ့တယ်၊ သင့်ရဲ့စစ်သည်တွေဟာ အလွန်အစွမ်းထက်ကြတယ်၊ လောကမှာ သင့် စစ်သည်တွေကို ခုခံနိုင်မည့်သူမရှိဘူး၊ သို့သော်လည်း ငါကတော့ မီးမဖုတ်ရသေးတဲ့ မြေခွက်တွေကို ကျောက်ဖြင့် ထုနှက် ခွဲဖျက်လိုက်သလို သင့်ရဲ့ စစ်သည်တွေကို ပညာလက်နက်ဖြင့် ထုနှက်ဖျက်ဆီးပစ်မယ်"

"ငါဟာ မှန်ကန်တဲ့ **ကြံစည်မှု၊** မှန်ကန်တဲ့ **အောက်မေ့မှု** ကို ဖြစ်စေ၍ တပည့်သာဝကတို့ကို ဆုံးမရန် တိုင်းပြည်တစ်ခုမှ တိုင်းပြည်တစ်ခုသို့ လှည့်လည်မယ်၊ ငါ့ရဲ့အဆုံးအမကို လိုက်နာကြတဲ့ တပည့်သာဝကတို့ဟာ နိဗ္ဗာန်ကို ရောက်ကြလိမ့်မယ်"လို့ ဘုရားရှင်က မိန့်တော်မူလိုက်တယ်။

သည်အခါ မာရ်နတ်ရဲ့စိတ်ထဲမှာ မချမ်းမသာဖြစ်သွားတယ်၊ ဘုရားလောင်းရဲ့ မှားယွင်းချက်တစ်ခုခုတော့ တွေ့ရမှာ အမှန်ပဲလို့ ယုံကြည်ပြီး ဘုရား လောင်း တောထွက်သည်ကစပြီး ၆–နှစ်တိုင်တိုင် စောင့်ကြည့်ခဲ့တယ်၊ တစ်စုံ တစ်ခုသော ချို့ယွင်းချက်ကိုမျှ မတွေ့ခဲ့ရဘူး၊ ဘုရားဖြစ်ပြီးနောက် တစ်နှစ် လိုက်ကြည့်ပြန်တယ်၊ ချို့ယွင်းချက် တစ်ခုမှမမြင်ဘူး၊ ဒါကြောင့် မာရ်နတ်ရဲ့ စိတ်ဓာတ်ဟာ ကျသွားတယ်၊ ကျီးကန်းဟာ အဆီအခဲနှင့်တူတဲ့ ကျောက်ဖြူခဲကို စားမယ်ရယ်လို့ ထိုးဆိတ်တဲ့အခါ ထိုးဆိတ်မရတော့ လက်လျှော့ပျံသွားရသလို မာရ်နတ်လည်း ဘုရားရှင်အပေါ် လက်လျှော့ပြန်သွားတယ်၊ ပြန်တဲ့အခါ အလွန် စိတ်မချမ်းမသာ ဖြစ်နေတဲ့အတွက် လက်ကတီးကြား(ချိုင်းကြား)မှာ ညှပ်ယူလာတဲ့ စောင်းကြီး ကျကျန်ရစ်တာတောင် မသိရှာတော့ဘဲ အဲသည်နေရာက သူဟာ ကိုယ်ရောင်ဖျောက်သွားတယ်ပေါ့၊

http://www.dhammadownload.com



စောင်းကြီးကိုလည်း ပြန်လာ မကောက်တော့ဘူး၊ သည်အချိန် ဘုရားဖူးလာတဲ့ သိကြားမင်းက စောင်းကြီးကို တွေ့လို့ ပဉ္စသိခနတ်သားကို ယူပေးလိုက်တယ်တဲ့၊ သည်အကြောင်းကို သုတ္တနိပါတ် အဋ္ဌကထာ ၁၂၁–မှာ (**ယံ ဂဟေတွာ သက္ကော ပဉ္စသိခဿ အဒါသိ**) လို့ ဖွင့်ပြထားတယ်ကွယ့်"

"မှန်ပါ–မာရ်မင်းစောင်းရင်း၊ ဥဿျစ်ဆင်းကို ဆိုတဲ့အတိုင်း ပဉ္စသိခရဲ့ စောင်းဟာ မာရ်နတ်ရဲ့စောင်းရင်းဆိုတာတော့ သဘောပေါက်ပါရဲ့၊ ဒါပေမယ့် ကောင်းကောင်းတော့ ဘဝင်မကျဘူးဘုရား"

"ဘာကို ဘဝင်မကျတာလဲကွယ့်"

"မာရ်နတ်မင်း စိတ်မချမ်းမသာ ဖြစ်သွားတာနှင့် လက်ကတီးကြား (ချိုင်းကြား)က စောင်းကြီး လွတ်ကျသွားတာဟာ မသိလိုက်ဘူးဆိုတာ တယ်တော့ ဘဝင်ကျစရာ မကောင်းလှပါဘူးဘုရား"

"စိတ်ဆိုတာ အာရုံတစ်ခုကိုသာ ယူနိုင်တယ်၊ အာရုံနှစ်ခု သုံးခု မယူနိုင်ဘူး၊ မာရ်နတ်ဟာ ဘုရားရှင် သူ့နယ်က လွတ်သွားတဲ့အတွက် ဘုရားရှင်ကို အာရုံပြုနေတယ်၊ စောင်းကို အာရုံမပြုမိဘူး၊ ဒါတွင်မကဘူး၊ သဂါထာဝဂ္ဂ သံယုတ်၊ ဂေါဓိကသုတ်–ပါ၊ ၁၂၃–မှာလည်း–

တဿ သောကပရေတဿ၊ ဝီဏာ ကစ္ဆာ အဘဿထ။

တတော သော ဒုမ္မနော ယက္ခော၊ တတ္ထေဝန္တရဓာယထာ...တိ–

လို့ပြထားသေးတယ်ကွယ့်"

"အဲသည်ဂါထာက ဘယ်လို အဓိပ္ပာယ်ပါလဲဘုရား"

"ပူဆွေးခြင်းဖြင့် နှိပ်စက်သော ထိုမာရ်နတ်၏ လက်ကတီးကြား (ချိုင်းကြား)မှ စောင်းသည် လျောကျလေ၏၊ ထို့နောက်မှ မာရ်နတ်သည် နှလုံးမသာ မယာဖြစ်၍ ထိုအရပ်၌ပင် ကွယ်ပျောက်လေ၏လို့ ဆိုတယ်ကွယ့်"

"မာရ်နတ်က ဘာကြောင့် နှလုံးမသာယာတာလဲ၊ အဲဒါ မရှင်းပါဘူး၊ စာဖတ်သူနားရှင်းအောင် နည်းနည်း ဆက်ပေးဦးမှ ထင်ရဲ့ဘုရား"

"ခပ်တိုတို ဆက်ကြစို့ကွယ်"

"မှန်ပါ–ဆက်ပေးပါဦး ဘုရား"

"ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်

http://www.dhammadownload.com



မူစဉ်အခါက အရှင်ဂေါဓိကထေရ်ဟာ ဣသိဂိလိတောင်ယံမှာ သီတင်းသုံး နေတယ်၊ အရှင်ဂေါဓိကဟာ ဈာန်ရတဲ့ ဈာနလာဘီပုဂ္ဂိုလ်ဖြစ်လို့ ဈာန်သမာ ပတ်တရားကို မပြတ် ဝင်စားတယ်၊ အဲသည်အချိန်မှာ ရောဂါတစ်ခု ကပ်ရောက်လာတဲ့အတွက် ဈာန်ဝင်စားလိုက်၊ ဈာန်လျှောလိုက်နှင့် (၆)ကြိမ်အထိ ဖြစ်နေတယ်၊ (၇)ကြိမ်မြောက်မှာတော့ ဈာန်ဝင်စားပြီး သည်လိုအကြံဖြစ်သတဲ့၊ "ငါဟာ ဈာန်လျှောကျတာ (၆)ကြိမ်ရှိသွားပြီ၊ ဈာန်လျှောပြီး ကွယ်လွန်ခဲ့လျှင် ဂတိမမြဲဘူး၊ ဒါကြောင့် ဈာန်မလျှောခင် ငါ့ကိုငါ စီရင်မှတော်မယ်လို့ သင်တုန်းဓားနှင့် လည်မျိုကိုဖြတ်ဖို့ ညောင်စောင်းမှာ အိပ်တယ်၊ သည်အချိန် မှာ မာရ်နတ်က အရှင်ဂေါဓိကရဲ့အကြံကို သိတယ်၊ သည်ပုဂ္ဂိုလ်ဟာ အသက် ခန္ဓာအပေါ် ငဲ့ကွက်ခြင်းကင်းတယ်၊ ဝိပဿနာပွားပြီး ရဟန္တာဖြစ်နိုင်တယ်၊ သူ့ကိုယ်ကို မသတ်ဖို့ ငါ တားမြစ်လို့ ရမှာမဟုတ်ဘူး၊ ဘုရားရှင်ကို လျှောက် မှပဲလို့ မထင်ရှားတဲ့အသွင်ဖြင့် ဘုရားရှင်ထံ ချဉ်းကပ်ပြီး "အရှင်ဘုရား– အရှင့်တပည့် ဂေါဓိကဟာ သူ့ကိုယ်သူ စီရင်ဖို့အားထုတ်နေပါတယ်၊ အချိန်မီ တားတော်မူပါ"လို့ လျှောက်တယ်၊ အဲသည်အချိန်မှာပဲ အရှင်ဂေါဓိက ကလည်း သူ့ကိုယ်သူစီရင်ပြီး ဝေဒနာအပေါ် ဝိပဿနာရှုတဲ့အတွက် ပရိနိဗ္ဗာန်စံဝင်တော် မူတယ်၊ ဒါကြောင့် ဘုရားရှင်က ဂေါဓိကဟာ အမြစ်နှင့်တကွသော တဏှာ ကို အကြွင်းမဲ့နုတ်ပြီး ပရိနိဗ္ဗာန် စံဝင်ပြီလို့ မိန့်တော်မူလိုက်တော့ မာရ်နတ်ဟာ စိတ်ပျက်ပြီး လက်ကတီးကြား (ချိုင်းကြား)က စောင်းလွတ်ကျကာ အဲသည် နေရာမှာပင် ပျောက်ကွယ်သွားတယ်လို့ ဓမ္မပဒ–ဋ္ဌ၊ ပ၊ ၂၇၂–၂၇၄–မှာရော၊ သဂါထာဝဂ္ဂသံယုတ်မှာရော ပြဆိုထားတယ်"

"သည်လိုဆို စိတ်မချမ်းသာတာနှင့် စောင်းလွတ်ကျတာ နှစ်ကြိမ်ပေါ့ ဘုရား"

"ဟုတ်တယ်ကွယ့်၊ နှစ်ကြိမ်"

"ဘယ်အကြိမ်က ဦးစွာကျပါသလဲဘုရား"

"ပထမစောင်းလွတ်ကျတာက ဘုရားဖြစ်ပြီး ပထမဝါ မဆိုမီအချိန်ကိုး ကွယ့်၊ ဒုတိယ စောင်းလွတ်ကျတာကတော့ ဘုရားရှင် ရာဇဂြိုဟ်မှာ ဒုတိယ ဝါဆိုစဉ်ဖြစ်တယ်၊ သည်လို ချိန်ထိုးကြည့်လိုက်တော့ ဂေါဓိကသုတ်မှာ

http://www.dhammadownload.com



စောင်းလွတ်ကျတာက ဒုတိယ၊ ပဓာနသုတ်မှ စောင်းလွတ်ကျတာက ပထမ လို့ ဆိုရမှပေါ့”

“ပထမ လွတ်ကျတဲ့စောင်းကို သိကြားမင်းက ကောက်ယူပြီး ပဉ္စသိခကို ပေးလိုက်ပြီး ဒုတိယလွတ်ကျတဲ့စောင်းက ဘယ်ကပြန်ရတာလဲဘုရား”

“မာရ်နတ်မင်းဟာ နတ်ပြည်ခြောက်ထပ်မှာ အမြင့်ဆုံးအထပ်ဖြစ်တဲ့ ပရနိမ္မိတဝသဝတ္တီ နတ်ပြည်ဘုံသားဖြစ်တယ်၊ (ပရနိမ္မိတ ဝသဝတ္တီ) ဆိုတာက သူတစ်ပါး ဖန်ဆင်းထားသော ပစ္စည်းကို မိမိအလိုသို့ လိုက်စေတတ်တယ်လို့ အနက်ထွက်တယ်၊ သည်အနက်ကို နားလည်လွယ်တဲ့စကားနှင့် ပြောရလျှင် ဘယ်သူပိုင်ပစ္စည်းပင်ဖြစ်စေ သူက ရချင်တယ်ဆိုလျှင် သူပိုင်ပစ္စည်းအဖြစ် ရောက်ရတယ်လို့ ဆိုလိုတယ်၊ သည်တော့ စောင်းအတွက်နဲ့ပတ်သက်ပြီး မာရ်နတ်ဟာ သည်စောင်းကို ဘယ်ကရတာလဲ၊ စောင်းပြုလုပ်သူက ဘယ်သူလဲ စတဲ့ ပြဿနာတွေတော့ မေးဖို့ မလိုတော့ပါဘူး၊ ဘယ်သူ့စောင်းပင် ဖြစ်စေ၊ ဘယ်သူလုပ်တာပင်ဖြစ်စေ မာရ်နတ်က သူရချင်လျှင် သူ့စောင်းအဖြစ် ရောက်လာတာကိုးကွယ့်၊ မဟုတ်ဘူးလား”

“ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ဘဝင်တော့ ကောင်းကောင်း မကျချင်သေးဘူး ဘုရား”

“ဘာများ ဘဝင်မကျပြန်တာလဲကွယ့်”

“တခြားမဟုတ်ပါဘူး၊ နတ်ဘဝ၊ နတ်လောကဆိုတာ ကံရှင်တွေ စံပျော်ရာ လောကမို့ ဘာမဆို ပြည့်စုံပြီး ဖြစ်သင့်တာပေါ့ဘုရား၊ ပဉ္စသိခ နတ်သားဟာ ဂန္ဓဗ္ဗနတ်သဘင်မျိုးရိုး၊ စောင်းပါရဂူတစ်ယောက် ဖြစ်ပါလျက်နှင့် ကိုယ်ပိုင် စောင်းမရှိဘဲ သူတစ်ပါးစောင်းကို တီးနေရတယ်ဆိုတာဟာ ဘဝင်မကျစရာဖြစ်နေတာပေါ့ဘုရား”

“ဟုတ်တယ်၊ ဘဝင်မကျစရာပါပဲ၊ အဋ္ဌကထာဆရာကလဲ ဘဝင်မကျဘူး၊ သုတ္တနိပါတ အဋ္ဌကထာ ၁၂၁–မှာ–(သင်္ဂီတိကာရကာ အဟံသု တိ ဓေော၊ အမှာကံ ပနေတံ နက္ခမတီတိ)လို့ မှတ်ချက်ပြုထားခဲ့တယ်ကွယ့်”

“မှန်ပါ၊ အဲသည် မှတ်ချက်ရဲ့ အဓိပ္ပာယ်က ဘယ်လိုပါလဲ ဘုရား”

“မှတ်ချက်ရဲ့အဓိပ္ပာယ်က သည်ဇာတ်လမ်းကို သင်္ဂါယနာဆရာအရှင်

http://www.dhammadownload.com



တို့ မိန့်ဆိုကြကြောင်း အချို့က ဆိုကြပါတယ်တဲ့၊ သို့သော်လည်း အဋ္ဌကထာ ကျမ်းပြုရှင် ဗုဒ္ဓဃောသရဲ့အလိုအားဖြင့် အဲသည်စကားရပ်ကို မနှစ်သက်ဘူး လို့ ဆိုလိုတယ်ကွယ့်"

"အဋ္ဌကထာဆရာက သူမနှစ်သက်ပါပဲနှင့် ဘာကြောင့် ရေးထည့်ထား တာလဲဘုရား"

"ရှေးဆရာတော်များ အစဉ်အဆက် လက်ခံ ပြောဆိုလာတဲ့ စကားကို မပယ်လိုလို့ ရေးထည့်ထားတာပေါ့၊ အမှန်တော့ သည်ဇာတ်လမ်းတွေဟာ ကျင့်ရာကျင့်ကြောင်းနှင့် မသက်ဆိုင်ပါဘူး၊ ပါဠိတော် တစ်ခုနှင့်တစ်ခု ဆက်စပ် တဲ့နေရာမှာ အထောက်အကူ ပြုစေနိုင်တဲ့အတွက် ထည့်သွင်းထားခြင်း ဖြစ်တယ် လို့ မှတ်တာပေါ့ကွယ်"

"မှန်ပါ၊ နားရှင်းပါပြီ၊ အနည်းငယ် လျှောက်ထားခွင့်ပြုတော်မူပါဦး"

"လျှောက်ပါဦး၊ ဘာများလဲကွယ့်"

"ပဋ္ဌသီခရဲ့စောင်းဟာ မာရ်နတ်ရဲ့စောင်းရင်းဆိုတာကတော့ ဟုတ်ပါ ပြီ၊ သည်စောင်းရဲ့အခြင်းအရာက ဘယ်လိုပါလဲဘုရား"

"သုတ်မဟာဝါ သက္ကပဉှာသုတ်အရဆိုလျှင် သည်စောင်းဟာ သိကြား မင်း ဘုရားရှင်ထံ ဖူးမြော်ခွင့်ရအောင် ဆက်သွယ်ပေးတဲ့ အောင်သွယ်စောင်း ဖြစ်တယ်၊ ဒါကြောင့် သည်စောင်းရဲ့အခြင်းအရာကို သက္ကပဉှာသုတ် အဋ္ဌကထာမှာ အကျယ်ဖွင့်ပြထားတယ်၊ သည်စောင်းဟာ ဥသျှစ်သီးမှည့်အဆင်းကဲ့သို့ ဝါဝင်း တဲ့အဆင်းရှိသတဲ့၊ စောင်းခွက်ဟာ ရွှေသားဖြင့်ပြီးသတဲ့၊ စောင်းလက်ရုံးက ဣန္ဒနီလာ ပတ္တမြားညိုဖြင့် ပြီးသတဲ့၊ စောင်းညှို့တို့ကတော့ ငွေသားဖြင့် ပြီးကြသတဲ့၊ စောင်းညှို့ကို ဖွဲ့ရစ်ကြတဲ့ ကြိုးငယ်များက သန္တာဖြင့် ပြီးကြ သတဲ့၊ စောင်းခွက်က တစ်ဂါဝုတ်ရှိတယ်၊ လျှို့ဖွဲ့တဲ့အရပ်က တစ်ဂါဝုတ်ရှိတယ်၊ စောင်းလက်မှာတပ်တဲ့ အကွပ်က တစ်ဂါဝုတ်ရှိတယ်၊ အားလုံး စောင်းရဲ့ ကိုယ် ထည်ဟာ ၃-ဂါဝုတ်ရှိတယ်၊ တစ်ကြိမ်တီးလျှင် ၄-လကြာမှ အသံစဲတယ်၊ ကိုင်း-ဒါဟာ ဗေလုဝစောင်းရဲ့ အခြင်းအရာပဲ၊ ဘာများ မေးစရာကျန်သေး သလဲ"

"မှန်ပါ-မကျန်တော့ပါဘူး၊ ဝမ်းသာလှပါပြီ ဘုရား"

"သာဓု-သာဓု-သာဓု"

hammadownload.com



## ❑ နတ်မင်းကြီးလေးပါး

"ဟောသည်စာက ကသာမြို့၊ သူကြီးဟောင်း ဦးဘခိုင်ထံက လျှောက်ထားတဲ့ စာပါဘုရား"

"ဦးဘခိုင်က ဘာများ လျှောက်ထားသလဲကွယ့်"

"ဦးဘခိုင်လျှောက်ထားပုံကို တပည့်တော် ဖတ်လျှောက်ပါရစေ ဘုရား"

"အင်း-အင်း- ဖတ်လျှောက်စမ်းပါဦး"

"ကသာမြို့၊ မြို့သူကြီးဟောင်း ဦးဘခိုင် ရှိသေစွာ လျှောက်ထားပါသည် ဘုရား၊ ဘုရားပွင့်တော်မမူမီ အချိန်ကစ၍ သာသနာတော်စောင့် နတ်မင်းကြီးလေးပါးရှိကြောင်း သိရပါသည်ဘုရား၊ ၎င်း နတ်မင်းကြီးလေးပါးသည် ဘုရား ပွင့်တော်မမူခင် သာသနာပအချိန်နှင့် ဘုရားပွင့်တော်မူပြီး သာသနာတွင်းအချိန်၊ ဘုရားပွင့်တော်မူပြီးနောက် ယခုအချိန်ထိ သာသနာတော်ကြီးအား မည်ကဲ့သို့ စောင့်ရှောက်ကြသည်ကို ရှင်းလင်းပေးတော်မူပါရန် ရှိသေစွာ လျှောက်ထားပါသည်ဘုရားတဲ့၊ ဦးဘခိုင်ရဲ့လျှောက်ထားချက်ကတော့ ဒါပါပဲ ဘုရား၊ အဖြေကို အမိန့်တော်ရှိပါဦး"

**"ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော။ ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ"** လို့ အာဋာနာဋိယသုတ်မှာ ဟောတော်မူသည့်အတိုင်း

http://www.dhammadownload.com



မြင်းမိုရ်တောင်ရဲ့အရှေ့မျက်နှာ၊ အလျားအနံ ယူဇနာတစ်ထောင်ကျယ်တဲ့ နတ်မြို့မှာ ဓတရဋ္ဌနတ်မင်းကြီးနေတယ်၊ ဂန္ဓဗ္ဗခေါ်တဲ့ ကချေသည် နတ်များနှင့် မြင်းမိုရ်တောင်ရဲ့အရှေ့ဘက် စကြဝဠာအတွင်း နေထိုင်ကြတဲ့ ဘုမ္မစိုး၊ ရုက္ခစိုး၊ နတ်အမျိုးမျိုးတို့ကို အစိုးရတယ်၊ ဝိရုဠ္ဍကနတ်မင်းက မြင်းမိုရ်တောင်ရဲ့ တောင်မျက်နှာအရပ် အလျား အနံ ယူဇနာတစ်ထောင်စီကျယ်တဲ့ နတ်မြို့မှာ နေတယ်၊ ကုမ္ဘဏ်မျိုးဖြစ်တဲ့ နတ်များနှင့် မြင်းမိုရ်တောင်ရဲ့ တောင်ဘက် စကြဝဠာအတွင်း နေထိုင်ကြတဲ့ နတ်အမျိုးမျိုးတို့ကို အစိုးရတယ်၊ ဝိရူပက္ခနတ်မင်းက မြင်းမိုရ်တောင်ရဲ့ အနောက်မျက်နှာအရပ် အလျား အနံ ယူဇနာ တစ်ထောင်စီကျယ်ဝန်းတဲ့ နတ်မြို့မှာ နေထိုင်တယ်၊ မြင်းမိုရ်တောင်ရဲ့ အနောက်ဘက် စကြဝဠာအတွင်း နေထိုင်ကြတဲ့ နတ်နဂါးနှင့် အခြားနတ် အမျိုးမျိုးကို အစိုးရတယ်၊ ကုဝေရနတ်မင်းက မြင်းမိုရ်တောင်ရဲ့ မြောက်မျက်နှာအရပ် အလျားအနံ ယူဇနာ တစ်ထောင်စီကျယ်ဝန်းတဲ့ နတ်မြို့မှာ နေထိုင်တယ်၊ မြင်းမိုရ်တောင်ရဲ့ မြောက်ဘက် စကြဝဠာအတွင်း နေထိုင်ကြတဲ့ နတ်ဘီလူးများနှင့်တကွ နတ်အမျိုးမျိုးတို့ကို အစိုးရတယ်။

သည်စာတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့ဟာ လောကကို စောင့်ရှောက်တတ်လို့ လောကပါလ နတ်မင်းကြီးလေးပါးလို့ ခေါ်ရတယ်၊ ပရိတ်ကြီးပါဠိမှာလည်း "စတ္တာရော တေ မဟာရာဇာ၊ လောကပါလ ယသဿိနော" လို့ပြဆိုထားတယ်၊ ဒီနေရာမှာ နတ်မင်းကြီးလေးပါးတို့ကို လောကကို စောင့်တယ်သာဆိုတယ်၊ ဦးဘခိုင်လျှောက်ထားသလို သာသနာတော်ကို စောင့်တယ်လို့ မဆိုဘူး၊ လောကကိုစောင့်ခဲ့သော် ဘယ်လောကကိုစောင့်တာလဲ၊ လူ့လောကကို စောင့်တာလား၊ နတ်လောကကိုစောင့်တာလား၊ သာသနာလောကကို စောင့်တာလားလို့ မေးစရာ ပေါ်လာတယ်၊ သည်အဖြေကိုတော့ ၅၅၀–ဧကနိပါတ်၊ ကုလာဝက ဇာတ်မှာ ဟောထားတာရှိတယ်၊ မြင်းမိုရ်တောင်အောက်မှာနေကြတဲ့ အသူရာများဟာ သခွတ်ပွင့် ချိန်ရောက်ခဲ့လျှင် တာဝတိံသာနတ်များက သူတို့ကို ရက်စက်တာကို တွေးမိပြီး မကျေနိုင်ကြလို့ စစ်သည်အလုံးအရင်းနှင့် တာဝတိံသာကိုတက်ပြီး စစ်ပြုကြတယ်၊ အသူရာတို့ဘေးရန်ကို ကာကွယ်ရန် အသူရာပြည်နှင့် တာဝတိံသာ

http://www.dhammadownload.com



အကြားမှာ အစောင့်အရှောက် ငါးရပ်ချထားတယ်၊ အဲသည်အစောင့်အရှောက် ငါးရပ်ကို မြင်းမိုရ်တောင်ရဲ့ အာလိန်ငါးဆင့်လို့ ခေါ်ကြတယ်၊ သည်အကြောင်းကို ကုလာဝကဇာတ်တော်မှာ "အန္တရာ ဒွိန္နံ အယုဇ္ဈပုရာနံ ပဉ္စဝိဓာ ဌပိတာ အဘိရက္ခာ၊ ဥရဂေါ ကရောဋိ ပယဒဘာရီ မဒ္ဒနယုတ္တာ စတုရော မဟတ္တာ" လို့ ဟောတော်မူတယ်။

"ဒွိန္နံ–နှစ်ပါးကုန်သော၊ အယုဇ္ဈပုရာနံ–စစ်ထိုး၍ အောင်မြင်ခြင်းငှာ မတတ်နိုင်ကုန်သော တာဝတိံသာနှင့် အသူရာပြည်တို့၏၊ အန္တရာ–အကြား၌၊ ဥရဂေါ–နဂါးလည်းကောင်း၊ ကရောဋိ–ဂဠုန်လည်းကောင်း၊ ပယဒဘာရီ–ကုမ္ဘဏ်လည်းကောင်း၊ မဒ္ဒနယုတ္တာ–ဘီလူးလည်းကောင်း၊ စတုရောမဟတ္တာ–မဟာရာဇ်နတ်မင်းကြီး လေးယောက်တို့လည်းကောင်း၊ ဣတိ–ဤသို့၊ ပဉ္စဝိဓာ–ငါးပါးအပြားရှိကုန်သော၊ အဘိရက္ခာ–အစောင့်အရှောက်တို့ကို၊ သက္ကေန–သိကြားမင်းသည်၊ ဌပိတာ–ထားအပ်ကုန်၏"တဲ့၊ သည် ကုလာဝကဇာတ်တော်ရဲ့ အလိုအရဆိုလျှင် စာတုမဟာရာဇ်စတဲ့ အာလိန်ငါးဆင့်တို့ဟာ တာဝတိံသာ နတ်ပြည်အတွက် ခံတပ်မြို့၊ ကင်းမြို့များသာဖြစ်ကြတယ်၊ ဒါကြောင့် စာတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့ လောကကို စောင့်တယ်ဆိုတာဟာ တိုက်ရိုက်အားဖြင့် တာဝတိံသာ နတ်ပြည်လောကကို စောင့်နေကြခြင်းဖြစ်တယ်၊ သာသနာတော်ကို စောင့်နေကြတာ မဟုတ်ပါဘူး၊ သို့သော်လည်း မည်သည့်ဘာသာဝင်ဖြစ်စေ မိမိတို့ ကိုးကွယ်ရာဘာသာကို စောင့်ရှောက်တတ်ကြသလို စာတုမဟာရာဇ် နတ်မင်းကြီးများလည်း ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြလို့ ဗုဒ္ဓသာသနာကို အထိုက်အလျောက် စောင့်ရှောက်ကြပါတယ်၊ သည်အကြောင်းကို သုတ်ပါထိက အာဋာနာဋိယသုတ်မှာ ဟောထားတာရှိပါတယ်"

"အာဋာနာဋိယသုတ်မှာ ဘယ်လိုဟောပါသလဲဘုရား"

"မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးတော်မူစဉ်က နတ်မင်းကြီးလေးပါးတို့ဟာ အခြံအရံ ပရိသတ်နှင့် အတူတကွ လာရောက်ဖူးမြော်ကြတယ်၊ လာရောက်ဖူးမြော်ရင်း ကုဝေရနတ်မင်းက "အရှင်ဘုရား– ရတနာသုံးပါးကို မကြည်ညိုကြတဲ့ နတ်တွေ၊ ဘီလူးတွေ ရှိကြပါတယ်၊ သည်နတ်တွေ၊ ဘီလူးတွေဟာ ရတနာသုံးပါးကို ကြည်ညိုသူများနှင့် မတည့်ကြ

http://www.dhammadownload.com



ပါဘူး၊ ရတနာသုံးပါးကြည်ညိုသူကို ရန်ပြုတတ်ကြပါတယ်၊ မိစ္ဆာဒိဋ္ဌိ နတ်ဘီလူး များ အန္တရာယ်မပြုနိုင်အောင် အာဋာနာဋိယသုတ် အစောင့်အရှောက်ကို လျှောက်ထားပါရစေဆိုပြီး အာဋာနာဋိယသုတ်တော်ကို လျှောက်ထားတယ်၊ သည်သုတ်ကို လျှောက်ထားသူကတော့ ကုဝေရအမည်ရှိတဲ့ ဝေဿဝဏ်နတ်မင်းပဲ၊ သို့သော်လည်း ကျန်တဲ့ စာတုမဟာရာဇ်နတ်များလည်း အတူတကွ လာရောက် ကြပြီးဖြစ်လို့ နတ်မင်းကြီးလေးပါးစုံ လျှောက်တယ်လို့ ဆိုနိုင်ပါတယ်၊ ဒါကြောင့် အာဋာနာဋိယသုတ်ဟာ ဘီလူးကိုအစိုးရတဲ့ ကုဝေရနတ်မင်းရဲ့ အာဏာသာ မကဘူး၊ ဂန္ဓဗ္ဗနတ်ကို အစိုးရတဲ့ ဓတရဋ္ဌနတ်မင်း၊ ကုမ္ဘဏ်နတ်တို့ကိုအစိုးရတဲ့ ဝိရုဠှကနတ်မင်း၊ နဂါးမျိုးကိုအစိုးရတဲ့ ဝိရူပက္ခနတ်မင်းတို့ရဲ့ အာဏာလည်း ပါဝင်တယ်၊ နတ်မင်းကြီးလေးပါးတို့ရဲ့ အာဏာပါဝင်လို့ အာဋာနာဋိယသုတ် ရွတ်ဖတ်သရဇ္ဈာယ်နေသူကို ဘီလူးတွေ၊ နတ်စိမ်းတွေ၊ သရဲတွေ၊ နဂါးတွေ၊ မြွေဆိုးတွေကလည်း မနှိပ်စက်နိုင်ဘူးလို့ သုတ်တွင်းမှာပါတယ်၊ ဒီလို မနှိပ် စက်နိုင်အောင် အကာအကွယ် အစောင့်အရှောက်ပေးတဲ့အတွက် (လောကပါလ နတ်မင်းကြီးလေးပါး)လို့ ခေါ်ကြရတာပေါ့ကွယ်"

"လောကပါလ နတ်မင်းကြီးလေးပါးက လူတွေအပေါ် စောင့်ရှောက် တာဟာ ဒါမျှပဲလားဘုရား"

"ဒါမျှမကသေးပါဘူး၊ အချို့သော ကျောင်းတိုက်တာတွေမှာ စာသင် သားတို့ရဲ့ နေ့စဉ် ကိုယ်ရေးရာဇဝင်ကို မှတ်တမ်းတင်သလို စာတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့ဟာလည်း နောက်လိုက် နောက်ပါ နတ်သားများနှင့် အတူ လူ့ပြည်ကိုလှည့်ပြီး ကောင်းမှုစာရင်း ကောက်ယူကြသေးသတဲ့ကွယ်"

"မှန်ပါ-အဲသည်အကြောင်း အနည်းငယ် အကျယ်ချဲ့ပြီး ပြောပြပါဦး ဘုရား"

"သုတ်မဟာဝါ အင်္ဂုတ္တရကထာ ၂၄၃-မှာ ဖွင့်ဆိုတာက တာဝတိံသာ နတ်ပြည်မှာ တစ်လလျှင် ရှစ်ရက် တရားနာရန် ကြွေးကြော်သတဲ့ကွယ်၊ တာဝတိံသာ နတ်ပြည်မှာ ဘယ်သူတွေ တရားဟောသလဲဆိုတော့ သုဓမ္မာ အစည်းအဝေးချိန်ရောက်လျှင် တစ်ခါတစ်ရံ သနင်္ကုမာရဗြဟ္မာကြီး ကြွရောက်ပြီး တရားဟောတယ်၊ တစ်ခါတစ်ရံ သိကြားမင်းကိုယ်တိုင် ဟောတယ်၊ တစ်ခါ

http://www.dhammadownload.com



တစ်ရံ ဓမ္မကထိက ရဟန်းတော်တစ်ပါးပါး ကြွရောက်ပြီး ဟောတယ်၊ တစ်ခါ တစ်ရံ အမျိုးအမည် မထင်ရှားသော ဓမ္မကထိက နတ်သားက ဟောတယ်၊ လဆန်း ရှစ်ရက်၊ လဆုတ် ရှစ်ရက်နေ့များမှာ စာတုမဟာရာဇ်နတ်မင်းတို့ရဲ့ အမတ်များ လူ့ပြည်ကိုဆင်းပြီး စာရင်းကောက်ကြရတယ်၊ လဆန်းလဆုတ် ၁၄–ရက်မြောက်သောနေ့မှာ နတ်မင်းကြီးလေးပါးတို့ရဲ့ သားတော်များ လူ့ပြည် ဆင်းလာပြီး စာရင်းကောက်ကြရတယ်၊ လပြည့်လကွယ်နေ့မှာတော့ နတ်မင်း ကြီးလေးပါးတို့ ကိုယ်တိုင်ထွက်ပြီး စာရင်းကောက်ကြရတယ်၊ စာရင်း ကောက်ဖို့အတွက် ရွှေပြားနှင့် ဟင်္သပြဒါးကို ယူသွားကြတယ်၊ ဤမည်သော ယောကျာ်း ဤမည်သောမိန်းမဟာ ရတနာသုံးပါးကို ဆည်းကပ်တယ်၊ ငါးပါး သီလကို စောင့်ထိန်းတယ်၊ ဥပုသ်နေ့ရောက်လျှင် ဥပုသ်စောင့်တယ်၊ မိဘကို လုပ်ကျွေးတယ်၊ ရတနာသုံးပါးကို ပူဇော်တယ်ရယ်လို့ မှတ်တမ်းတင်ပြီး အဲသည်ရွှေပြားကို ပဉ္စသိခနတ်သားရဲ့လက်ကို အပ်ရသတဲ့၊ ပဉ္စသိခနတ် သားက မာတလိလက်အပ်ရတယ်၊ မာတလိက သိကြားမင်းကိုအပ်ရတယ်၊ ကုသိုလ်ပြုသူနည်းလျှင် ရွှေပြားကငယ်တယ်၊ ရွှေပြားငယ်တာကို မြင်ရုံနှင့် နတ်အများက အရှင်တို့ လူသားများဟာ မေ့လျော့ပြီးနေကြတယ်၊ အပါယ် လေးဘုံပြည့်ပြီး နတ်ဘုံမှာ အချည်းနှီးဖြစ်တော့မှာပဲလို့ စိတ်မချမ်းသာကြ ဘူးတဲ့၊ ရွှေပြားကြီးတာကို မြင်လျှင် လူသားတွေ ကုသိုလ်ပြုသူများပြားကြ တယ်၊ အပါယ်ဘုံဆိတ်ပြီး ငါတို့နတ်ဘုံ စည်ပင်တော့မှာပဲလို့ ဝမ်းသာကြ သတဲ့၊ သည်ရွှေပြားမှာပါတဲ့ ကောင်းမှုရှင်စာရင်းကို သိကြားမင်းကိုယ်တိုင် ဖတ်သတဲ့၊ သိကြားမင်းရဲ့ပကတိအသံဟာ ၁၅–ယူဇနာအထိသွားတယ်၊ အသံကိုမြှင့်ပြီး ဖတ်လိုက်တဲ့အခါ ယူဇနာတစ်သောင်းကျယ်ဝန်းတဲ့ နတ်ပြည် အားလုံး လွှမ်းမိုသွားတယ်လို့ အဋ္ဌကထာမှာ ဖွင့်ပြထားတယ်ကွယ့်”

“သည်နတ်မင်းကြီး လေးပါးတို့ဟာ ဘယ်အချိန်က ဗုဒ္ဓဘာသာဝင် အဖြစ်ကို ဆိုက်ရောက်လာကြတာလဲဘုရား”

“ဒါတော့ တိတိကျကျမပြောနိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဘုရားရှင် ဖြစ်စ သတ္တသတ္တာဟ စံတော်မူစဉ် နောက်ဆုံးသတ္တာဟဖြစ်တဲ့ ရာဇာယတန သတ္တာဟ [လင်းလွန်းပင်ရင်း]စံတော်မူစဉ် ၄၉–ရက်မြောက်တဲ့နေ့မှာ တပုဿ

http://www.dhammadownload.com



နှင့် ဘလ္လိက ကုန်သည်ညီနောင်တို့က ပျားမုန့်ဆုပ်များကို ကပ်လှူကြတယ်၊ ဃဋိကာရ ဗြဟ္မာမင်း ကပ်လှူတဲ့ သပိတ်တော်ဟာ သုဇာတာ နို့ဆွမ်းလှူစဉ်က ကွယ်ခဲ့တယ်၊ သုဇာတာလှူတဲ့ ရွှေခွက်လဲ နေရဉ္ဇရာမြစ်မှာ မျှောခဲ့တယ်၊ အခုတော့ ခံယူစရာမရှိဘူး၊ အဘယ်ဝတ္ထုဖြင့် ခံယူရမလဲလို့ အကြံတော်ဖြစ်တော့ စာတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့က ကျောက်သပိတ်လေးလုံး လာ ကပ်လှူကြတယ်၊ ထိုသပိတ်လေးလုံးကို မိဋ္ဌာန်ပြီးနှိပ်တော့ အနားရစ်လေးခု ရှိတဲ့ သပိတ်တစ်လုံးတည်းဖြစ်ကြောင်း ဗုဒ္ဓဝင်မှာဆိုထားတယ်၊ ဒီတော့ စာတုမဟာရာဇ်နတ်မင်းကြီးတို့ဟာ ဘုရားပွင့်တော်မူစကပင် ဗုဒ္ဓဘာသာဝင် ဖြစ်နေကြပြီ၊ ဘယ်အချိန်က ဗုဒ္ဓဘာသာဝင်ဖြစ်တယ်လို့တော့ အတိအကျ မပြောနိုင်ဘူးပေါ့ကွယ်၊ သည်လောက်ဆိုလျှင် ဦးဘခိုင်ရဲ့ အမေးဟာ ပြေလောက်ပါပြီနော်"

"မှန်ပါ၊ ပြေလောက်ပါပြီဘုရား"

"သာဓု၊ သာဓု၊ သာဓု"





madownload.com

## ▢ သူရဿတီကိုးကွယ်မှု

"၁၃၄၆–ခု၊ ဝါဆိုလဆန်း ၁၂–ရက်နေ့စွဲဖြင့် အမေးလွှာ တစ်စောင် ရောက်လာပြန်တယ်ဘုရား"

"ဘယ်သူ့ဆီက အမေးလွှာလဲကွယ့်"

"ကသာမြို့ သိင်္ဂီရပ် ကိုညိုဝင်းထံက အမေးလွှာပါဘုရား"

"သူ့အမေးလွှာကို ဖတ်ပြစမ်းပါဦး"

"မှန်ပါ၊ ဖတ်လျှောက်ပါ့မယ်ဘုရား"

**အမေးလွှာ**

လျှောက်ထားရန်မှာ ယခုအခါ သူရဿတီနတ်သမီးရုပ်ပုံများကို ဘုရားနှင့် တန်းတူထား၍ အိမ်ဦးခန်းတွင် ကိုးကွယ်သူ များပြားနေပါသည်၊ ဤကဲ့သို့ ကိုးကွယ်ကြခြင်းမှာ သူရဿတီနတ်ဒေဝီသည် ပိဋကတ်သုံးပုံစောင့် သည်ဟူသော ရည်ရွယ်ချက်ကြောင့် ဖြစ်ပါသည်၊ ဤအယူအဆများကြောင့် မဃဒေဝလင်္ကာသစ် ၃၅၆–နှင့် ဆန့်ကျင်သည်ဟု ထင်ပါသည်၊ မဃဒေဝလင်္ကာသစ်ကား "ဤလောကဒ္ဓ၊ လူများကိုယ်တွင်၊ ဝင်ပူးခြောက်ခြား၊ ဖမ်းစားမရှောင်၊ သေအောင်မပြတ်၊ နှိပ်စက်တတ်သား၊ သူရဿတီ၊ နဝ်ဒေဝီ၏၊ သနိမိတ်ဆွေ၊ နိုင်းပယ်စေသည့်၊ ရုံရွေပရိဝါ၊ သချာကွက်ဖွဲ့၊ ခြောက်ဆယ့်

http://www.dhammadownload.com



**လေးလီ၊ ဇော်ဂနီနှင့်၊ ဘူတိဘူတ၊ စသည်ကျော်ဟိုး၊ စုန်းဘုတ်ဆိုးလည်း၊ ညှိုးရှုံယခင်၊ သေမင်းကိုယ်တွင်း၊ မဝင်ဝံ့ကြ"** ဖြစ်ပါသည်၊ ဤလင်္ကာသစ် အဆို အရ သူရဿတီသည် ပိဋကတ်သုံးပုံကို စောင့်သူမဟုတ်သည့်ပြင် လူများ ကိုယ်တွင် ပူးဝင်ဖမ်းစားတတ်သော စုန်းဘုတ်တို့၏ အဆွေခင်ပွန်းပင် ဖြစ်နေပါ၍ လုံးဝကိုးကွယ်ထိုက်သူမဟုတ်ဟု ယူဆပါသည်၊ ဤအယူအဆ မှန်မမှန်၊ မဃဒေဝ လင်္ကာသစ်၏ အယူအဆ မည်သို့ဆိုသည်ကို ခွဲခြား ညွှန်ပြစေလိုပါသည်ဘုရား။ (ညိုဝင်း၊ သင်္ဂီရပ်၊ ကသာမြို့)

"သူ့စာက သည်မှာဆုံးသွားပါပြီ၊ သူလျှောက်ထားချက်အတိုင်း ဝေဖန် မိန့်ကြားတော်မူပါဦးဘုရား"

"ဘုရားရှင်ရဲ့သာသနာတော်မှာ နတ်မကိုးကွယ်ရလို့ ပိတ်ပင်ခြင်း မရှိ ပါဘူး၊ 'ဒိဝါစ ရတ္တော စ ဟရန္တိ ယေဗလိ'အကြင်လူတို့သည် နေ့ရောညပါ နတ်များကို ပူဇော်ကြတယ်၊ ထို့ကြောင့် ထိုလူတို့ကို မမေ့မလျော့ စောင့်ရှောက် ကြပါလို့ နတ်များကို ဘုရားရှင်က တိုက်တွန်းထားတယ်၊ သို့သော်လဲ နတ်ကိုးကွယ်မှုဟာ ဗုဒ္ဓဘာသာဝင်များအတွက် အတိုင်းအတာရှိတယ်၊ ငါတို့ရဲ့ လောကကြီးပွားရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ချမ်းသာရေးအတွက် အထောက်အပံ့ဖြစ်လိမ့်မယ်လို့ လောကီအတွက် နတ်များကို ပူဇော်ပသသင့် ကြောင်း အံ၊ ပဉ္စ၊ ဖ၈–မှာ ဘုရားရှင်ဟောကြားတယ်၊ ဘုရားကိုးကွယ်သလို နတ်ကိုးကွယ်ခြင်းတော့ မပြုကောင်းဘူး၊ ဘုရားနှင့် တန်းတူထား၍ ကိုးကွယ် ခဲ့လျှင် သရဏဂုံပျက်တတ်တယ်၊ သရဏဂုံပျက်တယ်ဆိုတာ လောကမှာ နတ်ကသာ အကျိုးပြုနိုင်တယ်၊ ရတနာသုံးပါးက အကျိုးမပြုနိုင်ဘူး၊ ဒါကြောင့် နတ်ကို ကိုးကွယ်တော့မယ်ဆိုပြီး ရတနာသုံးပါး စွန့်ခွာသွားတာကို ဆိုလိုတယ်၊ ဒီလို နတ်ကိုးကွယ်မှု များပြားလာခဲ့လျှင် ဗုဒ္ဓသာသနာတော်ကြီး မကြာမတင် ကွယ်ပျောက်သွားတတ်တယ်ကွယ့်"

"နတ်ကိုးကွယ်သူများလို့ သာသနာတော် ကွယ်ပျောက်တဲ့ အထောက် အထားများကော ရှိပါသလား ဘုရား"

"ရှိတာပေါ့ကွယ့်၊ အထောက်အထားက တခြားမဟုတ်ပါဘူး၊ ဘုရားပွင့်ရာ ဌာနဖြစ်တဲ့ အိန္ဒိယ(မဇ္ဈိမတိုက်)ပေါ့"

http://www.dhammadownload.com


"မှန်ပါ၊ မဇ္ဈိမတိုက်က သာသနာကွယ်ပုံ အမိန့်ရှိပါဦး"

"မဇ္ဈိမတိုက်ဟာ ဘုရားရှင်ဖြစ်ပွင့်ရာ ဌာနမို့ အလွန် သာသနာတော် စည်ပင်တဲ့ ဌာနကြီးပဲကွယ့်၊ သီရိဓမ္မာသောကမင်းတရား လက်ထက်မှာ ဗုဒ္ဓဘာသာဟာ မင်းရဲ့ ချီးမြှောက်ခြင်းကိုခံရလို့ အလွန် လာဘ်လာဘ ပေါများတယ်၊ တခြားဘာသာဝင်များမှာတော့ လာဘ်လာဘကျဆင်းနေတယ်၊ ဒါကြောင့် တခြားဘာသာဝင်များဟာ လာဘ်လာဘ လိုလားတဲ့အတွက် သာသနာတော် အတွင်း သင်္ကန်းဝတ်လာကြတယ်၊ သင်္ကန်းဝတ်ပြီး ရဟန်း အဖြစ်ကို ဝန်ခံကြတယ်၊ သူတို့ရဲ့ နတ်ကိုးကွယ်မှု ဝါဒများကို မစွန့်ဘူး၊ တန္တရ မန္တရဝါဒများကို သာသနာတော်အတွင်း သွတ်သွင်းခဲ့ပြီး ဒကာ ဒကာမ တွေကို မှိုင်းတိုက်ခဲ့ကြတယ်၊ တစ်စတစ်စနှင့် ဒကာဒကာမတွေဟာ သီလဝန္တ ပုဂ္ဂိုလ်ထက် သည်လို ဝိဇ္ဇာယာန ပုဂ္ဂိုလ်တွေအပေါ် အထင်ကြီးလာပြီး သာသနာတော်ကြီး ပျက်စီး လာခဲ့တယ်ကွယ့်၊ သည်အကြောင်းကို စာဖတ်သူများ အနည်းငယ် နားရှင်းသွား အောင် အမျိုးသားပညာဝန် ဦးဖိုးကျားရေးတဲ့ "မြောက်ပိုင်းဗုဒ္ဓဘာသာ မဟာယာန ဂိုဏ်း"စာအုပ်က အကျဉ်း ထုတ်နုတ် ဖော်ပြဦးမယ်၊ စာမျက်နှာ ၁၅- သာသနာနှစ် ၁၀၀-ဒုတိယသင်္ဂါယနာတင်ပွဲမှာ ဝေသာလီပြည်ဝဇ္ဇီ ရဟန်းများဟာ ကောသမ္ဗီပြည်မှာ သံဃာတစ်သောင်း အခြံအရံနှင့် စင်ပြိုင် သင်္ဂါယနာတင်ကြတယ်၊ ဝေသာလီသင်္ဂါယနာဂိုဏ်းကို ထေရဝါဒဂိုဏ်း ကောသမ္ဗီသင်္ဂါယနာဂိုဏ်းကို မဟာသံဃိကဂိုဏ်းလို့ ခေါ်တယ်၊ စာမျက်နှာ ၂၁- ပိဋကတ်တော်ပြဆိုချက်တို့ကို ယူဆရာမှာ ပရိယာယ်ကိုမုချ၊ မုချကို ပရိယာယ်၊ သွယ်ဝိုက်ရမည်ကို တိုက်ရိုက်၊ တိုက်ရိုက်ကိုသွယ်ဝိုက် စသောအားဖြင့် ချွတ်ချော်တိမ်းပါးကြတယ်၊ စာမျက်နှာ ၄၆-ဗုဒ္ဓဘာသာဟာ အိန္ဒိယပြည် မြောက်ပိုင်းနှင့် အနောက်ပိုင်းကို ရောက်သွားသောအခါ ထိုနယ်အတွင်းရှိ ဂျိန်း/ဟိန္ဒူ/ပါသျှန် စသော အယူဝါဒများနှင့် ရောနှောသွားတယ်၊ ဗုဒ္ဓဘာသာဟာ ကာလဒေသကိုလိုက်ပြီး ပြောင်းလဲသွားပုံ ခြောက်မျိုး ပြထားတယ်။

(၁) လူသားဘုရားအဖြစ်မှ ပရမတ်ဘုရား ဖြစ်သွားခြင်း၊

(၂) လူသားဘုရားအဖြစ်မှ နတ်ဘုရား ဖြစ်သွားခြင်း၊

(၃) လူသားဘုရားအဖြစ်မှ နေမင်းဘုရား ဖြစ်သွားခြင်း၊

http://www.dhammadownload.com



(၄) လူသားဘုရားအဖြစ်မှ ရုပ်ဘုရား ဖြစ်လာခြင်း၊
(၅) လူသားဘုရားအတွင်း မိရိုးဖလာနတ်များနှင့် ရောနှောလာခြင်း၊
(၆) အာရှအလယ်ပိုင်းနှင့် ဆီးရီးယားပြည်တို့တွင် ခရစ်ယာန်ဘာသာနှင့် အချို့ ရောယှက်သွားခြင်း။

စာမျက်နှာ ၆၆-၆၇-၆၈-အိန္ဒိယဘာသာဟာ သာသနာ ၁၇၀၀-ခန့်တွင် အတန်ပျက်စီးနေပြီ၊ ဗုဒ္ဓဘာသာကျောင်းကန် ပုထိုးတို့၌ ရွှေငွေစသော ရတနာအတိပြီးသော နတ်ရုပ်များ၊ ဆင်းတုတော်များ အများအပြားရှိနေတယ်၊ ပါလမင်းဟာ တိုင်းပြည်ကို ကာကွယ်ရန်ဟု ယုံကြည်ရည်ရွယ်၍ တည်ဆောက်ထားတဲ့ မဟာယာနရဟန်းများရဲ့ "ဥဋ္ဌန္တပုရိ"စတဲ့ ကျောင်းတွေကို မဟာမေဒင်စစ်ဗိုလ် မဟာမက်ဘင် ဗကွတ်ယာရ်က မြင်းစီး စစ်သည် ၂၀၀-နှင့် တိုက်ခိုက်ဖျက်ဆီးလိုက်တယ်၊ တန်ခိုးကြီးတယ်ဆိုတဲ့ ဝိဇ္ဇာဆရာများ၊ နတ်များ မန္တန်မန္တရား အကာအကွယ်များ ဘာမျှ မတတ်နိုင်ဘူး၊ ဒီလိုနှင့် အိန္ဒိယဗုဒ္ဓသာသနာဟာ ကွယ်သွားတယ်တဲ့၊ ယခုပြောခဲ့တာက အိန္ဒိယ(မဇ္ဈိမတိုက်)မှာ ဗုဒ္ဓသာသနာကွယ်ချိန်နီးတော့ နတ်ကိုးကွယ်မှုများ တန္တရ မန္တရ ဝါဒများ ခေတ်စားလာပုံဖြစ်တယ်၊ နတ်ကိုးကွယ်သူ များလာလျှင် သာသနာတော်ကွယ်ပျောက်တတ်တယ်ကွယ့်၊ သည်နေရာမှာ နတ်နှစ်မျိုးကို ခွဲခြားပြီး မှတ်သင့်သေးသကွယ့်"

"ဘယ်လို နတ်နှစ်မျိုးလဲဘုရား"

"နတ်နှစ်မျိုးဆိုတာက (၁) သတ္တဝါအားလုံးနှင့်တကွ ကမ္ဘာကြီးကို ဖန်ဆင်းနိုင်တယ်ဆိုတဲ့ ဖန်ဆင်းရှင်နတ်၊ (၂) ကိုယ်ထင်ရှားဖြစ်တယ်ဆိုတဲ့ ဥပပတ္တိနတ်တို့ ဖြစ်ကြတယ်၊ သတ္တဝါအားလုံးနှင့်တကွ ကမ္ဘာကြီးကို ဖန်ဆင်းနိုင်တဲ့ ဖန်ဆင်းရှင်နတ်ရှိတယ်၊ ထိုနတ်ဟာ သတ္တဝါတို့ရဲ့ ကိုးကွယ်ရာ အားကားရာ မှီခိုရာ ဘုရားဖြစ်တယ်လို့ ဗုဒ္ဓဘာသာမှတစ်ပါး အခြားသော ဘာသာဝင်များက ယူဆကြတယ်၊ အခြားသော ဘာသာဝင်များ ယူဆကြသလို ကောင်းကင်ဘုံစံ ထာဝရ နတ်ဘုရားဟာ ငါတို့ရဲ့ ကိုးကွယ်ရာပဲလို့ ယူဆကိုးကွယ်ခဲ့လျှင် အဲသည်ပုဂ္ဂိုလ်ဟာ ဗုဒ္ဓဘာသာပင် ဖြစ်စေကာမူ သရဏဂုံပျက်စီးပြီး ဗုဒ္ဓဘာသာအဖြစ်မှ လျှောကျနိုင်တယ်၊ ဥပပတ္တိနတ်ဆိုတာက

http://www.dhammadownload.com


အထက်သိကြားမင်းမှစပြီး မောင်ရှင်ကြီး၊ မင်းညီနောင်၊ မင်းရဲကျော်စွာစတဲ့ အောက်နတ်များကို ဆိုလိုတယ်၊ အဲသည် ဥပပတ္တိနတ်များကို လောက ကြီးပွားရေးအတွက် ပူဇော်ပသ ကိုးကွယ်တာကတော့ သရဏဂုံ မပျက်ပါဘူး၊ သို့သော်လဲ အရာရာမှာ နတ်ကိုချည်းအားကိုးလျှင် ကမ္မဿကတဉာဏ် ပျက်စီးတတ်တယ်၊ ကမ္မဿကတဉာဏ် ပျက်လျှင်လဲ ဗုဒ္ဓဘာသာဝင်အဖြစ်က ပျက်တာနှင့်အတူတူပါပဲ"

"ကမ္မဿကတဉာဏ်ဆိုတာ ဘာလဲဘုရား"

"ကံ–ကံရဲ့အကျိုးကို ယုံကြည်တဲ့ ဉာဏ်ဟာ ကမ္မဿကတဉာဏ်ပဲကွယ့်၊ ကံ–ကံရဲ့အကျိုးကို ယုံကြည်တယ်ဆိုတာက ကောင်းတာလုပ်လျှင် ကောင်း ကျိုးခံစားရတယ်၊ မကောင်းတာလုပ်လျှင် မကောင်းကျိုးခံစားရတယ်လို့ ယုံကြည်တာကို ဆိုလိုတယ်"

"ယခု သူရဿတီနတ်သမီး ကိုးကွယ်တာနဲ့ ပတ်သက်လို့ကော သရဏဂုံပျက် မပျက် အမိန့်ရှိပါဦးဘုရား"

"သရဏဂုံပျက် မပျက်နဲ့ ပတ်သက်လို့ ဆုံးဖြတ်ရမည်ဆိုလျှင် ရှေး ဦးစွာ သူရဿတီနတ်သမီးဟာ သတ္တဝါနှင့်ကမ္ဘာကို ဖန်ဆင်းတယ်လို့ ယူဆတဲ့ ဘုရားနတ်လား၊ ဒါမှမဟုတ် ကိုယ်ထင်ရှားဖြစ်တဲ့ ဥပပတ္တိနတ်လားဆိုတာ စိစစ်ရမှာပဲကွယ့်"

"မှန်ပါ စိစစ်ပေးပါဦးဘုရား"

"စိစစ်ရမယ်ဆိုလျှင် ဟိန္ဒူဘာသာဝင်တို့ရဲ့ အမြတ်ဆုံးဘုရား ထာဝရ ဘုရားဖြစ်တယ်၊ ထာဝရဘုရားဟာ ကမ္ဘာကြီးမပေါ်ခင်က အစဉ်ထာဝရတည် ရှိတဲ့ အနာဒိ အစမရှိ၊ အနန္တအဆုံးမရှိတဲ့ ဣဿရာတန်ခိုးရှင်ဖြစ်တယ်၊ အဲသည် တစ်ဆူတည်းသော ဣဿရ တန်ခိုးရှင်ဘုရားဟာ ဂုဏ်သတ္တိကြီး သုံးပါးကို ဆောင်တယ်၊ ဂုဏ်သတ္တိသုံးပါးဆိုတာက (၁) ရဂျာတ်စ် ဂုဏ်သတ္တိ၊ (၂) ဆတ်ထွ ဂုဏ်သတ္တိ၊ (၃) တမတ်ခ် ဂုဏ်သတ္တိများ ဖြစ်ကြသတဲ့"

"ဂုဏ်သတ္တိသုံးပါးရဲ့ အဓိပ္ပာယ်ကိုလဲ မိန့်ပါဦးဘုရား"

"ဂုဏ်သတ္တိသုံးပါးအနက် ရဂျာတ်စ်ဂုဏ်သတ္တိဆိုတာ သက်ရှိ သက်မဲ့ ကမ္ဘာလောကကြီးဖြစ်ပေါ်လာအောင် ဖန်ဆင်းနိုင်တဲ့ ဂုဏ်သတ္တိဖြစ်သတဲ့ ကွယ်၊

http://www.dhammadownload.com



ကဿပ ဘုရားရှင်ဟာ ရဂျာတ်စ်ဂုဏ်သတ္တိဆောင်တဲ့အခါမှာ (ဗြဟ္မာ) အမည်ဖြင့် ထင်ရှားသတဲ့၊ ဆတ်တွ ဂုဏ်သတ္တိဆိုတာ ဖြစ်ပေါ်လာတဲ့ သက်ရှိ သက်မဲ့ ကမ္ဘာလောကကြီး အရှည်ခိုင်ခန့်စွာ တည်အောင် စောင့်ရှောက်နိုင်တဲ့ ဂုဏ်သတ္တိဖြစ်တယ်၊ ကဿပ ဘုရားရှင်ဟာ ဆတ်တွ ဂုဏ်သတ္တိဆောင်တဲ့အခါ (ဗိဿနိုး)အဖြစ်ဖြင့် ထင်ရှားသတဲ့ကွယ်၊ တမတ်ခ်ဂုဏ်သတ္တိဆိုတာ ကမ္ဘာလောကကြီးကို ဖျက်ဆီးပစ်နိုင်တဲ့ ဂုဏ်သတ္တိဖြစ်တယ်၊ ကဿပ ဘုရားရှင်ဟာ တမတ်ခ်ဂုဏ်သတ္တိကို ဆောင်တဲ့အခါ (သျှီဝ)အမည်ဖြင့် ထင်ရှားသတဲ့၊ ဟိန္ဒူ အယူဝါဒအားဖြင့် အနာဒီ အနန္တ ဘုရားရှင်ဟာ ကောင်းကင်ဘုံစံတဲ့ ကဿပ ဘုရားကြီး တစ်ဆူတည်းပါပဲ၊ အဲသည် တစ်ဆူတည်းသော ကဿပ ဘုရားရှင်သည်ပင် ဂုဏ်သတ္တိသုံးပါးကို စွဲပြီး ဘုရားသုံးဆူ ဖြစ်လာတယ်ကွယ့်၊ တစ်ဖန် သည်ဘုရားသုံးဆူမှာ ကတ္တိဘာဝ၊ ပုမ္ဘာဝ နှစ်ဘာဝလုံး အကျုံးဝင် တည်နေပြန်သတဲ့၊ အဲသည်လို အကျုံးဝင် တည်နေတဲ့ ကတ္တိဘာဝအနက်၊ ဗြဟ္မာရဲ့ ကတ္တိဘာဝက သူရဿတီတဲ့၊ ဗိဿနိုးရဲ့ ကတ္တိဘာဝက လက္ခမီတဲ့၊ သျှီဝရဲ့ ကတ္တိဘာဝက ပါရဝတီဆိုကိုးကွယ့်။

ဟိန္ဒူဗုဒ္ဓဘာသာဝင်များဟာ ကဿပဘုရားရှင်ရဲ့ ကတ္တိဘာဝ၊ ပုမ္ဘာဝ တို့ကို ကြင်ဘက်ပြုပြီး ကိုးကွယ်ကြသတဲ့၊ ကြင်ဘက်ပြုတဲ့အခါ ဗြဟ္မာရဲ့ ကြင်ယာတော်က သူရဿတီ၊ ဗိဿနိုးရဲ့ ကြင်ယာတော်က လက္ခမီ၊ သျှီဝရဲ့ ကြင်ယာတော်က ပါရဝတီဖြစ်လာတယ်၊ အခြေခံသဘောကိုကြည့်လျှင် သူရဿတီ နတ်ဒေဝီဆိုတာ အမှန်တကယ်ရှိတဲ့ ဥပပတ္တိနတ် မဟုတ်ဘူး၊ ကဿပ ဘုရားရှင်ရဲ့ ဂုဏ်သတ္တိ တစ်ခုမျှသာဖြစ်တယ်၊ ဒါကြောင့် သူရဿတီဟာ နတ်ရိုးရိုးမဟုတ်ဘူး၊ ဗြဟ္မာဘုရားထီးရဲ့ကြင်ဘက် ဘုရားမတစ်ပါးအဖြစ် အယူအဆခံရသူဖြစ်နေတယ်၊ သူရဿတီကိုးကွယ်ခြင်းဟာ မင်းညီနောင် စသော ဥပပတ္တိနတ် ကိုးကွယ်ခြင်းနှင့်မတူဘူး၊ ဘုရားတစ်ပါးကို ကိုးကွယ်ခြင်းနှင့် တူတယ်၊ ဒါကြောင့် သူရဿတီကို ကိုးကွယ်လျှင် သရဏဂုံပျက်စီးနိုင်တယ်”

“မှန်ပါ–ကိုးကွယ်မှုနှင့်ပတ်သက်၍ နားရှင်းတန်သလောက် ရှင်းပါပြီ၊ သူရဿတီဟာ စုန်းဘုတ်တို့ရဲ့ မိတ်ဆွေဆိုတာလဲ ဟုတ်မဟုတ်သိပါရစေ”

http://www.dhammadownload.com



"သိချင်ရင်လဲ ဆက်ပြောရဦးမှာပေါ့၊ ဟိန္ဒူဘာသာဝင်များဟာ ဣသွာရထာဝရဘုရားမှ ဂုဏ်သတ္တိအားဖြင့် ပြားလာခဲ့တဲ့ ဘုရားသုံးဆူတို့ကို အချို့က တစ်ပေါင်းတည်း မယူဆကြတော့ဘဲ သူသန်ရာ ကိုယ်သန်ရာ အချို့က ဗြဟ္မာ၊ အချို့က ဗိဿနိုး၊ အချို့က သျှိဝကို အသီးသီးခွဲပြီး ကိုးကွယ်ခဲ့ကြတယ်၊ နောင်သောအခါ ဘုရားထီးများကို ကိုးကွယ်ရာမှ ဘုရားမများကိုလည်း ကိုးကွယ်တဲ့ဂိုဏ်းများ ပေါ်ပေါက်လာကြတယ်၊ ဘုရားမများကို ကိုးကွယ်သည်မှစပြီး ဟိန္ဒူဘာသာတွင်းမှာ တန္တရဂိုဏ်းများ ဖြစ်ပွားလာတယ်၊ တန္တရဆိုတာ မြန်မာလိုတော့ ကျမ်းဂန်ပါပဲ၊ ကျမ်းဂန်ဆိုလို့ ပိဋကတ်ကျမ်းဂန်ကို ဆိုလိုတာမဟုတ်ပါဘူး၊ မန္တန် မန္တရားများ အတတ်များကို ရေးသားထားတဲ့ ကျမ်းဂန်ကို ဆိုလိုတယ်၊ သူရဿတီကျမ်းဂန်မှလာတဲ့ ဓာတ်ဆင်ခြင်း၊ ဓာတ်ရိုက်ခြင်း၊ ပြုစားခြင်းစသော အတတ်များကို လေ့လာ လိုက်စားတဲ့ ဂိုဏ်းကို တန္တရဂိုဏ်းလို့ ခေါ်တယ်၊ တန္တရဂိုဏ်းဟာ (၁) ဒက္ခိဏတန္တရ (၂) ဝါမတန္တရရယ်လို့ ဂိုဏ်းနှစ်ဂိုဏ်းရှိတယ်၊ ဒက္ခိဏတန္တရကို လက်ယာဂိုဏ်း၊ အထက်လမ်းဂိုဏ်းလို့ခေါ်ပြီး ဝါမတန္တရကို လက်ဝဲဂိုဏ်း၊ အောက်လမ်းဂိုဏ်းလို့ခေါ်တယ်၊ လက်ယာဂိုဏ်းရဲ့ခေါင်းဆောင်က သူရဿတီ ဖြစ်တယ်၊ သူရဿတီနတ်သမီးရဲ့ အခိုင်းအစေများဟာ ဇော်ဂနီ ၆၄-မျိုးနှင့် စုန်းဘုတ်များ ဖြစ်ကြတယ်၊ ၎င်းတို့ဟာ ဒက္ခိဏတန္တရ ဂိုဏ်းဝင်တို့ရဲ့ ရောဂါပျောက်ရေး၊ စီးပွားတိုးတက်ရေး၊ ရာထူးဂုဏ်သိရ် တိုးတက်ရေး၊ အသက်ရှည်ရေး၊ ထွက်ရပ်ပေါက်ရေးတို့အတွက် ဂါထာမန္တရားများဖြင့် စောင့်ရှောက်ကြသတဲ့၊ ဝါမတန္တရလက်ဝဲဂိုဏ်းသားတို့ရဲ့ ခေါင်းဆောင်ကတော့ ပါရဝတီဖြစ်တယ်၊ ပဗ္ဗတီဒေဝီလို့ခေါ်တယ်၊ ဥမ္မာဒေဝီလို့လည်း ခေါ်တယ်၊ အသားမည်းနက်တဲ့အတွက် ကာဠီဒေဝီလို့လည်း ခေါ်ဝေါ်သတဲ့၊ ဤမှတစ်ပါး ကာဠီ၊ တာရာဆိုတဲ့ ဝိဇ္ဇာကြီးနှစ်ပါး၊ ဝိဇ္ဇာငယ်နှစ်ပါး သိဒ္ဓိဝိဇ္ဇာသုံးပါးအဖြစ်ဖြင့်လည်းကောင်း၊ မဟာမာတရီမယ်တော်ကြီး အဖြစ်ဖြင့်လည်းကောင်း၊ ဇော်ဂနီရှစ်ပါး၊ ယက္ခိနီရှစ်ပါး အဖြစ်ဖြင့်လည်းကောင်း ထင်ရှားသေးတယ်၊ ပဗ္ဗဝတီဒေဝီရဲ့အလုပ်အကျွေးများကတော့ ဘုတ်, ပြိတ္တာ, တစ္ဆေသရဲများ ဖြစ်ကြတယ်။

http://www.dhammadownload.com



သူရဿတီ ပါရဝတီတို့ ကိုးကွယ်လျှင် ထိုမယ်တော်ကြီးများထံက မဟိဒ္ဓိတန်ခိုးကို ရနိုင်တယ်၊ မဟိဒ္ဓိတန်ခိုးရလျှင် ဒုက္ခခပ်သိမ်း ကင်းငြိမ်းနိုင်တယ်လို့ အချို့သော ဟိန္ဒူဘာသာဝင်တို့ ယူဆကြတယ်၊ ယခု ပြောဆိုခဲ့ပြီးသည်ကို ထောက်ဆခဲ့လျှင် သူရဿတီဒေဝီဟာ ဥပပတ္တိနတ်မဟုတ်ဘူး၊ ကောင်းကင်ဘုံမှာ တာဝရတည်ရှိတဲ့ ဘုရားနတ်ဖြစ်တယ်၊ "ရွှေဂူမှာနေကြတဲ့ ခြင်္သေ့၊ တစ်ဂူမှာ နှစ်ကောင်ပေါင်းရန်ဖို့၊ အောင်းမှုမမေ့"ရယ်လို့ ရှေးကဗျာတိုလေးရှိတယ်၊ ခြင်္သေ့တို့ မည်သည် တစ်ဂူမှာ နှစ်ကောင်မအောင်းဘူး၊ တစ်ကောင်တည်းသာအောင်းသတဲ့၊ ဘာသာတည်းဟူသော ဂူထဲမှာလည်း ဘုရားနှစ်ဆူ မရှိစကောင်းဘူး၊ တစ်ဆူတည်းသာရှိကောင်းတယ်၊ ဒါကြောင့် သူရဿတီကို ဘုရားအဖြစ် ကိုးကွယ်ခဲ့လျှင် သရဏဂုံပျက်ပြီး ဗုဒ္ဓဘာသာအဖြစ်မှ လျှောကျတယ်လို့ မှတ်သင့်တာပေါ့ကွယ်"

"မှန်ပါ ဝမ်းသာလှပါပြီ ဘုရား"

"သာဓု သာဓု သာဓု"



http://www.dhammadownload.com



## ❒ ဗုဒ္ဓဘာသာဝင်များနှင့် ၃၇–မင်းနတ်

"ယခုစာက စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ် မုံသွင်ကျေးရွာမှ ကိုကျော်ညွန့် ဆိုသူရဲ့ လျှောက်ထားမေးမြန်းတဲ့ စာလွှာဖြစ်ပါတယ် ဘုရား"

"ကိုကျော်ညွန့်က ဘာတွေများ မေးမြန်းထားသလဲကွယ့်"

"ကိုကျော်ညွန့် မေးမြန်းထားတာက–

(၁) မြန်မာလူမျိုးတွေဟာ များသောအားဖြင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါတယ်တဲ့၊ ဗုဒ္ဓဘာသာဝင်များ ဖြစ်ငြားလည်း ဦးမင်းကျော်၊ မင်းညီနောင် စသော နတ်ကိုးကွယ်မှုရဲ့ လွှမ်းမိုးခြင်းကို ခံနေရကြရပါတယ်တဲ့၊ ဗုဒ္ဓဘာသာဝင်ဖြစ်ပါလျက် နတ်ကိုးကွယ်ခြင်း သင့်/မသင့် သိလိုပါသတဲ့ဘုရား"

(၂) အချို့သော ပုဂ္ဂိုလ်များက အကိုးကွယ်ခံ ၃၇–မင်းစသော နတ်များဟာ သူတော်ကောင်းကြီးတွေ ဖြစ်ကြလို့ အရိမေတ္တေယျ ဘုရားသခင် ပွင့်တော်မူတဲ့အခါကျ ကျွတ်တမ်းဝင်ကြမှာတွေ ဖြစ်တယ်လို့လဲ ပြောနေကြပါတယ်တဲ့၊ အဲသည် စကားရပ် ဟုတ်/မဟုတ် ဆိုတာလဲ သိချင်ပါသတဲ့ ဘုရား။

(၃) ထို ၃၇–မင်းသော နတ်များဟာ ၃၁–ဘုံအတွင်း ဘယ်ဘုံမှာ ပါဝင် သလဲ ဆိုတာလဲ သိချင်ပါသတဲ့ဘုရား။

http://www.dhammadownload.com



(၄) ထိုနတ်များဟာ သူတို့ကို တင်မြှောက်ပသလျှင် ကောင်းကျိုးပေးနိုင်ပြီး၊ မတင်မမြှောက် မပသလျှင် ဆိုးကျိုးပေးနိုင်တယ်လို့လည်း ဟောပြောနေကြပါတယ်တဲ့၊ ၎င်းဟောပြောချက် မှန်/မမှန်ကိုလည်း သိချင်ပါသတဲ့။

(၅) ယခုအခါ မြန်မာနိုင်ငံတော် အရပ်ရပ်ရှိ နတ်ကတော်များ နတ်ထိန်းများဟာ လာရောက်မေးမြန်းတဲ့ ပုဂ္ဂိုလ်များကို နတ်က ပူးပြောတယ်ဆိုပြီး ဗေဒင်ဟောသလို ဟောပေးနေကြပါတယ်တဲ့၊ ထိုနတ်ကတော် နတ်ထိန်းများ နတ်ပူးတယ်ဆိုတာ ဟုတ်/မဟုတ် သိချင်ပါတယ်တဲ့ဘုရား။

သည်အမေးရဲ့ အဖြေလွှာကိုလည်း အများပြည်သူများ လေ့လာနိုင်အောင် ဓမ္မဗျူဟာစာစောင်မှတစ်ဆင့် ဖြေဆိုပေးတော်မူပါလို့ လျှောက်ထားပါတယ်ဘုရား။”

## အမေး(၁)အဖြေ

ရှိခိုးခြင်း၊ ကိုးကွယ်ခြင်း၊ ပူဇော်ခြင်း၊ အရိုအသေပြုခြင်းဟာ ဘယ၊ လာဘ၊ ကုလ၊ အာစရိယ၊ နိဿရဏရယ်လို့ ငါးမျိုးရှိတယ်၊ ဘယ–ဆိုတာ ကြောက်ရွံ့လို့ ကိုးကွယ်ခြင်း၊ လာဘ–ဆိုတာ လာဘ်ပစ္စည်း ရချင်လို့ကိုးကွယ်ခြင်း၊ ကုလ–မျိုးရိုးအလိုက် ကိုးကွယ်ခြင်း၊ အာစရိယ–ဆရာဖြစ်လို့ ကိုးကွယ်ခြင်း၊ နိဿရဏ–သံသရာက လွတ်မြောက်ဖို့ ကိုးကွယ်ခြင်းတို့ဖြစ်တယ်၊ အဲသည် ကိုးကွယ်ခြင်းငါးမျိုးအနက် ရတနာသုံးပါးကို ကိုးကွယ်ခြင်း၊ ရှိခိုးခြင်း၊ ပူဇော်ခြင်း၊ အရိုအသေပြုခြင်းဆိုတာက သံသရာလွတ်မြောက်ဖို့ ဖြစ်တယ်၊ နတ်ကိုးကွယ်ခြင်း၊ ဘိုးဘိုးကြီးကိုးကွယ်ခြင်း၊ ဝိဇ္ဇာ၊ ဇော်ဂျီကိုးကွယ်ခြင်းဆိုတာက သံသရာက ထွက်မြောက်ဖို့မဟုတ်ဘူး၊ လာဘ်ကိုလိုလို့၊ မျိုးရိုးဖြစ်လို့ ကိုးကွယ်ကြခြင်းဖြစ်တယ်၊ ရတနာသုံးပါးကို ဆည်းကပ်တဲ့ပုဂ္ဂိုလ်ဟာ “ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊ သံဃော မေ သရဏံ အညံ နတ္ထိ”လို့ဆိုတဲ့အတိုင်း ရတနာသုံးပါးမှတစ်ပါး နိဿရဏအကျိုးငှာ ဘယ်အရာကိုမျှ မဆည်းကပ်၊ မကိုးကွယ်ကောင်းဘူး၊ အကယ်၍ ဆည်းကပ် ကိုးကွယ်ခဲ့လျှင် သရဏဂုံ ပျက်စီးတယ်၊ နိဿရဏအကျိုးငှာ မဟုတ်ဘဲ ဘယ၊ လာဘ၊ ကုလ၊ အာစရိယအဖြစ်ဖြင့် ကိုးကွယ်ခြင်း၊ ရှိခိုးခြင်း၊ ပူဇော်ခြင်း၊ ရိုသေခြင်းပြုလုပ်ရုံနှင့် သရဏဂုံ မပျက်ပါဘူး၊ ဒါကြောင့်

http://www.dhammadownload.com



ဗုဒ္ဓဘာသာဝင်ဖြစ်သော်လည်း နတ်ကို ဆည်းကပ် ကိုးကွယ်နိုင်ခွင့် ရှိပါတယ်၊ သို့သော်လည်း နတ်ကိုးကွယ်ပုံနှင့် ရတနာသုံးပါး ကိုးကွယ် ဆည်းကပ်ပုံချင်း မတူပါဘူး၊ နတ်ကို အပြင်အပမှာသာ ပသ ပူဇော်ရတယ်၊ ရတနာသုံးပါးကိုတော့ ဂုဏ်တော်ကို အာရုံပြုပြီး အတွင်းက ပူဇော်ရတယ်ကွယ့်"

"အနုဿတိဆယ်ပါးမှာ ပါဝင်တဲ့ ဒေဝတာနုဿတိဆိုတာ ကောဘုရား၊ နတ်ပူဇော်ရာမှာ ရတနာသုံးပါးပူဇော်သလို နတ်များရဲ့ ဂုဏ်ကို အာရုံပြုပြီး ပူဇော်ရမယ်လို့ ဆိုလိုတာ မဟုတ်ဘူးလားဘုရား"

"မဟုတ်ပါဘူး၊ နတ်ဆိုတာ နတ်မဖြစ်မီဘဝက သဒ္ဓါတရား၊ သီလတရားတို့နှင့် ပြည့်စုံခဲ့ကြလို့ ယခု နတ်ဖြစ်ကြတယ်၊ နတ်တို့ရဲ့ သဒ္ဓါတရား၊ သီလတရားမျိုး ငါ့မှာလဲ ရှိတယ်လို့ နတ်များကို သက်သေပြုပြီး မိမိရဲ့ သဒ္ဓါတရား၊ သီလတရား၊ သမာဓိတရားများကို အဖန်တလဲလဲ အောက်မေ့ခြင်းကို ဒေဝတာနုဿတိလို့ ဆိုလိုတာပါ၊ နတ်ပူဇော်တာကို ဆိုလိုတာမဟုတ်ပါဘူး၊ ဒါကြောင့် နတ်ပူဇော်တာကို ရတနာသုံးပါးပူဇော်တာနှင့် အပြိုင်အဆိုင် ပူဇော်ခဲ့လျှင် သာသနာတော် ပျက်စီးတတ်တယ်ကွယ့်"

"နတ်ကို ရတနာသုံးပါးနဲ့ အပြိုင်အဆိုင်ပူဇော်တာနဲ့ ဘာကြောင့် သာသနာတော် ပျက်စီးတတ်တာလဲ ဘုရား"

"အေးကွယ်–စဉ်းစားကြည့်၊ ကိုးကွယ်ခြင်း၊ ဆည်းကပ်ခြင်း၊ ရှိခိုးခြင်း၊ ပူဇော်ခြင်းဆိုတာ ဘာကိုကိုးကွယ်၊ ရှိခိုး၊ ပူဇော်တာပင်ဖြစ်စေ ပုံစံချင်းက အတူတူပဲကွယ့်၊ ဘာကွာခြားသလဲဆိုတော့ အခြေခံချင်း ကွာခြားသွားတယ်၊ နတ်ပူဇော်တာက လောကီအကျိုးကို အခြေခံတယ်၊ ရတနာသုံးပါး ပူဇော်တာက သံသရာကလွတ်မြောက်ရေး(နိဿရဏ)ကို အခြေခံတယ်၊ သည်အခြေခံ နှစ်ခုအနက် ဘယ်အခြေခံက ဂုဏ်ကြီးသလဲဆိုတော့ နိဿရဏက ဂုဏ်ကြီးတယ်၊ လောကီအကျိုးက ဂုဏ်မကြီးဘူး၊ သို့သော်လဲ ပုထုဇဉ်တို့ မြင်တာ နိဿရဏဆိုတဲ့ ရုပ်နာမ် လွတ်မြောက်မှုထက် လောကီအကျိုးဖြစ်တဲ့ လာဘ်ရမှု၊ ကျန်းမာမှုက ပိုပြီး အရေးကြီးတယ်လို့ ထင်တတ်ကြသကိုး၊ ဒါကြောင့် လောကီအကျိုး ပေးနိုင်တယ်ထင်တဲ့ နတ်အများကို ပိုမိုပြီး ပသတတ်ကြတယ်၊ နတ်က ရတနာသုံးပါးထက် အကျိုးပေး ပိုတယ်ထင်ခဲ့လျှင်

http://www.dhammadownload.com



ထိုထင်သူရဲ့သန္တာန်မှာ သာသနာတော် ပျက်စီးသွားပြီကွယ့်။

အိန္ဒိယနိုင်ငံတော်ဟာ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် ဖွားတော်မူရာ၊ သစ္စာတရား သိတော်မူရာ၊ ခန္ဓပရိနိဗ္ဗာန် စံဝင်တော်မူရာ "မဇ္ဈိမဒေသ"ဖြစ်တယ်၊ ဒါကြောင့်လဲ ဗုဒ္ဓသာသနာတော်ဟာ အိန္ဒိယနိုင်ငံမှာ အလွန်အမင်း ထွန်းလင်း တောက်ပခဲ့တယ်၊ သာသနာတော်ရဲ့နောက်ပိုင်းမှာ ယဇ်နတ်ပူဇော်မှုဝါဒဟာ အခြားဘာသာများမှ ဗုဒ္ဓဘာသာအတွင်းကို စိမ့်ဝင်လာခဲ့တယ်၊ ရဟန်းတော်များကိုယ်တိုင် ဘုရားရုပ်ပွားတော်နှင့်အပြိုင် နတ်ရုပ်များကို တင်ထားပူဇော် ကိုးကွယ်ခဲ့ကြတယ်ဆိုကိုးကွယ့်၊ လောကီအာရုံ ကာမဂုဏ်ကို ခံစားရင်း တာရာစသော နတ်များကို ပူဇော်ပသပါက မိမိတို့ တောင့်တတဲ့ လူနတ်စသော ချမ်းသာကို မုချ ခံစား စံစားနိုင်ဝယ်ဆိုတဲ့ ဝါဒဟာ တဖြည်းဖြည်း ပြန့်ပွား လူကြိုက်များလာတယ်၊ အချို့ ရဟန်းတော်များဟာ သပိတ်အစား လူဦးခေါင်းခွံများကိုဆောင်ပြီး ဗလိနတ်စာကျွေးခြင်း၊ အင်းအိုင်၊ မန္တာန် စီရင်ခြင်းစတဲ့ မိစ္ဆာအလုပ်များကို ပြုလုပ်လာကြသတဲ့၊ သာသနာတော်အပေါ် နတ်ကိုးကွယ်မှုဆိုတဲ့ အတုအယောင် လွှမ်းမိုးလာတဲ့အတွက် သာသနာတော်ရဲ့ မူလဘူတဖြစ်တဲ့ အိန္ဒိယနိုင်ငံတော်ကြီးမှာ သာသနာတော်ကြီး ကွယ်ပျောက်ခဲ့ရတယ်၊ ဒါကြောင့် နတ်ကိုးကွယ်တာဟာ အတိုင်းအတာကို မလွန်လျှင်တော့ အပြစ်မရှိပါဘူး၊ အတိုင်းအတာကိုလွန်ခဲ့လျှင် သာသနာတော်ကြီးပါ ပျက်စီးတတ်တယ်ကွယ့်၊ ကိုင်း–အမေး ဆက်ကြဦးစို့၊ ဒုတိယ အမေးက ဘာတဲ့ကွယ်"

"ဒုတိယအမေးက ၃၇–မင်းနတ်များဟာ သူတော်ကောင်းကြီးများဖြစ်ကြလို့ အရိမေတ္တေယျဘုရားရှင်ရဲ့သာသနာတော်မှာ ကျွတ်တမ်းဝင်ကြမယ်ဆိုတာ ဟုတ်မဟုတ် သိချင်ပါတယ်တဲ့ ဘုရား"

"သူတော်ကောင်း၊ သူယုတ်မာဆိုတာကို ဘာနှင့်ဆုံးဖြတ်သလဲဆိုတော့ ကာယကံ၊ ဝစီကံ၊ မနောကံတို့နှင့် ဆုံးဖြတ်တယ်ကွယ့်၊ ကာယကံအားဖြင့် ဒုကမ္မကာရီ–မကောင်းမှုကိုလုပ်တယ်၊ ဝစီကံအားဖြင့် ဒုဘာသိတဘာသီ–မကောင်းတဲ့စကားကို ပြောတယ်၊ မနောကံအားဖြင့် ဒုစိန္တိတ စိန္တီ–မကောင်းတဲ့ အကြံကိုကြံတယ်၊ သည်ပုဂ္ဂိုလ်ကို လူမိုက်ခေါ်ကြောင်း၊ အံ၊ တိ၊ ပါ၊ ၁၀၀–

http://www.dhammadownload.com



မှာ ဘုရားရှင်ဟောထားတယ်၊ လူမိုက်လက္ခဏာကို ပြောင်းပြန်လှည့်လိုက်လျှင်–

သုကမ္မကာရီ–ကောင်းတာကို လုပ်တတ်တယ်၊

သုဘာသိတဘာသီ–ကောင်းတဲ့စကားကိုပြောတယ်၊

သုစိန္တိတ စိန္တီ–ကောင်းတဲ့အကြံကို ကြံတယ်–

ရယ်လို့ သူတော်ကောင်းလက္ခဏာသုံးပါး ပေါ်ထွက်လာတယ်၊ မြန်မာနိုင်ငံတော်မှာ မြန်မာလူမျိုးများ တင်မြှောက် ပသနေကြတဲ့နတ်တွေကို သည်အင်္ဂါများနှင့် ညှိကြည့်ရမယ်၊ အင်္ဂါသုံးပါးနှင့် ညှိကြည့်လို့ သူတော်ကောင်းလက္ခဏာသုံးပါးနှင့် ကိုက်ညီလျှင် သူတော်ကောင်းနတ်တွေ ဖြစ်မှာပါ...တဲ့၊ သူယုတ်မာလက္ခဏာနှင့် ကိုက်ညီလျှင်လည်း သူယုတ်မာနတ်တွေ ဖြစ်မှာပါပဲ၊ ဘယ်နတ်က သူယုတ်မာ၊ ဘယ်နတ်က သူတော်ကောင်းလို့တော့ သည်နေရာမှာ အဖြေမပေးသာဘူး၊ မိမိဘာသာ ညှိနှိုင်းပြီး အဖြေရှာကြည့်ပါလို့ တောင်းပန်လိုက်ပါတယ်၊ ပြီးတော့ သည်နတ်တွေဟာ အရိမေတ္တေယျဘုရားရှင် သာသနာတော်မှာ ကျွတ်တမ်းဝင်လိမ့်မယ်လို့ ဘယ်ဘုရားရဲ့ဗျာဒိတ်စကားမျှ လုံးဝ မရှိတဲ့အတွက် သူတို့ပြောတိုင်းလည်း မဟုတ်ပါဘူးလို့ အဖြေပေးလိုက်ပါတယ်၊ ကဲ– တတိယအမေး ဆက်ကြဦးစို့၊ တတိယအမေးကဘာတဲ့"

သည်နတ်တွေဟာ ၃၁–ဘုံအတွင်း ဘယ်ဘုံမှာ ပါဝင်တယ်ဆိုတာ သိချင်ပါတယ်တဲ့ဘုရား"

"၃၇–မင်းစတဲ့ နတ်တွေကို အောက်နတ်တွေလို့ ခေါ်ကြတယ်၊ အောက်နတ်ဆိုတာ စာတုမဟာရာဇ်၊ တာဝတိံသာစသော အထက်နတ်များ မဟုတ်ကြလို့ ပါပဲ၊ သည်နတ်တွေဟာ နေတော့ လူ့ဘုံလောကမှာ နေကြရတယ်၊ စာရင်းသွင်းတော့ စာတုမဟာရာဇ်နတ်အတွင်း သွင်းရတယ်၊ နတ်စာရင်းသွင်းရသော်လည်း အမှန်တကယ်တော့ နတ်မျိုးရိုး မဟုတ်ကြပါဘူး၊ ဝိနိပါတိက အသုရာမျိုးတွေ ဖြစ်ကြတယ်"

"ဝိနိပါတိက အသုရာဆိုတာ ဘယ်လို အသုရာမျိုးပါလဲဘုရား"

"ဝိနိပါတိကဆိုတာက ဖောက်ပြန်ပျက်စီး၍ ကျရောက်ဖြစ်ပေါ်လာသော၊ အသုရာဆိုတာက နတ်သေး၊ နတ်မွှား၊ နတ်အငယ်စားလို့ ဆိုလိုတယ်၊သည်နေရာမှာ အသုရာငါးမျိုးကိုလည်း ခွဲခြားပြီး မှတ်ထားဦးမှကွယ်"

http://www.dhammadownload.com



"မိန့်တော်မူပါ ဘုရား"

(၁) မြင်းမိုရ်တောင်အောက် မြေခလောက် သုံးလုံးအကြားမှာ တည်ရှိတဲ့ အသုရာ၊ အဲသည်အသုရာက မာဃဇာတ်မှာ သမုဒ္ဒရာအတွင်း ပစ်ချခံရတဲ့ နတ်တွေမို့ တာဝတိံသာနတ်အတွင်းမှာ ပါဝင်တယ်။

(၂) ဘုမ္မဒေဝခေါ် မြေပြင်ရှိ ရုက္ခစိုဝ်းစသော နတ်များထံ မှီခိုကပ်ရပ်ပြီး နေကြရတဲ့ ဝိနိပါတိက အသုရာ။

(၃) တစ်ခါတစ်ရံ နတ်စည်းစိမ်ကို ခံစား စံစားရပြီး တစ်ခါတစ်ရံ ပြိတ္တာ များလို ဒုက္ခခံစားနေရတဲ့ ဝေမာနိက အသုရာ။

(၄) ကမ္ဘာကြီးသုံးခုတို့ရဲ့အကြား ငရဲခံနေရတဲ့ လောကန္တ ရိက အသုရာ၊ သည်လောကန္တ ရိက အသုရာကတော့ နတ်မျိုးမဟုတ်ဘူး၊ ငရဲမျိုး ဖြစ်တယ်။

(၅) အမြဲ မွတ်သိပ် ဆာလောင်ခြင်းဒုက္ခ ခံစားနေရတဲ့ ကာလကဉ္ဇိက အသုရာ၊ သည်ကာလကဉ္ဇိကအသုရာက အပါယ်လေးပါးမှာ ပါဝင်တဲ့ အသုရကာယ်မျိုးဖြစ်တယ်။

သည်အသုရာငါးမျိုးထဲက ၃၇-မင်းနတ်များဟာ ဘုမ္မဿိတ ဝိနိပါတိက အသုရာမျိုးဖြစ်တယ်၊ မျိုးရိုးကတော့ စာတုမဟာရာဇ်နတ်မျိုးပဲ၊ သို့သော်လည်း လူ့လောကမှာ စဏ္ဍာလ၊ ပန်းမှိုက်သွန်မျိုးဟာ လူဖြစ်သော်လည်း လူ့အောက်တန်းစားဖြစ်သလို နတ်လောကမှာလည်း သူတို့ဟာ အောက်တန်းစားနတ်သေး၊ နတ်မွှားများဖြစ်ကြတယ်၊ သည်နတ်သေး၊ နတ်မွှားများကို အဟိတ် ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နှင့် ပဋိသန္ဓေနေကြရတဲ့ အတွက် အဟိတ်နတ်မျိုးဖြစ်တယ်လို့ သင်္ဂြိုဟ်ကျမ်း ဝီထိမုတ်ပိုင်း ပဋိသန္ဓိ စတုက္ကမှာ ပြထားတယ်ကွယ့်၊ ကိုင်း-သည်လောက်ဆိုလျှင် တတိယအမေး ပြေလောက်ပြီနော်"

"မှန်ပါ-ပြေပါပြီဘုရား၊ စတုတ္ထအမေးကို ဖြေတော်မူပါဦး"

"စတုတ္ထအမေးက ဘာတဲ့လဲကွယ့်"

"ထို ၃၇-မင်းနတ်များဟာ ကောင်းကျိုး, ဆိုးကျိုး ပေးနိုင်၊ မပေးနိုင် သိလိုပါတယ်တဲ့ဘုရား"

http://www.dhammadownload.com



"ပုရွက်ဆိတ်တို့၊ ခါချဉ်တို့ဆိုတဲ့ အကောင်ငယ်တွေဟာ တိရစ္ဆာန်လောကမှာ အင်မတန်သေးငယ်သော အကောင်တွေဖြစ်တယ်၊ သည်လောက်သေးငယ်တဲ့အကောင်များသော်လည်း သူတို့ကိုထိလျှင် မခံဘူး၊ တတ်နိုင်သလောက် ခံကိုက်တာပဲမဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အလွန်သေးငယ်တဲ့ အကောင်များသော်လည်း သူတို့ကိုထိလျှင် ပြန်လှန်ရန်မူတတ်တာကိုထောက်ပြီး ၃၇–မင်းနတ်များဟာ ဘုန်းကံနည်းပါးသော ဘုမ္မသိတ ဝိနိပါတိက နတ်သေး၊ နတ်မွှားများဖြစ်ကြသော်လည်း သူတို့ကို မတော်မလျော်လုပ်လျှင်တော့ သူတို့ကလည်း ပြန်လှန်ပြီး မတော်မလျော်လုပ်တတ်ကြတယ်၊ သာဓကထုတ်ပြပါဆိုလျှင် အနော်ရထာမင်းစောကို ပြရမှာပဲ၊ အနော်ရထာမင်းစော တရုတ်ပြည် ချီတက်တော်မူစဉ်ကာလက ခရီးလမ်းတစ်နေရာမှာ လိမ်ပင်ရှိသတဲ့၊ လိမ်ပင်စောင့်နတ်ဟာ အနော်ရထာမင်းစော ချီတက်လာတာကို မြင်လျက်နှင့် ပမာမခန့်ကိုယ်ထင်ပြပြီး သစ်ပင်ပေါ်က မဆင်းဘဲနေသတဲ့၊ သည်လို ပမာမခန့် နေတာကို အနော်ရထာမင်းစော မြင်တော်မူတော့ ကျန်စစ်သားကို အရိန္ဒမာကြိမ်လုံးအပ်ပြီး သစ်ပင်ပေါ်ကမဆင်းဘဲနေတဲ့ ကောင်ကို ရိုက်ချစေလို့ အမိန့်တော်ထုတ်တယ်၊ လိမ်ပင်စောင့်နတ်လည်း သိကြားမင်းပေးတဲ့ အရိန္ဒမာကြိမ်လုံးတန်ခိုးကြောင့် ကိုယ်ကိုလည်းမဖျောက်နိုင်၊ အကာအကွယ်လည်း မပြုနိုင်၊ တုန်တခိုက်ခိုက်နှင့် သစ်ပင်ပေါ်က ဆင်းပြေးရရှာသတဲ့၊ လိမ်ပင်ပေါ်ကနတ်ကြီး မရှုမလှ ခုန်ဆင်းပြေးရရှာတယ်ဆိုတော့ မြင်မြင်တကာ ဗိုလ်ပါပရိသတ်က ဝိုင်းလှောင်ပြောင်ကြမှာပေါ့၊ ဒါကြောင့် လိမ်ပင်စောင့်နတ်ဟာ ရှက်သွားပြီး "အသင်မင်းကြီး ကံဇာတာသာ၍ တူဖြစ်သောအခိုက် ထုလိုက်ပေါ့၊ ငါကံဇာတာသာ၍ တူဖြစ်လာလျှင် သင်မင်းကြီးကို ထုရလိမ့်မည်၊ ထိုအခါ ခံမည်သာကြဲရော့"လို့ ကြိမ်းဝါးပြီး အနော်ရထာမင်းစော ကံနိမ့်မည့်အကွက်ကို ကြည့်နေသတဲ့။

အခါတစ်ပါး မင်းကြီးဟာ လယ်တွင်း (၁၁)ရွာတို့ကိုပြုစုပြီး အမတ်ခုနစ်ထောင် အခြံအရံဖြင့် ဆင်တော်နှင့် ပုဂံရာမကို ပြန်လာတော်မူရာ သရပါတံခါးဆီတောင် ရောက်လာပြီတဲ့၊ အဲသည်အခိုက် မုဆိုးတစ်ယောက် ရောက်

http://www.dhammadownload.com



လာပြီး အောင်သာမြစ်ခြေအရပ်မှာ ကျွဲရိုင်းတစ်ကောင်ဟာ လူသူမသွားသာအောင် ရန်ပြုနေပါတယ်ဘုရားလို့ လာလျှောက်တယ်၊ မင်းကြီးလည်း သည်လိုဆိုလျှင် နေပြည်တော်ကို မဝင်သေးဘူး၊ ကျွဲရိုင်းကို အလျင် ဆုံးမဦးမယ်လို့ မြစ်ခြေ အောင်သာကို ချီတက်တော်မူတယ်၊ မြစ်ခြေရောက်လို့ ကျွဲရိုင်းနှင့် တိုက်ရာ ကျွဲရိုင်းက အဟုတ်ကျွဲမှမဟုတ်ဘဲ လိမ်ပင်စောင့်နတ် ကျွဲယောင်ဆောင်နေတာ ကိုး၊ ဒါကြောင့် ဆင်တော်နှင့် ကျွဲရိုင်းကို နင်းသတ်မယ်လို့အလိုက် နတ်ကျွဲ ရိုင်းက ခုန်ပြီးခတ်လိုက်တာ ကျွဲချိုဖျားမှာ အနော်ရထာမင်းစော ပါသွားရှာ သတဲ့၊ ဒါကြောင့် အောက်နတ်ငယ်တွေဟာ တကယ်တော့ ဘာမျှ ကြီးကြီးမားမား ဘုန်းတန်ခိုးမရှိကြပါဘူး၊ သို့သော်လည်း သူတို့ကိုတော့ သွားမစနှင့်၊ သူတို့ကို သွားစလျှင် သူတို့တတ်နိုင်သလောက် မကောင်းကျိုးကိုပေးနိုင်တယ်"

"မကောင်းကျိုး ပေးနိုင်တယ်ဆိုတာတော့ ဟုတ်ပါပြီ၊ ကောင်းကျိုးကို ကော ပေးနိုင်ကြပါသလားဘုရား"

"အေးကွယ့်–မကောင်းကျိုးကို အထိုက်အလျောက်ပေးနိုင်ကြသလို ကောင်း ကျိုးကိုလည်း အထိုက်အလျောက် ပေးနိုင်ကြပါတယ်၊ သာကေ(သက်သေ) ပေးပါဆိုလျှင် အနော်ရထာမင်းရဲ့ခမည်းတော် ကျောင်းဖြူမင်းကြီးကို သက်သေ ပေးရမှာပဲ၊ ကျောင်းဖြူမင်းဟာ ပုဂံနန်းဦး တန်နက်မင်းရဲ့ သားတော်ဖြစ်သတဲ့၊ တန်နက်မင်းကို စလေငခွေး လုပ်ကြံတဲ့အခါမှာ တန်နက်မင်းရဲ့မိဖုရားဟာ ကိုယ်ဝန်အရင့်အမာနှင့် နန်းတော်က ထွက်ပြေးလာပြီး ကျောင်းဖြူအရပ်မှာ နေတယ်၊ ကျောင်းဖြူမင်းကို ဖွားသတဲ့၊ အရွယ်ရောက်တဲ့အခါ ကွမ်းဆော် ရာထူးနှင့် မင်းထံခစားလို့ ကွမ်းဆော်မင်းလို့လည်း ခေါ်ကြတယ်"

"ကွမ်းဆော်ဆိုတာ ဘယ်လိုရာထူးပါလဲဘုရား"

"ကွမ်းဆိုတာက (အခွန်)ကိုဟောပြီး (ဆော်)ဆိုတဲ့သဒ္ဒါက နှိုးဆော်ခြင်း အနက်ကိုဟောတယ်၊ မင်းရဲ့အခွန်ဘဏ္ဍာတော်များကို နှိုးဆော်ကောက်ခံတဲ့ အရာရှိပေါ့၊ ကွမ်းဆော်အရာရှိဟာ မွေးရာဇာတိ ကျောင်းဖြူအရပ်က နံနက် စောစောထပြီး ပုဂံနေပြည်တော်ကို နေ့တိုင်းသွားရတယ်၊ သားဖြစ်သူ နံနက် စောစော အလုပ်ရှိရာသွားရတော့ မိခင်က သားစားဖို့ စားကောင်းသောက် ဖွယ်ရာများ စီမံပြီး နံနက်တိုင်း ဖက်နှင့်ထုပ်ပေးလိုက်တယ်၊ ကွမ်းဆော်ဟာ

http://www.dhammadownload.com



မိခင်ထုပ်ပေး လိုက်တဲ့ စားမြိန်စာထုပ်ကို လမ်းခရီး ဆောင်ချမ်းပင်ကြီးအောက်မှာ ဖြေပြီး နေ့တိုင်းစားတယ်၊ စားတဲ့အခါ အမှတ်မဲ့မစားဘူး၊ စားဦးစားဖျားကို ဆောင် ချမ်းပင်စောင့်နတ်ကို တင်မြှောက် ပသပြီးမှ စားသတဲ့၊ ဆောင်ချမ်းပင် စောင့်နတ်ဟာ သူ့ကိုနေ့စဉ် နေ့တိုင်း စားဦးစားဖျား တင်မြှောက် ပသနေတဲ့ ကွမ်းဆော်အပေါ် မေတ္တာသက်ဝင်လာတယ်၊ သို့သော်လည်း သူဟာ ဘုန်းကံမရှိတဲ့ နတ်သေး၊ နတ်မွှားမို့ ကွမ်းဆော် ကြီးပွားအောင် ဘာမျှမတတ်နိုင်ဘူး၊ သူ ဘာမျှ မတတ်နိုင်သော်လည်း ဘုရားရှင်ရဲ့ဂုဏ်တော်များက တတ်နိုင်တာ ကိုတော့ သူ သိသတဲ့၊ ဒါကြောင့် ကိုယ်ထင်ပြပြီး **"သင်ဟာ နေ့စဉ်နေ့တိုင်း ငါ့ကို ပသ ပူဇော်တယ်၊ သင် ကြီးပွားတာကို ငါ မြင်ချင်တယ်၊ ဒါကြောင့် သရဏဂုံ၊ ပဉ္စသီလကို မြဲမြဲစောင့်ရှောက်ပါ၊ အမှန်စကားကိုပြောပါ၊ အနုဿတိ ဆယ်ပါးကို တစ်နေ့ နှစ်ထောင်ရအောင် စီးဖြန်းပါ၊ သင်ဟာ မကြာမီ အထွတ်အထိပ် ရောက်လိမ့်မယ်"**လို့ ပြောတယ်၊ ကွမ်းဆော်လည်း ဆောင်ချမ်းပင် စောင့်နတ်ရဲ့အဆုံးအမအတိုင်း သရဏဂုံ၊ ပဉ္စသီလကို ဆောက်တည်ပြီး အနုဿတိနှစ်ထောင် နေ့တိုင်းစီးဖြန်း တဲ့အတွက် ပုဂံပြည်မှာ မင်းဖြစ်သတဲ့ကွယ်"

"ကွမ်းဆော် ဘယ်လို မင်းဖြစ်လာတယ်ဆိုတာလဲ နည်းနည်း ချဲ့ပြောပါဦး ဘုရား"

"ကွမ်းဆော် မင်းဖြစ်လာပုံက ဒီလိုကွယ့်၊ ကွမ်းဆော်ဟာ အနုဿတိ ကမ္မဋ္ဌာန်း မှန်မှန် စီးဖြန်း ပွားများနေတဲ့အတွက် ပုဂံပြည်မှာ မင်းလောင်းပေါ် လိမ့်မယ်လို့ ကောလာဟလဖြစ်နေတယ်၊ အဲသည် ကောလာဟလဟာ တစ်စ တစ်စ ရင့်ကျက်လာပြီး ဘယ်နေ့ဘယ်ရက်မှာ မင်းလောင်းပေါ်မှာဟဲ့လို့ နေ့ရက်နှင့် အတိအကျဖြစ်လာတယ်"

ပုဂံသားတွေဟာ သည်နေ့ မင်းလောင်း တူရွင်းတောင်ဘက်က လာမှာတဲ့၊ မင်းလောင်းကို ဦးစွာ ကြည့်ရအောင်ရယ်လို့ အုတ်အုတ်ကျက်ကျက် တူရွင်း တောင်ခြေဆီကို သွားကြတယ်၊ ကွမ်းဆော်ရဲ့စိတ်ထဲမှာလည်း သည်နေ့ငါဟာ ကွမ်းကို စောစောဆော်ပြီး မင်းလောင်းကို ကြည့်မယ်လို့ မယ်တော်ကို စားမြိန် စာထုပ် စောစောထုပ်ပေးပါလို့ ပြောတယ်၊ မယ်တော်ကလည်း ညဉ့်ဦးကတည်း က ထုပ်ပေးလိုက်တယ်၊ ကွမ်းဆော်ဟာ စားမြိန်စာထုပ်ကို ယူပြီး ညဦးကပင်

http://www.dhammadownload.com



ကြိုတင်ပြီး ပုဂံကိုသွားတယ်၊ လက်ထုပ်ကိုရောက်တော့ ကွမ်းကိုအပြင်းဆော်ပြီး မင်းလောင်းကိုကြည့်မယ်လို့ထွက်လာတယ်၊ သည်အချိန်မှာ သူအို တစ်ယောက်မြင်းစီးလာတာနှင့်ဆုံတယ်၊ သူအိုက "ငါ့မြင်းကိုစီးပြီး ပုဂံပြည်ကို သွားနှင့်ပါ"လို့ ပြောတယ်၊ ကွမ်းဆော်က "ခင်ဗျားမြင်းကို မစီးချင်ဘူး၊ မင်းလောင်းလာတာနှင့်မီအောင် အမြန်သွားရမှာဖြစ်ပါတယ်"လို့ ပြောတယ်၊ သူအိုက "ခြေကျင်သွားတာထက် မြင်းနှင့်သွားတာက ပိုမြန်ပါတယ်၊ မြင်းစီးသွားပါ၊ ပြီးတော့ ဟောသည်မှာ ဥဿျောင်ကျင်၊ ဒါကိုလဲ ဆောင်းသွားပါ၊ ဟောသည်ပတ္တမြားလက်စွပ်ကိုလဲ ဝတ်သွားပါ၊ သည်လှံကိုကိုင်ပြီး သည်ဓားကိုလဲလွယ်သွားပါ၊ ပုဂံရောက်လို့မှ ငါ့ကိုမတွေ့ရလျှင် စောင့်မနေနှင့်၊ နန်းရင်ပြင်အရောက်သာ ဝင်ပေရော့"လို့ မင်းအဆောင်အယောင်တွေ ဆင်ယင်ပြီးလွှတ်လိုက်တယ်၊ အဲသည်လွှတ်လိုက်တဲ့ သူအိုက လူသားမဟုတ်ဘူး၊ သိကြားမင်းဖြစ်တယ်လို့ မဟာရာဇဝင်ကြီးမှာ ရေးထားတယ်၊ ကွမ်းဆော်လည်း သူအိုရဲ့အစီအမံအတိုင်း မြင်းစီးပြီး နန်းရင်ပြင်အထိဝင်တယ်၊ မြင်မြင်သမျှလူတွေက မင်းလောင်းလာပြီလို့ကြွေးကြော်ပြီး ဦးတိုက်ကြတယ်၊ သည်အခါ ဘုရင်ဖြစ်နေတဲ့ စောရဟန်မင်းက ငါရှိပါလျက် အဘယ်သူဝင်အံ့နည်းလို့ နန်းဦးကရပ်ပြီးဆိုသတဲ့၊ မင်းကြီးရပ်ပြီး ဆိုနေတုန်း တံခါးမှာ အလှတပ်ထားတဲ့ကျောက်ထုရုပ်က တွန်းချလိုက်လို့ စောရဟန်မင်း အနိစ္စရောက်တယ်၊ ကွမ်းဆော်လည်း မင်းဖြစ်သွားတယ်၊ ဒါကြောင့် အောက်နတ် အသေးအမွှားတွေကလည်း သူတို့အင်အားရှိသလောက် ကူညီစောင့်ရှောက်နိုင်ပါတယ်၊"

"ပဌမအမေးကို ဖြေတော်မူပါဦး ဘုရား"

"ပဌမအမေးက ဘာပါလိမ့်"

"မြန်မာနိုင်ငံတော်မှာ နတ်ကတော်တွေ၊ နတ်ထိန်းတွေဟာ နတ်ပူးတယ်ဆိုပြီး လာရောက် မေးမြန်းသူများကို ဗေဒင်ဟောသလို ဟောနေကြပါတယ်တဲ့၊ သည်နတ်ကတော်တွေ၊ နတ်ထိန်းတွေ နတ်ပူးတယ်ဆိုတာ ဟုတ်ပါသလားတဲ့ဘုရား"

"သုတ်သီလက္ခန် ပါဠိတော် ဗြဟ္မဇာလသုတ်၊ မဟာသီလအခန်းမှာ–အာဒါသပဥှာ၊ ကုမာရိကပဥှာ၊ ဒေ၀ပဥှာ ဆိုတဲ့ အတတ်ပညာမျိုးကို ဘုရား

http://www.dhammadownload.com


ရှင် ဟောထားတာရှိတယ်၊ အာဒါသပဉှာဆိုတဲ့ ကြေးမုံ(မှန်)အတွင်း နတ်သွင်းပြီး မေးတဲ့အတတ်၊ ကုမာရိကပဉှာဆိုတာ သတို့သမီးကိုယ်မှာ နတ်သွင်းပြီး မေးတဲ့အတတ်၊ ဒေဝပဉှာဆိုတာက ကျွန်မရဲ့ကိုယ်မှာ နတ်သွင်းပြီး မေးတဲ့အတတ်တဲ့၊ သည်အတတ်မျိုးတွေဟာ ဘုရားမပွင့်မီ ပဝေသဏီက ရှိနေတဲ့ အတတ်မျိုးတွေဆိုတော့ ယခုခေတ်မှာလဲ နတ်ကို ခေါ်သွင်းနိုင်တဲ့ ဆရာ မရှိဘူးလို့ မဆိုနိုင်ပါဘူး၊ သို့သော် တကယ် နတ်သွင်း နတ်ခေါ်နိုင်တဲ့ဆရာက အလွန်နည်းပါးပါတယ်၊ များစွာသော နတ်ကတော်တွေ၊ နတ်ထိန်းတွေဟာ လူထုကို လှည့်စားတာပဲများတယ်၊ ဒါကြောင့် နတ်ကတော်များသေလျှင် ပြိတ္တာဖြစ်တတ်ကြောင်း ဘုရားဟောရှိတယ်ကွယ့်"

"ဘယ်မှာရှိတာလဲ၊ အမိန့်ရှိပါဦးဘုရား"

"ပါရာဇိကဏ်ပါဠိတော် ၁၄၇-မှာ မင်္ဂုလိဆိုတဲ့ ဝိနိတဝတ္ထုတစ်ပုဒ်ပါတယ်၊ ဝတ္ထုရဲ့အဓိပ္ပာယ်က နတ်ကတော်တစ်ဦးဟာ တကယ် နတ်မဝင်ဘဲ နတ်ဝင်ယောင်ဆောင်ပြီး ဤဝတ္ထုဖြင့် နတ်တင်လျှင် ဤလို ကြီးပွားလိမ့်မယ်လို့ ယုံကြည်လွယ်တဲ့ လူနုံ လူအတွေအပေါ် လိမ်ညာလှည့်ပတ်ပြီး လူပေါင်းများစွာကို မိစ္ဆာအယူ ယူစေတယ်တဲ့ကွယ်"

"မှန်ပါ-ကြားဖြတ် လျှောက်ထားပါရစေဦး၊ နတ်ကတော်တွေ လှည့်ပတ်ပြောဆိုတာ ယုံကြည်ရုံနှင့် မိစ္ဆာဒိဋ္ဌိ ဖြစ်နိုင်သလား ဘုရား"

"သိပ်ဖြစ်နိုင်တာပေါ့၊ မိစ္ဆာဒိဋ္ဌိဆိုတာ ကံ၊ ကံရဲ့အကျိုး မယုံကြည်လျှင် မိစ္ဆာဒိဋ္ဌိဖြစ်တော့တာပဲ၊ ယခု နတ်ကိစ္စမှာ နတ်ကတော်က နတ်ကိုပူဇော်လျှင် သင့်ကို နတ်က မစ စောင့်ရှောက်လိမ့်မယ်လို့ ဟောလိုက်တယ်၊ အဟောခံရတဲ့သူဟာ သူ့ရဲ့ကံ၊ ဉာဏ်၊ ဝီရိယကြောင့် အကယ်၍ ကြီးပွား အောင်မြင်ခဲ့လျှင် မိမိရဲ့ကံ၊ ဉာဏ်၊ ဝီရိယကိုမမြင်ဘူး၊ ဟုတ်တယ်၊ နတ်စောင်မလို့ပဲရယ်လို့ ကံကိုပစ်ပယ် ပြီး နတ်ကိုယုံကြည်သွားလျှင် အယူအဆ မှားယွင်းသွားတဲ့အတွက် မိစ္ဆာဒိဋ္ဌိ ဖြစ်သွားတော့တာပေါ့ကွယ်"

"ဟုတ်ပေသားပဲ၊ ဆက်ပြီး မိန့်တော်မူပါဦး"

"နတ်ကတော်ဟာ အမှန်တကယ် နတ်ပူးတာမဟုတ်၊ တကယ်သိမြင်တာလဲမဟုတ်ပါဘဲ ရိုးသားတဲ့လူတွေအပေါ် လိမ်ညာဖြန်းသန်းပြီး စားသောက်

http://www.dhammadownload.com


လာခဲ့တဲ့အတွက် သေလွန်တဲ့အခါ ပြိတ္တာဖြစ်နိုင်သတဲ့၊ ရှေးအခါက နတ်ကတော် တစ်ယောက်ဟာ သည်လို လိမ်လည် ဖြန်းသန်း စားသောက်လာခဲ့တဲ့ မကောင်းမှုကံကြောင့် သေလွန်တဲ့အခါ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်စောင်းမှာ "မင်္ဂုလီ"အမည်ရှိတဲ့ ပြိတ္တာမဖြစ်လာသတဲ့"

"မင်္ဂုလီ ဆိုတာက ဘယ်လိုအဓိပ္ပာယ်ပါလဲဘုရား"

"မင်္ဂုလီကို အဋ္ဌကထာဆရာက "မင်္ဂုလိတ္ထိ ဝိရူပံ ဒုဒ္ဒသံ ဗီဘစ္ဆံ" လို့ ဖွင့်ဆိုတယ်၊ "မင်္ဂုလိတ္ထိ–အင်္ဂုလီဟူသည်ကား၊ ဝိရူပံ–ဖောက်ပြန်တတ်သော အဆင်းရှိသော၊ ဒုဒ္ဒသံ–မြင်၍မကောင်းသော၊ ဗီဘစ္ဆံ–စက်ဆုပ်ရွံရှာဖွယ် ကောင်းသော ပြိတ္တာမ"လို့ အနက်ဖော်ရတယ်၊ သည်အနက် အဓိပ္ပာယ်အရ နတ်ကတော်က ဖြစ်လာတဲ့ ပြိတ္တာမဟာ ဖောက်ပြန်တတ်တဲ့အဆင်း၊ အလွန် ဆိုးတဲ့အဆင်း၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ အဆင်းသဏ္ဌာန်ရှိတယ်၊ ကိုယ်ကလည်း အလွန်ပုပ်စော်နံတယ်၊ သူ့ရဲ့နောက်ကလည်း လင်းတတွေ၊ ကျီးကန်းတွေ၊ သိန်းစွန်တွေက လိုက်ပြီး ထိုးဆိတ်ကြလို့ ကယ်ပါ ယူပါလို့ အော်ဟစ်ပြီး ဂိဇ္ဈကုဋ်တောင်ယံ ကောင်းကင်ပြင်မှာ ပြေးလွှားနေရရှာသတဲ့၊ နတ်ကတော် သေလျှင် ပြိတ္တာဖြစ်တတ်ကြောင်းကို ပါရာဇိကဏ် ပါဠိတော်မှာသာ မဟုတ် သေးပါဘူး၊ နိဒါနဝဂ္ဂသံယုတ်၊ ပါဠိတော်–၄၅၀၊ အဋ္ဌကထာ၂၀၄– မှာလည်း ပြဆိုထားတယ်၊ သည်ပါဠိတော်၊ အဋ္ဌကထာလာ စကားများကို ထောက်လို့ နတ်ကတော်ဟာ အမှန်တကယ် နတ်ပူးခြင်းမဟုတ်ဘဲ လှည့်ပတ် ခြင်းက များတယ်လို့ အဖြေပေးလိုက်ပါတယ်ကွယ်"

"မှန်ပါ–သာဓု–ပါဘုရား၊ သာဓု–သာဓု"



mmadownload.com

## ❐ ၅၅ဝ–လာ သီတာ ရာမ လက္ခဏာ

"ဟောသည့်စာက မိတ္ထီလာမြို့ တောမအုပ်စု၊ ချောက်ပင်ကျေးရွာက မာကြီးရဲ့ မေးလျှောက်လွှာ ဖြစ်ပါတယ်ဘုရား"

"မာကြီးက ဘာတွေများ မေးထားတုန်းကွယ့်"

"မှန်ပါ–သူ့အမေးက ၅၅ဝ–ဇာတ်ဒသနိပါတ်၊ ဒသရထဇာတ်မှာ သီတာ၊ ရာမ၊ လက္ခဏာဆိုတာ ဘုရားလောင်းဖြစ်စဉ်လို့ ဟောထားပါသတဲ့၊ အဘိဓမ္မတ္ထသင်္ဂဟ ဝီထိမုတ်ပိုင်း ဝစီကံ လေးပါးအနက် သမ္ဖပ္ပလာပကို အနက်ဖော်ရာမှာ စီးပွားချမ်းသာကို ဖျက်ဆီးတတ်သော သီတာမိဖုရားကို ဆောင်ခြင်း အစရှိသော ပြိန်ဖျင်းသောစကားကို ဆိုခြင်းလို့ အနက်ဖော်ပါသတဲ့၊ အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းရဲ့အနက်ဟာ ဒသရထဇာတ်ထဲက သီတာ၊ ရာမတို့ကို ရည်ညွှန်းပြီး ဖော်တာလားတဲ့ဘုရား၊ အကယ်၍ ဒသရထဇာတ်ကို ရည်ညွှန်းပြီး အနက်ဖော်တာ ဆိုလျှင် ၅၅ဝ–နိပါတ်တော်ဟာ သမ္ဖပ္ပလာပတွေ ဖြစ်ကုန်တော့မှာပဲတဲ့၊ ဒါကြောင့် အဘိဓမ္မတ္ထသင်္ဂဟရဲ့အနက်ဟာ ဘယ်သီတာ၊ ရာမကို ရည်ညွှန်းတယ်ဆိုတာ အများသိရအောင် ဓမ္မဗျူဟာမှ တစ်ဆင့် ဖြေကြားပေးတော်မူပါတဲ့ဘုရား"

"သီတာ–ရာမဇာတ်ဟာ ၅၅ဝ–လာ ဒသရထဇာတ်နှင့် နန်းတွင်း

http://www.dhammadownload.com



ရာမယနဇာတ်ရယ်လို့ နှစ်မျိုးရှိတယ်ကွယ့်၊ ၅၅၀–ဇာတ်တော်လာ ရာမက ဗာရာဏသီပြည်၊ ဒသရထမင်းကြီးရဲ့သားတော် ဖြစ်တယ်၊ လက္ခဏက ညီတော်၊ သီတာဒေဝီက နှမတော်ဖြစ်တယ်၊ မိဖုရားကြီးက ဖွားမြင်တဲ့ မောင်နှမအရင်းဖြစ်ကြတယ်၊ မယ်တော် မိဖုရားကြီး ကွယ်လွန်တော့ ဒုတိယ မိဖုရားမြှောက်တယ်၊ ဒုတိယမိဖုရားက ဘရတမင်းသားကို ဖွားတယ်၊ ဘရတရဲ့ မယ်တော်ဟာ မင်းကြီးထံမှာ သားတော်အား မင်းဆုပေးဖို့ အကြိမ်ကြိမ် တောင်းတာကြောင့် မိဖုရားရန်ကလွတ်အောင် သားတော်နှစ်ပါးကို အခြား သွားနေကြလို့၊ ၁၂–နှစ်ကျော်လွန်လျှင် ငါကွယ်လွန်လိမ့်မယ်၊ ထိုအခါမှပြန်လာပြီး မင်းလုပ်ကြဖို့ စေလွှတ်တယ်၊ မင်းသားနှစ်ပါး တိုင်းပြည်က ထွက်ခွာရာမှာ နှမတော် သီတာဒေဝီလည်း အတူလိုက်ပါပြီး တောတွင်းမှာနေခဲ့ကြတယ်၊ ဒသရထ မင်းကြီးဟာ ၁၂–နှစ်လွန်မှ ကွယ်လွန်မည်လို့ ဗေဒင်အဟောရှိသော် လည်း သားသမီးများစိတ်ကြောင့် ကိုးနှစ်အရမှာ ကွယ်လွန်တယ်၊ တောမှာနေတဲ့ ရာမမင်းကို ထီးဖြူဆောင်းဖို့ ပင့်ဖိတ်ကြသော်လည်း ခမည်းတော်ရဲ့စကားကို လိုက်နာပြီး ၁၂–နှစ်စေ့မှ ပြည်တော်ကိုပြန်ပြီး နှစ်ပေါင်း တစ်သောင်းခြောက်ထောင် ကြာအောင် မင်းပြုတယ်။

သည်ဇာတ်တော်က ဘုရားလောင်းရာမမင်း ဇာတ်တော်ဟာ သမ္ဗပ္ပလာပ အတွင်း မပါဝင်ဘူးကွယ့်၊ သမ္ဗပ္ပလာပအတွင်း ပါဝင်တဲ့ သီတာ–ရာမဆိုတာက ရာမာယန နန်းတွင်းဇာတ်တော်ကြီးမှာလာတဲ့ သီတာ–ရာမဖြစ်ကြတယ်၊ သည် ဇာတ်တော်နှစ်ခုတို့ဟာ အမည်နာမချင်း တူနေကြတယ်၊ သို့သော်လည်း ၅၅၀–ဇာတ်တော်ကလာတဲ့ သီတာနှင့်ရာမတို့က မောင်နှမအရင်းဖြစ်ပြီး ရာမာယန ဇာတ်တော်ကလာတဲ့ သီတာနှင့် ရာမတို့က မောင်နှမ မဟုတ်ကြဘူး၊ ဇနီးမောင်နှံ ဖြစ်ကြတယ်ကွယ့်”

“အဲသည် ရာမာယန ဇာတ်က ဘယ်ကလာတာလဲဘုရား”

“ရာမာယန ဇာတ်က သက္ကတစာပေက လာတာကွယ့်၊ သည်ဇာတ်တော် ကြီးကို ရေးသားခဲ့တဲ့ပုဂ္ဂိုလ်က ဝါလကီမိ ရသေ့ကြီးတဲ့၊ သည်ဇာတ်တော်ကို ဝါလကီမိရသေ့ကြီး ရေးတယ်ဆိုသော်လည်း ရသေ့ကြီးက သူ့စိတ်ကူးအရ ရေးတာမဟုတ်ဘူး၊ ရှေးကရှိပြီးသား(ရှေးစကား)များကို စုပေါင်းပြီး ရေးတာတဲ့

http://www.dhammadownload.com


ကွယ့်၊ ဟိန္ဒူတို့ရဲ့ ယူဆချက်အရဆိုလျှင် ရာမာယနဇာတ်တော်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်သန်းခန့်က ဖြစ်ပေါ်ခဲ့တယ်လို့ ယူဆကြတယ်၊ နောင်အခါ တုလသီဒါသ အမည်ရှိတဲ့ ကဗျာဆရာကြီးက ရေးကရှိတဲ့ ရာမာယနဇာတ်တော်ကို ဂါထာပေါင်း နှစ်သောင်းလေးထောင်တို့ဖြင့် တန်ဆာဆင်ပြီး ရေးသားလိုက်တဲ့အခါ အိန္ဒိယနိုင်ငံမှာ လူကြိုက်အများဆုံး၊ အကောင်းဆုံးကျမ်းကြီးတစ်ခု ဖြစ်လာတယ်၊ ဟိန္ဒူလူမျိုးဆိုလျှင် စာတတ်တတ်၊ မတတ်တတ် ရာမာယနမှ အနည်းဆုံး လင်္ကာတစ်ပိုဒ် နှစ်ပိုဒ်ကို ရွတ်ဆိုပြနိုင်ရတယ်၊ ရာမာယနကို ဟိန္ဒူတွေ ဘာကြောင့် သည်လောက် အလေးဂရုပြုကြရတာလဲဆိုတော့ ဟိန္ဒူဘာသာမှာ ရာမဟာ သတ္တမမြောက် အဝတာရ ဖြစ်လို့ပဲကွယ့်"

"အဝတာရဆိုတာ ဘာလဲဘုရား၊ အမိန့်ရှိပါဦး"

"အဝတာရအကြောင်း ပြောရလျှင် ဟိန္ဒူဝါဒရဲ့ အခြေခံကိုလဲ ပြောမှ ဖြစ်တော့မှာပဲကွယ့်"

"အနည်းငယ်မျှ အမိန့်ရှိပါဦး ဘုရား"

"ဟိန္ဒူတို့ရဲ့ ကမ္ဘာပြု သတ္တဝါပြုဘုရားက အမြဲထာဝရတည်နေတဲ့ ဗြဟ္မာရ ဘုရားတဲ့၊ ဗြဟ္မာရဘုရားဟာ တစ်ဆူတည်း ဖြစ်သော်လည်း ဂုဏ်အင်္ဂါများအလိုက် (၁) ဗြဟ္မာ၊ (၂) ဗိဿနိုး၊ (၃) သီဝရယ်လို့ ဘုရားသုံးဆူဖြစ်ပါတယ်၊ ဘုရားသုံးဆူအနက် **ဗြဟ္မာဘုရားက** လောကကြီး ဖြစ်ပေါ်လာအောင် ဖန်ဆင်းတယ်၊ **ဗိဿနိုးဘုရားက** လောကကြီးကို စောင့်ရှောက်တယ်၊ **သီဝဘုရားက** မကောင်းသူကို ဒဏ်ပေးတယ်၊ ကမ္ဘာကြီးကို ဖျက်သိမ်းတယ်၊ ဗိဿနိုးဘုရားဟာ လောကကြီးကို စောင့်ရှောက်ရတဲ့ တာဝန်အတိုင်း လူသားများ အသိဉာဏ်တိုးတက်အောင်၊ လိမ္မာယဉ်ကျေးအောင်၊ အထက်တန်းကိုရောက်အောင်၊ မကောင်းမှုကို ရှောင်ကြဉ်အောင်၊ ကောင်းမှုကို ပွားများအောင်၊ သူတော်ကောင်းတရား ပြန့်ပွားအောင် ဆောင်ရွက်ရတယ်၊ လူသားများ စိတ်ဓာတ်ပျက်ပြား အကုသိုလ်များလာခဲ့လျှင် ဗိဿနိုးဘုရားကိုယ်တိုင် လူ့ပြည်ဆင်းပြီး လူသားများကို ကယ်တင်တယ်၊ ဗိဿနိုးဝင်စားတဲ့ အဲသည်ပုဂ္ဂိုလ်ထူးကို (အဝတာရ)လို့ ခေါ်သတဲ့ကွယ့်"

"အဲသည် ဘုရားဝင်စားတဲ့ အဝတာရ လူ့ပြည်မှာဖြစ်တာ ဘယ်နှစ်ကြိမ်ရှိပြီတဲ့လဲဘုရား"

http://www.dhammadownload.com



"ဘုရားဝင်စားတဲ့ အဝတာရ လူ့ပြည်မှာဖြစ်တာ ကိုးကြိမ်ရှိပြီတဲ့၊ ကိုးကြိမ်ရဲ့အမည်က (၁) မသ်စယ၊ (၂) ကူးရမ၊ (၃) ဝရဟ၊ (၄) နရဆင်းဂ၊ (၅) ဝါမန၊ (၆) ပရသုရာမ၊ (၇) ရာမ၊ (၈) ကရိဿျနား၊ (၉) ဂေါတမဗုဒ္ဓ ဆိုပြီး ပေါင်း ကိုးကြိမ်ရှိသွားပြီတဲ့၊ နောင်အခါ ကာလကီအမည်နှင့် ပေါ်လာလိမ့်ဦး မယ်လို့ ဆိုတယ်ကွယ့်"

"ဂေါတမဗုဒ္ဓဆိုတာ တပည့်တော်တို့ ဘုရားရှင်လား ဘုရား"

"ဟုတ်တယ်၊ တို့ဘုရားရှင်ပါပဲ"

"ဩော်–တပည့်တော်တို့ ဘုရားရှင်လဲ ဟိန္ဒူတို့ရဲ့ အဝတာရ စာရင်းမှာ ပါသကိုးဘုရား"

"ပါတယ်ကွယ့်၊ ဟိန္ဒူတို့ရဲ့ အယူအဆအားဖြင့် ဂေါတမဘုရားရှင်ဟာ ကိုးကြိမ်မြောက် ဗိဿနိုးဝင်စားတဲ့ အဝတာရပဲကွယ့်၊ ဂေါတမဗုဒ္ဓဟာ ကိုးကြိမ်မြောက် အဝတာရ ဖြစ်သလို ရာမမင်းဟာ ခုနစ်ကြိမ်မြောက် အဝတာရ ဖြစ်သတဲ့၊ ဟိန္ဒူလူများဟာ ဂေါတမဗုဒ္ဓကို အဝတာရအဖြစ်ဖြင့် ကိုးကွယ်ကြသလို၊ ရာမမင်းကိုလဲ အဝတာရအဖြစ် ကိုးကွယ်ကြတယ်၊ ရာမမင်း ကို ဘာကြောင့် အဝတာရအဖြစ် ကိုးကွယ်ကြတာလဲဆိုတာနဲ့ ပတ်သက်လို့ သမိုင်းဆရာများရဲ့ ထင်မြင်ချက်ကိုလဲ ပြောပြဦးမယ်"

"မှန်ပါ၊ အမိန့်ရှိပါ ဘုရား"

"အိန္ဒိယပြည်ကြီးရဲ့ မူလတိုင်းရင်းသားများကို (ဒြာဗိဒီးယန်လူမျိုး) များလို့ ခေါ်သတဲ့၊ အိန္ဒိယတိုင်းရင်းသားများဟာ အသားမည်းနက်တယ်၊ ကိုယ်လုံးကိုယ်ထည် သေးသွယ်ကြတယ်၊ ယဉ်ကျေးပြီးပုဂ္ဂိုလ်များ ဖြစ်ကြလို့ မြို့ရိုးများ ကာရံထားတဲ့ မြို့ကြီးပြကြီးများနှင့် နေကြတယ်၊ ဒြာဗိဒီးယန်လူမျိုး များ ယဉ်ကျေးသိမ်မွေ့ပြီး အခြေတကျ နေထိုင်ကြတဲ့အချိန်မှာ အာရိယန်ဆိုတဲ့ လူမျိုးများကတော့ အာရှတိုက် အနောက် ကော့ကေးရှတောင်တန်းတစ်ဝိုက် မှာ နေရာအတည်တကျမရှိ၊ တစ်နေရာကတစ်နေရာ ရွှေ့ပြောင်းနေထိုင်ခဲ့ကြ တယ်၊ အဲသည်လို ရွှေ့ပြောင်း နေထိုင်ကြရင်း အချို့ဟာ ဥရောပတိုက်အတွင်း ရောက်သွားကြတယ်၊ အချို့က အိန္ဒိယပြည်ရဲ့ အနောက်မြောက် ခိုင်ဘာတောင် ကြားလမ်းက အလုံးအရင်းနှင့် အိန္ဒိယပြည်တွင်း ဝင်ရောက်လာကြတယ်၊


http://www.dhammadownload.com



အတွက် ကမ္ဘာဦးက ရန်ဖြစ်လာတဲ့ အမျိုးနှစ်ပါးဟာ ငြိမ်းချမ်းရေးကို ရသွားတယ်၊ ဒါကြောင့် ရာမကို အဝတာရအဖြစ် ကိုးကွယ်တာရယ်လို့ သမိုင်းဆရာများက ယူဆကြတယ်။

ရာမာယန ဇာတ်တော်ဟာ အလွန်ကျယ်ဝန်းပြီး အလွန်လည်း ထင်ရှားတယ်၊ ဟိန္ဒူဂါဒ သက်ရောက်ဖူးတဲ့ အိန္ဒိယပြည်၊ မြန်မာပြည်၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဂျာဗား၊ အင်ဒိုနီးရှား စသော နိုင်ငံများမှာ ယနေ့အထိ ရှင်သန်နေဆဲဖြစ်တယ်၊ ရာမာယနဇာတ်တော်လာ သီတာ–ရာမဟာ ဇာတ်တော်အနေနှင့် ဘယ်လောက်ကြီးကျယ် ခမ်းနားသော်လည်း အဘိဓမ္မတ္ထသင်္ဂဟ နိဿယဆရာဖွင့်ဆိုတဲ့ သမ္ဘပ္ပလာပအတွင်း ပါဝင်တဲ့ သီတာ–ရာမ ဖြစ်တယ်ဆိုတာ အဖြေပေးလိုက်ပါတယ်ကွယ်”

“သာဓု–သာဓု–သာဓု”



http://www.dhammadownload.com



## ❐ ရှင်မဟာကဿပရဲ့ ရုပ်ကလာပ်တော်

"ဟောသည်စာက လက်ဘစပ်ပြီး မေးထားကဲ့စာဖြစ်လို့ အမေးရှင်ဟာ ကဗျာစာဆိုတစ်ဦး ဖြစ်လိမ့်မယ် ဘုရား"

"ဘယ်ကနေပြီး မေးလိုက်တာလဲကွယ့်"

"နန်းမြို့မဟာ၊ မန္တလာ၏၊ တောင်ပြင် နောက်ရပ်၊ တိုင်းမြတ်မဟာ၊ အသောကာရုံ၊ အာဂုံညွှန်ပြ၊ ဝိဟာရကျောင်း"လို့ ဖွဲ့ပြထားတဲ့အတွက် မန္တလေးမြို့ အနောက်တောင်၊ အသောကာရုံကျောင်းတိုက်က မေးလိုက်ခြင်း ဖြစ်ပါတယ် ဘုရား"

"မေးသူရဲ့အမည်ရော ပါသလား"

"မေးသူအမည်ကို ပဟေဠိနှင့် ပြဆိုထားပါတယ် ဘုရား"

"သူ့ပဟေဠိကို ဆိုစမ်းပါဦး"

"သူ့နာမည် ပဟေဠိက သ,ရ နှစ်လီ၊ ဣကိုမှီ၏၊ န,ဒ ဒွိဟူ၊ မတူဒွေးဘော်၊ ခေါ်ဝေါ် အသဒီ–ပါတဲ့ ဘုရား"

"အင်း–သ နှင့် ရ မှာ ဣမှီလျှင် သီရိဖြစ်သကွယ့်၊ န နှင့် ဒ ကို အသဒိသ ဒွေဘော်ဆင့်တော့(န္ဒ)ဖြစ်သကွယ့်၊ အားလုံးကို ပေါင်းလိုက်လျှင် သီရိန္ဒ ဖြစ်လာတာပေါ့၊ ဒါကြောင့် မေးသူဟာ မန္တလေးမြို့၊ အနောက်တောင် အရပ်၊ အသောကာရုံကျောင်းမှ ဦးသီရိန္ဒလို့ မှတ်ရမှာပေါ့၊ ဦးသီရိန္ဒက

http://www.dhammadownload.com



ဘာတွေများ မေးထားတုန်းကွယ့်"

"ဦးသီရိန္ဒ မေးလျှောက်ပုံက သည်လိုပါဘုရား၊ ရှေးနည်းစကား မေးလျှောက်ကြားအံ့၊ ခုတင်တေရည်၊ အကျင့်မြတ်ဖြင့်၊ မပြတ်မွေ့လျော်၊ ထေရ်ကျော်ကဿပ၊ ဥတုဇကို၊ နှောင်းထနောင်တွင်၊ မေတ္တေရှင်က၊ သင်္ဂဟမှု၊ ပြုလုပ်လိမ့်မည်၊ ဟိုရှေးဆီမှ၊ ခုတိုင်ကျအောင်၊ ကြားသိရငြား၊ ထိုစကား၏၊ အမှားအမှန်၊ ကြောင်းနှစ်တန်ကို၊ သိလိုသမှု၊ လျှောက်ထားပြုသည်၊ သောတုနောင်ခါ မှတ်ဖို့တည်း–ပါတဲ့ ဘုရား"

"ဩော်–ဦးသီရိန္ဒရဲ့အမေးက အရှင်မဟာကဿပရဲ့ အလောင်းတော်ကို အရိမေတ္တေယျဘုရားရှင်က သင်္ဂြိုဟ်မည်ဆိုတာ ဟုတ်သလား၊ မဟုတ်ဘူးလားလို့ မေးတာကိုးကွယ့်"

"မှန်ပါတယ် ဘုရား"

"ဦးသီရိန္ဒရဲ့အမေးက မပြည့်စုံသေးဘူး၊ ဒါကြောင့် အလောင်းတော် ကဿပရဲ့ သမိုင်းကြောင်းကို ပြောပြဦးမယ်ကွယ့်"

"မိန့်တော်မူပါ ဘုရား"

"ရှေးရှေးတုန်းက အရိမေတ္တေယျအလောင်းက ဆင်ထိန်းဖြစ်ပြီး အရှင်မဟာကဿပရဲ့အလောင်းက ဆင်ဖြစ်သတဲ့၊ ဆင်ထိန်းဟာ ဆင်ကို ပန်းပဲဖိုအနီးမှာ လွှတ်ထားတယ်၊ ဖိုသူကြီးက ဆင်ကို ဖိုတဲအနီး မလွှတ်ပါနှင့်လို့ ပြောတယ်၊ ဆင်ထိန်းက ငါ့ဆင်ဟာ လူစကားကို နားလည်တဲ့ဆင်ယဉ် ဖြစ်ပါတယ်၊ ဖိုတဲအနီးမှာနေပေမယ့် ဘာအန္တရာယ်ကိုမျှ ပြုလုပ်မှာ မဟုတ်ပါဘူးလို့ပြောတယ်၊ ဖိုသူကြီးက ဆင်ဆိုတာ တိရစ္ဆာန်မို့ ယဉ်သည်ဖြစ်စေ၊ ရိုင်းသည်ဖြစ်စေ စိတ်မချရဘူး၊ ဒါကြောင့် ဝေးဝေးမှာလွှတ်ထားပါလို့ ပြောတယ်၊ ဆင်ထိန်းက ကိစ္စမရှိပါဘူး၊ ကျုပ်ဆင်ကို ကျုပ်တာဝန်ယူပါတယ်၊ မပူပါနှင့်လို့ ပြောတယ်၊ ဒီတော့ ပန်းပဲသူကြီးက ခင်ဗျားဆင် အမှန်တကယ် လူစကား နားလည်လျှင် သံတွေခဲကို အကိုင်ခိုင်းလို့ ဖြစ်ပါ့မလားလို့ ပြောတယ်၊ ဆင်ထိန်းက ဖြစ်တယ်လို့ ပြောတာကြောင့် သံတွေခဲကို မီးဖုတ်ပြီး ဆင်ကို အကိုင်ခိုင်းသတဲ့၊ ဆင်ဟာ အလွန်ပူတဲ့ သံတွေခဲကို နှာမောင်းဖြင့် ကိုင်တဲ့ အပူဒဏ်ကြောင့် သေလွန်ရှာသတဲ့၊ အဲသည်မကောင်းမှုအကုသိုလ်ကံကြောင့်

http://www.dhammadownload.com


အရိမေတ္တေယျဘုရားရှင်ဟာ ရှင်မဟာကဿပရဲ့ ရုပ်ကလာပ်တော်ကို လက်ဝါးပြင်ပေါ်မှာတင်ပြီး မီးသင်္ဂြိုဟ်ပြုရာမှ လက်ဝါးတော်ကို မီးစွဲပြီး ပရိနိဗ္ဗာန် ဝင်စံရလိမ့်မယ်လို့ သမိုင်းမှာဆိုတယ်၊ သမိုင်းဟောင်းတစ်ခုမှာ ဆိုတာ က ဆင်ထိန်းဟာ ဆင်ကို သံတွေခဲ အကိုင်ခိုင်းရုံမျှမက အမျိုခိုင်းတဲ့အတွက် အဖန်ငါးရာ ဝိပါက်လိုက်ပြီး အကျိုးကြွင်းအားဖြင့် အရိမေတ္တေယျဘုရားဖြစ်တဲ့ အခါ ရှင်မဟာကဿပအလောင်းတော်ကို လက်ဝါးပြင်ပေါ်တင်ပြီး မီးသင်္ဂြိုဟ် ရာက လက်တော်ကို တေဇောဓာတ်လောင်ပြီး ပရိနိဗ္ဗာန်ဝင်စံရလိမ့်မယ်လို့ ဆိုထားတယ်ကွယ့်။

သည်အဆိုများဟာ ခိုင်မာတဲ့ အဆိုများ မဟုတ်ကြပါဘူး၊ ပုံပြင်မျှသာ ဖြစ်ကြပါတယ်၊ ပုံပြင်ဆိုတာ အမှန်တကယ်မဟုတ်၊ တစ်ထောင့်တစ်ညပုံပြင် လို နားထောင်ကောင်းအောင် ပြောဆိုခြင်းသာဖြစ်တယ်၊ ဒါကြောင့် အမှန် မဟုတ်ပါဘူး၊ အမှန်မဟုတ်တဲ့အကြောင်းကိုလဲ ပြောပြပါဦးမယ်”

“မိန့်တော်မူပါ ဘုရား”

“သည်ကမ္ဘာမြေကြီးဟာ ဘုရားတစ်ဆူနဲ့ တစ်ဆူအကြား တစ်ယူဇနာ မြေသားတက်ကြောင်း(ဧတ္တာဝတာ ကိရ ဒွိန္နံ ဗုဒ္ဓါနံ အန္တရေ ယောဇနံ ပထဝီ ဥဿန္နံ) လို့ နိဒါနဝဂ္ဂဋ္ဌကထာ ၁၄၉–မှာ ဖွင့်ပြထားတယ်၊ သည်အဖွင့်အရ ဆိုလျှင် အရိမေတ္တေယျဘုရား ပွင့်တော်မူတဲ့အချိန်မှာ ရှင်မဟာကဿပရဲ့ အလောင်းတော်ဟာ မြေအတွင်း တစ်ယူဇနာအောက်မှာ နစ်မြုပ်နေပြီ၊ မြေအတွင်းက ဖော်ထုတ်ယူဖို့ မဖြစ်နိုင်တော့ဘူးပေါ့၊ ဖော်ထုတ်လို့မဖြစ်နိုင်သည့် တိုင်အောင် အဲသည်အချိန်မှာ အလောင်းတော်ဟာ ဆွေးမြည့်ပြီး မြေကြီးသြဇာ ဓာတ် ဖြစ်သွားလောက်ပြီမို့ ဖော်ထုတ်ဖို့ အလောင်းလဲ ရှိမယ်မဟုတ်ဘူး၊ ပြောစရာရှိသေးတာက ရှင်မဟာကဿပက သူ့ရဲ့အလောင်းဟာ အရိမေတ္တေယျ ဘုရားရှင် လက်ထက်တိုင်အောင် မပျောက်မပျက် တည်ပါစေလို့ အဓိဋ္ဌာန် ပြုခဲ့လျှင် အဓိဋ္ဌာန်အလျောက် တည်မည်ဆို တည်နေနိုင်တာပေါ့ကွယ်၊ သို့သော် လည်း အလောင်းတော် မပျက်မစီး တည်နေပါစေလို့ အဓိဋ္ဌာန်တာက ဘယ်အကျိုးကို မျှော်ကိုးလို့လဲလို့ အဓိဋ္ဌာန်ခြင်းရဲ့အကြောင်းကို ထောက်မျှော် ကြည့်သင့်သေးတယ်ကွယ့်၊ သည်နေရာမှာ ဘုရားရှင် ခန္ဓပရိနိဗ္ဗာန် စံတော်

http://www.dhammadownload.com



မူစဉ် အဓိဋ္ဌာန်ပြုတော်မူပုံကို ပြောပြရဦးမယ်"

"မိန့်တော်မူပါ ဘုရား"

"ဂေါတမ ဘုရားရှင်ဟာ သက်တော် အလွန် တိုတော်မူမယ်၊ ဘုရားဖြစ်သည်ကစပြီး ၄၅–နှစ်ကြာအောင် မနေမနား တရားဟောပြတော်မူခဲ့သော်လည်း သာသနာတော်ဟာ မပျံ့နှံ့သေးဘူး၊ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ် အတော်များများ ကျန်နေသေးတယ်၊ ဒါကြောင့် ငါ ပရိနိဗ္ဗာန် ဝင်စံပြီးသည့်နောက် ငါ့ရဲ့ခန္ဓာတော်ဟာ ဓာတ်တော်အစိပ်စိပ်ဖြစ်ပြီး ငါ့ရဲ့သာသနာတော် မကွယ်သမျှ လူနတ်ဗြဟ္မာ သတ္တဝါတို့ရဲ့ ကိုးကွယ်ရာ ဖြစ်ပါစေလို့ အဓိဋ္ဌာန်တော်မူတယ်၊ အဲသည် အဓိဋ္ဌာန်ချက်ကြောင့် မုန်ညင်းစေ့မျှရှိ၍ မြတ်လေးငုံအဆင်းရှိတဲ့ အငယ်စားဓာတ်တော် ခြောက်ပြည်သား၊ ဆန်ကျိုးခန့်ပမာဏရှိ၍ ပုလဲအဆင်းရှိသော အလတ်စားဓာတ်တော် ငါးပြည်သား၊ ပဲနောက်စေ့ခန့် ပမာဏရှိ၍ ရွှေအဆင်းရှိသော အကြီးစားဓာတ်တော် ငါးပြည်သား၊ ပေါင်းဓာတ်တော် ၁၆–ပြည်သား ကျန်ရစ်တော်မူတယ်၊ (သုတ်မဟာဝါ အဋ္ဌကထာ)၊ ဘုရားရှင်ရဲ့ ဓာတ်တော်များဟာ အဓိဋ္ဌာန်တော်အတိုင်း ကိုးကွယ်မည့်သူရှိရာ ဌာန လှည့်လည်ပြီး သာသနာတော် မကွယ်သမျှ ကာလပတ်လုံး တည်တော်မူနေကြမယ်၊ သာသနာတော်ကွယ်လို့ ကိုးကွယ်မည့်သူမရှိတဲ့အခါမှာ ဓာတ်တော်အားလုံး ဓာတုပရိနိဗ္ဗာန် ဝင်စံတော်မူကြမယ်၊ ဘုရားရှင်ရဲ့ အဓိဋ္ဌာန်တော်မူချက်ဟာ အခုပြောပြီးတဲ့အတိုင်း အကြောင်းရှိတယ်၊ ဓာတ်တော် ကျန်ရစ်ခဲ့တဲ့ အတွက်ကြောင့်လည်း လူနတ်ဗြဟ္မာတွေမှာ အကျိုးရှိတယ်၊ ရှင်မဟာကဿပဟာ မိမိခန္ဓာတော်ကို မပျက်မစီး တည်ရစ်ပါစေလို့ အဓိဋ္ဌာန်ခဲ့လျှင် အဓိဋ္ဌာန်ခဲ့တဲ့ အကြောင်းက ဘာလဲ၊ ဘုရားရှင်လို ခန္ဓာတော်ကို ဖူးကြရတဲ့ လူနတ်ဗြဟ္မာတွေ ကုသိုလ်တရား တိုးပွားကြပါစေဆိုတဲ့ အကြောင်းလား၊ သည်အကြောင်း မှန်ခဲ့လျှင် ခန္ဓာတော်ကို လူသားများ ဝင်ရောက် မဖူးမြော်နိုင်တဲ့ တောင်ခေါင်းအတွင်း ဘာကြောင့် ထားခဲ့ရသလဲ၊ လူမရောက်သော တောင်ခေါင်းအတွင်း ခန္ဓာတော်ကို ချထားတဲ့အတွက် ခန္ဓာတော်ချထားခဲ့ခြင်းဟာ လူသားများအတွက် မဟုတ်ဘူးလို့ အမိပ္ပာယ်သက်ရောက်ပါတယ်"

"လူသားများအတွက် မဟုတ်လျှင် ဆင်ဘဝကသူ့ကိုနှိပ်စက် သော ဆင်ထိန်း အရိမေတ္တေယျ ဘုရားဖြစ်သောအခါ ကလဲ့စားချေဖို့ဆိုရအောင်က

http://www.dhammadownload.com



လည်း ရဟန္တာမှာ သည်သဘော လုံးဝ မဖြစ်သင့်လို့ သည်စကားကိုလည်း အတည်ယူလို့ မဖြစ်ပါဘူး၊ ပြီးတော့ ဘုရားရှင်မှန်သမျှ သူတစ်ပါးလုံ့လ ကြောင့် ပရိနိဗ္ဗာန် ဝင်စံရိုး မရှိပါဘူး၊ (ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ)လို့ ဓာရဏပရိတ်မှာ ရှိတယ်မဟုတ်လား၊ ဒါကြောင့် အတိတ်ဘဝက ရန်ငြိုးကြောင့် ခန္ဓာတော်က မီး အရိမေတ္တေယျဘုရားကို ကူးစက်လောင်ပြီး အရိမေတ္တေယျဘုရား ပရိနိဗ္ဗာန်စံရမယ်လို့ဆိုတာလည်း အာဂမယုတ္တိ-သဘာဝ ယုတ္တိမရှိပါဘူး၊ ဒါကြောင့် ရှင်မဟာကဿပ အလောင်းတော် တောင်ခေါင်းအတွင်း တည်ရှိခြင်း၊ အလောင်းတော်ဟာ အရိမေတ္တေယျ လက်ထက်တော်အထိ တည်နေနိုင်ခြင်း၊ အလောင်းတော်ကို အရိမေတ္တေယျဘုရားရှင်က လက်တော် ပေါ်တင်ပြီး မီးသင်္ဂြိုဟ်ခြင်း၊ ထိုမီးက ကူးစက်၍ အရိမေတ္တေယျ ဘုရားရှင်လက်တော်ကို လောင်ကျွမ်းခြင်း၊ ထိုမီးဒဏ်ကြောင့် အရိမေတ္တေယျဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူခြင်း ဆိုတာတွေဟာ နားကြားသူများ စိတ်ပါဝင်စားဖွယ်ကောင်းတဲ့ ပုံပြင်မျှသာ ဖြစ်တယ်၊ အာဂမယုတ္တိ-သဘာဝယုတ္တိနှင့် ညှိလိုက်တော့ ဘယ်ယုတ္တိနှင့်မျှ မကိုက်ဘူး ဆိုတဲ့အကြောင်း ဦးသီရိန္ဒထံ ပြန်ကြားလိုက်ပါတယ်ကွယ်”

“သာဓု-သာဓု-သာဓု”



http://www.dhammadownload.com



## □ သတိပဋ္ဌာန်နှင့် နိဗ္ဗာန်

"ဟောသည်အမေးလွှာကတော့ ကသာမြို့၊ ဦးညွန့်လှိုင်ထံက ဖြစ်ပါတယ်ဘုရား"

"ဦးညွန့်လှိုင်ရဲ့ အမေးလွှာကို ဖတ်စမ်းပါဦး"

"မှန်ပါ–တပည့်တော် ဖတ်လျှောက်ပါ့မယ်၊ နေ့စွဲ ၇–၃–၈၄၊ တပည့်တော် ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား–

(၁) သတိပဋ္ဌာန်ဆိုတာ အမှန်တရားလား၊ ပွားရမည့်တရားလား ဆိုတာ ခွဲခြားသိချင်ပါသည်ဘုရား။

(၂) နောက်တစ်ခုက သိ ဆိုတာရယ်၊ မှတ် ဆိုတာရယ်၊ ပွားများတယ် ဆိုတာရယ် ဘယ်လိုခြားနားပါသလဲဘုရား။

(၃) နောက်တစ်ခုက ထွက်လေဝင်လေမှတ်ရုံ၊ ဣရိယာပထ လေးပါး မှတ်ရုံနှင့် သစ္စာလေးပါးကို သိနိုင်ပါသလားဘုရား။

(၄) နောက်တစ်ခုက ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ့ဂုဏ်တော်တွေ ပွားများနေတာ၊ ခန္ဓာ၊ အာယတန၊ ဓာတ်တရားတွေ ပွားများနေတာကို သမာဓိ ခေါ်ပါသလားဘုရား။

http://www.dhammadownload.com



(၅) နောက်တစ်ခုက သတိပဋ္ဌာန်တရား မှတ်တဲ့အခါ သတိနှင့်ပညာ ဘယ်ဟာက ပိုပြီး အရေးကြီးပါသလဲဘုရား။

၎င်းအချက်များကို သံသယကင်းရှင်းအောင် ရှင်းလင်းပေးပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။ (ဦးညွန့်လှိုင်–ဘုရားသုံးဆူလမ်း၊ ရပ်ကွက် ၂၊ ကသာမြို့)

"ဦးညွန့်လှိုင်ရဲ့အမေးက ခုန်ကျော် ခုန်ကျော်ကလေး ဖြစ်နေတယ်၊ ဒါကြောင့် အခြေခံကစပြီး ဖြေကြစို့ရဲ့"

"မှန်ပါ၊ ဖြေတော်မူပါဘုရား"

"ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များရဲ့ နောက်ဆုံးပန်းတိုင်ဟာ (ဣဒံ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု)သည့် ကောင်းမှုဟာ နိဗ္ဗာန်ရဲ့ အထောက်အပံ့ ဖြစ်ပါစေလို့ ဆိုကြတဲ့အတိုင်း နိဗ္ဗာန်တရားဖြစ်တယ်၊ နိဗ္ဗာန်တရားဆိုတာ သစ္စာလေးပါးအနက် နိရောဓသစ္စာကို ဆိုလိုရင်း ဖြစ်ပါတယ်၊ ဒါကြောင့် သင်္ဂြိုဟ်ကျမ်း သမုစ္စည်းပိုင်းမှာ (နိရောဓော နာမ နိဗ္ဗာနံ)နိဗ္ဗာန်ဟာ နိရောဓသစ္စာ ဖြစ်တယ်လို့ ဆိုထားတယ်၊ သည်နေရာမှာ နိရောဓသစ္စာနှင့် ပတ်သက်ပြီး အယူအဆ နှစ်မျိုးကွဲ နေတယ်ကွယ့်"

"ဘယ်လို ကွဲနေပါသလဲဘုရား"

"နိရုဇ္ဈန္တိ ဧတ္ထာတိ နိရောဓော" ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာဌာနဟာ နိရောဓဖြစ်တယ်၊ သည်နေရာမှာ ဒုက္ခခပ်သိမ်းကို အရကောက်လိုက်လျှင် ရုပ်ခန္ဓာနာမ် ခန္ဓာကို ရတယ်၊ ဇာတိ၊ ဇရာ၊ မရဏ စသော ဒုက္ခများဟာလဲ ရုပ်ခန္ဓာ နာမ်ခန္ဓာပဲ၊ ရုပ်ခန္ဓာ နာမ်ခန္ဓာဖြစ်ခြင်းကို ဇာတိ၊ ရင့်ရော်လာခြင်းကို ဇရာ၊ ပျက်စီးသွားခြင်းကို မရဏလို့ခေါ်တာပဲ၊ ဒါကြောင့် ဒုက္ခကို အရကောက် လိုက်တော့ ရုပ်ခန္ဓာ နာမ်ခန္ဓာကိုရတယ်။

နိဗ္ဗာန်ဆိုတဲ့ နိရောဓတရားဟာ ရုပ်ခန္ဓာ နာမ်ခန္ဓာတည်းဟူသော ဒုက္ခတို့ရဲ့ ကင်းငြိမ်းရာဖြစ်တယ်၊ သည်နေရာထိ ရောက်အောင် ဗုဒ္ဓဘာသာဝင်တိုင်း လက်ခံကြတယ်၊ ရုပ်နာမ်ကင်းငြိမ်းသွားခြင်းဆိုတာ ဘယ်လိုကင်းငြိမ်းသွားတာတုန်းဆိုတာနှင့် ပတ်သက်လို့တော့ အယူအဆ နှစ်မျိုးပြားလာကြသကွယ့်"

"မိန့်တော်မူပါဘုရား"

http://www.dhammadownload.com


"အယူအဆတစ်မျိုးက ရုပ်ခန္ဓာ နာမ်ခန္ဓာဟာ နိရောဓတည်းဟူသော နိဗ္ဗာန်မှာ ချုပ်ငြိမ်းတာတော့မှန်ပါရဲ့၊ သို့သော် ရုပ်နာမ်ချုပ်ငြိမ်းပြီးတဲ့နောက် နိဗ္ဗာန်ဘုံမှာ ဘယ်သောအခါမျှ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ ပျက်စီးခြင်းမရှိတဲ့ ရုပ်ထူး နာမ်ထူးဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံပြီး ပုဂ္ဂိုလ်ဟာ အဲသည်နိဗ္ဗာန်ဘုံမှာ ခံစားပြီး နေရတယ်လို့ ယူဆတယ်၊ သည်အယူအဆက အတ္တစွဲလမ်းအားကြီးတဲ့ အယူအဆတစ်မျိုး ဖြစ်တယ်ကွယ့်"

"ဘယ်လို အတ္တအစွဲအလမ်း အားကြီးတာလဲ ဘုရား"

"ရုပ်ခန္ဓာ နာမ်ခန္ဓာအပေါ် အတ္တအစွဲအလမ်း အားကြီးတဲ့ပုဂ္ဂိုလ်ဟာ ရုပ်နာမ်ချုပ်ငြိမ်းမှုကို မလိုလားဘူး၊ ရုပ်နာမ်အပေါ် စွဲငြိနေတဲ့ ဆင်းရဲငြိမ်းမှုမျှကိုသာ လိုလားတယ်၊ ရှင်းရှင်းပြောရရင် သည်ရုပ်ခန္ဓာ နာမ်ခန္ဓာဟာ ဘယ်တော့မှ ပျက်စီးခြင်း၊ ဆွေးရိခြင်း၊ နာကျင်ခြင်း မဖြစ်ဘဲ ချမ်းသာမှန်သမျှတွေကို တင်းပြည့်ကျပ်ပြည့် ခံစားနေချင်တယ်၊ အဲသည် အယူအဆနှင့် ဒါနစတဲ့ ကောင်းမှုပြုတဲ့အခါ ပရိနိဗ္ဗုတပုဂ္ဂိုလ်အဖြစ်ဖြင့် နိဗ္ဗာန်ဘုံမှာ ခံစားစံစားရဖို့ မျှော်မှန်းခဲ့တယ်။

သည်အယူအဆဟာ မြောက်ဂိုဏ်း ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်များရဲ့ အယူအဆလို့ ဆိုကြတယ်၊ ထိုပုဂ္ဂိုလ်တို့ရဲ့ အယူအဆအားဖြင့် နိဗ္ဗာန်ဘုံမှာ ပရိနိဗ္ဗာန် ဝင်စံနေတဲ့ ပရိနိဗ္ဗုတဘုရားအပြင် ပရိနိဗ္ဗုတဘုရားနှင့် လောကီလူသားများအကြား ဆက်သွယ်ဖို့ သက်တော်ထင်ရှားရှိတဲ့ ဗောဓိသတ္တဘုရားတစ်မျိုး ရှိသေးကြောင်း ပြဆိုကြသေးတယ်၊ သည်အယူအဆကို ထေရဝါဒတောင်ဂိုဏ်းဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်များက လက်မခံဘူး။

လက်မခံတာက ရုပ်နာမ် ဖြစ်ပွားရာဘုံဟာ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ ရယ်လို့ သုံးဘုံသာရှိတယ်၊ နိဗ္ဗာန်တရားဟာ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံများလို ရုပ်နာမ်ရဲ့ ဖြစ်ပွားရာဌာန မဟုတ်ဘူး၊ ကာမတဏှာ၊ ရူပတဏှာ၊ အရူပတဏှာ တို့ဖြင့် ပိုင်းခြား မပိုင်းခြားအပ်တဲ့ အခိုက်အတံ့ကိုစွဲပြီး အဝတ္ထာဘုံလို့ ဆိုထားတယ်၊ သည်အကြောင်းကို မူလဋီကာ၊ အဘိဓမ္မာဝတာရဋီကာတို့မှာ **(အဝတ္ထာဘူမိနာမ ကာမတဏှာဒီဟိ ပရိစ္ဆိန္နာ ပရိစ္ဆိန္နာဘာဝေါ)**"အဝတ္ထာဘူမိ နာမ-အဝတ္ထာဘုံမည်သည်၊ ကာမတဏှာဒီဟိ-ကာမစသောတဏှာတို့ဖြင့်၊ ပရိစ္ဆိန္နာ

http://www.dhammadownload.com


**ပရိစ္ဆိန္နာ ဘာဝေါ**-ပိုင်းခြားအပ်သည်၏ အဖြစ်၊ မပိုင်းခြားအပ်သည်အဖြစ်တည်း"လို့ ပြဆိုထားတယ်၊ ဒါကြောင့် နိဗ္ဗာန်ဘုံမှာ ပကတိရုပ်နာမ်လည်းမရှိ၊ ရုပ်ထူး နာမ်ထူးလည်း မရှိလို့ ထေရဝါဒပုဂ္ဂိုလ်များက ယူဆတော်မူကြတယ်။

အကယ်၍ ထိုပုဂ္ဂိုလ်များရဲ့အယူအဆအတိုင်း နိဗ္ဗာန်ဘုံမှာ ရုပ်ထူး နာမ်ထူးရှိနေကြတဲ့ ပရိနိဗ္ဗုတပုဂ္ဂိုလ်များ ရှိခဲ့လျှင်လည်း(သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ)လို့ ဘုရားရှင်ဟောတော်မူတဲ့အတိုင်း အနိစ္စနယ်၊ ဒုက္ခနယ်က မလွတ်တဲ့အတွက် နိဗ္ဗာန်ဟာ ပျက်စီးခြင်းမရှိဘူး၊ ဆင်းရဲခြင်း မရှိဘူးဆိုတဲ့ တရားနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်နေတယ်၊ ဒါကြောင့် နိဗ္ဗာန်ဘုံမှာ ရုပ်ထူး နာမ်ထူးရှိတဲ့ ပရိနိဗ္ဗုတပုဂ္ဂိုလ်ဆိုတာကို ထေရဝါဒပုဂ္ဂိုလ်များက မယုံကြည်ကြခြင်း ဖြစ်တယ်။

## နိရောဓသစ္စာ

ထေရဝါဒ အယူအဆအားဖြင့် နိဗ္ဗာန်ဟာ နိရောဓသစ္စာပဲကွယ့်၊ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်များဟာ ရုပ်နာမ်အပေါ် တပ်မက်တဲ့ သမုဒယသစ္စာ ရှိနေတဲ့အတွက် ဒုက္ခသစ္စာဖြစ်တဲ့ ရုပ်နာမ်ကို ဒုက္ခအဖြစ် မမြင်ကြဘူး၊ မြင်ပင်မြင်သော်လည်း အစဉ်အမြဲ မမြင်ကြဘူး၊ ခဏမျှသာ မြင်တတ်ကြတယ်၊ များသောအားဖြင့် သုခမျှသာ မြင်တယ်၊ သုခအဖြစ် အမြင်များလို့ ရုပ်နာမ်အပေါ် တပ်မက်တဲ့ တဏှာကြောင့် ယခုဘဝ ကွယ်လွန်ပြီးတဲ့နောက် ဒုတိယဘဝမှာ ရုပ်သစ်နာမ်သစ် ဖြစ်ကြရတယ်၊ သည်ရုပ်သစ် နာမ်သစ်က ဘယ်သူကြောင့် ဖြစ်လာတာပါလဲဆိုတော့ ရုပ်နာမ်ပေါ် တပ်မက်တဲ့တဏှာကြောင့် ဖြစ်တယ်၊ သည်အကြောင်းကို သဂါထာ၊သံ၊ပါ၊၃၄-မှာ **"ကိံသု ဇနေတိ ပုရိသံ=သတ္တဝါ (ရုပ်နာမ်)ဘာကြောင့် ဖြစ်တာလဲဘုရား"**လို့ နတ်သားက လျှောက်တော့ ဘုရားရှင်က **"တဏှာ ဇနေတိ ပုရိသံ=သတ္တဝါ(ရုပ်-နာမ်)ဟာ တဏှာကြောင့် ဖြစ်တာ"**လို့ ဖြေဆိုတော်မူတယ်၊ သည်တဏှာက ရုပ်နာမ်အပေါ် ဘာကြောင့် တပ်မက်ရတာလဲဆိုတော့ ရုပ်နာမ်ရဲ့သဘာဝအမှန်ကို မမြင်တဲ့(အဝိဇ္ဇာ)ကြောင့် တပ်မက်တာတဲ့၊ ရုပ်နာမ်ရဲ့ သဘာဝအမှန်က ဖြစ်ပြီး ပျက်တတ်တဲ့အတွက် အနိစ္စဖြစ်တယ်၊ ဖြစ်ပျက်ဟူသော ဘေးဆိုးကြီးရဲ့အစားကို မပြတ်ခံနေရလို့

http://www.dhammadownload.com



ဒုက္ခတရားဖြစ်တယ်၊ "နိစ္စသာရ, ဓုဝသာရ, အတ္တသာရ, သုဝသာရ"ဆိုတဲ့ အနှစ်သာရ လုံးဝမရှိတဲ့အတွက် အနတ္တတရားဖြစ်တယ်၊ သည်အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်ကို မမြင်အောင် အဝိဇ္ဇာက ဖုံးကွယ်ထားတယ်၊ အဝိဇ္ဇာရဲ့ လှည့်စားမှု ဖုံးကွယ်မှုကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘအစစ် ဖြစ်တဲ့ ရုပ်နာမ်ကို နိစ္စ၊ သုခ၊ အတ္တ၊ သုဘလို့ အမြင် ဖောက်ပြန်လာတယ်၊ အဲသည်လို အမြင်ဖောက်ပြန်မှုကြောင့် ရုပ်နာမ်အပေါ် တပ်မက်တဲ့တဏှာ တရား ဖြစ်ပေါ်တာတဲ့၊ သည်တပ်မက်တတ်တဲ့ တဏှာတရားကြောင့် ရုပ်သစ်၊ နာမ်သစ်များ တဖွားဖွား ဖြစ်ပေါ်နေတာတဲ့။

ရဟန္တာ ပုဂ္ဂိုလ်ကတော့ အဝိဇ္ဇာမှောင်ထုကြီး ကျွသွားပြီဖြစ်လို့ ရုပ်နာမ်ရဲ့ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်၊ အသုဘအချက်တွေကို ကွက်ကွက် ကွင်းကွင်း မြင်နေပြီ၊ အမှန်အတိုင်း မြင်နေပြီဖြစ်တဲ့အတွက် ရုပ်နာမ်အပေါ် ငြီးငွေ့နေပြီ၊ ရုပ်နာမ်အပေါ် တပ်မက်တဲ့တဏှာ မရှိတော့ဘူး၊ ကိလေသာက လွတ်လပ်သွားပြီ၊ ရုပ်သစ်နာမ်သစ် ဖြစ်လိုတဲ့စိတ်လည်း မရှိဘူး၊ ဖြစ်လည်း မဖြစ်တော့ဘူး၊ အဲသည်လို ရုပ်ခန္ဓာ နာမ်ခန္ဓာ ဒုက္ခသစ္စာတို့ရဲ့ အပြီးအပြတ် ချုပ်ငြိမ်းရာဖြစ်လို့ နိဗ္ဗာန်ကို နိရောဓသစ္စာလို့ ခေါ်ရတယ်။

## ဒုက္ခသစ္စာထင်အောင်

နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုပါက ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ ဟာ ငါတို့ထင်သလို ချမ်းသာတဲ့ တရားမဟုတ်၊ ဆင်းရဲတဲ့ တရားပါကလား လို့ ဉာဏ်ထဲမှာ ထင်မြင်အောင် ရှုဆင်ခြင်ရတယ်၊ ဆင်းရဲတဲ့ တရားကို ဆင်းရဲမှန်း တကယ်သိခဲ့လျှင် ဆင်းရဲကို မလိုချင်တော့ဘူး၊ ဆင်းရဲခြင်း ချုပ်ငြိမ်းရာကိုသာ အမှန် အလိုရှိမှာပေါ့၊ ဥပမာအားဖြင့် ကိုယ်ကို မီးလောင် ခံနေရလျှင် မီးငြိမ်းမှုကိုသာ အလိုရှိသလိုပေါ့။

ဒါကြောင့် နိဗ္ဗာန်ကို အလိုရှိပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်အတွက် ဘာတရားများ အားထုတ်ရမှာလဲ မေးခဲ့လျှင် ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ရဲ့ ဆင်းရဲအစစ်ဖြစ်ပုံကို မြင်အောင်ကြည့်ပါလို့ ဖြေဆိုရလိမ့်မယ်ကွယ့်၊ သည်အဖြေက မဟာဝဂ္ဂသံယုတ်က လာတဲ့ အဖြေပဲ"

http://www.dhammadownload.com



"မှန်ပါ မဟာဝဂ္ဂသံယုတ်က လာတဲ့အဖြေကို အကျယ် မိန့်ဆိုတော်မူပါဦး ဘုရား"

"ဘုရားသခင် သာဝတ္ထိပြည်မှန် ဇေတဝန်ရွှေကျောင်း ကိန်းအောင်းစံပျော်တော်မူစဉ်ကာလက ပရိဗိုဇ်ရဟန်းများက ရဟန်းတော်များထံ ချဉ်းကပ်ပြီး "ငါ့ရှင်တို့ သင်တို့ဟာ ဘာအကျိုးကိုလိုလားတဲ့အတွက် ရဟန်းဂေါတမထံမှာ မြတ်သောအကျင့် ကျင့်သုံးကြပါသလဲ"လို့ မေးကြသတဲ့၊ အမေးခံကြရတဲ့ ရဟန်းများက "ငါတို့ဟာ ရုပ်နာမ်တို့ရဲ့ ဆင်းရဲအစစ်ဖြစ်ပုံကို မြင်လိုတဲ့အတွက် မြတ်သောအကျင့်ကို ကျင့်ကြခြင်း ဖြစ်တယ်"လို့ ပြန်ပြောတယ်၊ အဲသည်လိုပြောပြီး ငါတို့ရဲ့အဖြေဟာ ဟုတ်များမှဟုတ်ပါရဲ့လားလို့ သံသယဝင်လာကြတဲ့အတွက် ဘုရားရှင်ထံဝင်ရောက်ပြီး "အရှင်ဘုရား၊ အယူတစ်ပါးရှိကြတဲ့ ပရိဗိုဇ်များဟာ တပည့်တော်တို့ကို ဘာအကျိုးရှိလို့ အရှင်ဂေါတမထံ မြတ်သောအကျင့် ကျင့်ကြပါသလဲလို့ မေးကြပါတယ်၊ တပည့်တော်များက ဆင်းရဲကို ပိုင်းခြားထင်ထင် သိမြင်ချင်လို့ မြတ်သောအကျင့် ကျင့်ကြပါတယ်လို့ ပြန်ဖြေကြပါတယ်၊ တပည့်တော်များရဲ့အဖြေများ ဟုတ်များမှ ဟုတ်ပါရဲ့လား ဘုရား"လို့ လျှောက်ထားကြသတဲ့။

သည်အခါဘုရားသခင်က "ရဟန်းတို့ သည်လိုမေးလို့ သည်လို ဖြေဆိုခြင်းဟာ မှန်ကန်သော ဖြေဆိုခြင်းဖြစ်တယ်၊ တရားအားလျော်စွာ ဖြေဆိုခြင်းဖြစ်တယ်၊ သင်တို့ဟာ ဒုက္ခကို ပိုင်းခြားထင်ထင် သိမြင်အောင် ငါ့ထံမှာ မြတ်သောအကျင့်ကို ကျင့်သုံးကြခြင်းဖြစ်တယ်၊ ရဟန်းတို့-အကယ်၍ အယူတစ်ပါးရှိကြတဲ့ ပရိဗိုဇ်တို့က-ငါ့ရှင်တို့ ဤဆင်းရဲဒုက္ခကို ပိုင်းခြားသိဖို့ လမ်းစဉ်ရှိပါသလား၊ အကျင့်ရှိပါသလားလို့ ထပ်ပြီး မေးမြန်းခဲ့လျှင် ဆင်းရဲဒုက္ခကို ပိုင်းခြားသိဖို့ လမ်းစဉ်ရှိကြောင်း၊ အကျင့်ရှိကြောင်း ဖြေဆိုကြရမယ်၊ အဲသည်လမ်းစဉ်၊ အဲသည်အကျင့်ဟာ ဘာလဲလို့ တစ်ဖန်မေးခဲ့လျှင် အင်္ဂါရှစ်ပါးရှိတဲ့ အရိယာမဂ်လို့ ဖြေဆိုကြရမယ်"လို့ တိမတ္တိယသုတ်မှာ ဘုရားရှင်ဟောတော်မူတယ်ကွယ့်။

## ပွားများခြင်းဆိုသည်မှာ

ဘုရားရှင်ဟောတော်မူတဲ့ သည်ကိမတ္တိယသုတ်ကို သစ္စာလေးချက်နှင့်

http://www.dhammadownload.com



တွက်ပြရမယ်ဆိုလျှင် ရုပ်ခန္ဓာ နာမ်ခန္ဓာ ဒုက္ခသစ္စာတို့ငြိမ်းရာကို နိရောဓသစ္စာလို့ ခေါ်တယ်၊ နိရောဓကို မျက်မှောက်ပြုလိုလျှင် ဒုက္ခကိုမြင်အောင် ကြည့်ရမယ်၊ ဒုက္ခကိုမြင်အောင် မကြည့်တတ်လျှင် ဒုက္ခကို သုခထင်ပြီး တပ်မက်မှုတဏှာဆိုတဲ့ သမုဒယသစ္စာ အားကောင်းလာလိမ့်မယ်၊ သမုဒယသစ္စာ တဏှာတရား အားကောင်းလာလျှင် ရုပ်နာမ်အပေါ် အထင်အမြင်တွေကြီးလာတဲ့အတွက် ရုပ်နာမ်ချုပ်ငြိမ်းမှာကို မလိုချင်တော့ဘူး၊ ရုပ်နာမ်ချုပ်ငြိမ်းတာကို မလိုချင်သမျှ သံသရာကာလပတ်လုံး ရုပ်ခန္ဓာ နာမ်ခန္ဓာဆိုတဲ့ ဒုက္ခသစ္စာတရားဟာ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်နေဦးမှာပဲကွယ့်။

အကြင်အခါမှာ ရုပ်ခန္ဓာ နာမ်ခန္ဓာကို ဒုက္ခအဖြစ်မြင်တတ်ပြီး ဒုက္ခအဖြစ်မြင်သည်နှင့် တစ်ပြိုင်နက် ဒုက္ခအစစ်ဖြစ်တဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာကို မလိုချင်တော့ဘူး၊ ရုပ်ခန္ဓာ နာမ်ခန္ဓာကို မလိုချင်တော့ ရုပ်ခန္ဓာ နာမ်ခန္ဓာ ထပ်မဖြစ်တော့ဘူးပေါ့၊ ဒါကြောင့် ဗုဒ္ဓဘာသာဝင်မှန်သမျှဟာ ရုပ်ခန္ဓာ နာမ်ခန္ဓာအပေါ် ဒုက္ခအဖြစ်သိအောင် အားထုတ်နေကြတယ်၊ ဒီလို အားထုတ်ရာမှာ အားထုတ်ရမယ့် လမ်းစဉ်က မဂ်လမ်းစဉ်လို့ ဆိုလိုတယ်။

မဂ်လမ်းစဉ် အားထုတ်တာကို **(မဂ္ဂသစ္စာ ဘာဝနာဝသေန)**လို့ ဆိုထားတယ်၊ မဂ္ဂသစ္စာကို ပွားများတယ်လို့ ဘာသာပြန်ကြတယ်၊ ပွားများတယ်ဆိုတာ မိမိသန္တာန်မှာ မဂ္ဂင်တရားဖြစ်ပွားစေတာကို ဆိုလိုတယ်တဲ့၊ ဒါကြောင့် မဂ္ဂင်တရားတော် ပွားများတယ်ဆိုတာနှင့် မဂ္ဂင်တရား ဖြစ်ပွားစေတယ်ဆိုတာ အသံကွဲသော်လည်း အဓိပ္ပာယ်တူတယ်လို့ မှတ်ရမယ်ကွယ့်"

"မဂ္ဂင်ပွားတယ်၊ မိမိသန္တာန်မှာ မဂ္ဂင်ဖြစ်စေတယ်ဆိုတာကိုလဲ အကျယ်အမိန့်ရှိပါဦးဘုရား"

"မဂ္ဂင်ပွားတယ်၊ မိမိသန္တာန်မှာ မဂ္ဂင်ဖြစ်စေတယ်ဆိုတာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပစတဲ့ မဂ္ဂင်ရှစ်ပါး၊ မိမိသန္တာန်မှာ ဖြစ်ပွားစေတာကို ဆိုလိုတာပဲကွယ့်"

"မှန်ပါ၊ သည်မျှနဲ့တော့ နားမရှင်းသေးပါဘူး၊ နားရှင်းအောင် အမိန့်ရှိပါဦး၊"

နားရှင်းအောင်ပြောရမယ်ဆိုလျှင် မဂ္ဂင်ရှစ်ပါးဟာ–

http://www.dhammadownload.com



(၁) သမ္မာဒိဋ္ဌိ = အမြင်မှန်ခြင်း၊
(၂) သမ္မာသင်္ကပ္ပ = အကြံစည်မှန်ခြင်း၊
(၃) သမ္မာဝါစာ = အပြောမှန်ခြင်း၊
(၄) သမ္မာကမ္မန္တ = အလုပ်မှန်ခြင်း၊
(၅) သမ္မာအာဇီဝ = အသက်မွေးမှုမှန်ခြင်း၊
(၆) သမ္မာဝါယာမ = အားထုတ်မှုမှန်ခြင်း၊
(၇) သမ္မာသတိ = အောက်မေ့မှုမှန်ခြင်း၊
(၈) သမ္မာသမာဓိ = တည်ကြည်မှုမှန်ခြင်း၊

ရယ်လို့ ရှစ်ပါးရှိတယ်၊ သည်ရှစ်ပါးသော မဂ္ဂင်တရား မိမိသန္တာန်မှာ ဖြစ်ပွားအောင် သိက္ခာ သုံးပါးနှင့် ခွဲရတယ်ကွယ့်"

"သိက္ခာသုံးပါးဆိုတာက ဘာလဲဘုရား"

"သိက္ခာဆိုတာ အကျင့်ကိုဆိုလိုတယ်ကွယ့်၊ မဂ္ဂင်ရှစ်ပါးကို မိမိသန္တာန်မှာ ဖြစ်ပွားအောင် ကျင့်လိုလျှင် သိက္ခာသုံးပါးနှင့် ကျင့်ပါလို့ ဆိုလိုတယ်ကွယ့်"

"သိက္ခာသုံးပါးကို အမိန့်ရှိပါဦးဘုရား"

"သိက္ခာသုံးပါးက–

(၁) သီလသိက္ခာ = သီလအကျင့်
(၂) သမာဓိသိက္ခာ = သမာဓိအကျင့်
(၃) ပညာသိက္ခာ = ပညာအကျင့်တို့ ဖြစ်ကြတယ်"

"မဂ္ဂင်နဲ့ သိက္ခာသုံးပါး ဘယ်လိုဆက်စပ်ပါသလဲဘုရား"

"မဂ္ဂင်နဲ့ သိက္ခာသုံးပါး ဆက်စပ်ပုံက–

(၁) သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပမဂ္ဂင်နှစ်ပါးကို ပညာသိက္ခာဖွဲ့ရတယ်။
(၂) သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဂ္ဂင်သုံးပါးကို သီလ သိက္ခာ ဖွဲ့ရတယ်။
(၃) သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်သုံးပါးကို သမာဓိ သိက္ခာ ဖွဲ့ရတယ်ကွယ့်၊ ကျင့်သုံးတဲ့အခါမှာတော့–

http://www.dhammadownload.com



(၁) သီလဟာ–အာဒိကလျာ၊

(၂) သမထ ဝိပဿနာ မဂ်ဖိုလ်က–မဇ္ဈေကလျာဏ၊

(၃) နိဗ္ဗာန်က–ပရိယောသာန ကလျာဏ (သာရတ္ထ၊ ပ၊ ၃၀၈) ဖြစ်တဲ့အတွက် သီလကို ဦးစွာဆောက်တည်၊ ထို့နောက် သမထလုပ်၊ ထို့နောက်မှ ပညာကို အားထုတ်ရတယ်။

"မှန်ပါ၊ သီလကို ဦးစွာအားမထုတ်ဘဲ သမထ ဝိပဿနာကို ကျော်ပြီး အားထုတ်လို့ကော မဖြစ်ဘူးလားဘုရား"

"မဖြစ်ဘူးတော့ မဟုတ်ပါဘူး၊ ဖြစ်တော့ ဖြစ်ပါတယ်၊ သို့သော်လဲ ဖားခုန်သလို ခုန်ကျော်ပြီး ကျင့်ခဲ့လျှင် စိတ်ထင်သလောက် မပေါက်မြောက်ဘူး၊ ဒါ့ကြောင့် သီလ သမထ ဝိပဿနာကို အစဉ်အတိုင်း အားထုတ်ရတယ်"

"ခုန်ကျော်အားထုတ်လို့ စိတ်ထင်သလို မပေါက်မြောက်တာ ဘာကြောင့်လဲ ဘုရား"

"သည်အကြောင်းကို (အံ၊ဒသ၊ပါ၊၂၅၇)က ထုတ်နုတ်ပြီး ပြောရမှာပဲ"

"မှန်ပါ အမိန့်ရှိပါဘုရား"

"အခါတစ်ပါး ဘုရားရှင်ဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူနေတယ်၊ အဲသည်တုန်းက အရှင်အာနန္ဒာဟာ ဘုရားရှင်ထံ ဝင်ရောက်ရှိခိုးပြီး သည်လိုလျှောက်ထားတယ်၊ "အရှင်ဘုရား၊ သီလစောင့် ရောက်ရတဲ့အတွက် ဘာအကျိုး ရှိပါသလဲ"၊ "အာနန္ဒာ–သီလစောင့်ရောက် ရတဲ့အတွက် စိတ်နှလုံး ကြည်ရွှင်ခြင်းအကျိုးရှိတယ်"၊ "စိတ်နှလုံးကြည်ရွှင် တော့ ဘာအကျိုးရှိပါသလဲ ဘုရား"၊ "စိတ်နှလုံးကြည်ရွှင်တဲ့အတွက် ဝမ်း မြောက်မှု(ပါမောဇ္ဇ)အကျိုးရှိတယ်"၊ "ဝမ်းမြောက်တော့ ဘာအကျိုးရှိပါသလဲ ဘုရား"၊ "ဝမ်းမြောက်တော့ နှစ်သက်မှု(ပီတိ)အကျိုးရှိတယ်"၊ "နှစ်သက်တော့ ဘာအကျိုး ရှိပါသလဲဘုရား"၊ "နှစ်သက်တော့ ငြိမ်းချမ်းမှု(ပဿဒ္ဓိ)အကျိုး ရှိတယ်"၊ "ငြိမ်းချမ်းတော့ ဘာအကျိုးရှိပါသလဲဘုရား"၊ "ငြိမ်းချမ်းတော့ ချမ်းသာမှု(သုခ) အကျိုးရှိတယ်"၊ "ချမ်းသာတော့ ဘာအကျိုးရှိပါသလဲ"၊ "ချမ်းသာတော့ တည်ကြည်မှု(သမာဓိ)အကျိုးရှိတယ်"၊ "တည်ကြည်တော့ ဘာအကျိုးရှိပါသလဲဘုရား"၊ "တည်ကြည်တော့ အမြင်မှန်မှု(ယထာဘူတ

http://www.dhammadownload.com


ဉာဏဒဿန)အကျိုးရှိတယ်"၊ "အမြင်မှန်တော့ ဘာအကျိုးရှိပါသလဲဘုရား"၊ "အမြင်မှန်တော့ ရုပ်နာမ်အပေါ် ငြီးငွေ့မှု(နိဗ္ဗိဒါဉာဏ်)ဖြစ်တယ်"၊ "ငြီးငွေ့မှုဖြစ်တော့ ဘာအကျိုးရှိပါသလဲဘုရား"၊ "ရုပ်နာမ်အပေါ်ငြီးငွေ့တော့ တပ်မက်ခြင်းကင်းတဲ့ ဝိရာဂ အကျိုးရှိတယ်"၊ "တပ်မက်ခြင်းကင်းတော့ ဘာအကျိုးရှိပါသလဲဘုရား"၊ "တပ်မက်ခြင်းကင်းတော့ ကိလေသာမှ လွတ်မြောက်မှု ဝိမုတ္တိ အကျိုးရှိတယ်"၊ "ကိလေသာကလွတ်မြောက်တော့ ဘာအကျိုးရှိပါသလဲဘုရား"၊ "ကိလေသာကလွတ်မြောက်တော့ လွတ်မြောက်မှုကိုသိတဲ့ ဉာဏ်အမြင် (ဝိမုတ္တိဉာဏဒဿန) အကျိုးရှိတယ်"၊ အာနန္ဒာ–အပြစ်ကင်းတဲ့ သီလကို ဖြည့်ကျင့်ခဲ့လျှင် အစဉ်အတိုင်း အရဟတ္တဖိုလ်ကို ရောက်နိုင်တယ်လို့ မိန့်တော်မူတယ်။

ဒါကြောင့် မဂ္ဂင်ရှစ်ပါးလမ်းစဉ်မှာ သီလ, သမာဓိ, ပညာ အစဉ်အတိုင်း ကျင့်ရမယ်လို့ ဦးစွာ မှတ်ထားရမယ်၊ အဲသည်လိုမှတ်ထားပြီး ဦးညွန့်လှိုင်ရဲ့ အမေးကို အစဉ်အတိုင်း ဖြေကြစို့ရဲ့နော်"

"မှန်ပါ၊ ဖြေတော်မူပါ"

(၁) သတိပဋ္ဌာန်ဆိုတာ သတိ(အမှတ်)ပြဋ္ဌာန်းတဲ့အတွက် အမှတ်တရားဆိုတာလဲ မှန်တယ်၊ သတိတရားဟာ မဂ္ဂင်မှာ ပါတဲ့အတွက် ပွားများရမည့်တရား(မိမိသန္တာန်မှာ ဖြစ်စေရမည့်တရား)လဲ ဟုတ်တယ်။

(၂) **သိ**–ဆိုတာက **သညာ, ဝိညာဉ်,** ပညာ သုံးမျိုးကို ဆိုလိုတယ်၊ **မှတ်**–ဆိုတာက **သတိ** ကို ဆိုလိုတယ်။ **ပွားများတယ်**–ဆိုတာက မိမိသန္တာန်၌ **ဖြစ်စေခြင်းကို** ဆိုလို တယ်။

(၃) ထွက်လေ ဝင်လေ မှတ်ရုံ, မဟာဘုတ်မှတ်ရုံမျှနှင့်တော့ သစ္စာလေးပါးကို မသိနိုင်သေးပါဘူး၊ ဒါပေမယ့် အခြေခံဖြစ်ကြောင်း အထက်က ပြခဲ့ပြီ။

(၄) ဂုဏ်တော်ပွားများတာဟာ သမာဓိတရား ထူထောင်တာပဲ၊ ခန္ဓာ၊ အာယတန၊ ဓာတ်ပွားများတာကတော့ ပညာနယ်ထဲ ရောက်နေပါပြီ။

http://www.dhammadownload.com



(၅) သတိပဋ္ဌာန်မှတ်တဲ့အခါ သတိက ပိုအရေးကြီးပါတယ်၊ သတိအားကောင်းပြီး သမာဓိရဲ့နောက်မှ ပညာပေါ်လာပါတယ်။
ကိုင်း–သည်လောက်ဆို ဦးညွန့်လှိုင် အမေးရဲ့ အဖြေဟာ ပြည့်စုံလောက်ပါပြီနော်”

“မှန်ပါ ပြည့်စုံပါပြီဘုရား”

“သာဓု–သာဓု–သာဓု”



http://www.dhammadownload.com



## ❑ အမေးသုံးပါး

"ဟောဒီစာက စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်၊ စံပြနွားကူရွာကျောင်း ရှင်ဇဝနထံမှ မေးလျှောက်တဲ့စာပါဘုရား"

"ရှင်ဇဝနရဲ့ အမေးကို ဖတ်စမ်းပါဦး"

"မှန်ပါ တပည့်တော်ဖတ်လျှောက်ပါမည်"

(၁) ရှင်ရာဟုလာသည် ကိုရင်ဘဝ၌ ရဟန္တာဖြစ်ပါသည်၊ အသက် ၂၀-ပြည့်သောအခါ ရဟန်းခံပါသေးသလားဘုရား၊

(၂) တောဒေယျပုဏ္ဏားဟာ သေပြီး ခွေးဖြစ်ပါသည်၊ အနာဂတဝင် ကျမ်းက ဘုရားလောင်းလို့ ဆိုထားပါသည်၊ မှန်ပါသလားဘုရား၊

(၃) ဂေါတမဘုရားအလောင်းတော်ဟာ နိယတဗျာဒိတ်ရပြီးသော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်းမှာ အပါယ်လေးပါး ကျရောက်ပါသေးသလားဘုရားတဲ့၊

အားလုံး အမေးပုစ္ဆာသုံးချက်ပါဘုရား"

"ရှင်ဇဝနရဲ့ အမေး သုံးချက်ထဲက ပထမအမေးကို ဦးစွာဖြေကြစို့ရဲ့"

"ဖြေတော်မူပါဘုရား"

http://www.dhammadownload.com



## ရှင်ရာဟုလာ ရဟန်းခံ မခံ

"ဝိနည်း မဟာဝါပါဠိတော်ကိုကြည့်ခဲ့လျှင် ရှေးဦးစွာ ဘုရားရှင်ဟာ မိဂဒါဝုန်တောမှာ ဝါဆိုတော်မူတယ်၊ အဲဒီ ဝါတွင်းမှာ ပဉ္စဝဂ္ဂီငါးဦး၊ ယသသူဌေးသားနှင့် သူငယ်ချင်းလေးဦး၊ အဲဒီနောက် ယသရဲ့သူငယ်ချင်း ငါးကျိပ်၊ ပေါင်းခြောက်ကျိပ်တိတိ ရဟန်းဖြစ်တယ်၊ အဲဒီရဟန်းများဟာ ဧဟိဘိက္ခုတွေချည်းဖြစ်လို့ ရဟန်းများရဲ့ ဥပသမ္ပဒကံနဲ့ မပတ်သက်ကြဘူး"

"ဝါလကျွတ်တဲ့အခါ အဲဒီရဟန်း ခြောက်ကျိပ်တို့ကို ဘုရားရှင်က "ရဟန်းတို့–ငါလဲ ကိလေသာကျော့ကွင်းက လွတ်ကင်းပြီ၊ သင်တို့လဲ ကိလေသာကျော့ကွင်းက လွတ်ကင်းကြပြီ၊ များစွာသော လူတို့ရဲ့ အစီးအပွား ဖြစ်ခြင်းငှာ ဒေသစာရီလှည့်လည်ကြ၊ ခရီးတစ်ကြောင်းတည်း နှစ်ပါးမသွားကြနဲ့၊ စင်ကြယ်တဲ့အကျင့်၊ မြတ်တဲ့အကျင့်ကိုပြကြ၊ တရားတော်ကိုဟောကြ၊ တရားတော်ကို သိလွယ်သောပုဂ္ဂိုလ်များရှိကြတယ်"လို့ မိန့်တော်မူပြီး အရပ် ရှစ်မျက်နှာကို လွှတ်လိုက်တယ်။

ရောက်ရာဌာန တရားဟောကြတော့ ရှင်ပြုလိုသူ ရဟန်းပြုလိုသူတွေ ပေါ်လာကြတယ်၊ အဲဒီ ရှင်လောင်း ရဟန်းလောင်းတွေကို ဘုရားရှင် ရှင်ပြုပေးလိမ့်မယ်၊ ရဟန်းပြုပေးလိမ့်မယ်လို့ ခေါ်ဆောင်လာခဲ့ကြတယ်၊ ဒီအခါ ဘုရားရှင်က ရှင်လောင်း ရဟန်းလောင်းများကို ခေါ်ဆောင်လာရတဲ့အတွက် ပင်ပန်းကြတယ်၊ ဒါကြောင့် ရှင်ပြုလို ရဟန်းပြုလိုသူများကို "ရဟန်းတို့ ကိုယ်တိုင် ရှင်ပြုပေးကြ၊ ရှင်ရဟန်းပြုလိုသူဟာ ရှေးဦးစွာ ဆံမုတ်ဆိတ်တို့ကို ပယ်ရမယ်၊ ဖန်ရည်ဆိုးတဲ့ သင်္ကန်းကို ဝတ်ရမယ်၊ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီရမယ်၊ အဲဒီနောက် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိစတဲ့ သရဏဂုံသုံးပါးကို သုံးကြိမ် ရွတ်ဆိုရမယ်၊ သရဏဂုံတည်ဆောက်ပြီးလျှင် ရှင်အဖြစ် ရဟန်း အဖြစ် ပြည့်စုံတယ်"လို့ ခွင့်ပေးတော်မူတယ်၊ ဒီနည်းနဲ့ ရှင်ရဟန်းပြုလာခဲ့ ရာမှာ ရာဓပုဏ္ဏား ရဟန်းပြုခါနီးအထိ ဆိုက်ရောက်လာတယ်"

"ရာဓပုဏ္ဏား ရဟန်းပြုတာလဲ မိန့်ပါဦးဘုရား"

"ရာဓဆိုတာ သာဝတ္ထိပြည်သား အလွန်ဆင်းရဲတဲ့ပုဏ္ဏားလို့ ဓမ္မပဒ–

http://www.dhammadownload.com



အဋ္ဌကထာ ပဏ္ဍိတဝဂ်မှာ ဆိုထားသကွယ့်၊ ပုဏ္ဏားက အလွန်ဆင်းရဲလေတော့ ရဟန်းပြုပြီး အသက်မွေးမယ်လို့ ကျောင်းကိုသွားပြီး ပရိဝုဏ်ကို တံမြက်လှဲတယ်၊ မျက်နှာသစ်ရေ စသည်များကိုလဲ ခပ်ထားတယ်၊ ဒီလို ကျောင်းဝေယျာဝစ္စလုပ်ကိုင်ရင်း အိမ်မပြန်တော့ဘဲ ကျောင်းမှာ ကပ်နေတယ်၊ ရဟန်းတော်များက သနားကြလို့ အစာရေစာများ ပေးကမ်းကြတယ်၊ ဒါပေမယ့် ဘယ်ရဟန်းတော်ကမှ ရဟန်းခံမပေးချင်ကြဘူးတဲ့၊ ရာဓပုဏ္ဏား ရဟန်းအဖြစ်ကို မရတဲ့အတွက် စိတ်ညစ်ပြီး ပိန်ကြုံနေသတဲ့၊ တစ်ရက်တော့ ဘုရားရှင်ရဲ့ ဉာဏ်တော်မှာ ရာဓပုဏ္ဏား ရဟန္တာဖြစ်မှာ မြင်တော်မူတဲ့အတွက် ညချမ်းအခါ ကျောင်းစဉ် ဒေသစာရီ ကြွချီသလို ရာဓပုဏ္ဏားအနီးရောက်အောင် ကြွသွားပြီး–

"ပုဏ္ဏား–ဘာလုပ်နေသလဲ"လို့ မေးတော်မူသတဲ့။

ရာဓပုဏ္ဏားက "အရှင်ဘုရား–ရဟန်းတော်များရဲ့ ဝတ်ကြီးဝတ်ငယ်ကို ပြုပါတယ်ဘုရား"လို့ လျှောက်ထားတော့ "ရဟန်းများထံက ဘာအထောက်အပံ့ရသလဲ"လို့ မေးတော်မူပြန်တယ်။

"အရှင်ဘုရား–ထမင်းမျှသာစားရပါတယ်၊ တပည့်တော် အိုမင်းတဲ့အတွက် ရဟန်းပြုပေးချင်သူမရှိပါဘုရား"လို့ လျှောက်ထားသတဲ့၊ ဒီအခါဘုရားရှင်က ရဟန်းများကို စည်းဝေးစေပြီး "ရဟန်းတို့–ဒီပုဏ္ဏားရဲ့ ကျေးဇူးကိုသိတဲ့ ရဟန်းများ ရှိပါသလား"လို့ မေးတော်မူတယ်၊ အရှင်သာရိပုတ္တရာက–

"အရှင်ဘုရား–ရာဇဂြိုဟ်မှာ ဆွမ်းခံကြွတုန်းက ဒီပုဏ္ဏားဟာ တပည့်တော်အား ဆွမ်းတစ်ယောက်မ လှူဖူးတဲ့ကျေးဇူးကို အမှတ်ရပါတယ်" လို့ လျှောက်ထားတော့ ဘုရားရှင်က–

"သာရိပုတ္တရာ–မိမိရဲ့ကျေးဇူးရှင်ကို ဆင်းရဲကလွတ်အောင် ပြုအပ်သည် မဟုတ်လား"လို့ မိန့်တော်မူသတဲ့၊ ရှင်သာရိပုတ္တရာက–

"အရှင်ဘုရား–ဤပုဏ္ဏားကို ရဟန်းခံပေးပါ့မယ်၊ အဘယ်သို့ ရှင်ပြုပေးရမယ်၊ ရဟန်းခံပေးရမယ်ဆိုတာ မိန့်တော်မူပါဘုရား"လို့ လျှောက်ထားတော့ ဘုရားရှင်က–

"ရဟန်းတို့–သရဏဂုံသုံးပါးဖြင့် ငါဘုရားခွင့်ပြုခဲ့တဲ့ ပဉ္စင်းခံခြင်းကို ယနေ့ကစ၍ ပယ်လိုက်ပြီ၊ ဉတ်လျှင် လေးကြိမ်မြောက်သောကံဖြင့် ရဟန်းခံရန်

http://www.dhammadownload.com



ခွင့်ပြုတယ်”လို့ ဉတ္တိစတုတ္ထကံကို ခွင့်ပေးတော်မူတယ်၊ ဒါကြောင့် ဉတ္တိစတုတ္ထကံဖြင့် ရဟန်းခံခြင်းကို ရာဓမထေရ်က စတယ်လို့ မှတ်ရမယ်၊ ရာဓမထေရ် ရဟန်းခံပြီးနောက် သားတော်ရာဟုလာ ရှင်ပြုပေးဖို့ ကြုံလာတယ်၊ အမွေတောင်းလာတဲ့ ရာဟုလာကို ဘုရားရှင်က ရှင်ပြုပေးလိုက်လို့ အရှင်သာရိ ပုတ္တရာကို ခိုင်းတော့ အရှင်သာရိပုတ္တရာက–

“အရှင်ဘုရား–ရာဟုလာကို ဘယ်လို ရှင်ပြုပေးရမှာလဲ” လို့ လျှောက်ထားတယ်၊ ဘုရားရှင်က “ရဟန်းတို့–ရှေးဦးစွာ ဆံ မုတ်ဆိတ်တို့ကို ပယ်ရမယ်၊ ထို့နောက် ဖန်ရည်ဆိုးသော သင်္ကန်းကို ဝတ်ပေးရမယ်၊ ထို့နောက် ဆောင့်ကြောင့်ထိုင် လက်အုပ်ချီစေပြီး သရဏဂုံသုံးပါး ဆောက်တည်ခြင်းဖြင့် ရှင်ပြုပေးရမယ်”လို့ မိန့်တော်မူတယ်၊ အဲဒီအမိန့်တော်အတိုင်း ရာဟုလာကို သာမဏေပြုပေးကြတယ်။

ဒါကြောင့် “ရှင်သာမဏေ သရဏဂုံ အစ ရှင်ရာဟုလာက” လို့ဆိုကြရတယ်၊ ရှင်ရာဟုလာ သာမဏေဝတ်တော့ ရှစ်နှစ်သားမျှလောက် ရှိသေးတယ်၊ ဒီလောက် ငယ်ရွယ်စဉ်ကစပြီး ဘုရားရှင် ဆုံးမတော်မူခဲ့တာ ရာဟုလာသံယုတ် ၂၂–သုတ်ရှိတယ်၊ တိပိဋကစရုဟောစဉ်(၃) ၁၄၀–မှာ ဖွင့်ပြထားတယ်၊ အန္ဓဝနတောနေစဉ် စူဠရာဟုလောဝါဒသုတ်တော်ကို နာယူပြီး ရှင်ရာဟုလာ ရဟန္တာဖြစ်တယ်လို့ အင်္ဂုတ္တရ၊ ဋ္ဌ၊ (ပ) ၂၀၂–မှာ ဆိုတယ်၊ ရှင်ရာဟုလာ ရဟန္တာဖြစ်တော့ အသက် ၁၈–နှစ်မျှရှိသေးလို့ ရဟန်းမဖြစ်သေးဘူး၊ သို့သော်လည်း ရှင်ရာဟုလာ ဘယ်မှာရဟန်းဖြစ်တယ်ဆိုတာတော့ ဘယ်ကျမ်းမှာမှ မတွေ့ရဘူး၊ အသက် ၂၀–စေ့တဲ့အရွယ်မှာ ရဟန်းခံတယ်လို့ပဲ မှတ်ယူဖွယ်ရာ ရှိတယ်ကွယ့်”

“မှန်ပါ–ဒုတိယအမေးကို ဖြေတော်မူပါဦး”

## တောဒေယျပုဏ္ဏား ဘုရားလောင်း ဟုတ်မဟုတ်

“တောဒေယျပုဏ္ဏား ဘုရားလောင်းဆိုတာ ဟုတ်မဟုတ် သိလိုပါတယ်တဲ့၊ ဟုတ်လား”

“ဟုတ်ပါတယ် ဘုရား”

“တောဒေယျအမည်နှင့် ပုဂ္ဂိုလ်နှစ်ဦး ရှိသကွယ့်၊ တစ်ဦးက သုတ္တနိပါတ် ပါရာယနဝဂ်ကလာတဲ့ အသက် ၁၂၀–ရှည်တဲ့ ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့်

http://www.dhammadownload.com



ဖြစ်တယ်၊ ဗာဝရီပုဏ္ဏားကြီးဟာ လောကသုံးပါး၌ ဘုရားပွင့်တော်မူကြောင်း အကျိုးလိုလားတဲ့ နတ်ရဲ့ထံက သတင်းစကားကြားရတဲ့အတွက် တပည့်ပေါင်း များစွာထဲက ဝေဒကျမ်းတို့၌ ကမ်းတစ်ဖက်ရောက် တတ်မြောက်ပြီး ဖြစ်ကြတဲ့–

(၁) အဇိတ၊ (၂) တိဿမေတ္တေယျ၊ (၃) ပုဏ္ဏက၊ (၄) မေတ္တဂူ၊ (၅) ဓောတက၊ (၆) ဥပသီဝ၊ (၇) နန္ဒ၊ (၈) ဟေမက၊ (၉) တောဒေယျ၊ (၁၀) ကပ္ပ၊ (၁၁) ဇတုကဏ္ဏိ၊ (၁၂) ဘဒြာဝုဓ၊ (၁၃) ဥဒယ၊ (၁၄) ပေါသာလ၊ (၁၅) မောဃရာဇ၊ (၁၆) ပိင်္ဂိယ တပည့်ကြီးတစ်ကျိပ်ခြောက်ယောက်တို့ကို ဘုရားဖူး စေလွှတ်ခဲ့တယ်။

"အဲဒီတပည့် တစ်ကျိပ်ခြောက်ယောက်ထဲက ကိုးယောက်မြောက် တပည့်ဟာ တောဒေယျဖြစ်တယ်၊ အဲဒီတောဒေယျက ဘုရားရှင်ကို လျှောက်တဲ့ တောဒေယျပဥ္စာဆိုတာ စုတ္တနိပါတ်ဒ္ဒေသ၊ ၁၉၆–မှာရှိတယ်၊ သုတ္တနိပါတ် ပါရာယန ဝဂ်မှာလည်း တောဒေယျက မေးလျှောက်တဲ့ တောဒေယျမာဏဝပုစ္ဆာဆိုတာ ရှိတယ်၊ အဲဒီ တောဒေယျလုလင်ဟာ နောင်အခါ ရဟန္တာဖြစ်သွားတယ်၊ အပါဒါန်(ပ) ၄၁၉၊ မဟာသာဝက ရှစ်ကျိပ်ဝင် ဖြစ်တယ်။ (ထေရ၊ ဋ္ဌ၊ ၂၊ ၅၄၂၊ အံ၊ ဋ္ဌီ၊ ၂၊ ၁၃၂)။

ဒီတောဒေယျထေရ်ဟာ ယခုအမေးမှာပါဝင်တဲ့ တောဒေယျပုဏ္ဏား မဟုတ်ပါဘူး၊ ဥပရိပဏ္ဏာသ အဋ္ဌကထာ၊ စူဠကမ္မဝိဘင်္ဂ သုတ္တဝဏ္ဏနာ (၁၅၇)ကလာတဲ့ တောဒေယျပုဏ္ဏားသည်သာ ယခုအမေးနဲ့ သက်ဆိုင်တဲ့ တောဒေယျပုဏ္ဏားဖြစ်တယ်၊ တောဒေယျဆိုတာ ပုဏ္ဏားကြီးရဲ့ နာမည်ရင်း မဟုတ်ဘူး၊ သာဝတ္ထိပြည်ရဲ့အနီး တုဒီရွာကိုစားရတဲ့ တုဒီရွာစားကြီး ဖြစ်လို့ တောဒေယျလို့ ခေါ်တာတဲ့၊ သူ့ရဲ့နာမည်ရင်းကတော့ ဘယ်လိုဆိုတာ ဖွင့်ပြထားခြင်း မရှိဘူး။

တောဒေယျပုဏ္ဏားဟာ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝတယ်၊ ရွှေငွေပေါင်း ကုဋေရှစ်ဆယ် ရှိသတဲ့၊ ဒါပေမယ့် အလွန်နှမြောတွန့်တိုတယ်၊ အလှူပေးလျှင် ပစ္စည်းကုန်တယ်ရယ်လို့ ဘယ်သူ့ကိုမျှ မပေးလှူဘူး၊ သူ့ရဲ့ အဘိမ္မောကိုလည်း နားထောင်စမ်းပါဦး၊ မျက်စဉ်းရည်တွေ အိုးနှင့်အပြည့် ထည့်ထားသော်လည်း တစ်စက်ချင်းခပ်တာနှင့် ကုန်သွားတတ်တယ်၊ ခြများဟာ မြေမှုန့်အနည်းငယ် စုစည်းတာနှင့် တောင်ပို့ကြီး ဖြစ်တယ်၊ ပျားများဟာ အနည်းငယ်သော

http://www.dhammadownload.com



ပန်းဝတ်ရည်ကို စုပါများတော့ ပျားရည်တွေ အများကြီးဖြစ်လာတယ်၊ ဒီသဘောကို ထောက်ရှုပြီး ပညာရှိပုဂ္ဂိုလ်ဟာ အနည်းငယ်သော်လည်း မပေးရဘူး၊ ပစ္စည်းကို တဖြည်းဖြည်းချင်း စုရမယ်တဲ့၊ ဒါက တောဒေယျပုဏ္ဏားရဲ့ အဘိဓမ္မာပေါ့၊ သူ့အဘိဓမ္မာနှင့်သူတော့ သဘောကျပြီး အလှူဆို ဘာမှ မပေးဘူး၊ တစ်ခြားပုဂ္ဂိုလ်ကို မဆိုထားနှင့်၊ ဘုရားရှင်ကိုသော်လည်း တစ်ဇွန်း တစ်ယောက်မျှ မလှူဖူးဘူး၊ အဲဒီလို ပစ္စည်းအပေါ် တပ်မက်လွန်းတဲ့ လောဘကြောင့် သေတော့ သူ့အိမ်မှာပင် ခွေးဖြစ်သတဲ့၊ ဒီအကြောင်းကို "အင္ဇနာနံ ခယံ ဒိသွာ ... ဟုတ္တာ"လို့ ဖွင့်ပြထားတယ်၊ တောဒေယျ ပုဏ္ဏားသေတော့ ခွေးဖြစ်တယ်၊ ခွေးဘဝက ဘာဖြစ်တယ်ဆိုတာက ကျမ်းများမှာ ဖော်ပြမထားဘူး။

သောတတ္ထကီကျမ်း အာနန္ဒပုစ္ဆိတ ကထာမှာ အရှင်အာနန္ဒာက ဘုရားရှင်ကို "အရှင်ဘုရား–ယခုအခါ သတ္တဝါတို့ရဲ့ အကျိုးစီးပွားကို ပြုတတ်ကုန်တဲ့ ပါရမီဖြည့်ဆဲ ဘုရားအလောင်းတော်တွေ ရှိကြပါတယ်၊ မြတ်စွာဘုရား ဗျာဒိတ်ကြားအပ်ပြီးသော ဘုရားအလောင်းတော်ပေါင်း မည်မျှရှိပါသလဲလို့ မေးလျှောက်သတဲ့၊ ဒီအခါ ဘုရားရှင်က "အာနန္ဒာ၊ နောင် ပွင့်လတ္တံ့သော ဘုရားလောင်းတွေဟာ ငါးရာ့တစ်ဆယ်(၅၁၀)ရှိတယ်၊ အစဉ်အတိုင်း ပွင့်ကြလိမ့်မယ်၊ ရှေးဦးစွာ အလောင်းတော် တစ်ကျိပ်တို့ ပွင့်ကြလိမ့်မယ်၊ (၁) မေတ္တေယျ၊ (၂) ရာမ၊ (၃) ကောသလ၊ (၄) အဘိဘူနတ်၊ (၅) ရာဟုအသူရိန်နတ်၊ (၆) ဝဏ္ဏီပုဏ္ဏား၊ (၇) သုဘလုလင်၊ (၈) တောဒေယျပုဏ္ဏား၊ (၉) နာဠာဂီရိဆင်၊ (၁၀) ပါလလေယျဆင်၊ ဤတစ်ကျိပ်သော ဘုရားလောင်းများဟာ နောင်အခါ အစဉ်အတိုင်း ပွင့်ကြလိမ့်မယ်လို့ ရှင်အာနန္ဒာကို မိန့်တော်မူကြောင်း ပြဆိုထားတယ်။

ငါးရာ ရင့်မှာ တစ်ကျိပ်ဆိုတာ ဒီစကားက လာတဲ့ စကားပဲ၊ သို့သော်လည်း သောတတ္ထကီကျမ်း အနာဂတဝင်ကျမ်းတို့ဆိုတာ သင်္ဂါယနာဝင် ကျမ်းကြီးတွေမဟုတ်ဘူး၊ ကျမ်းကြီးတွေ မဟုတ်လို့ အဆိုမခိုင်မာဘူး၊ ဒါကြောင့် တောဒေယျပုဏ္ဏား ဘုရားဖြစ်မယ်ဆိုတာဟာ သောတတ္ထကီကျမ်း အနာဂတဝင်ကျမ်း အဆိုမျှသာ ဖြစ်တယ်၊ ကေန် မှန်မမှန် မဆုံးဖြတ်နိုင်ဘူးလို့ အဖြေပေးလိုက်ပါတယ်ကွယ်။

http://www.dhammadownload.com


## ဘုရားအလောင်း အပါယ်ဘဝ ရောက်ဖူး မရောက်ဖူး

"တတိယအမေးက ဘာတဲ့လဲကွယ့်"

"တတိယအမေးက ဂေါတမဘုရားအလောင်းတော်ဟာ နိယတဗျာဒိတ် ရပြီးတဲ့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း အပါယ်လေးပါး ကျရောက် ပါသေးသလားတဲ့ ဘုရား"

"နိယတဗျာဒိတ်ပန်းဆင်မြန်းပြီးတဲ့ အလောင်းတော်ဟာ ၁၈–ရပ်သော အဘဗ္ဗဋ္ဌာနမှာ မဖြစ်ဘူးလို့ သုတ္တနိပါတ် (ဋ္ဌ၊ ပ၊ ၄၅) ခဂ္ဂဝိသာဏသုတ် အဖွင့်မှာလာတယ်။

အလောင်းတော် ဖြစ်ထိုက်တဲ့ အဘဗ္ဗဋ္ဌာန ၁၈–ပါးဆိုတာက–

(၁) အမိဝမ်းတွင်းက ကန်းလာတဲ့ ဇစ္စန္ဓပုဂ္ဂိုလ် မဖြစ်ဘူး၊
(၂) အမိဝမ်းတွင်းက နားပင်းလာတဲ့ ဇစ္စဗဓိရပုဂ္ဂိုလ် မဖြစ်ဘူး၊
(၃) ရူးသွပ်သောသူမဖြစ်ဘူး၊
(၄) စကားမပြောတတ်တဲ့ သူအ မဖြစ်ဘူး၊
(၅) ဆွံ့သောသူ မဖြစ်ဘူး၊
(၆) တောတွင်းသား မိလက္ခုအမျိုးမှာ မဖြစ်ဘူး၊
(၇) ကျွန်မရဲ့ဝမ်းမှာ မဖြစ်ဘူး၊
(၈) နိယတ မိစ္ဆာဒိဋ္ဌိ မဖြစ်ဘူး၊
(၉) ယောကျ်ားအဖြစ်မှ လိင်ပြန်ခြင်း မဖြစ်ဘူး၊
(၁၀) ပဉ္စာနန္တရိယကံ ကျူးလွန်သူမဖြစ်ဘူး၊
(၁၁) နူသောသူမဖြစ်ဘူး၊
(၁၂) တိရစ္ဆာန်ဖြစ်သော်လည်း ငုံး၊ နှံစုတ်ငှက် အောက်ငယ်သော တိရစ္ဆာန် မဖြစ်ဘူး၊
(၁၃) ခုပ္ပိပါသိကပြိတ္တာ၊ နိဇ္ဈာမတဏှိကပြိတ္တာမျိုးမှာ မဖြစ်ဘူး၊
(၁၄) ကာလကဉ္ဇိက အသုရာမျိုးမှာ မဖြစ်ဘူး၊
(၁၅) အဝီစိငရဲ၊ လောကန္တရိက ငရဲမှာ မဖြစ်ဘူး၊
(၁၆) ကာမာဝစရ နတ်မျိုးမှာလည်း မာရ်နတ် မဖြစ်ဘူး၊

http://www.dhammadownload.com



(၁၇) အသညသတ်ဘုံ၊ သုဒ္ဓါဝါသဘုံ၊ အရူပဘုံမှာ မဖြစ်ဘူး၊

(၁၈) တစ်ပါးသော စကြဝဠာတို့မှာ မဖြစ်ဘူး၊

ဒီ ၁၈–ဌာနဟာ နိယတဗျာဒိတ်ရပြီးတဲ့ ဘုရားလောင်းတော်များ မဖြစ်ထိုက်တဲ့ ဌာနတွေပဲကွယ်၊ ဒီဌာနတွေထဲမှာ ဘုရားအလောင်းတော်ဟာ ငရဲတော့ ကျသေးတယ်၊ ငရဲကျကြောင်းကို တေမိဇာတ်မှာ ကြည့်လျှင် သိသာတယ်ကွယ့်"

"ဘယ်လို သိသာတာပါလဲဘုရား"

"သိသာပုံက ဒီလိုကွယ့်၊ တေမိမင်းသားကို ဖွားမြင်ပြီး ထီးဖြူရိပ်မှာ သိပ်ထားတယ်၊ မင်းသားငယ်ဟာ မျက်စိဖွင့်ကြည့်လိုက်တော့ ထီးဖြူကို မြင်တဲ့အတွက် ငါဟာ မင်းမျိုးမှာ ဖြစ်တယ်လို့သိတယ်၊ ဒီမင်းမျိုးကို ဘယ်ဘဝက လာဖြစ်တာလဲလို့ ဇာတိဿရဉာဏ်ဖြင့် ထပ်ကြည့်လိုက်တော့ တာဝတိံသာနတ်ပြည်က လာဖြစ်တာကိုမြင်တယ်၊ တာဝတိံသာနတ်ပြည်ကို ဘယ်ဘဝကဖြစ်တာလဲကြည့်ပြန်တော့ ဥဿဒငရဲပြည်က ဖြစ်တာကို မြင်တယ်၊ ဥဿဒပြည်ကို ဘယ်ကလာဖြစ်တာလဲလို့ ကြည့်ပြန်တော့ ဗာရာဏသီပြည်မှာ နှစ်ပေါင်း ၂၀–မင်းပြုခဲ့တဲ့ဘဝက လာဖြစ်တာကို မြင်တယ်၊ အဲဒါကြောင့် အလောင်းတော်ဟာ နိယတဗျာဒိတ်ရပြီးဖြစ်သော်လည်း ငရဲတော့ ကျသေးတာပဲ၊ သို့သော် အဝီစိငရဲ၊ လောကန္တရိက် ငရဲတော့ မကျဘူးလို့မှတ်ရမယ်၊ တိရစ္ဆာန်ဘဝမှာ ငုံးအောက်၊ နှံစုပ်ငှက်အောက် ငယ်တဲ့ တိရစ္ဆာန်တော့ မဖြစ်ဘူး၊ အခြားတိရစ္ဆာန်ဘဝမှာတော့ အများအပြားဖြစ်ပါတယ်၊ ဘုရားအလောင်း တိရစ္ဆာန်ဖြစ်ပုံကို ၅၅၀–နိပါတ်မှာ အများအပြား ပြထားပါတယ်၊ ပြိတ္တာကလည်း သာသနာတော်ဝင် ကျမ်းအလိုအားဖြင့် လေးမျိုးရှိတယ်၊ လေးမျိုး ဆိုတာ–

(၁) ပရဒတ္တူပဇီဝိတပြိတ္တာ= သူတစ်ပါးကိုမှီပြီး အသက်မွေးရတဲ့ ပြိတ္တာမျိုး၊

(၂) ခုပ္ပိပါသပြိတ္တာ=မစားရ မသောက်ရ အမြဲငတ်မွတ် ဆာလောင်နေတဲ့ ပြိတ္တာမျိုး၊

(၃) နိဇ္ဈာမတဏှိကပြိတ္တာ=ခန္ဓာကိုယ် ပူလောင်ခြင်းခံနေရတဲ့ ပြိတ္တာမျိုး၊

http://www.dhammadownload.com


(၄) ကာလကဉ္ဇိကပြိတ္တာ=အသုရကာယ်မျိုး ဖြစ်တဲ့ ပြိတ္တာ၊

တို့ ဖြစ်ကြတယ်၊ ဒီပြိတ္တာလေးမျိုးထဲက ပရဒတ္တူပဇီဝိတပြိတ္တာမျိုးတော့ ဘုရားအလောင်း ဖြစ်သေးတယ်၊ ကျန်တဲ့ပြိတ္တာမျိုးတော့ မဖြစ်ဘူး”

“ကာလကဉ္ဇိကပြိတ္တာ ဆိုတာ ဘယ်လို ပြိတ္တာမျိုးလဲဘုရား”

“ကာလကဉ္ဇိကပြိတ္တာ ဆိုတာ အသူရကာယ်မျိုး ဖြစ်တဲ့ ပြိတ္တာကြီးတဲ့၊ အဲဒီပြိတ္တာကြီးရဲ့ ပုံသဏ္ဌာန်ကို သုတ်ပါထိက(ဋ္ဌ၊၅)မှာ ဒီလို ဖွင့်ပြထားတယ်၊ ကာလကဉ္ဇိကအသူရကာယ်ဟာ ခန္ဓာကိုယ် သုံးဂါဝုတ်လောက် ကြီးတယ်၊ အသားအသွေးနည်းပါးတယ်၊ ဖက်ရွက်လျော်နှင့် တူတယ်၊ ပုဇွန်မျက်စိလို မျက်စိဟာထွက်ပြီး ဦးထိပ်ထက်မှာ တည်တယ်၊ ခံတွင်းကလည်း အပ်နဖားမျှလောက်သာရှိပြီး ဦးထိပ်မှာပဲ တည်တယ်တဲ့။

ခန္ဓဝဂ္ဂသံယုတ် (ဋ္ဌ၊ ၂၆၇–၂၆၈)မှာ ဖွင့်ပြထားတာက ကာလကဉ္ဇိကအသူရကာယ်တစ်ဦးဟာ ရေငတ်မွတ်တဲ့ဒဏ်ကို သည်းမခံနိုင်တော့တဲ့အတွက် တစ်ယူဇနာလောက် နက်ပြီး တစ်ယူဇနာလောက် အပြောကျယ်တဲ့ ဂင်္ဂါမြစ်ကြီးအတွင်း ဆင်းသတဲ့၊ အသူရကာယ်ကြီး ရောက်တဲ့နေရာမှာ ရေပြတ်သွားပြီး မီးခိုးတွေထွက်လာသတဲ့၊ အလွန်ပူပြင်းတဲ့ ကျောက်ဖျာအပေါ် စင်္ကြံသွားနေသလို ဖြစ်နေသတဲ့၊ တဝေါဝေါစီးနေတဲ့ ရေသံကိုတော့ နားကကြားနေရတယ်၊ ရေသံကြားလို့ ရေကိုရှာရင်း မိုးလင်းလာသတဲ့၊ မိုးလင်းလာတဲ့အချိန်မှာ ရဟန်းတော် သုံးကျိပ်တို့ဟာ သပိတ်ပိုက်ပြီး ဆွမ်းခံကြွတော်မူလာကြတယ်၊ ဂင်္ဂါမြစ်ကမ်းပါးမှာ ကြောက်စရာအကောင်ကြီးကို မြင်ကြတော့ ရဟန်းတော်များက သင် ဘယ်သူတုန်းလို့ မေးကြသတဲ့၊ တပည့်တော်ပြိတ္တာပါဘုရားလို့ လျှောက်ထားတော့ ရဟန်းတော်များက သင် ဘာရှာနေသလဲလို့ မေးကြသတဲ့၊ တပည့်တော် ရေသောက်ချင်လွန်းလို့ ရေရှာတာပါဘုရားလို့ လျှောက်ထားတော့ ရဟန်းတော်များက ဒါဟာ ရေပြည့်လျှံနေတဲ့ ဂင်္ဂါမြစ်ကြီးကပဲ၊ သင်ဘာကြောင့် မမြင်သလဲလို့မေးကြသတဲ့၊ ပြိတ္တာကြီးက တပည့်တော် ဘယ်လိုမှ ရေကို မမြင်မတွေ့ရပါဘူးဘုရားလို့ လျှောက်ထားတော့ ရဟန်းတော်များက ဒီလိုဆိုလျှင် ဒီဂင်္ဂါမြစ်ကမ်းမှာ သင် ပက်လက်အိပ်ပေတော့၊ သင့်ခံတွင်းထဲ ငါတို့ ရေလောင်းထည့်ကြမယ်လို့ပြောပြီး ပြိတ္တာကြီးကို ပက်လက်

http://www.dhammadownload.com




အိပ်စေကြတယ်၊ ရဟန်းတော် သုံးကျိပ်တို့ဟာ သပိတ်များနှင့် ဂင်္ဂါရေကို ခပ်ယူကြပြီး ပြိတ္တာကြီးရဲ့ ခံတွင်းထဲလောင်းထည့်ကြတယ်၊ လောင်းရင်း လောင်းရင်းနှင့်ပင် မိုးစင်စင်လင်းလာတယ်။

ဒီအခါရဟန်းတော်များက ငါတို့ဆွမ်းခံချိန် ရောက်နေပြီ၊ သွားကြဦးမယ်၊ ဘယ့်နှယ်လဲ၊ သင် သက်သာရာများ ရရဲ့လားလို့ မေးကြသတဲ့၊ ဒီတော့ ပြိတ္တာကြီးက အရှင်ဘုရားများ သွန်းလောင်းတဲ့ရေ တစ်လက်ဖက်ဝက်မျှ လည်ချောင်းသို့ ဝင်ခဲ့ပါလျှင် ပြိတ္တာဘဝက မကျွတ်ဘဲရှိပါစေလို့ ကျိန်ပြောရှာသတဲ့၊ အဲဒီလို စားချင်လျက် မစားရ၊ သောက်ချင်လျက် မသောက်ရ၊ အကုသိုလ်ကံဆိုးကြီးရဲ့ အနှိပ်စက်ခံနေရတဲ့ ပြိတ္တာမျိုးကြီးကို ကာလကဥ္စိက အသုရကာယ်မျိုးလို့ ခေါ်သတဲ့၊ ဘုရားအလောင်းတော်ဟာ အခြားပြိတ္တာမျိုးတော့ ဖြစ်တတ်ပါတယ်၊ ဒါပေမယ့် ခုပ္ပိပါသပြိတ္တာ၊ နိဇ္ဈာမတဏှိကပြိတ္တာ၊ ကာလကဥ္စိက အသုရာမျိုးတော့ မဖြစ်ဘူးလို့ မှတ်သင့်တာပေါ့ကွယ်။

"သာဓု–သာဓု–သာဓု"



download.com



## ❒ အာဟာရလေးပါး

“ဟောဒီစာက ကသာမြို့၊ ကမ်းနားလမ်း၊ မွန်းလိုက်ကဖီးမှ ဦးသာဇင် မေးလျှောက်တဲ့ စာဖြစ်ပါတယ် ဘုရား”

“ဆိုစမ်းပါဦး၊ ဦးသာဇင်ရဲ့အမေးက ဘာများတုန်း”

“ဦးသာဇင်အမေးက **သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ**လို့ စာပေများမှာ တွေ့ဖူးပါတယ်တဲ့၊ ခပ်သိမ်းသောသတ္တဝါတို့သည် အာဟာရဖြင့် တည်တယ်လို့ သာမည အဓိပ္ပာယ်ပေါက်ပါတယ်၊ သို့သော်လည်း ရေရေလည်လည် နားမလည်တဲ့အတွက် လိုရင်း တိုရှင်းမျှလောက် ဖွင့်ပြ ဖြေဆိုပေးတော်မူပါလို့ လျှောက်ထားခြင်း ဖြစ်ပါတယ် ဘုရား”

“သတ္တဝါမှန်သမျှ အာဟာရဖြင့် ရပ်တည်နေကြတယ်ဆိုတာ လူတိုင်းလိုပင် နားလည်ကြတာပေါ့၊ သို့သော် ဘယ်လိုရပ်တည်တယ် ဆိုတာကိုတော့ လေ့လာမှသာ သိနိုင်တယ်၊ မလေ့လာလျှင် မသိနိုင်ဘူး၊ ဒါကြောင့် သတ္တဝါတွေကို အာဟာရက အထောက်အပံ့ပေးပုံကို ရှေးဦးစွာ နိဒါနသံယုတ် အာဟာရသုတ်က ထုတ်နုတ် ပြောပြဦးမယ်”

“မှန်ပါ– အမိန့်ရှိပါဘုရား”

“အခါတစ်ပါး ဘုရားရှင်ဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ

http://www.dhammadownload.com



သီတင်းသုံးနေထိုင်တော်မူစဉ် ရဟန်းတော်များကို ရဟန်းတို့-ဖြစ်ပြီးသတ္တဝါတို့အားလည်းကောင်း၊ ဖြစ်ဆဲသတ္တဝါတို့အားလည်းကောင်း တည်နေခြင်းငှာ၊ ချီးမြှောက်ခြင်းငှာ ဆောင်သော အာဟာရဆိုတာ လေးပါးတို့ ဖြစ်ကြတယ်၊ အဘယ်လေးပါးတို့လဲဆိုတော့-

* **ကြမ်းတမ်းသည်ဖြစ်စေ၊ နူးညံ့သည်ဖြစ်စေ အလုတ်အလွေးပြုတဲ့ မျိုအပ်သော ကဗဠီကာရာဟာရ၊**
* **နှစ်ခုမြောက်တွေ့ထိမှု ဖဿာဟာရ၊**
* **သုံးခုမြောက် စိတ်ကိုလှုံ့ဆော်မှု မနောသဉ္စေတနာဟာရ၊**
* **လေးခုမြောက်အထူးသိမှု ဝိညာဏာဟာရ၊**

တို့ ဖြစ်ကြတယ်လို့ ဟောထားတယ်၊ အဲဒီ လေးပါးသော အာဟာရတို့ အနက် စားအပ်တဲ့ အစာမှာပါတဲ့ အဆီအစေး ဩဇာဓာတ်ကို ကဗဠီကာရာဟာရလို့ ခေါ်တယ်၊ စိတ်အားလုံးနှင့် ဆက်ဆံတဲ့ ဖဿစေတသိက်ကို ဖဿာဟာရလို့ ခေါ်တယ်၊ စိတ်ဆိုတဲ့ မနောဝိညာဉ်ကို ဝိညာဏာဟာရလို့ ခေါ်တယ်။

ပဋ္ဌာန်း အာဟာရပစ္စည်းအဖွင့်မှာ အလုတ်အလွေး ပြုတတ်သကဲ့သို့သော အစာအာဟာရသည် ဤရူပကာယအား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုတယ်၊ ဖဿ၊ စေတနာ၊ ဝိညာဉ်ဆိုတဲ့ နာမ်အာဟာရ တရားသုံးပါးတို့ဟာ ယှဉ်ဖက်ဖြစ်ကြတဲ့ စိတ် စေတသိက်တို့အားလည်းကောင်း၊ ထိုနာမ်အာဟာရ သုံးပါးတို့ကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုတယ်လို့ ဟောထားတယ်၊ ဘယ်လိုကျေးဇူး ပြုပါသလဲဆိုတာနှင့် ပတ်သက်ပြီး နိဒါနဝဂ္ဂသံယုတ်၊ ၄၁၊ ၂၄-မှာ ဒီလို ဖွင့်ထားတယ်ကွယ့်"

"မိန့်တော်မူပါဘုရား"

"ကဗဠီကာရာဟာရဟာ ဩဇာလျှင် ရှစ်ခုမြောက်တဲ့ အဋ္ဌကလာပ်ရုပ်ကို ဆောင်တယ်၊ ဖဿာဟာရဟာ ဝေဒနာသုံးပါးကို ဆောင်တယ်၊ မနောသဉ္စေတနာဟာရက ဘဝသုံးပါးကိုဆောင်တယ်၊ ဝိညာဏာဟာရက ပဋိသန္ဓေ နာမ်ရုပ်ကို ဆောင်တယ်တဲ့၊ ဘယ်လို ဆောင်တာလဲဆိုတော့-ကဗဠီကာရာဟာရဟာ ခံတွင်းထဲထည့်ကာမျှနှင့် ရှစ်ပါးသောရုပ်ကို ဖြစ်စေတယ်၊ သွားနှင့်ကြိတ်ချေပြီး

http://www.dhammadownload.com



မျိုးခဲ့လျှင် တစ်ခုသော ထမင်းလုံးက ရှစ်ပါး-ရှစ်ပါးသော ရုပ်တရားများကို ဖြစ်စေတယ်၊ ကဗဠီကာရာဟာရဟာ ဤလိုဩဇာလျှင် ရှစ်ခုမြောက်တဲ့ ရုပ်ကလာပ်ကို ဖြစ်စေတယ်တဲ့၊ ဖဿာဟာရကလည်း သုခဝေဒနာနှင့်ယှဉ်တဲ့ ဖဿဖြစ်ခဲ့လျှင် သုခဝေဒနာကို ဆောင်တယ်၊ ဒုက္ခနှင့်ယှဉ်တဲ့ ဖဿဖြစ်ခဲ့လျှင် ဒုက္ခဝေဒနာကို ဆောင်တယ်၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်တဲ့ ဖဿဖြစ်ခဲ့လျှင် ဥပေက္ခာဝေဒနာကို ဆောင်တယ်၊ ဖဿာဟာရဟာ ယခုလို ဝေဒနာ သုံးပါးတို့ကို ဆောင်တယ်ကွယ့်။

မနောသဉ္စေတနာဟာရ ဆိုတာ အရကောက်တော့ စေတနာဆိုတဲ့ ကံတရားကို ကောက်တယ်၊ ဒါကြောင့် ကာမဘဝကို ဖြစ်စေတတ်တဲ့ ကံက ကာမဘဝကို ဆောင်တယ်၊ ရူပ, အရူပကို ဖြစ်နေတတ်တဲ့ကံက ရူပဘဝ, အရူပ ဘဝကို ဆောင်တယ်၊ မနောသဉ္စေတနာဟာရဟာ ဤလိုဘဝသုံးပါးတို့ကို ဆောင်တယ်တဲ့။

ဝိညာဏာဟာရဟာ ပဋိသန္ဓေခဏမှာ ထိုပဋိသန္ဓေနှင့် တကွဖြစ်ကြတဲ့ ကလလရေကြည်ခေါ်တဲ့ ရုပ် ၃၀-ကိုလည်းဆောင်တယ်၊ ဒါကြောင့် ဝိညာဏာဟာရဟာ ပဋိသန္ဓေနာမ်ရုပ်ကို ဆောင်တယ်လို့ ဆိုရတယ်။ (နိဒါန၊ ဋ္ဌ၊ ၂၅-၂၆)။

မူလပဏ္ဏာသ၊ ဋ္ဌ (ပ) ၂၁၄-မှာ ဖွင့်ပြတာက ဒီအာဟာရ လေးပါးမှာ ဘေးကြီးလေးပါးရှိနေသတဲ့၊ ဘေးကြီးလေးပါး ဆိုတာက-

(၁) ကဗဠီကာရာဟာရမှာ-
နိကန္တိဘေးကြီး ဆိုက်ရောက်နေသတဲ့၊

(၂) ဖဿာဟာရမှာ-
ဥပဂမနဘေးကြီး ဆိုက်ရောက်နေသတဲ့၊

(၃) မနောသဉ္စေတနာဟာရမှာ-
အာယူဟနဘေးကြီး ဆိုက်ရောက်နေသတဲ့၊

(၄) ဝိညာဏာဟာရမှာ-
အဘိနိပါတနဘေးကြီး ဆိုက်ရောက်နေသတဲ့ကွယ်"

"ဘယ်လို ဆိုက်ရောက်တာလဲဘုရား"

http://www.dhammadownload.com



"ဘေးကြီး ဆိုက်ရောက်ပုံက ဒီလိုတဲ့ကွယ့်၊စားအပ်တဲ့ အစာအာဟာရ အပေါ် နိကန္တိဘေးကြီး ဆိုက်ရောက်တယ်ဆိုတာ အစာအာဟာရအပေါ် တပ်မက်မှု၊ လိုချင်မှု၊ တောင့်တမှု၊ ကပ်ငြိမှု၊ စွဲလမ်းမှု တဏှာတရားနှိပ်စက် တာကို ဆိုလိုတယ်၊ နိကန္တိဆိုတဲ့ပုဒ်က တပ်နှစ်သက်တဲ့ တဏှာဆိုတဲ့ အနက် ကို ဟောတယ်၊ တပ်မက်မှုတရားက ဘယ်လောက်နှိပ်စက်နေသလဲဆိုရင် အစာအာဟာရအတွက်ကြောင့် အပူအအေး၊ မိုးချုပ် နေပူ မတွေးအားဘူး၊ ပစ္စည်းရဖို့အတွက်သာပဲ အားထုတ်နေကြတယ်၊ တရားတယ်၊ မတရားတယ် ဆိုတာလည်း မတွက်နိုင်ဘူး၊ ပစ္စည်းရလျှင်ပြီးရော သဘောထားပြီး သတ်တန် သတ်၊ ခိုးတန်ခိုးပြီး အစာရှာဖွေနေကြရတယ်၊ ဒါဟာ ဘယ်သူကခိုင်းလို့ ရှာဖွေနေရတာလဲဆိုတော့ တဏှာဆိုတဲ့ နိကန္တိခိုင်းလို့ ရှာဖွေနေရတာပေါ့၊ ဒါကြောင့် ကဗဠီကာရာဟာရမှာ နိကန္တိဘေးဆိုးကြီး ဆိုက်နေတယ်လို့ ဆိုတာပေါ့ကွယ်။

ဖဿာဟာရက ဥပဂမနဘေးကြီး ဆိုက်နေသတဲ့၊ ဥပဂမနဆိုတာ ကပ်ရောက်ခြင်း၊ ချဉ်းကပ်တွေ့ထိခြင်းလို့ဆိုတယ်၊ ဖဿဆိုတဲ့ အတွေ့အထိကို လိုချင်တဲ့အတွက် သူတစ်ပါးမယားကို ပြစ်မှားတယ်၊ သူတစ်ပါးဘဏ္ဍာကို ခိုးယူတယ်၊ အဲဒါကြောင့် ဥစ္စာရှင်များက ရိုက်နှက်သတ်ဖြတ်ခြင်း ပြုတတ် တယ်၊ မင်းထံကိုသော်လည်း အပ်တတ်တယ်၊ မင်းကသော်လည်း သတ်ဖြတ် ခြင်းကို ပြုတတ်တယ်၊ သေပြီးတဲ့နောက်လည်း အပါယ်ကျတတ်တယ်၊ အဲဒီလို အတွေ့အထိ သာယာမှုကို အကြောင်းပြုပြီး မျက်မှောက်ဘဝမှာလည်း ဘေးဖြစ်တယ်၊ တမလွန်မှာလည်း ဘေးဖြစ်တတ်တယ်။

အာယူဟနဘေးဆိုတာက "အာယူဟနတိ အာယတိ ပဋိသန္ဓိယောတုဘူတံ ကမ္မံ၊ တံ ဟိ အဘိသင်္ခရဏဋ္ဌေန အာယူဟတနာတိ ဝုစ္စတိ" လို့ ပဋိသံ၊ ဋ္ဌ၊ ၁၊ ၈၇–မှာ ဆိုတဲ့အတိုင်း နောင်အခါ ပဋိသန္ဓေဖြစ်ဖို့ အားထုတ်ရတဲ့ ဘေးဆိုး ကြီးကို ဆိုလိုတယ်။

ဝိညာဏာဟာရ ကျရောက်တဲ့ အဘိနိပါတနဘေးဆိုတာက ပဋိသန္ဓေ ဝိညာဉ်ဟာ အကြင်အကြင်ဌာနၥ္ဓ ကျရောက်တယ်ဆိုလျှင် ထိုထိုဌာနမှ နာမ်ရုပ်ကိုယူပြီးဖြစ်တယ်၊ အဲဒီနာမ်ရုပ်ဖြစ်ခဲ့လျှင် နာမ်ရုပ်ကိုစွဲပြီး အလုံးစုံ

http://www.dhammadownload.com



သော ဘေးတွေ ဖြစ်ကုန်တော့တာပဲ၊ အဲဒီဘေးတွေ ဘယ်သူ့ကြောင့် ဖြစ်တာလဲလို့ တရားခံကိုရှာခဲ့လျှင် ဝိညာဏာဟာရကို တွေ့ရတယ်၊ ဒါကြောင့် ဝိညာဏာဟာရကို အဘိနိပါတနဘေးကြီး ဆိုက်ရောက်နေတယ်လို့ ဆိုရတယ်"

အာဟာရလေးပါးမှာ ဘေးကြီးလေးပါး ဆိုက်ရောက်နေတာကို မြင်ကြရပြီ၊ အဲဒီဘေးကြီး လေးပါးအနက် ကဗဠီကာရာဟာရမှာ နိကန္တိဘေးကြီး လွတ်ကင်းအောင် သုံးဆောင်ပုံ ဥပမာကို နိဒါနဝဂ္ဂသံယုတ်၊ မဟာဝဂ်၊ ပုတ္တမံသူပမသုတ်မှာ ဒီလိုဟောထားတယ်ကွယ့်"

"မှန်ပါ–မိန့်တော်မူပါဘုရား"

"လင်မယားနှစ်ယောက်တို့ဟာ အနည်းငယ်သော ရိက္ခာမျှနှင့် သွားလာရန်ခက်ခဲတဲ့ ခရီးခဲကို သွားကြသတဲ့၊ သူတို့လင်မယားနှစ်ယောက်မှာ သားငယ်ကလေးကလည်း ပါသတဲ့၊ သူတို့ဟာ ခရီးသွားရင်း ယူခဲ့တဲ့ရိက္ခာ ကုန်သွားသတဲ့၊ ခရီးခဲကလည်း အဝေးကြီးကျန်နေသေးသတဲ့၊ ဒါကြောင့် ငါတို့ဟာ သုံးယောက်လုံး မပျက်စီးရအောင် သားငယ်ကိုသတ်ပြီး သားရဲ့အသားကို စားပြီး ခရီးခဲကို လွန်မြောက်သင့်တယ်လို့ တစ်ယောက်တည်းသော သားငယ်ကိုသတ်၊ အသားညှင်း အသားတုံးပြုပြီး သားချစ်ရဲ့အသားကို စားကြလျက် ခရီးခဲကို လွန်မြောက်ကြသတဲ့၊ အဲဒီလင်မယားတို့ဟာ သားချစ်ရဲ့အသားကို စားကြတဲ့အခါ စိတ်မချမ်းမသာ ရင်ကိုထုပြီး စားကြရှာတယ်၊ ဒီလို စားကြတဲ့အခါ မြူးတူးခြင်းငှာ၊ မာန်ယစ်ခြင်းငှာ၊ တန်ဆာဆင်ခြင်းငှာ၊ အပြေအပြစ်ပြုခြင်းငှာ သုံးဆောင်ခြင်း မဟုတ်သလို ကဗဠီကာရာဟာရကိုလည်း သားရဲ့အသားကို စားသလို သဘောထားပြီး သုံးဆောင်ခဲ့လျှင် ကာမဂုဏ်ငါးပါး၌ တပ်မက်တဲ့ ကာမရာဂကို ပိုင်းခြားပြီးသိနိုင်တယ်၊ ကာမရာဂကို ပိုင်းခြားသိခဲ့လျှင် ကာမရာဂသံယောဇဉ်က ကင်းလွတ်လို့ ဤကာမဘုံလောကကို တစ်ဖန် မလာရောက်နိုင်တဲ့ အနာဂါမ်အဖြစ်ကို ရောက်နိုင်သတဲ့ကွယ်။

ဖဿာဟာရမှာလည်း ဥပဂမနဘေးကြီး ကင်းလွတ်အောင် ဒီလိုဥပမာထားပြီး ရှုမှတ်ရမယ်တဲ့ကွယ်၊ ဥပမာကတော့–အရေခွာထားတဲ့ နွားမဟာ နံရံကို မှီနေခဲ့လျှင် နံရံမှာရှိနေတဲ့ သတ္တဝါတွေက ကိုက်ခဲကြတယ်၊ သစ်ပင်ကို မှီနေလျှင် သစ်ပင်မှာရှိနေတဲ့ သတ္တဝါတွေက ကိုက်ခဲကြတယ်၊ ရေထဲ စိမ်နေ

http://www.dhammadownload.com



လျှင် ရေထဲက သတ္တဝါတွေက ကိုက်ခဲကြတယ်၊ လဟာပြင်မှာနေလျှင် လဟာပြင်မှာရှိနေတဲ့ သတ္တဝါတွေက ကိုက်ခဲကြတယ်၊ ဘယ်အရပ်မှာပင်နေနေ နေရာအရပ်ရှိ သတ္တဝါတွေက နွားမကို ကိုက်ခဲကြတယ်။

အဲဒီဥပမာအတိုင်း သောင်းကျန်းမှု ကိလေသာအမျိုးမျိုး၊ ဆင်းရဲမှု အမျိုးမျိုးတို့ဟာ ဖဿကိုစွဲမှီပြီး ဖြစ်ကြတယ်၊ အကယ်၍ သတ္တဝါများမှာ ဖဿမရှိခဲ့လျှင် ငရဲမီးလောင်သည့်တိုင်အောင် ပူတဲ့ဒုက္ခကို မသိနိုင်ဘူး၊ ဖဿရှိတဲ့အတွက်ကြောင့် ဆင်းရဲခြင်းအမျိုးမျိုး၊ ကိလေသာအမျိုးမျိုး ဖြစ်ကြရတယ်၊ ဒီဖဿဟာရကို ပရိညာသုံးပါးဖြင့် ပိုင်းခြားသိခဲ့လျှင် နိဗ္ဗာန်ချမ်းသာကို ကောန်ဆိုက်ရောက်နိုင်သတဲ့ကွယ်။

မနောသဉ္စေတနာဟာရကိုလည်း ဘဝဘေးဆိုးကြီးက ကင်းလွတ်အောင် ဤလိုဥပမာထားပြီး ရှုမှတ်ရမယ်တဲ့၊ လက်ခုပ်တစ်ဖောင်လောက်နက်တဲ့ တွင်းကြီးထဲမှာ မီးကျီးခဲတွေ ပြည့်အောင်ထည့်ထားတယ်၊ အဲဒီ မီးကျီးခဲတွေ အနီး လူတစ်ယောက် ရောက်လာတယ်၊ ရောက်လာတဲ့ အဲဒီလူကို အားကောင်း မောင်းသန်တဲ့လူနှစ်ယောက်က ချုပ်ကိုင်ဖမ်းယူပြီး မီးကျီးတွင်းထဲ ပစ်ချမယ်လို့ တအားဆွဲခေါ်ကြတယ်၊ အဖမ်းခံရတဲ့လူဟာ မီးကျီးတွင်းထဲ ပစ်ချမှာကြောက်လို့ တအားရုန်းရှာတယ်၊ ဘာကြောင့် ရုန်းတာလဲဆိုတော့ မီးကျီးတွင်းထဲသာ ကျခဲ့လျှင် သေသော်လည်းကောင်း သေမယ်၊ မသေသော်လည်း သေလောက်နီးပါး ဆင်းရဲခံရမယ်ဆိုတာသိလို့ ရုန်းကန်တာတဲ့၊ အားကောင်းမောင်းသန် လူနှစ်ယောက်တို့က ယောကျ်ားကိုဖမ်းပြီး မီးကျီးတွင်းထဲဆီ ဆွဲခေါ်သောကာလကဲ့သို့ ကုသိုလ်ကံ အကုသိုလ်ကံ အားထုတ်သော ကာလကို မှတ်ရမယ်တဲ့ကွယ့်"

"မှန်ပါ ဘုရား"

"ဒီနေရာမှာ စကားနည်းနည်း ကျန်နေသေးလို့ ဆက်ပြောရဦးမယ်၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတဲ့အတိုင်း အဝိဇ္ဇာခာတ်ခံရှိတဲ့ ပုဂ္ဂိုလ်ဟာ ဘာကိုပင်ကြံကြံ၊ ဘာစကားကိုပင်ပြောပြော၊ ဘာအလုပ်ကိုပင် လုပ်လုပ်၊ စိတ်မပါဘဲ လုပ်လို့မရဘူး၊ အကယ်၍ စိတ်မပါခဲ့လျှင် စိတ်နှင့်ယှဉ်ဘက် ကုသိုလ်စေတသိက်၊ အကုသိုလ်စေတသိက်ဆိုတာ ပါခဲ့တယ်၊ ကုသိုလ် အကုသိုလ် စေတသိက်

http://www.dhammadownload.com



ပါခဲ့လျှင် စေတသိက်တို့ရဲ့ ဦးစီးနှင့်တူတဲ့ စေတနာလည်း ပါတော့တာပဲ၊ စေတနာပါခဲ့လျှင် သင်္ခါရသုံးပါးလည်း ဖြစ်တော့တာပေါ့၊ သင်္ခါရဖြစ်ခဲ့လျှင် သင်္ခါရပစ္စယာ ဝိညာဏံအရ–ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ စတဲ့ ဝဋ်တရားတွေလည်း ဆင့်ကာဆင့်ကာ ဖြစ်ပွားတော့တာပေါ့၊ ဒီနေရာမှာ တစ်ချို့ယူဆပုံကို ပြောပြရဦးမယ်"

"မိန့်တော်မူပါဦး ဘုရား"

"ပဋိစ္စသမုပ္ပါဒ် ပါဠိတော်အတိုင်း သင်္ခါရဆိုတဲ့ ကံတရားဟာ အကြောင်းအကျိုးဆက်ပြီး ဇာတိ, ဇရာစတဲ့ ဝဋ်ဒုက္ခကိုဖြစ်စေတတ်တယ်၊ ဒါကြောင့် ပုညာဘိသင်္ခါရဆိုတဲ့ ဒါနသီလကုသိုလ်မျိုးကို ထည့်မလုပ်ရ၊ လုပ်ခဲ့လျှင် သံသရာရေယဉ်ကြောမှာ ပေါ်မျော မျောလိမ့်မယ်တဲ့၊ အပုညာဘိသင်္ခါရမျိုးဖြစ်တဲ့ အကုသိုလ်မျိုးကိုလည်း မလုပ်ရ၊ လုပ်ခဲ့လျှင် သံသရာ ရေယဉ်ကြောမှာ မြုပ်မျောမျောလိမ့်မယ်တဲ့၊ ဒါက ပဋိစ္စသမုပ္ပါဒ်ပါဠိကို ကိုင်ပြီး ပြောနေကြတဲ့ အချို့သောပုဂ္ဂိုလ်တို့ရဲ့ အယူအဆဖြစ်တယ်ကွယ့်၊ အမှန်ကတော့ သင်္ခါရဆိုတဲ့ ကံတရားဟာ အဝိဇ္ဇာအခံရှိနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဖြစ်မြဲပဲ၊ အဝိဇ္ဇာအခံမရှိတဲ့ ရဟန္တာပုဂ္ဂိုလ်ရဲ့သန္တာန်မှာတော့ အဝိဇ္ဇာမရှိတော့လို့ သင်္ခါရကံမဖြစ်ဘူး၊ အကယ်၍ ရဟန္တာရဲ့သန္တာန်မှာ သင်္ခါရကံဖြစ်ခဲ့လျှင် ပဋိစ္စသမုပ္ပါဒ်အတိုင်း ဝိညာဉ်နာမ်ရုပ်စတဲ့ ဝဋ်တရားတွေ ဧကန်ဖြစ်ဦးမှာပဲ။

ရဟန္တာမှာ နောင်ဖြစ်လတ္တံ့သော ဝဋ်တရားဆိုတာ မရှိတော့ဘူး၊ ဒါကြောင့် ရဟန္တာသန္တာန်မှာ သင်္ခါရဆိုတဲ့ ကံတရားမဖြစ်ဘူး၊ ဒါကြောင့် ကုသလံ ကုသလံ ဇဟံလို့ နမက္ကာရ ဘုရားရှိခိုးမှာ ဆိုထားတယ်၊ ရဟန္တာဟာ ကံတရားကို ပယ်ထားပြီးပြီဆိုတာ ကာယကံအမှု၊ ဝစီကံအမှု၊ မနောကံအမှု မပြုမလုပ်တာကို ဆိုတာမဟုတ်ဘူး၊ ပြုပင်ပြုသော်လည်း ကံတည်းဟူသော သင်္ခါရမဖြစ်လို့ ဆိုလိုရင်းဖြစ်တယ်၊ ဒါကြောင့် အဝိဇ္ဇာနုသယကင်းတဲ့ ပုဂ္ဂိုလ်မှာ သင်္ခါရကံမျိုး မဖြစ်ဘူးလို့ မှတ်ရမယ်ကွယ့်"

"မှန်ပါ့ ဘုရား"

"အဝိဇ္ဇာနုသယမကင်းသေးတဲ့ ပုဂ္ဂိုလ်တွေမှာ အဝိဇ္ဇာအခံရှိသမျှ ကာလပတ်လုံး ကြံသမျှ ပြောသမျှ လုပ်သမျှ စေတနာတွေဟာ သင်္ခါရအဖြစ်ကို

http://www.dhammadownload.com



ရောက်တယ်၊ သင်္ခါရဖြစ်ခဲ့လျှင် အကြောင်းအကျိုး ဆက်သွယ်ပြီး ဝိညာဉ်၊ နာမ်၊ ရုပ်စတဲ့ ဝဋ်မီးကျီးတွင်းထဲကျပြီး သံသရာမှာ တချာချာ လည်ဦးမှာ မလွဲဘူးကွယ့်၊ ဒါကြောင့် သံသရာမှာ ပေါ်မျော မျောတတ်တဲ့ ကုသိုလ်သင်္ခါရမျိုး မလုပ်နှင့်ဆိုတဲ့စကားကို မယုံကြည်ကြရဘူး၊ အဝိဇ္ဇာနုသယရှိသေးသမျှ သံသရာမှာ ပေါ်မျောလည်း မျောလိမ့်မယ်၊ မြုပ်မျောလည်း မျောလိမ့်မယ်၊ မြုပ်မျောမျော တာထက်တော့ ပေါ်ပြီး မျောတာက တော်သေးတာပေါ့လို့ ယူဆပြီး ဒါန သီလစတဲ့ ကုသိုလ်သင်္ခါရမျိုးကို ကြိုးစား အားထုတ်သင့်ကြတယ်၊ အကယ်၍ ရုပ်နာမ်ဖြစ်သမျှ ဆင်းရဲတာအမှန်ပဲလို့ သံသရာရဲ့အပြစ်ကိုသိပြီး နောက်တစ်ဖန် ရုပ်နာမ်အသစ် ဖြစ်ပေါ်မှုကို မလိုခဲ့လျှင် နဝမခေတ်ကောင်းဖြစ်တဲ့ သာသနာ တော်နှင့် ကြုံခိုက်မှာ အဝိဇ္ဇာနုသယကင်းပြတ်အောင် ဝိပဿနာတရား ပွားများ အားထုတ်ဖို့ သင့်တာပေါ့ကွယ်။

"မှန်လှပါဘုရား"

"ဝိညာဏာဟာရကို အရကောက်တော့ ပဋိသန္ဓေဝိညာဉ်ကို အရကောက် တယ်၊ ပဋိသန္ဓေဝိညာဉ်က ဝိညာဏပစ္စယာ နာမရူပံဆိုတဲ့အတိုင်း နာမ်တရား၊ ရုပ်တရား ဖြစ်ပွားစေတယ်၊ အဲဒီလို နာမ်ရုပ်ဖြစ်ပွားမှု အဘိနိပါတန ဘေးဆိုးကြီး မကျရောက်အောင် ဒီလိုဥပမာနှင့် ရှုမှတ်ရမယ်တဲ့၊ အလွန်ဆိုးသွမ်းတဲ့ ခိုးသူကို မင်းချင်းများက ဖမ်းဆီးမိတော့ မင်းကြီးထံ ဆက်သကြတယ်၊ မင်းကြီးက ထိုခိုးသူအား မြို့ပြင်ထုတ်ပြီး နံနက်အချိန် လှံချက်တစ်ရာဖြင့် ထိုးသတ်စေ လို့ အမိန့်ချလိုက်တယ်၊ အလွန် အသက်ပြင်းလှတဲ့ ခိုးသူဟာ လှံချက်တစ်ရာ ထိုးထားသော်လည်း မသေဘူးတဲ့၊ ဒီအကြောင်းကို မင်းကြီးထံ သံတော်ဦး တင်ကြတော့ နေ့လယ်အချိန် လှံချက်တစ်ရာနှင့် ထိုးသတ်စေလို့ အမိန့်တော် ထုတ်ပြန်တယ်၊ နေ့လယ်အချိန် လှံချက်တစ်ရာနှင့် မသေပြန်တော့ ညနေအချိန် လှံချက်တစ်ရာဖြင့် ထိုးသတ်စေပြန်တယ်၊ လှံချက်သုံးရာဖြင့် အထိုးခံရတဲ့ သူခိုးဟာ ကြီးစွာသော ဆင်းရဲခြင်း၊ နှလုံးပင်ပန်းခြင်း ဖြစ်ရရှာသတဲ့။

ဒီဥပမာမှာ ကံတရားကို မင်းကြီးလို့ မှတ်ရမယ်၊ အလွန်ဆိုးတဲ့ ခိုးသူကို ဝဋ်တရားဆိုတဲ့ ရုပ်နာမ်ကိုမှီနေတဲ့ ပုထုဇဉ်ကို မှတ်ရမယ်၊ လှံချက်သုံးရာကို ပဋိသန္ဓေဝိညာဉ်လို့ မှတ်ရမယ်တဲ့၊ ခိုးသူကို လှံချက်သုံးရာတို့ဖြင့် ထိုးသတ်စေလို့

http://www.dhammadownload.com


မင်းကြီး စေခိုင်းသော ကာလကဲ့သို့ ကံတရားကို မှတ်ရမယ်၊ မင်းလုလင်တို့သည် ခိုးသူကို ဆောင်ယူပြီး လှံချက်သုံးရာတို့ဖြင့် ထိုးသတ်သော ကာလကဲ့သို့ ပုထုဇဉ်ကို ဆောင်ယူပြီး ပဋိသန္ဓေပစ်ချသောအခါကို မှတ်ယူရမယ်တဲ့။

ပုထုဇဉ်ဟာ အဝိဇ္ဇာဆိုတဲ့ ဆိုးညစ်မှုကြောင့် ကံတရားနှင့်တူတဲ့ မင်းရဲ့ အာဏာဖြင့် လှံချက်သုံးရာနှင့်တူတဲ့ ပဋိသန္ဓေဝိညာဉ်ကို ရတယ်၊ ပဋိသန္ဓေ ဝိညာဉ်ဖြစ်တဲ့အတွက် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတဲ့ ဆင်းရဲကို ခံစားရတယ်၊ အဲဒီဝိညာဏာဟာရကို ပရိညာသုံးပါးတို့အစွမ်းနှင့် ပိုင်းခြားသိခဲ့လျှင် အာသဝေါကုန်ခမ်းတဲ့ ရဟန္တာအဖြစ်ကို ဆိုက်ရောက်နိုင် ကြောင်း နိဒါနဝဂ္ဂသံယုတ်၊ မဟာဝဂ်၊ ပုတ္တမံသူပမသုတ်မှာ ဘုရားရှင် ဟော တော်မူတယ်ကွယ့်၊ အကျယ်ကို သိလိုပါလျှင် မူလပဏ္ဏာသ၊ ဋ္ဌ၊ ၁၊ ၂၁၄– နိဒါနသံယုတ်၊ ဋ္ဌ၊ ၂၅–၂၆–မှာ ကြည့်ရှုပါလို့ ညွှန်ကြားလိုက်ပါတယ်ကွယ်"

"မှန်ပါ–ဒီလောက်ဆိုလျှင် အာဟာရလေးပါးအကြောင်း သိတန် သလောက် သိသွားပါပြီ၊ မသိဘဲ ကျန်နေတာက ပရိညာသုံးပါးဆိုတာ ဖြစ်ပါ တယ်၊ အဲဒီ ပရိညာသုံးပါးကိုလည်း မိန့်တော်မူပါဦး ဘုရား"

"ပရိညာသုံးပါးဆိုတာက (၁) ဉာတပရိညာ၊ (၂) တီရဏပရိညာ၊ (၃) ပဟာနပရိညာ တို့ဖြစ်ကြတယ်ကွယ့်။

ဉာတပရိညာဆိုတာ ရုပ်တရားဟာ ဖောက်ပြန်ခြင်း လက္ခဏာရှိတယ်၊ ဝေဒနာတရားဟာ အာရုံရဲ့အရသာကို ခံစားခြင်းလက္ခဏာရှိတယ် စသောအား ဖြင့် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ရဲ့လက္ခဏာကို သိတတ်တဲ့ပညာကို ဉာတပရိညာလို့ခေါ်တယ်၊ ရုပ်တရားဟာ မမြဲဘူး၊ ဝေဒနာတရားဟာ မမြဲ ဘူး စသောအားဖြင့် ခန္ဓာငါးပါးတို့ရဲ့ အလုံးစုံတို့အား ဆက်ဆံတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတင်တဲ့ ဝိပဿနာပညာကို တီရဏပရိညာလို့ ခေါ်တယ်၊ အနိစ္စကို ရှုမြင်ရတဲ့အတွက် ရုပ်နာမ်အပေါ် နိစ္စလို့ထင်မှားနေတဲ့ သညာ၊ ဒုက္ခ ကို ရှုမြင်ရတဲ့အတွက် ရုပ်နာမ်အပေါ် သုခလို့ထင်မှတ်မှားနေတဲ့သညာ၊ အနတ္တကို ရှုမြင်ရတဲ့အတွက် ရုပ်နာမ်အပေါ် အတ္တလို့ထင်မှားနေတဲ့သညာ၊ အဲဒီလို အမှတ်မှားနေတဲ့သညာကို ပယ်စွန့်နိုင် တဲ့ ပညာဟာ ပဟာနပရိညာပါပဲ။

အဲဒီပရိညာသုံးပါးအနက် ရုပ်နာမ်ကိုပိုင်းခြား မှတ်သားတဲ့ နာမရူပ


http://www.dhammadownload.com



ပရိစ္ဆေဒဉာဏ်မှ(ဝါ) ဒိဋ္ဌိဝိသုဒ္ဓိမှ နာမ်ရုပ်ရဲ့အကြောင်း သိမ်းဆည်းတဲ့ နာမရူပ ပစ္စယာ ပရိဂ္ဂဟဉာဏ်အထိ(ဝါ) သင်္ခါဝိတရဏ ဝိသုဒ္ဓိအထိ ဉာတပရိညာရဲ့ ဘုံဖြစ်တယ်၊ သမ္မသနဉာဏ်မှ ဥဒယဗ္ဗယဉာဏ်အထိ တီရဏပရိညာရဲ့ဘုံ ဖြစ်တယ်၊ ဘင်္ဂဉာဏ်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ်အထိ ပဟာနပရိညာရဲ့ ဘုံဖြစ် တယ်။

ပရိညာသုံးပါးရဲ့အကျယ်ကို ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိအဖွင့်မှာ ကြည့်ပါလို့ တိုက်တွန်းလိုက်ပါတယ်ကွယ်”

“သာဓု-သာဓု-သာဓု”



http://www.dhammadownload.com



## ❒ ဆွမ်းတော်စာ စားအပ် မစားအပ်

"ဟောဒီစာက မကွေးတိုင်း၊ စလင်းမြို့၊ ကျောင်းသားတစ်စုက မေးတဲ့ စာဖြစ်ပါတယ် ဘုရား"

"သူတို့စာက ဘာတဲ့တုန်းကွယ့်"

"သူတို့စာထဲမှာ ဆိုထားတာက သူတို့ဟာ ဘုန်းကြီးကျောင်းက လောကီကျောင်းတက်နေကြတဲ့ ကျောင်းသားများ ဖြစ်ကြပါတယ်တဲ့၊ ဘုန်းကြီးကျောင်းမှာ နေကြရတဲ့အတွက် နေ့တိုင်း နေ့တိုင်း ဘုရားဆွမ်းတော် ကပ်လှူရပါတယ်တဲ့၊ အဲဒီဆွမ်းတော်ကို စွန့်တဲ့အခါ တချို့ကျောင်းသားများက စားကြပြီး တချို့ကျောင်းသားများက မစားကြပါဘူးတဲ့၊ စားတဲ့လူတွေက ဆွမ်းတော်စားလျှင် ဉာဏ်ကောင်းတယ်လို့ ပြောကြပါတယ်၊ မစားတဲ့ သူတွေက ဉာဏ်ထိုင်းတယ်လို့ပြောကြပါတယ်၊ ဘယ်သူ့စကားကိုမှ မလိုက်နာတတ်အောင် ဖြစ်နေပါတယ်တဲ့၊ ဒါကြောင့် ဆွမ်းတော်စာကို စားကောင်း မစားကောင်း၊ ဉာဏ်ထက်တယ်ဆိုတာ ဟုတ်မဟုတ် ဖြေကြားပေးတော်မူပါလို့ လျှောက်ထားကြပါတယ် ဘုရား။

"ဆွမ်းတော်စာ စားတာနှင့်ပတ်သက်ပြီး ရှေးဦးစွာ မဟာရာဇဝင်တော်ကြီးရဲ့အဆိုကို ပြောပြဦးမယ်၊ အနော်ရထာမင်း မတိုင်မီက ပုဂံနယ်မြေမှာ

http://www.dhammadownload.com



အရည်းကြီးရဟန်းများ လွှမ်းမိုးနေတယ်ဆိုတာတော့ သိပြီး ဖြစ်ပါလိမ့်မယ်"

"မှန်ပါ–သိပြီးပါပြီဘုရား"

"တစ်ရက်မှာ သထုံပြည်က ရဟန္တာ ရှင်အရဟံဟာ ပုဂံကို ကြွလာတော်မူတယ်၊ အနော်ရထာမင်းကြီးဟာ ရှင်အရဟံကို အလွန် ကြည်ညိုတဲ့အတွက် ရှင်အရဟံရဲ့ အမိန့်အတိုင်း ပိဋကတ်သုံးပုံနှင့် ဓာတ်တော် မွေတော်တို့ကို သထုံမနူဟာမင်းထံ တောင်းခံစေတယ်၊ မနူဟာမင်းဟာ မကောင်းသောစိတ်၊ ထိပါးလိုသောဒေါသဖြင့် ပိဋကတ်တော်နှင့် ဓာတ်တော်များကိုမပေးဘဲ မချေမငံ ပြောဆိုလိုက်သတဲ့၊ အဲဒီလို မချေမငံ ပြောဆိုမှုကြောင့် အနော်ရထာမင်းဟာ သထုံပြည်ကို အလုံးအရင်းဖြင့် ချီတက်ပြီး မင်းနှင့်တကွ သိမ်းပိုက်တော်မူလိုက်တယ်၊ ပုဂံကို ပြန်ရောက်တဲ့အခါ သထုံကပါလာခဲ့တဲ့ သူရဲသူခက်ဖညာ သည်တို့ကို အသီးသီးအစုအကွက်ချပြီး နေစေတယ်၊ မနူဟာမင်းကိုတော့ မြင်းကပါအရပ်မှာ အလုပ်အကျွေးနှင့်တကွ ချထားတယ်။

မနူဟာမင်းဟာ စကားပြောလျှင် ခံတွင်းကစက်ပြောင်ပြောင်ထွက်သတဲ့၊ အနော်ရထာမင်းထံ မနူဟာမင်း လာရောက် ဦးချတဲ့အခါ ကြက်သီးမွေးညင်း ထပြီး ထိတ်တလန့်လန့်ဖြစ်သတဲ့၊ ဒါကြောင့် မနူဟာမင်းရဲ့ ဘုန်းတန်ခိုး အာနုဘော် ညှိုးဖျင်းသွားအောင် မနောလင်ပန်းမှာ စားတော်ကိုပြင်၊ ဘုရားမှာ တင်ပြီးမှ မနူဟာမင်းကိုကျွေးစေသတဲ့၊ ရက်အတော်ကြာလာခဲ့တော့ မနူဟာမင်းရဲ့ခံတွင်းက စက်အရောင်ဟာ ကွယ်ပျောက်သွားသတဲ့၊ ဒီအခါ မနူဟာမင်းဟာ စိတ်ဓာတ်ကျပြီး သံသရာကျင်လည်သရွေ့ သူနိုင်သည်ကို မဖြစ်ရလိုလို့ ဆုတောင်းပြီး ယခု မနူဟာဘုရားကို တည်ထားပြီး သူ့ကိုယ်သူ လုပ်ကြံသွားတယ်လို့ ရာဇဝင်မှာဆိုတယ်၊ အဲဒီအဆိုကိုစွဲပြီး ဆွမ်းတော်စာ မစားကောင်းဘူးဆိုတဲ့စကား ဖြစ်လာတယ်ကွယ့်။

အမှန်တော့ မနူဟာမင်းဟာ ရိုးရိုး ဆွမ်းတော်စာစားလို့ ဘုန်းတန်ခိုးညှိုးသွားတာ မဟုတ်ဘူး၊ သင်ပုတ်ခွက်ပေါ်စွန့်ပြီး မနောလင်ပန်းထဲ ပြန်ထည့်ထားတဲ့အစာကို စားလို့ ဘုန်းတန်ခိုး ညှိုးသွားဟန်တူတယ်၊ သင်ပုတ်ခွက်ဆိုတာ ခွေးစား ကျီးစား အသရေမဲ့တဲ့ဌာနပဲ၊ အဲဒီဌာနက ပြန်ယူကျွေးလို့ ဘုန်းတန်ခိုး ညှိုးသွားတာ ဖြစ်ရမယ်၊ ဒါမှမဟုတ် ဆွမ်းတော်စာသာစားပြီး ဗုဒ္ဓဝေယျာဝစ္စ

http://www.dhammadownload.com



မပြုလုပ်လို့ ဘုန်းတန်ခိုးညှိုးသွားတာလည်း ဖြစ်နိုင်တယ်၊ ရိုးရိုး ဆွမ်းတော်စာ စားရုံနှင့်တော့ ဉာဏ်ကောင်း မကောင်း မဆိုလိုသော်လည်း ဘာမှုဖြစ်ဖွယ် မရှိပါဘူး၊ ဒီနေရာမှာ ဆွမ်းတော်စာစားတဲ့ ဗိမ္ဗိသာရမင်းကြီးဝတ္ထုကို ပြောပြ ရဦးမယ်"

"မှန်ပါ-မိန့်တော်မူပါ ဘုရား"

"အခါတစ်ပါး ဘုရားသခင်မှာ ဓာတ်ချုပ်တဲ့ ရောဂါဖြစ်တယ်၊ ဒါကြောင့် အရှင်အာနန္ဒာကိုခေါ်ပြီး ဝမ်းလျှောဆေးစားလိုတယ်လို့ မိန့်တော်မူတယ်၊ အရှင်အာနန္ဒာလည်း ဇီဝကအိမ်ကိုကြွပြီး ဘုရားရှင် ဝမ်းနုတ်ဆေးစားလို ကြောင်း မိန့်တော်မူတယ်၊ ဆရာဇီဝကက ဘုရားရှင် ဆွမ်းဘုဉ်းပေးလျှင် ဆီနှင့် သုံးရက် ဘုဉ်းပေးပါစေ၊ လေးရက်မြောက်မှာ ဆေးကပ်ပါ့မယ်လို့ လျှောက်ထားတယ်၊ ညီတော်အာနန္ဒာလည်း ဇီဝကရဲ့ အမှာအတိုင်း သုံးရက် ဆွမ်းကို ဆီလေးလောင်းပြီး ကပ်တယ်၊ သုံးရက်စေ့တဲ့အခါ ရုန့်ရင်းတဲ့ဆေးနှင့် ဘုရားရှင် ဝမ်းလျှောဖို့မသင့်ဘူး၊ သိမ်မွေ့တဲ့ဆေးဖြင့်သာ ဝမ်းလျှောစေရမယ် လို့ ကြာသုံးလက်မှာ ဆေးထုံပြီး ရှေးဦးစွာ ကြာတစ်လက်ကိုကပ်တယ်၊ "အရှင်ဘုရား-ဤကြာလက်ကို သုံးကြိမ် နမ်းတော်မူပါ၊ ဝမ်းဆယ်ကြိမ် သက်ပါလိမ့်မယ်"လို့ လျှောက်ထားတယ်၊ အဲဒီနောက် ဒုတိယကြာလက်ကို ကပ်ပြန်တယ်၊ ဤကြာလက်ကို သုံးကြိမ်နမ်းလျှင် ဝမ်းဆယ်ကြိမ် သက် ပါလိမ့်မယ်လို့ လျှောက်တယ်၊ အဲဒီနောက် တတိယကြာလက်ကို ကပ်ပြီး ဤကြာလက်ကို သုံးကြိမ်နမ်းတော်မူပါ၊ ဝမ်းဆယ်ကြိမ် သက်ပါလိမ့်မယ်လို့ လျှောက်ထားပြီး ဆရာဇီဝက အိမ်ပြန်တယ်။

ကျောင်းတော် တံခါးရောက်တော့ အကြံဖြစ်ပြန်တယ်၊ ကြာသုံးလက် နှင့် ဝမ်းအကြိမ် ၃၀-လျှောဖို့ ငါလျှောက်ခဲ့တယ်၊ သို့သော် နောက်ဆုံးကြာလက် မှာ ဆေးသြဇာတစ်ပါး ထုတ်တဲ့အတွက် ၂၀-ကြိမ်သာ သက်လိမ့်မယ်၊ ဘုရားရှင် ဆင်ခြင်တော်မိလို့ ရေသပ္ပာယ်ခဲ့ပါလျှင် အကြိမ် ၃၀-သွားလိမ့်မယ် လို့ အကြံဖြစ်တယ်၊ ဇီဝကရဲ့အကြံကို ဘုရားရှင်သိလို့ ဝမ်း ၂၉-ကြိမ်လျှော ပြီးတဲ့အခါ အရှင်အာနန္ဒာကိုခေါ်တော်မူပြီး ရေနွေးအတည်ခိုင်းတယ်၊ ရေနွေးချိုး ပြီးတော့ ဝမ်းအကြိမ် ၃၀-လျှောတယ်၊ အရဏ်တက်တဲ့အခါ ဆရာဇီဝက

http://www.dhammadownload.com


ယာဂုစီရင်ပြီး ဘုရားရှင်ထံ ရောက်လာတယ်၊ ဝမ်း အကြိမ် ၃၀–လျှော မလျှော လျှောက်ထားတယ်၊ ဘုရားရှင်က နောက်ဆုံး ရေနွေးချိုးမှ အကြိမ် ၃၀–ဝမ်းလျှောကြောင်း မိန့်တော်မူတယ်။

ရှင်မဟာမောဂ္ဂလာန်က ဒီကနေ့ဘုရားရှင် နေထိုင်မကောင်းတာ မည်သည့် ဆွမ်းနှင့် သင့်လျော်မလဲကြည့်တော့ သောဏသူဌေးရဲ့ထမင်းကို မြင်သတဲ့၊ ဒါကြောင့် တန်ခိုးဖြင့် သောဏသူဌေးရဲ့ ပြာသာဒ်မှာ ဆွမ်းရပ်တယ်၊ သောဏ သူဌေး သပိတ်ယူပြီး ဆွမ်းလှူတယ်၊ ရှင်မဟာမောဂ္ဂလာန် ပြန်မယ်လုပ် တော့ သောဏက "အရှင်ဘုရား ဘုဉ်းပေးတော်မူပါ"လို့ လျှောက်တယ်၊ ရှင်မဟာ မောဂ္ဂလာန်က "ဒီဆွမ်းဟာ ငါ့အတွက်မဟုတ်ဘူး၊ ဘုရားရှင် သုံးဆောင်ရန် အတွက် ဖြစ်တယ်"လို့ဆိုတော့ သူဌေးက "အရှင်ဘုရား၊ ဘုဉ်းပေးတော်မူပါ၊ ဘုရားရှင်အတွက်လဲ လှူဒါန်းပါ့မယ်"လို့ ပြောသတဲ့၊ ဒါကြောင့် ရှင်မဟာ မောဂ္ဂလာန်က ဆွမ်းဘုဉ်းပေးရတယ်၊ ဆွမ်းဘုဉ်းပေးပြီးတော့ သူဌေးက သပိတ်ကို နံ့သာရေနှင့် ဆေးကြောပြီး ပျံ့မွှေးဆွမ်းကိုလှူသတဲ့၊ ရှင်မဟာ မောဂ္ဂလာန် လည်း အဲဒီဆွမ်းကို ဆောင်ယူပြီး ဘုရားရှင်ကို ကပ်တယ်။

ဒီအချိန်မှာ ဗိမ္ဗိသာရမင်းလည်း ဘုရားရှင် မကျန်းမာကြောင်းကြားလို့ ဝေဠုဝန်ကျောင်းတော်ကို လာခဲ့တယ်၊ ကျောင်းအနီး ရောက်တော့ သင်းပျံ့ ကြိုင်လှိုင်နေတဲ့ ဆွမ်းအနံ့ကြောင့် စားချင်တဲ့အာသာ ဖြစ်ပေါ်လာသတဲ့၊ ဘုရားရှင်ဟာ မင်းကြီး အာလယကို သိတဲ့အတွက် သင့်ရုံထမင်းကို မင်းကြီးအား ပေးစေတယ်၊ မင်းကြီးဟာ ထမင်းကိုစားသုံးပြီး "အရှင်ဘုရား၊ ဒီဆွမ်းဟာ မြောက်ကျွန်းက ဆွမ်းလား၊ တာဝတိံသာက နတ်ဆွမ်းလား"လို့ မေးလျှောက် သတဲ့၊ ဘုရားရှင်က "မြောက်ကျွန်းကလည်း မဟုတ်၊ တာဝတိံသာကလည်း မဟုတ်၊ မင်းကြီးရဲ့ နိုင်ငံအတွင်းမှာရှိတဲ့ သူဌေးသောဏရဲ့ ဆွမ်းဖြစ်တယ်" လို့ မိန့်တော်မူတော့ မင်းကြီးဟာ သူဌေးသောဏကို မြင်ချင်ဇောနှင့် ရှစ်သောင်း သော သူကြီးများနှင့်တကွ သောဏသူဌေးကို ခေါ်ယူ ကြည့်ရှုသတဲ့ကွယ်၊ သောဏသူဌေးရဲ့အကြောင်း အကျယ်ဟာ ဝိနည်းမဟာဝါ ဓမ္မက္ခန္ဓ ပါဠိတော် အဋ္ဌကထာမှာ ရှိတယ်ကွယ့်၊ ဤမှတစ်ပါး ဆွမ်းတော်စာစားဖို့ ခွင့်ပြုကြောင်းကို ဓမ္မဒါယာ သုတ်မှာလည်း ဟောထားသေးသကွယ့်"

http://www.dhammadownload.com



"ဘယ်လိုများ ဟောထားပါသလဲ ဘုရား"

"မူလပဏ္ဏာသ ပါဠိတော် မူလပရိယာယဝဂ်မှာ ဓမ္မဒါယာဒသုတ်ဆိုတာ ရှိတယ်၊ သုတ်ရဲ့အစိပ္ပာယ်က ဘုရားရှင်ဟာ ရဟန်းတော်များကို ခေါ်တော်မူပြီး ရဟန်းတို့၊ သင်တို့ဟာ ငါဘုရားရဲ့ တရားအမွေခံများ ဖြစ်ကြ၊ ပစ္စည်းအမွေခံမဖြစ်ကြနှင့်၊ ရဟန်းတို့၊ ငါဘုရားမှာ ဆွမ်းစားပြီးလို့ ပိုလျှံနေတဲ့ဆွမ်းများ ရှိနေသေးတယ်၊ ဒီအချိန်မှာ ဆာလောင်နေကြတဲ့ ရဟန်းနှစ်ပါး ရောက်လာကြတယ်၊ ငါဘုရားဟာ ထိုရဟန်းများကို "ရဟန်းတို့၊ ငါ့မှာ ပိုလျှံနေတဲ့ ဆွမ်းတွေ ရှိတယ်၊ သင်တို့ စားချင်လျှင် စားကြ၊ မစားချင်လျှင် စွန့်ပစ်ကြ"လို့ မိန့်တော်မူလိုက်တယ်၊ ရဟန်းနှစ်ပါးအနက် တစ်ပါးက ဤပိုလျှံတဲ့ဆွမ်းကို ဘုရားရှင် စားခွင့်ပေးတော်မူတယ်၊ သို့သော် အမွေခံနှစ်ပါးအနက် ပစ္စည်းအမွေခံမှုကို ဘုရားရှင် မချီးမွမ်းဘူး၊ တရားအမွေခံမှုကိုသာ ဘုရားရှင် ချီးမွမ်းတော်မူတယ်၊ ဒါကြောင့် ဆာလောင်သော်လည်း အာမိသအမွေဖြစ်တဲ့ ဆွမ်းကို မစားဘဲ ဓမ္မအမွေဖြစ်တဲ့ တရားကိုသာ အားထုတ်မယ်လို့ ဆွမ်းကျန်ကိုမစားဘဲ တရားနှင့် ညဥ့်ကို လွန်စေတယ်၊ ရဟန်းတစ်ပါးကတော့ ပိုလျှံတဲ့ဆွမ်းကို စားသုံးဖို့ ဘုရားရှင် ခွင့်ပြုပြီးသားပဲ၊ ဒါကြောင့် ပိုလျှံတဲ့ဆွမ်းကို အဝစားပြီး ဤညဥ့်နေ့ကို ကုန်လွန်စေတော့မယ်လို့ ဆွမ်းကျန်များကို စားတယ်။

"ရဟန်းတို့၊ ငါဘုရားရဲ့ ပိုလျှံတဲ့ဆွမ်းကျန် စားသောရဟန်းကိုလည်း ငါဘုရား ခွင့်ပြုထားတယ်၊ သို့သော် ဆွမ်းကျန်ကိုမစားဘဲ တရားအားထုတ်တဲ့ ရဟန်းကိုသာ ပူဇော်ထိုက်တယ်၊ ချီးမွမ်းထိုက်တယ်၊ ဘာကြောင့်တုန်းဆိုတော့ ဆွမ်းကျန်မစားဘဲ တရားအားထုတ်တဲ့ ရဟန်းသာ ရှည်မြင့်စွာသော ကာလပတ်လုံး အလိုနည်းရန်၊ ရောင့်ရဲလွယ်ရန်၊ ကိလေသာခေါင်းပါးရန်၊ မွေးမြူလွယ်ရန်၊ လုံ့လစိုက်ထုတ်ရန် ဖြစ်လတ္တံ့သောကြောင့်တည်း"လို့ မိန့်တော်မူတယ်။

ဤဓမ္မဒါယာဒသုတ်တော်အရ ဆွမ်းတော်စာကို ဘုရားရှင် စားခွင့်ပြုပါတယ်၊ သို့သော်လည်း ဆွမ်းတော်စာစားပြီး တရားမေ့နေတာမျိုးတော့ ဘုရားရှင်မကြိုက်ဘူး၊ ဒါကြောင့် ဆွမ်းတော်စာစားပြီးလျှင် တရားတော်လည်း အားထုတ်ရမယ်၊ တရားအားမထုတ်နိုင်လျှင် ဗုဒ္ဓဝေယျာဝစ္စ တစ်ခုခုကိုသော်လည်း ပြုလုပ်ပေးရမယ်၊ စားရုံသာစားပြီး ဘာမျှ မလုပ်ခဲ့လျှင် ဝတ္တရားမကျေဘူး၊ ကြွေးမကျေဘူးလို့ မှတ်သင့်တာပေါ့ကွယ်"

"သာဓု–သာဓု–သာဓု"

http://www.dhamm



# ❑ လူချင်း မတူခြင်း

"ဟောဒီစာကတော့ မန္တလေးမြို့ အနောက်တောင်မြို့နယ် ဓမ္မဗျူဟာ ကိုယ်စားလှယ် ဦးသိန်းတန်က မေးလျှောက်တဲ့စာဖြစ်ပါတယ်၊ ဦးသိန်းတန်က ကမ္ဘာပေါ်ရှိလူတွေဟာ ရုပ်ရည်ရူပကာယ အနေအထားအားဖြင့် လူအချင်းချင်း တူညီကြသော်လည်း မျက်နှာအရည်အသွေး၊ ဟန်အမူအရာကျတော့ တစ်ယောက်နှင့် တစ်ယောက် မတူညီကြပါဘူးတဲ့၊ ဒီလို ဘာကြောင့် ဖြစ်ရတယ် ဆိုတာ သိလိုပါကြောင်း ပထမ လျှောက်ထားပါတယ် ဘုရား"

"ပထမလျှောက်ထားတယ် ဆိုတော့ ဒုတိယလျှောက်ထားတာ ပါသေးသလား"

"ပါပါသေးတယ် ဘုရား၊ ဒုတိယလျှောက်ထားတာက "စက္ခာဒိဒွယံ အသမ္ပတ္တဝသေန"ဆိုတဲ့ သင်္ဂြိုဟ်စကားကို နားရှင်းသွားအောင် သိလိုပါသတဲ့၊ ဒါက ဒုတိယအမေးပါဘုရား၊ ဦးသိန်းဟန်ရဲ့အမေးကတော့ ဒါမျှ ဖြစ်ပါတယ်၊ အဖြေကို အမိန့်ရှိတော်မူပါဦး ဘုရား"

"ဦးသိန်းတန်ရဲ့ အမေးနှစ်ချက်မှာ ပထမအမေးကို ဦးစွာ ဖြေဆိုကြစို့ကွယ့်"

"ဖြေတော်မူပါ ဘုရား"

http://www.dhammadownload.com


"ကမ္မံ သတ္တေ ဝိဘဇတိ"ဆိုတဲ့အတိုင်း သတ္တဝါတွေ အကောင်း၊အဆိုး၊ အနိမ့်၊ အမြင့်ဖြစ်အောင် ဝေဖန်တဲ့တရားက ကံတရားဖြစ်တယ်၊ ကံဆိုတာ စေတနာ စေတသိက်ပဲ၊ စေတနာစေတသိက်ဆိုတာ အလုံးစုံသော စိတ်တို့နှင့် ယှဉ်တဲ့ တရားဖြစ်တယ်၊ သတ္တဝါတို့ရဲ့စိတ်ဟာ မတည်ငြိမ်ဘူး၊ အမြဲ လှုပ်ရှား နေတယ်၊ တစ်ယောက်နှင့် တစ်ယောက်လည်း ဘယ်သောအခါမှ စိတ်ချင်း မတူဘူး၊ စိတ်ချင်းမတူလို့ စေတနာချင်း မတူဘူး၊ စေတနာချင်း မတူလို့ ကံချင်း မတူဘူး၊ ကံချင်းမတူလို့ သတ္တဝါတွေရဲ့ ရုပ်အဆင်းသဏ္ဍာန်ချင်းလည်း မတူကြဘူးကွယ့်၊ ကံအကြောင်းနှင့် ပတ်သက်ပြီး ဥပရိပဏ္ဏာသ ပါဠိတော် ကလာတဲ့ စူဠကမ္မဝိဘင်္ဂသုတ်ကို အကျဉ်းချုပ် ပြောပြဦးမယ်"

"မိန့်တော်မူပါ ဘုရား"

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ကိန်းအောင်းစံပျော် တော်မူစဉ်ကာလက တောဒေယျပုဏ္ဏားရဲ့ သားဖြစ်တဲ့ သုဘလုလင်ဟာ ဘုရားရှင်ထံ ချဉ်းကပ်ပြီး ပြဿနာတွေကို လျှောက်ထားတယ်၊ "အရှင်ဂေါတမ– လူတွေမှာ လူအချင်းချင်း ဖြစ်ပါကုန်လျက်–

(၁) အချို့က မြတ်တယ်၊ အချို့က ယုတ်တယ်၊
(၂) အချို့က အသက်တိုတယ်၊ အချို့က အသက်ရှည်တယ်၊
(၃) အချို့က အနာရောဂါပေါများကြတယ်၊ အချို့က အနာရောဂါ ကင်းကြတယ်၊
(၄) အချို့က အဆင်းမလှဘူး၊ အချို့က အဆင်းလှတယ်၊
(၅) အချို့က အခြံအရံမရှိဘူး၊ အချို့က အခြံအရံပေါများကြတယ်၊
(၆) အချို့က ပစ္စည်းဥစ္စာမရှိဘူး၊ အချို့က ပစ္စည်းဥစ္စာပေါတယ်၊
(၇) အချို့က အမျိုးယုတ်တယ်၊ အချို့က အမျိုးမြတ်တယ်၊
(၈) အချို့က ပညာမရှိဘူး၊ အချို့က ပညာရှိတယ်။

အရှင်ဂေါတမ– လူတွေမှာ လူအချင်းချင်း ဖြစ်ပါကုန်လျက် အဘယ် ကြောင့် ဒီလိုကွဲပြားရပါသလဲ၊ ကွဲပြားရခြင်းရဲ့ အကြောင်းရင်း အထောက်အပံ့ က အဘယ်ပါလဲ"လို့ မေးလျှောက်တယ်၊ ဒီအခါ ဘုရားရှင်က "လုလင်– သတ္တဝါတွေမှာ ကံသာလျှင် မိမိဥစ္စာရှိကြတယ်၊ ကံရဲ့အမွေခံများ ဖြစ်ကြ

http://www.dhammadownload.com



တယ်၊ ကံသာလျှင် မှီခိုစရာရှိတယ်၊ အယုတ်၊ အမြတ်ဖြစ်ခြင်းငှာ သတ္တဝါတို့ကို ကံတရားက ဝေဖန်တယ်၊ ဘယ်လို ဝေဖန်သလဲဆိုတော့–

(၁) အချို့သောသူဟာ သူ့အသက်ကို သတ်လေ့ရှိတယ်၊ ကြမ်းကြုတ်ရက်စက်တယ်၊ သွေးစွန်းတဲ့လက်ရှိတယ်၊ သတ်ပုတ် ညှဉ်းဆဲမှုမှာ စိတ်ဝင်စားတယ်၊ သူတစ်ပါးကို မသနားဘူး၊ အဲဒီလို ရက်စက် ယုတ်မာသူဟာ သေပြီးတဲ့နောက် ငရဲကို ရောက်တယ်၊ လူ့ဖြစ်လာပြန်လျှင် အသက်တိုတယ်၊ အနာရောဂါများတယ်။

(၂) သူ့အသက်မသတ်သူ၊ သူတစ်ပါးကို သနားတတ်သူကတော့ သေလျှင် နတ်ပြည်မှာဖြစ်ရတတ်တယ်၊ လူဖြစ်ပြန်လျှင်လည်း အသက်ရှည်တယ်၊ အနာရောဂါ ကင်းတယ်။

(၃) အချို့သောသူဟာ အမျက်ဒေါသကြီးတယ်၊ ကြမ်းတမ်းတဲ့စကားကို ဆိုတတ်တယ်၊ အဲဒီလူဟာ သေလျှင် ငရဲကျတတ်တယ်၊ လူဖြစ်ခဲ့လျှင် အရုပ်ဆိုးသူဖြစ်တတ်တယ်။

(၄) အချို့သောသူဟာ အမျက်မထွက်တတ်ဘူး၊ သူတစ်ပါးကို ချစ်ခင်ကြင်နာတတ်တယ်၊ ထိုသူသေလျှင် နတ်ပြည်မှာ ဖြစ်ရတတ်တယ်၊ လူဖြစ်ပြန်လျှင်လည်း လှပသောအဆင်း ရှိတတ်တယ်။

(၅) အချို့သောသူဟာ ငြူစူတတ်တယ်၊ သူတစ်ပါး ပစ္စည်းချမ်းသာလျှင် မနာလိုတတ်ဘူး၊ သူတစ်ပါး ထင်ပေါ်ကျော်ကြားလျှင် မကျေနပ်ဘူး၊ ထိုသူသေလျှင် ငရဲကျတတ်တယ်၊ လူဖြစ်ခဲ့ပြန်လျှင် အခြံအရံနည်းတတ်တယ်၊ သူတစ်ပါးမုန်းတတ်တယ်၊ လာဘ်လာဘ နည်းတတ်တယ်။

(၆) အချို့သောသူဟာ ငြူစူတဲ့စိတ် မရှိဘူး၊ သူတစ်ပါးပစ္စည်းရလျှင်၊ ထင်ပေါ်ကျော်ကြားလျှင် ဝမ်းမြောက်တတ်တယ်၊ ထိုသူသေလျှင် နတ်ပြည် ရောက်တတ်တယ်၊ လူဖြစ်ခဲ့လျှင် အခြံအရံပေါများတယ်၊ ပစ္စည်းဥစ္စာ ပေါများတတ်တယ်၊ သူတစ်ပါး ချစ်ခင်သူဖြစ်တတ်တယ်။

(၇) အချို့သောသူဟာ မိမိပစ္စည်းကို သူတစ်ပါးမပေးလှူဘူး၊ ကပ်စေး

http://www.dhammadownload.com



နည်းတတ်တယ်၊ အလွန် လျှို့ဝှက်တတ်တယ်၊ ထိုသူသေလျှင် ငရဲကျတတ်တယ်၊ လူဖြစ်ပြန်လျှင် စည်းစိမ်ဥစ္စာ နည်းတတ်တယ်။

(၈) အချို့သောသူဟာ မိမိပစ္စည်းကို သူတစ်ပါး ပေးလှူတတ်တယ်၊ အလှူရဲ့အကျိုးကိုသိတယ်၊ ထိုသူသေလျှင် နတ်ဖြစ်တတ်တယ်၊ လူဖြစ်ပြန်လျှင် စည်းစိမ်ဥစ္စာ ပေါများချမ်းသာတတ်တယ်။

(၉) အချို့သောသူဟာ ခက်ထန်တယ်၊ မာနကြီးတယ်၊ အရိုအသေ ပေးထိုက်သူကို မပေးဘူး၊ အလေးပြုထိုက်သူကို မပြုဘူး၊ မြတ်နိုးထိုက်သူကို မမြတ်နိုးဘူး၊ ပူဇော်ထိုက်သူကို မပူဇော်ဘူး၊ ထိုသူသေလျှင် ငရဲကျတတ်တယ်၊ လူဖြစ်ခဲ့လျှင် အမျိုးယုတ်မှာ ဖြစ်ရတတ်တယ်။

(၁၀) အချို့သောသူဟာ မာနမရှိဘူး၊ မခက်ထန်ဘူး၊ ရိုသေထိုက်သူကို ရိုသေတယ်၊ ပူဇော်ထိုက်သူကို ပူဇော်တယ်၊ ထိုသူသေလျှင် နတ်ဖြစ်တတ်တယ်၊ လူဖြစ်ခဲ့လျှင် မြင့်မြတ်သောအမျိုးမှာ ဖြစ်ရတတ်တယ်။

(၁၁) အချို့သောသူဟာ ဗဟုသုတ မလိုလားဘူး၊ ပညာရှိထံ ချဉ်းကပ်မေးမြန်းခြင်း မပြုဘူး၊ ထိုသူသေလျှင် ငရဲကျတတ်တယ်၊ လူဖြစ်ခဲ့ပြန်လျှင် ပညာမရှိသော ပညာမဲ့သူသာ ဖြစ်တတ်တယ်။

(၁၂) အချို့သောသူဟာ ဗဟုသုတလိုလားတတ်တယ်၊ ပညာရှိထံ ချဉ်းကပ်မေးမြန်းတယ်၊ ထိုသူသေလျှင် နတ်ဖြစ်တတ်တယ်၊ လူဖြစ်ခဲ့လျှင် ပညာကြီးသူဖြစ်တတ်တယ်။

လုလင်–ဤသို့လျှင် အသက်တိုခြင်း၊ ရှည်ခြင်း၊ အနာရောဂါကင်းခြင်း၊ မကင်းခြင်း၊ အဆင်းလှခြင်း၊ မလှခြင်း၊ အခြံအရံရှိခြင်း၊ မရှိခြင်း၊ ဥစ္စာရှိခြင်း မရှိခြင်း၊ အမျိုးမြတ်ခြင်း၊ မမြတ်ခြင်း၊ ပညာရှိခြင်း၊ မရှိခြင်းတို့ဟာ ကံဝေဖန်သလို ဖြစ်ကြရတယ်။

လုလင်–သတ္တဝါတို့ဟာ ကံသာလျှင် မိမိဥစ္စာရှိကြတယ်၊ ကံသာလျှင် အမွေခံဖြစ်ကြတယ်၊ ကံသာလျှင် အကြောင်းခံတယ်၊ ကံသာလျှင် ဆွေမျိုးရှိတယ် ကံသာလျှင် မှီခိုရာရှိတယ်၊ သတ္တဝါတို့ အယုတ်အမြတ်စသည်ဖြစ်အောင်

http://www.dhammadownload.com



ကံကဝေဖန်တယ်”လို့ ဟောတော်မူသတဲ့ကွယ့်၊ တောဒေယျရဲ့သား သုဘလုလင်ဟာ ဒီဒေသနာတော်ကို နာရလို့ ဝမ်းမြောက်ဝမ်းသာစွာ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူတယ်လို့ စူဠကမ္မဝိဘင်္ဂသုတ်မှာ ဟော်တော်မူတယ်၊ ဒါကြောင့် လူတွေ တစ်ဦးနှင့်တစ်ဦး မတူခြင်းဟာ ကံအတိုင်း ဖြစ်ကြရခြင်းဖြစ်ပါတယ်လို့ အဖြေပေးလိုက်ပါတယ်ကွယ်”

“သာဓု-သာဓု-သာဓု”



http://www.dhammadownload.com



## ❑ ရဟန္တာဓာတ်တော်

“ဟောဒီစာက ဟုမ္မလင်းမြို့ ဈေးတန်းရပ် ကျောင်းဒကာ ဦးအုန်းဖေထံက မေးလျှောက်တဲ့စာ ဖြစ်ပါတယ်ဘုရား”

“ဆိုစမ်းပါဦး၊ ဦးအုန်းဖေက ဘာတွေများ မေးလျှောက်သလဲကွယ့်”

“ဦးအုန်းဖေက ရဟန္တာမထေရ်မြတ်များ ခန္ဓာဝန်ချတဲ့အခါ ပုဂ္ဂိုလ်တိုင်း ဓာတ်တော် ကျ–မကျ သိလိုပါတယ်လို့ လျှောက်ထားခြင်းပါ ဘုရား”

“ဦးအုန်းဖေ မေးလျှောက်တာနှင့် ပတ်သက်ပြီး ဓာတ်တော်ဆိုတဲ့ စကားကို ဦးဇွာ ပြောပြချင်တယ်ကွယ့်”

“မှန်ပါ–အမိန့်ရှိပါ ဘုရား”

“ဓာတ်တော်ဆိုတာ ဓာတုပုဒ်ကို မြန်မာပြန်ဆိုခြင်း ဖြစ်တယ်၊ ဓာတုပုဒ်က ဘာအနက်ဟောသလဲ၊ ပဏ္ဍာကေဋ္ဌိ အဋ္ဌိဓာတုဝိုဟ္ဌိ–ဆိုတဲ့ မဂဓအဘိဓာန် ၂၇၈–အရ အဋ္ဌိသဒ္ဒါ၊ ဓာတုသဒ္ဒါတို့ဟာ အရိုးဟူသောအနက်ကိုဟောတယ်၊ အရိုးဟောခြင်းတူသော်လည်း အဋ္ဌိသဒ္ဒါက နပုလ္လိင်၊ ဓာတုသဒ္ဒါက ဣတ္ထိလိင်လို့ ဆိုတယ်၊ ဒီတော့ ဓာတ်တော်ဆိုတာ အမှန်ကတော့ အရိုးပါပဲ၊ အရိုးရှိတဲ့သတ္တဝါ မှန်သမျှ ကွယ်လွန်ပြီးသည့်နောက် အသား၊ အသွေး၊ အရေအားလုံး ခန်းခြောက်ပျက်စီးပြီး နောက်ဆုံး အရိုးကျန်မှာချည်းပါပဲ၊ သို့သော် ဦးအုန်းဖေမေးမြန်း

http://www.dhammadownload.com



တဲ့ ဓာတ်တော်ဆိုတာ ဤပကတိသောအရိုးကို ဆိုလိုတာမဟုတ်ပါဘူး၊ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်တော်မူပြီးတဲ့နောက် အရွယ်သုံးပါး၊ အရောင်သုံးပါး၊ အချင်းပမာဏအားဖြင့် ရှစ်စရွတ်ခန့် လောက်သော ဓာတ်တော်များလို ရဟန္တာများ ခန္ဓာတော်က ဓာတ်တော် ကျ–မကျ မေးလျှောက်ခြင်း ဖြစ်ပါလိမ့်မယ်၊ ဟုတ်တယ် မဟုတ်လားကွယ့်"

"ဟုတ်ပါလိမ့်မယ် ဘုရား"

"ရဟန္တာရဲ့ ခန္ဓာတော်က ဘုရားရှင်ရဲ့ခန္ဓာတော်ကလို ဓာတ်တော်ကျ–မကျနဲ့ ပတ်သက်ပြီး ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူခန်းကို ပြန်ကြည့်သင့်သေးတယ်ကွယ့်၊ အဲသလို ပြန်ကြည့်ခဲ့လျှင်–

ဇိနတ္ထပကာသနီကျမ်းမှာ ဆိုထားတာက "ရှေးရှေးသော ဘုရားတို့ကား မပြိုမကွဲတစ်ခဲနက်ပင် တည်လေကုန်သည်၊ ငါတို့ဘုရားမှာကား သက်တော်တိုသောအခါဖြစ်၍ သာသနာတော် ပြန့်ပွားသဖြင့် လူတို့အကျိုးစီးပွားများစိမ့်သောငှာ ပတ္ထနာတော် အာနုဘော်တော်ကြောင့် စွယ်တော် လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော်တစ်ဆူ ဤခုနစ်ဆူသော ဓာတ်တော်တို့သည် မပြိုမကွဲတည်ကုန်သည်ဖြစ်၍ အသမ္ဘိန္နဓာတ်မည်၏၊ ကြွင်းသော ကိုယ်တော်မှာ အကြီးပဲနောက်ပမာဏ၊ အလတ်ဆန်ကျိုးပမာဏ၊ အငယ် မုန့်ညင်းစေ့ပမာဏဖြင့် စိပ်ဖြာလျက် တည်ကုန်သည်ဖြစ်၍ သမ္ဘိန္နဓာတ် မည်ကုန်သည်ဟု ဆိုကုန်၏"ဟု ဖွင့်ပြထားတယ်၊ ဒီအဖွင့်မှာ ငုပ်နေတဲ့ စကားအချို့ကို ပြောပြဦးမယ်ကွယ့်"

"မိန့်တော်မူပါ ဘုရား"

"သောတတ္ထကီကျမ်း စာမျက်နှာ ၄–မှာ–စတုဝီသတိ အသင်္ချေယျ၊ သဋ္ဌိယော စေဝ ကောဋိယော။ ပါဏာနိ သတသဟဿာနိ၊ ဧကော ဗုဒ္ဓေါ ပမောစယိ–လို့ ပြထားတာရှိတယ်၊ မြန်မာလိုအဓိပ္ပာယ်ကတော့ တစ်ဆူသော ဘုရားရှင်ဟာ ၂၄–အသင်္ချေ၊ ကုဋေခြောက်ဆယ်၊ ဗိုလ်ခြေတစ်သိန်းတို့ကို ကယ်တင် ချွတ်ရမည့်တာဝန် ရှိသတဲ့ကွယ့်၊ သက်တော်ရှည်တဲ့ ဘုရားရှင်များကတော့ ခန္ဓပရိနိဗ္ဗာန်မစံမီ ဤမျှလောက်သော ဝေနေယျတို့ကို ချွတ်ပြီးဖြစ်လို့ တာဝန်ကျေသွားကြပါပြီ၊ ဒါကြောင့် ပရိနိဗ္ဗာန် ဝင်စံတော်မူတဲ့အခါ

http://www.dhammadownload.com



ဓာတ်တော်များကို မထားခဲ့တော့ဘဲ မပြိုမကွဲ တစ်ခဲနက်သော အရိုးဓာတ်တော် တစ်ဆူတည်းသာ ကျန်တယ်တဲ့၊ ငါတို့ ဘုရားရှင်ကတော့ သက်တော်တိုတဲ့ အခါမှာ ဖြစ်လို့ ၂၄–အသင်္ချေ၊ ကုဋေခြောက်ဆယ်၊ ဗိုလ်ခြေတစ်သိန်းအနက်က ၂၄–အသင်္ချေမျှလောက်သော ဝေနေယျတို့ကိုသာ ချွတ်တော်မူနိုင်တယ်၊ ကုဋေခြောက်ဆယ်၊ ဗိုလ်ခြေတစ်သိန်းကျန်ရစ်တယ်၊ အဲဒီဝေနေယျကျန်များ အတွက် အဓိဋ္ဌာန်တော်မူခဲ့လို့ ရှစ်စရွတ်မျှလောက်သော ဓာတ်တော်များ ကျန်ရစ်တယ်လို့ စကားအငုပ်ကျန်နေတယ်၊ အဲဒီစကားအငုပ်အရ ဘုရားရှင်ရဲ့ ဓာတ်တော်က အလိုအလျောက် ကျန်တာမဟုတ်ဘူး၊ အဓိဋ္ဌာန်တော်ကြောင့် ကျန်တယ်လို့ မှတ်ယူသင့်တယ်၊ ဘုရားရှင်ရဲ့အဓိဋ္ဌာန်တော်ကြောင့် ခန္ဓာတော် ဟာ ဓာတ်တော်များအဖြစ် ကျန်သလို ရဟန္တာများလည်း အဓိဋ္ဌာန်လျှင် ဓာတ်တော်ကျန်ပါတယ်၊ ဒီအကြောင်းကို ဓမ္မပဒ၊ ဋ္ဌ(ပ) ၃၄၂–၃၄၃–မှာ အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံဝင်ခန်းကို ပြဆိုဦးမယ်ကွယ့်"

"မိန့်တော်မူပါဘုရား"

"အရှင်အာနန္ဒာဟာ သက်တော် ၁၂၀–ရှိတဲ့အခါ မိမိရဲ့အာယုသင်္ခါရကို ကြည့်တော့ အသက်တမ်းကုန်ပြီဆိုတာ သိသတဲ့၊ ဒါကြောင့် ဒါယကာများကို ခုနစ်ရက်မြောက်မှာ ပရိနိဗ္ဗာန်ပြုမယ်လို့ မိန့်တော်မူတယ်၊ သူ့ရဲ့ဒကာများက ရောဟိနီမြစ်ရဲ့ဟိုဘက်ကမ်း သည်ဘက်ကမ်းမှာရှိနေကြတယ်၊ မထေရ်မြတ် ပရိနိဗ္ဗာန်စံမယ်လို့ မိန့်တော်မူတော့ နှစ်ဖက်သော ဒကာများက သူတို့ဘက် မှာ ပရိနိဗ္ဗာန်ပြုမှာပဲလို့ထင်နေကြတယ်၊ မထေရ်ဟာ ဒီအကြောင်း သိတော် မူတော့ မြစ်ကမ်းနှစ်ဖက်က ဒါယကာအားလုံး ငါ့အပေါ်မှာ ကျေးဇူးများကြ တယ်၊ ဒါကြောင့် တစ်ဖက်မှာ ပရိနိဗ္ဗာန်မပြုဘဲ အညီအမျှဖြစ်အောင် ကောင်း ကင်မှာ ပရိနိဗ္ဗာန်ပြုမယ်လို့ ခုနစ်ရက်မြောက်တဲ့နေ့ မြစ်ရဲ့အထက် ထန်း ခုနစ်ဆင့်တိုင်အောင် ကောင်းကင်မှာ တင်ပျဉ်ခွေပြီး ရှေးဦးစွာ ဒါယကာများကို တရားဟောတယ်၊ တရားဟောအပြီးမှာ ငါ့ရဲ့ခန္ဓာဟာ အလယ်ကပြတ်ပြီး တစ်ဖက်ကို ဤမှာဘက်၊ တစ်ဖက်ကို ဟိုမှာဘက် ကျပါစေလို့ အဓိဋ္ဌာန်ပြုပြီး တေဇောကသိုဏ်း ဝင်စားတော်မူလိုက်တယ်၊ အဲဒီအခါမှာ ခန္ဓာတော်က

http://www.dhammadownload.com



မီးအလျှံထွက်ပြီး ဓာတ်တော်များ ဟိုဘက်ကမ်း သည်ဘက်ကမ်း အညီအမျှ ကျသတဲ့၊ ဒါကြောင့် ရဟန္တာများ အဓိဋ္ဌာန်တော်မူလျှင် ခန္ဓာကိုယ်က ဓာတ်တော်များကျတယ်၊ အကယ်၍ ခန္ဓာကိုယ်က ဓာတ်တော် မကျစေချင်လည်း ဓာတ်တော် မကျပါဘူး၊ ဒီအကြောင်းနှင့်စပ်ပြီး အရှင်ဒဗ္ဗ ပရိနိဗ္ဗာန်စံဝင်ပုံ ပြောပြဦးမယ်"

"မိန့်တော်မူပါ ဘုရား"

"မလ္လာမင်းရဲ့သားတော် အရှင်ဒဗ္ဗ ပရိနိဗ္ဗာန် စံလွန်ချိန်နီးတော့ ဘုရားရှင် သီတင်းသုံးရာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်ကို သွားပြီး "မြတ်စွာ ဘုရား– ယခုအခါ တပည့်တော် ပရိနိဗ္ဗာန်ပြုရန် အခါဖြစ်ပါတယ်"လို့ လျှောက်ထားတယ်၊ ဘုရားရှင်က "ဒဗ္ဗ–ယခုအခါ သင်သည်ပင် ပရိနိဗ္ဗာန်ပြုရန် အခါကိုသိတယ်"လို့ မိန့်တော်မူသတဲ့၊ အဲဒီနောက် အရှင်ဒဗ္ဗဟာ ဘုရားရှင် ကို ရိုသေစွာရှိခိုးပြီး ကောင်းကင်ကို ပြန်တက်တယ်၊ ကောင်းကင်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီး တေဇောဓာတ်ဝင်စားတယ်၊ တေဇောဓာတ် သမာပတ်က ထတဲ့အခါ ပရိနိဗ္ဗာန် ပြုတော်မူသတဲ့၊ အဲဒီ ပရိနိဗ္ဗာန်ပြုတဲ့အခါ အရှင်ဒဗ္ဗရဲ့ သွားတော်က ပြာလည်းမကျဘူး၊ မီးသွေးလည်း မကျဘူး၊ ထောပတ် မီးလောင်သလို အကြွင်းမဲ့ လောင်ကျွမ်းသွားသတဲ့။

ဒီအကြောင်းကို သိလို့ ဘုရားရှင်က "ဒဗ္ဗ၏ကိုယ်သည် အကြွင်းမရှိ ပျောက်ကွယ်ပြီ၊ ရူပသညာစသော သညာတို့သည် ချုပ်ကုန်ပြီ၊ ဝေဒနာ၊ သင်္ခါရ၊ ဝိညာဉ်တို့သည် ချုပ်ငြိမ်း ပြတ်စဲကုန်ပြီ"လို့ ဥဒါန်းကျူးရင့်တော်မူသတဲ့၊ (ဥဒါနပါဠိ–ပါဋလိ ဂါမိယဝဂ်) ဒါကြောင့် ရဟန္တာများရဲ့ အလိုတော်အတိုင်း ဓာတ်တော်ကြွင်းစေလိုလျှင် ကြွင်းတယ်၊ အကြွင်းမဲ့ ချုပ်ငြိမ်းစေလိုလျှင် ချုပ်ငြိမ်းတယ်၊ ဒါမှမဟုတ် ဘယ်လိုမှ အဓိဋ္ဌာန်တော် မမူခဲ့လျှင် ပကတိသောလူများ လို အရိုးသာကျန်တယ်၊ သို့သော်လည်း ရဟန္တာများရဲ့အရိုးက ပကတိသော လူသားများရဲ့အရိုးလို မညစ်ပတ်ဘူး၊ မြတ်လေးငုံအဆင်းသဏ္ဌာန် ကျန်ရစ်သတဲ့၊ ဒီအကြောင်းကို အဋ္ဌကထာ ဗာကုလသုတ္တဝဏ္ဏနာအဆုံး (၁၄၀)မှာ–

"ဆဝိမံသလောဟိတံ သပ္ပိဝိယ ဈာယမာနံ ပရိက္ခယံ ဂတံ၊ သုမနမကုလသဒိသာ ဓာတုယောဝ အဝသေသိံသု"လို့ဖွင့်ပြထားတယ်ကွယ့်"

http://www.dhammadownload.com


"မှန်ပါ–အဲဒီပါဠိရဲ့အဓိပ္ပာယ်ကိုလဲ မိန့်တော်မူပါဦး ဘုရား"

"အဲဒီပါဠိရဲ့အဓိပ္ပာယ်က ဒီလိုတဲ့ကွယ့်၊ အရှင်ဗာကုလမထေရ်ဟာ သက်တော် ၁၆၀–သိက္ခာတော် ၈၀–ပြည့်တဲ့အခါ တစ်စုံတစ်ရာ ရောဂါဝေဒနာ ကပ်ရောက်ခြင်းမရှိဘဲ ရဟန်းတော်များအလယ်မှာ ထိုင်တော်မူရင်း ယခု ငါ့ရဲ့သက်တမ်းဟာကုန်ပြီ၊ ငါဟာ အသက်ရှင်စဉ် ကာလကလည်း ငါ့အတွက် သူတစ်ပါးကို တာဝန်မပေးခဲ့ဘူး၊ ငါ ပရိနိဗ္ဗာန် စံဝင်တဲ့အခါမှာလည်း ငါ့ရုပ်ကြွင်းကို အကြောင်းပြုပြီး အများ ကြောင့်ကြ မဖြစ်ကြပါစေနှင့်လို့ တေဇောဓာတ်ကို ဝင်စားပြီး ပရိနိဗ္ဗာန် စံတော်မူသတဲ့၊ ပရိနိဗ္ဗာန်စံဝင်တဲ့အခါ ကိုယ်က မီးထွက်ပြီး အရေ အသား အသွေးအားလုံး ထောပတ် မီးလောင်သလို မီးလောင်လို့ ကုန်သွားသတဲ့၊ အရိုးဓာတ်တော်တွေသာ မြတ်လေးငုံအဆင်း ကျန်ရစ်တယ် လို့ ဆိုလိုတယ်ကွယ့်"

"အရှင်ဗာကုလရဲ့ မြတ်လေးငုံအဆင်း ဓာတ်တော်များသာ ကျန်ရစ်တယ် ဆိုတဲ့စကားမှာ (ဓာတုယောဝ)ဆိုတဲ့ပုဒ်ဟာ အရိုးသာမညကို မကောက်ယူဘဲ ဘုရားရှင်ရဲ့ ဓာတ်တော်များလို၊ အစွယ်သုံးပါးရှိတဲ့ ဓာတ်တော်များလို ကောက်ယူလို့ မဖြစ်ဘူးလားဘုရား"

"ဓာတုယောဝလို့ သာမည ဖွင့်ထားခဲ့တော့ အစွယ်သုံးပါးဓာတ်တော် ရော၊ အရိုးရော ကောက်ယူနိုင်ပါတယ်၊ သို့သော်လည်း ဘုရားရှင်လို အစွယ် သုံးပါး ဓာတ်တော်ဖြစ်တယ်ဆိုလျှင် အရေ အသား အသွေးအားလုံး ဓာတ်တော် ဖြစ်ရမှာပေါ့၊ အခုတော့ အရေ အသား အသွေးအားလုံး ထောပတ် မီးလောင်သလို ပျောက်သွားပြီး ဓာတုမျှသာ ကျန်တယ်ဆိုတာကို ထောက်ဆပြီး အဲဒီဓာတု ဟာ အစွယ်သုံးပါး ဓာတ်တော်မဟုတ်၊ သာမည အရိုးလို့ပဲ ကောက်သင့်တာ ပေါ့ကွယ်"

"မှန်ပါ ဘုရား"

"အေး–ဒီထက် ထင်ရှားတဲ့ ဥပမာတစ်ခု ထပ်ပြောပါဦးမယ်၊ ယခု ဂေါတမဘုရား သန္ဓေယူခါနီး နောက်ဆုံး သစ္စာသိသွားတဲ့ မာတင်္ဂရှင်ပစ္စေက ဗုဒ္ဓါဟာ ရာဇဂြိုဟ်ပြည်မှာ ဆွမ်းခံတော်မူနေတုန်း ဂေါတမဘုရားအလောင်း တော်ဟာ မယ်တော်မာယာ ဝမ်းကြာတိုက်မှာ သန္ဓေတော်တည်သတဲ့၊ ဒီအခါ

http://www.dhammadownload.com



နတ်ဗြဟ္မာအပေါင်းတို့က ဘုရားအလောင်းတော်ကို ပူဇော်ဖို့ လာကြစဉ် မာတင်္ဂရှင်ပစ္စေကဗုဒ္ဓါနှင့် တွေ့ကြတော့–

"အရှင်ဘုရား–ဤလောက၌ ဘုရားအလောင်းတော် သန္ဓေတည်နေပါပြီ" လို့ လျှောက်ထားသတဲ့။

မာတင်္ဂရှင်ပစ္စေကဗုဒ္ဓါဟာ နတ်ဗြဟ္မာများ လျှောက်ထားသံကို ကြားရတော့ လောကမှာ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာတော်မှာ ရှင်ပစ္စေကဗုဒ္ဓါဆိုတာ မရှိစကောင်းဘူး၊ ငါရဲ့အာယုသင်္ခါရ ဘယ်လိုလဲလို့ကြည့်လိုက်တော့ အသက်တမ်း ကုန်ဆုံးနေတာမြင်တယ်၊ ဒါကြောင့် ရှင်ပစ္စေကဗုဒ္ဓါများ ခန္ဓာတော်ချရာ မဟာပါပတတောင် ကြွတော်မူတယ်၊ မဟာပါပတတောင်ရောက်တော့ ရှေးက ခန္ဓာတော်ချသွားကြတဲ့ ရှင်ပစ္စေကဗုဒ္ဓါတို့ရဲ့ အရိုးစုများကို ချောက်ကမ်းပါး အောက်ပစ်ချပြီး ကျောက်ဖျာအပြင်မှာ ထိုင်နေတော်မူကာ–

"ငါသည် ရာဂ၊ဒေါသ၊မောဟတရားများကိုပယ်စွန့်သကဲ့သို့ သံယောဇဉ်တရားများကိုလည်း ဖျက်ဆီးကာ ခန္ဓာကမ္မဇရုပ် အကြွင်းမရှိသောချုပ်ငြိမ်းခြင်းဖြင့် ချုပ်ငြိမ်းရပေတော့မည်၊ ငါကဲ့သို့ ဖြစ်လိုသောသူသည် တစ်ချောင်းတည်းသော ကြံ့ချိုနှင့်တူစွာ တစ်ဦးတည်း ကျင့်ရမည်" လို့ ရွတ်ဆိုတော် မူပြီး ပရိနိဗ္ဗာန်စံဝင်တော်မူသတဲ့။

ခဂ္ဂဝိသာဏသုတ်ကလာတဲ့ ရှင်ပစ္စေကဗုဒ္ဓါဆိုတာဟာ သာသနာတော်တွင်းမှာဆိုလျှင် ရဟန္တာပဲ၊ သုတ္တနိပါတ် ခဂ္ဂဝိသာဏသုတ် အဋ္ဌကထာတွင် ရှင်ပစ္စေကဗုဒ္ဓါများရဲ့ **အရိုးကြွင်းများကို**–

"ပုဗ္ဗေ စလို့ပင် သာမည **ဖွင့်ပြ**ထားပါတယ်၊ ဓာတ်တော်အဖြစ်နှင့် ဖွင့်ပြမထားဘူး၊ ဒါကြောင့် ရဟန္တာပရိနိဗ္ဗာန်ဝင်စံလျှင် အဓိဋ္ဌာန်အလျောက် ဓာတ်တော်လည်း ဖြစ်နိုင်တယ်၊ လုံးဝလောင်ကျွမ်းလို့လည်း သွားနိုင်တယ်၊ သာမညပုဂ္ဂိုလ်များလို အရိုးစုလည်း ကြွင်းနိုင်တယ်လို့ မှတ်သင့်တာပေါ့ကွယ်"

"သာဓု–သာဓု–သာဓု"

http://www.dhammadownload.com



## ❑ အသမ္ဘိန္နရုပ်

“ဒုတိယအမေးက အသမ္ဘိန္နရုပ်ကိုမေးထားခြင်းဖြစ်တယ်၊ သင်္ဂြိုဟ်ကျမ်းရုပ်ပိုင်း၊ ရူပဝိဘာဂမှာ“စက္ခာဒိဒွယံ အသမ္ဘိန္နဝသေန၊ ဃာနာဒိတ္တယံ သမ္ဘိန္နဝသေနာတိ ပဉ္စဝိဓမ္ပိ ဂေါစရဂ္ဂါဟိကရူပံ” လို့ ပြထားတယ်၊ ရုပ် ၂၈-ပါး၌အာရုံကိုယူတတ်တဲ့ရုပ်က ငါးပါးရှိတယ်တဲ့၊ အာရုံကို မယူတတ်တဲ့ ရုပ် က၂၃-ပါးရှိတယ်တဲ့၊ အာရုံဆိုတာ ရူပါရုံ(အဆင်း)၊ သဒ္ဒါရုံ(အသံ)၊ ဂန္ဓာရုံ(အနံ့)၊ရသာရုံ(အရသာ)၊ ဖောဋ္ဌဗ္ဗာရုံ(အတွေ့အထိ) ဒီငါးပါးကို အာရုံလို့ခေါ်တယ်။

ဒီအာရုံငါးပါးကို ယူတတ်တဲ့ရုပ်က စက္ခု(မျက်စိအကြည်)၊ သောတ(နားအကြည်)၊ ဃာန(နှာခေါင်းအကြည်)၊ဇိဝှာ(လျှာအကြည်)၊ ကာယ(ကိုယ်အကြည်) ဒီရုပ်ငါးပါးက အာရုံကိုယူတတ်တဲ့အတွက် (ဂေါစရဂ္ဂါဟိကရုပ်) လို့ခေါ်သတဲ့၊ အာရုံယူကြရာမှာလည်း စက္ခု(မျက်စိအကြည်)၊ သောတ(နားအကြည်) ဒီရုပ်နှစ်ပါးက အာရုံ မိမိထံမရောက်မီ ဖမ်းယူတတ်လို့ အသမ္ဘိန္နရုပ် ခေါ်သတဲ့၊ ကျန်တဲ့ ဃာန, ဇိဝှာ, ကာယ ရုပ်သုံးပါးတို့ကို မိမိထံ အာရုံရောက်လာမှ ဖမ်းယူတတ်လို့ သမ္ဘိန္နရုပ်လို့ခေါ်သတဲ့၊ ဒီ ဂေါစရဂ္ဂါဟိကရုပ် ငါးပါး အနက် သမ္ဘိန္နရုပ် သုံးပါးတို့က သိလွယ်တဲ့ အနက်အဓိပ္ပာယ်ရှိတယ်၊

http://www.dhammadownload.com



နှာခေါင်းခေါ်တဲ့ ဃာနပသာဒမှာ ဂန္ဓာရုံခေါ်တဲ့ အနံ့ လာရောက်ထိခဲ့လျှင် နှာခေါင်းက ဂန္ဓာရုံကိုသိတယ်၊ လျှာခေါ်တဲ့ ဇိဝှာပသာဒမှာ ချို၊ချဉ်၊ဖန်၊ခါး ဆိုတဲ့အရသာ ထိလာလျှင် လျှာက အရသာကိုသိတယ်၊ ကိုယ်ခေါ်တဲ့ ကာယပသာဒမှာ ဖောဋ္ဌဗ္ဗာရုံခေါ်တဲ့-အတွေ့အထိရှိခဲ့လျှင် ကိုယ်ကသိတယ်၊ ဒီရုပ်သုံးပါးဟာ အာရုံရောက်လာမှ အာရုံကို ဖမ်းယူပြီး သိတတ်တယ်၊ အာရုံရောက်မလာလျှင် မသိတတ်ဘူး၊ ဒါကြောင့် ဒီရုပ်သုံးပါးကို သမ္ပတ္တရုပ်လို့ခေါ်တယ်။

မျက်စိနှင့်နားကတော့ ဒီလိုမဟုတ်ဘူး၊ အာရုံနှင့် ရှေးက ရှုခဲ့လျှင် အာရုံမရောက်သော်လည်း အာရုံကို ဖမ်းယူပြီး သိနိုင်တယ်၊ ဒါကြောင့်စက္ခုနှင့် သောတ ဒီရုပ်နှစ်ပါးကို အသမ္ပတ္တရုပ်လို့ ခေါ်ပါတယ်တဲ့။

သမ္ပတ္တရုပ် သုံးပါးတို့ဟာ သိလွယ်သော်လည်း အသမ္ပတ္တရုပ် နှစ်ပါး မှာတော့ သိဖို့ရာမလွယ်ဘူး၊ ဘာကြောင့်လဲဆိုတော့ မျက်စိနှင့်အဆင်း၊ နား နှင့်အသံတို့ ထိတွေ့မှ အာရုံယူနိုင်တဲ့အတွက် သမ္ပတ္တရုပ်လို့ပဲ အများက ထင်နေ ကြတယ်၊ အလွန် ပြင်းထန်တဲ့ ဗုံးသံကြားရလို့ နားကွဲသူတွေရှိတယ်၊ နေကဲ့သို့၊ ဗွီဒီယိုကဲ့သို့ အလွန်ပြင်းထန်တဲ့အရောင်ကို ကြည့်မိလို့ မျက်စိရောဂါရသူတွေ ရှိတယ်၊ ဒါတွေကို ထောက်သောအားဖြင့် ရူပါရုံ(အဆင်း)၊ သဒ္ဒါရုံ(အသံ)တွေဟာ မျက်စိဆီ လာရောက်ကြောင်း အင်မတန် ထင်ရှားနေတယ်၊ ဒါကြောင့် စက္ခုနှင့်သောတ နှစ်ပါးတို့ကိုလည်း သမ္ပတ္တရုပ်အတွင်း ထည့်သွင်းချင်ကြ တယ်၊ ဦးသိန်းတန်လည်း စက္ခုနှင့်သောတကို သမ္ပတ္တရုပ်အတွင်း ထည့်သွင်း ချင်ဟန်တူပါတယ်။

## ဋီကာကျော်အဆို

အသမ္ပတ္တရုပ်နှင့် ပတ်သက်ပြီး ဋီကာကျော်ရဲ့အဆိုကို ပြောပြဦးမယ်၊ ဋီကာကျော်က အသမ္ပတ္တ မရောက်ဆိုတာဟာ အာရုံကလည်းစက္ခု၊ သောတတို့ဆီ မလာလို့ မရောက်၊ စက္ခု၊ သောတတို့ကလည်း အာရုံဆီမသွားလို့ မရောက်၊ ထိုစကား မှန်ပါတယ်တဲ့၊ စက္ခုနှင့်သောတကလည်း အာရုံဆီမသွား၊ အာရုံတို့က လည်း စက္ခု၊ သောတတို့ဆီမလာဘဲ အာရုံ ယူကြပါသတဲ့၊ ဒီစကားကို ရှင်း

http://www.dhammadownload.com



အောင်ဆိုရလျှင် စက္ခုပသာဒဟာ မှန်တို့၊ တိမ်တို့ ကာဆီးထားတဲ့ အတွင်းဘက်က ရူပါရုံကို မြင်နိုင်ပါတယ်၊ အလွန်ကြီးတဲ့ တောင်ကြီး၊ တိုက်ကြီးများကိုလည်း မြင်နိုင်တယ်၊ စက္ခုနှင့်ရူပါရုံ ထိတွေ့မှ မြင်ရမယ်ဆိုလျှင် ဟိုတစ်ဖက်က ရူပါရုံက ဘယ်လိုမြင်နိုင်မလဲ၊ အလွန်ကြီးတဲ့ တောင်ကြီး၊ တိုက်ကြီးတွေ မျက်စိထဲဝင်ပြီး ဘယ်လိုမြင်နိုင်မှာလဲတဲ့၊ ဒါကြောင့် စက္ခုနှင့်ရူပါရုံဟာ သမ္ပတ္တမဟုတ်၊ အသမ္ပတ္တလို့ မှတ်ရမယ်တဲ့။

သောတ ပသာဒဟာလည်း အလွန်ဝေးတဲ့ ကောင်းကင်က အသံ၊ ဝမ်းတွင်းက မြည်တဲ့အသံ၊ ပြင်းထန်သောအသံများကို ကြားနိုင်တယ်၊ ဒါကြောင့် သောတနှင့် သဒ္ဒါရုံဟာ မထိတွေ့ဘဲ ကြားရတဲ့ အသမ္ပတ္တဖြစ်တယ်တဲ့၊ ယခုပြောခဲ့တာက ဋီကာကျော်ဆရာရဲ့ အသမ္ပတ္တ ကောက်နုတ်ချက် ဖြစ်တယ်ကွဲ့။

## မဟာအဋ္ဌကထာအလို

အဘိဓမ္မတ္ထ ဒီပကကျမ်း ဒုတိယတွဲမှာ မဟာအဋ္ဌကထာကြီးဝါဒကို ပြထားတယ်၊ မဟာအဋ္ဌကထာကြီး အလိုအားဖြင့် ပသာဒရုပ် ၅-ခုနှင့် ဝိသယရုပ် ၇-ခု ပေါင်း ၁၂-ခုသော ရုပ်များကို ဩဠာရိကရုပ်၊သန္တိကေရုပ်၊ သပ္ပဋိဃရုပ်လို့ သင်္ဂြိုဟ်ကျမ်းမှာ ပြထားပါသတဲ့၊ သပ္ပဋိဃဆိုတာ ပသာဒရုပ် ငါးခုတို့နှင့် အာရုံငါးခုတို့ ရှေးရှုပြိုင်ဆိုင် ခိုက်မိ တိုက်မိတတ်လို့ သပ္ပဋိဃ အမည်ကိုရပါသတဲ့၊ ဒါကြောင့် စက္ခုနှင့် သောတတို့ဟာလည်း သပ္ပဋိဃရုပ်မို့ အသမ္ပတ္တမျိုးမဟုတ်၊ သမ္ပတ္တမျိုးလို့သာ ယူဆသင့်တယ်လို့ ပြဆိုထားတယ်။

## ညှိနှိုင်းယူသော်

စက္ခုနှင့် သောတရုပ်တို့ဟာ သပ္ပဋိဃရုပ်မျိုး ဆိုတာလည်းမှန်တယ်၊ အသမ္ပတ္တရုပ်မျိုး ဆိုတာလည်း မှန်တယ်၊ သပ္ပဋိဃ ထိခိုက်တဲ့ ရုပ်ပါလို့ ဆိုပြီးမှ အသမ္ပတ္တ မထိခိုက်တဲ့ရုပ်လို့ ဘာကြောင့်ဆိုပြန်တာလဲဆိုတော့ ထိရောက်ပုံ ထိရောက်နည်း နှစ်မျိုးရှိလို့ ဆိုခြင်းဖြစ်တယ်။

ဘယ်လိုနှစ်မျိုးလဲဆိုတော့-

(၁) ဂန္ဓာရုံဆိုတဲ့အနံ့ဟာ နှာခေါင်းတွင်းဝင်ရောက်ပြီး ဃာနပသာဒ

http://www.dhammadownload.com



နှင့်ထိမှ နှာခေါင်းက အနံ့အာရုံကိုသိတယ်။

(၂) ရသာရုံဆိုတဲ့ အရသာဟာ လျှာပေါ်ရှိတဲ့ ဇိဝှာပသာဒနှင့် ထိမှ လျှာက ရသာရုံကို သိတယ်။

(၃) ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အတွေ့အထိဟာ ကိုယ်ပေါ်မှာရှိတဲ့ ကာယပသာဒ နှင့် ထိမှ ကိုယ်က ဖောဋ္ဌဗ္ဗာရုံကို သိတယ်။

ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒတို့ဟာ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့နှင့် တိုက်ရိုက် ထိတွေ့ရတယ်၊ ဒါကြောင့် သမ္ပတ္တရုပ်အတွင်းမှာ ပါဝင်တယ်၊ စက္ခုဆိုတဲ့ မျက်စိအကြည်နှင့် ရူပါရုံဆိုတဲ့အဆင်းတို့တွေ့ထိပုံက ဒီလို တိုက်ရိုက်မဟုတ်ဘူး၊ ဘုတ် အဆက်ဆက်ပြေးလာပြီး တွေ့ထိရခြင်း ဖြစ်တယ်။ ဥပမာ–အလင်းရောင်ကို မြင်တယ်ဆိုပါစို့၊ အလင်းရောင်ဟာ လှိုင်း သဘောနှင့် ကောင်းကင်အပြင်မှာ လှုပ်ရှားပြန့်ထွက်ပြီး ပြေးလွှားတယ်။

## သိပ္ပံဆရာများရဲ့ တိုင်းတာချက်အရ

အလင်းရောင်ဟာ တစ်စက္ကန့်အတွင်း မိုင်တစ်သိန်းရှစ်သောင်း ခြောက် ထောင်ပြေးလာပြီး မျက်စိအကြည်နှင့် လာထိတယ်၊ ဒီအခါ စက္ခုပသာဒက ရူပါရုံကို ဖမ်းယူပြီး သိလိုက်တယ်၊ အသံလှိုင်းက အလင်းရောင်လှိုင်းလောက် မမြန်ဘူး၊ တစ်စက္ကန့်အတွင်း ပေတစ်ထောင့်တစ်ရာလောက်သာ ပြေးလာပြီး သောတပသာဒမှာ လာထိတယ်၊ ဒီအခါ သောတပသာဒက သဒ္ဒါရုံကို ဖမ်းယူ ပြီး သိလိုက်တယ်၊ ပသာဒရုပ် ၅–ခုတို့ဟာ အာရုံ ၅–ပါးနှင့် ထိတွေ့တာချင်း တော့ တူကြတယ်၊ သို့သော် စက္ခုနှင့်သောတတို့က တိုက်ရိုက် မထိတွေ့ဘူး၊ ဘုတ်အဆက်ဆက် လှိုင်းအဆင့်ဆင့် ကူးပြောင်းပြီးမှ ထိတွေ့တယ်၊ တိုက်ရိုက် မထိတွေ့တဲ့အတွက် အသမ္ပတ္တရုပ်လို့ခေါ်တယ်၊ဃာန,ဇိဝှာ,ကာယတို့ကတော့ တိုက်ရိုက် ထိတွေ့တယ်၊ ဒါကြောင့် သမ္ပတ္တရုပ်လို့ခေါ်တယ်၊ (စက္ခာ ဒိဒွယံ သမ္ပတ္တဝသေန) ဆိုတဲ့စကားဟာ အလွန်အငြင်းခုံများတဲ့ စကားဖြစ်တယ်။

ယခု တင်ပြလိုက်တဲ့ အဖြေကတော့ အဲဒီ အငြင်းအခုံတွေထဲက မိမိ စိတ် ကြိုက် ထုတ်နုတ် ဖြေကြားလိုက်တဲ့ အဖြေဖြစ်တယ်၊ ဦးသိန်းတန်သဘောကျ လိမ့်မယ်လို့ ယူဆပါတယ်ကွယ်”

“သာဓု–သာဓု–သာဓု”

http://www.dhammadownload.com



## ❑ ဝိရတီသုံးချက်နှင့် ငါးချက်

သိတင်းကျွတ်၍ ပဝါရဏာပြုပြီး ကျောင်းတိုင်းလှည့်လည်၍ ကန်တော့ကြရခြင်းကား ဘုန်းတော်ကြီးကျောင်းများ၏ ဝတ္တရားဖြစ်ပါသည်၊ ယခုနှစ်တွင်လည်း ကျောက်စေတီကျောင်းမှ ဦးပဉ္စင်းများ၊ ကိုရင်များ၊ ကျောင်းသားများ အကန်တော့ရောက်လာကြသည်၊ အားလုံး ကန်တော့ကြပြီးနောက် ကျောက်စေတီစာချ ဦးပဉ္စင်း ဦးစန္ဒာသီရိက လျှောက်ထားပါသည်။

"တပည့်တော်များ ထီးချိုင့်မြို့မှာ တရားတောင်း (ပန်းဒကာ) လုပ်သူများ တစ်ဦးနှင့်တစ်ဦး အယူအဆချင်း မတူညီတဲ့ အချက်တစ်ခု ရှိနေပါတယ်၊ အဲဒါ ဆရာတော်ကို လျှောက်ထားပါရစေဘုရား"

"ဘာများ မတူညီတာလဲ အမိန့်ရှိစမ်းပါဦး"

"မတူညီပုံက ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတို့ကို ရှိခိုးကြဖို့ နှိုးဆော်ပြီးတဲ့နောက် ငါးပါးသီလခံယူဖို့ နှိုးဆော်တဲ့အခါ အချို့သီလတောင်းသူက "စေတနာသုံးလီ၊ ဝိရတီသုံးချက်၊ ဖိုလ်မဂ်တို့၏အဆောက်အအုံ၊ သုံးပါးသောသရဏဂုံနှင့် ငါးစုံသော သီလတော်မြတ်ကို ခံယူဆောက်တည်ကြပါစို့လို့" ဆိုပါတယ်ဘုရား၊ အချို့သော သီလတောင်းသူကတော့ "စေတနာငါးလီ၊ ဝိရတီငါးချက်၊ ဖိုလ်မဂ်တို့၏အဆောက်အအုံ၊ သုံးပါးသော

http://www.dhammadownload.com



သရဏဂုံနှင့် ငါးစုံသော သီလတော်မြတ်တို့ကို ခံယူဆောက်တည်ကြပါစို့”လို့ ဝိရတီသုံးချက်နေရာမှာ ငါးချက်လို့ဆိုပါတယ်ဘုရား၊ ဒီနေရာမှာ သုံးချက်က မှန်တယ်၊ ငါးချက်က မှန်တယ်ဆိုတာ ဆရာတော် အဖြေပေးစေချင်ပါတယ် ဘုရား”

“အင်း–ဝိရတီဆိုတာ **ဝိရမဏံ ဝိရတီ**–ဆိုတဲ့အတိုင်း **ရှောင်ကြဉ်ကြောင်း စေတနာကို** ဝိရတီလို့ ခေါ်တာကိုးကွယ့်”

“မှန်ပါတယ်ဘုရား”

“အဲဒီ ဝိရတီကလဲ **(၁)သမာဒါနဝိရတီ၊ (၂) သမ္ပတ္တဝိရတီ၊ (၃) သမုစ္ဆေဒဝိရတီ**ရယ်လို့ သုံးမျိုးရှိတယ်”

“အကျယ် မိန့်တော်မူပါဦးဘုရား”

“**သမာဒါနဝိရတီ** ဆိုတာ ဒီယနေ့ ဒီအချိန်ကစပြီး ဒီအကုသိုလ်မှုတို့ကို မပြုလုပ် မကျူးလွန်တော့ပါဘူးလို့ ရတနာသုံးပါးထံ ဝန်ခံ တည်ဆောက်ထားတဲ့ သီလမျိုးဖြစ်တယ်၊ သီဟိုဠ်ကျွန်း အန္တရဝမုမာနအရပ်က လယ်သမား တစ်ဦးဟာ အပ္ပရိယကျောင်း၊ ပိင်္ဂလဗုဒ္ဓရက္ခိတမထေရ်ထံ နံနက်အချိန်က ငါးပါးသီလ ခံယူဆောက်တည်ထားတယ်၊ ညနေအချိန်ကျတော့ လွှတ်ထားတဲ့ နွားကိုဖမ်းဖို့ ဓားတစ်ချောင်း စွဲကိုင်ပြီး တောထဲကိုသွားသတဲ့၊ တောထဲရောက်တော့ စပါးကြီးမြွေနှင့် တွေ့လို့ မြွေရဲ့အဖမ်းကိုခံရတယ်၊ ဒီအခါ သူက မြွေရဲ့ ဦးခေါင်းကို ဖြတ်မှပဲလို့ ပါလာတဲ့ဓားနဲ့ ချိန်ရွယ်သတဲ့၊ ချိန်ရွယ်ပြီး အသိဉာဏ် ဝင်လာခဲ့တယ်၊ ဘယ်လိုဝင်လာသလဲဆိုတော့ အသက်ဆိုတာ ဘာမျှ ကြာကြာ ခံတာမဟုတ်ဘူး၊ မြွေက မသတ်သော်လည်း တစ်ရက်ရက်မှာ ငါ သေရမှာ မလွဲ ဘူး၊ နံနက်အချိန်က ငါဟာ ရဟန်းတော်အရှင်မြတ်ရဲ့အထံက ငါးပါးသီလ ခံယူ ဆောက်တည်ခဲ့တယ်၊ ယခု သူ့အသက်ကို သတ်ပါက ငါ့မှာ အပြစ်ဖြစ်ဖွယ် ရှိတယ်၊ ဒါကြောင့် သူ့အသက်ကို ငါမသတ်တော့ဘူး၊ ငါ့အသက်သာ အသေ ခံမယ်လို့ စိတ် ဆုံးဖြတ်ပြီး ဓားကို လွှင့်ပစ်လိုက်သတဲ့၊ ဓားလက်ကလွှတ်လိုက်သည် နှင့်တစ်ပြိုင်နက် မြွေဟာလည်း မီးထိသလို ပူလောင်လာလို့ အခွေကိုဖြေပြီး ထွက်ပြေးသွားသတဲ့၊ အဲဒီလို ခံယူဆောက်တည်ပြီး ကျင့်သုံးတဲ့သီလကို **သမာဒါနဝိရတီ**လို့ ခေါ်တယ်။

http://www.dhammadownload.com



**သမ္မတ္တစာရိတ္တ** သီလဆိုတာက စောစောကတော့ သီလ ခံယူဆောက်တည်ထားတာမဟုတ်ဘူး၊ ကျူးလွန်ရမည့်ဝတ္ထုနှင့် တွေ့ကြုံမှ သတိတရရှောင်ကြဉ်တဲ့ သီလမျိုးဖြစ်တယ်၊ သမ္မတ္တစာရိတ္တ သီလနှင့် ပတ်သက်တဲ့ ဝတ္ထုကတော့ စူဠဇဂ္ဂန၊ မဟာဇဂ္ဂနဝတ္ထုပေါ့၊ ကြားဖူး ဖတ်ဖူးမှာပါပဲ”

“မှန်ပါ၊ ကြားဖူးပါတယ်ဘုရား၊ အကျယ် အမိန့်တော်ရှိပါဦး”

“သီဟိုဠ်ကျွန်းမှာ မုဆိုးမတစ်ဦး မနာမကျန်းဖြစ်နေသတဲ့၊ ဆေးဆရာက သူနာကို စမ်းသပ် ကြည့်ရှုပြီး သွေးအားနည်းနေတယ်၊ သွေး အားဆက်ပေးဖို့ ယုန်သွေးလိုတယ်လို့ ပြောသတဲ့၊ အဲဒီမုဆိုးမမှာလည်း သားနှစ်ယောက်ရှိတယ်၊ သားကြီးက မဟာဇဂ္ဂန၊ သားငယ်က စူဠဇဂ္ဂနတဲ့၊ ဆေးဆရာက ယုန်သွေးလိုတယ်ပြောတော့ သားကြီးက ညီဖြစ်သူကို တောထဲသွားပြီး ယုန်ဖမ်းချေလို့ ခိုင်းတယ်၊ ညီဖြစ်သူ စူဠဇဂ္ဂနလည်း အစ်ကိုရဲ့အမိန့်အတိုင်း ယုန်ပိုက်တွေယူသွားပြီး ယုန်ရှိတဲ့တောမှာ ထောင်တယ်၊ မကြာမီ ပိုက်တွင်းမှာ ယုန်တစ်ကောင်မိသတဲ့၊ စူဠဇဂ္ဂနလည်း မိတဲ့ယုန်ကို သွားရောက် ဖမ်းဆီးတဲ့အခါ ယုန်ကလေးဟာ ကြောက်ရွာလွန်းလို့ တကျီကျီ မြည်ရင်း ရုန်းကန်နေတာကို တွေ့ရတယ်၊ ယုန်ကလေး ရုန်းကန်နေတာ ကိုမြင်တော့ စူဠဇဂ္ဂနမှာ ဒီလို အတွေးရောက်သွားသတဲ့ကွယ်”

“မှန်ပါ၊ အမိန့်ရှိပါဘုရား”

“ဩော်–ယုန်ကလေးဟာ သေရမှာကြောက်ရွာလွန်းလို့ တအား ရုန်းကန်နေရှာတယ်၊ လောကမှာ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း သေရမှာ ကြောက်ကြတာချည်းပါကလား၊ ကြောက်တာချင်း အတူတူဖြစ်ပါလျက် ယုန်ကိုသတ်ပြီး ယုန်အသွေးနှင့် သွေးအားနည်းနေတဲ့ ငါ့မိခင်ရဲ့အသက်ကို ဆက်ပေးရမယ်ဆိုတာဟာ ဘယ်မှာ တရားပါ့မလဲ၊ ငါ့မိခင်ဟာ သူ့အသက်ကိုချစ်သလို ယုန်ကလေးလည်း သူ့အသက်ကို ချစ်ရှာတယ်၊ သူချစ်တဲ့အသက်ကို ငါ မဖျက်ဆီးတော့ဘူး၊ ယုန်ကလေးကို ပြန်လွှတ်လိုက်တော့မယ်လို့ အတွေးရောက်လာပြီး ယုန်ကလေးလွှတ်ကာ အိမ်ပြန်သွားသတဲ့၊ အိမ်ရောက်တော့ အစ်ကိုဖြစ်သူက ယုန်ကို လွှတ်ခဲ့ရမလားလို့ ရိုက်မယ်လို့ သူ့ကိုလိုက်တယ်၊ သူက မိခင်ရင်ခွင်အတွင်း ပြေးဝင်ခဲ့ပြီး ငါဟာ တကယ့် မေတ္တာ,ကရုဏာဖြင့် ယုန်ကလေးကို

http://www.dhammadownload.com



မသတ်ဘဲ ပြန်လွှတ်ခဲ့ပါတယ်၊ ဒီမှန်တဲ့ သစ္စာစကားကြောင့် မိခင်ရောဂါ ပျောက်ကင်းပါစေလို့ သစ္စာပြုပါသတဲ့၊ အဲဒီသစ္စာတန်ခိုးကြောင့် နာမကျန်းတဲ့ သူ့မိခင်လည်း ရောဂါက ပျောက်ကင်းသတဲ့၊ ဒီဝတ္ထုမှာ စောစောက သမာဒါန သီလခံယူထားမှု မရှိသော်လည်း တွေ့ကြုံမှ ရှောင်ကြဉ်တဲ့အတွက် ဒီသီလကို **သမ္ပတ္တဝိရတိသီလလို့** ခေါ်ပါသတဲ့ကွယ်"

**သမုစ္ဆေဒ ဝိရတိသီလဆိုတာ** မိမိတို့ရရှိတဲ့ မဂ်အားလျော်စွာ အကုသိုလ်မှုများကို ကောင်းစွာအကြွင်းမဲ့ ပယ်ခွာတာကိုခေါ်တယ်၊ ဒီ သမုစ္ဆေဒဝိရတိကို "သေတုဃာတဝိရတိ"လို့လည်း ခေါ်ဝေါ်ကြောင်း သုတ်သီလက္ခန်ကုဋဒန္တသုတ် အဖွင့်မှာ မိန့်ဆိုလာသေးတယ်။

ဝတ္ထုကြောင်းအားဖြင့် ဆိုလျှင် သာမာဝတီရဲ့ကျွန်မ "ခုဇ္ဇုတ္တရာ"ဟာ သောတာပန် မတည်ခင်က ပန်းဖိုးငွေကို ကြားက ဖြတ်စားလျှပ်စား လုပ်ထားတယ်၊ သောတာပန်တည်ပြီးတော့ လုံးဝ မလုပ်တော့ဘူး၊ တိတိကျကျ ရှောင်ကြဉ် တယ်၊ ပြီးတော့ ဓမ္မပဒအဋ္ဌကထာ ပါပဝဂ်ကလာတဲ့ တိဿမထေရ်ဟာ ရွှေထွင်းသမားအိမ်မှာ အမြဲဆွမ်းခံတယ်၊ တစ်နေ့တော့ ဘုရင်မင်းမြတ်က အဖိုးများစွာ ထိုက်တန်တဲ့ ကျောက်နီပတ္တမြားတစ်လုံး သန့်စင်ပေးဖို့ ရွှေထွင်းသမားကို ခိုင်းတယ်၊ ရွှေထွင်းသမားဟာ ဆွမ်းခံမထေရ်ရဲ့အနီးမှာ ပတ္တမြားခေတ္တထားပြီး အိမ်တွင်းဝင်သွားတုန်း အိမ်မှာမွေးထားတဲ့ ကြိုးကြာငှက်က ပတ္တမြားကို သားတစ်ထင်ပြီး ကောက်မျိုလိုက်တယ်၊ ရွှေထွင်းသမားဟာ ပတ္တမြား ပျောက်သွားတော့ မထေရ်ယူတယ်ထင်ပြီး မေးတယ်၊ မထေရ်က မယူကြောင်းပြန်ပြောတော့ ဒီနေရာမှာ မထေရ်မှတစ်ပါး ယူမည့်သူမရှိတဲ့အတွက် မထေရ်အပေါ် ယုံမှားပြီး ရိုက်နှက်မေးမြန်းသတဲ့၊ ရွှေထွင်းသမားရိုက်တဲ့အတွက် မထေရ်ရဲ့ ကိုယ်က သွေးတွေ ယိုစီးထွက်ကျလာတယ်၊ ဒီသွေးတွေကို ကြိုးကြာက လာသောက်တော့ ဒီကြိုးကြာ လာရှုပ်ရမည်လားလို့ ရွှေထွင်းသမားက ဒေါသထွက်ထွက်နှင့် ရိုက်လိုက်တာ ကြိုးကြာကြီး သေသွားရှာပါရော၊ ဒီတော့မှ မထေရ်က ကြိုးကြာသေသွားလျှင် ငါ့ကိုမရိုက်နှင့်၊ ကြိုးကြာရဲ့ ကိုယ်ထဲမှာသာ ပတ္တမြားကိုရှာတော့လို့ အမိန့်ရှိပါသတဲ့၊ မထေရ်ဟာ အကုသိုလ်တရားများကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ပယ်ခွာပြီးတဲ့ ရဟန္တာပုဂ္ဂိုလ်ဖြစ်

http://www.dhammadownload.com



တာကြောင့် ကိုယ့်အသက်သာအသေခံတယ်၊ ကြိုးကြာရဲ့အသက်ကို မသေစေဘူး၊ ကြိုးကြာသေပြီးမှ ကြိုးကြာမျိုကြောင်း ပြောပြတယ်၊ ဒါဟာ **သမုစ္ဆေဒဝိရတီ** သီလပေါ့ကွယ်"

"မှန်ပါ၊ ဒီလိုဆိုတော့ ဝိရတီတရားဟာ သမာဒါနဝိရတီ၊ သမ္ပတ္တဝိရတီ၊ သမုစ္ဆေဒဝိရတီလို့ သုံးမျိုးသာရှိတဲ့အတွက် (စေတနာသုံးလီ၊ ဝိရတီသုံးချက်၊ ဖိုလ်မဂ်တို့၏အဆောက်အအုံ၊ သုံးပါးသော သရဏဂုံနှင့် ငါးစုံသောသီလ)ဆိုတာက မှန်တာပေါ့ဘုရား"

"အခုပြောခဲ့တာက ဝိရတီတရား သုံးပါးရှိတယ်ဆိုတာကိုသာ ပြောနေတာပါ၊ တရားတောင်းလက်္ကာအကြောင်း ပြောနေတာ မဟုတ်သေးဘူးကွယ့်"

"မှန်ပါ၊ တရားတောင်းလက်္ကာအကြောင်း အမိန့်ရှိပါဦး ဘုရား"

"သီလတောင်းခံရာမှာပါတဲ့ ဝိရတီက(သမာဒါန ဝိရတီ) မျှသာဖြစ်တယ်၊ ကျန်တဲ့ ဝိရတီနှစ်ပါး မပါဝင်ဘူးကွယ့်"

"ကျန်တဲ့ ဝိရတီနှစ်ပါးက ဘယ်လိုကြောင့် မပါဝင်တာလဲ ဘုရား"

"ကျန်တဲ့ ဝိရတီနှစ်ပါး မပါဝင်တာက ယခု တောင်းခံတဲ့သီလက သမာဒါနဝိရတီ သီလမျှသာဖြစ်တယ်၊ တွေ့ကြုံမှ ရှောင်ကြဉ်တဲ့ သမ္ပတ္တဝိရတီ သီလ၊ မဂ်အစွမ်းဖြင့်ပယ်တဲ့ သမုစ္ဆေဒဝိရတီသီလ မဟုတ်ဘူး၊ ဒါကြောင့် ကျန်တဲ့ ဝိရတီနှစ်ပါး မပါဝင်ခြင်းဖြစ်တယ်ကွယ့်"

"မှန်ပါ၊ ဒီလိုဆို သမာဒါနဝိရတီ သီလတစ်ပါးတည်း ဖြစ်ပါလျက် ဘာကြောင့် ဝိရတီ သုံးချက်၊ ဝိရတီ ငါးချက်လို့ ဆိုနေကြတာလဲဘုရား"

"သမာဒါန ဝိရတီသီလမှာ ရှောင်ကြဉ်မှု ဘယ်နှစ်ခု ပါဝင်သလဲကွယ်"

"(၁) သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု၊
(၂) သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်မှု၊
(၃) မိစ္ဆာကာမမှ ရှောင်ကြဉ်မှု၊
(၄) မုသာဝါဒမှ ရှောင်ကြဉ်မှု၊
(၅) သေအရက်သောက်စားခြင်းမှ ရှောင်ကြဉ်မှု

ပေါင်း ရှောင်ကြဉ်မှု ငါးပါး ပါဝင်ပါတယ်ဘုရား"

"ရှောင်ကြဉ်မှုကို ဝိရတီလို့ ခေါ်တယ်နော်"

http://www.dhammadownload.com



"မှန်ပါ့ဘုရား"

"ရှောင်ကြဉ်မှု ငါးခုဆိုတော့ ဝိရတီ ဘယ်နှစ်ခု ဖြစ်သွားသလဲကွယ့်"

"ဝိရတီ ငါးခုဖြစ်သွားပါတယ် ဘုရား"

"အေး–ဒါကြောင့် ငါးပါးသီလ တောင်းခံရာမှာ ဝိရတီ သုံးချက်ဆိုတာ မမှန်ဘူး၊ ဝိရတီ ငါးချက်ဆိုမှမှန်တယ်၊ အကယ်၍ ရှစ်ပါးသီလတောင်းခံခဲ့လျှင် စေတနာငါးလီ၊ ဝိရတီ ငါးချက်နှင့် မရသေးဘူး၊ စေတနာရှစ်လီ၊ ဝိရတီ ရှစ်ချက်လို့ဆိုမှ မှန်ကန်တယ်ကွယ့်၊ ဒီ သီလတောင်းခံစာကို ရေးသားသူက မန်လည်ဆရာတော်ဘုရားကြီး ဖြစ်တယ်၊ ဘုရားရှိခိုးအမျိုးမျိုး စာအုပ်က ထုတ်နုတ်ပြီး မန်လည်ဆရာတော်ရဲ့ သီလတောင်းစာကို ဖော်ပြဦးမယ်ကွယ့်"

"မှန်ပါ၊ မိန့်တော်မူပါဘုရား"

## ငါးပါးသီလ တောင်းခံလွှာ

မွေတော်ရုပ်ရှင်၊ စေတီတော်ပြင်၊ ဤအရပ်၌ ချဉ်းကပ်ရောက်လာကြကုန်သော သမ္မာဒေဝါ၊ လောကပါလာ၊ ဣန္ဒာသူယာမ်၊ သဟမ္ပတိ အစရှိသော နတ်အပေါင်းတို့နှင့်တကွ၊ သူတော်ကောင်း ဒါယကာ ဒါယိကာမ တစ်စုတို့–

ယခုအခါ၊ နတ်ရွာနိဗ္ဗာန်၊ သုံးတန်ချမ်းသာ၊ ပေးတတ်စွာသော၊ စေတနာငါးလီ၊ ဝိရတီငါးချက်၊ ဖိုလ်မဂ်၏ အဆောက်အအုံ၊ သုံးပါးသော သရဏဂုံနှင့်၊ ငါးစုံသော ပဥ္စသီလ၊ ဂဟဋ္ဌသိက္ခာပုဒ်တို့ကို ကောင်းမွန်စွာ ခံယူဆောက်တည်ကြဦးစို့။

ယခုဒီစာဟာ မန်လည်ဆရာတော်ဘုရား ရေးသားတော်မူခဲ့ရင်းစာပါပဲ၊ ဒီစာထဲမှာ စေတနာငါးလီ၊ ဝိရတီငါးချက်လို့ အတိအကျ ပါပြီးသားဖြစ်ပါတယ်၊ ဒါကြောင့် စေတနာသုံးလီ၊ ဝိရတီသုံးချက် မဟုတ်၊ ငါးချက်ဖြစ်ကြောင်း ကောင်းစွာ မှတ်ယူသင့်တာပေါ့ကွယ်။

"မှန်ပါ၊ အလွန်ဝမ်းသာ ကျေနပ်လှပါပြီ ဘုရား"

"သာဓု–သာဓု–သာဓု"

http://www.dhammadownload.com



## ❑ ကာဠုဒါယီနှင့်
## ❑ ဆန္နအမတ်တို့၏ မျိုးရိုး

“၂၃-၉-၈၇ နေ့စွဲဖြင့် မေးလျှောက်တဲ့စာက မတ္တရာမြို့ တောင်ကန်ကျောင်း ဦးဇယန္တရဲ့စာဖြစ်တယ်၊ ဦးဇယန္တက ဖွားဖက်တော် ခုနစ်ဦးမှာ ပါဝင်တဲ့ ကာဠုဒါယီအမတ်နှင့် ဆန္နအမတ်တို့ရဲ့ မိဘမျိုးရိုးကို သိလိုပါသတဲ့”

“ကာဠုဒါယီအမတ်က အမတ်မျိုးရိုးဖြစ်တယ်၊ မိဘတို့ရဲ့အမည်ကိုတော့ ကျမ်းဂန်များမှာ ဖော်ပြထားခြင်းမရှိပါဘူး၊ ကာဠုဒါယီဟာ ကုလပ္ပသာဒကတေဒဂ်လို့ခေါ်ရတဲ့ ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေခြင်းအရာတို့မှာ အမြတ်ဆုံးပုဂ္ဂိုလ်အဖြစ် ချီးကျူးခြင်းခံရတဲ့ ပုဂ္ဂိုလ်ထူးကြီးဖြစ်တယ်၊ ဒါကြောင့် အင်္ဂုတ္တရ၊ ဋ္ဌ(ပ) ၂၃၃-၂၃၆-က ထုတ်နုတ်ပြီး အကျဉ်းချုပ် ဖော်ပြဦးမယ်”

“မိန့်တော်မူပါဘုရား”

“ကာဠုဒါယီဟာ ပဒုမုတ္တရ ဘုရားရှင်လက်ထက်တော်က ဟံသာဝတီပြည်မှာ အမျိုးကောင်းသား ဖြစ်ခဲ့ဖူးတယ်၊ ဘုရားရှင်ရဲ့တရားတော်ကို နာရစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို “ကုလပ္ပသာဒကတေဒဂ်”ထားတော်မူတာကို မြင်လို့ ကောင်းမှုပြုပြီး ထိုဆုကြီးကို ရအောင် တောင်းဆိုခဲ့သတဲ့၊ အဲဒီဘဝက စုတိတော့ လူ့ပြည် နတ်ပြည်တို့မှာ ကျင်လည်ပြီး ငါတို့ဘုရားလောင်း မယ်တော် မာယာ ဝမ်းကြာတိုက်မှာ ပဋိသန္ဓေ တည်နေတဲ့နေ့မှာပင် ကပိလဝတ်ပြည် အမတ်တစ်ဦးရဲ့အိမ်မှာ ပဋိသန္ဓေယူတယ်၊ ဖွားတဲ့အခါ

http://www.dhammadownload.com



ဘုရားလောင်းနှင့် အတူတူဖွားမြင်တယ်၊ ဒါကြောင့် အာ–ဗော–ကာ–ယ–ဆန်–ရွှေ–ကဏ်–ဆိုတဲ့ ဖွားဖက်တော်ခုနစ်ပါးမှာ တစ်ပါး အပါအဝင်ဖြစ်ခဲ့တယ်၊ အမည်ပေးတဲ့ နေ့မှာ တစ်မြို့လုံး တက်ကြွတဲ့ စိတ်ရှိကြတဲ့ အထိမ်းအမှတ်နှင့် ဥဒါယီလို့ အမည် ပေးတယ်၊ အသားက အနည်းငယ်မည်းလို့ မည်းနက်ခြင်းဟော(ကာဠ) သဒ္ဒါ နှင့်တွဲပြီး ကာဠုဒါယီလို့ ခေါ်ကြသတဲ့။

နောင်အခါ ဘုရားရှင် သစ္စာလေးပါး သိမြင်ပြီးတဲ့နောက် ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးတော်မူစဉ် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားတော်ကို ဖူးချင်လို့ အမတ်တစ်ယောက် အခြံအရံတစ်ထောင်စီနှင့် ကိုးကြိမ် အပင့်ခိုင်းတယ်၊ အားလုံး ရဟန္တာတွေဖြစ်သွားပြီး ဘုရားရှင်ကို လျှောက်သူ မရှိကြဘူး၊ ဒါကြောင့် နောက်ဆုံးမှာ ဖွားဖက်တော် ကာဠုဒါယီကို စေလွှတ်ရတယ်၊ ကာဠုဒါယီကလည်း ရဟန်းပြုခွင့်ရလျှင် ပင့်ဆောင်ခဲ့ပါမည်လို့ ခွင့်တောင်းတဲ့အတိုင်း ကာဠုဒါယီကို ရဟန်းပြုခွင့်ပေးရတယ်၊ ကာဠုဒါယီလည်း အခြံအရံတစ်ထောင်နှင့် ဘုရားရှင်ထံ အပင့်သွားရာ ဘုရားရှင်ထံရောက်တော့ အားလုံး ဧဟိဘိက္ခု ရဟန်းတွေချည်း ဖြစ်သွားကြတယ်။

တပေါင်းလရောက်တော့ အရှင်ကာဠုဒါယီက ဂါထာ ၆၀–တို့ဖြင့် ခရီးလမ်းသာယာပုံကို ချီးမွမ်းပြီး ပင့်လျှောက်တဲ့အတွက် ကပ္ပိလဝတ်ပြည်ကို ဘုရားရှင် ကြွတော်မူတယ်၊ ရာဇဂြိုဟ်နှင့် ကပ္ပိလဝတ်ဟာ ယူဇနာ ၆၀–ကွာဝေးတယ်၊ ဘုရားရှင်က ရဟန္တာနှစ်ထောင် အခြံအရံဖြင့် တစ်နေ့လျှင် တစ်ယူဇနာသာ ကြွတယ်၊ အရှင်ကာဠုဒါယီက ကောင်းကင်ခရီးဖြင့် ခမည်းတော်ထံ နေ့စဉ်သတင်းကြားတယ်၊ ခမည်းတော်ကြီး လှူတဲ့ဆွမ်းကိုလည်း နေ့စဉ် ဆောင်ယူပြီး ဘုရားရှင်ကိုကပ်တယ်၊ အရှင်ကာဠုဒါယီဟာ ဘုရားရှင် မရောက်မီ ကြိုတင်ပြီး ဆွေတော်မျိုးတော်များကို တရားဟောထားလို့ ဆွေတော်မျိုးတော် အပေါင်းက ဘုရားရှင်ကို မဖူးမြော်မီကပင် သဒ္ဓါကြည်ညိုစိတ်များ ဖြစ်ပွားနေကြသတဲ့၊ အဲဒီအတွက် ဘုရားရှင်က အရှင်ကာဠုဒါယီကို (ကုလပ္ပသာဒက တေဒဂ်)ရာထူးဖြင့် ချီးကျူးတော်မူခြင်း ဖြစ်သတဲ့ကွယ်။

http://www.dhammadownload.com



## ဥဒါယီသုံးမျိုး

"ဘုရားရှင်ရဲ့ သာသနာတော်မှာ ဥဒါယီသုံးမျိုးရှိသတဲ့၊ ဒီအကြောင်းကို ထေရဂါထာ၊ဌ(ဒု) ၂၅၈-မှာ-"တယော ဟိ ဣမေ ဥဒါယိတ္ထေရာ အမစ္စပုတ္တော ပုဗ္ဗေ အာဂတော ကာဠုဒါယီ၊ ကောဝရီယပုတ္တော လာလု ဒါယီ၊ အယံ ဗြာဟ္မဏပုတ္တော မဟာကာဠုဒါယီတိ" လို့ ဖွင့်ပြထားတယ်၊ အဲဒီ ဥဒါယီသုံးမျိုးထဲက အခုပြောခဲ့တာ အမတ်ရဲ့သား ကာဠုဒါယီဖြစ်တယ်၊ ဝိနည်းပါဠိတော်မှာ မိန်းမနှင့်စပ်ပြီး ပညတ်အများဆုံး အတင်ခံရတဲ့ ဥဒါယီက လျှပ်ပေါ်လော်လီတဲ့အတွက် လျှပ်ပေါ်တဲ့အနက်ဟော လာလသဒ္ဒါနှင့်တွဲပြီး လာလုဒါယီလို့ခေါ်ကြတယ်၊ ကပ္ပိလဝတ်ပြည် ပုဏ္ဏားရဲ့သား ဥဒါယီက ဘုရားရှင်သာဝတ္ထိပြည်မှာ ဆွေတော်မျိုးတော်များကို တန်ခိုးပြာဋိဟာပြပြီး ဗုဒ္ဓဝင်ဟောတော်မူစဉ်ကာလက ဘုရားရှင်ရဲ့ အာနုဘော်တော်ကို ကြည်ညိုပြီး ရဟန်းပြုရာက ရဟန္တာဖြစ်သွားသူဖြစ်တယ်၊ အဲဒီ အရှင်ဥဒါယီကိုတော့ မဟာဥဒါယီလို့ ခေါ်ကြတယ်၊ အရှင်ကာဠုဒါယီအကြောင်း အကျယ်ကို ကြည့်လိုလျှင် အင်္ဂုတ္တရ အဋ္ဌကထာ၊ ထေရအဋ္ဌကထာ၊ အပဒါန အဋ္ဌကထာများမှာ ကြည့်ကြပါလို့ ကျမ်းညွှန်းလိုက်ပါတယ်ကွယ်"

"မှန်ပါ၊ ကာဠုဒါယီရဲ့အကြောင်း သိရတဲ့အတွက် ဝမ်းသာလှပါတယ်၊ ဆန္နအမတ်ရဲ့အကြောင်းကိုလဲ အမိန့်ရှိတော်မူပါဦးဘုရား"

## ဆန္နအမတ်

"ဆန္နအမတ်ရဲ့ မျိုးရိုးကတော့ မင်းအိမ်မှာမွေးတဲ့ မင်းကျွန်မျိုးရိုး ဖြစ်တယ်၊ ဆန္နအမတ်ရဲ့အကြောင်းကို ထေရဂါထာအဋ္ဌကထာ(ပ) ၁၉၅-မှာ ဒီလို ဆိုထားတယ်၊ သိဒ္ဓတ္ထဘုရားရှင် လက်ထက်တော်ကာလက အမျိုးကောင်းသားတစ်ယောက်ဟာ သစ်တစ်ပင်ရင်း သီတင်းသုံးတော်မူနေတဲ့ သိဒ္ဓတ္ထဘုရားကို ဖူးတွေ့ရတဲ့အခါ ကြည်ညိုတဲ့ စိတ်ဖြစ်ပေါ်လာတဲ့အတွက် နူးညံ့သောအတွေ့ရှိတဲ့ မြက်အခင်းကို ခင်းပြီးလှူတယ်၊ ပန်းများလည်း ထက်ဝန်းကျင်မှာ ကြဲဖြန့်ပြီး ပူဇော်တယ်၊ အဲဒီကောင်းမှုကြောင့် ကွယ်လွန်တဲ့အခါ နတ်ပြည်မှာဖြစ်တယ်၊ နတ်ဘဝကစတိတော့ ကောင်းမြတ်တဲ့ သုဂတိဘဝတွေမှာ စုန်ကာဆန်ကာဖြစ်ပြီး နောက်ဆုံးဘဝကျတော့ ကပ္ပိလဝတ်ပြည် သုဒ္ဓေါဒနမင်းကြီး

http://www.dhammadownload.com



ရဲ့နန်းတော် ကျွန်မတစ်ဦးရဲ့ဝမ်းမှာ ပဋိသန္ဓေတည်နေတယ်၊ ဒီအကြောင်းကို အဋ္ဌကထာမှာ–

"အမှာကံ ဘဂဝတော ကာလေ သုဒ္ဓေါဒနမဟာရာဇဿ ဂေဟေ ဒါသိယာ ကုစ္ဆိမှိ နိဗ္ဗတ္တိ" လို့ဖွင့်ပြထားတယ်၊ ဘုရားလောင်းနှင့် တစ်နေ့တည်း ဖွားတဲ့အတွက် ဖွားဖက်တော် ၇–ဦးမှာ တစ်ဦးအပါအဝင်ဖြစ်တယ်။

ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ ဆန္နသုတ်အဖွင့်မှာဆိုတာက ဘုရားလောင်း တောထွက်တဲ့နေ့မှာ ဘုရားလောင်းနှင့်အတူ နေရဉ္ဇရာမြစ်ကမ်းအထိ လိုက်ပါ သွားတယ်၊ နောက်အခါ ဘုရားရှင်ရဲ့အထံမှာ သင်္ကန်းဝတ်တယ်၊ သင်္ကန်း ဝတ်ပြီး ငါ့ဘုရား ငါ့ဘုရားလို့ အစွဲကြီးပြီး ရဟန်းတရားကို အားမထုတ်ဘဲ သီတင်းသုံးဖော်များကို ကြမ်းတမ်းတဲ့စကားအားဖြင့် ထိခိုက်ပြောဆိုနေသတဲ့၊ ဘယ်လိုပြောတယ်ဆိုတာကို ဓမ္မပဒ၊ ဋ္ဌ၊ ပဏ္ဍိတဝဂ် ဆန္နတ္ထေရဝတ္ထုမှာ ဒီလို ဖွင့်ပြထားတယ်၊ "ငါဟာ အရှင့်သားနှင့်အတူ တောထွက်ခဲ့သူဖြစ်တယ်၊ ငါတို့တောထွက်ခဲ့စဉ်က ဘယ်သူမျှမပါဘူး၊ အခုမှသာ သာရိပုတ္တရာလေး၊ မောဂ္ဂလာန်လေးနဲ့ အဂ္ဂသာဝကဆိုပြီး လူတွင်ကျယ်လုပ်ချင်ကြတယ်၊ ဘယ် အဂ္ဂသာဝက ဘယ်မဟာသာဝကမျှ ဂရုစိုက်ဖို့ မလိုဘူးလို့ အဂ္ဂသာဝက နှစ်ပါးကို ဆဲရေးသတဲ့၊ ဒီအကြောင်း ဘုရားရှင်သိတော်မူလို့ ဆန္နကိုခေါ်ပြီး ဆုံးမတော်မူတယ်၊ ဆုံးမတုန်း ဆိတ်ဆိတ်နေပြီး နောင်ကို ပြောမြဲပြောသတဲ့၊ ဘုရားရှင်က "ဆန္န–အဂ္ဂသာဝကတို့ကို မပြစ်မှားနှင့်၊ အဂ္ဂသာဝကတို့ဟာ သင်ရဲ့အဆွေခင်ပွန်းကောင်းများ ဖြစ်ကြတယ်၊ အဆွေခင်ပွန်းကောင်းများကို ပေါင်းဖော် ဆည်းကပ်သင့်တယ်"လို့ အတန်တန် ဆုံးမတယ်၊ မရဘူး၊ ဒါကြောင့် ဘုရားရှင်က "ငါအသက်ထင်ရှား ရှိနေစဉ်ကာလ ငါ့ကို အားကိုး မာန်မူနေတဲ့ ဆန္နကို ဆုံးမ၍ ရမည်မဟုတ်၊ ငါ ပရိနိဗ္ဗာန် စံလွန်ပြီးသောအခါ ဗြဟ္မဒဏ်ထားကြရမယ်"လို့ မိန့်တော်မူသတဲ့။

## ဆန္နထေရ်နှင့်ဗြဟ္မဒဏ်

ဒီနေရာမှာ ဗြဟ္မဒဏ်နှင့်ပတ်သက်တဲ့ စကားရပ်ကို ဓူဋ္ဌဝါပါဠိတော် ပဥ္စသတိကက္ခန္ဓက က ထုတ်နုတ် ပြောပြဦးမယ်ကွယ်။

"မှန်ပါ၊ အမိန့်ရှိတော်မူပါဘုရား"

http://www.dhammadownload.com



မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက် ဘုရားရှင်ရဲ့တရားတော်များ မကွဲပြား မပျောက်ပျက်အောင် ရာဇဂြိုဟ်ပြည်မှာ ပထမသင်္ဂါယနာတင်တော်မူကြတယ်၊ သင်္ဂါယနာပွဲပြီးတော့ အရှင်အာနန္ဒာက မထေရ်ကြီးများကို အရှင်ဘုရားတို့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်ခါနီးမှာ ဘုရားရှင်က ဆန္နမထေရ်အား ဗြဟ္မဒဏ်ထားရန် တပည့်တော်ကို မိန့်တော်မူခဲ့ပါတယ်လို့ လျှောက်ထားတယ်၊ မထေရ်ကြီးများက "ငါ့ရှင်အာနန္ဒာ–ဗြဟ္မဒဏ်ဟာ ဘယ်လိုဆိုတာ ဘုရားရှင်ကို လျှောက်ထားလိုက်ပါသလား" လို့ မေးကြတယ်၊ အရှင်အာနန္ဒာက "လျှောက်ထားလိုက်ပါတယ်၊ ဗြဟ္မဒဏ်ဆိုသည်မှာ ကောင်းကောင်းဆိုးဆိုး ထိုရဟန်းပြောသမျှ မဆုံးမရခြင်းဖြစ်ပါတယ်ဘုရား" လို့ လျှောက်ထားတော့ မထေရ်ကြီးများက "ထိုသို့ဖြစ်လျှင် ငါ့ရှင်ပင် ဆန္နမထေရ်ကို ဗြဟ္မဒဏ်ထားပေတော့" လို့ စေခိုင်းကြတယ်၊ အရှင်အာနန္ဒာလည်း မထေရ်ကြီးများအမိန့်အတိုင်း ရဟန်းပရိသတ်အခြံအရံဖြင့် ကောသမ္ဗီပြည်ကို လှေဖြင့်ကြွသွားသတဲ့၊ ကောသမ္ဗီပြည်ရောက်တော့ လှေကဆင်းပြီး မင်းဥယျာဉ်တွင်း သစ်ပင်တစ်ပင်ရင်းမှာ ခေတ္တသီတင်းသုံးတယ်။

ဒီအချိန်မှာ ဥတေနမင်းလည်း မောင်းမမိဿံ အခြံအရံနှင့် ဥယျာဉ်ကစားထွက်လာတော့ ဥယျာဉ်တွင်း အရှင်အာနန္ဒာရောက်နေကြောင်း သတင်းကြားသတဲ့၊ အရှင်အာနန္ဒာဟာ ဥတေနမင်းရဲ့ မောင်းမမိဿံတို့ရဲ့ ဆရာဖြစ်ဖူးတယ်၊ အရှင်အာနန္ဒာရောက်ကြောင်း သတင်းကြားရတော့ မောင်းမမိဿံများဟာ အရှင်အာနန္ဒာကို ဖူးမြော်လိုကြတဲ့အတွက် ဥတေနမင်းထံ အခွင့်တောင်းကြတယ်၊ ဥတေနမင်းကလည်း သင်တို့ဆရာကို သွားရောက် ဖူးမြော်ကြလို့ ကြည်ကြည်သာသာ အခွင့်ပေးတဲ့အတွက် မောင်းမငါးရာတို့ဟာ အရှင်အာနန္ဒာထံ သွားရောက် ဖူးမြော်ကြသတဲ့၊ အရှင်အာနန္ဒာက လာရောက် ဖူးမြော်ကြတဲ့ တပည့်မများကို တရားဟောတယ်၊ တပည့်မတွေဟာ အရှင်အာနန္ဒာကို အလွန် ကြည်ညိုကြတဲ့အတွက် အပေါ်ရုံ တဘက်ငါးရာ ကိုယ်ကချွတ်ပြီး လှူခဲ့ကြတယ်။

ဒီအကြောင်းကို ဥတေနမင်းကသိတော့ အရှင်အာနန္ဒာဟာ အလွန်လောဘ ကြီးတယ်၊ ဒီလောက် များပြားတဲ့ အဝတ်တွေ ဈေးဖွင့်ရောင်း ချင်လို့

http://www.dhammadownload.com



လားလို့ ကဲ့ရဲ့ပြီး အရှင်အာနန္ဒာထံသွားတယ်၊ အရှင်အာနန္ဒာထံရောက်တော့ တပည့်တော်ရဲ့ မောင်းမများ လာပါသလားလို့ လျှောက်ထားတယ်၊ လာတယ်လို့ အရှင့်အာနန္ဒာက မိန့်တော်မူတော့ သူတို့ ဘာတွေများ လှူသွားကြပါသလဲလို့ လျှောက်တယ်၊ အပေါ်ရုံတဘက်ငါးရာ လှူသွားကြတယ်လို့ မိန့်တော်မူတော့ ဒီလောက်များပြားတဲ့ အပေါ်ရုံတွေ ဘာလုပ်မှာလဲ အရှင်ဘုရားလို့လျှောက်တယ်၊ သင်္ကန်းရှားပါးတဲ့ ကိုယ်တော်များ သင်္ကန်းချုပ်ဖို့ ခွဲလှူရမယ်မင်းကြီးလို့ မိန့်တော်မူတော့ မူလသင်္ကန်းဟောင်းတွေ ဘာလုပ်မှာလဲလို့ လျှောက်ပြန်တယ်၊ သင်္ကန်းဟောင်းတွေအခင်းလုပ်ရတယ်လို့ မိန့်တော်မူတော့ အခင်းဟောင်းတွေ ဘယ်လိုလုပ်မလဲလို့လျှောက်ပြန်တယ်၊ အခင်းဟောင်းတွေဖုံစွပ်လုပ်ရတယ်လို့ မိန့်ပြန်တော့ ဖုံစွပ်အဟောင်းတွေ ဘယ်လိုလုပ်မလဲလို့ လျှောက်ပြန်တယ်၊ ဖုံစွပ်ဟောင်းတွေ မြေအခင်းလုပ်ရတယ်၊ မြေအခင်းဟောင်းတွေတော့ ခြေသုတ်ကြိုးလုပ်ရတယ်၊ ခြေသုတ်အဟောင်းတွေတော့ ဖုန်သုတ်ဖုန်ခါလုပ်ရတယ်၊ ဖုန်သုတ်ဖုန်ခါအဟောင်းတွေတော့ နုတ်နုတ်စင်းထောင်းပြီး ရွှံ့နှင့်နယ်ကာ ကျောင်းကုဋီကို လိမ်းကျံရတယ်လို့ ပြန်ပြောတယ်၊ အဲဒီအခါမှ ဥတေနမင်းဟာ နှစ်သက်ပြီး အထည်ငါးရာ ထပ်ပြီးလှူသတဲ့။

အရှင်အာနန္ဒာဟာ အဲဒီဉယျာဉ်က ဃောသိတာရုံကျောင်းကို ကြွတယ်၊ ဃောသိတာရုံကျောင်းမှာ အရှင်ဆန္နရှိနေတယ်၊ အရှင်ဆန္နဟာ အရှင်အာနန္ဒာ ကြွလာကြောင်းကြားလို့ လာရောက်ဖူးမြော်တယ်၊ ဒီအခါ အရှင်အာနန္ဒာက "ငါ့ရှင်ဆန္န–သံဃာသည် သင့်အား ဗြဟ္မဒဏ်ထားစေတယ်" လို့ မိန့်တော်မူတယ်၊ အရှင် ဆန္နက "ဗြဟ္မဒဏ်ဆိုတာ ဘယ်လိုပါလဲ ဘုရားလို့ လျှောက်ထားတော့ အရှင်အာနန္ဒာက "ငါ့ရှင်ဆန္န–သင်သည် ရဟန်းတို့ကို ပြောလိုရာပြော၊ ရဟန်းများက သင့်ကိုဘာမျှ ဆိုဆုံးမတော့မည်မဟုတ်၊ ဤသည်ပင် သံဃာတော်က ထားတဲ့ ဗြဟ္မဒဏ်ဖြစ်တယ်" လို့ပြောတယ်၊ အရှင်အာနန္ဒာက ဒီလိုမိန့် တော်မူတော့ ဆန္န မထေရ်က "အရှင်ဘုရား–သံဃာက တပည့်တော်အား လျစ်လျူရှုခြင်းသည် တပည့်တော်အား သတ်သည်သာဖြစ်ပါတယ်" လို့ ပြန်လည်ပြောကြားပြီး ထိုနေရာမှာပင် မိန်းမောလဲကျသွားသတဲ့။

အဲဒီနေ့ကစပြီး ဆန္နမထေရ်ဟာ မာန်မာနလျော့ကျပြီး တရားတော်လာ

http://www.dhammadownload.com




အတိုင်း ပွားများအားထုတ်ခဲ့ရာ မကြာမီ အာသဝေါ ကုန်ခန်း ရဟန္တာဖြစ်သတဲ့၊ ရဟန္တာဖြစ်ပြီးနောက် အရှင်အာနန္ဒာထံကြွရောက်ပြီး "အရှင်ဘုရား အာနန္ဒာ ယခုအခါ တပည့်တော်အား ဗြဟ္မဒဏ်ငြိမ်းပါစေလော"လို့ လျှောက်သတဲ့၊ အရှင်အာနန္ဒာက "ငါ့ရှင် ဆန္န–သင် အရဟတ္တဖိုလ် မျက်မှောက်ပြုတဲ့နေ့ကစပြီး သင့်အားပြုထားသော ဗြဟ္မဒဏ်ငြိမ်းအေးပြီ"လို့ မိန့်ဆိုတော်မူပါသတဲ့၊ အင်း– မေးတဲ့ပုဂ္ဂိုလ်ကတော့ ဆန္နထေရ်ရဲ့မျိုးရိုးမျှလောက် မေးတာပါပဲ၊ သို့သော်လည်း စာဖတ်ပရိသတ်များပါ ကျယ်ကျယ်ဝန်းဝန်း သိပါစေလိုလို့ နည်းနည်း ချဲ့ပြော လိုက်တယ်၊ လျှာရှည်တယ်လို့တော့ အပြစ်မတင်ကြနှင့်နော်"

"မှန်ပါ၊ အပြစ်မတင်သည့်ပြင် အင်မတန် ကျေးဇူးတင်မိပါတယ်ဘုရား"

"သာဓု–သာဓု–သာဓု"



http://www.dhammadownload.com



## ❑ ဗောဓိညောင်၊
## ❑ ထွက်ရပ်ပေါက်၊
## ❑ သန္ဓေတားဆေး

"ဟောဒီစာက မုံရွာမြို့နယ် အမြင့်စာတိုက်ခွဲ၊ ရွှေကျင်အုပ်စု၊တခေါင်းရွာ၊ လေသာကျောင်းတိုက်၊ သံဃနာယကဆရာတော် ဦးတိဿထံမှ မေးလျှောက်တဲ့စာဖြစ်ပါတယ်ဘုရား"

"ဆရာတော် ဦးတိဿရဲ့အမေးကို ဖတ်စမ်းပါဦး"

"မှန်ပါ၊ တပည့်တော်ဖတ်လျှောက်ပါ့မယ်ဘုရား"

(၁) ဗောဓိညောင်ပင်မှ ကြွကျသောအသီးများကို ကောက်ယူပြီး ရေစိမ်ကာ ရင်ကျပ်ပျောက်ဆေးအဖြစ် မှီဝဲသူ၊

ဗောဓိညောင်ကိုင်း အခြောက်များကို မီးဆိုက်သူ၊ သန့်ရှင်းရေးအတွက် ၎င်းအရွက်ခြောက်များကို မီးရှို့သူ၊

ဗောဓိပင်အား ကြည်ညိုဖွယ်ရှိအောင် (ပသန္နစိတ်ဖြင့်) အကိုင်းများကို ဖြတ်တောက်သောသူများနှင့် အကြောင်းတစ်ခုခုကြောင့် မြေကိုတူးရာ (ပဒုဋ္ဌစိတ်မပါဘဲ) ဗောဓိညောင်မြစ်ကို

http://www.dhammadownload.com



တူးမိ ဖြတ်မိသူများမှာအပြစ် ရှိမရှိ၊

(၂) ထွက်ရပ်ပေါက်ဆိုသော ပုဂ္ဂိုလ်တို့ကို ကိုးကွယ်ယုံကြည်သောသူ သရဏဂုံ ပျက်မပျက်။

(၃) တကယ်နတ်မဝင်ဘဲ နတ်ဝင်ယောင်ဆောင်သူ၊ နတ်တင်လျှင် ကြီးပွား တိုးတက်လိမ့်မည်ဟု ယုံကြည်သောသူများနှင့် တကယ် ထွက်ရပ်မပေါက်သူကို ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ထင်၍ယုံကြည် ကိုး ကွယ်သည့် သူများ မိစ္ဆာဒိဋ္ဌိ ဖြစ်မဖြစ်။

(၄) သားသမီးမရအောင် ပဋိသန္ဓေတားဆေးစားခြင်း၊ အခြားတစ်နည်း နည်းဖြင့် ပြုပြင်တားဆီးခြင်း၊ သူတစ်ပါးကို တားဆီးပေးသူများ အပြစ်ရှိ မရှိ။

ယခု ဖတ်လျှောက်တဲ့စာဟာ ဆရာတော် ဦးတိဿထံမှ အမေးစာဖြစ် ပါတယ် ဘုရား"

"ဆရာတော် ဦးတိဿရဲ့အမေးက လေးချက်ပါတယ်၊ ပထမအချက်ကို ဖြေကြစို့ရဲ့"

"မှန်ပါ၊ ဖြေတော်မူပါ ဘုရား"

"ကုသိနာရုံပြည်မှာ ဘုရားသခင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးတဲ့နောက် ခုနစ်ရက် သာဓုကီဠနပွဲ ကျင်းပတယ်၊ ခုနစ်ရက် ဓာတ်တော်ပူဇော်ပွဲကျင်းပ တယ်၊ ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူတာက မဟာသက္ကရာဇ် ၁၄၈–ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဖြစ်တယ်၊ သာဓုကီဠနပွဲ ဓာတ်တော်ပူဇော်ပွဲကို ကျင်းပတာက ၁၅–ရက် ကုန်သွားတော့ ကဆုန်လကွယ်နေ့ရောက်ခဲ့ပြီး ဝါဆို ဝါကပ်ဖို့ တစ်လခွဲကျန်တော့တယ်၊ ဒီအခါ ရှင်မဟာကဿပက ငါ့ရှင်တို့– သင်္ဂါယနာတင်ရန် ရာဇဂြိုဟ်ကို သွားကြစို့လို့ သံဃာတစ်ဝက်ကို ခေါ်ယူပြီး ရာဇဂြိုဟ်ကိုကြွတယ်၊ အနုရုဒ္ဓါမထေရ်က သံဃာတစ်ဝက်ကိုခေါ်ယူပြီး တစ်ခု သော လမ်းက ရာဇဂြိုဟ်ကိုကြွတယ်၊ အရှင်အာနန္ဒာကတော့ ဘုရားရှင်ရဲ့ သပိတ်သင်္ကန်းတော်ကို ဆောင်ယူပြီး ရဟန်းအပေါင်းအခြံအရံနှင့် သာဝတ္ထိ ပြည်ကိုကြွတယ်၊ သာဝတ္ထိပြည်ကမှ ရာဇဂြိုဟ်ကို ကြွလိမ့်မယ်။

သာဝတ္ထိပြည်ကိုရောက်တော့ ဇေတဝန်ကျောင်းတိုက်အတွင်း ဝင်ပြီး

http://www.dhammadownload.com


ဘုရားရှင်သီတင်းသုံးတော်မူတဲ့ ဂန္ဓကုဋီတိုက်တံခါးကို ဖွင့်တယ်၊ အတွင်းက ညောင်စောင်းအင်းပျဉ်တွေကို ထုတ်ပြီးခါတယ်၊ ပြီးတော့ ဂန္ဓကုဋီတိုက်ကို တံမြက်လှည်းတယ်၊ ညှိုးနွမ်းနေတဲ့ ပန်းအမှိုက်တွေကိုစွန့်ပြီး ညောင်စောင်း အင်းပျဉ်ကို တစ်ဖန်ပြန်သွင်းတယ်၊ ပြီးတော့ ခါတ်ချုပ်နေတဲ့အတွက် ဝမ်းနုတ်ဆေး ဘုဉ်းပေးတယ်၊ အဲဒီနောက် ဇေတဝန်ကျောင်းတော်ကြီး ပျက်စီးနေတာကို ပြင်ဆင်စေတယ်၊ ဝါကပ်မည့်နေ့နီးလာမှ ရာဇဂြိုဟ်ပြည်ကို ပြန်ကြွတယ်တဲ့၊ ဒီအကြောင်းကို ပါရာကဏ် ၌၊(ပ) ၈–မှာ–

**"အထ ထေရော ဇေတဝနဝိဟာရေ ခဏ္ဍဖုလ္လပဋိသင်္ခရဏံ ကာရာပေတွာ ဥပကဋ္ဌာယ ဝဿုပနာယိကာယ ရာဇဂဟံ ဂတော"**

လို့ ဖွင့်ပြထားတယ်၊ ယခုစကားရပ်က ဘာကိုပြောနေတာလဲဆိုတော့ ဘုရားရှင် သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်ဟာ ပရိဘောဂစေတီ တော်ဖြစ်တယ်၊ ဘုရားရှင်ပွင့်တော်မူရာ မဟာဗောဓိညောင်ပင်ဟာလည်း ပရိဘောဂစေတီတော်ပင်ဖြစ်တယ်၊ ပရိဘောဂ စေတီတော်ချင်း တူတဲ့အတွက် ဇေတဝန်ကျောင်းတော်ကို ပြုပြင်နိုင်ခွင့်ရှိလျှင် မဟာဗောဓိညောင်ပင်ကိုလည်း ပြုပြင်နိုင်ခွင့်ရှိတယ်၊ ကျောင်းပြုပြင်တယ်ဆိုတာ ဖျက်တန်တာဖျက်၊ ဖြိုတန်တာဖြို၊ ထောက်တန်တာထောက်၊ အစားထိုးတန် တာထိုးရသလို ဗောဓိညောင်ပင်ကို ပြုပြင်မယ်ဆိုလျှင်လည်း ထို့အတူပင် ပယ်တန်တာပယ်၊ ထောက်တန်တာ ထောက်ပြီး ပြုပြင်ရမှာပဲ၊ သို့သော်လည်း ဗုဒ္ဓဘာသာဝင်များရဲ့ အယူအစွဲတစ်ခုက **"ဗောဓိရုက္ခံ ဆိန္ဒန္တိ၊ စေတိယံ ဆိန္ဒန္တိ"** ဗောဓိပင်ကို ဖြတ်တောက်ခြင်း၊ စေတီတော်ကို ဖောက်ဖျက်ခြင်းဟာ အလွန်အပြစ်ကြီးတယ်ရယ်လို့ ယုံကြည် ထားကြတယ်၊ အဲဒီယုံကြည်စိတ်ကြောင့် ဗောဓိပင်ကို ဖြတ်တောက်ဖို့၊ စေတီတော် ကိုဖျက်ဖို့ အလွန်ဝန်လေးနေကြတယ်။

အမှန်က ဗောဓိရုက္ခံ ဆိန္ဒန္တိ–စတဲ့ စကားက ပြစ်မှားလိုတဲ့ ပဒုဋ္ဌစိတ် နှင့် ဖြတ်တောက် တူးဖြိုခြင်းကိုသာ ဆိုလိုတယ်၊ ပြုပြင်လိုတဲ့ ပသန္နစိတ်နှင့် ဖြတ်တောက် တူးဖြိုခြင်းကို ဆိုလိုတာမဟုတ်ပါဘူး၊ ပြစ်မှားတဲ့ စိတ်နှင့် ဖြတ် တောက် တူးဖြိုခြင်းလုပ်လျှင်တော့ ဧကန် အပြစ်ကြီးမားပါတယ်၊ ပြုပြင်လိုတဲ့ ပသန္နစိတ်နှင့် ပြုလုပ်ခဲ့လျှင် အပြစ်မဟုတ် အကျိုးသာများပါတယ်၊ ပဋ္ဌာနက္ကံ

http://www.dhammadownload.com


ရိယကံငါးပါးမှာ ပြစ်မှားလိုတဲ့စိတ်နှင့် ဘုရားရှင်ရဲ့ ကိုယ်တော်မှာ သွေးစိမ်းတည်အောင် ပြုလုပ်ခဲ့လျှင် အနန္တရိယကံကြီးထိုက်တယ်၊ ဆရာဇီဝကတို့လို ပသန္နစိတ်နှင့် ကိုယ်တော်ရဲ့အသွေးကို ဖောက်ထုတ်တာမျိုးကျတော့ အနန္တရိယကံကြီး မထိုက်တဲ့အပြင် အလွန် အကျိုးကြီးမားပါတယ်၊ ကုသိုလ် အကုသိုလ်အဆုံးအဖြတ်ဟာ အဘိဓမ္မာရဲ့ဆရာဖြစ်တယ်၊ အဘိဓမ္မာသဘောအားဖြင့် စိတ်ကောင်းထားမှု၊ မထားမှုအပေါ်မှာဆုံးဖြတ်တယ်၊ ဒါကြောင့် စိတ်ကောင်းထားပြီး ပြုလုပ်ခဲ့လျှင် ကုသိုလ် ဖြစ်တယ်၊ စိတ်ကောင်းမထားခဲ့လျှင် အကုသိုလ် ဖြစ်တယ်။

သုတ္တန်နည်းအားဖြင့် ဆိုလျှင်–

**ယာနိ ကရောတိ ပုရိသော၊**
**တာနိ အတ္တနိ ပဿတိ။**
**ကလျာဏကာရီ ကလျာဏံ၊**
**ပါပကာရီစ ပါပကံ။**
**ယာဒိသံ ဝပ္ပတေ ဗီဇံ၊**
**တာဒိသံ ဟရတေ ဖလံ။**

ဆိုတဲ့ ပဉ္စကနိပါတ် ဝေနသာခဇာတ်လာ ဂါထာတော်ဟာ အဆုံးအဖြတ်ဖြစ်တယ်၊ အဓိပ္ပာယ်က ကိုယ်ပြုလုပ်တဲ့အလုပ် ကိုယ်မြင်ရတယ်၊ ကောင်းတာလုပ်လျှင် ကောင်းကျိုးရတယ်၊ မကောင်းတာလုပ်လျှင် မကောင်းကျိုးရတယ်၊ အချဉ်မျိုးစိုက်လျှင် အချဉ်သီးသီးတယ်၊ အချိုမျိုးစိုက်လျှင် အချိုသီးသီးမယ်တဲ့၊ ဒါကြောင့် စိတ်ကောင်းနှင့်ပြုပြင်လျှင် ကောင်းမွန်ပါတယ်၊ ဒီစကားထဲမှာ ပထမအမေးရဲ့ အဖြေအားလုံးပါပြီလို့ မှတ်ယူသင့်ပါတယ်ကွယ်"

## ထွက်ရပ်ပေါက် ဘိုးဘိုးကြီးများ

"ဒုတိယအမေးက ထွက်ရပ်ပေါက် ဘိုးဘိုးကြီးများကို ယုံကြည်ကိုးကွယ်သူများ သရဏဂုံ ပျက်ပါသလားတဲ့၊ ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓကိုဘုရားအဖြစ် ယုံကြည် ကိုးကွယ်

http://www.dhammadownload.com



ဆည်းကပ်ကိုးကွယ်သူကို သရဏဂုံတည်သူလို့ ဆိုရတယ်၊ အဲဒီသရဏဂုံတည်သူဟာ သရဏဂုံပျက်ဖို့အကြောင်း နှစ်ပါးရှိတယ်လို့ ခုဒ္ဒကပါဠိ၊ ၇–မှာ ဆိုထားတယ်၊ အကြောင်းနှစ်ပါးက အပြစ်ရှိသော ပျက်ခြင်း၊ အပြစ်မရှိသော ပျက်ခြင်းတို့ ဖြစ်ကြသတဲ့၊ အပြစ်မရှိပျက်တာက ကွယ်လွန်တဲ့အတွက် သရဏဂုံ ပျက်သွားတာကို ဆိုလိုတယ်၊ အပြစ်ရှိသောပျက်ခြင်း ဆိုတာက မိမိကိုးကွယ်သော ဗုဒ္ဓမှတစ်ပါး အခြား ဘုရားတစ်ပါး ကိုးကွယ်ခြင်းကိုဆိုလိုတယ်၊ တစ်ခါ ကိုးကွယ်ခြင်းဆိုတဲ့ စကားရပ်မှာလည်း သံသရာဘဝအတွက် ကိုးကွယ်ခြင်း၊ ပစ္စုပ္ပန်ဘဝအတွက် ကိုးကွယ်ခြင်းလို့ နှစ်မျိုးရှိပြန်တယ်။

သံသရာဘဝအတွက် ကိုးကွယ်တယ်ဆိုတာက ဒီဘုရားသခင်ရဲ့ အဆုံးအမကို နာခံ ပြုကျင့်ခြင်းဖြင့် သံသရာဘဝမှာ ချမ်းသာနိုင်တယ်၊ သံသရာဝဋ်ဒုက္ခ ကင်းလွတ်တဲ့နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်လို့ ယုံကြည်စိတ်နှင့် ကိုးကွယ်ခြင်းကို ဆိုလိုတယ်၊ ပစ္စုပ္ပန်ဘဝအတွက် ကိုးကွယ်တယ်ဆိုတာက ဒီနတ်၊ ဒီဘုရား၊ ဒီပုဂ္ဂိုလ်ထူးများကို ကိုးကွယ်ခြင်းဖြင့် ယခုဘဝမှာ ရောဂါကင်းမယ်၊ စည်းစိမ်ဥစ္စာတိုးမယ်၊ အကြံအစည်အောင်မယ် ဆိုတဲ့ ယုံကြည်ချက်နှင့် ကိုးကွယ်တာကိုဆိုလိုတယ်။

ဒီပစ္စုပ္ပန်အကျိုးအတွက် ကိုးကွယ်တဲ့အထဲမှာ–

(၁) ဘေးရန်ကိုကြောက်လို့ ကိုးကွယ်ခြင်း၊

(၂) ပစ္စည်းဥစ္စာရလို၍ ကိုးကွယ်ခြင်း၊

(၃) မိရိုးဖလာအစဉ်အလာ ကိုးကွယ်ခြင်း၊

(၄) ဆရာဖြစ်လို့ကိုးကွယ်ခြင်းမျိုးတွေ ပါဝင်ပါတယ်။

ဒီကိုးကွယ်ခြင်းနှစ်မျိုးအနက် သံသရာဘဝအတွက် ကိုးကွယ်တယ်ဆိုလျှင် မိမိရဲ့ ရတနာသုံးပါးအပေါ် ခံယူချက် ပျက်ပြယ်သွားတဲ့အတွက် ကေန် သရဏဂုံပျက်တယ်၊ သရဏဂုံပျက်တဲ့အတွက် ဗုဒ္ဓဘာသာဝင်အဖြစ်မှလည်း ပျက်သွားတယ်၊ သံသရာဘဝအတွက် ကိုးကွယ်တာမဟုတ်၊ ပစ္စုပ္ပန်အတွက်မျှသာ ကိုးကွယ်တာဆိုလျှင်တော့ သရဏဂုံမပျက်ပါဘူး၊ သရဏဂုံမပျက်တဲ့အတွက် ဗုဒ္ဓဘာသာဝင်အဖြစ်မှလည်း မပျက်ပါဘူး၊ သရဏဂုံမပျက်သော်လည်း ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကိုမသိခြင်း၊ ရတနာသုံးပါး၌ ယုံမှားခြင်း၊

http://www.dhammadownload.com


ဘုရားရှင်ဟောတဲ့ ကံ–ကံရဲ့အကျိုးအပေါ် သံသယရှိခြင်းတို့ကြောင့် သရဏဂုံ ညစ်နွမ်းတယ်လို့ မှတ်ရမယ်ကွယ့်"

"မှန်ပါဘုရား"

"ဝိဇ္ဇာ, ဇော်ဂျီ ကိုးကွယ်တာ။ အိမ်တွင်း အိမ်ပြင် နတ်များကိုးကွယ်တာ၊ ဘိုးဘိုးကြီးများကို ကိုးကွယ်တာများက သံသရာဘဝအတွက် ဘုရားအဖြစ် ကိုးကွယ်တာမျိုး မဟုတ်ပါဘူး၊ အန္တရာယ်ကင်းအောင်၊ လာဘ်လာဘ ပေါများအောင်၊ လောကီအကျိုးငဲ့ပြီး ကိုးကွယ်ကြခြင်းဖြစ်လို့ ဒီလို ဘယ၊ လာဘ၊ ကုလ၊ အာစရိယအဖြစ် ကိုးကွယ်ခြင်းအတွက် သရဏဂုံ မပျက်ပါဘူး၊ သရဏဂုံမပျက်တဲ့အတွက် ဥပါသကခေါ်တဲ့ ဗုဒ္ဓဘာသာဝင်အဖြစ်မှလည်း မရွေ့လျော မပျက်စီးပါဘူးလို့ ဖြေလိုက်ပါတယ်ကွယ်။

## မိစ္ဆာဒိဋ္ဌိဟူသည်

"တတိယမေးခွန်းက တကယ်နတ်မဝင်ဘဲ နတ်ဝင်ယောင်ဆောင်သူကို တင်မြှောက်ပသလျှင် ကြီးပွားတိုးတက်လိမ့်မယ်လို့ ယုံကြည်တဲ့သူများ၊ တကယ်ထွက်ရပ်မပေါက်သူကို ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထင်ပြီး ယုံကြည် ကိုးကွယ်သူများ မိစ္ဆာဒိဋ္ဌိ ဖြစ်နိုင်သလားတဲ့၊ ဒီအမေးနှင့် ပတ်သက်ပြီး မိစ္ဆာ ဒိဋ္ဌိဆိုတဲ့စကားကို ဦးစွာ ရှင်းလင်းရလိမ့်မယ်၊ မိစ္ဆာဒိဋ္ဌိဆိုတာ မှားသော မြင်ခြင်းလို့ အနက်ရတယ်၊ သို့သော် ဒိဋ္ဌိဆိုတဲ့မြင်ခြင်းက မျက်စိနှင့်မြင်တာ ကို မဆိုလိုဘူး၊ ဉာဏ်ဖြင့်မြင်တာကို ဆိုလိုတယ်၊ ဒါကြောင့် မိစ္ဆာဒိဋ္ဌိကို ဉာဏ်အမြင်မှားတယ်၊ အယူအဆမှားတယ်လို့ ကောက်ယူရတယ်၊ အယူအဆ မှားတယ်ဆိုတာ ဘယ်လိုမှားသလဲ၊ ဉာဏ်အမြင်မှားတယ်ဆိုတာ ဘယ်လို မှားသလဲဆိုလျှင် ဥပရိပဏ္ဏာသပါဠိတော်၊ အနုပဒဝဂ်၊ မဟာစတ္တာရီသက သုတ်မှာ ဘုရားရှင်က "ရဟန်းတို့–အမှားမြင်ခြင်း မိစ္ဆာဒိဋ္ဌိသည် အဘယ်နည်း။

(၁) တစ်ဦးတည်းလှူ၍ အကျိုးမရှိ၊

(၂) အများအား ပေးလှူ၍ အကျိုးမရှိ၊

(၃) ဧည့်သည်တို့အား ပေးလှူခြင်း၏ အကျိုးသည် မရှိ၊

(၄) ကောင်းမှု–မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊

http://www.dhammadownload.com



(၄) ကောင်းမှု–မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊

(၅) ဤပစ္စုပ္ပန် လောကသည် မရှိ၊

(၆) တစ်ပါးသော လောကသည် မရှိ၊

(၇) အမိ၏ ကျေးဇူးသည် မရှိ၊

(၈) အဖ၏ ကျေးဇူးသည် မရှိ၊

(၉) ဥပပတ်သတ္တဝါဟူသည် မရှိ၊

(၁၀) ကောင်းစွာကျင့်၍ ဉာဏ်အမြင်ပေါက်သော သမဏ, ဗြာဟ္မဏ တို့သည် မရှိ။

ရဟန်းတို့–ဤသို့သိမြင်ခြင်းသည် အမှားသိမြင်ခြင်း မိစ္ဆာဒိဋ္ဌိတည်းလို့ ဟောတော်မူပါတယ်၊ ဒါကြောင့် မိစ္ဆာဒိဋ္ဌိဆိုတဲ့အမြင်မှားဟာ မျက်စိဖြင့် အမြင် မှားခြင်းမျိုးမဟုတ်၊ ဉာဏ်အမြင်မှားခြင်း၊ အယူအဆမှားယွင်းခြင်းမျိုးသာ ဖြစ်တယ်၊ နတ်မဝင်ပါဘဲ နတ်ဝင်တယ်လို့ အထင်မှားတာ၊ ဝိဇ္ဇာမဟုတ်ပါဘဲ ဝိဇ္ဇာလို့ အထင်မှားတာ၊ ကြက်ကို ဘုက်ကင်ကာ၊ ဘုတ်ကို ကြက်ထင်တာမျိုး တွေဟာ အမြင်မှားတာတော့ ဟုတ်ကြပါတယ်၊ သို့သော်လည်း မိစ္ဆာဒိဋ္ဌိ ဖြစ်ပြီလို့တော့ မဆိုနိုင်သေးပါဘူးလို့ ဖြေကြားလိုက်ပါတယ်။

**ပဋိသန္ဓေတားဆေး**

"ပဋိသန္ဓေမရအောင် တားဆေးပေးသူ၊ ပြုပြင်ပေးသူများ အပြစ် ရ မရ ဆိုတဲ့ စတုတ္ထအမေးဟာ ယနေ့ခေတ်အတွင်း အလွန်ကျယ်လောင်လာတဲ့ မေးခွန်းဖြစ်တယ်၊ ယနေ့ ကမ္ဘာ့လူဦးရေဟာ အလွန် တိုးပွားနေတယ်၊ လူဦးရေ များပြားလာတဲ့အတွက် လူတွေနေထိုင်ဖို့ မြေ၊ လူတွေစားဖို့ အစာ အာဟာရဟာ တစ်နှစ်ထက်တစ်နှစ် ခက်ခဲလာတယ်၊ ဒါကြောင့် လူဦးရေ အလွန်ထူထပ်တဲ့ တရုတ်ပြည်တို့၊ အိန္ဒိယပြည်တို့မှာ လူဦးရေ ကန့်သတ်မှု အတွက် စီစဉ်နေကြရပြီ၊ ဒီလိုစီစဉ်ရာမှာ တစ်အိမ်ထောင်လျှင် လူဦးရေ မည်မျှသာ ပွားစေရမယ်၊ ကန့်သတ်ထားတဲ့ လူဦးရေ စေ့ခဲ့လျှင် နောက်ထပ် မပွားလာအောင် ပဋိသန္ဓေတားဆေးကျွေးခြင်း၊ ပြုပြင်ခြင်းတို့ဖြင့် တားဆီးရမယ်လို့ အားထုတ်နေကြတယ်။

ဒီလိုပဋိသန္ဓေတားမြစ်တာကို အချို့ဘာသာဝင်တွေက ကန့်ကွက်ကြ

http://www.dhammadownload.com



တယ်၊ ဘာကြောင့် ကန့်ကွက်တာလဲဆိုတော့ လူတွေ ဒီလိုတိုးပွားလာအောင် ဘုရားသခင်က ပြုလုပ်တော်မူခြင်းဖြစ်တယ်၊ ဘုရားသခင်ရဲ့အလိုတော်အရ တိုးပွားလာတဲ့လူထုကို မတိုးပွားရအောင် တားမြစ်ခြင်းဟာ ကောင်းကင်ဘုံစံ ဘုရားသခင်ကို အာခံရာရောက်ပါသတဲ့၊ ဒါကြောင့် သူ့သဘောနှင့်သူ တိုးပွားလာတဲ့ လူကို မတိုးပွားရအောင် မတားဆီးပါနှင့်၊ တားဆီးသောသူ ဟာ ကောင်းကင်ဘုံစံ ဘုရားသခင်ရဲ့ ရန်သူဖြစ်တယ်လို့ ပဋိသန္ဓေတားဆီးသူ များကို ကန့်ကွက်ကြတယ်။

ဗုဒ္ဓဘာသာဝင်များကတော့ ဖန်ဆင်းရှင်ဘုရားရှင်ကို မယုံကြည်ကြပါ ဘူး၊ ဖန်ဆင်းရှင်ကို မယုံကြည်တဲ့အတွက် အပြစ်ရှိမရှိဆိုတာ ဖန်ဆင်းရှင်နှင့် မတွက်ဘဲ ကမ္မပထတရားနှင့် တွက်ကြရတယ်၊ ကမ္မပထနှင့် တွက်ခဲ့လျှင် ပဋိသန္ဓေ တားဆေးပေးခြင်း၊ ပြုပြင်ပေးခြင်းဟာ သန္ဓေသားကို သတ်ရာ ရောက်မရောက်ဆိုတဲ့ ပုစ္ဆာအပေါ်မှာ တည်တယ်၊ ရှိပြီး သန္ဓေသားကို ဖျက်ဆီး ခဲ့လျှင် ကေန် ပါဏာတိပါတကံထိုက်ပြီး အပြစ်ကျရောက်တယ်၊ ယခုပုစ္ဆာက မရှိသေးတဲ့ သန္ဓေသား ဖြစ်ပေါ်မလာအောင် တားဆီးတာဖြစ်တယ်။

ပါဏာတိပါတကံရဲ့ အင်္ဂါဟာ (၁) သတ္တဝါဖြစ်ခြင်း၊ (၂) သတ္တဝါဟု သိခြင်း၊ (၃) သတ်လိုသောစေတနာ၊ (၄) လုံ့လပြုခြင်း၊ (၅) ထိုလုံ့လဖြင့် သေခြင်းရယ်လို့ ငါးပါးရှိတယ်၊ ဒီအင်္ဂါငါးပါးပြည့်စုံလျှင် ပါဏာတိပါတကံ မြောက်တယ်၊ အင်္ဂါငါးပါး မပြည့်စုံလျှင် ကံမမြောက်ဘူး၊ ဒီအင်္ဂါငါးချက်မှာ ပဋိသန္ဓေတားဆေးစားဆဲမှာ သတ္တဝါလည်း မရှိသေးဘူး၊ သတ္တဝါမရှိသေးလို့ သတ္တဝါရယ်လို့လည်း မသိဘူး၊ သေစေလိုတဲ့ စိတ်လည်း မရှိဘူး၊ သေအောင် လည်း လုံ့လမပြုဘူး၊ သေလည်း မသေဘူး၊ ပါဏာတိပါတကံရဲ့ ဤအင်္ဂါ ငါးပါးလုံး လွတ်နေတယ်၊ ဒါကြောင့် ပဋိသန္ဓေတားဆေးပေးခြင်း၊ ပဋိသန္ဓေ မဖြစ်အောင် ကြိုတင်ပြုပြင်ခြင်းဟာ သံသရာအပြစ် တစ်စုံတစ်ရာ ဖြစ်ဖွယ် မရှိဘူး၊ သို့သော်လည်း ပဋိသန္ဓေတားဆေးအချို့ဟာ ခိုင်လုံတဲ့ အာမခံချက် မရှိဘူး၊ ပဋိသန္ဓေမြဲသွားလျှင် လူကို ဥပါဒ်ပေးတတ်သတဲ့၊ ပဋိသန္ဓေမမြဲခဲ့ လျှင် အင်္ဂါမစုံတဲ့ သားသမီးများ မွေးဖွားတတ်တယ်တဲ့၊ အဲဒါကြောင့် စိတ်မချရတဲ့ ဆေးမျိုးကို လုံးဝ မစားသင့်ဘူးလို့ အဖြေပေးလိုက်ပါတယ်။

"သာဓု–သာဓု–သာဓု"

http://www.dhammadownload.com



## ❑ သကြိုန်နှင့် သိကြားမင်း၊
## ❑ သုသာန်နှင့်ပရိတ်၊
## ❑ သာမဏေနှင့် နှစ်ထပ်သင်္ကန်း

"ဟောဒီစာက ပဲခူးတိုင်း၊ အုတ်တွင်းမြို့၊ ကန်ကလေး တောရစာသင်တိုက် ရှင်ရေဝတထံက အမေးများ ဖြစ်ပါတယ် ဘုရား"

"ရှင်ရေဝတက ဘာတွေများ မေးထားတုန်းကွယ့်"

"ရှင်ရေဝတ အမေးက–

(၁) သင်္ကြန်ရက်အတွင်း လူ့ပြည်သို့ သိကြားမင်း ဆင်း–မဆင်း။

(၂) သချိုင်း၌ ပရိတ်ရွတ်ကောင်း–မရွတ်ကောင်း။

(၃) ရှင်သာမဏေများ ဒုကုဋ် (နှစ်ထပ်သင်္ကန်းကြီး) ဝတ်ကောင်း–မဝတ်ကောင်း သိလိုပါသတဲ့ ဘုရား"

### သင်္ကြန်ရက်အတွင်း လူ့ပြည်သို့ သိကြားမင်း ဆင်းမဆင်း

"ရှင်ရေဝတရဲ့ အမေးသုံးပါးအနက် ပထမအမေးဖြစ်တဲ့သင်္ကြန်ရက်တွင်း

http://www.dhammadownload.com



လူ့ပြည်သို့ သိကြားမင်း ဆင်းမဆင်းဆိုတာဟာ သင်္ကြန်စာက လာတာ ဖြစ်ပါလိမ့်မယ်"

"သင်္ကြန်စာက ဘယ်လိုလာပါသလဲ ဘုရား"

"သင်္ကြန်စာက လာပုံက ဒီလိုကွယ့်၊ လူ့ပြည်မှာ မဟာသင်္ကြန်ကျတယ် ဆိုတာ နှစ်တစ်နှစ် ကုန်ဆုံးသွားတာကို ဆိုလိုတယ်၊ နှစ်တစ်နှစ် ဘယ်လို ကုန်ဆုံးသွားတယ်ဆိုတာ အကျဉ်းပြောရလျှင် ကောင်းကင်မှာ နေ-လ-နက္ခက်-တာရာတွေထဲက လမ်းစဉ်မပျက် ခရီးမှန်မှန်သွားတတ်တဲ့ ကြယ်တွေကို နက္ခတ်လို့ခေါ်တယ်၊ အဲဒီနက္ခတ်တွေဟာ (၁) အဿဝဏီ၊ (၂) ဘရဏီ၊ (၃) ကြတ္တိကာ၊ (၄) ရောဟဏီ၊ (၅) မိဂသီ၊ (၆) အဒြ၊ (၇) ပုနဗ္ဗုသျှ၊ (၈) ဖုသျှ၊ (၉) အသလိဿ၊ (၁၀) မာဃ၊ (၁၁) ပြုဗ္ဗဖလဂုနီ။ (၁၂) ဥတ္တရာဖလဂုနီ၊ (၁၃) ဟဿတ၊ (၁၄) စိတြ၊ (၁၅) သွာတိ၊ (၁၆) ဝိသာခါ၊ (၁၇) အနုရာဓ၊ (၁၈) ဇေဋ္ဌ၊ (၁၉) မူလ၊ (၂၀) ပြုဗ္ဗသာဠ်၊ (၂၁) ဥတ္တရာသာဠ်၊ (၂၂) သရဝဏ်၊ (၂၃) ဓနသိဒ္ဓ၊ (၂၄) သတဘိသျှ၊ (၂၅) ပြုဗ္ဗဘဒြပိုဒ်၊ (၂၆) ဥတ္တရာဘဒြပိုဒ်၊ (၂၇) ရေဝတီ-ရယ်လို့ ၂၇ လုံး ရှိတယ်။

ဒီ ၂၇ လုံးသောနက္ခတ်တွေဟာ ကောင်းကင်အဝန်းမှာ အကွာအဝေး အညီအမျှတည်ပြီး လက်ယာရစ်သွားနေကြတယ်၊ နေမင်းကလည်း ကောင်းကင်မှာ သူ့လမ်းနှင့်သူ သွားနေတယ်၊ ဒီလို နေမင်းနှင့် နက္ခတ်ယှဉ်ပြိုင်သွားကြတဲ့အခါ နက္ခတ်ကမြန်ပြီး နေမင်းက အသွားနှေးတယ်၊ နက္ခတ်၂၇-လုံးဟာ တစ်လုံးနှင့်တစ်လုံး အကွာအဝေး လေးဖို့တစ်ဖို့ကို ပါဒ်လို့ခေါ်တယ်၊ နက္ခတ် ၂၇-လုံး တစ်လုံးလေးပတ်ဆိုတော့ ပါဒ်ပေါင်း-၁၀၈-ပါဒ်ရှိတယ်၊ နက္ခတ်ဟာ နေနှင့်ယှဉ်ပြိုင်သွားရာမှာ ရက်ပေါင်း ၃၀-လွန်လျှင် နေကို ကိုးပတ်လွန်သွားတယ်၊ တန်ခူးလမှာ အဿဝနီနက္ခတ်နှင့် ယှဉ်ပြေးတဲ့နေဟာ ရက် ၃၀ လွန်လျှင် အဿဝနီ လေးပတ်၊ ဘရဏီ လေးပတ်၊ ကြတ္တိကာ တစ်ပတ် အားဖြင့် ကိုးပတ်လွန်သွားတယ်၊ အဲဒီ ကိုးပတ်သော နက္ခတ်ရဲ့သဏ္ဍာန်ဟာ ဆိတ်ရုပ်နှင့်တူလို့ မိဿရာသီလို့ခေါ်တယ်၊ မိဿရာသီကစပြီး တစ်လလျှင် ကိုးပတ်၊ ကိုးပတ် နက္ခတ်က လွန်လွန်သွားလိုက်တာ ရက်ပေါင်း ၃၆၅-ရက် တစ်နှစ်စေ့တော့ မိန်ရာသီအဆုံး ရေဝတီနက္ခတ်နှင့် ယှဉ်တယ်။

http://www.dhammadownload.com



ရေဝတီအဆုံး နက္ခတ်နှင့်ယှဉ်ပြီးတော့ အစက ယှဉ်ခဲ့တဲ့ အသဝနီ နက္ခတ် ပထမပတ်နှင့် ယှဉ်ပြိုင်တဲ့အချိန်ကို သင်္ကြန်ကျတဲ့အချိန်လို့ခေါ်တယ်၊ အဲဒီအချိန်ကို သင်္ကြန်စာက ဘယ်လိုရေးသလဲဆိုတော့ ဘာဏုရာဇာမည်သော တနင်္ဂနွေဂြိုဟ်မင်းသည် ခုနစ်မျိုးသော အဝတ်တန်ဆာတို့တွင် တစ်မျိုးမျိုးသော အဝတ်တန်ဆာကို ဝတ်ဆင်လျက် ကျွဲရဲစသောသတ္တဝါ ခုနစ်ကောင်အနက် တစ်ကောင်ကောင်ကို စီး၍ လက်တစ်ဖက်ကား ပန်း၊ လက်တစ်ဖက်ကား ရေချမ်းအိုးပိုက်လျက် ထက်ဝယ်ဖွဲ့၍ အရှေ့ကသည် တောင်သို့ ဝင်၏လို့ ရေးထားတယ်၊ သင်္ကြန်စာကရေးတဲ့ တနင်္ဂနွေဂြိုဟ်မင်းဆိုတာ (နေ)ကို တင်စားရေးတာပါ၊ အဲဒါကို လူတွေက သိကြားမင်းထင်ပြီး သင်္ကြန်တွင်းအခါ သိကြားမင်း လူ့ပြည်ဆင်းတယ်လို့ ပြောနေခြင်းမျှသာ ဖြစ်ပါတယ်၊ အမှန်စင်စစ် သိကြားမင်းဆင်းလာတာ မဟုတ်ပါဘူးကွယ်”

“ဒီလိုဆို သိကြားမင်းဟာ လူ့ပြည်ကို ဘယ်တော့မှ ဆင်းမလာတော့ဘူးလားဘုရား”

“ဘယ်တော့မှ ဆင်းမလာတော့ဘူးလို့တော့ မပြောနိုင်ဘူး၊ လာသင့်လျှင် လာတဲ့ဝတ္ထုတွေရှိတယ်၊ ဒွါဒသနိပါတ် မဟာကဏှဇာတ်မှာ သိကြားမင်း လူ့ပြည် ဆင်းလာကြောင်း ပြထားတယ်ကွယ့်”

“မှန်ပါ–အဲဒီ မဟာကဏှဇာတ်ကို အတိုချုပ် အမိန့်ရှိပါဦးဘုရား”

“မဟာကဏှဇာတ် အတိုချုပ်က–ကဿပဘုရားရှင် သာသနာ နောက်ပိုင်းမှာ ရဟန်းတွေရော၊ လူတွေရော တရားပျက်ကြတယ်၊ ကုသိုလ်တရား ပွားများသူနည်းပါးပြီး အကုသိုလ်မှုပြုတဲ့ လူတွေ များပြားလာတယ်၊ ဒါကြောင့် လူတွေ သေတိုင်းသေတိုင်း နတ်ပြည်ကို မရောက်ကြဘူး၊ အပါယ်လေးဘုံချည်းသွားကြသတဲ့၊ ဒီအကြောင်း သိကြားမင်းကသိလို့ လူတွေခြိမ်းခြောက်ပြီး သာသနာပြုမှ တော်တော့မှပဲလို့ဆိုပြီး မာတလိနတ်သားကို ခွေးနက်ကြီးယောင်ဆောင်စေတယ်၊ သူက မုဆိုးယောင်ဆောင်ခဲ့တယ်၊ ခွေးနက်ကြီးကို ကြိုးနှင့်ချည်ပြီး သူက ဆွဲကိုင်ထားတယ်၊ ခွေးနက်ကြီးက ဘယ်လောက်ကြီးသလဲဆိုတော့ အာဇာနည်ဆင်ကြီးလောက် ကြီးသတဲ့၊ ခွေးနက်ကြီးက ဟောင်တော့ လူတွေက ထိတ်လန့်ကြတယ်၊ ခွေးနက်ကြီး

http://www.dhammadownload.com


မဝင်နိုင်အောင် မြို့ရိုးတံခါးတွေ ပိတ်ထားပေမယ့် မြို့ရိုးကို ခုန်ဝင်ကြသတဲ့၊ ခွေးဟောင်သံကြောင့် လူတွေပုန်းနေကြတယ်။

ဉသိကာမင်းကတော့ ပြာသာဒ်ထက်ကနေပြီး မုဆိုးယောင်ဆောင်လာတဲ့ သိကြားမင်းကို သင့်ခွေးကြီး ဘာလို့ဟောင်တာလဲလို့ မေးတယ်၊ ဆာလို့ ဟောင်တာပါလို့ ပြန်ပြောတော့ မင်းက နန်းတွင်းမှာရှိတဲ့ ထမင်းတွေ ချကျွေးစေတယ်၊ ကျွေးသမျှစားပြီး ဟောင်တာပဲတဲ့၊ ဒီအခါ မင်းက ဒီခွေး ဟာ ခွေးစင်စစ်မဟုတ်၊ ဘီလူးဖြစ်ရမယ်၊ လာတဲ့အကြောင်း မေးမှ တော်မှာပဲလို့ "အို–မုဆိုးကြီး၊ သင့်ခွေးဟာ ဘယ်လောက်ကျွေးကျွေး ဝတယ်မရှိဘူး၊ ဟောင်တာပဲ၊ ဘာကြောင့် ဒီလောက်ဟောင်ရတာလဲလို့ မေးသတဲ့၊ ဒီအခါ သိကြားမင်းက "ငါ့ခွေးဟာ အစာကို စားလိုလို့ ဟောင်တာမဟုတ်ဘူး၊ လူသားစားလိုလို့ ဟောင်တာဖြစ်တယ်"လို့ ပြန်ပြောတယ်၊ မင်းက "အို–မုဆိုးကြီး၊ သင့်ခွေးဟာ လူတိုင်းရဲ့အသားကို စားသလား၊ ဒါမှမဟုတ် ရန်သူရဲ့အသားကို စားသလား"လို့မေးတယ်၊ သိကြားမင်းက "လူတိုင်းရဲ့ အသားကို မစားပါဘူး၊ ရန်သူရဲ့ အသားကိုသာ စားကြောင်း" ပြန်ပြောတယ်၊ "ရန်သူဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ဆိုလိုတာလဲ"လို့ မင်းကပြန်မေးတော့ သိကြားမင်းက "မင်းကြီး၊ မတရားမှုပြုလုပ်သူဟာ ရန်သူဖြစ်တယ်"လို့ ပြန်ပြောတယ်၊ မင်းကြီးက "မတရားမှုဆိုတာ ဘယ်လိုအမှုတွေပါလဲ"လို့ မေးသတဲ့၊ သိကြားမင်းက "မင်းကြီး–ရဟန်းဖြစ်ပါလျက်နှင့် ရဟန်းအလုပ် ကို မလုပ်ဘဲ လူများကဲ့သို့ စိုက်ပျိုးရေးအလုပ် လုပ်နေပါလျှင်၊ ငွေတိုး ပေးစားနေပါလျှင်၊ ဗေဒင်ဟော၊ ဆေးကု လုပ်နေပါလျှင် ထိုရဟန်းဟာ ရန်သူဖြစ်တယ်၊ အဲဒီရဟန်းယုတ်ရဲ့အသားကို ငါ့ခွေးက စားလိမ့်မယ်၊ လူသားများဟာလဲ အိုမင်းတဲ့မိဘများကို ကိုယ်က ကျွေးမွေးနိုင်ပါလျက် မကျွေးမွေးခဲ့လျှင်၊ သူတစ်ပါးမယား ပြစ်မှားခဲ့ပါလျှင်၊ သူတစ်ပါးပစ္စည်း ခိုးယူ လုယက်ခဲ့ပါလျှင်၊ မိန်းမ ကြူးခဲ့ပါလျှင်၊ သူတစ်ပါးအပေါ် လှည့်ပတ်ညာဖျန်း စားသောက်ခဲ့ပါလျှင် ထိုသူဟာ ရန်သူဖြစ်တယ်၊ ထိုရန်သူရဲ့အသားကို ငါ့ခွေး က စားလိမ့်မယ်" လို့ပြောပြီး သူ့ကို သိကြားမှန်းသိစေတယ်။

အဲဒီနောက် သိကြားမင်းက "အို–မင်းမြတ်၊ ငါဟာ သိကြားနတ်မင်း

http://www.dhammadownload.com



ဖြစ်တယ်၊ လူတွေပျက်စီးလို့ ငါလာခြင်းဖြစ်တယ်၊ ဒီကနောက် တရားပျက်သူကို ခွေးစာ ကျွေးရလိမ့်မယ်”လို့ သတာရဟာ လေးဂါထာနှင့် တရားဟောသတဲ့ကွယ်၊ အဲဒီလို သိကြား ခြိမ်းခြောက်ပြီး ပြုထားတဲ့သာသနာဟာ အနှစ်တစ်ထောင် တည်တယ်လို့ မဟာကဏှဇာတ်တော်မှာ ဆိုတယ်၊ ဒါကြောင့် သိကြားမင်းဟာ လူ့ပြည်ကို မလာတာတော့မဟုတ်၊ လာသင့်တဲ့အခါ လာတယ်၊ ဒီအကြောင်းကို စတုက္ကနိပါတ် အဋ္ဌကထာ (တ) ၁၂၆–မှာ–

တဒါ သက္ကော ဒေဝရာဇာ ကေ နု ခေါ လောကေ မာတာပိတရော ဥပဋ္ဌဟန္တိ၊ ကုလေ ဇေဋ္ဌာ ပစာယနကမ္မံ ကရောန္တိ၊ ဒါနံ ဒေန္တိ၊ သီလံ ရက္ခန္တိ၊ ဥပေါသထကမ္မံ ကရောန္တိ၊ ကေ ပဗ္ဗဇိတာ သမဏဓမ္မေ ယုတ္တာ ပယုတ္တာ ဝိဟရန္တိ၊ ကေ အနာစာရံ စရန္တိ တိလောကံ ဝေါလောကေန္တော–

လို့ ဖွင့်ပြထားတယ်၊ မြန်မာလိုကတော့ ထိုအခါသိကြားမင်းဟာ လူ့ပြည်၌ အဘယ်သူတို့သည် မိဘတို့ကိုလုပ်ကျွေးကြသလဲ၊ အမျိုး၌ ကြီးသောသူတို့ကို အရိုအသေ ပြုကြသလဲ၊ အလှူပေးကြသလဲ၊ သီလစောင့်ကြသလဲ၊ ဥပုသ်စောင့်ကြသလဲ၊ အဘယ်ရဟန်းများ ရဟန်းတရားအားထုတ်ကြသလဲ၊ အဘယ်ရဟန်းများ မကျင့်အပ်သည်ကို ကျင့်ကြသလဲလို့ လူ့ပြည်ကို ကြည့်တယ်လို့ ဆိုလိုသကွယ့်၊ ဒီအဆိုအရ သိကြားမင်းဟာ လူ့ပြည်ကို ပစ်မထားဘဲ အမြဲစောင့် ကြည့်ပြီး သူကိုယ်တိုင်လာသင့်လျှင် လာတယ်လို့ မှတ်သင့်တယ်ကွယ့်”

“မှန်ပါ–သိကြားမင်း လာတယ်ဆိုတာတော့ သိရပါပြီ၊ သိကြားမင်း မှတစ်ပါး အခြားနတ်များ လူ့ပြည်ဆင်းပြီး ကုသိုလ်စာရင်းကောက်တယ် ဆိုတာကော ဟုတ်ပါသလားဘုရား”

“ဟုတ်ပါတယ်၊ လူ့ပြည်ကိုဆင်းပြီး စာတုမဟာရာဇ်နတ်များ စာရင်းကောက်ကြောင်း အင်္ဂုတ္တရတိကနိပါတ် စာတုမဟာရာဇသုတ်မှာ ဘုရားဟော ရှိတယ်ကွယ့်”

“မှန်ပါ–အဲဒီအကြောင်းကိုလဲ တိုတိုအမိန့်ရှိပါဦး ဘုရား”

“လဆန်း ရှစ်ရက်၊ လဆုတ် ရှစ်ရက်နေ့များမှာ နတ်မင်းကြီးလေးယောက်တို့ရဲ့ အလုပ်အကျွေးနတ်များ လူ့လောကကို လှည့်လည်ပြီး အမိ အဖတို့အပေါ် ကောင်းစွာ ပြုကျင့်ကြရဲ့လား၊ ရဟန်းတော်များအပေါ်

http://www.dhammadownload.com



ကောင်းစွာပြုကျင့်ကြရဲ့လား၊ အမျိုးထဲမှ ကြီးတဲ့သူများကို အရိုအသေပြုကြရဲ့လား၊ ဥပုသ်နေ့မှာ ဥပုသ်စောင့်ကြရဲ့လား၊ ဒါနမှု ပြုကြရဲ့လားလို့ စုံစမ်းသတဲ့ကွယ်၊ လကွယ်နေ့ရောက်ခဲ့လျှင် နတ်မင်းကြီးများရဲ့ သားတော်များကိုယ်တိုင်ဆင်းပြီး လှည့်လည် စုံစမ်းသတဲ့၊ လပြည့်နေ့ရောက်ခဲ့လျှင် နတ်မင်းကြီး လေးယောက်တို့ကိုယ်တိုင် လူ့ပြည်လှည့်လည်ပြီး စုံစမ်းသတဲ့၊ အကယ်၍ ကောင်းမှုပြုသူနည်းပါးတယ်ဆိုလျှင် သုဓမ္မာအစည်းအဝေးမှာ နတ်များကို တိုင် ကြားသတဲ့၊ အဲဒီအခါ နတ်တွေဟာ နှလုံးမသာယာကြဘူးတဲ့၊ ကောင်းမှုပြုသူများတယ်ဆိုလျှင် နတ်တွေက ဝမ်းမြောက်ကြသတဲ့၊ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဤလိုဘုရားဟောလာရှိတဲ့အတွက် သိကြားမင်းမှတစ်ပါး နတ်သားများ လူ့ပြည်လာရောက်ပြီး ကုသိုလ်စာရင်း၊ အကုသိုလ်စာရင်း ကောက်တယ်ဆိုတာကို အမှန်ယုံကြည်သင့်တာပေါ့ကွယ်"

## သုသာန်တွင် ပရိတ်ရွတ်သင့် မရွတ်သင့်

"မှန်ပါ– လူ့ပြည်ကို သိကြားမင်း ဆင်း–မဆင်းဆိုတာကတော့ ပြေလောက်ပါပြီ၊ သင်္ချိုင်းကုန်းမှာ ပရိတ်ရွတ်ကောင်း မရွတ်ကောင်းဆိုတာ ဆက်ပြီး ဖြေတော်မူပါဦး ဘုရား"

"ဒီပြဿနာက ဒီလိုနှင့် တူတယ်ကွယ့်"

"ဘယ်လိုပါလဲဘုရား၊ အမိန့်ရှိပါဦး"

"ဗုဒ္ဓဘာသာဝင်များဟာ လူတစ်ယောက်ကွယ်လွန်တယ်ဆိုလျှင် ဘုန်းကြီးပင့်ပြီး သင်္ဂြိုဟ်တတ်ကြတယ်၊ ဘုန်းကြီးပင့်တဲ့ အဓိပ္ပာယ်က (၁) သေသူကို ရည်မှန်းပြီး အလှူပေးချင်လို့၊ (၂) အသုဘကမ္မဋ္ဌာန်းရှုဖို့ ဖြစ်ကြတယ်၊ ဒါကြောင့် ပထမရည်ရွယ်ချက်အရ တတ်နိုင်သလောက် လှူဒါန်းပြီး အမျှအတန်း ပေးဝေတယ်၊ ဒုတိယရည်ရွယ်ချက်အရ ရေစက်ချ အမျှပေးဝေပြီးလျှင် ဘုန်းကြီးက အနိစ္စာဝတ သင်္ခါရာ ဂါထာကိုရွတ်ပြီး အသုဘရှုတယ်၊ ဒါက လုပ်ရိုးလုပ်စဉ်ကိုးကွယ့်၊ တချို့ကိုယ်တော်များကတော့ နည်းနည်း အဆန်း ထွင်ချင်တတ်ကြတယ်၊ သင်္ချိုင်းကုန်းမှာ ရေစက်ချပြီးလျှင် အသုဘမရှုဘူး၊ မသာရှင်များနှင့် မသာပို့သူများ ကျန်းမာချမ်းသာဖို့ဆိုပြီး မေတ္တာသုတ်ပရိတ် ကို ရွတ်တတ်ကြတယ်၊

http://www.dhammadownload.com



ယခုအမေးက အဆန်းထွင်ချင်တဲ့ ဒုတိယပုဂ္ဂိုလ်ကို ရည်ရွယ်ပြီး မေးတယ်လို့ ယူဆတယ်ကွယ့်”

“မှန်ပါ–ဟုတ်ပါလိမ့်မယ် ဘုရား”

“ပရိတ်ဆိုတာ သင်္ချိုင်းကုန်းမှာ မရွတ်ကောင်းဘူး၊ ဘယ်မှာ မရွတ်ကောင်းဘူးရယ်လို့ မရှိပါဘူး၊ ဘယ်ဌာနမှာပင်ရွတ်ရွတ် ရွတ်ကောင်းပါတယ်၊ ပရိတ်ရွတ်လို့အပြစ်မဖြစ်ပါဘူး၊ သို့သော် အသုဘအရာမှာ ပရိတ်ရွတ်နေတော့ အကြောင်းအကျိုး မကိုက်ဘူးပေါ့၊ တရားဆိုတာ သူ့နေရာနှင့်သူ ဟောရတာမျိုး ကလား၊ မင်္ဂလာဆောင်မှာ အသုဘတရားဟောတာ၊ အသုဘမှာ မင်္ဂလာတရား ဟောတာမျိုး ဖြစ်နေလျှင် အကြောင်းအကျိုးမကိုက်လို့ နာရသူ မနှစ်သက်ဘူးလို့ မှတ်သင့်တာပေါ့ကွယ်”

## ရှင်သာမဏေများ ဒုကုဋ်နှစ်ထပ်သင်္ကန်း ဆောင်ထိုက်မဆောင်ထိုက်

“ဒုတိယအမေးကို ဖြေဆိုပြီးလို့ သာမဏေများ ဒုကုဋ်သင်္ကန်း ဝတ်ကောင်း မဝတ်ကောင်း အဖြေ ပေးသနားပါဦးဘုရား”

“ဒုကုဋ်ဆိုတာ နှစ်ထပ်သင်္ကန်းကြီးကို ခေါ်တာပေါ့၊ နှစ်ထပ်သင်္ကန်း ကြီးကို ပါဠိလို ဒိဂုဏလို့ခေါ်တယ်၊ ဒိဂုဏကို ဒုကုဋ်လို့ ဘာသာပြန်ဟန် တူပါတယ်၊ ဒုကုဋ်သင်္ကန်းကို သံဃာဋိလို့လည်း ပါဠိမှာရှိတယ်ကွယ့်၊ ဒုကုဋ် သင်္ကန်း ဘယ်လိုဖြစ်လာတာလဲလို့ သင်္ကန်းသမိုင်းကို လေ့လာခဲ့လျှင် အချမ်း ကာကွယ်ရန် ခြုံကြည့်ရာက ဒုကုဋ်သင်္ကန်းဆိုတာ ဖြစ်လာတာကွယ့်”

“မှန်ပါ–အကျယ်အမိန့်ရှိပါဦး ဘုရား”

“ဘုရားသခင် ဝေသာလီပြည် ဂေါတမကစေတီမှာ သီတင်းသုံးတော် မူစဉ်က ရာသီအားဖြင့်တော့ တပို့တွဲလနှင့် တပေါင်းလတို့အကြား ရှစ်ညအတွင်း မှာဖြစ်သတဲ့၊ တပို့တွဲနှင့် တပေါင်းအကြား ရှစ်ညတို့ကို “အန္တရဋ္ဌက” ရက်လို့ မှည့်ခေါ်ကြတယ်၊ တစ်နှစ်လုံးမှာ အချမ်းအေးဆုံးရက်တဲ့၊ အဲဒီလို အချမ်းအေးဆုံး အန္တရဋ္ဌကရက်မှာ ဘုရားရှင်ဟာ သင်္ကန်းတစ်ထည်တည်းနှင့် ထိုင်နေတော်မူတယ်၊ အချိန်က ညအချိန်၊ နေရာက လွင်တီးခေါင်မို့ နှင်းတွေ

http://www.dhammadownload.com



တဖွဲဖွဲကျနေတယ်၊ သို့သော် ပထမယံအတွင်းမှာ ဘုရားရှင်အေးချမ်းခြင်းမရှိပါဘူးတဲ့၊ ပထမယံလွန်သွားတော့ နည်းနည်းချမ်းလာတယ်၊ နှစ်ထည်မြောက် သင်္ကန်းကို ခြုံတော့ အချမ်းပျောက်သွားတယ်၊ မဇ္ဈိမယံ လွန်ပြန်တော့ ချမ်းလာပြန်တယ်၊ သုံးထည်မြောက် သင်္ကန်းကိုခြုံလိုက်တော့ အချမ်းလုံသွားတယ်၊ မဇ္ဈိမယံလွန်လာတော့ အရုဏ်တက်လာတယ်၊ အချမ်းလည်း တိုးလာတယ်၊ လေးထည်မြောက်သင်္ကန်းကို ခြုံလိုက်တော့အချမ်းလုံသွားတယ်၊ ဘုရားရှင်ဟာ ကိုယ်တွေ့ အချမ်းကို စုံစမ်းတော်မူပြီးတဲ့နောက် အပေါ်က ခြုံတဲ့ သင်္ကန်းနှစ်ထည်ကို ထပ်ချုပ်လိုက်လျှင် တိစီဝရိတ် သင်္ကန်းသုံးထည် ဖြစ်လာမယ်၊ သင်္ကန်းသုံးထည်ဆိုလျှင် အချမ်းရဲ့ဒဏ်ကို ခံနိုင်ပြီလို့ နှစ်ထပ်သော ဒုကုဋ်သင်္ကန်း၊ တစ်ထပ်သော ကိုယ်ဝတ်သင်္ကန်း၊ တစ်ထပ်သော သင်းပိုင်–ဤသင်္ကန်းသုံးထည်ကို ခွင့်ပြုတော်မူခဲ့တယ်"

"ဒီသင်္ကန်းသမိုင်းမှာ ကြည့်ခဲ့လျှင် နှစ်ထပ်သင်္ကန်းဆိုတာ အနွေးထည်သဘောဖြစ်တယ်၊ အနွေးထည်သဘောဖြစ်လို့ ရဟန်းများသာမဟုတ် သာမဏေများပါ ခြုံအပ်မယ်လို့ ထင်မြင် ယူဆစရာရှိတယ်၊ သို့သော်လည်း မဟာဝါပါဠိတော် ဥပသမ္ပဒဝိဓိဆိုတဲ့ ရဟန်းခံခြင်း အစီအစဉ်ကို ကြည့်ခဲ့လျှင်–

"ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော" ဦးစွာ ဥပဇ္ဈာယ်ယူရမယ်၊ ဥပဇ္ဈာယ်ယူပြီးလျှင် "ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ" ကိုယ်ပိုင်သပိတ်သင်္ကန်းကို ပြောကြားရမယ်တဲ့၊ ကိုယ်ပိုင်သင်္ကန်းထဲမှာလည်း (အယံ သံဃာဋိ) ဤဒုကုဋ်သည် သင်ပိုင်ဆိုင်သော ဒုကုဋ်သင်္ကန်းတည်း–လို့ ပြောကြားရမယ်တဲ့။

ဒီအစီအစဉ်ကို ကြည့်ခဲ့လျှင် ဒုကုဋ်သင်္ကန်းဆိုတာ ရဟန်းတော်အတွက် ရဟန်းဖြစ်တဲ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်သင်္ကန်းဖြစ်နေတယ်၊ မင်းမြောက်တန်ဆာဟာ ဘယ်သူဝတ်ဝတ် ဝတ်လျှင်တော့ ဖြစ်တာပဲ၊ သို့သော်လည်း မင်းရဲ့အဘိသိက်အရာဖြစ်လို့ အခြားသူများ မဝတ်ထိုက်သလို နှစ်ထပ်သင်္ကန်းဟာလည်း ရဟန်းတော်အတွက် ရဟန်းဖြစ်သော အထိမ်းအမှတ် ဂုဏ်ထူးဆောင်သင်္ကန်းဖြစ်လို့ သာမဏေ မဝတ်ရုံထိုက်ဘူးလို့ ဖြေကြားလိုက်ပါတယ်ကွယ်"

"သာဓု–သာဓု–သာဓု"

http://www.dhammadownload.com



# ❑ အရူပနှင့် ရဟန္တာ

“ဟောဒီစာက မုံရွာမြို့၊ ကျေ့ကြီးရပ်ကွက်၊ ရွှေဥဒေါင်းဆန်စက်ဝင်း ဦးဝိုင်း–ဒေါ်ခင်လှိုင်တို့ထံက အမေးစာလွှာ ဖြစ်ပါတယ်ဘုရား၊ ဦးဝိုင်း+ ဒေါ်ခင်လှိုင်တို့ သိလိုတာက အရူပလေးဘုံမှာ ဗြဟ္မာရဟန္တာကြီးများ ရှိပါသလားတဲ့၊ သူတို့ဟာ စာကလေးတစ်ပုဒ်ကိုတော့ တွေ့ဖူးပါတယ်တဲ့၊ သူတို့တွေ့ဖူးတဲ့ စာက (မဂ်သောတာဖျောက်၊ တိဟိတ်နှောက်၊ ရှစ်ယောက် အရူပ) ပါတဲ့၊ ဒီစာပိုဒ်ကို တွေ့ပင်တွေ့ဖူးသော်လည်း အဓိပ္ပာယ်မပေါက်တဲ့အတွက် ရှင်းလင်း ဖြေကြားပါရန် လျှောက်ထားခြင်း ဖြစ်ပါသတဲ့ ဘုရား”

“အင်း–ဧီးကွက် ဧီးကွက်လို့မည်နေပါလျက် ဘာငှက်လဲမေးတာလို သူတို့ရထားတဲ့ စာပိုဒ်ထဲမှာပင် အဖြေပါပြီးသားပဲကွယ့်”

“မှန်ပါ–အဖြေပါပြီးသော်လဲ အဓိပ္ပာယ်မပေါက်လို့မေးလျှောက်ခြင်းပါ ဘုရား”

“လောကမှာ အရိယာရှစ်ယောက်နှင့် ပုထုဇဉ် လေးယောက်အားဖြင့် ပေါင်း ပုဂ္ဂိုလ် ၁၂–ယောက်သာရှိတယ်ကွယ့်”

“မှန်ပါ–အများနားရှင်းသွားအောင် အကျယ်ဟောပြပါဦး ဘုရား”

“ဒီကမ္ဘာပေါ်မှာ သတ္တဝါတွေ ဘယ်လောက်ပင်များများ တူရာပေါင်းစပ်

http://www.dhammadownload.com



လိုက်လျှင် ပုဂ္ဂိုလ်၁၂-ယောက်သာရှိတယ်၊ ၁၂-ယောက်ဆိုတာက-

(၁) သောတာပတ္တိမဂ် ပုဂ္ဂိုလ်၊
(၂) သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်၊
(၃) သကဒါဂါမိမဂ် ပုဂ္ဂိုလ်၊
(၄) သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်၊
(၅) အနာဂါမိမဂ် ပုဂ္ဂိုလ်၊
(၆) အနာဂါမိဖိုလ် ပုဂ္ဂိုလ်၊
(၇) အရဟတ္တမဂ် ပုဂ္ဂိုလ်၊
(၈) အရဟတ္တဖိုလ် ပုဂ္ဂိုလ်၊

ဒီရှစ်ယောက်ကို အရိယာပုဂ္ဂိုလ် ရှစ်ယောက်လို့ခေါ်တယ်။

ပုထုဇဉ် ပုဂ္ဂိုလ် လေးယောက် ဆိုတာက-

(၁) ဒုဂ္ဂတိ အဟိတ် ပုဂ္ဂိုလ်၊
(၂) သုဂတိ အဟိတ် ပုဂ္ဂိုလ်၊
(၃) ဒွိဟိတ် ပုဂ္ဂိုလ်၊
(၄) တိဟိတ် ပုဂ္ဂိုလ်၊

အားဖြင့် လေးယောက်ဖြစ်တယ်၊ အရိယာ ရှစ်ယောက်နှင့်ပုထုဇဉ် လေးယောက် ပေါင်းလိုက်တော့ ကမ္ဘာပေါ်မှာ ပုဂ္ဂိုလ် ၁၂-ယောက်သာရှိတယ်။

အရူပလေးဘုံဆိုတာက-

(၁) အာကာသနဉ္စာယတနဘုံ၊
(၂) ဝိညာဏဉ္စာယတနဘုံ၊
(၃) အာကိဉ္စညာယတနဘုံ၊
(၄) နေဝသညာနာသညာယတနဘုံ

တို့ဖြစ်ကြပါတယ်၊ ဤလောကမှာ (၁) ဧကဝေါကာရ=ရူပက္ခန္ဓာ တစ်ပါး တည်းသာရတဲ့အသညသတ်ဘုံ၊ (၂) နာမ်ခန္ဓာလေးပါးသာရတဲ့ စတုဝေါကာရဘုံ၊ (၃) ခန္ဓာငါးပါးလုံးရတဲ့ ပဉ္စဝေါကာရဘုံလို့ ခန္ဓာကိုမှီပြီး ဘုံသုံးမျိုးရှိရာမှာ အရူပဘုံမှာ ရုပ်မရှိဘူး၊ ရုပ်မရှိတဲ့အတွက် ရူပက္ခန္ဓာမရဘူး၊ ရူပက္ခန္ဓာမှတစ်ပါး (၁) ဝေဒနာက္ခန္ဓာ၊ (၂) သညာက္ခန္ဓာ၊ (၃) သင်္ခါရက္ခန္ဓာ၊ (၄) ဝိညာဏက္ခန္ဓာ

http://www.dhammadownload.com



ရယ်လို့ ခန္ဓာလေးပါးသာရတယ်၊ ဒါကြောင့် အရူပဘုံကို စတုဝေါကာရဘုံလို့ ခေါ်တယ်။

စတုဝေါကာရခေါ်တဲ့ အရူပလေးဘုံမှာ ပုဂ္ဂိုလ်ပေါင်း ဘယ်လောက် ရသလဲဆိုတာကို ဦးဝိုင်း+ဒေါ်ခင်လှိုင်တို့ရဲ့ အမေးမှာ (မဂ်သောတာဖျောက်၊ တိဟိတ်နှောက်၊ ရှစ်ယောက်အရူပ)လို့ ပြဆိုထားတယ်၊ အရူပလေးဘုံမှာ ပုဂ္ဂိုလ် ၁၂–ယောက်လုံးမရဘူး၊ ရှစ်ယောက်တည်းသာ ရတယ်တဲ့၊ ရှစ်ယောက် အရ သောတာပတ္တိမဂ်ပယ်သော အရိယာပုဂ္ဂိုလ် ခုနစ်ယောက်နှင့် တိဟိတ် ပုထုဇဉ်တစ်ယောက်၊ ပေါင်း ရှစ်ယောက်ဖြစ်သတဲ့၊ ယခုရှစ်ယောက် အတွင်း အရဟတ္တမဂ်ပုဂ္ဂိုလ်–ဖိုလ်ပုဂ္ဂိုလ်ပါသွားပြီကွယ့်။

အရဟတ္တဖိုလ် ပုဂ္ဂိုလ်ကို ပူဇော်အထူးကို ခံထိုက်တဲ့အတွက် ရဟန္တာလို့ ခေါ်တယ်၊ ဒါကြောင့် အရူပလေးဘုံမှာ ရဟန္တာဗြဟ္မာကြီးများ ရှိနေတယ်ဆိုတာ (မဂ်သောတာဖျောက်၊ တိဟိတ်နှောက်၊ ရှစ်ယောက်အရိယာ)ဆိုတဲ့ စာထဲမှာ ပါပြီးပင် ဖြစ်တယ်"

"မှန်ပါ– အရူပလေးဘုံမှာ ရဟန္တာဗြဟ္မာကြီးများရှိကြောင်းသိရပါပြီ၊ ဒီနေရာမှာ တပည့်တော်အနေနှင့် ထပ်ဆင့်လျှောက်ထားခွင့် ပြုတော်မူပါဦး ဘုရား"

"ဆိုစမ်းပါဦး၊ ဘာများလျှောက်ထားချင်တာတုန်းကွယ်"

"တခြား မဟုတ်ပါဘူး ဘုရား၊ အရူပလေးဘုံမှာ ရဟန္တာကြီးများနှင့် တကွ အရိယာပုဂ္ဂိုလ်ခုနစ်ဦးဖြစ်ခွင့်ရှိပါလျက် သောတာပန်တော့ ဘာကြောင့် မဖြစ်ရတာလဲဆိုတာ မေးလျှောက်ချင်တာပါဘုရား"

"ဟုတ်ပါတယ်၊ ဒါဟာမေးသင့်တဲ့ စကားပါပဲ၊ အဖြေကတော့ဒီလိုကွယ့်"

"မှန်ပါ–မိန့်တော်မူပါဘုရား"

"သောတာပတ္တိမဂ်သည် ပရတောဃောသပစ္စည်း တပ်တယ်ဆိုတာ ကြားဖူးမှာပေါ့၊ ပရတောဃောသပစ္စည်းဆိုတာက **ပရတော**–သူတစ်ပါးထံက၊ **ဃောသံ**–တရားသံကို၊**ပစ္စည်း**–အကြောင်းခံတယ်တဲ့၊ သောတာပတ္တိမဂ်ဖြစ်ဖို့ သူတစ်ပါးဟောပြောတဲ့ တရားသံကို အကြောင်းခံသတဲ့၊ ဒီစကားရပ်ကို ကျမ်းဂန်သာနှင့် ညှိနှိုင်းကြည့်ကြစို့။

http://www.dhammadownload.com



မဟာဝဂ္ဂသံယုတ် ဒုတိယ သာရိပုတ္တသုတ်မှာ လာတာက အခါတစ်ပါး အရှင်သာရိပုတ္တရာဟာ ဘုရားရှင်ထံ ချဉ်းကပ်ရှိခိုးပြီး သင့်တင့်သောနေရာမှ ထိုင်နေတယ်၊ အရှင်သာရိပုတ္တရာကို ဘုရားရှင်က "သာရိပုတ္တရာ–သောတာပန်ဖြစ်ကြောင်း၊သောတာပန်ဖြစ်ကြောင်းလို့ ဆိုကြတယ်၊ သောတာပန်ဖြစ်ကြောင်းဟာဘာလဲ"လို့ မေးတော်မူတယ်၊ အရှင်သာရိပုတ္တရာက"အရှင်ဘုရား၊ သူတော်ကောင်းကို မှီဝဲခြင်းသည် သောတာပန်ဖြစ်ကြောင်းတည်း၊ သူတော်ကောင်းတရား နာကြားရခြင်းသည် သောတာပန်ဖြစ်ကြောင်းတည်း၊ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းသည် သောတာပန်ဖြစ်ကြောင်းတည်း၊ လောကုတ္တရာ တရား အားလျော်သော အကျင့်ကိုကျင့်ခြင်းသည်သောတာပန်ဖြစ်ကြောင်းတည်း၊" လို့ လျှောက်ထားတယ်၊ ဘုရားရှင်က "သာရိပုတ္တရာ–ကောင်းပေစွ၊ ကောင်းပေစွ၊ ဤလေးပါးသောတရားသည် သောတာပန်ဖြစ်ကြောင်းတည်း" လို့ မိန့်တော်မူတယ်။

သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးချက်မှာ သောတာပန် ဖြစ်မည့်ပုဂ္ဂိုလ်ဟာ သူတော်ကောင်းတရား နာကြားခြင်းရှိရမယ်တဲ့၊သူတော်ကောင်းတရား နာကြားရခြင်းအကြောင်းကို ပါဠိလိုတော့ (ပရတော+ဃောသ+ပစ္စယ)လို့ ခေါ်တယ်၊ ပရတောဃောသ ပစ္စည်းမတပ်လို့ သူတော်ကောင်းတရား မနာကြားရတဲ့ ပုဂ္ဂိုလ်ဟာ ယောနိသော မနသိကာရဆိုတဲ့ သင့်လျော်သောအားဖြင့်လည်း နှလုံးမသွင်းတတ်ဘူး၊ သင့်လျော်သောအားဖြင့် နှလုံးမသွင်းနိုင်လျှင် လောကုတ္တရာ အားလျော်သော အကျင့်ကိုလည်း မကျင့်နိုင်ဘူး၊ လောကုတ္တရာအားလျော်သော အကျင့်ကို မကျင့်နိုင်သော ပုဂ္ဂိုလ်ဟာလည်း သောတာပန်အဖြစ်ကို မရောက်နိုင်ဘူး။

အရူပလေးဘုံမှာ ရုပ်တရား လုံးဝမရှိဘူး၊ သဒ္ဒဆိုတဲ့ အသံဟာ ရုပ်၊ ထိုအသံကိုဖမ်းယူတဲ့ သောတပသာဒဆိုတဲ့ နားအကြည်ကလည်း ရုပ်၊ အရူပဘုံမှာ ရုပ်မရှိလို့ အသံလည်း မရှိ၊ အသံကိုဖမ်းယူနိုင်တဲ့ သောတပသာဒလည်းမရှိ၊ ဒါကြောင့် ဘုရားပေါင်း ကုဋေကုဋာ ကြွရောက်ပြီး တရားဟောသော်လည်း တရားသံကို ကြားနားခွင့်မရှိ၊ တရားသံကို ကြားနာနိုင်ခွင့် မရှိလို့ တရားတော်လာတိုင်း ကျင့်နိုင်ခွင့်လည်း မရှိ၊ တရားတော်လာတိုင်း သိနိုင်ခွင့်လည်း

http://www.dhammadownload.com



မရှိတဲ့အတွက် အရူပလေးဘုံမှာ သောတာပတ္တိမဂ်ပုဂ္ဂိုလ် လုံးဝမရှိဘူး၊ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်ကစပြီး အရဟတ္တဖိုလ်အထိ အရိယာပုဂ္ဂိုလ် ခုနစ်ယောက်တော့ ဖြစ်နိုင်ခွင့်ရှိတယ်လို့ မှတ်ရမယ်ကွယ့်"

"မှန်ပါ–ဝမ်းသာလှပါပြီဘုရား"

"ယခုအမေးနှင့် မဆိုင်သော်လည်း တစ်နွယ်ငင် တစ်စင်ပါပုစ္ဆာတစ်ချက်ကိုတော့ မေးခွင့်ပြုတော်မူပါဦး ဘုရား"

"မေးပါ–မေးပါ၊ ဘာများ မေးချင်တာတုန်း"

"မေးချင်တာက တခြားမဟုတ်ပါဘူးဘုရား၊ အရူပဘုံဆိုတာ ၃၁ ဘုံမှာအမြင့်ဆုံးဘုံများ ဖြစ်ကြပါတယ်၊ ဒီလောက်မြင့်မြတ်တဲ့ဘုံကြီးများ ဖြစ်ပါလျက် ရပ်ပြစ်ရှစ်ပါးအတွင်း ဘာကြောင့် ပါဝင်ရသလဲဆိုတာ မရှင်းမလင်း ဖြစ်နေလို့ ရှင်းလင်းသွားအောင် ထပ်ဆင့် အဖြေပေးတော်မူစေချင်ပါတယ် ဘုရား"

"ရပ်ပြစ်ဆိုတဲ့ စကားကို ပါဠိဘာသာမှာ (အက္ခဏ)လို့ သုံးတယ်၊ အင်္ဂုတ္တရပါဠိတော် အဋ္ဌကနိပါတ်အက္ခဏသုတ်မှာ–အဋ္ဌ မေ ဘိက္ခဝေ အက္ခဏာ လို့ ဟောထားတယ်၊ အက္ခဏဆိုတာကို ပုဒ်ဖြတ်လိုက်တော့ (န–ခဏ) လို့ ဖြစ်လာတယ်၊ န–အနက်က(မဟုတ်ဘူး)တဲ့၊ ခဏအနက်ကတော့ (၁) တိုတောင်းသောကာလ၊ (၂) အခွင့်ကောင်း၊ (၃) တူးဖြိုခြင်းဆိုတဲ့အနက် သုံးမျိုးရှိတယ်၊ အဲဒီအနက် သုံးပါးထဲက (အခွင့်ကောင်း)ဆိုတဲ့အနက်ကို ခဏသဒ္ဒါက ဟောတယ်၊ ဒါကြောင့် အက္ခဏဆိုတဲ့ပုဒ်က အရိယာအဖြစ်ရောက်အောင် ကျင့်ကြံကြိုးကုတ် ပွားများ အားထုတ်ဖို့ အခွင့်ကောင်း အခါကောင်း မဟုတ်ဘူးလို့ ဆိုလိုတယ်၊ ဒီအကြောင်း ထင်ရှားသိသာအောင် အင်္ဂုတ္တရပါဠိတော် အဋ္ဌကနိပါတ် ဂဟပတိဝဂ် အက္ခဏသုတ်ကို အကျဉ်းချုပ် ပြောပြဦးမယ်"

"မှန်ပါ–မိန့်တော်မူပါ ဘုရား"

"ရဟန်းတို့၊ မြတ်သောအကျင့်ကို ကျင့်သုံးရန် အခွင့်အခါ မဟုတ်ခြင်းတို့သည် ဤရှစ်ပါးတို့တည်း၊ အဘယ်ရှစ်ပါးတို့နည်း ဟူမူကား–(၁) ငရဲဘုံ၊ **(၂) တိရစ္ဆာန်ဘုံ၊ (၃) ပြိတ္တာဘုံ၊ (၄) အသက်ရှည်သော အသညသတ်ဘုံ အရူပလေးဘုံ၊ (၅) သာသနာမပွင့်လင်းသော အရပ်၊ (၆) အယူမှားသူ၊ (၇)**

http://www.dhammadownload.com



**သာသနာတော်နှင့် ကြုံသော်လည်း သုဂတိအဟိတ်ဖြစ်သူ၊ (၈) တိဟိတ်ဖြစ်လျက် သာသနာတော်နှင့် မကြုံသူ၊** ရဟန်းတို့-ဤရှစ်ပါးတို့သည်ကား မြတ်သောအကျင့်ကိုကျင့်ရန် အခွင့်အခါ မဟုတ်ခြင်းတို့တည်း-တဲ့၊ ယခုပြောခဲ့တာက အက္ခဏသုတ် အကျဉ်းချုပ်ပဲကွယ့်၊ အက္ခဏဆိုတဲ့ပုဒ်ကို မြန်မာက ရပ်ပြစ် ရှစ်ပါးလို့ မြန်မာပြန်ကြတယ်၊ ရပ်ပြစ်ဆိုတာ (အပြစ်ရှိသော အရပ်)လို့ ဆိုလိုတာကွယ့်၊ ဘာကြောင့် အပြစ်ရှိသလဲဆိုတော့ တခြားကြောင့် မဟုတ်ဘူး၊ အရိယာမဂ် ဖြစ်ခွင့်ရအောင် ကျင့်နိုင်စွမ်းမရှိလို့ အပြစ်ရှိတယ်လို့ ဆိုလိုရင်းဖြစ်တယ်၊ အရူပလေးဘုံ၊ အသညသတ်ဘုံဆိုတာ ဗြဟ္မာအရင့်စားကြီးတွေနေရာဘုံပဲ၊ သို့သော် ပုထုဇဉ်ဘဝနှင့် အဲဒီဘုံတွေမှာ ဖြစ်ခဲ့လျှင် သောတာပတ္တိ အင်္ဂါလေးပါးမရှိတဲ့အတွက် အဲဒီဗြဟ္မာသက်တမ်းတစ်လျှောက်လုံး ဘုရားပေါင်း ဘယ်လောက်ပွင့်ပွင့် သစ္စာလေးပါးတရားတွေ ဘယ်လောင်ပင် ဟောဟော အရိယာဖြစ်ခွင့်မရှိတော့ဘူး၊ ဒါကြောင့် အထက်တန်းစားဗြဟ္မာကြီးတွေ ဖြစ်ပါသော်လည်း အရိယာဖြစ်ခွင့်လမ်း ပိတ်သွားတဲ့အတွက်ကြောင့် ရပ်ပြစ်ရှစ်ပါး အတွင်းထည့်သွင်း ဟောတော်မူခြင်း ဖြစ်တယ်လို့ မှတ်ပေါ့ကွယ်”

“မှန်ပါ-ဝမ်းသာလှပါပြီ ဘုရား”

“သာဓု-သာဓု-သာဓု”



http://www.dhammadownload.com



# ရဟန်းခံခြင်းနှင့် သံသယသုံးခု (၁)

"ဟောသည်စာက ခနေဖြူမြို့၊ တောင်ပေါ်တိုက်၊ သီရိမင်္ဂလာကျောင်းဆောင် ရှင်ဥတ္တရထံက လျှောက်ထားစာ ဖြစ်ပါတယ်ဘုရား"

"ဖတ်စမ်းပါဦးကွယ်၊ သူ့လျှောက်ထားစာကို"

လျှောက်ထားစာက– တပည့်တော် ရှိသေမြတ်နိုးစွာ လျှောက်ထားအပ်ပါသည် ဘုရား၊ အကြောင်းမှာ–

(၁) ရဟန်းခံပါက သာမဏေမှ တစ်ဆင့် တက်ရပါသလား၊ အကယ်၍ သာမဏေမဖြစ်ခဲ့သော် ရဟန်းဖြစ်ပါသလား ဘုရား။

(၂) ဥပဇ္ဈာယ်ဆရာသည် ပါရာဇိကကျနေသူဖြစ်ပါက တပည့်ဖြစ်သူ ရဟန်းဖြစ်ပါသလား ဘုရား။

(၃) ကမ္မဝါဆရာများ ကမ္မဝါစာ မပီသသော် တပည့်ဖြစ်သူရဟန်းဖြစ်ပါသလား ဘုရား။

"ရှင်ဥတ္တရရဲ့အမေးက သည်သုံးချက်မျှသာ ဖြစ်ပါတယ် ဘုရား၊ အဖြေအမိန့်ရှိတော်မူပါဦး"

"သည်ပြဿနာမျိုး မကြာခဏရောက်လာတတ်တယ်ကွယ့်၊ ခုအသစ်ရောက်လာပြန်တော့လည်း အသစ်ဖြေရတာပေါ့ကွယ်"

မှန်ပါ–မေးသူနှစ်သက်အောင် အဖြေပေးပါဦး ဘုရား"

http://www.dhammadownload.com



## သာမဏေမဖြစ်ဘဲ ရဟန်းခံသော်

"ရဟန်းခံတယ်ဆိုတာက သာမဏေမှတစ်ဆင့် တက်ကြတာချည်းပါပဲ၊ ဥပမာအားဖြင့် မင်းအဘိသိက်ခံတယ်ဆိုတာ အိမ်ရှေ့မင်းကတစ်ဆင့် တက်ရသလို ပေါ့၊ သို့သော် သာမဏေရဲ့ဘဝဟာ (အာရဂ္ဂေရိဝ သာသပေါ၊ သာသပေါရိဝ အာရဂ္ဂေ)ပွတ်ဆောက်ဖျားထက် မုန်ညင်းစေ့ဥပမာကဲ့သို့၊ အလှုပ်အရှားမခံဘူး၊ လိင်ဆယ်ပါးအနက် တစ်ပါးပါးကို ကျူးလွန်သည်နှင့်တစ်ပြိုင်နက် သာမဏေ ဘဝက လျှောကျသွားတယ်၊ သာမဏေဟာလိင်ကျသွားသော်လည်း ရဟန်းပေးသော သင်္ကန်းကို ဝတ်ထားသူဖြစ်တဲ့အတွက် ထေရ်ရိုး, လိင်ခိုးခေါ်ရတဲ့ လိင်္ဂတ္ထေနက, သံဝါသတ္ထေနက မဖြစ်ဘူး၊ သည်အကြောင်းကို ကင်္ခါဝိတရဏီ အဋ္ဌကထာ ပထမပါရာဇိကဝဏ္ဏနာမှာ–

**ယော ပန ပဗ္ဗဇိတော သာမဏေရော သမာနော ကာသာယာနိ အပနေတွာ တေသု သဉသာဟောဝ မေထုနံ ဓမ္မံ ပဋိသေဝိတွာ ပုန နိဝါသေတွာ သာမဏေရဘာဝံ ပဋိဇာနာတိ၊ အယံ ဘိက္ခူဟိ ဒိန္နလိင်္ဂဿ အပရိစ္စတ္တာ န လိင်္ဂတ္ထေနကော၊ လိင်္ဂါနုရူပဿ သံဝါသဿ သာဒိတတ္တာ နာပိ သံဝါသတ္ထေနကော–**

လို့ ပြထားတယ်။

လိင်ကျဖဲ့ သာမဏေဟာ ရဟန်းမဖြစ်ထိုက်တဲ့ ထေယျသံဝါသက, အဘဗ္ဗပုဂ္ဂိုလ်အစွင်းမပါတဲ့အတွက် လိင်ကျပင်ကျငြားသော်လည်း အင်္ဂါ ငါးချက် ကိုက်ညီပါက ရဟန်းအဖြစ်သို့ ရောက်ကြောင်း မှတ်ယူသင့်ပါတယ်။

ဝဇီရဗုဒ္ဓိဋီကာ ၄၁၁–မှာလည်း အကျယ်ဖတ်ရှုနိုင်ပါတယ်၊ ရှင်လာသန ပြဿနာမှာ အဖြေပေးပြီးမို့ သည်မှာ ထပ်မပြောတော့ပါဘူး၊ အမေးအမှတ်(၂)ကို ဆက်ကြပါစို့"

"မှန်ပါ–ခက်တော်မူပါ ဘုရား"

## ဥပဇ္ဈာယ်ဆရာ ပါရာဇိကကျနေလျှင်

"အမှတ်(၂) ပြဿနာက ဥပဇ္ဈာယ်ဆရာ ပါရာဇိကကျနေလျှင် တပည့်သာမဏေ ရဟန်းဖြစ်ပါ့မလားတဲ့၊ ဟုတ်လား"

http://www.dhammadownload.com



"ဟုတ်ပါတယ် ဘုရား"

"ဥပဇ္ဈာယ်ဆရာ ပါရာဇိကကျရုံမက ရဟန်းခံပွဲမှာ ဥပဇ္ဈာယ်ဆရာ မပါသည့်ပင်ဖြစ်စေ ရဟန်းဖြစ်နိုင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ရဟန်းဖြစ်မှုအင်္ဂါငါးပါးမျှသာရှိတယ်၊ ကင်္ခါဝိတရဏီ အဋ္ဌကထာ ပဌမ ပါရာဇိက ဝဏ္ဏနာမှာ **'တဿ ပန ကမ္မဿ ဝတ္ထု ဉတ္တိ အနုဿာဝန သီမာ ပရိသာ သမ္ပတ္တိဝသေန'**လို့ ဆိုထားတယ်ကွယ့်၊ ရဟန်းဖြစ်မှု အင်္ဂါငါးပါးက–

(၁) ဝတ္ထု - ရဟန်းလောင်း၊
(၂) ဉတ္တိ - ဉတ်၊
(၃) အနုဿာဝန - ကမ္မဝါစာ၊
(၄) သီမာ - သိမ်၊
(၅) ပရိသာ - ပရိသတ်၊

တို့ဖြစ်ကြတယ်၊ ဒါကြောင့် ဥပဇ္ဈာယ်မပါသော်လည်း ကံဆောင်ပရိသတ်ပြည့်စုံလုံလောက်ခဲ့လျှင် ကံအောင်ပြီး ရဟန်းဖြစ်တယ်၊ သို့သော်လည်း အဲသည် ကံဟာ သန့်ရှင်းစင်ကြယ်သော ကံတော့ မဟုတ်ဘူး၊ **"န ဘိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ အာပတ္တိ ဒုက္ကဋဿ"** ဝိနယ မဟာဝဂ္ဂပါဠိ ၁၂၄–အရ ရဟန်းခံပေးတဲ့ ကိုယ်တော်များ ဒုက္ကဋ်အာပတ်သင့်တယ်။

ကမ္မဝါစာမှာ ဥပဇ္ဈာယ်ဆရာဟာ အဓိကပါဝင်နေတဲ့အတွက် ဥပဇ္ဈာယ် မပါဘဲ ရဟန်းခံခဲ့လျှင် ရဟန်းမဖြစ်ဘူး၊ ကံပျက်တယ်လို့ အချို့ပုဂ္ဂိုလ်များက ဆိုတတ်ကြတယ်၊ ဒါပေသိ ထိုပုဂ္ဂိုလ်တို့ရဲ့ ဝါဒကို မယူပါနှင့်၊ ကံမပျက်ဘူးလို့သာ ယူပါလို့ မဟာဝဂ္ဂ၊ ဋ္ဌ ၃၀၇–မှာ **"ကမ္မံ ပန နကုပ္ပတိ၊ ကေစိ ကုပ္ပတီတိ ဝဒန္တိ၊ တံ န ဂဟေတဗ္ဗံ"**လို့ အတိအလင်းဖွင့်ဆိုထားတယ်၊ ဒါကြောင့် ဥပဇ္ဈာယ်ဆရာ ပါရာဇိကကျသည့်ပင်ဖြစ်စေ, ဥပဇ္ဈာယ်ဆရာ မပါသည့်ပင် ဖြစ်စေ အင်္ဂါငါးချက် ကိုက်ညီပါက ရဟန်းဖြစ်တယ်လို့ မှတ်ယူသင့်တာပေါ့ကွယ်"

"မှန်ပါ–ဒုတိယပြဿနာပြီးတော့ တတိယပြဿနာရဲ့အဖြေကို အမိန့်ရှိပါဦး"

http://www.dhammadownload.com



"တတိယအမေးပြဿနာက ကမ္ဘဝါဆရာများ ကမ္ဘဝါစာမပီသသော် တပည့်ဖြစ်သူရဟန်းဖြစ်ပါ့မလားတဲ့၊ ဟုတ်လားကွယ့်"

"ဟုတ်ကြောင်းပါ ဘုရား"

## ကမ္ဘဝါစာ မပီသသော်

"သည်ပြဿနာက အမေးတိုသော်လည်း တိုတိုဖြေလို့မရဘူး၊ ရှည်ရှည် ဖြေမှပဲ ရလိမ့်မယ်ကွယ့်"

"ဘာကြောင့်ပါလဲဘုရာ့"

"အကြောင်းကတော့ ကမ္ဘာပေါ်မှာ လူမျိုးအမြောက်အမြားရှိရာမှာ လူမျိုး တစ်မျိုးနှင့် တစ်မျိုးဟာ စကားချင်း မတူကြဘူး၊ မိမိနှင့်စကားချင်းမတူတဲ့ လူမျိုးတစ်မျိုးရဲ့စကားကို သင်ကြားလျှင် တတ်မြောက်ပါတယ်၊ သို့သော်လည်း မူရင်းမိခင်အသံလိုတော့မပီသဘူး၊ တရုတ်က မြန်မာလိုပြောလျှင် တရုတ်သံ ပေါက်ပြီး ကုလားက မြန်မာစကားပြောလျှင်လည်း ကုလားသံပေါက်မြဲ ဖြစ် တယ်နော်၊ ထို့အတူ မွန်မြန်မာလူမျိုးတွေဟာ အားကြီးတဲ့ သဒ္ဓါတရားတွေ နှင့် ဘုရားရှင်ရဲ့ ပါဠိတော်များ ကျက်မှတ်ထားသော်လည်း မိမိတို့ရဲ့ မိခင်အသံကို မစွန့်နိုင်ဘူး၊ ဒါကြောင့် ဘယ်လောက်ပင်ဂရုစိုက်ပြီး အာဂုံဆောင် ထားထား မူလ မဂဓအသံနှင့်တော့ မတူနိုင်ဘူး၊ မွန်ဟန် မြန်မာဟန်နှင့် မပီမသတော့ ဖြစ်ကြမှာပဲကွယ့်၊ သည်အကြောင်းနှင့် ပတ်သက်ပြီး သတိမူဖို့ ပြောလိုက်ရဦးမယ်"

"မိန့်တော်မူပါ ဘုရား"

"မြန်မာနိုင်ငံတော်အတွင်းမှာ တည်ရှိတဲ့ ဘုရားရှင်ရဲ့ ခြေရာတော် နှစ်ဆူဟာ အင်းဝသတိုးမင်းစောလက်ထက် တိုင်းပြည်မငြိမ်မသက် ဖြစ်သည် ကစပြီး လူသူ အရောက်အပေါက်မရှိ၊ ချုံပုတ်ပေါင်းဖုံးအုပ်ပြီး မင်းလေးဆက် တိုင်တိုင် ပျောက်ကွယ်နေသတဲ့၊ ကောဇာသက္ကရာဇ် ၉၉၁–ခုနှစ်၊ သာလွန် မင်းတရား လက်ထက်တော် ရောက်လာတော့ သာလွန်မင်းတရားကြီးက ဆရာတော်များကို လျှောက်ထားတဲ့အတွက် ပထမတောင်ဖီလာဆရာတော်, အာနန္ဒာဆရာတော်, အရိယာလင်္ကာရဆရာတော်, တိလောကဂုရုဆရာတော်

http://www.dhammadownload.com



ပေါင်း ဆရာတော်လေးပါး ဦးဆောင်ပြီး သံဃာတစ်ကျိပ်နှစ်ပါး အခြံအရံနှင့် စက်တော်ရာကို အဖူးအမြော်အရှာအဖွေ ကြွတော်မူကြတယ်။

သာလွန်မင်းတရားကြီးက အစောင့်အရှောက် လူငါးထောင်စေခန့်ပြီး ဆွမ်းပန်းကိစ္စအလုံအလောက်နှင့် ရွှေလှေကြီး လေးစင်း၊ လှော်ခတ်သူတစ်ရာ့နှစ်ဆယ်၊ ဒိုင်းမျှုးဆင်မျှုး မြင်းစုကြီး လူတို့က လက်နက်ကိရိယာ အစုံအလင် ကုလားပျိုသွေးသောက်တို့က လူငါးရာအခြံအရံနှင့် သက္ကရာဇ် ၁၀၀၀–ပြည့်၊ ကဆုန်လပြည့်နေ့ နေပြည်တော်က စုန်တော်မူကြပြီး မင်းဘူးဆိပ်မှာ လှေဆိုက်ကာ တောကိုဝင်ကြသတဲ့ကွယ်။

တောင်ဖီလာဆရာတော်က ညဥ့်နက်သည့်တိုင်အောင် ပဋ္ဌာန်းကျမ်းကို သရဇ္ဈာယ်ပြီး ကျိန်းတော်မူတော့ ည ၃–နာရီလောက်မှာ အိပ်မက်မြင်သတဲ့၊ အိပ်မက်တွင်းမှာ လူတစ်ယောက်ဟာ လှံတံကိုင်ပြီး ခွေးနက်ကြီးတစ်ကောင်နှင့် ဆရာတော်ရှိရာ လာသတဲ့၊ ဆရာတော်ရှေ့ရောက်တော့ သည်တောတွင်းမှာ ဘေးရန်အန္တရာယ်တွေ ပေါများတယ်၊ မသိဘူးလား၊ ဘာကိစ္စလာတာတုန်းလို့ မေးသတဲ့၊ ဆရာတော်က ရွှေစက်တော် အရှာလာကြောင်း ပြန်ပြောတော့ ခွေးနက်ကြီးကို လက်ညှိုးညွှန်ပြပြီး ရွှေစက်တော်ဖူးချင်လျှင် ခွေးနက်ကြီးနောက် လိုက်သွားလို့ ပြောသတဲ့ကွယ်။

နောက်တစ်ရက်မိုးလင်းတော့ တောင်ဖီလာဆရာတော်က အခြားဆရာတော်များကို အိပ်မက်အကြောင်း လျှောက်ထားပြီး တောနက်တွင်း ဝင်ကြတဲ့အခါ လူမနီးတဲ့တောကြီးထဲ ခွေးနက်ကြီးတစ်ကောင်လာတာကို မြင်ကြသတဲ့၊ ခွေးနက်ကြီးနောက် လိုက်ကြရင်း ထူးဆန်းတဲ့ လူတစ်ယောက် ထိုင်နေတာ တွေ့ကြသတဲ့။

ထူးဆန်းတဲ့လူက ခင်ဗျားတို့ ဘာလုပ်လာကြတာလဲမေးတော့ စက်တော်ရာ–အရှာလာကြောင်း၊ သိလျှင် ပြောပေးဖို့အကြောင်း ပြောကြသတဲ့၊ လူထူးကြီးက ဦးခေါင်းကိုဆတ်ပြီး တောင်ထိပ်ကို ညွှန်ပြသတဲ့၊ သူညွှန်ပြရာကြည့်ကြတော့ ကျီးတစ်ကောင်ကို မြင်ကြရတယ်၊ ကျီးက တအာအာနှင့် မြည်နေတယ်၊ တောင်ထိပ်တက် ကြည့်ကြတော့ အထက်စက်တော်ရာကို တွေ့ကြတယ်၊ ဆရာတော်များလည်း ဝမ်းမြောက်ဝမ်းသာ ရှိခိုးပူဇော်ကြပြီး ရွှေစက်တော်အနီးမှာပဲ

http://www.dhammadownload.com



ကျိန်းစက်ကြတယ်၊ ညအခါရောက်တော့ တောင်ဖီလာ ဆရာတော်က ပဌာန်းကျမ်းကို သရဇ္ဈာယ်တယ်၊ တောစောင့်နတ် တောင်စောင့်နတ်တို့က သာဓုခေါ်ကြသတဲ့။

"သာဓုခေါ်တာ ဘယ်သူတုန်း"လို့ ဆရာတော်က မေးတော့ "သောတာပန်နတ်ဖြစ်ပါတယ်"လို့ လျှောက်ထားသတဲ့၊ "သောတာပန်နတ် ဘုရားရှင်ကို မီရဲ့လား" မေးတော့ "မီပါတယ်"လို့ လျှောက်ထားသတဲ့၊ "တာဝတိံသာမှာဟောတဲ့ ပဌာန်းတရားကော နာဖူးရဲ့လား" မေးတော့ "နာဖူးပါတယ်" လို့ ဖြေသတဲ့။

သည်အခါ ဆရာတော်က "ငါသရဇ္ဈာယ်တဲ့ ပဌာန်းတရားတော်ဟာ ဘုရားရှင်ဟောတဲ့ ပဌာန်းတရားနှင့် ပုဒ် ပါဠိအက္ခရာ ညီရဲ့လား" မေးတော့ နတ်သားက "အရှင်ဘုရား-အရှင်ဘုရားဟောတဲ့တရားနှင့် နှိုင်းယှဉ်ပြောရပါသော် နံ့သောငါးပိကို ပေါက်ဖက်နှင့် အထပ်ထပ်ထုပ်၍နမ်းလျှင် အပေါ်ဆုံးပေါက်ဖက်နံ့နှင့်တူပါတယ်"လို့ ပြောသတဲ့၊ သည်အခါ တောင်ဖီလာဆရာတော်က "ဒါယကာနတ်သား-ငါဟာ ဤပဌာန်းတရား၌ အလွန်ကြည်ညိုသည်ဖြစ်၍ ရွတ်အံသရဇ္ဈာယ်စဉ် အက္ခရာ, ပုဒ်, မချွတ်ယွင်းရအောင် သတိတရား, ဝီရိယတရားရှေ့သွား၍ ရွတ်အံသရဇ္ဈာယ်ခြင်းမှန်၏၊ အကယ်၍ ချွတ်ယွင်းချေသော် ငါ့ဦးခေါင်း မိုးကြိုးစက် ထိပါစေ"လို့ ကျိန်ပြောသတဲ့၊ သောတာပန်နတ်က "ဘုန်းကြီး၊ ရွတ်အံသရဇ္ဈာယ်ခြင်း မှန်ကန်ပါတယ်၊ ဘုန်းကြီးကို ဝီရိယတိုးပွားအောင် ဆိုပါတယ်၊ ဘုရားဆုကိုတောင်းပါ"လို့ ပြောပြီး ကွယ်ပျောက်သွားသတဲ့။

သည်စကားရပ်မှာ တောင်ဖီလာဆရာတော်ဟာ သတိ,ဝီရိယနှင့် ပဌာန်းတရား ရွတ်အံသရဇ္ဈာယ်တာလည်း မှန်တယ်၊ သောတာပန်နတ်ပြောဆိုတာလည်း မှန်တယ်ကွယ့်၊ တောင်ဖီလာဆရာတော်ဟာ အားကြီးသော သတိ, ဝီရိယနှင့် ဘယ်လိုပင် မဂဓဘာသာကို ရွတ်စေဦးတော့ မိခင်မြန်မာအသံကို မစွန့်နိုင်ဘူး၊ ဒါကြောင့် ရွတ်ဆိုတဲ့ ပဌာန်းဒေသနာတော်ဟာ အားလုံးမှန်ပါတယ်၊ ဒါပေသိ မဂဓသံ မပီသဘူး၊ မပီသတဲ့အတွက် သောတာပန်နတ်က အပြင်ဘက်အနံ့နှင့် ဥပမာပေးသွားတာပေါ့ကွယ်။

http://www.dhammadownload.com



ဒါကြောင့် ကမ္မဝါရွှတ်ဖတ်ရာမှာ မဂဓသံပီသမှ ရဟန်းဖြစ်ရမယ်ဆိုလျှင် မဂဓတိုင်းသား စစ်စစ်ဖြစ်တဲ့ ကမ္မဝါဆရာ ရွှတ်ဖတ်ကံဆောင်ခြင်းမှ တစ်ပါး ဘယ်ပုဂ္ဂိုလ်မှ ရဟန်းဖြစ်ခွင့် မရှိဘူး၊ သည်ယနေ့မှာဆိုလျှင် မဂဓတိုင်း ရာဇဂြိုဟ်တစ်ဝိုက်မှာသော်လည်း မဂဓစကားပြောသူမရှိတော့ဘူး၊ ဟိန္ဒူဘာသာ, သက္ကတဘာသာတို့က လွှမ်းမိုးနေပြီ၊ ဒါကြောင့် မဂဓသံစစ်စစ် ပြောတတ်သူ မရှိသလောက် ဖြစ်နေပြီ၊ မဂဓသံ ပီပိုသသ ကမ္မဝါစာ ရွှတ်ဖတ်မှ ရဟန်း ဖြစ်ရမယ်ဆိုလျှင် ရဟန်းဘာဝဆိုတာ မျှော်လင့်ချက်မရှိသလောက် ဖြစ်သွားပြီကွယ်၊

ဒါကြောင့် ကမ္မဝါဆရာ မဂဓသံပီ–မပီဆိုတာ မတွက်နှင့်၊ ပီပင် မပီသ သော်လည်း နားထောင်သူနားလည်လျှင် လောကမှာ အလုပ်ဖြစ်တယ် မဟုတ် လား၊ ဥပမာ–တရုတ်တို့, ကုလားတို့ စကားပြောကြတဲ့အခါ တရုတ်တို့, ကုလားတို့က မြန်မာအသံကိုမပီမသပြောကြတာပဲ၊ သို့သော်လည်း နားထောင် သူနားလည်လျှင် အလုပ်ကိစ္စ ပြီးတာပဲ”

“အဲသည်ဥပမာအတိုင်း ကမ္မဝါဆရာဟာ မဂဓသံကို မဂဓတိုင်းသားက ပီပီသသ မရွှတ်ဆိုနိုင်စေကာမူ ဌာန်, ကရိုဏ်း, ပယတ်မမှားခဲ့လျှင် နားထောင် သူ နားလည်နိုင်ပါတယ်၊ ဒါကြောင့် ကံမပျက်နိုင်ပါဘူး၊ သည်နေရာမှာ တိတိ ကျကျ ပြောရမယ်ဆိုတဲ့ ဗျည်း သိမှတ်ဖွယ် ၁၀–ပါးကို ဗျဉ္ဇနဗုဒ္ဓိလို့ ခေါ်တယ်၊ ကမ္မဝါဖတ်ရွှတ်တဲ့အခါ ဗျဉ္ဇနဗုဒ္ဓိ ၁၀–ပါးနှင့် ညီအောင် ဖတ်ရွှတ်ရတယ်၊ ဗျဉ္ဇနဗုဒ္ဓိ ၁၀–ပါးဆိုတာက–

(၁) သိထိလ – လျော့လျော့ရွှတ်ရသော အက္ခရာ၊
(၂) ဓနိတ – တင်းတင်းရွှတ်ရသော အက္ခရာ၊
(၃) ဒီဃ – ရှည်ရှည်ရွှတ်ရသော အက္ခရာ၊
(၄) ရဿ – တိုတိုရွှတ်ရသော အက္ခရာ၊
(၅) ဂရု – လေးလေးရွှတ်ရသော အက္ခရာ၊
(၆) လဟု – ပေါ့ပေါ့ရွှတ်ရသော အက္ခရာ၊
(၇) နိဂ္ဂဟိတ် – နှာသံဖြင့်ရွှတ်ရသော အက္ခရာ၊
(၈) ဝိမုတ် – ခံတွင်းဖွင့်၍ ရွှတ်ရသော အက္ခရာ၊
(၉) သမ္ဗန္ဓ – ပုဒ်စပ်၍ရွှတ်ရသော အက္ခရာ၊

http://www.dhammadownload.com



(၁၀) ဝဝတ္ထိတ - ပုဒ်ဖြတ်၍ရွတ်ရသော အက္ခရာ-

အားလုံး ဗျဉ္ဇနဗုဒ္ဓိ ၁၀-ပါးရှိတယ်၊ သည်ဗျဉ္ဇနဗုဒ္ဓိ ၁၀-ပါးမှာ သိထိလ, ဓနိတ, နိဂ္ဂဟိတ်, ဝိမုတ် သည်လေးပါးကို အထူးသတိပြုပြီး ရွတ်ရတယ်။

သိထိလ-လျော့လျော့ရွတ်ဆိုရမည့် အက္ခရာကို၊ ဓနိတ-တင်းတင်း ရွတ်ဆိုခဲ့သော် လည်းကောင်း၊ ဓနိတ-တင်းတင်းရွတ်ရဆိုရမည့် အက္ခရာကို၊ သိထိလ-လျော့လျော့ရွတ်ဆိုခဲ့သော်လည်းကောင်း၊ နိဂ္ဂဟိတ-နိဂ္ဂဟိတ်သံရွတ်ဆို ရမည့်(ယံ-သံ စသော)အက္ခရာကို၊ ဝိမုတ္တ-ခံတွင်းဖွင့်ပြီး(ယာ-သာ)စသည် ရွတ်ဆိုခဲ့သော်လည်းကောင်း၊ ဝိမုတ္တ - ခံတွင်းဖွင့်ပြီး ရွတ်ဆိုရမည့်(ယာ-သာ) စသော အက္ခရာကို နိဂ္ဂဟိတ-နိဂ္ဂဟိတ်သံဖြင့် (ယံ-သံ)စသည် ရွတ်ဆိုခဲ့သော် လည်းကောင်း ကံပျက်တယ်။

ကျန်တဲ့ ဗျဉ္ဇနဗုဒ္ဓိပျက်ရုံနှင့်တော့ ကံမပျက်ဘူးလို့ မှတ်ရမယ်၊ သည် အကြောင်းကို ရှေးဆရာတော်များ ရေးသားခဲ့တဲ့ ဂါထာတစ်ပုဒ်ကို အမှတ်တရ ဖော်ပြလိုက်ရဦးမယ်-

**သိထိလဉ္စ ဓနိတဉ္စ၊ နိဂ္ဂဟိတဉ္စ ဝိမုတ္တကံ။**
**ဣစ္စေတေဟေဝ ကမ္မာနိ၊ ဝိပ္ပဇ္ဇန္တိ န စေတရာ။**

သိထိလဉ္စ-သိထိလအက္ခရာနှင့်လည်းကောင်း၊ ဓနိတဉ္စ-ဓနိတအက္ခရာနှင့် လည်းကောင်း၊ နိဂ္ဂဟိတဉ္စ-နိဂ္ဂဟိတ်အက္ခရာနှင့်လည်းကောင်း၊ ဝိမုတ္တကဉ္စ- ဝိမုတ်အက္ခရာနှင့်လည်းကောင်း၊ ဣတိ-ဤသို့၊ ဧတေဟေဝ- ထိုလေးပါးတို့ ကြောင့်သာလျှင်၊ ကမ္မာနိ-ကံတို့သည်၊ ဝိပဇ္ဇန္တိ-ပျက်တတ်ကုန်၏၊ ဣတရာ- ဤမှတစ်ပါး ကြွင်းခြောက်ပါးတို့ကြောင့်၊ န ဝိပဇ္ဇန္တိ စ-မပျက်ကုန်သည်သာ လျှင်တည်း။

"သာဓု-သာဓု-သာဓု"

http://www.dhammadownload.com

# ရဟန်းခံခြင်းနှင့် သံသယသုံးခု (၂)

"ဟောသည်စာက မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ သုခကာရီ အရှင် ဣန္ဒ မေးလျှောက်တဲ့ ပြဿနာဖြစ်ပါတယ် ဘုရား"

"ဆိုစမ်းပါဦး။ အရှင်ဣန္ဒက ဘယ်လိုပြဿနာများ လျှောက်ထားတုန်း ကွယ့်"

"အရှင် ဣန္ဒ လျှောက်ထားတာက (၁) ရဟန်းခံတာ သာမဏေမပြု ဘဲ ခေါင်းတုံး, သိမ်ဝင်, ကမ္မဝါဖတ်ရုံနှင့် ရဟန်းဖြစ်ပါသလား၊ ဘုရားရှင် လက်ထက်က သည်လို သာမဏေမပြုဘဲ ရဟန်းခံတာရှိပါသလားတဲ့၊ (၂) ရဟန်းလောင်းကို ရဟန်းတစ်ပါးတည်း ဥပသမ္ပဒ ကမ္မဝါစာဖတ်ပေးလို့ ရဟန်းဖြစ်နိုင်ပါသလားတဲ့၊ (၃) အင်္ဂါချို့တဲ့ နေတဲ့သူကို ရဟန်းပြုပေးကောင်းပါ သလားတဲ့၊ သည်ပြဿနာသုံးချက်က အရှင်ဣန္ဒသိလိုတဲ့ ပြဿနာ ဖြစ်ပါတယ်" အဖြေကို မိန့်ကြားတော်မူပါဦး"

## သာမဏေမဝတ်ဘဲ ရဟန်းဖြစ်မဖြစ်

"ရဟန်းခံရှင်ပြုတာနဲ့ ပတ်သက်တဲ့အမေး မကြာမကြာ ရောက်ခဲ့တယ်၊ ရောက်လာတိုင်းလိုလိုပဲ ဖြေခဲ့ပါတယ်၊ အခု အမေးရောက်လာပြန်တော့ ထပ် ပြီး ဖြေရဦးတော့မှာပေါ့"

http://www.dhammadownload.com



"ဘုရားသခင်ဟာ ဘုရားဖြစ်တော်မူပြီးတဲ့နောက် ရှေးဦးစွာသော ဝါကို ဗာရာဏသီပြည်၏အနီး ဣသိပတန မိဂဒါဝုန်တောမှာ ဝါဆိုတော်မူတယ်၊ အဲသည်ပထမဝါတွင်းမှာ ပဉ္စဝဂ္ဂီငါးဦးရယ်, ယသသူဌေးသားရယ်, ယသ သူငယ်ချင်း လေးယောက်ဖြစ်ကြတဲ့ ဝိမလ, သုဗာဟု, ပုဏ္ဏဇိ, ဂဝမ္ပတိတို့ရယ်, ယသသူငယ်ချင်း ငါးကျိပ်တို့ရယ် ဘုရားရှင်ထံမှာ ရဟန်းဖြစ်ကြတယ်၊ အဲသည် ရဟန်းတော်ပေါင်း ခြောက်ကျိပ်တို့ကတော့ အားလုံး ဧဟိဘိက္ခု တွေချည်းဖြစ်ကြတယ်၊ ဝါကျွတ်တဲ့အခါ ဘုရားရှင်က ရဟန္တာခြောက်ကျိပ် တို့ကို ခေါ်တော်မူပြီး "ရဟန်းတို့-ငါဘုရားဟာ အားလုံးသော ကိလေသာကျော့ ကွင်းတို့က လွတ်ပြီ၊ သင်တို့လည်း လွတ်ကြပြီ၊ များစွာကုန်သော လူနတ်တို့ အကျိုးငှာ ဒေသစာရီ လှည့်လည်ကြ၊ အစ,အလယ်,အဆုံး ကောင်းခြင်းဂုဏ် နှင့်ပြည့်စုံတဲ့ တရားတော်ကို ဟောကြ၊ မြတ်သောအကျင့်ကို ပြကြ၊ ကိလေသာနည်းသော သတ္တဝါများရှိကြတယ်၊ တရားတော်ကို မနာကြရလို့ ဆုတ်ယုတ်နေကြတယ်၊ တရားတော်ကို နာရလျှင် သိလွယ်ကြလိမ့်မယ်"လို့ မိန့်တော်မူပြီး ဌာနအသီးသီး စေလွှတ်တော်မူလိုက်တယ်၊ ရဟန်းတော်များက ဌာနအသီးသီး လှည့်လည်တရားဟောကြတော့ သာမဏေပြုချင်သူ, ရဟန်းပြု ချင်သူတွေ ပေါ်လာကြတယ်၊ အဲသည် ရှင်လောင်း, ရဟန်းလောင်းများကို ဘုရားရှင် သီတင်းသုံးရာရောက်အောင် ခေါ်ဆောင်လာကြရတဲ့အတွက် ရဟန်း တော်များရော, ရှင်လောင်း, ရဟန်းလောင်းများပါ ပင်ပန်းကြတယ်၊ ဒါ ကြောင့် ဘုရားသခင်က "ရဟန်းတို့-ယခုအခါ အသင်တို့ ကိုယ်တိုင်သာ ထိုထိုဌာနတို့၌ ရှင်ရဟန်းပြုပေးကြ၊ ရဟန်းတို့-ရှင်ရဟန်းကို၊ ဤလိုပြုပေး ရမယ်၊ ရှေးဦးစွာ ဆံမုတ်ဆိတ်ကိုပယ်, ဖန်ရည်ဆိုးတဲ့ သင်းပိုင်ကိုဝတ်, ကေသီကို စံပယ်တင်စေပြီး ဆောင့်ကြောင့်ထိုင် လက်အုပ်ချီပြီး 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ' ဆိုတဲ့ သရဏဂုံသုံးကြိမ် ရွတ်ဆိုရမယ်၊ ရွတ်ဆိုအပြီး ရှင်ရဟန်း ဖြစ်စေရမယ်' လို့ မိန့်တော်မူတယ်၊ သည်ပထမပိုင်းမှာ ရှင်ပြုသည်ဖြစ်စေ, ရဟန်းပြုသည်ဖြစ်စေ သရဏဂုံမျှနှင့် ပြီးစီးတယ်၊ ရှင်နှင့် ရဟန်း တင်မြှောက်ပုံချင်း မကွာဘူး၊ ဒါကြောင့် ဒုတိယ ပညတ်တော် ပေါ်ခဲ့ရတယ်"

http://www.dhammadownload.com



ဒုတိယပညတ်ပေါ်လာပုံက ရာဓအမည်ရှိတဲ့ ပုဏ္ဏားအိုကြီးဟာ အလွန်ရဟန်းဝတ်ချင်တယ်၊ သူ့ကို ရဟန်းပြုပေးဖို့ ရဟန်းတော်များကို လျှောက်ထားပေမယ့် သူ့ကို ဘယ်ရဟန်းတော်ကမျှ ရဟန်းပြုမပေးကြဘူး၊ ပုဏ္ဏားကြီးဟာ အလွန်ရဟန်းဝတ်ချင်လွန်းလို့ မစားနိုင်မသောက်နိုင် ဖြစ်နေရှာသတဲ့၊ သည်အကြောင်း ဘုရားရှင်သိတော်မူတော့ ဘုရားရှင်က "ရဟန်းတို့–သည်ပုဏ္ဏားအိုကြီးရဲ့ ကျေးဇူးကို ဘယ်သူများ သိကြသလဲ"လို့ မေးတော်မူတယ်၊ ရှင်သာရိပုတ္တရာက "တပည့်တော် သိပါတယ်၊ သည်ပုဏ္ဏားအိုဟာ ဆွမ်းလောင်းခဲ့ဖူးပါတယ်"လို့ လျှောက်တယ်၊ ဘုရားရှင်က "သာရိပုတ္တရာ–ကောင်းပေစွ၊ သူတော်ကောင်းတို့ဟာ သူ့ကျေးဇူးကို သိတတ်ကြတယ်၊ ကျေးဇူးတုံ့ပြန်သောအားဖြင့် ဤပုဏ္ဏားကို ရဟန်းပြုပေးလိုက်ကြပါ"လို့ မိန့်တော်မူတယ်၊ ရှင်သာရိပုတ္တရာဟာ သရဏဂုံသုံးပါးဖြင့် ရဟန်းဖြစ်ခွင့်ပြုထားတာကိုသိပါတယ်၊ သို့သော်လည်း ဘုရားရှင်ဟာ ပေါ်တဲ့ ထိုကံကိုပယ်ပြီး ဉတ္တိစတုကံဖြင့် ကြီးလေးသော ဥပသမ္ပဒကံကို ခွင့်ပြုတော်မူလိုကြောင်း သိထားတယ်၊ ဒါကြောင့် "အရှင်ဘုရား–ထိုပုဏ္ဏားကို ဘယ်လိုရှင်ပြုပေးရမှာလဲ, ဘယ်လို ရဟန်းခံပေးရမှာလဲ"လို့ လျှောက်ထားတယ်၊ သည်အခါ ဘုရားရှင်က ရဟန်းများကို စည်းဝေးစေပြီး "ရဟန်းတို့–သရဏဂုံသုံးပါးဖြင့် ငါခွင့်ပြုခဲ့တဲ့ပဉ္စင်းခံခြင်းကို ယနေ့ကစပြီး ပယ်ဖျက်လိုက်ပြီ၊ ဉတ္တိစတုတ္ထကံဖြင့်သာ ရဟန်းခံရမယ်"လို့ ထပ်ပြီး ပညတ်တော်မူလိုက်တယ်၊ ဒါကြောင့် ရှင်သာမဏေပြုရာမှာ မူလပညတ်တော်အတိုင်း သရဏဂုံသုံးပါးဖြင့် ပြီးတယ်၊ ရဟန်းပြုတဲ့အခါကျတော့ သရဏဂုံနှင့် မပြီးဘူး၊ ဉတ္တိစတုတ္ထကံနှင့်မှ ပြီးတယ်၊ အခုပြောခဲ့တာက ဝိနယ မဟာဝဂ်ပါဠိတော်ကလာတဲ့ ရှင်ရဟန်းခံခြင်းရဲ့ အခြေခံသမိုင်းကြောင်းပေါ့ကွယ်။

သည်နေရာ၌ ရှင်သာမဏေပြုခြင်းနှင့်ပတ်သက်ပြီး ဆံချခြင်း, သင်္ကန်းဝတ်ခြင်း, သရဏဂုံပေးခြင်းတို့ကို ပါဠိတော်အဋ္ဌကထာတို့မှာ ဖော်ပြထားပါသော်လည်း ရဟန်းခံမှုနှင်ပတ်သက်လို့တော့ အကျယ်တဝင့် ဖော်ပြခြင်း မရှိဘူး၊ ဒါကြောင့် ဝဇီရဗုဒ္ဓိဋီကာ ၄၁၁–မှာဥပဇ္ဈာယ်ဆရာသည် ဆံမုတ်ဆိတ်ချခြင်း, သင်္ကန်းဝတ်ပေးခြင်းတို့ကို မပြုဘဲ ရှင်သာမဏေဖြစ်အောင် သရဏဂုံပေးခဲ့လျှင် ရှင်အဖြစ်ကို မရောက်ဘူးတဲ့၊ အကယ်၍ အဲသည်ပုဂ္ဂိုလ်ကို ဉတ္တိစတုတ္ထ

http://www.dhammadownload.com


ကမ္မဝါစာကိုကြားပြီး ရဟန်းခံခဲ့လျှင် ရဟန်းအဖြစ်ကို ရောက်တယ်၊ ဘာကြောင့်လဲဆိုတော့ သပိတ်သင်္ကန်းပင် မပါသော်လည်း ရဟန်းအဖြစ်ပြီးတယ်လို့ ပြတဲ့အတွက် တစ်ကြောင်း၊ ဝတ္ထု၊ ကမ္မဝါဆရာ၊ သိမ်၊ ဉတ်၊ ပရိသတ်စုံလင်လို့ ကံမပျက်သင့်တဲ့အတွက် တစ်ကြောင်း ရဟန်းဖြစ်တယ်လို့ ဆုံးဖြတ်ထားတယ်ကွယ့်၊ ဒီနေရာမှာ ဝဇီရဗုဒ္ဓိဋီကာဆရာက ဈေးကဆရာတို့ရဲ့ဝါဒ ဂါထာတစ်ပုဒ် ထုတ်ပြထားသေးသကွယ့်"

"အဲသည် ဂါထာကို အမိန့်ရှိပါဦး ဘုရား"

**သလိင်္ဂဿေဝ ပဗ္ဗဇာ၊ ဝိလိင်္ဂဿာပိ စေတရာ။**

**အပေတပဗ္ဗဇ္ဇဝေသဿ၊ တံ ဒွယံ ဣတိ စာပရေ–တဲ့။**

အနက်ကတော့–သလိင်္ဂဿေဝ–ရှင်သာမဏေအသွင်ရှိသောသူအားသာလျှင်၊ ပဗ္ဗဇ္ဇာ–ရှင်အဖြစ်သည်၊ ရဟတိ–ရောက်၏၊ ဝိလိင်္ဂဿာပိ စ–ရဟန်းအသွင်မရှိသောသူအားပင်သော်လည်း၊ ဣတရာ ဥပသမ္ပဒါ– ပဉ္စင်းအဖြစ်သည်၊ ရဟတိ–ရောက်၏၊ အပေတပဗ္ဗဇ္ဇဝေသဿ–မကင်းသော ရှင်အသွင် ရဟန်းအသွင်ရှိသောသူအား၊ တံ ဒွယံ–ထိုရှင်အဖြစ်, ရဟန်းအဖြစ်သည်၊ ရဟတိ–ရောက်၏–တဲ့။

သည်ဂါထာရဲ့ အဓိပ္ပါယ်က သာမဏေဝတ်မယ်ဆိုလျှင် သာမဏေအသွင်ရှိတဲ့သူကို သရဏဂုံပေးမှ သာမဏေဖြစ်သတဲ့၊ ရဟန်းခံတဲ့နေရာကျတော့ လူ့အသွင်နဲ့လည်း ရဟန်းခံလို့ရတယ်၊ သာမဏေသွင်နဲ့လည်း ရဟန်းခံလို့ရတယ်လို့ဆိုတယ်၊ သည်နေရာမှာ သတိပြုစရာ ပြောရဦးမယ်"

"အမိန့်ရှိပါ ဘုရား"

"ဋီကာ မိန့်ဆိုတဲ့စကားကို လေးလေးနက်နက်စဉ်းစားလိုက်လျှင် သာမဏေဖြစ်မှုဟာအလွန်ခက်တယ်၊ သရဏဂုံနဲ့ ရှင်ဖြစ်တယ်လို့ ပေါ့ပေါ့သုံးသော်လည်း သရဏဂုံက ဉာတော ဝိသုဒ္ဓိ–ဆရာရောတပည့်ပါ စင်ကြယ်ရမယ်တဲ့၊ တစ်ပါးပါးက ပျက်လျှင် သာမဏေမဖြစ်ဘူးတဲ့၊ ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"သည်တော့ ရှင်ပြုပွဲတွေ အတော်များများ လုပ်ကြသော်လည်း ဉာတော ဝိသုဒ္ဓိဖြစ်လို့ အောင်မြင်တဲ့ရှင်ပြုပွဲက ဘယ်လောက်ရှိမလဲ၊ တစ်ဖန် ဉာတော

http://www.dhammadownload.com



ဝိသုဒ္ဓိ နှစ်ဘက်စင်ကြယ်လို့ သာမဏေဖြစ်ပါပြီတဲ့၊ "အာရက္ခေရိဝသာသပေါ၊ သာသပေါရိဝ အာရက္ခေ" ပွတ်ဆောက်ဖျားအပေါ်တင်ထားတဲ့ မုန်ညင်းစေ့လို သာမဏေဆိုတာ အသက်ငယ်ရွယ်သူမို့ သာမဏေသိက္ခာကို အပြည့်အဝ ထမ်းဆောင်ဖို့ ခက်ခဲတယ်၊ ဒါကြောင့် သာမဏေဘဝနှင့် လိုင်ကျနေတဲ့ သာမဏေပေါင်း ဘယ်လောက်ရှိမလဲ၊ သည်သာမဏေတွေ အသက် ၂၀–ပြည့် တော့ ရဟန်းခံကြလိမ့်မယ်၊ အကယ်၍ စင်ကြယ်သောသာမဏေသည်သာ ရဟန်းဖြစ်တယ်ဆိုခဲ့လျှင် ရဟန်းဘဝမှာ သံသယဖြစ်ဖွယ်တွေ အလွန်များပြား ခဲ့လိမ့်မယ်၊ သည်သံသယစိတ်တွေကင်းအောင် လူ့အသွင်ဖြင့် ရဟန်းခံခြင်း သည်ပင်လျှင် အပ်တယ်လို့ ဋီကာဆရာက ဖွင့်ဆိုခြင်းဖြစ်ပါတယ်၊ သို့သော် လည်း ဘုရားရှင်ရဲ့ ဒေသနာတော်ဟာ နာနာနယနည်းပေါင်းစုံရှိတယ်၊ နိပုဏ– သိမ်မွေ့တယ်၊ ဂမ္ဘီရ–နက်နဲတယ်ဆိုတဲ့အတိုင်း အလွန် နည်းပေါင်းစုံပြီး အလွန်လည်း သိမ်မွေ့ အလွန်လည်း နက်နဲတယ်၊ အဲဒီလို သိမ်မွေ့နက်နဲတဲ့ နည်းပေါင်းစုံတွေထဲမှာ (မိဂပဒဝဠဉ္ဇနနည်း)ဆိုတဲ့ နည်းတစ်နည်းလည်း ပါတယ်ကွယ့်။

"မှန်ပါ–အမိန့်ရှိပါဦး ဘုရား"

"မုဆိုးတစ်ယောက်က သမင်ကို ပစ်မယ်လို့ ခြေရာကောက်ပြီးလိုက်လာ သတဲ့၊ သမင်ခြေရာဟာ ကျောက်ဖျာတစ်ခုပေါ်ရောက်တော့ ပျောက်သွားပြီး ကျောက်ဖျာဆုံးမှ ပြန်ပေါ်လာသတဲ့၊ သမင်ခြေရာဟာ ကျောက်ဖျာအတက်နှင့် အဆင်းမှာ ထင်ရှားပေါ်နေတာကိုထောက်လျှင် သည်သမင်ဟာ ကျောက်ဖျာ ပေါ်ကိုလည်းဖြတ်သန်းသွားတယ်လို့ မုဆိုးသိသလို အစနှင့်အဆုံးကိုပြရုံနှင့် အလယ်ကိုသိရတဲ့နည်းကို မိဂပဒဝဠဉ္ဇနနည်းလို့ ခေါ်တယ်ကွယ့်၊ ဓမ္မပဒ အဋ္ဌကထာ ရာဓတ္ထေရဝတ္ထုမှာ ရာဓပုဏ္ဏားအိုကြီးကို ရဟန်းပြုပေးလိုက်ပါလို့ ဘုရားရှင်က မိန့်တော်မူတော့ ရှင်သာရိပုတ္တရာက (သာဓု ဘန္တေ ပဗ္ဗာဇေဿာမိတိ တံ ဗြာဟ္မဏံ ပဗ္ဗာဇေသိ) အရှင်ဘုရား၊ ကောင်းပါပြီ၊ ရဟန်းပြုပေးပါ့မယ်လို့ လျှောက်ထားပြီး ထိုရာဓပုဏ္ဏားကို ရဟန်းပြုပေးတယ်လို့ လာတယ်၊ သည်အဋ္ဌကထာမှာ ရှင်ပြုပေးတယ်လို့ မပါဘူး၊ သို့သော်လည်း ရဟန်းဘဝဆိုတာ ရှင်သာမဏေဘဝကတက်မြဲမို့ ရှင်သာမဏေပြုခန်း အလယ်စကားရပ်ကို

http://www.dhammadownload.com



(မိဂပဒဝဠဉ္ဇနနည်း)ဖြင့် မြှုပ်ထားတယ်လို့လည်း ဆိုနိုင်ပါတယ်၊ ပြီးတော့ ဝိနည်းအရာဆိုတာ (လဟုကဂရုကေသု ဂရုကေ ဌာတဗ္ဗံ) အလေးအပေါ့ ဖြစ်လာခဲ့လျှင် အလေးဘက်ကိုတည်ရမယ်လို့ ပြဋ္ဌာန်းထားတယ်၊ ဒါကြောင့် လူဝတ်ကြောင်ကို ကမ္မဝါဖတ်ပြီး ရဟန်းအဖြစ် တင်မြှောက်နိုင်တယ်လို့ ဆိုသော်လည်း အဲသည်အဆိုဟာ အလွန်ပေါ့သော အဆိုဖြစ်ပါတယ်၊ သရဏဂုံသုံးပါးဖြင့် ရဟန်းခံခြင်းကို [ဘဂဝါ ပန တံ လဟုကံ ဥပသမ္ပဒံ ပဋိက္ခိပိတွာ–မဟာဝါ(ဋ္ဌ)–၂၆၄] ပေါ့တယ်လို့ ဘုရားရှင်ပယ်တော်မူသလို လူဝတ်ဖြင့် ရဟန်းခံခြင်းဟာလည်း အလွန်ပေါ့တယ်၊ လေးလေးနက်နက် ပြုသင့်တဲ့နေရာမှာ ပေါ့ပေါ့လျော့လျော့ မပြုသင့်ပါဘူး၊ ဒါကြောင့် ရှေးရိုးစဉ်လာအတိုင်း လူသားဘဝမှ သာမဏေ၊ သာမဏေဘဝမှ ရဟန်းအဖြစ် တက်ရောက်လာခြင်းက သာလွန်ကောင်းတယ်လို့ ဖြေကြားလိုက်ပါတယ်ကွယ်"

"မှန်ပါ–ပထမအမေးတော့ ပြေတန်ကောင်းပါပြီ၊ ဒုတိယအမေးကို ဖြေတော်မူပါဦး ဘုရား"

"ဒုတိယအမေးက ဘာတဲ့"

"ရဟန်းလောင်းကို ရဟန်းတစ်ပါးတည်း ကမ္မဝါစာဖတ်ပေးလို့ ရဟန်းဖြစ်နိုင်ပါသလားတဲ့ ဘုရား"

## ကမ္မဝါဆရာတစ်ဦးတည်း ရွတ်ဖတ်လျှင်

"ရဟန်းခံခြင်းကိစ္စဟာ မဇ္ဈိမတိုက်မှာတော့ ပဉ္စဝဂ်္ဂ (ငါးပါး၊ ငါးပါးထက် အလွန်)ရှိတဲ့ သံဃာပြုတဲ့ကံဖြစ်တယ်၊ ပစ္စန္တရာဇ်အရပ်မှာတော့ စတုဝဂ်္ဂ (လေးပါး၊ လေးပါးထက်အလွန်)ရှိတဲ့ သံဃာပြုရတဲ့ကံဖြစ်တယ်၊ ဝတ္ထု၊ ကမ္မဝါဆရာ၊ သိမ်၊ ဉတ်၊ ပရိသတ်ဆိုတဲ့ အင်္ဂါငါးပါး ညီညွတ်လျှင် ကမ္မဝါကို တစ်ပါးတည်းဖတ်တာနှင့် အောင်မြင်ပါတယ်၊ ဝိနယ မဟာဝါပါဠိ ၇၁–မှာ **ဝေဠု ပန ဘိက္ခဝေ ဥပသမ္ပာဒေတဗ္ဗော၊ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော၊** ရဟန်းတို့ ရဟန်းခံခြင်းကို သည်လိုပြုရမယ်၊ ဗျတ္တဂုဏ်၊ ပဋိဗလဂုဏ်နှင့်ပြည့်စုံတဲ့ ရဟန်းဟာ သံဃာကို ကမ္မဝါစာဖြင့် သိစေအပ်တယ်လို့ ကေဝုစ်နှင့် ဟောထားတယ်၊ ကေဝုစ်နှင့် ဟောတာကိုထောက်ထားပြီး ကမ္မဝါစာကို

http://www.dhammadownload.com



တစ်ပါးတည်း ရွတ်ဖတ်နိုင်ကြောင်း သိသာတာပေါ့ကွယ်”

“ယခု နှစ်ပါး, သုံးပါး တွဲဖတ်တာက ဘယ်လိုသဘောပါလဲဘုရား”

“ဒါက ကမ္မဝါဖတ်ရွတ်တဲ့ ပုဂ္ဂိုလ်တစ်ပါးပါး ဌာန်ကရိုဏ်းလွဲသွားလျှင် တစ်ပါးပါးက ဝင်ထိန်းဖို့ တွဲဖတ်ကြခြင်းဖြစ်ပါတယ်၊ သည်အကြောင်းကို ဝိနည်းမဟာဝါ ဂဏ္ဌိသစ်ကျမ်း ၄၈–မှာ ‘ကမ္မဝါစာယံ ဣတရော ဘိက္ခု အစရှိသော စကား၌ တစ်ပါးသောရဟန်း ကမ္မဝါစာရွတ်ဖတ်ရာ၌ နေရာမကျသော အက္ခရာကို နေရာကျအောင် ထေးဖာသောအားဖြင့် တစ်ပါးသောရဟန်းက နေရာမကျရာမှာဝင်၍ ကမ္မဝါစာ ရွတ်ဖတ်လိုက်အံ့၊ အပ်၏ဟူလိုသတည်း’လို့ ရေးသားထားတယ်၊ ဒါကြောင့်တစ်ပါးပျက်လျှင် တစ်ပါးကဝင်ထိန်းရအောင် အခုခေတ်မှာ သုံးပါးတွဲ ကမ္မဝါစာကို ဖတ်ကြမြဲဖြစ်တယ်ကွယ့်”

“မှန်ပါ–ဒုတိယအမေးဟာသည်လောက်ဆို ပြေလောက်ပါပြီ၊ တတိယ အမေးကို ဖြေတော်မူပါဦး ဘုရား”

“တတိယအမေးက ဘာတဲ့၊ ကိုယ်အင်္ဂါချို့တဲ့သူကို ရဟန်းပြုပေးကောင်းပါ သလားတဲ့၊ ဟုတ်လား”

“မှန်ပါ ဘုရား”

## ကိုယ်အင်္ဂါချို့တဲ့သူ ရဟန်းပြုလျှင်

“ကိုယ်အင်္ဂါ ချို့တဲ့သူကို ရဟန်းပြုမပေးကောင်းပါဘူး၊ အကယ်၍ ရဟန်းပြုပေးခဲ့လျှင် ရဟန်းပြုပေးသောပုဂ္ဂိုလ်မှာ ဒုက္ကဋ်အာပတ်သင့်ပါတယ်၊ အမှန်တော့ ရဟန်းပြုမပေးကောင်းတဲ့ပုဂ္ဂိုလ်ဟာ ကိုယ်အင်္ဂါချို့တဲ့ သူမျှသာ မကဘူး၊ အားလုံး ၃၂–ပါးရှိတယ်ကွယ့်”

“သြော်–အများကြီးပါလား၊ ဘယ်လိုပုဂ္ဂိုလ်များလဲ ဘုရာ့ ရဟန်းပြုမပေး ကောင်းတာ၊ မိန့်တော်မူပါဦး ဘုရာ့”

“မဟာဝါ မဟာခန္ဓကမှာ ဟောတော်မူတဲ့ ရှင်ရဟန်းမပြုထိုက်သူ ၃၂– ပါးစာရင်းက (၁) လက်ပြတ်သူ၊ (၂) ခြေပြတ်သူ၊ (၃) လက်ခြေပြတ်သူ၊ (၄) နားပြတ်သူ၊ (၅) နှာခေါင်းပြတ်သူ၊ (၆) နားနှာခေါင်းပြတ်သူ၊ (၇) ခြေချောင်း–လက်ချောင်းပြတ်သူ၊ (၈) ခြေမ, လက်မပြတ်သူ၊ (၉) အကြောမ

http://www.dhammadownload.com



ပြတ်သူ၊ (၁၀) ခြေချောင်း–လက်ချောင်းပူးသူ၊ (၁၁) ကုန်းသူ၊ (၁၂) ပုက္ကသူ၊ (၁၃) လည်ပင်းကြီးနာရှိသူ၊ (၁၄) သံပူကပ်၍ တံဆိပ်ခတ်ထားသူ၊ (၁၅) ကြိမ်ဒဏ်ပေးခံရသူ၊ (၁၆) တွေ့ရာအရပ်သတ်စေဟု ကြေညာခံထားရသူ၊ (၁၇) ခြေကိုင်းသောသူ၊ (၁၈) အနာဆိုးရှိသောသူ၊ (၁၉) အသွင်ချို့တဲ့သူ၊ (၂၀) တစ်ဘက်ကန်းသူ၊ (၂၁) လက်ခြေကောက်သူ၊ (၂၂) ခွင်သောသူ၊ (၂၃) ကိုယ်တစ်ခြမ်းသေ(ဖက်သက်နာ)စွဲသူ၊ (၂၄) အသွားဆွံ့သောသူ၊ (၂၅) အိုမင်းမစွမ်းသူ၊ (၂၆) မျက်စိနှစ်ဘက်ကန်းသူ၊ (၂၇) စကားဆွံ့သူ၊ (၂၈) နားပင်းသူ၊ (၂၉) ကန်းလည်းကန်း, အလည်းအသောသူ၊ (၃၀)ကန်းလည်းကန်း, နားလည်းပင်းသောသူ၊ (၃၁) အလည်းအ, နားလည်းပင်းသောသူ၊ (၃၂) ကန်းလည်းကန်း, အလည်းအ, နားလည်းပင်းသောသူ အဲသည် ၃၂–ပါးသော ပုဂ္ဂိုလ်များကို ရှင်လည်းမပြုပေးကောင်းဘူး၊ ရဟန်းလည်း မခံပေးကောင်းဘူး၊ အကယ်၍ ရှင်ရဟန်းပြုပေးလျှင် ရှင်အဖြစ်, ရဟန်းအဖြစ်ကိုတော့ ရောက်ပါတယ်၊ သို့သော် ရှင်ရဟန်းပြုပေးတဲ့ ကိုယ်တော်များ ဒုက္ကဋ်အာပတ်သင့်ရောက်တယ်လို့ ဝိနည်းမဟာဝါ ပါဠိတော်မှာ ဘုရားရှင် ဟောတော်မူထားတယ်ကွယ့်"

"မှန်ပါ–ရှင်းလင်းပါပြီ ဘုရား"

"သာဓု–သာဓု–သာဓု"

http://www.dhammadownload.com



# နေ့စွဲနှင့်အမည်

“ဟောသည့်စာက စာရေးဆရာကြီး ဦးကြီးမောင်(ငွေဥဒေါင်း)ထံက မေးလျှောက်တဲ့စာလွှာ ဖြစ်ပါတယ်၊ ဦးကြီးမောင်ရဲ့ မေးလျှောက်လွှာကို တပည့်တော် ဖတ်လျှောက်ပါမယ်”

“အင်း–ဖတ်စမ်းပါဦး”

“လျှောက်ထားပါသည် ဆရာတော်ဘုရား၊ ဘုရားရှင်ကအစ ရှေးအခါက ရဟန်းတော်များ၏ ဘွဲ့အမည်များမှာ နေ့စွဲနံစွဲဖြင့် မှည့်ခေါ်ခဲ့ကြသည် မဟုတ်ပါ၊ ဘုရားရှင်ကိုယ်တော်တိုင်ပင်လျှင် သောကြာသားဖြစ်သော်လည်း ဂေါတမ ဗုဒ္ဓအမည်သာထင်ရှားခဲ့ပါသည်၊ ရှင်သာရိပုတ္တရာသည် သောကြာသား, ရှင်မောဂ္ဂလ္လာန်သည် ကြာသပတေးသားဟုတ်မည်မထင်ပါ၊ နောက်ပိုင်းတွင်တော့ ယနေ့ခေတ်အထိ ရဟန်းတော်တို့ဘွဲ့အမည်များမှာ နေ့နံစွဲတွေချည်းဖြစ်နေပါသည်၊ ယင်းသို့ဖြစ်လာရခြင်းသည် အဘယ်အချိန်လောက်က စတင်သည်၊ ဗေဒင်စွဲကြောင့် ဖြစ်ပေါ်လာသည်လား စသည်ကို သိလိုပါသည်ဘုရား၊ (ကြီးမောင်–တောင်ကြီး)၊ ဦးကြီးမောင်ရဲ့ မေးလျှောက်လွှာ ပြီးဆုံးသွားပါပြီ ဘုရား၊ အဖြေကို အမိန့်ရှိပါဦး”

“လူသားတွေဟာ ကမ္ဘာဦးအချိန်လောက်ကစပြီး မင်္ဂလာယူတတ်တဲ့ အလေ့အထရှိခဲ့ကြတယ်၊ မြင်တာကိုစွဲပြီး မင်္ဂလာယူတာကို ဒိဋ္ဌမင်္ဂလာ၊ ကြားတာကိုစွဲပြီး မင်္ဂလာယူတာကို သုတမင်္ဂလာ၊ တွေ့တာကိုစွဲပြီး မင်္ဂလာယူတာကို

http://www.dhammadownload.com


မုတမင်္ဂလာလို့ သတ်မှတ်ကြတယ်၊ မင်္ဂလာယူတယ်ဆိုတာဟာ နိမိတ်ကောက်တဲ့အတတ်မျိုးပဲ၊ သည်အဆင်းကိုမြင်လို့, သည်အသံကိုကြားလို့, သည်လို ကောင်းကျိုး, ဆိုးကျိုးဖြစ်တယ်လို့ ယူဆကြတယ်၊ သည်အယူအဆမျိုးဟာ ကံ–ကံရဲ့အကျိုးကိုပယ်တဲ့ နတ္ထိကမိစ္ဆာဒိဋ္ဌိအတွင်း ပါဝင်နေလို့ ဗုဒ္ဓဝါဒနှင့်တော့ မကိုက်ဘူးပေါ့၊ သို့သော် ဘုရားမပွင့်မီ ရှေးပဝေသဏီကပင်လျှင် သည်အယူအဆမျိုးရှိနေကြတယ်၊ အမည်မှည့်တယ်ဆိုတာလည်း သုတမင်္ဂလာအတွင်း ပါဝင်တယ်၊ "ပညတ်သွားရာ ဓာတ်သက်ပါ"ဆိုတဲ့ အယူအဆနှင့်အမည်ကိုလည်း နောင်အကျိုးပေးမည့် အမည်မျိုးကို မှည့်ခေါ်ခဲ့ကြတယ်၊ အမည်မှည့်တာကို "နာမကရဏမင်္ဂလာ"လို့ လောကီမင်္ဂလာ ၁၂–ပါးမှာ ပြထားတယ်ကွယ့်"

"မှန်ပါ–လောကီမင်္ဂလာ ၁၂–ပါးကို အမိန့်ရှိပါဦး ဘုရား"

"လောကီမင်္ဂလာ ၁၂–ပါးဆိုတာက–(၁) ကိုယ်ဝန်တည်စဉ် သန္ဓေသားကြီးပွားကြောင်း ရည်စူးပြုလုပ်တဲ့မင်္ဂလာက ဂဗ္ဘဝါသမင်္ဂလာတဲ့၊ (၂) ဖွားမြင်တဲ့အခါပြုလုပ်တဲ့မင်္ဂလာက ဝိဇာတမင်္ဂလာတဲ့၊ (၃) ဖွားမြင်ပြီး မကြာမီတရော် ကင်ပွန်းတို့ဖြင့် ဦးခေါင်းဆေးလျှော်ခြင်းပြုလုပ်တဲ့မင်္ဂလာက သိရောဒကမင်္ဂလာတဲ့၊ (၄) ဝမ်းတွင်းပါဆံကိုချတဲ့မင်္ဂလာက ကေသစ္ဆေဒနမင်္ဂလာတဲ့၊ (၅) ပုခက်ယေင်တင်တဲ့ မင်္ဂလာက ဒေါဠာကရဏမင်္ဂလာတဲ့၊ (၆) အမည်မှည့်တဲ့မင်္ဂလာက နာမကရဏမင်္ဂလာတဲ့၊ (၇) ပုဆိုး, ထဘီ စတင်ဝတ်ဆင်သောမင်္ဂလာက ဒုဿဂဟာနမင်္ဂလာတဲ့၊ (၈) ထမင်းဦးခွံ့သောမင်္ဂလာက အာဟာရပရိဘောဂမင်္ဂလာတဲ့၊ (၉) ဆံပင်စတင်ထုံးသောမင်္ဂလာက စူဠာကရဏ မင်္ဂလာတဲ့၊ (၁၀) နားထွင်းသော မင်္ဂလာက ကဏ္ဏဝိဇ္ဈနမင်္ဂလာတဲ့၊ (၁၁) ရှင်သာမဏေဝတ်သောမင်္ဂလာက သာမဏေရပဗ္ဗဇ္ဇမင်္ဂလာတဲ့၊ (၁၂) လက်ထပ်သောမင်္ဂလာက အာဝါဟ ဝိဝါဟမင်္ဂလာတဲ့၊ အားလုံးမင်္ဂလာ ၁၂–ပါးရှိကြောင်း ပညာရှိများသတ်မှတ်ခဲ့ကြတယ်၊ ထိုမင်္ဂလာ ၁၂–ပါးအနက် အမည်မှည့်တဲ့မင်္ဂလာကို နာမကရဏမင်္ဂလာလို့ ရှေးအခါကစပြီး ခေါ်ဝေါ်ခဲ့ကြတယ်၊ ဗုဒ္ဓဝံသ အဋ္ဌကထာ ၂၃၂–မှာ 'တတော ဗောဓိသတ္တံ ပဉ္စမေ ဒိဝသေ သီသံ နှာပေတွာ နာမံ ဂဏှိဿာမာတိ ရာဇဘဝနံ စတုဇာတိကဂန္ဓေန ဥပလိမ္ပိတွာ လာဇပဉ္စမာနိ ကုသုမာနိ ဝိကိရိတွာ' လို့ ဖွင့်ပြထားတယ်။

http://www.dhammadownload.com



အဓိပ္ပာယ်က ဘုရားလောင်းကို ဖွားမြင်ပြီးသည့်နောက် ငါးရက်မြောက်သောနေ့မှာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဟာ သားတော်အလောင်းမင်းသားရဲ့ ဦးခေါင်းကိုဆေးလျှော်ပြီး အမည်မှည့်မည်လို့ စံနန်းတော်ကို တောင်ဇလပ်, လေညှင်းပွင့်, ကုံကုမံ ပန်းညှိဆိုတဲ့ နံ့သာမျိုးလေးပါးဖြင့် ပွတ်သတ်လိမ်းပြီး နေဇာမြက်, ဆန်, မုန်းညင်းစေ့, မနုလေးငုံ, ဆန်ပန်းပေါက်ပေါက်ဆိုတဲ့ ပန်းမျိုးငါးပါးတို့ကို အနှံ့အပြားကြဲဖြန့်စေပြီး ပညာတတ်ပုဏ္ဏားများဖြင့် အမည်နာမ မှည့်တယ်လို့ပြဆိုထားတယ်၊ ဒါကြောင့် အမည်နာမမှည့်ဆိုခြင်း'နာမကရဏ မင်္ဂလာ'ဟာ ဘုရားမပွင့်မီ ရှေးခေတ်ကပင်ရှိတယ်လို့ သိသာပါတယ်၊ သို့သော် အမည်မှည့်ရာမှာ ယခုခေတ်လို နေ့စွဲနံစွဲနှင့်မှည့်သလား, ဘယ်လိုမူနှင့်မှည့်သလဲ ဆိုတာကိုတော့ အတိအကျမပြောနိုင်ဘူး၊ တစ်ခုချိန်ထိုးကြည့်ဖို့က ဘုရားလောင်းရဲ့အမည်က သိဒ္ဓတ္ထတဲ့၊ ဂေါတမမဟုတ်ဘူး၊ ဂေါတမဆိုတာ အနွယ်ရဲ့အမည်ဖြစ်တယ်၊ ဘုရားလောင်းဖွားတော်မူတဲ့နေ့က သောကြာနေ့၊ သောကြာနံ အက္ခရာက သ နှင့် ဟ ဖြစ်တဲ့အတွက် အလောင်းတော်ရဲ့အမည်ဟာ နေ့စွဲနံစွဲအမည် ဖြစ်နေတယ်၊ ထိုစဉ်ကာက ယခုခေတ်လို နေ့စွဲနံစွဲနှင့် မှည့်သလား, သို့မဟုတ် ဣဋ္ဌဂိုဏ်း, အနိဋ္ဌဂိုဏ်းစတဲ့ ဆန်းနည်းနှင့် မှည့်သလား, အမြစ်အညွန့်စသည် ဗေဒင်နည်းနှင့်မှည့်သလား ဘယ်လိုနည်းနှင့် မှည့်သလဲ ဆိုတာတော့ ဧကန်မပြောနိုင်ဘူးပေါ့၊ ဧကန်ပြောနိုင်တာကတော့ နာမကရဏမင်္ဂလာဆိုတဲ့ အမည်မှည့်ခြင်း မင်္ဂလာဟာ ရှေးရှေးခေတ်ကပင် ရှိခဲ့ဖူးတယ်ဆိုတာပါပဲ၊ ရှေးအခါကာလက အိန္ဒိယပြည်ကြီးမှာ မင်းမျိုး, ပုဏ္ဏားမျိုး, ကုန်သည်မျိုး, သူဆင်းရဲမျိုးရယ်လို့ အမျိုးလေးပါးခွဲခြားထားတယ်၊ သည်အမျိုးလေးပါး တစ်မျိုးနှင့်တစ်မျိုး မရောယှက်ရအောင် အဝတ်အစား, အနေအထိုင်, အပြောအဆိုကစပြီး ခွဲခြားထားတယ်၊ မင်းဝတ်သလို ဆင်းရဲသားမဝတ်ရဘူး၊ မင်းနေတဲ့အိမ်လို ဆင်းရဲသားအိမ် ပဆောက်ရဘူး၊ သည်မျှသာမကဘူး၊ အမည်ကိုလည်း ခွဲခြားထားတယ်၊ မင်းရဲ့အမည်မျိုး သူဆင်းရဲများမမှည့်ကြရဘူး၊ 'ကဏှ–ငနက်၊ ဝသလ–ငယုတ်မာ၊ ပုဏ္ဏ–ရာပြည့်ကျွန်၊ သောပါက–ခွေးသားစား' စတဲ့ အမည်များဟာ အောက်တန်းစားတို့ရဲ့ အမည်များဖြစ်တယ်၊ 'ဒေဝဒတ္တ, ဗြဟ္မဒတ္တ, ကုမာရ' စတဲ့အမည်များကတော့ အထက်

http://www.dhammadownload.com



တန်းစားများရဲ့ အမည်များဖြစ်ကြတယ်၊ သည်အယူဆမျိုးတွေဟာ ဗုဒ္ဓသာသနာမှာတော့ မရှိပါဘူး၊ ဘုရားရှင် လက်ထက်တော် ကာလက ဝသလအမည် ရှိတဲ့ သူတစ်ယောက် သက်န်းဝတ်တယ်၊ ဝသလဆိုတဲ့ သူ့အမည်က သူယုတ်မာလို့ အဓိပ္ပာယ်ထွက်နေတယ်၊ သီတင်းသုံးဖော်များက ဦးဝသလကြွပါ၊ ဦးဝသလလာပါ၊ ဦးဝသလ စားပါလို့ ခေါ်ပြောခဲ့လျှင် သူယုတ်မာ ကြွပါ၊ သူယုတ်မာလာပါ၊ သူယုတ်မာ စားပါလို့ ပြောသလိုဖြစ်နေတဲ့အတွက် မင်္ဂလာမရှိဘူး၊ သည်နာမည်ဆိုးကြီး ပြောင်းမှပဲလို့ ဥပဇ္ဈာယ်ဆရာထံ ချဉ်းကပ်ပြီး သူ့နာမည်ပြောင်းပေးဖို့ လျှောက်ထားသတဲ့၊ ဥပဇ္ဈာယ်ဆရာက ငါ့ရှင်–အမည်ဆိုတာပညတ်မျှသာဖြစ်တယ်၊ အမည်ဖြင့် တစ်စုံတရာသော အကျိုးပြီးခြင်းမရှိပါဘူး၊ ဒါကြောင့် ရှိရင်းနာမည် မပြောင်းချင်ပါနှင့်လို့ ပြောတယ်၊ သို့သော်လည်း ရဟန်းကမကျေနပ်ဘူး၊ အမည်လှလှကလေးကိုပဲ ပြောင်းချင်နေတယ်၊ သည်အကြောင်း ရဟန်းတွေကသိတော့ အချင်းချင်းပြောဆိုကြရာက ဘုရားရှင်သိသွားတော်မူတယ်၊ သည်အခါ ဘုရားရှင်က သည်ရဟန်းဟာ ယခုမှ အမည်လှလှကလေးကို လိုချင်တာမဟုတ်ဘူး၊ ရှေးဘဝကလည်း ဤလိုပင် ဖြစ်ခဲ့ဖူးတယ်လို့ မိန့်တော်မူပြီး ဇာတ်ကို ဟောတော်မူတယ်။ နာမသိဒ္ဓိဇာတ်ကို ဟောတော်မူတယ်။

## နာမသိဒ္ဓိဇာတ်

ရှေးအခါက တက္ကသိုလ်ပြည်မှာ ဘုရားအလောင်းတော်ဟာ ဒိသာပါမောက္ခကြီးဖြစ်လို့ တပည့်ငါးရာတို့ကို ဗေဒင်ပညာပို့ချနေသတဲ့၊ ဆရာကြီးထံမှာ မောင်ယုတ်မာဆိုတဲ့ တပည့်တစ်ယောက်ရှိတယ်၊ မောင်ယုတ်မာဟာ ငါ့အမည် မကောင်းဘူး၊ အမည်လှလှလိုချင်တယ်လို့ အကြံဖြစ်ပြီး ဆရာ့ထံအမည်လှလှ ပြောင်းပေးဖို့ ပြောသတဲ့၊ ဆရာကြီးက သင်ကြိုက်နှစ်သက်တဲ့အမည်ကို ရပ်ရွာမှာ လှည့်လည်ပြီးရှာခဲ့၊ သင်ကြိုက်နှစ်သက်တဲ့အမည်ကို မှည့်ပေးမယ်လို့ ပြောလိုက်တယ်၊ မောင်ယုတ်မာဟာ ရိက္ခာယူပြီး တစ်ရွာဝင်တစ်ရွာထွက် သူကြိုက်နှစ်သက်တဲ့အမည်ကို ရှာတယ်၊ မြို့တစ်မြို့ ရောက်ခါနီး မသာချလာတာတွေ့လို့ သေသူနာမည်ကို စုံစမ်းတယ်၊ သေသူနာမည် မောင်သက်ရှင်ခေါ်ကြောင်း သိရတော့ သက်ရှင်ဆိုသူလည်း သေပါပကောလို့ ပြောမိတဲ့အတွက်

http://www.dhammadownload.com



ဟဲ့ကောင်–အမည်ဆိုတာပညတ်မျှသာ၊ သေချိန်တန်တော့ သေတာပေါ့၊ နင် သည်လောက်မျှ မသိဘူးလားလို့ မာန်လွှတ်လိုက်ကြသတဲ့၊ မြို့တွင်းကျပြန်တော့ အိမ်တစ်အိမ်အောက်က မိန်းမတစ်ဦးရဲ့ ငိုသံကြားလိုက်တယ်၊ လှမ်းကြည့် လိုက်တော့ မိန်းမတစ်ဦးကို ကြိုးချည်ပြီး ရိုက်ပုတ်နေတာမြင်သတဲ့၊ သည်မိန်းမ နာမည် ဘယ်လိုခေါ်သလဲ၊ ဘာကြောင့်ရိုက်ကြတာလဲမေးတော့ မိန်းမနာမည်က မငွေးကြွယ်တဲ့၊ ကြွေးမပေးနိုင်လို့ ကြွေးရှင်က ရိုက်နေတာလို့ ပြောကြသတဲ့၊ ငွေးကြွယ်ဆိုပြီး ကြွေးမပေးနိုင်ဘူးလား မေးမိတဲ့အတွက် ဟဲ့ကောင်–ငွေးကြွယ် ဆိုတာပညတ်ပဲ၊ ငွေးကြွယ်ဆိုတိုင်း ငွေးကြွယ်ပါ့မလား၊ မကြွယ်မငွေးလို့ အရိုက်ခံနေရတာပေါ့၊ သင် သည်လောက်မျှမသိဘူးလားလို့ ငေါက်လွှတ်ကြ ပြန်သတဲ့၊ မြို့ကထွက်ပြီး ခရီးဆက်အလာ လမ်းမှာ ချာလည်လည် ဖြစ်နေတဲ့ လူတစ်ယောက်နှင့် တွေ့ပြန်တယ်၊ သင့်နာမည် ဘယ်သူလဲမေးတော့ မောင်ခရီး တဲ့၊ ခုဘာလုပ်နေတာလဲမေးတော့ လမ်းမှားလို့ ဘယ်သွားရမှန်းမသိ ဖြစ်နေတာ ပါလို့ ပြန်ပြောတယ်၊ မောင်ခရီးအမည်ယူထားပြီး လမ်းမှားရသေးသလား လို့ သူကမေးတော့ အမည်ဆိုတာပညတ်ပဲ၊ မောင်ခရီးပင်ဖြစ်စေ, အခြားသူပင် ဖြစ်စေ ခရီးမှားတတ်ကြပါတယ်၊ သင်ဟာ သည်မျှလောက်ပင် မသိဘူးလားလို့ မာန်လွှတ်ပြန်သတဲ့။


အဲသည်အခါကျမှ မောင်ယုတ်မာဟာ သဘောပေါက်သွားပြီး အမည် ဆိုတာ ပညတ်မျှပဲ၊ ပညတ်ဆိုတာ တစ်ဦးနှင့်တစ်ဦး စကားပြောရာမှာ လွယ်ကူအောင် တင်စားမှည့်ခေါ်ထားတာပဲ၊ အမည်ကောင်းသော်လည်း သူကောင်း ဖြစ်ချင်မှ ဖြစ်မယ်၊ အမည်ဆိုးသော်လည်း သူကောင်းဖြစ်ချင်ဖြစ်နိုင်တယ်၊ အမည်ဖြင့် ပြီးစီးခြင်းမရှိ၊ ကံသာလျှင် ပြီးစီးခြင်းရှိတယ်၊ ငါဟာ တစ်ပါးသော အမည်ကို အလိုမရှိတော့၊ ငါ့အမည်ရင်းအတိုင်းဖြစ်ပါစေလို့ ဆရာ့ထံပြန်သွား ပြီး အမည်မပြောင်းလိုတော့ကြောင်း ပြောဆိုသတဲ့၊ သည်ဇာတ်က ဇေနိပါတ်မှာ ဘုရားရှင်ဟောတော်မူတဲ့ ဇာတ်ဖြစ်တယ်၊ သည်ဇာတ်ကို ထောက်ထားပြီး သာသနာတော်တွင်းမှာတော့ အမည်နှင့်ပတ်သက်ပြီး အယူအဆမရှိပါဘူး၊ သို့သော် ပုဂ္ဂိုလ်အနေနှင့်တော့ မိမိတို့၏အမည်ကို လှလှကလေး မှည့်ခေါ်ချင်ကြ တာဟာ ပုထုဇဉ်ရဲ့ ဓမ္မတာပဲပေါ့။

http://www.dhammadownload.com



သည်နေရာမှာ အဖြေကိုအကျဉ်းချုပ်လိုက်လျှင် အမည်နာမ မှည့်ခေါ်ခြင်း 'နာမကရဏမင်္ဂလာ' ဟာ ခေတ်ဦးကာလကပင် လူတို့မှာ အယူအဆရှိခဲ့ကြတယ်၊ ဗုဒ္ဓဘုရားရှင်ပင်လျှင် ဖွားမြင်ပြီးနောက် ငါးရက်မြောက်မှာ အမည်မှည့်မင်္ဂလာကို ခံယူခဲ့တယ်၊ နေ့စွဲနံစွဲဖြင့် မှည့်ခေါ်ခြင်းဟာလည်း ထိုစဉ်ကပင် မှည့်ခေါ်သည့် အရိပ်အယောင်မြင်ရတယ်၊ နေ့စွဲနံစွဲမှည့်ခေါ်ခြင်းကြောင့် အမည်ကြားရုံမျှဖြင့် မွေးနေ့ကိုပါသိရလို့ အကျိုးမယုတ်ပါလို့ ပြန်ကြားလိုက်ပါတယ်ကွယ်"

"သာဓု-သာဓု-သာဓု"



http://www.dhammadownload.com



# သိမ်ထပ်ခြင်း(သို့မဟုတ်)ကံထပ်ခြင်း

"၁၃၄၇–ခု၊ နယုန်လဆန်း ၅–ရက် နေ့စွဲပါတဲ့ ဟောသည်စာက ဦးကိုကိုကြီး၊ အမှတ် ၁၂၁၊ ဘီလမ်း၊ ကွက်သစ်၊ မြိတ်မြို့က ပေးစာဖြစ်ပါတယ် ဘုရား"

"ဦးကိုကိုကြီးရဲ့ပေးစာကို ဖတ်ပြပါဦး"

"မှန်ပါ–ဖတ်ပြပါမယ်ဘုရား၊ 'လျှောက်ထားပါသည် ဆရာတော်ဘုရား၊ တပည့်တော်များ ငယ်ရွယ်စဉ်ကာလက ရဟန်းတော်တစ်ပါး သိမ်ထပ်မည်ဆိုပါလျှင် မည်သည့်အကြောင်းကြောင့် သိမ်ထပ်လိုပါသည်ဟု ဆရာတော်ကြီးထံ တင်ပြရပါသည်၊ သိမ်ထပ်လိုသောအကြောင်းမခိုင်မာလျှင် ဆရာတော်ကြီးက ကြွရောက်ချီးမြှောက်ခြင်းမပြုပါ၊ ယခုအခါ ဤသိမ်ထပ်မှုအလျှုဒါနသည် အလွန်များပြားလာပါသည်၊ ဤသိမ်ထပ်မှုကို ဘုရားရှင် ခွင့်ပြု မပြုနှင့် အဘယ်ကြောင့် သိမ်ထပ်ရသည်ဆိုခြင်းကို ရှင်းလင်းပေးတော်မူပါရန် ရှိသေစွာ လျှောက်ထားပါသည် ဘုရား'တဲ့၊ ဦးကိုကိုကြီးရဲ့ အမေးလွှာ ပြီးဆုံးသွားပါပြီ ဘုရား၊ အဖြေကို အမိန့်ရှိတော်မူပါဦး"

"ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပရာ မြန်မာနိုင်ငံတော်အရပ်ရပ်မှာ သိမ်ထပ်တယ်, ကံထပ်တယ်ဆိုတာ မဆန်းပါဘူး၊ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဝန်းသိုမြို့ ခန္တီးဆရာတော်ဘုရားကြီးသည်ပင်လျှင် ကြိမ်ဖန်

http://www.dhammadownload.com



များစွာ သိမ်ထပ်တော်မူဖူးတယ်၊ ဒါကြောင့် သိမ်ထပ်မှုပြဿနာဟာ မရှိလောက်ပါပဲ၊ သိမ်ထပ်မှုပြဿနာမရှိတာဟာ မေးမည့်သူ မပေါ်လာသေးလို့ကိုး၊ မေးမည့်သူပေါ်လာတော့ ပြဿနာဖြစ်လာပြီလေ၊ ဥပသမ္ပဒဉတ္တိစတုတ္ထကမ္မဝါစာဖြင့် အင်္ဂါငါးပါးပြည့်စုံညီညွတ်စွာ ရဟန်းအဖြစ်ရောက်ပြီးသောပုဂ္ဂိုလ်အတွက် သိမ်ထပ်လို့ အထူးအကျိုးမရှိပါဘူး၊ သို့သော်လည်း အင်္ဂါငါးပါးအနက် တစ်ပါးပါးချို့ယွင်းလို့ ရဟန်းအဖြစ်မရောက်တဲ့ပုဂ္ဂိုလ်များတော့ သိမ်ထပ်လိုက်တဲ့အတွက် ရဟန်းအဖြစ်ရောက်စေနိုင်ကျိုးရှိပါတယ်၊ အမှန်ကတော့ သိမ်ထပ်တယ်ဆိုတာဟာ ရဟန်းတော်အဖို့ ပစ္စည်းလာဘ်လာဘကိုရခြင်း, ဒါယကာအတွက် ကာမာဝစရ ကုသိုလ်ရခြင်း အကျိုးရှိတယ်၊ ရဟန်းတော်အတွက် ပစ္စည်း လာဘ်လာဘရခြင်းအကျိုးမျှသာရှိတဲ့အတွက် ပစ္စည်းကိုမငဲ့သောပုဂ္ဂိုလ်များ, ခုတင်ဆောင်များဟာ သိမ်ထပ်ခွင့် မပေးကြဘူးတဲ့ကွယ်"

"သည်လိုဆို သိမ်ထပ်တဲ့ကိုယ်တော်များ ပစ္စည်းလာဘ်လာဘငဲ့တယ်၊ လောဘကြီးတယ်လို့ ဆိုရာမရောက်ဘူးလားဘုရာ့"

"အေးကွယ့်၊ ပစ္စည်းလာဘ်လာဘငဲ့တယ်လို့တော့ ဆိုရာရောက်သွားတာပဲ၊ သို့သော်လည်း ရဟန္တာမဖြစ်သေးသမျှ အနုသယတဏှာက မကုန်ဘူး၊ တဏှာမကုန်သေးသမျှ ပစ္စည်းလာဘ်လာဘကိုတော့ ငဲ့တန်သလောက်ငဲ့ကြဦးမှာပဲကွယ့်၊ သည်လောက်ငဲ့ရုံမျှနှင့်တော့ လောဘကြီးလိုက်တာလို့ အပြစ်မဆိုသင့်ပါဘူး၊ တစ်ဘက်ကကြည့်ပြန်မယ်ဆိုလျှင်လည်း ရဟန်းဆိုတာမျိုးဟာ ဒါယကာတို့ရဲ့ သဒ္ဓါတရား တိုးပွားအောင် ပြုလုပ်ပေးရမည့်တာဝန်ရှိနေသကိုး၊ အဲသည်တာဝန်အရ မိမိက ပရိက္ခရာရှစ်ပါးမလိုလားသည်ပင် ဖြစ်ပါစေ၊ လှူလိုတဲ့ ဒါယကာရဲ့ သဒ္ဓါတရားကို ထောက်ထားပြီးတော့ အလှူခံထိုက်တာကို အလှူခံကြရမှာပေါ့ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"သည်သိမ်ထပ်တယ်ခေါ်ကြတဲ့ ကံထပ်မှုကို ဘုရားရှင်ခွင့်ပြုခြင်းလည်း မရှိဘူး၊ တားမြစ်ခြင်းလည်း မရှိပါဘူး၊ သိမ်ထပ်–ကံထပ်တဲ့အတွက် အကျိုးရှိသလား၊ အကျိုးယုတ်သလားလို့သာ ကြည့်သင့်တယ်၊ ဗုဒ္ဓသာသနာတော်မှာ ဘုရားကို အနေကဇာတင်ပြီးမှ ကိုးကွယ်ရမယ်လို့ ပညတ်တော်မရှိပါဘူး၊

http://www.dhammadownload.com



သို့သော် အနေကဇာတင်ခြင်းကြောင့် ဘယ်သူမှ အကျိုးယုတ်ဖို့မရှိပါဘူး၊ ဘုန်းတန်ခိုး, ဂုဏ်သိမ်, စည်းစိမ်ဥစ္စာ တိုးတက်ဖို့သာရှိတယ်၊ ဒါကြောင့် ပညတ်တော်ပင်မရှိသော်လည်း ဗုဒ္ဓရုပ်ပွားတော်များကို အကြိမ်ကြိမ်အထပ်ထပ် အနေကဇာတင်ပြီး ကိုးကွယ်ကြတယ်၊ သိမ်ထပ်တဲ့ ကိစ္စမှာလည်း အနေကဇာ တင်သလိုပါပဲ၊ သိမ်ထပ်ရမယ်လို့ ဘုရားရှင်ရဲ့ပညတ်တော် မရှိပါဘူး၊ သို့သော် သိမ်ထပ်တဲ့အတွက် ကောင်းကျိုးယုတ်မယုတ် တွက်ကြည့်လိုက်တော့ ကောင်းကျိုး ယုတ်ဖို့မရှိ၊ ကောင်းကျိုးတိုးတက်ဖို့သာရှိတဲ့အတွက် မြန်မာနိုင်ငံတော်အရပ်ရပ် မှာ သိမ်ထပ်-ကံထပ်သဘင် ဆင်ယင်ကျင်းပနေကြခြင်း ဖြစ်ပါတယ်၊ သည်လောက်ဆိုလျှင် ဦးကိုကိုကြီးရဲ့အမေး ပြေတန်လောက်ပါပြီနော်"

"မှန်ပါ-ပြေလောက်ပါပြီ ဘုရား"

"သာဓု-သာဓု-သာဓု"



http://www.dhammadownload.com

# ရဟန်းတော်များနှင့် ရွှေငွေအလှူ

"ဗန်းမော်မြို့၊ စင့်ကင်ကျောင်း၊ အရှင်ဓမ္မဃောသထံက စာတစ်စောင် ရောက်ပါတယ်ဘုရား"

"ဆိုစမ်းပါဦး၊ သူ့စာက ဘာတဲ့လဲကွယ့်"

"သူ့ရဲ့စာ ဆိုလိုရင်းက ရဟန်းသာမဏေများ ရွှေငွေကို မကိုင်အပ် မသာယာအပ်လို့ ဘုရားရှင်ရဲ့ပညတ်တော်ဟာ အထင်အရှားရှိပါသတဲ့၊ ထိုသို့ ရှိပါလျက်နှင့် သာသနာတော်အတွင်း ရွှေငွေလှူဒါန်းနေကြတဲ့ ဒါယကာ ဒါယိကာမတွေ, ရွှေငွေကို သာယာနေကြတဲ့ ရဟန်းတော်, သာမဏေတွေ အများပြား ရှိနေကြပါတယ်တဲ့။

(၁) ဘုရားရှင်ရဲ့ ပညတ်ချက် အထင်အရှားရှိပါလျက်နှင့် သာသနာတော်အတွင်း ဘာကြောင့် ရွှေငွေကို လှူနေကြသလဲ။

(၂) အလှူခံတဲ့ပုဂ္ဂိုလ်ကကော မအပ်မှန်းသိလျက်နှင့် ဘာ့ကြောင့် အလှူခံနေကြသလဲ။

(၃) မအပ်သောရွှေငွေကို လှူဒါန်းတဲ့အတွက် ဒါယကာ ဒါယိကာမများမှာ ဒါနကုသိုလ်ဖြစ်ကြပါသလား၊ ရဟန်းတော်များကကော မအပ်သည်ကို အလှူခံနေကြတဲ့အတွက် သာသနာတော်ကို ဖျက်ရာမရောက်ဘူးလား–

လို့ မေးထားခြင်း ဖြစ်ပါတယ် ဘုရား"

http://www.dhammadownload.com



"သည်အမေးက အတော်ကလေး တွေးတွေးဆဆ ဖြေရမယ့် အမေးပဲကွယ့်၊ လွယ်လွယ်ကူကူဖြေဖို့ မသင့်ဘူး၊ ဒါကြောင့် နည်းနည်းချဲ့ပြီး ဖြေကြစို့ရဲ့"

"မှန်ပါ–ဖြေတော်မူပါဘုရား"

"ပါစိတ် ပါဠိတော် ၂၁၂၊ အဋ္ဌကထာ ၁၅–မှာ ရတနာဆယ်ပါးဆိုတာ ဖွင့်ပြထားတယ်၊ ရတနာဆယ်ပါးက ပုလဲ, ကျောက်စိမ်း, ကြောင်မျက်ရွဲ, ခရုသင်း, ကျောက်သလင်း, သန္တာ, ငွေ, ရွှေ, ပတ္တမြားနီ, ပတ္တမြားပြောက်တို့ ဖြစ်ကြတယ်၊ သည်ဆယ်မျိုးကို ဘာကြောင့် ရတနာလို့ခေါ်တာလဲဆိုတော့ (ရတိံ ဇနေတီတိ ရတနံ)ဆိုတဲ့အတိုင်း စိတ်ရဲ့မွေ့လျော်မှုကို ဖြစ်စေတတ်လို့ တဲ့ကွယ့်"

"ရွှေငွေဟာ ရတနာထဲမှာပါဝင်တဲ့အတွက် လူတိုင်းက အင်မတန်လိုချင်ကြတယ်၊ လိုချင်တယ်ဆိုတဲ့စကားကို ပါဠိလို (ကာမ)လို့ခေါ်တယ်၊ ကာမကကည်း ဝတ္ထုကာမ, ကိလေသာကာမလို့ နှစ်မျိုးရှိပြန်တယ်၊ ရွှေငွေစတဲ့ရတနာဟာ လိုချင်ခြင်းကိလေသာကာမရဲ့ တည်ရာဖြစ်လို့ ဝတ္ထုကာမလို့ခေါ်တယ်၊ ရွှေငွေစတဲ့ ဝတ္ထုကာမကိုလိုချင်တဲ့ လောဘတဏှာကိုတော့ ကိလေသာကာမလို့ ခေါ်တယ်၊ ရွှေငွေစတဲ့ဝတ္ထုကာမဟာ ဘာနှင့်တူသလဲဆိုတော့ ဘီလူးမနှင့်တူတယ်၊ ဘီလူးမဟာ ဖန်ဆင်းပြထားလို့ ဘယ်လောက်လှပတင့်တယ်ဟန်ကို ဆောင်နေသည်ပင်ဖြစ်စေ ဘီလူးမဟာ ဘီလူးမပဲ၊ မိမိရဲ့ကောင်းကျိုးကို မဆောင်ဘူး၊ ဆိုးကျိုးကိုသာ ဆောင်တတ်တယ်"

"ရွှေငွေစတဲ့ဝတ္ထုကာမတွေဟာလည်း ဘီလူးမလို လှပတဲ့အသွင်ဟန်ဆောင်နေကြသော်လည်း အမှန်တကယ်တော့ မိမိတို့ရဲ့ ဘေးကင်းတဲ့မိတ်ဆွေများ မဟုတ်ကြဘူး၊ ရန်သူတွေသာ ဖြစ်ကြတယ်၊ ဒါကြောင့် ဓမ္မပဒ ဗာလဝဂ်လယ်ထွန်ယောကျ်ားဝတ္ထုမှာ ဘုရားရှင်က သည်ရွှေငွေကို အဆိပ်ပြင်းထန်တဲ့မြွေလို့ ဟောတော်မူထားတယ်၊ မူလပဏ္ဏာသ ဩပမ္မဝဂ် အလဂဒ္ဒူပမသုတ်မှာတော့ ဝတ္ထုကာမရဲ့အပြစ်တွေကို ဥပမာအမျိုးမျိုးနှင့် ဟောတော်မူထားတယ်"

"ဘယ်လို ဟောတော်မူတာ(ဥပမာများ)လဲ၊ အမိန့်ရှိတော်မူပါဦး ဆရာတော်"

http://www.dhammadownload.com



"ဟောတော်မူတာက သည်လိုကွယ့်၊ ကာမဂုဏ်တရားတွေဟာ သာယာဖွယ်ကနည်းပြီး ဆင်းရဲကများတယ်တဲ့၊ သည်ကာမဂုဏ်တရားများဟာ အသားမကပ်တဲ့ အရိုးနှင့်လည်း တူသတဲ့၊ အသားတစ်နှင့်လည်း တူသတဲ့၊ မြက်မီးရှူးနှင့်လည်းတူသတဲ့၊ မီးကျီးတွင်းနှင့်လည်းတူသတဲ့၊ အိပ်မက်နှင့်လည်း တူသတဲ့၊ အငှားပစ္စည်းနှင့်လည်းတူသတဲ့၊ အသီးရှိတဲ့အပင်နှင့်လည်းတူသတဲ့၊ စဉ်းတီတုံးနှင့်လည်း တူသတဲ့၊ လှံတံကျင်နှင့်လည်းတူသတဲ့၊ မြွေဦးခေါင်းနှင့်လည်း တူသတဲ့ကွယ့်"

"တူပုံကိုလည်း နည်းနည်းဆက်ပါဦးဘုရား"

"တူပုံက သည်လိုကွယ့်၊ ခွေးဝတ်တစ်ကောင်ဟာ အသားမရှိတော့တဲ့ အမဲရိုးတစ်ခုကိုရတော့ ငါလိုအကောင် ကမ္ဘာမှာ မရှိတော့ဘူးလို့ ဝမ်းသာအားရနှင့် ချောင်တစ်ခုခုဆီချီသွားပြီး ကိုက်ဝါးတယ်၊ ဘယ်လိုပင်ဝါးဝါး အရိုးကတော့ အသားမထွက်နိုင်တော့ဘူး၊ ဒါပေမယ့် သူ့အာရည်နှင့်သူ အရသာလိုလိုဖြစ်ပြီး မလွှတ်ရက်ဘဲ အတင်းခဲနေရှာသလို ရွှေငွေစတဲ့ ဝတ္ထုကာမဟာလည်း အမဲရိုးလို ဘာမျှအသားထွက်မလာဘူး၊ သို့သော်လည်း ထွက်လာသလိုလိုနှင့် လက်မလွှတ်နိုင်ဘဲ ဇွတ်ခဲနေကြရတာတဲ့၊ ဒါက အမဲရိုးဥပမာကိုးကွယ့်"

"အသားတစ်ဥပမာက သိန်းစွန်တစ်ကောင်ဟာ အမဲသားတစ်တုံးကို ရတော့ ငါကော်တာပဲဆိုတဲ့သဘောနှင့် ကိုက်ချီသွားတယ်၊ သူအမဲသားတုံး ချီသွားမှန်းသိလိုက်ကြတဲ့ သိန်းတွေ, စွန်တွေ, ကျီးကန်းတွေက ဟိုဟာ ငါ့ဟာ ငါဟာလို့ဟစ်ကြွေးပြီး အမဲသားတုံးကိုလုကြတယ်၊ လုလို့မရတော့ သူ့ကို ဝိုင်းပြီးထိုးဆိတ်ကြတယ်၊ အမဲသားတုံးရတဲ့ သိန်းငှက်ဟာ ရစက ဝမ်းသာသလောက် ဒုက္ခဖြစ်ပြီးကျန်ရစ်တယ်၊ အဲဒီဥပမာတိုင်း ရွှေငွေရှိတဲ့ပုဂ္ဂိုလ်လည်း အမဲသားတုံးရတဲ့ သိန်းစွန်နှင့် တူသတဲ့ကွယ့်"

"မြက်မီးရှူးဥပမာ အမိန့်ရှိပါဦး ဘုရား"

"မြက်မီးရှူးဥပမာက သည်လိုတဲ့ကွယ့်၊ လူတစ်ယောက်ဟာ မြက်ခြောက်တွေကိုစုစည်းပြီး မီးရှူးလုပ်ခဲ့လျှင် မီးအရှိန်ဟာ မြန်စွာတောက်လာပြီး မီးရှူးကိုင်တဲ့လူကို လောင်စေတတ်သလို ရွှေငွေစတဲ့ ဝတ္ထုကာမဟာလည်း ရွှေငွေပိုင်ရှင်များကို လောင်စေတတ်သတဲ့ကွယ့်"

http://www.dhammadownload.com



"မီးကျီးတွင်းနှင့်တူပုံ အမိန့်ရှိပါဦး ဘုရား"

"မီးကျီးတွင်းဆိုတာ မီးကျီးတွေထည့်ထားတဲ့ တွင်းကြီးပေါ့၊ တွင်းကြီးထဲမှာ မီးကျီးတွေရှိနေတယ်၊ သည်တွင်းထဲကျသွားလျှင် မီးကျီးအပူက လောင်တတ်တယ်၊ မီးကျီးလောင်လို့ တိမ်းရှောင်ထွက်ပြေးရအောင်ဆိုလည်း တွင်းထဲမှာဖြစ်လို့ ပြေးမဖြစ်ဘူး၊ ရွှေငွေဟာလည်း မီးကျီးရှိတဲ့ တွင်းကြီးပဲတဲ့၊ မီးကျီးတွင်းထဲက လူဟာ ပူမှန်းသိလျက်နှင့် မစွန့်ပစ်နိုင်ဘူးလို့ ဆိုလိုတယ်ကွယ့်"

"အိပ်မက်နှင့် တူပုံကို ဆက်ပါဦးဘုရာ့"

"အိပ်မက်ဆိုတာ အိပ်ပျော်တုန်းခဏမက်တာပဲ၊ အိပ်မက်ထဲမှာ ဘယ်လောက် ခမ်းနားကြီးကျယ်တဲ့ ရွှေဘုံရွှေနန်းကြီးပင်ဖြစ်စေ နိုးလာတော့ ဘာမျှမဟုတ်သလို ရွှေငွေစတဲ့ ဝတ္ထုကာမတွေလည်း လက်တွင်းရှိနေဆဲ ဟုတ်သလိုလိုထင်ရသော်လည်း လက်ကလွှတ်သွားသည်နှင့် တစ်ပြိုင်နက် အိပ်စက်ရာကနိုးသလိုဖြစ်တာမဲ့တဲ့ကွယ်"

"အငှားပစ္စည်းနှင့် တူတယ်ဆိုတာကော ဘုရာ့"

"အငှားပစ္စည်းဆိုတာလည်း ကိုယ်ပိုင်တာမှ မဟုတ်တာ၊ ခဏသုံးပြီးပြန်ပေးရသလို ရွှေငွေစတဲ့ ဝတ္ထုကာမတွေဟာလည်း ကိုယ်ကသာ ကိုယ်ပိုင်တယ်ထင်နေတာ၊ အမှန်တော့ ကိုယ့်ကိုယ်ကိုတောင်မှ ကိုယ်မပိုင်တာ၊ ဘယ်ပစ္စည်းကို ကိုယ်ပိုင်ပြောလို့ ဖြစ်ပါ့မလဲ၊ ကိုယ့်လက်ထဲမှာ ရှိနေဆဲ ကိုယ့်ဟာလို့ ပြောရုံဖြစ်ပြီး တော်တော်ကြာ ကိုယ့်လက်ထဲက တစ်လက်လက်ကို ပြောင်းသွားစမြဲကိုးကွယ့်၊ ဒါကြောင့် အငှားပစ္စည်းနှင့် တူတယ်လို့ ဟောတော်မူတာပေါ့"

"အသီးရှိတဲ့အပင်ဆိုတာက ဘယ်လိုပါလဲဘုရား"

"မဟာဇနကမင်းကြီး ဥယျာဉ်ကစားထွက်တော်မူတော့ ဥယျာဉ်အဝမှာ အသီးရှိတဲ့သရက်ပင်နှင့် အသီးမရှိတဲ့သရက်ပင်ကို တွေ့မြင်တယ်၊ မင်းကြီးဟာ အသီးရှိတဲ့သရက်ပင်က သရက်သီးတစ်လုံးကို ကောက်ယူသုံးဆောင်တော်မူလိုက်တယ်၊ အရသာတွေ့တော့ အပြန်မှ ဆွတ်ယူပြီး အဝစားမယ်လို့ ဥယျာဉ်အတွင်း ဝင်တော်မူတယ်၊ အပြန်မှာ သရက်သီးဆွတ်ယူမယ်လို့ကြည့်လိုက်တော့ သရက်ပင်မှာ သရက်သီးပါမက အခက်တွေရော အရွက်တွေပါ ကျိုးပျက်နေတာ

http://www.dhammadownload.com



ကို မြင်တော်မူတယ်၊ မင်းကြီးက သရက်သီး ဘယ်ရောက်သွားပြီလဲမေးတော့ ဥယျာဉ်မှူးက သည်အပင်က သရက်သီးကို ဘုရင်မင်းမြတ် မသုံးဆောင်ရ သေးလို့ ဘယ်သူမှမကောက်ယူဝံ့ဘဲ တည်နေပါတယ်၊ ယခု ဘုရင်ကြီး ဆွတ်ယူသုံးဆောင်ပြီးလို့ နောက်လိုက်အခြံအရံများ ဆွတ်ယူစားသုံးလို့ ကုန်ပါ ပြီလို့ လျှောက်ထားတယ်။

မင်းကြီးဟာ သရက်ပင်နှစ်ပင်ကိုကြည့်ပြီး သည်သရက်ပင်ဟာ အသီး ရှိလို့ ပျက်စီးရတယ်၊ ဟိုသရက်ပင်က အသီးမရှိလို့ မပျက်စီးဘူးလို့ သရက်ပင် နှစ်ပင်ကို သံဝေဂယူပြီး တောထွက်တော်မူသွားကြောင်း မဟာဇနကဇာတ်တော်မှာ ပြထားတယ်၊ အသီးရှိတဲ့အပင်လိုပဲ ရွှေငွေဝတ္ထုကာမရှိတဲ့ လူဟာလည်း ပျက်စီးတတ်တယ်၊ ဒါကြောင့် ကာမဂုဏ်တရားဟာ အသီးရှိတဲ့ သစ်ပင်နှင့် တူတယ်လို့ ဟောတော်မူခြင်း ဖြစ်တယ်ကွယ့်”

“စဉ်းတီတုံးနှင့်တူပုံကိုလည်း အမိန့်ရှိပါဦး ဘုရား”

“စဉ်းတီတုံးဆိုတာ အမဲ သား ငါးစတဲ့ ဟင်းလျာများကိုတင်ပြီး ခုတ် စင်းရာဌာနဖြစ်တယ်၊ စဉ်းတီတုံးဟာ အမဲ သား ငါးစသော ဟင်းလျာများကြောင့် ဓားဖြင့် အခုတ်အစင်းခံရသလို ကာမဂုဏ်ပိုင်ရှင်ဟာလည်း ရွှေငွေစသော ကာမဂုဏ်တွေကြောင့် တဏှာရဲ့အညှဉ်းပန်း အနှိပ်စက်ခံနေရတယ်၊ တဏှာရဲ့ ညှဉ်းပန်းနှိပ်စက်မှုသာမက ပစ္စုပ္ပန်မှာဖြစ်တဲ့ ဘေး, သံသရာမှာဖြစ်တဲ့ ဘေးတို့ရဲ့ ညှဉ်းပန်းနှိပ်စက်ခြင်းကိုလည်း ခံယူနေရတယ်၊ ဒါကြောင့် ကာမတရားတို့ကို စဉ်းတီတုံးနှင့် တူတယ်လို့ ဟောတော်မူခြင်း ဖြစ်တယ်ကွယ့်”

“လှံတံကျင်နဲ့ တူတယ် ဆိုတာကကော ဘုရာ့”

“လှံတံကျင်နှင့် တူပုံက လှံတံကျင်ဟာ ထိရာအရပ်ကိုအတင်းထိုးဖောက် စူးဝင်တတ်တယ်၊ ကိုယ်တွင်းသာမက နှလုံးသားတိုင်အောင် ထိုးဖောက်စူးဝင် တတ်တယ်၊ ကာမဂုဏ်တရားကလည်း အပြင်အပတွင်မက အတွင်းသား ကျအောင် ထိုးဖောက်စူးဝင်တယ်၊ တစ်ဘဝတွင်သာမက ဘဝတိုင်း ထိုးဖောက် စူးဝင်တတ်တယ်၊ ဒါကြောင့် ကာမဂုဏ်ကို လှံမတံကျင်တို့နှင့် တူတယ်လို့ ဟောတော်မူခြင်း ဖြစ်တယ်ကွယ့်”

“မြွေ ဦးခေါင်းနှင့် တူပုံကို ရှင်းပါဦး ဘုရား”

http://www.dhammadownload.com



"မြွေ ရဲ့ဦးခေါင်းဟာ လတ်တလောသေစေတတ်တဲ့ အဆိပ်တို့ရဲ့တည်ရာ ဖြစ်သလို ကာမဂုဏ်တရားတွေဟာလည်း အဆိပ်နှင့်တူတဲ့ လောကပြစ် အမျိုးမျိုး, သံသရာပြစ်အမျိုးမျိုးတို့ရဲ့ တည်ရာ ဖြစ်သတဲ့ကွယ့်၊ ဒါကြောင့် ကာမတရားကို မြွေဦးခေါင်းနှင့် တူတယ်လို့ ဟောတော်မူခြင်းဖြစ်တယ်၊ သည်တရားများကို ထောက်ရှုပြီး ရွှေငွေ စတဲ့ ဝတ္ထုကာမတွေဟာ ရဟန်းတော်များသာမက လူသားများအတွက်လည်း ကြီးမားတဲ့ ဘေးအန္တရာယ်ကြီးဖြစ်တယ်၊ သည် အကြောင်းနှင့်ပတ်သက်ပြီး ပါရာဇိကဏ်ပါဠိတော်ကလာတဲ့ အရှင်သုဒိန်ရဲ့ အကြောင်း အကျဉ်းချုပ် ပြောပြဦးမယ်ကွယ့်"

"မှန်ပါ–မိန့်တော်မူပါဦး ဘုရား"

"ဘုရားရှင်လက်ထက်တော်က ဝေသာလီမြို့အနီးမှာ ကလန္ဒအမည်ရှိတဲ့ ရွာတစ်ရွာရှိတယ်၊ ကလန္ဒရွာသူကြီးရဲ့သားက (မောင်သုဒိန်)တဲ့ကွယ့်၊ တစ်ရက်တော့ မောင်သုဒိန်ဟာ အပေါင်းအဖော်များနှင့် ဝေသာလီမြို့ကို သွားတယ်၊ ဝေသာလီမြို့ကို သူရောက်သွားတဲ့အချိန်မှာ ဘုရားရှင်တရားဟောတာ နှင့်ကြုံလို့ ဝင်ပြီး တရားနာတယ်၊ တရားနာပြီးတော့ သူ့စိတ်ထဲမှာ အကြံဖြစ်ခဲ့သတဲ့၊ ဘုရားရှင်ရဲ့တရားတော်ကတော့ ပွတ်သစ်စခရုသင်းလို အလွန် သန့်ရှင်းစင်ကြယ်တယ်၊ သည်လောက်သန့်ရှင်းစင်ကြယ်တဲ့တရားကို လူသားတစ်ယောက်ကျင့်ဖို့ မလွယ်ဘူး၊ လူသားဆိုတာ ဖုန်ထူတဲ့လမ်းမကြီး ပေါ်မှာနေတဲ့ လူနဲ့ တူတယ်၊ ဖုန်ထူတဲ့လမ်းမကြီး ပေါ်မှာနေတဲ့လူဟာ ဘယ် လောက်သန့်ရှင်းအောင်ရေမိုးချိုးထားစေဦးတော့ မကြာမီ အညစ်အကြေး ပြန်တင်မှာပဲ။

ကာမဂုဏ်အလယ်မှာနေတဲ့ လူတစ်ယောက်ဟာလည်း ဘယ်လို မွန်မြတ်တဲ့ တရားတော်ကို အားထုတ်နေစေဦးတော့ ကာမဂုဏ်မြူတွေက ဝိုင်းအုံနေလေ တော့ မကြာမီ အညစ်အကြေးတွေ ပြန်တင်နေမှာပဲ၊ သည်တော့ ငါဟာ ကာမဂုဏ်မြူကင်းတဲ့ ရဟန်းပြုမယ်၊ ရဟန်းပြုပြီး သန့်ရှင်းစင်ကြယ်တဲ့ တရားကို အားထုတ်မယ်။

မောင်သုဒိန်ဟာ သည်လိုအကြံဖြစ်တဲ့အတွက် အများပရိသတ်ဟာ တရားနာပြီး ပြန်သွားကြသော်လည်း မပြန်ဘဲ ပရိသတ်အစဲမှာ ဘုရားရှင်ထံ

http://www.dhammadownload.com


ဝင်ရောက်သွားတယ်၊ ဘုရားရှင်ထံ ဝင်ရောက်သွားပြီး သူ့ကို ရဟန်းပြုပေးဖို့ အကြောင်း လျှောက်ထားတယ်၊ ဘုရားရှင်က မိဘကိုခွင့်တောင်းချေဦးလို့ မိန့်တော်မူတော့ ရဟန်းပြုဖို့အတွက် မိဘနှစ်ပါးထံ အစာတော်ခံ တိုက်ပွဲဆင်ပြီးမှ ရဟန်းပြုတော်မူခဲ့တယ်၊ ရဟန်းပြုပြီး ဝဇ္ဇီတိုင်းက ရွာတစ်ရွာကို အမှီပြု နေထိုင်သတဲ့။

အဲသည်တုန်းက ဝဇ္ဇီတိုင်းမှာလည်း မိုးကခေါင်, အစာကရှားပါးလေတော့ ဆွမ်းရေး ကွမ်းရေး မမျှတဘူး၊ ဒါကြောင့် ဆွေမျိုးများရှိရာ ဝေသာလီမြို့ကို ပြန်လာပြီး မဟာဝုန်တောမှာနေတယ်၊ သည်အခါ မိဘများက အရှင်သုဒိန်ကို ရွှေငွေပြပြီး လူ့ဘောင်ထဲအပါဆွဲမှ တော်မယ်လို့ အိမ်ကို ဆွမ်းစားပင့်တယ်၊ ဆွမ်းစားကြွလာလျှင် ထိုင်ဖို့ ရွှေပုံငွေပုံပေါ် နေရာပြင်ထားကြတယ်၊ အရှင်သုဒိန် ဆွမ်းစားကြွလာတော့ မိဘများက ရွှေပုံငွေပုံကြီးတွေကို ဖွင့်လှစ်ပြကြပြီး "ချစ်သား သုဒိန်–သည်ရွှေငွေတွေဟာ သင့်အမိဘက်ကပါတဲ့ မိန်းမသုံးဥစ္စာမျှသာဖြစ်တယ်၊ အဖဘက်ကပစ္စည်းတွေ အများကြီးရှိသေးတယ်၊ ချစ်သား လူထွက်ပြီး စည်းစိမ်ကိုလည်း ခံစားပါ၊ ကောင်းမှုကိုလည်း ပြုပါ"လို့ ပြောကြတယ်။

သည်အခါ အရှင်သုဒိန်က "ဒကာကြီးခင်ဗျား–အမျက်မထွက်ဘူးဆိုလျှင် သည်ရွှေ သည်ငွေတွေနဲ့ပတ်သက်ပြီး စကားတစ်ခွန်းတော့ ပြောချင်ပါတယ်" လို့ ဆိုတယ်၊ ခမည်းတော်ကြီးက "ချစ်သား ပြောပါ၊ အမျက်မထွက်ပါဘူး"လို့ ပြောတယ်၊ ဒီလိုဝန်ခံတော့ "ဒကာကြီး–ဒီအိမ်မှာ ပိုက်ဆံလျှော်အိတ်ကြီးတွေ မရှိဘူးလား"လို့ မေးတယ်၊ "ရှိပါတယ်"လို့ ခမည်းတော်ကြီးက ပြောတော့ "သည်ရွှေသည်ငွေတွေကို ပိုက်ဆံအိတ်ကြီးတွေထဲထည့်, လှည်းပေါ်ကိုတင် ဂင်္ဂါမြစ်ကမ်းရောက်အောင် မောင်းယူသွားပြီး ဂင်္ဂါမြစ်နားရောက်တော့ လှည်းပေါ်က ရွှေအိတ် ငွေအိတ်များကို ဂင်္ဂါမြစ်လယ်မှာ ပစ်ချလိုက်လျှင် ကောင်းတယ်၊ ဘာကြောင့်လဲဆိုလျှင် သည်ရွှေငွေတွေ ရှိနေတဲ့အတွက် ဒါယကာကြီးမှာ ကြောက်ခြင်း, တုန်လှုပ်ခြင်း, ကြက်သီးမွေးညင်းထခြင်း စသော အပြစ်များ ဖြစ်နေရတယ်၊ သည်ရွှေငွေတွေ မရှိခဲ့လျှင် အဲသည် အန္တရာယ်တွေ ဒကာကြီး

http://www.dhammadownload.com



မှာ မရှိတော့ဘူး၊ ဒါကြောင့် မြစ်လယ်ခေါင်မှာ စွန့်ပစ်လိုက်တာပဲကောင်းတယ်”လို့ ပြောသတဲ့ကွယ်။

ဒီနေရာမှာ အရှင်သုဒိန်ရဲ့အမြင်ဟာ မှားသလားဆိုတော့ လုံးဝမမှားဘူး၊ ရွှေငွေရှိတဲ့အတွက် ရွှေငွေကိုမှီပြီး စံစားရတဲ့ ချမ်းသာကနည်းပြီး ခံစားရတဲ့ ဒုက္ခက ပိုပြီးများတယ်၊ ဒါနှင့်ပတ်သက်ပြီး အင်္ဂုတ္တိုရ် ဒုကနိပါတ်ကလာတဲ့ တဏှာမူလက တရား ကိုးပါးကို ပြောပြဦးမယ်ကွယ့်”

“မှန်ပါ–မိန့်တော်မူပါ ဘုရား”

“ဘုရားရှင်က ရဟန်းတို့–တဏှာမူလက တရား ကိုးပါးကို ငါဟောမယ်၊ နားထောင်ကြတဲ့၊ ရဟန်းတို့ တဏှာမူလက တရား ကိုးပါးဆိုတာဘာလဲဆိုရင်–

(၁) လိုချင်မှုတဏှာကိုစွဲပြီး ရှာမှီးရတဲ့ဒုက္ခ၊
(၂) ရှာမှီးခြင်းကိုစွဲပြီး ရလာတဲ့ဒုက္ခ၊
(၃) ရလာခြင်းကိုစွဲပြီး စီမံရတဲ့ဒုက္ခ၊
(၄) စီမံရတာကိုစွဲပြီး မက်မောရတဲ့ဒုက္ခ၊
(၅) မက်မောရတာကိုစွဲပြီး စွဲလမ်းရတဲ့ဒုက္ခ၊
(၆) စွဲလမ်းရတာကိုစွဲပြီး သိမ်းဆည်းရတဲ့ ဒုက္ခ၊
(၇) သိမ်းဆည်းရတာကိုစွဲပြီး ဝန်တိုရတဲ့ဒုက္ခ၊
(၈) ဝန်တိုရတာကိုစွဲပြီး စောင့်ရှောက်ရတဲ့ ဒုက္ခ၊
(၉) စောင့်ရှောက်ရတာကိုစွဲပြီး ရန်ပွားရတဲ့ဒုက္ခ, အကုသိုလ်ဖြစ်ရတဲ့ ဒုက္ခ–

အားလုံးကို ရေတွက်ခဲ့လျှင် လိုချင်မှုတဏှာရဲ့ အလိုကိုလိုက်ရတဲ့ ဆင်းရဲဒုက္ခကိုးမျိုး ဖြစ်ပွားလာတတ်သတဲ့။

ဒါကြောင့် ရတနာအတွင်း ပါဝင်တဲ့ ရွှေငွေ,စိန်ကျောက်,မြရွှဲပုလဲသန္တာ စတဲ့ ဝတ္ထုတွေ, ရတနာသမ္မတအတွင်း ပါဝင်တဲ့ ပိုးဖဲကတ္တီပါ စတဲ့ ဝတ္ထုတွေဟာ ဝတ္ထုကာမအတွင်း ပါဝင်ကြတဲ့အတွက် အားလုံး ကိလေသာကာမကို ထကြွသောင်းကျန်းစေတတ်တဲ့ အရာဝတ္ထုတွေချည်း ဖြစ်တယ်၊ ကိလေသာကို ထကြွစေတတ်လို့ ဝတ္ထုကာမမှန်သမျှတွေဟာ တစ်ခုမှ မိတ်ဆွေမပါဘူး၊ အားလုံး ရန်သူတွေချည်းဖြစ်ကြတယ်၊ ရန်သူဆိုတာ အမှန်က

http://www.dhammadownload.com



တော့ မပေါင်းမသင်းအပ်တဲ့ အန္တရာယ်ကောင်ပါပဲ၊ သို့သော်လည်း လောကကြီးရဲ့ သဘောကို လေ့လာလိုက်ပြန်တော့ သည်လောကကြီးကို ဒွန္ဒဘူတိကလောကလို့ ပညာရှင်တွေက ခေါ်ကြတယ်ကွယ့်”

“ဒွန္ဒဘူတိကဆိုတာ ဘာလဲဘုရာ့”

“ဒွန္ဒဘူတိကဆိုတာက နှစ်မျိုးတွဲပြီး ဖြစ်တတ်တယ်လို့ ဆိုလိုတာပေါ့”

“အမိန့်ရှိပါဦး ဘုရား”

“လောကတွင်းမှာ ကောင်းတာနှင့် ဆိုးတာ နှစ်မျိုးတွဲပြီး နေတတ်တယ်ကွယ့်၊ ဥပမာအားဖြင့် အဆိပ်ဆိုပါစို့၊ အဆိပ်ဆိုတာ လူကို သေအောင်သော်လည်းကောင်း, သေလုနီးပါးသော်လည်းကောင်း ဖြစ်အောင်ပြုမူတတ်လို့ မကောင်းဘူးလို့ ဆိုရတယ်၊ သို့သော် အဆိပ်အတွင်းမှာ အခြားရောဂါများ, ရောဂါပိုးများကို ပယ်ရှားနိုင်တဲ့ အစွမ်းသတ္တိလည်းရှိတယ်၊ ဒါကြောင့် အဆိပ်တစ်ခုအတွင်းမှာပင် ဘေးကိုပြုတာလဲပါဝင်တယ်၊ အကျိုးပြုတာလည်း ပါဝင်တယ်၊ သည်ဥပမာအတိုင်း ကောင်းတယ်ဆိုတာကို စစ်ဆေးကြည့်ခဲ့လျှင် အကောင်းထဲမှာ မကောင်းတဲ့တရားကလည်း ဒွန်တွဲပြီး ရှိနေတတ်တယ်၊ ဥပမာ ဆီဦးထောပတ်ဆိုပါစို့၊ ဆီဦးထောပတ်ဆိုတာအလွန်ကောင်းတဲ့အရသာရှိတယ်၊ ခွန်အားနည်းတဲ့ ရောဂါကို ပယ်နိုင်တယ်၊ သို့သော်လည်း ဇူဇကာပုဏ္ဏားကျတော့ အလွန်ကောင်းမွန်တဲ့ ထောပတ်ဆီဦးတွေ စားတာကြောင့် အစာမကျေဘဲ သေသွားရတယ်။

ဒါကြောင့် အရာဝတ္ထုတစ်ခုကိုကြည့်လျှင် တစ်ဘက်တည်းကြည့်ဖို့ မသင့်ဘူး၊ တစ်ဘက်တည်းကြည့်လျှင် တစ်ဘက်တည်း မြင်ပြီး ကျန်တစ်ဘက်ဟာ ကွယ်နေတတ်တယ်၊ ကောင်းတာကိုကြည့်လျှင် ကောင်းတာသာမြင်ပြီး မကောင်းတာတွေ ကွယ်နေတတ်တယ်၊ မကောင်းတာကို ကြည့်လျှင်လည်း မကောင်းတာကိုချည်း မြင်ပြီး ကောင်းတာတွေ ကွယ်နေတတ်တယ်။

သည်ဒွန္ဒဘူတိက ဒဿနနည်းနှင့် ရွှေငွေကိုကြည့်လိုက်စမ်း၊ ရွှေငွေကို ကြည့်တော့ ဘယ်ဘက်က ဦးစွာကြည့်မလဲ၊ မကောင်းတဲ့ဘက်က အရင်ကြည့်ကြစို့၊ မကောင်းတဲ့ဘက်ကကြည့်လျှင် ရွှေငွေဟာ ရန်သူပဲ၊ ရွှေငွေရန်သူဟာ အပြင်ရန်သူသက်သက် မဟုတ်ဘူး၊ အတွင်းကရော အပြင်ကရော ဝိုင်းအုံပြီး

http://www.dhammadownload.com



မိမိကိုနှိပ်စက်နေတဲ့ ရန်သူ, သားသမီးကစပြီး သိုက်တူးချင်ကြတယ်၊ ရွှေငွေရှိတဲ့ သူဟာ ရွှေငွေကြောင့် အရိုက်အနှက်ခံရတယ်၊ အညှဉ်းဆဲခံရတယ်၊ အပြစ်ပြောခံရတယ်၊ အသတ်ခံရတယ်၊ ဒါကြောင့် ဘုရားရှင်က (မံသပေသူပမာ) အသားတစ်နှင့် တူတယ်လို့ ဟောတော်မူထားတယ်၊ ရွှေငွေပိုင်ရှင်က အကာအကွယ် အသိအထားကောင်းလို့(သို့မဟုတ်) ကံကောင်းလို့ အပြင်ရန်သူရဲ့ အလုအယက် အတိုက်အခိုက်ကို မခံရစေကာမူ ရွှေငွေက မိမိစိတ်ကို ဆွနေတယ်၊ ရွှေငွေကြောင့် မိမိစိတ်ဟာ မတည်ငြိမ်ဘူး၊ မငြိမ်သက်ဘူး၊ မိမိရဲ့စိတ်က မိမိကိုပြန်ပြီး နှိပ်စက်နေတယ်၊ သည်နေရာမှာ ပုံပြင်ကလေးတစ်ပုဒ်ပြောလိုက်ရဦးမယ်"

"အမိန့်ရှိပါ ဘုရား"

"သူဌေးကြီးရဲ့အိမ်အနီးမှာ အလွန်မွဲတဲ့ ကုလားလင်မယား ရေထမ်းသမားနှစ်ယောက်ရှိကြသတဲ့၊ ကုလားလင်မယားဟာ ပစ္စည်းမွဲသော်လည်း ညကျရင် လင်က ဗုံတီး, မယားက သီချင်းဆိုပြီး အလွန်ပျော်ကြသတဲ့၊ သူဌေးကြီးက ကုလားလင်မယားကို သနားလို့ အိမ်ကိုခေါ်ပြီး မင်းတို့ဟာ အင်မတန်ဆင်းရဲတယ်၊ ရေထမ်းစားကြရတယ်၊ သည်ကနေရှေ့ ရေမထမ်းကြနှင့်၊ ကောင်းရောင်းကောင်းဝယ် လုပ်စားကြ၊ ငါ ငွေတစ်ထောင်ပေးမယ်လို့ ထောင်ထုပ်တစ်ထုပ်ပေးလိုက်တယ်။

ကုလားလင်မယားဟာ ဝမ်းသာအားရနှင့် ငွေထုပ်ကို ယူသွားကြတယ် ညကျတော့ ခါတိုင်းလို ဗုံလည်းမတီးနိုင်၊ သီချင်းလည်း မဆိုနိုင်ကြဘူးတဲ့၊ လင်မယားနှစ်ယောက် ခေါင်းချင်းဆိုင်ပြီး သည်ငွေဘယ်လိုလုပ်ရမလဲလို့ တိုင်ပင်နေကြရတာနှင့် အိပ်ချိန်မအိပ်ရ, စားချိန်မစားရ ဖြစ်သွားကြသတဲ့၊ ငါးရက်လောက်ကြာတော့ ကုလားလင်မယားဟာ ငွေထုပ်ကို သူဌေးကြီးထံ ပြန်ယူလာပြီး "သူဌေးကြီးရယ်၊ သူဌေးကြီးရဲ့ငွေထုပ်ကိုပြန်ယူပါ၊ ကျွန်တော်တို့ရဲ့ ပျော်ရွှင်မှုကို ပြန်ပေးပါ၊ ကျွန်တော်တို့ဟာ သူဌေးကြီးထံက ငွေရတဲ့နေ့ကစပြီး လုံးဝပျော်ရွှင်မှု မရှိတော့ပါဘူး"လို့ ပြောကြသတဲ့ကွယ်၊ သည်ပုံပြင်မှာပါတဲ့အတိုင်း ရွှေငွေစတဲ့ ပစ္စည်းဥစ္စာဟာ လူရဲ့စိတ်ကို အင်မတန်ဆွတတ်တယ်၊ ငွေမချမ်းသာမီကာလက စိတ်နှလုံးကောင်းတဲ့လူဟာ ငွေချမ်းသာလျှင် စိတ်နှလုံး

http://www.dhammadownload.com



ခက်ထန်လာတတ်တယ်၊ မာန်တက်လာတတ်တယ်၊ ဒါတွေဟာ ကိုယ်တွေ့ပဲ မဟုတ်လားကွယ့်၊ ဒါနှင့်ပတ်သက်ပြီး ကေနိပါတ်ကလာတဲ့ နန္ဒဇာတ်ကို ပြောလိုက်ချင်သကွယ့်"

"မှန်ပါ–မိန့်တော်မူပါ ဘုရား"

"အင်း–စကားစပ်မိတာနှင့်သာ ပြောရမယ်၊ လေကတော့ အတော်ရှည်သွားပြီ ထင်တယ်ကွယ့်"

"မှန်ပါ–မိန့်တော်မူပါ ဘုရား"

"ရှေးရှေးတုန်းကပေါ့ကွယ်၊ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း စိုးအုပ်နေသတဲ့၊ အဲသည်ဗြဟ္မာဒတ်မင်း လက်ထက်မှာ ဘုရားလောင်းဟာ သူကြွယ်ကြီး ဖြစ်သတဲ့၊ ဘုရားလောင်း သူကြွယ်ရဲ့မိတ်ဆွေ သူကြွယ်ကြီးဟာ အသက်ကြီးမှ မယားငယ်ငယ်ကလေးရပြီး မကြာမီ မယားငယ်က သားငယ်လေးကို မွေးသတဲ့၊ သူကြွယ်ကြီးဟာ သူ့သားငယ်ကလေးကို သိပ်ချစ်တော့ တစ်နေ့မှာ အကြံတစ်ခုဖြစ်ပေါ်လာတယ်၊ "အသက်အတိုင်းနေပြီး သေကြစတမ်းဆိုလျှင် ငါက မကြာခင်သေမယ်၊ ငါသေပြီးတဲ့နောက် ငါ့မယားက တော်တော်နှင့် သေဦးမှာမဟုတ်ဘူး၊ သူက နုပျိုသေးတော့ နောက်လင်ယူလိမ့်ဦးမယ်၊ နောက်လင်နှင့် သူတို့ဖြုန်းတီးတာနှင့် ငါ့ဥစ္စာတွေကုန်လိမ့်မယ်၊ ငါ့သားလေး အသက်ကြီးလာတော့ ဥစ္စာမရှိ သူ၏ဝန်ထမ်းဖြစ်ပြီး ဆင်းရဲရှာလိမ့်မယ်၊ သည်တော့ ငါ့သားလေး မဆင်းရဲအောင် ကျွန်နန္ဒနှင့် တိုင်ပင်ပြီး ဥစ္စာအချို့ မြှုပ်နှံထားမှ တော်မယ်လို့ အဲသည်လို အကြံဖြစ်လာပြီး ကျွန်နန္ဒနှင့် တိုင်ပင်ပြီး တောတွင်း တစ်နေရာမှာ ရွှေငွေတွေကို တိတ်တဆိတ်မြှုပ်ထားခဲ့သတဲ့၊ မကြာမီ သူဌေးကြီး သေပြီး သားငယ်အရွယ်ရောက်လာတော့ မိခင်က သားငယ်ကို ခေါ်ပြီး "ချစ်သား–သင့်ဖခင်ဟာ ကျွန်နန္ဒနှင့်တိုင်ပင်ပြီး ဥစ္စာများကို မြှုပ်သွားတယ်၊ အဲဒါ ကျွန်နန္ဒနှင့်တိုင်ပင်ပြီး ပြန်ဖော်ယူချိန် သင့်ပြီ"လို့ ပြောသတဲ့။

သားငယ်က နန္ဒကို မေးပြန်တော့ နန္ဒက "ဟုတ်တယ်၊ အရှင့်ဥစ္စာများ မြှုပ်ထားတာရှိတယ်၊ ဖော်ပေးပါ့မယ်"လို့ သူဌေးသားကိုခေါ်, ပေါက်တူးကိုထမ်း, တောလမ်းကိုသွားကြတယ်၊ တောထဲဥစ္စာမြှုပ်ထားရာရောက်တော့ နန္ဒဟာ ဥစ္စာမြှုပ်ရာအပေါ်ရပ်ပြီး မာန်တက်လာလို့ "ဟဲ့ကျွန်မသား–ဒီအရပ်မှာ သင့်ရဲ့

http://www.dhammadownload.com



ဥစ္စာမရှိဘူး”လို့ ခပ်ကြမ်းကြမ်းပြောသတဲ့၊ သူဌေးသားကလည်း သည်းခံပြီး “မရှိလည်း ပြန်ကြတာပေါ့ ဦးရီးရယ်”လို့ ချော့ခေါ်ပြီး အိမ်ပြန်ကြတယ်၊ အိမ်ပြန်ရောက်လျှင် နန္ဒရဲ့မာန်ဟာ ငြိမ်သွားပြန်သတဲ့၊ ဒါကြောင့် ဥစ္စာဖော်ပေးမယ်လို့ သူဌေးသားကိုခေါ်ပြီး တောထဲပြန်သွားတယ်၊ ဥစ္စာပေါ်ရောက်လျှင် မာန်ယစ်ပြီး ကတောက်ကဆတ်ပြောပြန်တယ်၊ သည်လိုနှင့် သုံးကြိမ်တိုင်အောင် ဥစ္စာမရခဲ့ဘူး၊ သည်အခါ သူဌေးသားရဲ့စိတ်မှာ အကြံဖြစ်လာတယ်၊ နန္ဒဟာ ဥစ္စာဖော်ပေးမယ်ဆိုပြီး တောထဲကျမှ ငါ့ကို ခက်ခက်ထန်ထန်လုပ်လို့ ပြန်ခဲ့ရတာ သုံးကြိမ်ရှိသွားပြီ၊ သည်အကြောင်းကို ငါ့ဖခင်ရဲ့မိတ်ဆွေ ပညာရှိသူကြွယ်ကြီးထံ မေးမြန်းစုံစမ်းရလျှင် တော်မှာပဲလို့ ဘုရားလောင်းသူကြွယ်ကြီးထံ ချဉ်းကပ်မေးမြန်းသတဲ့။

ဘုရားလောင်းသူကြွယ်ကြီးက “ချစ်သား– တောထဲမှာ နန္ဒခြေစုံရပ်ပြီး ကြမ်းတမ်းတဲ့စကားဆိုတဲ့နေရာဟာ ဥစ္စာရှိတဲ့နေရာပဲ၊ ဒါကြောင့် သူက မာန်မဲနေလျှင် သူမာန်မဲတာကို ဂရုမစိုက်ဘဲ သူရပ်တဲ့နေရာက သူ့ကို တွန်းပစ်လိုက်၊ အဲသည် နေရာကို ချစ်သား ခြေစုံရပ်ပြီး “ဟဲ့ နန္ဒ ပေါက်တူး ယူခဲ့၊ သည်နေရာမှာ တူး”လို့ အမိန့်ပေးလိုက်၊ နန္ဒဟာ သင့်အမိန့်အတိုင်း ဥစ္စာကိုတူးပေးလိမ့်မယ်လို့ ပြောပြသတဲ့၊ သူဌေးသားလည်း ဘုရားလောင်း ပြောပြတဲ့အတိုင်း ပြုလုပ်မှ မြှုပ်ထားတဲ့ ရွှေငွေများကို ရသတဲ့၊ သည်ဝတ္ထုမှာ နန္ဒဟာ အင်မတန်ရိုးသားတဲ့ သစ္စာတော်ခံ ကျွန်တစ်ယောက်အစစ်ပဲ၊ သည် လောက်ရိုးသားတဲ့ လူကိုသော်လည်း ရွှေငွေစတဲ့ ဝတ္ထုကာမက မရိုးသားအောင် ပြုမူတတ်တယ်၊ ဒါကြောင့် ရွှေငွေစတဲ့ ဝတ္ထုကာမတွေဟာ မိမိရဲ့သန္တာန်မှာ ရှိနေတဲ့ ကိလေသာကာမကို ထကြွအောင် ဆွတတ်တယ်။

ကိလေသာကာမ ထကြွလာခဲ့တော့ အဲသည် ကိလေသာတွေက သူများကို မတိုက်ဘူး၊ ကိုယ့်ကိုယ်ကို ပြန်ပြီး တိုက်တယ်၊ သူများကို မနှိပ်စက်ဘူး၊ ကိုယ့်ကိုယ်ကို ပြန်ပြီး နှိပ်စက်တယ်၊ သေသေချာချာစဉ်းစားကြည့်လျှင် ရွှေငွေစတဲ့ ဝတ္ထုကာမတွေဟာ မိမိတို့ရဲ့ မိတ်ဆွေကောင်းများ မဟုတ်ကြဘူး၊ ရန်သူတွေသာ ဖြစ်ကြတယ်။

သို့သော်လည်း မီးတို့ ရေတို့ဟာ မိမိတို့ရဲ့ မိတ်ဆွေတွေမဟုတ်ကြလို့ ရန်သူစာရင်းအတွင်းမှာ ပါဝင်တယ်၊ မီးရေဟာ ရန်သူဖြစ်တယ်ဆိုပြီး စွန့်ပစ်

http://www.dhammadownload.com



လို့ ဖြစ်သလား၊ စွန့်ပစ်လို့မဖြစ်ဘူး၊ သူ့နေရာနှင့်သူ အသုံးချတတ်လျှင် မီး,ရေဟာ လူသားကို အလွန်ကျေးဇူးပြုတဲ့ မိတ်ဆွေများ ဖြစ်သွားကြတယ်။

ရွှေငွေဟာလည်း လူသားရဲ့ ရန်သူပါပဲ၊ သို့သော်လည်း သူ့နေရာနှင့်သူ အသုံးချတတ်လျှင် ရွှေငွေဟာ ရန်သူမဟုတ်ဘူး၊ မိတ်ဆွေဖြစ်သွားတယ်၊ လောကမှာမိတ်ဆွေမရှိတဲ့လူဟာ အထီးကျန်သောဘဝဖြင့် ဆင်းရဲဒုက္ခကြုံတွေ့ ရသလို ရွှေငွေဥစ္စာမရှိတဲ့ သူဟာလည်း အထီးကျန်ဘဝဖြင့် ဆင်းရဲကြရတယ်၊ ဒါကြောင့် ရွှေငွေကိုဖြစ်တဲ့နည်းနဲ့ ရှာဖွေကြရတယ်၊ စုဆောင်းကြရတယ်၊ သည်စကားရပ်က လူသားတွေအတွက် ရည်ရွယ်တဲ့ စကားရပ်ပဲ၊ ကိုင်း- ရဟန်းတော်များဘက် လှည့်ကြဦးစို့ရဲ့။

ရွှေငွေဆိုတဲ့ ဝတ္ထုကာမကို ပုထုဇဉ်လူသားတိုင်း အင်မတန်မက်မောကြတယ်၊ မရ-ရတဲ့နည်းနှင့် ရှာဖွေကြတယ်၊ အသားတစ်ဉပမာမှာ သိန်းစွန်ရဲ တစ်ကောင်ရဲ့ လက်ထဲက အသားတစ်ကို အခြားသိန်းစွန်ရဲတစ်ကောင်က အနိုင်အထက် လုယက်သွားတော့ အလုအယက်ခံရတဲ့အကောင်ဟာ မိမိပိုင်တဲ့ အသားတစ်လည်း ပေးလိုက်ရသေးတယ်၊ အထိုးအဆိတ်လည်း ခံလိုက်ရသေး သလို ရွှေငွေရှိတဲ့ပုဂ္ဂိုလ်ဟာ အသားတစ်ရှိတဲ့ သိန်းစွန်လို အလုအယက်ခံရ၊ အရိုက်အနှက်ခံရ၊ အသတ်အဖြတ်ခံရတဲ့အပြစ် ရှိနေတယ်။

ရဟန်းတော်ဆိုတာ လူသားလို ရွာတွင်း မြို့တွင်းနေတာမဟုတ်ဘူး၊ ကိုယ့်ဘာသာ ဆိတ်ငြိမ်ရာမှာ တစ်ကိုယ်တည်းနေတာဖြစ်တယ်၊ လူသားတွေဟာ တစ်ဦးနှင့်တစ်ဦး အကာအကွယ် အမှီသဟဲရှိသလို ရဟန်းတော်မှာ မရှိဘူး၊ တပည့်ပရိသတ်အခြံအရံနှင့်, ဒကာ ဒကာမ အစောင့်အရှောက်နှင့် ရဟန်းတော်က အနည်းငယ်မျှသာရှိတယ်၊ ရွှေငွေဆိုတာ လူဆိုးကို လက်ယပ်ခေါ်နေတာမို့ အစောင့်အရှောက် အကာအကွယ်ရှိတဲ့လူများသော်လည်း အလစ်မှာ အတိုက် အခိုက်, အလုအယက်, အသတ်အဖြတ်ခံကြရသေးတယ်၊ ရဟန်းတော်များမှာသာ ရွှေငွေများရှိလျှင် အလုအယက်, အတိုက်အခိုက်ခံရမှာ သေချာသလောက် ဖြစ်တယ်၊ ဒါကြောင့် ရန်သူတည်းဟူသော အကြောင်းတစ်ခုနှင့်ပင် ရဟန်းတော်မှာ ရွှေငွေ မရှိသင့်ဘူးဆိုတာ ထင်ရှားနေတာပေါ့၊ တစ်ခါ အတွင်းဘက်က,နန်သူကို ကြည့်စမ်းပါဦး”

http://www.dhammadownload.com


"ရဟန်းတော်ဆိုတာ သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယနှင့် ရှင်ရဟန်း ပြုခဲ့တာတွေချည်းပါပဲ၊ မိမိတို့ရဲ့ ရည်မှန်းချက်က သံသရာဝဋ်ဒုက္ခက လွတ်မြောက်ဖို့၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့၊မိမိတို့ရဲ့ သန္တာန်မှာ လောဘ၊ ဒေါသ၊ မောဟငြိမ်းဖို့ချည်းပဲဖြစ်ကြတယ်၊ မိမိတို့ရဲ့လက်တွင်းမှာ ရွှေငွေရှိနေလျှင် သမထတရား၊ ဝိပဿနာတရားတွေ ဘယ်လောက်ပင် အားထုတ်လို့နေနေ စူးဝင်နေတဲ့ ပြောင့်ငုတ်ကို မနှုတ်ဘဲ အပြင်အပက ဆေးလိမ်းသလိုဖြစ်နေမှာပဲ၊ အပြင်အပကလိမ်းတဲ့ ဆေးဟာ ဘယ်လောက်ပင် ကောင်းစေဦးတော့ ပြောင့်တည်းဟူသော အပင်းခံနေတဲ့အတွက် အနာမပျောက်သလို ရွှေငွေငုတ်ရှိနေသူ ရဟန်းတော်ဟာ ဘယ်လိုပင် တရားအားထုတ်သော်လည်း တရားထူးကိုမရနိုင်ဘူး၊ သည်နေရာမှာ သဠာယတနဝဂ္ဂသံယုတ် ပါဠိတော် ၅၀၉–က လာတဲ့ မဏိစူဠကသုတ်ကို အနည်းငယ်ပြောချင်သေးသကွယ့်"

"မိန့်တော်မူပါဘုရား"

"ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ ဘုရားရှင် သီတင်းသုံးတော်မူစဉ်က နန်းတော်တွင်းမှာ စကားတစ်ခု ဖြစ်လာသတဲ့၊ ဖြစ်လာတဲ့စကားက ရဟန်းတော်များဟာ ရွှေငွေအပ်တယ်၊ ရွှေငွေကို သာယာကြတယ်၊ ရွှေငွေကို ခံယူကြတယ်ဆိုတဲ့စကားပဲ၊ အဲသည်စကား ဖြစ်ပေါ်စဉ်က မဏိစူဠကအမည်ရှိတဲ့ ရွာသူကြီးဟာ အဲသည်ပရိသတ်အတွင်းမှာ ပါတယ်၊ မဏိစူဠက ရွာသူကြီးဟာ သည်စကားကိုကြားတော့ "အရှင်တို့–သည်စကားကို မဆိုကြနှင့်၊ ရဟန်းဆိုတာ ရွှေငွေမအပ်ဘူး၊ မသာယာကောင်းဘူး၊ မခံယူကောင်းဘူး"လို့ ပြောတယ်၊ အခြားသူများက ရဟန်းနှင့် ရွှေငွေအပ်တယ်လို့ပြောတယ်၊ အဲဒီလူများကို မဏိစူဠက နိုင်အောင်မပြောနိုင်ဘူး၊ ဒါကြောင့် မဏိစူဠက ဘုရားရှင်ထံ သွားရောက်ပြီး သည်ပြဿနာကို လျှောက်ထားတယ်။

သည်အခါ ဘုရားရှင်က "မဏိစူဠက–သင်က မှန်တယ်၊ နန်းတွင်းသားများက မှားတယ်၊ ရဟန်းများဟာ ရွှေငွေမအပ်ဘူး၊ မသာယာကောင်းဘူး၊ မခံယူကောင်းဘူး၊ မဏိစူဠက–အကြင်သူအား ရွှေငွေအပ်တယ်ဆိုလျှင် ထိုသူအား ကာမဂုဏ် ငါးပါးလည်း အပ်တော့တာပဲ၊ မဏိစူဠက–ကာမဂုဏ် ငါးပါးဟာ ရဟန်းနှင့်မအပ်စပ်ဘူး၊ ဒါကြောင့် ရဟန်းဟာ ရွှေငွေမအပ်ဘူး၊ ရွှေငွေစတဲ့

http://www.dhammadownload.com



ဝတ္ထုကာမနှင့် နိဗ္ဗာန်တရားဟာ တစ်ဘက်တစ်ခြားစီဖြစ်တယ်၊ မြက်ကို အလို ရှိတဲ့သူဟာ မြက်ကိုရှာတယ်၊ သစ်သားကိုလိုချင်တဲ့သူက သစ်သားကိုရှာတယ်၊ လှည်းကိုလိုချင်တဲ့သူက လှည်းရှာတယ်၊ အမှုလုပ်ကို လိုချင်တဲ့သူက အမှုလုပ်ကို ရှာတယ်၊ နိဗ္ဗာန်ကို လိုချင်တဲ့သူက နိဗ္ဗာန်ကို ရှာတယ်၊ ဝတ္ထုကာမဘက်မှာ နိဗ္ဗာန်မရှိသလို နိဗ္ဗာန်ဘက်မှာလည်း ဝတ္ထုကာမ မရှိဘူး၊ ဒါကြောင့် တစ်စုံ တစ်ခုသော ပရိယာယ်မျှဖြင့်လည်း နိဗ္ဗာန်ရှာမှီးသော ရဟန်းအား ရွှေငွေကို သာယာအပ်တယ်ရယ်လို့ ငါဘုရား မဟောဘူး"လို့ မိန့်တော်မူသတဲ့။

သည်စကားရပ်ကိုစိစစ်ကြည့်ခဲ့လျှင် ရွှေငွေစတဲ့ ဝတ္ထုကာမဆိုတာ လောကီ စီးပွားရေး, ကြီးပွားရေးဘက်ကဖြစ်တယ်၊ မိမိသန္တာန်မှာရှိတဲ့ ကိလေသာကာမ ခေါ်တဲ့ တဏှာရာဂကို ထကြွစေတတ်တဲ့တရားဖြစ်တယ်၊ နိဗ္ဗာန်ဆိုတဲ့ နိရောဓ ဓာတ်က တဏှာအမြစ်ပြတ်ရာဌာနဖြစ်တယ်၊ ရဟန်းဆိုတာ တဏှာအမြစ်ပြတ် ရာ နိရောဓဓာတ်ဆီ ဦးတည်နေတဲ့ပုဂ္ဂိုလ် ဖြစ်တယ်၊ အကြင်ပုဂ္ဂိုလ်ရဲ့ သန္တာန် မှာ တဏှာအမြစ်မပြတ်ဘဲ တဏှာအတက်ပေါက်ခဲ့လျှင် နိရောဓဓာတ်နှင့် ဝေးပြီး ဒုက္ခသစ္စာဘက် ယိုင်သွားတယ်၊ ဒါကြောင့် ရဟန်းရဲ့ထံမှာ ရွှေငွေ ရှိနေလျှင် ထိုရွှေငွေအပေါ် တပ်မက်တဲ့တဏှာဟာလည်း အခက်အလက် ဝေစီ နေမှာ မလွဲဘူး၊ တဏှာအခက်အလက် ဝေစီနေတဲ့ ပုဂ္ဂိုလ်ဟာ နိရောဓဘက် ကို မယိုင်ဘဲ ဒုက္ခသစ္စာဘက်ကို ယိုင်နေမှာပဲ။

သည်သဘောကြောင့် ဘုရားရှင်က (န တွေဝါဟံ ဂါမဏိ ကေနစိ ပရိယာယေန ဇာတရူပရဇတံ သာဒိတဗ္ဗံ ပရိယေသိတဗ္ဗန္တိ ဝဒါမိ)၊ "ဂါမဏိ- တစုံတစ်ခုသောပရိယာယ်ဖြင့် ရွှေငွေကို သာယာအပ်တယ်, ရှာမှီးအပ်တယ်လို့ ငါဘုရား မဟောဘူး"လို့ ဟောတော်မူခြင်းဖြစ်တယ်၊ သည်လောက်ဆိုလျှင် ရွှေငွေဟာ ရဟန်းတော်များနှင့် မအပ်ကြောင်း သိသာပါပြီ၊ သို့သော် ရွှေငွေဟာ ရဟန်းတော်များနှင့်တော့ မအပ်စပ်ဘူး၊ မအပ်တဲ့အတွက် ရွှေငွေနှင့် သာသနာတော် လုံးဝအဆက်ဖြတ်ကြစို့လားဆိုတော့ လုံးဝအဆက်ဖြတ်လို့ မရဘူး၊ ရွှေငွေကိုအဆက်ဖြတ်လိုက်လျှင် ရဟန်းတော်ရဲ့ သွားရေး လာရေး, စားရေး သောက်ရေး, နေရေး ထိုင်ရေးပါမကျန် ကေန်ထိခိုက်လာတော့မှာ မလွဲဘူး။

http://www.dhammadownload.com


ပြီးတော့ ရွှေငွေဟာ မလျှုအပ်တဲ့ အ ဒါနဝတ္ထု ဆယ်ပါးထဲမှာ မပါဘူး ကွယ့်"

"အ ဒါနဝတ္ထု ဆယ်ပါးက ဘာတွေလဲဘုရား"

"မလျှုအပ် မလျှုကောင်းတဲ့ အ ဒါနဝတ္ထု ဆယ်ပါးဟာ မိလိန္ဒပဉှာ ဝေဿန္တရာဒါနခန်းမှာ ပါတယ်၊ အဲသည် အ ဒါနဝတ္ထု ဆယ်ပါးက–

(၁) ဘိန်းအရက်စတဲ့ မူးယစ်ဆေးဝါးအလှူ၊

(၂) ပန်းဦးလွှတ်တယ်ဆိုတဲ့ မိန်းမအလှူ၊

(၃) နွားမကို သားထိုးဖို့ နွားထီးလွှတ်ပေးတဲ့အလှူ၊

(၄) ကိလေသာကိုဆွဲဆောင်နိုင်တဲ့ ပန်းချီဆေးရေးရုပ်အလှူ၊

(၅) သူတစ်ပါးကို သတ်ဖြတ်ညှဉ်းဆဲဖို့ လက်နက်အလှူ၊

(၆) အဆိပ်အလှူ၊

(၇) သတ္တဝါတွေကို ဖွဲ့နှောင်ထားဖို့ ထိပ် ခြေကျင်း, ကြိုးအလှူ၊

(၈) သတ်စားဖို့ ကြက်ဝက်အလှူ၊

(၉) ချိန်စဉ်းလဲအလှူ၊

(၁၀) တင်းစဉ်းလဲအလှူ၊

သည်အလှူ (၁၀)မျိုးကိုတော့ မလှူကောင်းဘူး၊ အကယ်၍ လှူခဲ့လျှင် လှူသူ အပါယ်ကျတတ်တယ်တဲ့ကွယ့်၊ သည်အကြောင်းကို မိလိန္ဒပဉှာပါဠိ ၂၇၀–မှာ (ယော တံ ဒါနံ ဒေတိ၊ သော အပါယဂါမီ ဟောတိ)လို့ ပြဆိုထားတယ်။

ဒါကြောင့် ဘုရားရှင်က ရွှေငွေကို မလှူအပ်ဘူးလို့ ဟောတော်မူထားသော်လည်း ရာဇသိက္ခာပုဒ်စသည်များမှာ အပ်တဲ့နည်းကို ဟောတော်မူပြန်တယ်၊ ပုဂ္ဂိုလ်အတွက် မအပ်စေကာမူ ကျောင်းစသော သံဃိက အသုံးအဆောင်အတွက် အပ်ကြောင်းလည်း ခွင့်ပြုချက်ရှိတယ်၊ မီးဟာ လိမ္မာပါးနပ်စွာအသုံးပြုခဲ့လျှင် ရန်သူက မိတ်ဆွေဖြစ်သလို ရွှေငွေကိုလည်း လိမ္မာပါးနပ်စွာ အသုံးပြုခဲ့လျှင် သာသနာတော်အတွက် အလွန်ကြီးမားတဲ့ အကျိုးကို ပေးနိုင်ပြန်တယ်။

http://www.dhammadownload.com



ဒါကြောင့်–

(၁) ရွှေငွေဟာ ရဟန်းတော်များနှင့် မအပ်စပ်ကြောင်း သိပါလျက်နှင့် ဒါယကာ ဒါယိကာမများက ရဟန်းတော်များအား ရွှေငွေကို လှူဒါန်းနေခြင်း ဖြစ်တယ်။

(၂) ရဟန်းတော်များကလည်း ရွှေငွေဟာ အလွန်ကြမ်းကြုတ်ရက်စက်သော ဆင်ကြီးဖြစ်မှန်း သိကြပါ၏၊ သို့သော် အလွန်ရက်စက်ကြမ်းကြုတ်သော ဆင်ကြီးသည် အလွန်ခိုင်း၍ ကောင်းတဲ့အတွက် လက်မလွှတ်နိုင်သလို ရွှေငွေကို လက်မလွှတ်နိုင်ဘဲ အလှူခံယူနေကြခြင်း ဖြစ်တယ်။

(၃) ကုသိုလ်ဆိုတာ ယောနိသော မနသိကာရလျှင် ဦးစွာသော အကြောင်းရှိတယ်၊ သင့်လျော်စွာ နှလုံးသွင်းကောင်းခဲ့လျှင် ကုသိုလ်ဖြစ်တယ်၊ ရွှေငွေကိုလှူတဲ့ ဒါယကာ ဒါယိကာမတို့ဟာ ငါတို့လှူတဲ့ ရွှေငွေဟာ သာသနာတော်မှာ ကျေးဇူးပြုမှာပဲ၊ သာသနာတော်ရဲ့ အထောက်အပံ့ဖြစ်မှာပဲလို့ စိတ်ကောင်းရှိခဲ့လျှင် ကေန် ကုသိုလ်ဖြစ်ပါတယ်။

သည်လို မဟုတ်ပါဘဲ ငါလှူတဲ့ရွှေငွေကို ကိုင်ခံတဲ့ ကိုယ်တော်တွေ နိဿဂ္ဂိယပါစိတ် အာပတ်သင့်ပြီး အပါယ်ကျကြပါစေဆိုတဲ့ (အယောနိသော မနသိကာရ)မျိုးရှိခဲ့လျှင်တော့ ကုသိုလ်မဖြစ်ဘူး၊ အကုသိုလ်သာဖြစ်လိမ့်မယ်၊ ယခု ဒါယကာ ဒါယိကာများမှာ အယောနိသောကို အခြေမခံဘဲ ယောနိသောကို အခြေခံကြတဲ့အတွက် ကေန်ကုသိုလ်ရကြလိမ့်မယ်လို့ ဖြေကြားလိုက်ပါတယ်ကွယ်"

"မှန်ပါ–သာဓု–သာဓု–သာဓုပါ ဘုရား"